# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## သတ္တမပုံမှန်အစည်းအဝေး

# မှတ်တမ်း

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ

ya 1

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# မှတ်တမ်း
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၃. ၇. ၂၀၁၇)ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂ |
| | (စ) တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၂)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၃ |
| | (ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၄ |
| | (ဇ) တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း။ | ၄ |
| | (ဈ) ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အတည်ပြုရွေးချယ်ထားပြီးဖြစ်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ၍ တိုင်းဒေသကြီးလွှတ်တော်၏ သဘောထားရယူခြင်း။ | ၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးမေးမြန်းသည့် မေးခွန်း (၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း (၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂ |
| (ဍ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၃၀ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၃၁ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၃၁ |
| (တ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၃၁ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့်မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၁ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၄ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးမေးမြန်းသည့် မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၀ |
| (န) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၄ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းမေးမြန်းသည့် မေးခွန်း (၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၇ |


ya 3

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းမေးမြန်းသည့် မေးခွန်း (၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၅၀ |
| (ဗ) | ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၅၃ |
| (ဘ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၅၉ |
| (မ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာ စိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၆၃ |
| (ယ) | ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို အမြန်ဆုံးပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၆၃ |
| (ရ) | အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကြေညာခြင်း။<br>အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၆၆ |
| (လ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၆၆ |


ya 4

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | **အစည်းအဝေးဒုတိယနေ့ မှတ်တမ်း(၄. ၇. ၂၀၁၇)ရက်နေ့** | |


| | | |
|---|---|---|
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၆၇ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၆၇ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၆၈ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၆၈ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၆၈ |
| (စ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလေ့လာစိစစ်ရေးကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူခြင်း။ | ၆၉ |
| (ဆ) | တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း။ | ၇၁ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်း (၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၁ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)နှင့် (၄) တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၃ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၆ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၀ |


ya 5

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၄ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၆ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၁ |
| (ဏ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၀၆ |
| (တ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၀၆ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၀၆ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၀၆ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော် မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၇ |
| (န) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်း (၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၀ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေမေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၃ |
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၅ |
| (ဗ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်မေးမြန်းသည့် မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၆ |


ya 6

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဘ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၈ |
| (မ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းသည့် အမှတ်စဉ်(၃)နှင့် (၄)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၂၁ |
| (ယ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၂၃ |
| (ရ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၂၆ |
| (လ) | ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက် နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း”** အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၁၂၈ |
| (ဝ) | အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကြေညာခြင်း။<br>အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၁၃၀ |
| (သ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၁၃၀ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၃။ | | **အစည်းအဝေးတတိယနေ့ မှတ်တမ်း(၅. ၇. ၂၀၁၇)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၃၂ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၃၂ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၃၃ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၃၃ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၃၄ |
| | (စ) | တိုင်းဒေသကြီးစာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း | ၁၃၄ |
| | (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၄ |
| | (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၀ |
| | (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးကဖြေကြားခြင်း။ | ၁၄၂ |
| | (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၁ |
| | (ဋ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၅၇ |
| | (ဌ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၅၈ |
| | (ဍ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၅၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဎ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၅၈ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၈ |
| (တ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း (၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၃ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်း (၃)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၆ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်းမေးမြန်းသည့် မေးခွန်း (၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၂ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၅ |
| (န) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၉ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၉၆ |
| (ဖ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့တင်ပြခြင်း။ | ၂၀၂ |
| (ဗ) | ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့်ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး** | ၂၀၈ |


ya 9

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | |
| (ဘ) | အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကြေညာခြင်း။<br>အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၂၁၁ |
| (မ) | ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို အမြန်ဆုံးပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း”** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၂၁၁ |
| (ယ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၂၂၀ |
| ၄။ | **အစည်းအဝေးစတုတ္ထနေ့ မှတ်တမ်း(၆. ၇. ၂၀၁၇)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၂၃ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၂၃ |

ya 10

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း။ | ၂၂၂ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၂၂ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၂၃ |
| (စ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၃ |
| (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၇ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်မေးမြန်းသည့် မေးခွန်း (၂)ခုအား လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃၁ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃၃ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃၈ |
| (ဋ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၄၁ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၄၁ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၄၁ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၄၂ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၂ |
| (တ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကဖြေကြားခြင်း။ | ၂၄၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(ထ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းမေးမြန်းသည့် မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၅၃

(ဒ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဝင် ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ ၂၅၇

(ဓ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ ၂၆၄

(န) ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်း လမ်းနှင့် တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက် နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း"** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၆၉

(ပ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ ၂၇၈

၅။ **အစည်းအဝေးပဉ္စမနေ့ မှတ်တမ်း(၇. ၇. ၂၀၁၇)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၇၉

(ခ) တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၂၇၉

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၂၈၀


ya 12

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၈၀ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၈၁ |
| (စ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၈၁ |
| (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၈၈ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၉၃ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)နှင့် မေးခွန်းအမှတ်စဉ်(၄) တို့အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၉၆ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၉၈ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်မေးမြန်းသည့် မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၀၆ |
| (ဌ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၃၁၀ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၃၁၁ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၃၁၁ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၃၁၁ |
| (တ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာအား ရေးရာ ကော်မတီအဖွဲ့ဝင် ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၃၁၁ |


ya 13

စဉ် | အကြောင်းအရာ | စာမျက်နှာ

(ထ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးဌေးလွင်၊ ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ ၁၁၆

(ဒ) ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှု များကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်းသတ်မှတ်ချက် များနှင့် အညီ ထုတ်လုပ်စေရေး ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၁၉

(ဓ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်ကမှတ်တမ်းတင်ခြင်း။ ၁၂၆

(န) တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း။ ၁၃၀

(ပ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး(ပဉ္စမနေ့)ရပ်နားကြောင်းနှင့် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာခြင်း။ ၁၃၁

ya 14

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
## သတ္တမပုံမှန်အစည်းအဝေး
## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးလှမျိုးရွှေ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဒေါ်နော်ပွယ်စေး | တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်<br>တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင်<br>စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး |
| ၁၀။ | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၁၁။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၂။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၁၄။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၃။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၈။ | ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၉။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဦးဌေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၅။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

၄၂။ ဦးဇော်နိုင်ဦး — သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၃။ ဦးဇော်လင်းထိုက် — သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၄။ ဦးညွန့်ဝေ — ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၅။ ဦးအုန်းသွင် — ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၆။ ဒေါ်မူမူခင် — သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၇။ ဦးမျိုးအောင် — လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၈။ ဦးအောင်အောင် — မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၉။ ဒေါ်ညွန့်ညွန့်ဌေး — အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၀။ ဦးစောသူရအောင် — အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၁။ ဦးညဏ်ဝင်း — ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၂။ ဦးထူးခိုင် — ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၃။ ဦးမောင်မောင်ဦး — နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၄။ ဦးကျော်ကျော်နိုင် — နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၅။ ဦးအေးဝင်း — မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

| | |
|---|---|
| ၅၆။ ဦးဝင်းကို | မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၈။ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၉။ ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ ဗိုလ်မှူးမျိုးဟိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ ဗိုလ်မှူးဇော်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ ဗိုလ်မှူးသိန်းထူး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ ဗိုလ်မှူးနိုင်ဝင်းဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ ဗိုလ်မှူးကျော်သူရ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

## ဖိတ်ကြား၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များ အမည်စာရင်း

| | | |
|---|---|---|
| ၇၇။ | ဦးမောင်မောင်ရွှေ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် |
| ၇၈။ | ဦးအုန်းမြင့် | တိုင်းဒေသကြီးဥပဒေချုပ် |
| ၇၉။ | ဒေါ်သန်းဝင်း(ခ) ဒေါ်သန်းသန်းဝင်း | တိုင်းဒေသကြီးစာရင်းစစ်ချုပ် |
| ၈၀။ | ဦးစိုးသိန်း | အကြံပေးအဖွဲ့ဝင် |
| ၈၁။ | ဒေါက်တာမြသောင်း | အကြံပေးအဖွဲ့ဝင် |
| ၈၂။ | ဦးသိန်းလှိုင် | အကြံပေးအဖွဲ့ဝင် |
| ၈၃။ | ဒေါ်နုနုဆွေ | အကြံပေးအဖွဲ့ဝင် |
| ၈၄။ | ဒေါ်မြင့်မြင့်ကြည် | အကြံပေးအဖွဲ့ဝင် |
| ၈၅။ | ဦးအောင်စိုး | အကြံပေးအဖွဲ့ဝင် |
| ၈၆။ | ဦးငွေဝင်း | အင်ဂျင်နီယာအကြံပေး |
| ၈၇။ | ဒေါ်ဇင်မာထူး | အင်ဂျင်နီယာအကြံပေး |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
# [ ၂၀၁၇ခုနှစ် ၊ ဇူလိုင်လ ၃ ရက် ]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၄. ၆၅ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦး၊ ဗိုလ်မှူးသိန်းခိုင်မြင့်နှင့် ဗိုလ်ကြီးနိုင်အောင်ခင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် (၃-၇-၂၀၁၇) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု

လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၂)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၁၆-၅-၂၀၁၇)ရက်စွဲပါ ကြေညာချက်အမှတ်(၁၀/၂၀၁၇)အရ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းအစားထိုး ပြောင်းလဲခံရသူ ကြည်း ၂၄၉၃၅ ဗိုလ်မှူးမျိုးဟိန်းနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၈-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၅/၁-၇/ဦး ၁ (၃၂၀၅)အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အတည်ပြုရွေးချယ်ထားပြီးဖြစ်၍ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် အမည်စာရင်းပေးပို့လာသော ကြည်း ၂၇၂၉၄ ဗိုလ်မှူးကြီးလှမျိုးရွှေ တို့အား ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅(ဂ)နှင့် ၁၅(က)အရ လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်အားယူဆောင်လျက် ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးဖို့ ဖြစ်ပါတယ်။ ကတိသစ္စာပြုချက်ကို ကျွန်တော်လွှတ်တော်ဥက္ကဋ္ဌမှ ဖတ်ကြားပေးပါမယ်။ ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လက်နှစ်ဖက်ဖြင့် စနစ်တကျ ကိုင်တွယ်၍ ကတိသစ္စာပြုရမည်ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြား၍ တက်ရောက်လာကြသူများအားလုံး မတ်တပ်ရပ်ပေးကြရန်ဖြစ်ပါတယ်။

### [နည်းဥပဒေ ၅ (ဂ)နှင့် ၁၅ (က)]

"ကျွန်ုပ်-------------------သည် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု

ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

(ကတိသစ္စာပြုလွှာပေါ်တွင် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၂)ဦးက လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သည်။ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(ခ) အရ နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရ ယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉-၃-၂၀၁၇ ရက်နေ့ (၄၃)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ၊ ၁-၅-၂၀၁၇ ရက်နေ့ အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပေးရန် ဖြစ်ပါတယ်။

**ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ပြောကြားသည့်မိန့်ခွန်း

**လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-**

မိမိတို့အစိုးရ၏ တစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်ချက်များကို ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်သလို (၂၉-၆-၂၀၁၇)ရက်နေ့တွင် သတင်းမီဒီယာများဖြင့် မိမိတို့အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များကို ပြည်သူများသိရှိနိုင်ရန် သတင်းစာရှင်းလင်းပွဲကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်တဲ့အတွက် ယခုလက်ရှိ တင်သွင်းမယ့် ကိစ္စရပ်များမှာ ကြိုတင်လုပ်ဆောင်ခဲ့သည့် ကိစ္စများကို ကြိုတင်လုပ်ဆောင်ပြီးဖြစ်ကြောင်းကို တင်ပြမှာဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-**

၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၄)ဖြင့် အတည်ပြုထုတ်ပြန်ထားခဲ့သည့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအား အကျိုးရှိရှိအသုံးချ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စည်ပင်သာယာရေးကော်မတီဝင်များရွေးချယ်ခြင်း နည်းဥပဒေကို လွှတ်တော်မှ ဦးဆောင်ပြီး ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်လို့ စည်ပင်သာယာရေးကော်မတီဝင်များကို မြို့နယ်အလိုက် ရွေးချယ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ရာတွင် နည်းဥပဒေ၏ အားနည်းချက်များရှိလျှင်လည်း ထိုနည်းဥပဒေများကို ပြန်လည်သုံးသပ်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ မည်ကဲ့သို့ပြန်လည် ပြင်ဆင်မည်ဆိုသည်ကိုလည်း ညှိနှိုင်းဆောင်ရွက်ရန်အတွက် ထပ်မံပြင်ဆင်ရန် တိုက်တွန်းဖို့လိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-**

တိုင်းဒေသကြီး/ပြည်နယ်များတွင် ပထမဦးဆုံးအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လမ်း၊ တံတား၊ အဆောက်အဦများ၏ အရည်အသွေးများကို စစ်ဆေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် Bago Region Construction Control Authority (BRCCA) ဆိုသည့် ပဲခူးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းပိုင်းဆိုင်ရာ ကြီးကြပ်စစ်ဆေးရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ယင်းကော်မတီ တစ်ရပ်တွင် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ဌာနဆိုင်ရာများ၊ ပြင်ပအင်ဂျင်နီယာများဖြင့် (၂၂-၆-၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းအဖွဲ့အစည်းများရှိ၍ ယခင်လက်ထက်တွင် ဆောက်လုပ်ခဲ့သည့် လမ်း၊ တံတား၊ အဆောက်အဦများ ဆောက်လုပ်သည့်နေရာမှာ အရည်အသွေး အားနည်းပြီး လုပ်ငန်းတန်ဖိုး အလေအလွင့်များရှိခဲ့သည့် သာဓကများကို နည်းပညာပိုင်းဆိုင်ရာအရ လေ့လာသုံးသပ်ပြီး အကောင်းဆုံးစစ်ဆေးနိုင်မည့် ယန္တရားတစ်ခု ပေါ်ပေါက်လာမည်ဖြစ်သည့်အတွက် နောင်တစ်ချိန်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လွှတ်တော်ကိုယ်စားလှယ်များက Over Site လုပ်သည့်နေရာမှာ ပိုပြီးပီပီပြင်ပြင်ကြီးကြပ်နိုင်မှာဖြစ်ပြီး အဖွဲ့နှင့်အတူ ဖြစ်ထွန်းပေါ်ပေါက်လာမည့် ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်သည့် ယန္တရားအဖွဲ့မှာလည်း ပဲခူးတိုင်းဒေသကြီး အတွင်းမှာ နိုင်ငံတော်၏ တင်ဒါငွေများ၊ ဘတ်ဂျက်ငွေများကို အယိုအဖိတ်နည်းပါးနိုင်အောင် လုပ်ဆောင်နိုင်မည်ဟု ယုံကြည်သည့်အတွက် ၎င်းအဖွဲ့အစည်းပေါ်ပေါက်လာခြင်းသည် မိမိတို့အတွက် အလွန်အကျိုးရှိမည်ဟု ယုံကြည်မျှော်လင့်ပါတယ်။ ၎င်း BRCCA အဖွဲ့ကိုလည်း ပဲခူးတိုင်းဒေသကြီး လွှတ်တော်သို့ လာရောက်ရှင်းလင်းပြဖို့နှင့် လာရောက်ရှင်းလင်းရန်အတွက်လည်း ညွှန်ကြားထားပြီး ဖြစ်ပါကြောင်းနှင့် မကြာခင်မှာလွှတ်တော်သို့ လာရောက်ရှင်းပြမည်ဖြစ်ကြောင်းကို အသိပေး ပြောကြားလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-**

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား(၂)၊ တိုင်းဒေသကြီး(သို့) ပြည်နယ်ဥပဒေပြုစာရင်း၊ အပိုဒ်(၁)တွင် ပါရှိတဲ့ အခွန်အခများနှင့်ပတ်သက်၍လည်း ပြောကြားလိုပါတယ်။ ပဲခူးတိုင်းဒေသကြီး အတွင်းမှာရှိသည့် အခွန်များမှာ လွန်ခဲ့သည့် နှစ်ပိုင်းများကိုကြည့်သည့်အခါမှာ အခွန်ရငွေများ အလွန်နည်းပါးသည်ကို တွေ့ရှိရပါတယ်။ ၎င်းအခွန်များကို နှစ်အဆက်ဆက် ကျင့်သုံးလာခဲ့သည့် မြေယာခွန်ဥပဒေများနှင့်

အခြားအခွန်ဥပဒေ အခွန်အခများ အလွန်နည်းပါးသည်ကို တွေ့ရှိရတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့်အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း ပြည်ထောင်စု လွှတ်တော်မှတစ်ဆင့် မြေယာတန်ဖိုး၊ မြေယာအခွန်အခများကို စတင်ပြီး ပြုပြင်ပြောင်းလဲလာသည်ကို တွေ့ရှိရပါတယ်။ ထို့အတူ ပဲခူးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လက်အောက်မှာရှိတဲ့ အခွန်အခဥပဒေများကို ပြဋ္ဌာန်းနိုင်ဖို့ အထူးသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကောက်ခံရမည့်အခွန်အခများကို ပြည့်ပြည့်ဝဝရရှိဖို့ ကိစ္စကိုလည်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ကူညီအားဖြည့်ပြီး ဥပဒေများထုတ်ပြန်ပေးဖို့အတွက်လည်း မိမိတို့ အစိုးရအဖွဲ့အနေဖြင့် တိုက်တွန်း ပြောကြားလိုပါတယ်။ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုဖြစ်သည့် ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေ နိုင်သည့် ဥပဒေများ၊ အခွန်နှုန်းထားအသစ်များ ပြဋ္ဌာန်းနိုင်ရေးနှင့်အတူ အခွန် ယဥ်ကျေးမှုစနစ် ပေါ်ပေါက်လာရေးအတွက်လည်း လွှတ်တော်ကိုယ်စားလှယ်များဘက်မှ ကြိုးပမ်းပေးစေရေး ဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-**

တိုင်းဒေသကြီး၏ ဖွံ့ဖြိုးရေးနှင့်ပတ်သက်လို့ UNDP အဖွဲ့မှ Bago Region Government နှင့် ညှိနှိုင်းပြီး Pilot တစ်ခုအဖြစ် ကဝမြို့နယ်မှာစတင်ပြီး လူထုအခြေပြု Bottom up လုပ်သည့် စီမံကိန်း ရေးဆွဲသည့် ပုံစံများကိုစတင်ပြီး ပြုလုပ်နေသည်မှာ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအသိဘဲ ဖြစ်ပါတယ်။ ထိုမှတစ်ဆင့် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ နောက်ထပ်ကဝမြို့နယ်အပြင် ရေတာရှည်၊ မိုးညိုနှင့် ပေါက်ခေါင်း မြို့နယ်များမှာလည်း ဆက်လက်ပြီး ယခုကဲ့သို့ UNDP Project များဖြင့် စီမံကိန်းများနှင့် အောက်ခြေမှာ မည်ကဲ့သို့ ရေးဆွဲရမည် ဆိုသည်ကို ထပ်မံပြီး လုပ်ဆောင်မှာဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကာလအတွင်း စုစုပေါင်း(၄)မြို့နယ် ကျင့်သုံးမှာဖြစ်ပါတယ်။ ဒါကိုလည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်ကူညီပြီး ဒီမိုကရေစီစနစ်၏ Centralization လူထုဗဟိုပြုသည့် စီမံကိန်းများရေးဆွဲပုံ ရေးဆွဲနည်းများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပြီး တစ်ဖက်မှ လေ့လာသင်ယူပြီး တစ်ဖက် ကလည်း ကျင့်သုံးခြင်းအားဖြင့် UNDP Project များနှင့်အတူ ကြပ်မတ်ဆောင်ရွက်ပေးနိုင်ဖို့ တိုက်တွန်း ပြောကြားလိုပါတယ်။

ဘတ်ဂျက်ကိစ္စမှာ လွှတ်တော်နှင့် အစိုးရကြားမှာ ဟန်ချက်ညီညီသွားနိုင်ဖို့အတွက် ရှေ့လာမည့် ၂၀၁၈-၂၀၁၉ဘတ်ဂျက်များမှာ လွှတ်တော်နှင့်အစိုးရ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ စီမံကိန်းများကို ပြည်ထောင်စုက ချမှတ်သည့်ပုံစံဖြင့် မဟုတ်ဘဲ အောက်ခြေမှ စီမံကိန်းများကို စတင်ရေးဆွဲသည့်နေရာမှာ စီမံကိန်းများနှင့်အတူ ဖြစ်ထွန်းလာသည့် ဘတ်ဂျက်များကို ပြန်လည်သုံးစွဲသည့်နေရာမှာ လွှတ်တော်နှင့်အစိုးရ ဟန်ချက်ညီညီ သုံးစွဲနိုင်ရေးနှင့် ဒါကိုရှေ့မှာ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် တိတိကျကျ သုံးစွဲနိုင်ဖို့နှင့် အလေအလွင့် မရှိစေရေးကိုလည်း အားလုံးကဝိုင်းဝန်းပြီး ပံ့ပိုးသွားစေချင်ပါတယ်။ အထူးသဖြင့် ဒီမိုကရေစီပန်းတိုင်ခရီးကို သွားသည့်နေရာမှာ မိမိတို့အနေနှင့် အပြောင်းအလဲ ကာလတစ်ရပ်ဖြစ်နေသည့်အတွက် အပြောင်းအလဲ ကာလတစ်ရပ်မှာ ရှိလေ့ရှိထရှိသည့် ဌာနဆိုင်ရာများ၏ အားနည်းချက်များ၊ တစ်ဦးချင်းတစ်ယောက်ချင်း၏ အားနည်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများသည် အစိုးရအဖွဲ့၏ အပေါ်မှာလည်း လိုအပ်ချက်များရှိခဲ့လျှင် ဟန်ချက်ညီညီလုပ်နိုင်သည့် စွမ်းအားရှိသည့်

အားလျော်စွာ အချိန်အခါမရွေး အစိုးရအဖွဲ့အပေါ်မှာ ဆွေးနွေးပါ၊ တိုင်ပင်ပေးပါ၊ မီးမောင်းထိုးပြပေးပါလို့ဘဲ မိမိအနေဖြင့် ပြောကြားလို ပါတယ်။

ဆက်လက်ပြီး ဒီမိုကရေစီပန်းတိုင်ကို ချီတက်သည့်နေရာမှာလည်း မိမိတို့သည် ပြည်သူနှင့်အတူဆိုသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြဌာန်းထားသည့် စကားလုံးနှင့်အတူ သွားသည့်နေရာမှာ မိမိတို့သည် ပြည်သူကိုဗဟိုပြုပြီး စီမံကိန်းများရေးဆွဲလျှင်ဖြစ်စေ၊ စီမံကိန်းမှ ပေါက်ပွားလာသည့် ဘတ်ဂျက်များကို ပြဌာန်းလျှင်ဖြစ်စေ ဘတ်ဂျက်များကို သုံးစွဲသည်ဖြစ်စေ အခွန်ဘဏ္ဍာများပြဌာန်းလျှင်ဖြစ်စေ သို့မဟုတ် အခြားအခြားသော ဥပဒေများဖြစ်သည့် စည်ပင်သာယာရေးဥပဒေများမှအစ ဒီကိစ္စများကို မိမိတို့က ဝိုင်းဝန်းပြီး အဖြေရှာဖော်ထုတ်ရမှာ ဖြစ်ပါတယ်။ တိုင်းပြည်မှာလိုအပ်နေသည့်အရာများ များပြောင်နေသည်ကို အားလုံးအသိပင်ဖြစ်ပါတယ်။ ဒီလိုအပ်နေသည့် အရာများအပေါ်မှာ မိမိတို့အနေဖြင့် တစ်ဦးချင်း၏ Capacity တွေ Institution Capacity မြင့်မားစေဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် လွှတ်တော် အစိုးရအဖွဲ့၊ တရားဥပဒေမဏ္ဍိုင်၊ မီဒီယာမဏ္ဍိုင်နှင့် ပဥ္စမမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူများအားလုံး လက်တွဲပြီး ဆောင်ရွက်ဖို့ ဒီမိုကရေစီအပြောင်းအလဲကို ဆောင်ရွက်သည့်နေရာမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ ကဏ္ဍမှာ အဓိကအရေးပါသည့် အခန်းကဏ္ဍမှာ ပါဝင်ကြောင်း ရှုမြင်သုံးသပ်ပြီး ၎င်းအပေါ်မှာ အလေးထား၍ ဆောင်ရွက်ပေးစေလိုပါတယ်။

ဒီအစည်းအဝေးကနေစတင်ပြီး နောက်လာမည့် အပြောင်းအလဲများမှာ မြောက်များစွာ ပေါ်ထွန်းလာမည်ဟု ယုံကြည်သည့်အချက်များမှာ မကြာခင်ဘဲ ကြားသိရမည့် ဘတ်ဂျက်ကာလများကို ပြုပြင်ပြောင်းလဲတာ ပုံစံပြောင်းလဲတာတို့ ရှိပါတယ်။ နိုင်ငံတကာနှင့် ချိတ်ဆက်သည့်နေရာမှာ နိုင်ငံတကာ၏ FDI flow များ ဝင်လာဖို့ကိစ္စများကို ပြည်ထောင်စုဝန်ကြီးမှ ပြောကြားထားသည်များလည်းရှိပါတယ်။ ဒါကြောင့်မို့ ရွေ့သွားရမည့်ခရီးမှာ အရှိန်အဟုန် မြင့်မြင့်နှင့် လက်တွဲညီညီ ဆောင်ရွက်နိုင်ဖို့ တိုင်းပြည်၏ ကွဲပြားနေခဲ့သည့် အာဏာရှင်စနစ်၏ အမွေများဖြစ်သည့် ကွဲပြားနေသည့်အပေါ်မှာ ယခုအချိန်မှစပြီး မိမိတို့သည် ဒီမိုကရေစီ စနစ်ဆိုသည်မှာ မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်ရမည်ဆိုသည့် သာဓကများကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီး များသည် ပြည်သူများနှင့် တွေ့ဆုံသည့်ပွဲများတွင် ဒါတွေကိုထည့်ပြီး ပြောကြားပေးပါ။ လွှတ်တော်၏ လုပ်ငန်းဖြစ်သည့် ဥပဒေပြုရေးကိစ္စတစ်ခုတင်မဟုတ်ဘဲ အားလုံး Monitor လုပ်ခွင့်ရှိသည့် အားလျော်စွာ အစိုးရကို Monitor လုပ်ပါ။ ဌာနဆိုင်ရာများကို Monitor လုပ်ပါ။ မီဒီယာများကိုလည်း Monitor လုပ်ပါ။ ဒ့ါအပြင် ပြည်သူများကိုလည်း Monitor လုပ်စေချင်ပါတယ်။ ဌာနဆိုင်ရာ အစည်းအဝေးများတွင်လည်း ဥပမာအားဖြင့် မိမိတို့မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ အစည်းအဝေးများမှာ မိမိတို့ကိုယ်တိုင် တက်ရောက်နိုင်ပါက တက်ရောက်ပါ။ မိမိတို့လုပ်ဆောင်သည့် ဆောင်ရွက်ချက်များကို Presentation မှာ ကိုယ်စားပြုရေးပါဝင်သည့် အားလျော်စွာ မည်သည့်ဌာနမဆို ခွင့်တောင်းပြီး ဝင်ရောက်ခွင့်ရှိသည့် အားလျော်စွာ ဒီကိစ္စများတွင် မြို့နယ်အတွင်းမှာ ဖြစ်ပေါ်နေသည့် ကိစ္စများကို မြို့နယ်အတွင်းမှာဘဲ ဖြေရှင်းနိုင်သည့် ဥပဒေဖြစ်ထွန်းလာအောင် ပြုလုပ်ခြင်းအားဖြင့် တစ်ချို့သော ကိစ္စများတွင် အစိုးရအထိ ဖြေရှင်းစရာမလိုဘဲ အောက်ခြေနှင့်သာ ပြတ်သွားနိုင်သည့် ကိစ္စမျိုးလည်း ဖြစ်ထွန်းလာနိုင်မည်ဟု ယုံကြည်ပါတယ်။

လွှတ်တော်အတွင်းမှာ မေးခွန်းများမေးမြန်းရာတွင် အချို့ကိစ္စများမှာ မိမိတို့၏ အောက်ခြေမှာ ပြဌာန်း

နိုင်သည့် စီမံကိန်းများရေးဆွဲခြင်း၊ ဥပမာအားဖြင့် လမ်းများ၊ တံတားများ၊ ဆည်များကို မိမိတို့ဒေသ အသီးသီးမှနေ၍ မိမိတို့ကိုယ်တိုင် ပါဝင်ရေးဆွဲနိုင်သည့် ပါဝါရှိသည့် အားလျော်စွာ ဆောင်ရွက်၍ရပါတယ်လို့ အသိပေး ပြောကြားလိုပါတယ်။ အထူးသဖြင့် တစ်ချိန်တုန်း ကလို Top down မဟုတ်တော့ဘဲ ဒီမိုကရေစီ ခေတ်မှာ bottom up ကဲ့သို့ အပေါ်သို့ သွားသည် ဖြစ်သည့်အတွက် မိမိတို့အောက်ခြေလူထုနှင့် တွေ့ဆုံပြီး စီမံကိန်းများကို ရေးဆွဲခြင်းသည် Power full ဖြစ်သည့်အနေအထားမျိုးဖြစ်အောင် အထူးသဖြင့် လူထုများ၏ လိုအင်ဆန္ဒများကို ဖော်ထုတ်သည့်နေရာမှာ ကိုယ်စားလှယ်တော်ကြီးများက လူထု၏ဆန္ဒကို မီးမောင်းထိုးပြပြီး အစိုးရနှင့် ဟန်ချက်ညီညီသွားနိုင်ဖို့အတွက် အောက်ခြေမှလာသည့် အချက်အလက်များသည် အလွန်အရေးကြီး သည်ဟု မိမိအနေဖြင့် ပြောကြားလိုခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိမိအနေဖြင့် ရှေ့ဆက်သွားမည့် ဒီမိုကရေစီ အပြောင်းအလဲမှာ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကို စတင်ရေးဆွဲနေပြီဖြစ်သည့်အတွက် ဘတ်ဂျက် များမှာလည်း ပါဝင်ရေးဆွဲနိုင်ဖို့ စီမံကိန်းများမှာလည်း ပါဝင်ဆောင်ရွက်နိုင်ဖို့ ယခုအသစ်ဖြစ်ထွန်းပေါ်ပေါက်လာသည့် စည်ပင်သာယာ ကော်မတီများကိုလည်း ထိန်းညှိပေးနိုင်ဖို့ စည်ပင်သာယာကော်မတီများသည် မြို့များကို ကိုယ်စားပြုပြီး ဖြစ်ထွန်းလာသည့်အတွက် ကျေးလက်ဒေသ၏ ဖွံ့ဖြိုးရေးမှာ ကျေးလက်ဒေသတွင် စည်ပင်မရှိသည့်အတွက် ကျေးလက်ဒေသ များကိုလည်း ဝင်ရောက်ပြီး ထိန်းညှိပေးနိုင်ဖို့အပြင် နောက်အသစ်ဖြစ်ထွန်းလာမည့် နိုင်ငံတော်၏ ဘတ်ဂျက်များကို မလေလွင့်အောင် ဖွဲ့စည်းပေးသည့် BRCCA အဖွဲ့ကိုလည်း တစ်ဖက်ကနေပြီး Monitor ဆိုတဲ့ Power၊ စောင့်ကြည့်လေ့လာသည့် Power ရှိသည့်အတွက် အနီးကပ် လေ့လာစောင့်ကြည့် ပေးခြင်းအားဖြင့် အစိုးရအဖွဲ့၏လုပ်ငန်းများကို ထိန်းညှိပေးနိုင်ပါစေဟု ဆုမွန်ကောင်းပို့သရင်း နိဂုံးချုပ် အပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အတည်ပြုရွေးချယ်ထားပြီး ဖြစ်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြ၍ တိုင်းဒေသကြီးလွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ အတည်ပြုရွေးချယ်ထားပြီးဖြစ်သော တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]**။ ။ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၈. ၆. ၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ၅/၁-၇/ဦး၁ (၃၂၀၅)အရ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ကြည်း ၁၆၄၃၈ ဗိုလ်မှူးကြီးခင်မောင်ဌေးသည် အသက်(၆၀)ပြည့် အငြိမ်းစားပေးရမည် ဖြစ်ပါသဖြင့်

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကြည်း ၂၇၂၉၄ ဗိုလ်မှူးကြီးလှမျိုးရွှေအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆိုပါ ဝန်ကြီးအဖြစ် အစားထိုးခန့်အပ်နိုင်ရေး အတည်ပြုရွေးချယ်ထားပြီးဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ အရ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် အမည်စာရင်းအား လုပ်ထုံးလုပ်နည်းအရ ဆက်လက် ဆောင်ရွက်နိုင်ပါရန် တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံမှ အတည်ပြုရွေးချယ်ထားပြီးဖြစ်သော တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် အမည်စာရင်း တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ကြည်း ၂၇၂၉၄ ဗိုလ်မှူးကြီးလှမျိုးရွှေအား ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် တိုင်းဒေသကြီးလွှတ်တော်မှ သဘောတူကြောင်း ကြေညာအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးကမေးမြန်းသည့် မေးခွန်း(၉)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာအုပ်စု၊ ဘိုင်းဒါးကျေးရွာ ကွင်းအမှတ် (၃၃၅-က) သိမ်းဆည်းမြေ ပြန်လည်စွန့်လွှတ်ရာ၌ မူလသိမ်းဆည်းခံရသော တောင်သူများအား မြေယာများ ပြန်လည်ရရှိအောင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ညောင်လေးပင်မြို့နယ်၊ မုက္ခမူကမ်းပတ်တာကို ဒုတိယအကြိမ် အကြီးစားတာ ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်စဉ်က ပါဝင်သွားသော ကျေးရွာအုပ်စု(၆)စုရှိ တောင်သူလယ်သမားများ အမှန်တကယ် ဆုံးရှုံးခဲ့ရသော လယ်မြေ(၁၂၁. ၅၅)ဧကအား မြေယာလျော်ကြေး ပြန်လည်ပေးလျော်နိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“ညောင်လေးပင်မြို့နယ်၊ ဆိုင်ကွလေးရိုးနေရာရှိ မုက္ခမူတာအား နဂိုမူလရိုးအတိုင်း ပြန်လည်ဖွင့်လှစ်ထားပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာအုပ်စု၊ ဘိုင်းဒါးကျေးရွာ ကွင်းအမှတ်(၃၃၅-က)၌ တောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသော မြေဧက (၇၀)ခန့်အား ၁၉၉၂ခုနှစ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ သိမ်းယူသွားခဲ့ပါသည်။ မြေယာများအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပြန်လည်စွန့်လွှတ်ချိန်တွင် မူလက စိုက်ပျိုးလုပ်ကိုင်ခဲ့သော တောင်သူများမှ အမှန်တကယ်ပြန်လည်မရရှိဘဲ မြေယာစွန့်လွှတ်ခါနီးမှ ဝင်ရောက်လုပ်ကိုင်သော အခြားသူများအား မှားယွင်းပေးအပ်ခဲ့ပါသည်။ နစ်နာဆုံးရှုံးသူများမှ တာဝန်ရှိသူများထံသို့ အဆင့်ဆင့် တိုင်ကြားခဲ့ပါသော်လည်း ယနေ့အချိန်အထိ ပြန်လည်မရရှိသေးပါ။ သို့ဖြစ်ပါ၍ ၎င်းမြေယာများအား မူလစိုက်ပျိုးလုပ်ကိုင်သူ တောင်သူများလက်ဝယ်သို့ ပြန်လည်ရရှိအောင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားဆောင်ရွက်မှု ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ရှိ မုက္ခမူကမ်းပတ်တာအား မုက္ခမူကျေးရွာမှ တာဦးကျေးရွာအထိ အရှည် ၁၃မိုင်ခန့်ကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။ ထိုကမ်းပတ်တာတည်ဆောက်စဉ်က ကျေးရွာအုပ်စု(၆)စုရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများဆုံးရှုံးခဲ့ရသော်လည်း ထိုအချိန်က နစ်နာကြေးများ ရရှိခဲ့ခြင်းမရှိပါ။ ဤမုက္ခမူ ကမ်းပတ်တာကိုပဲ ဒုတိယအကြိမ် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအား ၂၀၁၃ခုနှစ်တွင် လာရောက်လုပ်ဆောင်ခဲ့ပါသည်။ ထိုသို့တာပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရာ၌လည်း တောင်သူလယ်သမားများ၏ မြေယာများ ထပ်မံဆုံးရှုံးခဲ့ရပြီး မြေယာလျော်ကြေးငွေများလည်း ရရှိခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ်တာပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်က ပါဝင်သွားသော ကျေးရွာအုပ်စု(၆)စုရှိ တောင်သူ လယ်သမားများ အမှန်တကယ် ဆုံးရှုံးခဲ့ရသော လယ်မြေ(၁၂၁. ၅၅)ဧကအား မြေယာလျော်ကြေး ပြန်လည် ပေးလျော်နိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ၂၀၁၆ခုနှစ်မှစတင်၍ မုက္ခမူချောင်းရိုးတလျှောက် မုက္ခမူကျေးရွာမှ တာဦးကျေးရွာအထိ ၁၃မိုင်ရှည်သော ကမ်းပတ်တာတစ်ခု တည်ဆောက်ခဲ့ပါသည်။ ထိုကမ်းပတ်တာသည် မုက္ခမူချောင်းအတွင်းသို့

စီးဝင်သောရေနုတ်မြောင်းများဖြစ်သည့် မြွေပွေးရိုး၊ ကျီးပင်ရိုး၊ ရုံးပင်ရိုး၊ ဆိုင်ကွလေးရိုး၊ စံမုန်းဘားရိုး၊ ကမာရိုး၊ တောင်သလဲကန်ရိုး၊ သရက်ချောင်းရိုးစသော ရိုးမြောင်းများအား ပိတ်ဆို့၍ တည်ဆောက်ခဲ့ပါသည်။

ထိုကဲ့သို့ ရိုးမြောင်းများအား ပိတ်ဆို့တည်ဆောက်ခဲ့ခြင်းကြောင့် စိုက်ပျိုးမြေများ ရေနစ်မြုပ်သည့်အပြင် မဒေါက်မြို့၊ ပွဲနှတ်တန်ဆာမြို့နှင့် ညောင်လေးပင်မြို့ပေါ် ရပ်ကွက်များအထိပါ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ် ခဲ့ပါသည်။ ရေလွှမ်းမိုးမှုဖြစ်သည်ဟုဆိုပြီး မုက္ခမူတာအား အချို့သော ရိုးပေါက်နေရာများ၌ ရေထုတ်ပြွန်များ ပြန်လည်ထည့်သွင်းတည်ဆောက်ခဲ့ပါသည်။ ရေကာတာ၌ ရေထုတ်ပြွန်များ ထည့်သွင်းတည်ဆောက်ခြင်း မှာလည်း သဘာဝမကျဟု သတ်မှတ်နိုင်ပါသည်။

ယခုအခါ ဝေါမြို့နယ် ဆင်ရွာကျေးရွာမှ ညောင်လေးပင်မြို့နယ် တာဦးကျေးရွာအထိ တည်ဆောက်မည့် စစ်တောင်းရေကာတာသည်လည်း ဝေါမြို့နယ်ဘက်မှ တည်ဆောက်လာသည်မှာ ညောင်လေးပင်မြို့နယ် အတွင်းသို့ ရောက်ရှိလာပြီး မုက္ခမူချောင်းရေကာတာနှင့် တာဦး ကျေးရွာအနီးတွင် လာရောက်ပေါင်းဆုံမည်ဟု သိရှိရပါသည်။ ထိုရေကာတာမှာ တည်ဆောက်ရာ လမ်းကြောင်းတစ်လျှောက်ရှိ ချောင်းများ၊ ရေနုတ်မြောင်း များအား အသေပိတ်ဆို့ခဲ့ခြင်းမရှိပါ။ မုက္ခမူတာသာလျှင် ချောင်းများ၊ ရေနုတ်မြောင်းများအား ပိတ်ဆို့ တည်ဆောက်ခဲ့ပါသည်။

ဆိုင်ကွလေး ရိုးပေါက်အား မူလအတိုင်းပြန်လည်ဖွင့်လှစ် ပေးထားမည်ဆိုပါက မိုးရာသီကာလ စိုက်ကွင်းများရေနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်မည့်အပြင် ကောက်ပဲသီးနှံများလည်း အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ထိုဒေသရှိ တောင်သူလယ်သမားများနှင့် အင်းသူကြီးများအကြားဖြစ်ပေါ်နေသော ပြဿနာများလည်း ပြေလည်သွားမည်ဖြစ်ပါသဖြင့် ဆိုင်ကွလေးရိုးနေရာရှိ မုက္ခမူတာအား နဂိုမူလရိုးအတိုင်း ပြန်လည်ဖွင့်လှစ်ထားပေးနိုင်ခြင်း ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးမေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာအုပ်စု၊ ဘိုင်းဒါးကျေးရွာ ကွင်းအမှတ် (၃၃၅-က) သိမ်းဆည်းမြေ ပြန်လည်စွန့်လွှတ်ရာ၌ မူလသိမ်းဆည်းခံရသော တောင်သူ များအား မြေယာများ ပြန်လည်ရရှိအောင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောမြေတည်နေရာမှာ ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၄၆-က)ကမာဖရုံတောင်အနောက်ကွင်းမှ ဦးပိုင်ပေါင်း (၂)ခု၊ ဧရိယာ (၆. ၄၅)ဧကနှင့် ကွင်းအမှတ် (၃၃၅-က)၊ ကျိန်ဝဲပန်းစုတ်မြောက်ကွင်းမှ ဦးပိုင်ပေါင်း (၇)ခု၊ ဧရိယာ (၆၃. ၅၅)ဧကရှိ၍ စုစုပေါင်းဧရိယာ(၇၀)ဧကရှိသည့် (မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း)မြေများ ဖြစ်ကြောင်း တင်ပြလိုပါသည်။

ပြန်လည်စွန့်လွှတ်ခဲ့သည့်တပ်များမှာ ခမရ(၂၀)တပ်မှ (၃၅)ဧကနှင့် ခမရ(၄၄၀)တပ်မှ (၃၅)ဧကတို့ ဖြစ်ပြီး စွန့်လွှတ်ခဲ့သည့်မြေများအပေါ် ယခင်ကျေးရွာမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ စိစစ်ထောက်ခံချက်များဖြင့် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများမှ တောင်သူ(၇)ဦးသို့ (၁၃. ၃. ၂၀၁၄)၊ (၁၅. ၃. ၂၀၁၄)၊ (၁၆. ၃. ၂၀၁၄)ရက်နေ့များတွင် ယာယီပုံစံ(၃)ဖြင့် လွှဲပြောင်း လုပ်ကိုင်ခွင့်ပေးခဲ့ပြီးနောက် ပြည်ထဲရေးဝန်ကြီးဌာနမှ လည်း (၁၄. ၁၁. ၂၀၁၄)ရက်စွဲပါ အမိန့်ကြော်ငြာစာ (၂၅၁/၂၀၁၄)ဖြင့် နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ လက်ရှိတပ်စွန့်လွှတ်မြေ (၇၀)ဧကတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးထားပြီးသည့် တောင်သူ(၅)ဦး၊ ဦးပိုင် (၇)ခု၊ ဧရိယာ(၃၇. ၂၇)ဧကနှင့် မြေလွတ်၊ မြေရိုင်းလုပ်ပိုင်ခွင့်ပြုထားသည့် တောင်သူ(၂)ဦး၊ ဦးပိုင် (၂)ခု၊ ဧရိယာ(၃၂. ၇၃)ဧကတို့အား လုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ မုက္ခမူကမ်းပတ်တာကို ဒုတိယအကြိမ် အကြီးစားတာ ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်စဉ်က ပါဝင်သွားသော ကျေးရွာအုပ်စု(၆)စုရှိ တောင်သူလယ်သမားများ အမှန်တကယ် ဆုံးရှုံးခဲ့ရသော လယ်မြေ(၁၂၁. ၅၅)ဧကအား မြေယာလျော်ကြေး ပြန်လည်ပေးလျော်နိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်အတွင်း မုက္ခမူကမ်းပတ်တာ အလျား(၁၃)မိုင်အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ (၂၀၀၈-၂၀၀၉)ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ မုက္ခမူကမ်းပတ်တာ ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်က ပါဝင်သွားသော ကျေးရွာအုပ်စု (၆)အုပ်စုရှိ တောင်သူလယ်သမားများ အမှန်တကယ် ဆုံးရှုံးခဲ့သော လယ်မြေ (၁၂၁. ၅၅)ဧကအား မြေယာလျော်ကြေး ပြန်လည်ပေးလျော်နိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်၍ အဆိုပါတာမှာ လယ်ယာမြေဥပဒေ (၂၀၁၂) မပေါ်မီ ယခင်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့သော တာဖြစ်ကြောင်းကို ဦးစွာပထမတင်ပြလိုပါသည်။

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်သူလယ်သမားများ အမှန်တကယ် ဆုံးရှုံးခဲ့သော လယ်မြေ(၁၂၁. ၅၅)ဧက အတွက်နစ်နာကြေးပေးရန် ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြထားပါကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်ရရှိပါက နစ်နာကြေး ရလိုကြောင်း တင်ပြခြင်းအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်ရယူပြီး ရန်ပုံငွေတောင်းခံခြင်းဆောင်ရွက်ကာ ရန်ပုံငွေရရှိပြီးပါက နစ်နာကြေးပေးခြင်းကို အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ ဆိုင်ကွလေးရိုးနေရာရှိ မုက္ခမူတာအား နဂိုမူလရိုးအတိုင်း ပြန်လည်ဖွင့်လှစ်ထားပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ညောင်လေးပင်

မြို့နယ်အတွင်းရှိ မုက္ခမူတာအား ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ (၂၀၀၈-၂၀၀၉) ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး အလျား(၁၃) မိုင်ရှိပါသည်။ မုက္ခမူတာ မတည်ဆောက်ခင်က အင်းချောင်းကြီး တစ်ခုရှိခဲ့ပြီး ထိုအင်းချောင်းကြီးအား တာပိတ်ဖို့လိုက်ခြင်းကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ (၂၀၁၃-၂၀၁၄)ခုနှစ်တွင် မုက္ခမူတာပေါ်ရှိ အလန်းရိုး၊ ကြိမ်ချောင်းပေါက်၊ စမုန်းပါးရိုး၊ ဖွံ့ဖြိုးရေးရိုးနှင့် ရုံးပင်ရိုးနေရာများတွင် ရေတံခါးများတည်ဆောက်ပေးခဲ့ သော်လည်း ရေနုတ်အားမလုံလောက်မှုကြောင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်ပြလာသော မုက္ခမူတာရှိ ဆိုင်ဂွလေးရိုးပေါက်အား ပြန်လည်ဖွင့်လှစ်ခြင်းလုပ်ငန်းအစား အင်းချောင်းကျေးရွာအုပ်စုအနီးရှိ ဆိုင်ဂွလေးကျေးရွာ၊ အင်းချောင်းနေရာတွင် ရေတံခါးတည်ဆောက် ပေးခြင်းဖြင့် လယ်မြေဧက(၃၀၀၀)ခန့်အား ရေကြီးနစ်မြုပ်မှုမှ သက်သာစေနိုင်မည်ဖြစ်ပါသည်။

အဆိုပါအင်းချောင်းနေရာရှိ မုက္ခမူတာပေါ်တွင် ယခင်ကရေထုတ်ပေါက်(၇)ခု ဆောင်ရွက်ပေးရန် လျာထားခဲ့သော်လည်း ရန်ပုံငွေအခြေအနေအရ လုပ်ငန်း(၅)ခုသာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျန်ရှိသော (၂)နေရာအနက် တာမိုင်(၆/၀)ရှိ အင်းချောင်းနေရာတွင် ရေထုတ်ရေတံခါးအား အလျား(၈၀)ပေ၊ ရေတံခါးအရွယ်အစား(၄ပေ×၄ပေ) (၁၀ပေါက်)တည်ဆောက်ရမည် ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၀၀) သန်းကုန်ကျမည်ဖြစ်ကြောင်းကို တင်ပြလိုပါသည်။

လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် အဆိုပါလုပ်ငန်းကို (၂၀၁၇-၂၀၁၈) ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (RE)တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းနံပတ် (၁)အတွက် ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်ပြီး မရှင်းလင်းသည့်အချက်များ ကွဲလွဲသည့်အချက်များ ရှိပါက ရှင်းလင်းမေးမြန်းဖို့ ခွင့်ပြုပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မြေယာများ ပြန်လည်စွန့်လွှတ်သည့်အချိန်တွင် ဘိုင်းဒါးလယ်သည် ဟိုးယခင်တပ်က စသိမ်းစဉ်ကာလကတည်းက တပ်နှင့် သဘောတူစာချုပ်ပြုလုပ်ထားခဲ့သူ များစွာရှိပါကြောင်း၊ သို့သော် ၎င်းနေရာမှာ မြေရိုင်းဖြစ်သည့်အတွက် ထိုခေတ်ကာလက ပေးရသည်နှင့် အရှုံးပေါ်သည်တို့ကြောင့် တစ်ချို့(၄) (၅) (၈)နှစ်ခန့်လုပ်ခဲ့သူများလည်း ရှိပါသည်။ ၎င်းတို့မှာ မြေယာအမှန်တကယ် ပြန်လည်မရရှိသည့်သူများဖြစ်ပါသည်။ မြေယာလျော်ကြေးပေးခါနီး (၂)နှစ်အလိုမှာ ဝင်ရောက်လုပ်ကိုင်သည့် တပ်မတော်မှ အငြိမ်းစားယူထားသည့် ဗိုလ်ကြီးတစ်ယောက်နှင့် သူ၏ ဇနီးအမည်ဖြင့် ထွက်ပါသည်။ လက်ရှိအခြေအနေအရ တစ်ချိန်ကဖြစ်ခဲ့သည့် ပြဿနာသည် မှန်ကန်မှုမရှိ ဆိုသည်ကို မြေစစ်ကော်မတီ အစည်းအဝေးထိုင်စဉ်က ထိုက်သင့်သလောက်တွေ့ရှိခဲ့ပါသည်။ သို့ပါ၍ မိမိက

အစိုးရအနေဖြင့် ၎င်းကိစ္စကို ပြန်လည်စိစစ်ပြီး ညွှန်ကြားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်ပြီး မရှင်းလင်းသည့်အချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့် ဆက်စပ်မေးခွန်းမှာ မြေယာလျော်ကြေး ပြန်လည်ပေးအပ်သည့်အချိန်မှာ တပ်မတော်မှ အငြိမ်းစားယူပြီးသည့် ဗိုလ်ကြီးနှင့် ဇနီးမှ လာရောက်လုပ်ကိုင် နေသည်ဟု ဆက်စပ်မေးခွန်းမေးမြန်းမှုအပေါ်မှာ အစိုးရအဖွဲ့အနေဖြင့် စိစစ်ဆောင်ရွက်စေလိုသည်ဟုဆိုလျှင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆောင်ရွက်မည်ဆိုလျှင် ၎င်းလယ်ယာမြေကို လုပ်ပိုင်ခွင့်ရလိုသူက Indict လုပ်ပြီး စတင်ပြီး အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြေလွတ်မြေလပ်နှင့် သိမ်းဆည်း မြေများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် သိမ်းဆည်းထားသည့်မြေ ပြန်လည်ရယူလိုပါကြောင်းကို မြေလွတ် မြေလပ် မြေရိုင်း ပြန်လည်စိစစ်ရေးကော်မတီကို ပထမဦးဆုံးအမှုတွဲကို Indict လုပ်ပြီး မူလပြန်လည်ရယူ လိုသည့် ပိုင်ရှင် (သို့မဟုတ်) ပြန်လည်ရယူလိုသည့် ပုဂ္ဂိုလ်မှ အမှုတွဲဖွင့် ဆောင်ရွက်ရမှာဖြစ်ပါသည်။ မိမိအနေဖြင့် အကြံပြုတင်ပြလိုသည်မှာ ၎င်းမြေသည် ပိုင်ဆိုင်မှုအငြင်းပွားသည်ဟု အကြမ်းဖျင်းအားဖြင့် သုံးသပ်၍ ရပါသည်။ လက်ရှိဆောင်ရွက်ခွင့်ရနေသည့် တပ်မတော်မှ အငြိမ်းစားယူသည့် ဗိုလ်ကြီးနှင့်ဇနီးက လုပ်ပိုင်ခွင့်ရနေသည် ဆိုလျှင် မူလလုပ်ခဲ့သည့် တောင်သူအနေနှင့် ၎င်းမြေမှာ သူတို့မြေဖြစ်သည်ဆိုသည့်အကြောင်းကို မူလ ၂၀၁၂ လယ်ယာမြေဥပဒေနှင့်အညီ မူလမြေယာမှုခင်းဖွင့်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တိုင်ကြားပြီး ဆုံးဖြတ်ချက်ကို စတင်၍ခံယူလို့ရပါသည်။ ၎င်းဆုံးဖြတ်ချက်ကို မကျေနပ်လျှင် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ နောက်ဆုံးတိုင်းအဆင့်အထိ အယူခံအဆင့်ဆင့် ဝင်ရောက်ပြီး ဆုံးဖြတ်ချက်ကိုရယူ၍ မိမိတို့၏ ပိုင်ဆိုင်မှုအငြင်းပွားနေသည့်ကိစ္စကို ပြန်လည်ရရှိအောင် ဖြေရှင်းနိုင်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပဲခူးမြို့နယ်အတွင်း လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်မရဘဲ ခြံကွက်ရိုက်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်းများကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာအနောက်ကွင်း၊ ချေးတထိုင်ရိုးပေါ်သို့ လုပ်ငန်းရှင်တစ်ဦးမှ ပိတ်ဆို့၍ အုတ်တံတိုင်းကာရံထားခြင်းကို အမြန်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွှန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးပဲခူးမြို့နယ်အတွင်း လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့် လယ(၃၀)မရှိဘဲ လယ်ယာမြေများပေါ်တွင် ဝန်းခြံခတ်ခြင်း၊ မြေဖို့ခြင်း၊ လူနေအိမ်အများအပြား ဆောက်လုပ်ခြင်း၊ အဆောက်အဦဆောက်နေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးခြင်းပြဿနာများ ကြုံတွေ့နေကြရပါသည်။ မြို့ရှောင်လမ်း၊ရန်ကုန်-မန္တလေးကားလမ်း၊ ပဲခူး- သနပ်ပင်ကားလမ်းဝဲယာ မြေများအပြင်၊ ဘုရားကြီး၊ ကမာနတ်၊ ကတွင်းခြံစသော ကျေးရွာများတွင် လယ်မြေများပေါ်တွင် ခြံကွက်ရိုက်နေအိမ်ဆောက်လုပ်ခြင်းများ များစွာတွေ့မြင်နေရပါသည်။ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်မရဘဲယခုကဲ့သို့ မပြုလုပ်ရန် ညွှန်ကြားချက်များရှိပါလျက် လိုက်နာခြင်းမရှိသည်များကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် အရေးယူဆောင်ရွက်မှုများ ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်း အပ်ပါသည်။

**ဦးညွှန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာအနောက်ကွင်း၊ ခွေးတထိုင်ရိုးပေါ်သို့ လုပ်ငန်းရှင်တစ်ဦးမှ ပိတ်ဆို့၍ အုတ်တံတိုင်းကာရံထားခြင်းကြောင့် တောင်သူလယ်သမားများ၏ လယ်မြေဧက(၄၀၀)ခန့် ရေကြီးနစ်မြုပ်မှု မကြာခဏ ကြုံတွေ့ရ၍ တတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် တင်ပြမေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးမှ မြေစာရင်းဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းတို့နှင့် ကွင်းဆင်းစစ်ဆေး၍ ရိုးနယ်နိမိတ် ပြန်လည်တိုင်းတာခြင်း၊ ထပ်မံတူးဖော်ခြင်း၊ ပြုလုပ်ပေးမည်ဟု ဖြေဆိုခဲ့သော်လည်း ယနေ့တိုင် တစ်စုံတစ်ရာ ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါ။ ယခုအခါ ထိုလုပ်ငန်းရှင်မှ ၄င်းခွေးတထိုင်ရိုးတစ်ခုလုံးကို မြေဖို့ပိတ်ဆို့ပြီး၊ အပြီးအပိုင် သိမ်းပိုက်ထားလိုက်သောကြောင့် မိုးရာသီ တောင်သူလယ်သမားများ၏ စိုက်ပျိုးခင်းများ ရေကြီးနစ်မြုပ်ခဲ့ပြီး ဖြစ်ပါသည်။ မိုးကြီးလျှင် ထပ်မံနစ်မြုပ်ဦးမည့်အရေးကြောင့် အမြန်အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရွှေကျင်မြို့နယ်၊ ညောင်ပင်ကြီး ပြည်တော်သာကျေးရွာမှ ညောင်လေးပင်၊ ကွင်းဒလကြီး ကျေးရွာထိ ကျေးရွာချင်းဆက်လမ်း မြေသားအမြင့်နှင့် ဂဝံလမ်းခင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်ပါမေးခွန်းနှင့် ပတ်သက်၍ ရွှေကျင်မြို့နယ်ပိုင် ညောင်ပင်ကြီးပြည်တော်သာ ကျေးရွာသည် စစ်တောင်းမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိပြီး ညောင်လေးပင်မြို့နှင့် အနီးစပ်ဆုံးကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသူ/ကျေးရွာသားတို့သည် ပညာရေး၊ ကျန်း မာရေး၊ လူမှုရေးကိစ္စများအပြင် ဈေးဝယ်ခြင်း၊ ရောင်းချခြင်းကိစ္စများကိုလည်း အနီးစပ်ဆုံးဖြစ် တဲ့ညောင်လေးပင်မြို့ကို ကူးလူးသွားလာခြင်းများ ပြုလုပ်နေရပါသည်။ ညောင်လေးပင်

မြို့နယ် ကွင်းဒလကြီးကျေးရွာကတော့ သူ့မြို့ သူ့ရွာလမ်းကို သွားလာနိုင်အောင် လမ်းပြုပြင်ပြီးဖြစ်ပါသည်။

ရွှေကျင်မြို့နယ်ပိုင်ဖြစ်ပြီး စစ်တောင်းမြစ်မှ ပိုင်းခြားလိုက်သဖြင့် ညောင်လေးပင်ဘက်ကမ်းသို့ ရောက်ရှိသွားသော ညောင်ပင်ကြီး ပြည်တော်သာ၊ ကျောင်းစု၊ ရွာမ စသည့် ရွာများအနေဖြင့် ညောင်လေးပင်သွားရာတွင် လှည်းလမ်းဖြစ်သဖြင့် မိုးရာသီတွင် အလွန်ခက်ခဲစွာသွားလာရသည့် လမ်းလည်းဖြစ်ပါ၍ ညောင်ပင်ကြီး၊ ပြည်တော်သာ ကျေးရွာမှ ကွမ်းဒလကြီး ကျေးရွာထိ မြေသားအမြင့်နှင့် ဂဝံလမ်းခင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးညွန့်ရွှေနှင့် ဒေါ်လှလှဝင်း ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးမြို့နယ်အတွင်း လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်မရဘဲ ခြံကွက်ရိုက်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်းများကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ ပုဒ်မ(၁၂)၊ ပုဒ်မခွဲ(ဆ)တွင် လယ်ယာမြေလုပ်ပိုင်ခွင့်မရှိဘဲ အခြားနည်းသုံးစွဲခွင့်မပြုရန် ပြဋ္ဌာန်းထားချက်အပေါ် ခွင့်ပြုချက်မရရှိဘဲ အခြားနည်းသုံးစွဲထားသည့် ကိစ္စရပ်များအတွက် လယ်ယာမြေဥပဒေပုဒ်မ(၁၉)အရ ဤဥပဒေပုဒ်မ(၁၂)ပါ စည်းကမ်းချက်အားလုံးကို ဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်ဟု ဖော်ပြထားပါသည်-

- သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊
- သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊
- လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊
- လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်းဆိုပြီး ပြဋ္ဌာန်းထားပါသည်-

လယ်ယာမြေဥပဒေပုဒ်မ (၂၀)တွင် ပုဒ်မ(၁၉)ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်သောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားရှိပြီးလည်း ဖြစ်ပါသည်။ ပုဒ်မ(၁၉)အရ ချမှတ်သောအမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်ကိုဖြစ်စေလိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပုဒ်မ(၃၅)အရ အရေးယူဆောင်ရွက်သွားရန် သတ်မှတ်ပြဋ္ဌာန်းထားပါ

ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေကို ခွင့်ပြုချက်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် (၂၅. ၁၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၆/၃-၂/ဦး၆ ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၇. ၁၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၁၄၆/လယ်စီ/ တိုင်းဒေသကြီး/၀၄(ခ)ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ (၁၀. ၅. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၃၃၈/မအ-၁ဖြင့်လည်းကောင်း၊ (၂၀၁၂)ခုနှစ် လယ်ယာမြေ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များထံ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့များမှလည်း လယ်ယာမြေကို ခွင့်ပြုချက်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျှက်ရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးညွှန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာအနောက်ကွင်း၊ ခွေးတထိုင်ရိုးပေါ်သို့ လုပ်ငန်းရှင်တစ်ဦးမှ ပိတ်ဆို့၍ အုတ်တံတိုင်းကာရံထားခြင်းကို အမြန်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် အဝိုင်းကျေးရွာအနောက်ကွင်းရှိ ခွေးတစ်ထိုင်ရိုးသည် အဝိုင်းကျေးရွာ မြောက်ဘက်နှင့် အနောက်ဘက် ကွင်းများမှ ရေထုတ်နုတ်စီးဆင်းသော ရိုးချောင်းတစ်ခု ဖြစ်ပါသည်။ ခွေးတစ်ထိုင်ရိုးအား လုပ်ငန်းရှင်တစ်ဦးမှ ကာရံပိတ်ဆို့ထားမှုကြောင့် မိုးရာသီတွင် တောင်သူလယ်သမားများ၏ စပါးပျိုးခင်းများ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါ ရိုးဟောင်းနေရာအား လုပ်ငန်းရှင်တစ်ဦးမှ ခြံအတွင်းသို့ ပဲခူးမြို့ရှောင်လမ်းမှ ဝင်ရောက်သည့် အဝင် လမ်းကိုလည်း ဖောက်လုပ်ထားပြီး အချင်း (၃) ပေခန့်ရှိ ရေထုတ်ပေါက်(၂)ပေါက် တပ်ဆင်ထားသည့် အတွက် ရေထုတ်ပေါက်များသည် ကျဉ်းမြောင်းပြီး ဒိုက်၊ အမှိုက်များ ပိတ်ဆို့နေမှုကြောင့်လည်းကောင်း၊ အဝင်လမ်းဖြတ်အောက်ရှိ ရေထုတ်ပေါက်များ ကျဉ်းမြောင်းမှုကြောင့်လည်းကောင်း၊ အထက်ပိုင်း ကွင်း(၃) ကွင်းရှိ လယ်မြေဧက (၄၀၀) ခန့်မှာ ရေထွက်ပေါက်များ ပိတ်ဆို့ပြီး ရေနစ်မြုပ်ရခြင်းဖြစ်ပါသည်။

ရေနစ်မြုပ်လယ်မြေများ ရေထုတ်နိုင်ရန်အတွက် ခြံစည်းရိုးခတ်ထားသော မြေကွက်အတွင်းသို့ ဝင်ရောက်သည့်လမ်း(၂)လမ်းအောက်ရှိ ပြွန်ပေါက်များ ချဲ့ပေးခြင်းကို မဖြစ်မနေ လုပ်ဆောင်ပေးရန်နှင့် အထက်ကွင်းများမှ စီးဆင်းလာသောရေများ ထုတ်နုတ်နိုင်ရန်အတွက် ယခင်ခွေးတစ်ထိုင်ရိုးအတိုင်း ရေမြောင်း ဖောက်လုပ်ပေးရန် (သို့မဟုတ်) ခြံစည်းရိုးဘေး ကပ်လျက်မှ ရေမြောင်းပြန်လည် ဖောက်လုပ်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

အထက်ပါဆောင်ရွက်ရန် အချက်(၂)ချက်အား လုပ်ဆောင်ပေးနိုင်ရန် မြေကွက်ပိုင်ရှင်သို့ သက်ဆိုင်ရာ၊ ဒေသဆိုင်ရာ အာဏာပိုင်များမှတစ်ဆင့် ညွှန်ကြားချက်များဖြင့် ဆောင်ရွက်သင့်ပါကြောင်းနှင့် လက်ရှိဖြစ်ပေါ် နေသည့် အမှုတွဲအပေါ် မှာ မြို့နယ်အုပ်ချုပ်ရေးပိုင်းမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမှုမရှိလျှင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ စာတင်ပို့ပြီး အမှုတွဲဖွင့်လှစ်တိုင်ကြား ဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာဖြင့် ဖြေကြား အပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့နယ်၊ ညောင်ပင်ကြီး ပြည်တော်သာ ကျေးရွာမှ ညောင်လေးပင်၊ ကွင်းဒလကြီးကျေးရွာထိ ကျေးရွာချင်းဆက်လမ်း မြေသားအမြင့်နှင့် ဂဝံလမ်းခင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ပြည်တော်သာကျေးရွာနှင့် ညောင်လေးပင်မြို့နယ် ကွင်းဒလကြီးကျေးရွာအား ဆက်သွယ်ထားသောလမ်းမှာ (၃၀၀၀ပေ×၁၂ပေ× ၄ပေ)ရှိ မြေသားလမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား (၃၀၀၀ပေ×၁၈ပေ× ၄ပေ)ရှိ မြေသားလမ်းအဖြစ် ဖောက်လုပ်ရမည်ဖြစ်ပြီး လမ်းဘေးဝဲယာရှိ လယ်ယာမြေပိုင်ရှင်များ၏ သဘောတူညီချက် ရရှိမှသာ အလွယ်တကူဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု (၁)အုပ်စု၊ ကျေးရွာ(၄)ရွာ၊ အိမ်ခြေ(၃၁၉)အိမ်၊ လူဦးရေ (၁၆၈၆)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ကြောင်း ကိုလည်း မှတ်တမ်းတင်ထားရှိပါသည်။ စံနှုန်းသတ်မှတ်ချက်အရ မြေသားလမ်းအဖြစ် ဆောင်ရွက်ပြီးမှသာ ဂဝံလမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ဒုတိယ အကြိမ် ဒေသဆိုင်ရာလမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ ပုံမှန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနှင့် မြေသားလမ်းအသစ် ရန်ပုံငွေအတွက် တိုင်းဒေသကြီးများမှ လျာထား တာဝန်ယူဆောင်ရွက်ရမည်ဖြစ်၍ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်မှစ၍ မြေသားလမ်း လျာထားမှု လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့်သာ လျာထားဆောင်ရွက်ပေးနိုင်ပါရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ မေတ္တာရပ်ခံ ညှိနှိုင်းထားပြီးဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောလမ်းမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် လျာထားလုပ်ငန်းစာရင်းတွင် ပါဝင်ခြင်းမရှိသေး ပါသဖြင့် လောလောဆယ်လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြား အပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်မေးမြန်းထားသည့် မေးခွန်းနံပါတ်(၁) (၂)တို့နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။နံပါတ်(၁)မေးခွန်းနှင့်ပတ်သက်ပြီး ယခုအချိန် အခါမှာ ပဲခူးမြို့အနေအထားနှင့်ပတ်သက်ပြီး ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာအတော်များများသည် လယ်ယာမြေပေါ်တွင် အိမ်ကွက်ရိုက်ပြီး အိမ်ကွက်များရောင်းချ၍ အိမ်ခြေဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မြေဖို့ခြင်းများအား ကားလမ်းဘေးများတွင်သာမက ကျေးရွာအတော်များများမှာလည်း ဖြစ်ပျက်နေပါသည်။ ယင်းကဲ့သို့ ဖြစ်ပျက်နေသည့်အတွက်ကြောင့် အချို့နေရာများဆိုလျှင် ဥပမာ-ဘုရားကြီးမြို့၊ ကမာနတ်ကျေးရွာ

တို့တွင် ကျူးကျော်များမှာ ရပ်ကွက် (၁)ရပ်ကွက်ကဲ့သို့ များပြားလာသည်ကို တွေ့နေရပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ စိုက်ပျိုးမြေလည်းဆုံးရှုံးပြီး စိုက်ပျိုးသီးနှံထွက်ရှိမှု မရှိပါကြောင်း၊ ယင်းကဲ့သို့ သီးနှံများ၊ စိုက်ပျိုးမြေများ ဆုံးရှုံးသည့်အပြင် မြေကွက်လက်ဝယ်ပိုင်ဆိုင်မှု ရရှိထားသည့် မြေကွက်ရိုက် ရောင်းချ လိုက်သည့် လယ်သမားများက ယနေ့စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း ထုတ်ယူသုံးစွဲနေသည်ကို တွေ့ရှိ ရပါသည်။ အမှန်တကယ်စိုက်ပျိုးမှုမရှိပါဘဲနှင့် ယင်းကဲ့သို့ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ယူသုံးစွဲနေသည့် အတွက်ကြောင့် နိုင်ငံတော်အနေဖြင့် မိအေး(၂)ခါနာဖြစ်နေပါသည်။ သို့အတွက်ကြောင့် ဝန်ကြီးဖြေကြားသွား သလို တကယ်တမ်းအရေးယူဆောင်ရွက်မည်ဆိုလျှင် အချိန်ကာလဆိုင်း၍ မဖြစ်ပါကြောင်း၊ အချိန်ကာလ တစ်ခု သတ်မှတ်ပြီး အဆောတလျင် အရေးယူဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ မိမိအနေဖြင့် သိလိုပါသည်။

နံပါတ်(၂) မေးခွန်းအနေနှင့် ဆက်စပ်မေးခွန်းမေးမြန်းရမည်ဆိုလျှင် အဝိုင်းခွေးတစ်ထိုင်ရိုးသည် ပြီးခဲ့သည့် နှစ်က (၃)ပေခန့်ရှိ ပြွန်ပေါက်ရှိခဲ့သော်လည်း ရေကြီးနစ်မြုပ်ခဲ့ပါသည်။ ယခုနှစ်အချိန်အခါမှာ လုံးဝပိတ်သွား ပါပြီး ၎င်းရိုးကိုလည်း လုပ်ငန်းရှင်က လုံးဝမြေဖို့လိုက်ပါပြီ၊ ရိုးလည်းလုံးဝပျောက်သွားပါပြီ၊ ဆောင်ရွက်ရန် နည်း(၁)နည်းမှာ ၎င်း၏ အုတ်တံတိုင်းအပြင်ဘက်မှနေ၍ ရိုးအသစ် အစားဖော်ပြီး ဆောင်ရွက်ရန်သာရှိပါသည်။ ပထမအကြိမ်လည်း လယ်သမားများ၏ ကြဲထားသည့်စပါးများ ဆုံးရှုံးခဲ့ရပြီးပါပြီ၊ ယခုလို၌ာနဆိုင်ရာများအနေနှင့် လုပ်ငန်းရှင်ကို ညွှန်ကြားချက်ပေးပြီး တစ်နှစ်လည်းစောင့်ဆိုင်းခဲ့ပြီးပါပြီ၊ ၎င်းကိုရက်သတ်မှတ်ပြီး အချိန်တို အတွင်းမှာ ဆောင်ရွက်ပေးနိုင်ပါမှ တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုမှာ သက်သာမည်ဖြစ်ပါသည်။ သို့ပါ၍ အချိန်ကာလသတ်မှတ်ပြီး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁) (၂) တို့နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းထားသည့် ဆက်စပ်မေးခွန်း နှင့်ပတ်သက်ပြီး မေးခွန်းအမှတ်စဉ်(၁)မှာ အချိန်ကာလသတ်မှတ်ပြီး အဆောတလျင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်သည့် မေးခွန်းကို ဖြေကြားပေးမည် ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ပထမဦးစွာ မိမိအနေဖြင့် ဖြေကြားလိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲမှု အခြားနည်းသုံးစွဲခွင့်နှင့်ပတ်သက်၍ ခွင့်ပြုချက်များနှင့် ဆောင်ရွက်မှုများသည် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဆုံးဖြတ်ဆောင်ရွက်သည့်၊ ဆုံးဖြတ်ချက်ပေးရသည့် အမှုကိစ္စဖြစ်ပါသည်။ ဒုတိယအနေဖြင့် တင်ပြလိုသည်မှာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပတ်သက်ပြီး ဗဟိုမှ ညွှန်ကြားသည့် ညွှန်ကြားချက်များအပေါ်မှာ ထပ်ဆင့်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရသည့် နေရာမှာ ပြည်ထောင်စုဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ထောက်ခံခြင်း၊ ငြင်းပယ်ခြင်းတို့ကို ဆောင်ရွက်ပေး ရခြင်း ဖြစ်ပါသည်။ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဥပဒေအရ အဆင့်ဆင့်ဖွဲ့စည်းထားသည့် ၂၀၁၂

လယ်ယာမြေဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်အဖွဲ့များ ဖြစ်ပါသည်။ ရပ်/ကျေးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌဖြစ်ပြီး သက်ဆိုင်ရာမြေတိုင်းစာရေးက အတွင်းရေးမှူးနှင့် သက်ဆိုင်ရာ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် ဌာနများနှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာလည်း ဆုံးဖြတ်ခွင့် Authority ရှိကြောင်းကို ဦးစွာပထမ တင်ပြလိုပါသည်။

ဆက်လက်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဦးစီးမှူးသည် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။ ခရိုင်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌဖြစ်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။ မြေယာမှုခင်းနှင့်ပတ်သက်လျှင် အဆင့်ဆင့်သော လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့တိုင်းမှာ လုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချခွင့်ရှိကြောင်းကို ဥပဒေမှာ ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အခြားနည်းသုံးစွဲခွင့်ကို အရေးယူဆောင်ရွက်သည့်နေရာမှာ လက်ရှိလွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြထားသည့် ကိစ္စရပ်သာမက ကျေးရွာများတွင် မိမိ၏လယ်မြေပိုင်ဆိုင်မှုဆိုပြီး လမ်းမကြီးများနှင့် ဝေးကွာသည့် ကျေးရွာများတွင်လည်း နေအိမ်များ ထွက်ဆောက်ခြင်း၊ တဲထိုးနေခြင်းများကို ဥပဒေအရ ကြည့်မည်ဆိုလျှင် တစ်နိုင်ငံလုံးအတိုင်းအတာအရ အခြားနည်း သုံးစွဲခွင့်မရှိဘဲ ဆောင်ရွက်နေသည့် လုပ်ငန်း များစွာ ရှိကြောင်းကို တင်ပြလိုပါသည်။ ထို့ကြောင့် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၎င်းလုပ်ငန်း များကို အဓိကဦးစားပေးအနေနှင့် လမ်းဘေးဝဲယာနှင့် ထင်သာမြင်သာကျူးကျော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ထိထိရောက်ရောက်အရေးယူနိုင်ရန် ယခင်ဖြေကြားခဲ့သည့် ဖြေကြားချက်ထဲတွင် ညွှန်ကြားချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (မြေစာရင်း)တို့ကလည်း အဆင့်ဆင့်ထုတ်ပြီး အရေးယူ ဆောင်ရွက်ရန် သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊ ရပ်/ကျေး အဆင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အဆင့်ဆင့်ကို မိမိတို့က ညွှန်ကြားချက်အဆင့်ဆင့်ထုတ်ပြီး ဆောင်ရွက်ပါသည်။ လက်ရှိအနေနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ ခွင့်ပြုချက်မရဘဲ ဆောင်ရွက်သူများကို (၁)ဧက ဒဏ်ငွေ(၅)သိန်းရိုက်ပြီး ပထမဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို တင်ပြသည့်အခါ ဒဏ်ကြေးငွေတင်ပြသည့်အပေါ်မှာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် ပြည်ထောင်စုသို့ ထောက်ပံ့ပေးသင့်/မသင့် ဆုံးဖြတ်ချက်ချပြီး ထောက်ခံပေးမည်ရည်ရွယ်လျှင် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနှင့် ထပ်ဆောင်းအနေဖြင့် သဘာဝဘေးအန္တရာယ်ရန်ပုံငွေ (၄၅)သန်း (၁)ဧကကို ဒဏ်ရိုက်ရန် ဆုံးဖြတ်ချက်ချပြီးလျှင် တိုင်းဒေသကြီးအဖွဲ့ အနေဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးတွင်ရှိသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို တင်ပြဆောင်ရွက်ခိုင်းထားပြီး ဖြစ်သည့်အတွက် ၎င်းအမှုတွဲများသည် ကျူးကျော်လျှင် ကျူးကျော်သလို အရေးယူ

ဆောင်ရွက်လျက်ရှိကြောင်းကို တင်ပြလိုပါသည်။ လက်ရှိလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဆိုသည်မှာ အစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာမှ ပြောင်းလဲဖွဲ့စည်းခြင်းဖြစ်ပြီး ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေမှာပါသည့်အတိုင်း ဆောင်ရွက်သည်ဖြစ်သည့်အတွက် အမြဲဆောင်ရွက်နေမည့် အဖွဲ့အစည်းဖြစ်ကြောင်းနှင့် အရေးယူဆောင်ရွက်မှုကို အမြဲဆောင်ရွက်နေမည်ဖြစ်ကြောင်း ဖြေကြားလိုပါသည်။

ဆက်လက်ပြီး ခွေးတထိုင်ရိုးနှင့်ပတ်သက်ပြီး ရက်သတ်မှတ်၍ အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို ဖြေကြားလိုပါသည်။ ခွေးတထိုင်ရိုးနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ မိမိရုံးခန်းသို့ လာရောက်ပြီး နှုတ်ဖြင့်တင်ပြထားသည်လည်းရှိပါသည်။မိမိအနေဖြင့် တင်ပြချင်သည်က အုပ်ချုပ်ရေးအဖွဲ့အစည်းများကို မြို့နယ်၊ ခရိုင်၊ တိုင်းအုပ်ချုပ်ရေးဆိုပြီး အဆင့်ဆင့်အုပ်ချုပ်သည့် အဖွဲ့များဖွဲ့စည်းဆောင်ရွက်ထားရှိပါသည်။ ခွေးတထိုင်ရိုးပိတ်ဆို့မှုနှင့်ပတ်သက်ပြီး အနီးစပ်ဆုံးက မြို့ကိုအုပ်ချုပ်သည့် မြို့နယ်အုပ်ချုပ်ရေးအဆင့်က ဖြေရှင်းဆောင်ရွက်မည်ဆိုလျှင် ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းဖြစ်ပါသည်။ ဆိုလိုသည်က သက်ဆိုင်ရာနယ်မြေဒေသအလိုက် အုပ်ချုပ်သူအခွင့် Authority များ၊ အခွင့်အရေးများပေးထားလျက်နှင့် ပဲခူးမှာဖြစ်လျှင် ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးက ကိုင်တွယ်ဆောင်ရွက်ရမှာဖြစ်ပြီး ကိုင်တွယ်ဆောင်ရွက်ရန်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သည့်အရာများအားလုံးကို ခရိုင်၊ တိုင်းအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ရမည် ဖြစ်ပါသည်။ တောင်ငူ၊ ပြည် သက်ဆိုင်ရာမြို့နယ်မှာ အုပ်ချုပ်ရေးမှူးများကို တာဝန်ပေးအပ်ထားတာရှိပါသည်။ ခွေးတထိုင်ရိုးပိတ်ဆို့မှုနှင့် ပတ်သက်၍ အဓိက စပြီးပိတ်ဆို့ထားမှုကို အဓိကဖွင့်လှစ်ရမည်ဆိုလိုသည်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြီး ၎င်းခွေးတထိုင်ရိုးပိတ်ဆို့ထားမှုသည် မည်သည့်အတွက်ကြောင့်ဖြစ်ပြီး၊ ၎င်းကို ရှင်းလင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတင်ပြ၍ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးက ၎င်းကိုရှင်းလင်းဆောင်ရွက်ပေးရန် အစီအစဉ်မရှိဘူးဆိုလျှင် ခရိုင်၊တိုင်းအဆင့်ဆင့်ကို တင်ပြပြီးဆောင်ရွက်၍ရပါသည်။ လက်ရှိအနေဖြင့် ရက်သတ်မှတ်ပြီး ဆောင်ရွက်ပေးပါဆိုရာတွင် မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လက်ရှိဆောင်ရွက်ပေးသည့် မြို့နယ်က ဆောင်ရွက်ပေးခြင်းမရှိ၍လား၊ (သို့မဟုတ်) ခွေးတထိုင်ရိုးပိတ်ဆို့မှုကို အောက်ခြေမှာ သက်ဆိုင်ရာဒေသကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ် လုပ်ခဲ့သော်လည်း အဆင်မပြေ၍လား၊ အကြောင်းရင်းကို မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပေးမည်ဆိုလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်ပြီး ကိုင်တွယ်ဆောင်ရွက်ရန် ရိုးရှင်းလွယ်ကူသွားမည်ဟု ဖြေကြားလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးက အပြည့်ပြည့်အစုံစုံဖြေကြားသွားပြီးဖြစ်ပါသည်။ စတင်ပြီး ၎င်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အခြားနည်းသုံးစွဲခွင့်မရှိသည့် လယ်မြေများအပေါ်မှာ ဝန်းခြံခတ်ခြင်း၊ မြေဖို့ခြင်း၊ လူနေအိမ်အများအပြားဆောက်လုပ်ခြင်း၊ အဆောက်အဦများဆောက်လုပ်ခြင်းများ ပြုလုပ်သည့်အပြင် ၎င်းမြေပေါ်မှ အကျိုးခံစားခွင့်ကို စိုက်ပျိုးခြင်းမရှိဘဲ ပုံစံ(၇)များထုတ်၍ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူနေသည့်ကိစ္စနှင့်ပတ်သက်ပြီး အစိုးရအဖွဲ့ကလည်းထပ်မံညွှန်ကြားပြီး စတင်၍ သက်ဆိုင်ရာကျေးရွာအုပ်စုမှာရှိသည့် လယ်စီအဖွဲ့က အချင်းဖြစ်နေသည့် လယ်မြေ

များကို စစ်ဆေးပြီး ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ ဆုံးဖြတ်ချက်ချခဲ့ရာ၌ ဖယ်ရှားပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိလျှင် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၃၅ အရ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်ပြီး သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် တရားစွဲပြီး အရေးယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ပါ၍ ၎င်းလုပ်ငန်းသည် ချမှတ်ထားသည့်အမိန့်များဖြစ်သည့် သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်မြေကို ဆောင်ရွက်စေခြင်း၊ လယ်ယာမြေပေါ်တွင်ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ဖယ်ရှားခြင်းဆိုသည့် ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်၍ရပြီ ဖြစ်ပါသည်။ ၎င်းကို သက်ဆိုင်ရာအစိုးရအဖွဲ့ကစတင်ပြီး ညွှန်ကြားပေး၍ ၎င်းလုပ်ငန်းများကို စတင် အကောင်အထည်ဖော်ရန် သက်ဆိုင်ရာနယ်မြေမှာရှိသည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု လယ်စီအဖွဲ့များကို ညွှန်ကြားပေးရန် ပြည်သူကိုကိုယ်စားပြုသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များကလည်း ၎င်းနယ်မြေကို သွားရောက်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု လယ်စီအဖွဲ့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ဆုံးဖြတ်ချက်များချမှတ်ပေးရန်၊ မရလျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းအားဖြင့် ၎င်းလုပ်ငန်းများသည် အောင်မြင်သွားမှာဖြစ်ပါသည်။ နိုင်ငံတော်အတွက်လည်း အကျိုးရှိမည်၊ မိမိတို့အတွက်လည်း အကျိုးရှိမည့်လုပ်ငန်း ဖြစ်သည့်အတွက် ဥပဒေနှင့် အညီ ဆောင်ရွက်လျှင် ၎င်းလုပ်ငန်းများသည် အောင်မြင်မှာ ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာစောညီဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သနပ်ပင်မြို့နယ်၊ အရှေ့တံခွန်တိုင်နှင့် ကုလားချောင်းကြီး ကျေးရွာ ARDC ချောင်းတို့ ဆက်သွယ်လျက်ရှိသော ငပုတောချောင်းဝ ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"သနပ်ပင်မြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်ကာကွယ်ရန်အတွက် ကိုယ့်အားကိုယ်ကိုး ရေငန်တားတမံများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ခဲ့မှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ကူညီထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိနှင့် ၂၀၁၇ ၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြည်သူများ၏ လယ်ယာမြေများ၊ ရွာလမ်းများ ရေငန်ဝင်ရောက်မှုကြောင့် မပျက်စီးစေရေးအတွက် မည်သို့စီမံဆောင်ရွက်ထားကြောင်း ပြည်သူများသိရှိနိုင်ပါရန်"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညီဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အရှေ့တံခွန်တိုင်နှင့် ကုလားချောင်းကြီးကျေးရွာ ARDC ချောင်းတို့ ဆက်သွယ်လျက် ရှိသော ငပုတောချောင်းဝ ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အရှေ့တံခွန်တိုင်နှင့် ကုလားချောင်းကြီးကျေးရွာ ARDC ချောင်းတို့ ဆက်သွယ်လျက် ရှိသော ချောင်းဝသည် တိမ်ကောလျက်ရှိပြီး ရေစီးရေလာ ရပ်တန့်နေသဖြင့် လယ်မြေဧက(၁၅၀၀)ကျော်မှာ

နှစ်စဉ်ရေကြီးနစ်မြုပ်မှုဖြင့် ရင်ဆိုင်ကြုံတွေ့နေရပြီး စပါးပင်များ နှစ်စဉ်သေဆုံးမှု ဖြစ်ပေါ်နေသဖြင့် စပါးအထွက်နှုန်း လွန်စွာလျော့နည်းလျက်ရှိသည်။

သို့ပါ၍ ယင်းငပုတောချောင်းအား အကျယ်(၁၈)ပေ၊ အနက်(၆)ပေ၊ အရှည်(၅)မိုင်ခန့်အား တူးဖော်ပေးမည်ဆိုပါက ရေဆွဲအားကောင်းပြီး လယ်ယာမြေဧက(၁၅၀၀)ကျော် ကောင်းစွာထွန်ယက် စိုက်ပျိုးနိုင်မည် ဖြစ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ဦးစားပေးတူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်ကာကွယ်ရန်အတွက် ကိုယ့်အားကိုယ်ကိုး ရေကန်တား တမံများကို ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် တည်ဆောက်ခဲ့မှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ကူညီထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိနှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် ပြည်သူများ၏ လယ်ယာမြေများ၊ ရွာလမ်းများ ရေငန်ဝင်ရောက်မှုကြောင့် မပျက်စီးစေရေးအတွက် မည်သို့စီမံဆောင်ရွက်ထားကြောင်း ပြည်သူများ သိရှိနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း။

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်းရှိကျေးရွာအုပ်စု(၁၉)အုပ်စု၌ သဘာဝဘေးဒဏ်ဖြစ်သည့် စစ်တောင်းမြစ်ရေ(ရေငန်များ)နှစ်စဉ်ဝင်ရောက်လေ့ရှိခြင်းကြောင့် စပါးစိုက်ပျိုးမှုများ၊ နှစ်စဉ်ဆုံးရှုံးနေကြရပါသဖြင့် ပြည်သူလယ်သမားများမှ မိမိတို့တတ်နိုင်သည့် ငွေကြေးလေးများဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းကာ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ရေကန်တား တမံပေါင်း(၆၇)ခု ငွေကျပ်(၂၅၂၂၀၀ဝိ/)ခန့် အကုန်အကျခံ ပြုလုပ်ခဲ့ကြပါသည်။

သို့ပါ၍ပြည်သူအား ပြန်လည်ထောက်ပံ့ကူညီနိုင်ပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ကူညီထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် ပြည်သူများ၏ လယ်ယာမြေများ၊ ရွာလမ်းများ ရေငန်ဝင်ရောက်မှုကြောင့် ပျက်စီးမှုလျော့ပါးစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေ မည်သို့ စီမံဆောင်ရွက်ထားကြောင့် ပြည်သူများသိရှိနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦး-နှင်းဝိလမ်းပေါ်ရှိ ဘိုင်းဒါးချောင်းကူးသစ်သားတံတားအား ကွန်ကရစ် တံတားသစ်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒိုက်ဦးမြို့နယ်၊ အရှေ့ဘက် (၅)မိုင်အကွာ ဒိုက်ဦး-နှင်းဝိလမ်းပေါ်ရှိ ဘိုင်းဒါးချောင်းကူး တံတားသည် အကျယ်(၃)ပေ၊ အရှည်(၁၅၀)ပေရှိ၍ သစ်သားတံတားဖြစ်ပြီး ပတ်ဝန်းကျင်ရှိ ကျေးရွာနေပြည်သူများမှ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသော

တံတားဖြစ်ပါသည်။ တံတားသည် ယခုမိုးရာသီအချိန်တွင် ဘိုင်းဒါးချောင်း၏ ရေစီးသန်မှုကြောင့် ပြိုကျပျက်စီး၍ ပြန်လည်ပြုပြင်ခဲ့ရသည့် အခြေအနေလည်းရှိခဲ့ပါသည်။ ၄င်းတံတားအား နှင်းဝိရွာမကျေးရွာ၊ နှင်းဝိကျေးရွာ၊ သံတံတားစံပြကျေးရွာ၊ ပန္နတ်ကျေးရွာ၊ ကမာကလစ်စံပြကျေးရွာနှင့် သံယောဇဉ်ကွင်းကျေးရွာများမှ ပြည်သူများသည် ဒိုက်ဦးမြို့သို့ကူးပြီးသွားလာရာ အဓိကအားထားအသုံးပြုနေရသော တံတားလည်းဖြစ်ပါသည်။ ကျေးရွာနေပြည်သူများ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ဤတံတားကောင်းမွန်မှုအပေါ်တွင် အလွန်ပင်တည်မှီနေပါသည်။ အထူးသဖြင့် ကျေးရွာများသည် စိုက်ပျိုးရေးအားကောင်းသော ကျေးရွာများဖြစ်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရန်အလို့ငှာ လက်ရှိသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

အဆိုပါကျေးရွာများသည် ဘိုင်းဒါးချောင်းတစ်လျှောက်တွင် ရွာတည်နေထိုင်ကြသော ကျေးရွာများဖြစ်ပြီး ညောင်လေးပင်မြို့နယ်နှင့် နယ်နိမိတ်ထိစပ်နေသောကျေးရွာများလည်း ဖြစ်ပါသည်။ ထိုကျေးရွာများနေပြည်သူများသည် ၄င်းတို့စိုက်ပျိုးထုတ်လုပ်သော ကုန်စည်များတင်ပို့ရောင်းချရန်အတွက် ထိုတံတားအားအသုံးပြုရန် မတတ်နိုင်ခြင်းကြောင့် ညောင်လေးပင်အပိုင်ဘက် လမ်းများအသုံးပြု၍ ဆန်တွင်းကုန်းမှတစ်ဆင့် ဒိုက်ဦးမြို့သို့ပြန်လာရသဖြင့် ခရီးမိုင်ပိုရှည် ပြီးသယ်ယူစရိတ်စကများပိုမိုကုန်ကျလျက်ရှိပါသည်။ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဒိုက်ဦးဆေးရုံအား နှင်းဝိကျေးရွာမှ သွားရောက်မည်ဆိုပါက (၇)မိုင်ခန့်ကွာဝေးသော်လည်း အဆိုပါသစ်သားတံတားသည် လူနာတင်ယာဉ်များသွားလာရန် မတက်နိုင်သည့်အတွက် ညောင်လေးပင်အပိုင်လမ်းအား အသုံးပြု၍ ညောင်လေးပင်မြို့နယ်အတွင်းရှိ ပွဲ့နံတန်ဆာတိုက်နယ်ဆေးရုံနှင့် ညောင်လေးပင်မြို့နယ်ဆေးရုံတို့အား ကျေးရွာနေပြည်သူများမှ အားထား နေရပါသည်။ နှင်းဝိကျေးရွာမှ ပွဲ့နံတန်ဆာတိုက်နယ်ဆေးရုံသို့ သွားရောက်မည်ဆိုပါက (၁၀) မိုင်ခန့်ရှိပြီး ညောင်လေးပင်မြို့နယ်ဆေးရုံသို့ သွားရောက်မည်ဆိုပါက (၁၄)မိုင်ခန့်ကွာဝေးလျက်ရှိပါသည်။ ထိုကဲ့သို့သော အခက်အခဲများအား ကျေးရွာနေပြည်သူများ ခံစားနေရသည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ထို့ကြောင့် ၄င်းကျေးရွာနေ ပြည်သူများခံစားနေရသော အခက်အခဲများအား ကုစားပေးနိုင်ရန် ဒိုက်ဦး-နှင်းဝိလမ်းပေါ်သို့ ဘိုင်းဒါးချောင်းကူးတံတားအား ကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကျေးရွာနေပြည်သူများခံစားနေရသော လူမှုဒုက္ခအခက်အခဲများအား ဒိုက်ဦး-နှင်းဝိလမ်းပေါ်ရှိ ဘိုင်းဒါးချောင်းကူးတံတားအား တည်ဆောက်ပေးခြင်းဖြင့် ထိုက်သင့်သောအခက်အခဲများပြေလည်မှုရှိနိုင်ပြီး ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်တိုးတက် လာမည်ဖြစ်ပါ၍ ဘိုင်းဒါးချောင်းကူးတံတားအား ကွန်ကရစ်တံတားသစ်အဖြစ် တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပြီး တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ယခု သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုနှင့် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်မေးမြန်းသည့် မေးခွန်း(၁)ခု စုစုပေါင်းမေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သနပ်ပင်မြို့နယ်၊ အရှေ့တံခွန်တိုင်နှင့် ကုလားချောင်းကြီး ကျေးရွာ ARDC ချောင်းတို့ ဆက်သွယ်လျက်ရှိသော ငပုတောချောင်းဝ ပြန်လည် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်းရှိ ငပုတောချောင်းမှာ ရှေ့တံခွန်တိုင်ကျေးရွာ အနီးမှ စတင်စီးဆင်းလာပြီး ကုလားချောင်းကြီးကျေးရွာအနီးတွင် ARDC ချောင်းအတွင်းသို့ စီးဝင်သော ရိုးချောင်းတစ်ခုဖြစ်ပါသည်။ ငပုတောချောင်းဝသည် ယခုအခါ တိမ်ကောလျက်ရှိနေပြီး ရေစီးရေလာ ကောင်းမွန်မှုမရှိခြင်းကြောင့် ကျေးရွာအတွင်းရှိ လယ်မြေဧက (၁၅၀၀)ကျော်မှာ ရေကြီးနစ်မြုပ်မှုနှင့်ကြုံတွေ့ နေရသည်ဆိုသည်ကိုလည်း လေ့လာသိရှိရပြီး ဖြစ်ပါသည်။

ငပုတောချောင်းဝပြန်လည်တူးဖော်ပေးခြင်းအားဖြင့် ရေထုတ်နုတ်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ကျေးရွာအတွင်းရှိ လယ်မြေဧက(၁၅၀၀)ကျော်အား ရာသီချိန်အမီ စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်းကိုလည်း စစ်ဆေးပြီး တင်ပြအပ်ပါသည်။ ငပုတော ချောင်းဝတိမ်ကောနေခြင်းအား ပြန်လည်တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၅)မိုင်၊ မြေကြီး(၂၈၅၀၀)ကျင်း နှင့်ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၆၂. ၇၀၀)သန်း ကုန်ကျမည်ဖြစ်ကြောင်းကိုလည်း တွက်ချက်ထားရှိပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (RE)တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သနပ်ပင်မြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ် ကာကွယ်ရန်အတွက် ကိုယ့်အားကိုယ်ကိုး ရေငန်တားတမံများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ခဲ့မှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ကူညီထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိနှင့် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြည်သူများ၏ လယ်ယာမြေများ၊ ရွာလမ်းများ ရေငန်ဝင်ရောက် မှုကြောင့် မပျက်စီးစေရေးအတွက် မည်သို့စီမံဆောင်ရွက်ထားကြောင်း ပြည်သူများသိရှိနိုင်ပါရန်"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ် ကာကွယ်ရန်အတွက် (၂၀၁၆-၂၀၁၇) ခု၊ ဘဏ္ဍာနှစ်တွင် တည်ဆောက်ခဲ့သော ကိုယ့်အား ကိုယ်ကိုး ရေငန်တားတမံများအတွက် (၂၀၁၇-၂၀၁၈) ခုနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ရန်ပုံငွေ တင်ပြတောင်းခံထားခြင်းမရှိသည့်အတွက် လတ်တလောအနေဖြင့် ကူညီထောက်ပံ့ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

(၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်အတွက် လယ်ယာမြေများရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် သနပ်ပင် မြို့နယ်အနေဖြင့် ကျူးချောင်းရေငန်တားတမံပြုပြင်ခြင်းလုပ်ငန်း၊ ကုလားချောင်းကြီး-ခလပ်စုချောင်း ပိတ်တမံ (RD-22000 နှင့် D-42000) လုပ်ငန်း၊ မင်းရွာ-ဝင်းကဒတ်ချောင်း ကျုံပါချောင်းပိတ်တမံလုပ်ငန်း၊ မင်းရွာ-ကုက္ကိုချောင်းပိတ်တမံလုပ်ငန်း (ရွှေအိုးကျေးရွာအနီး)နှင့် မင်းရွာ-ကုက္ကိုချောင်းပိတ်တမံလုပ်ငန်း (ကွင်းလျားရှည် ကျေးရွာအနီး)၊ စုစုပေါင်းချောင်းပိတ်တမံ(၆)ခု ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၉)အုပ်စုအတွက် ကျေးရွာများကို ကာကွယ်ထားသည့် ကိုယ်ထူကိုယ်ထရေငန်တားတမံပေါင်း(၆၄)ခုခန့်မှာ နှစ်စဉ်နှစ်တိုင်း ကျေးရွာများမှအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်ကြသည့် လုပ်ငန်းများဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအား နှစ်စဉ်နွေရာသီတွင် တမံပိတ်ပြုလုပ်ပြီး မိုးရာသီတွင် ပြန်လည် ဖယ်ရှားရသည့်လုပ်ငန်းများဖြစ်ခြင်းတို့ကြောင့် အဆိုပါလုပ်ငန်းများအတွက် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များမှ မြို့နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွဲဝေချထားပေးသင့်ကြောင်းကိုလည်း တင်ပြလိုပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ချောင်းပိတ်တမံများ ပြုလုပ်ခြင်းလုပ်ငန်း (၆)ခုတို့ကို (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ (RE)တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ရှမ်းကိုင်း-ကုက္ကို-ကင်မွန်းခြံ ရေငန်တား တမံအား (၂၀၁၈-၂၀၁၉)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (BE) တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦး-နှင်းဝိလမ်းပေါ်ရှိ ဘိုင်းဒါးချောင်းကူးသစ်သားတံတားအား ကွန်ကရစ် တံတားသစ်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်၊ ဒိုက်ဦး-နှင်းဝိလမ်းပေါ်ရှိ ဘိုင်းဒါးချောင်းကူးတံတား (၁၅၀ပေ×၄ပေ×၁၂ပေ) သည် ၂၀၁၀ခုနှစ်တွင် ကျေးရွာမှကိုယ်ထူကိုယ်ထတည်ဆောက်ထားသော လူကူးသစ်သားတံတားဖြစ်ပြီး ယခုအခါ ဒေသထွက်ကုန်များ သယ်ယူနိုင်မှုမရှိဘဲ ကျေးရွာသူ/သားများ ဖြတ်သန်းသွားလာနိုင်ရုံမျှသာ ရှိပါသည်။ ဒိုက်ဦး-နှင်းဝိလမ်းပေါ်ရှိ ဘိုင်းဒါးချောင်းကူးတံတားအား (၁၅၀ပေ×၁၄ပေ×၁၅ပေ)ရှိ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေသန်း (၄၅၀)ကုန်ကျမည်ဖြစ်ကြောင်းကိုလည်း တွက်ချက်တင်ပြလိုပါသည်။ အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု(၂)အုပ်စုရှိ ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၁၅၉၀)အိမ်၊ လူဦးရေ (၇၄၇၇)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ကြောင်းကိုလည်း မှတ်တမ်းစာရင်း ပြုစုထားရှိပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောတံတားမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် လျာထားလုပ်ငန်းစာရင်းတွင် ပါဝင်ခြင်းမရှိပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မေးခွန်း(၂)ခုအတွက် ဆက်စပ်မေးခွန်းများ မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။မေးခွန်း(၂)ခုစလုံး ဆက်စပ်မေးခွန်း မေးမြန်းရန် ခွင့်ပြုပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။နံပါတ်(၁)မေးခွန်းအတွက် ဖြေကြားသည့်အဖြေထဲမှာ ခန့်မှန်းကုန်ကျငွေ ကျပ်(၆၂. ၇၀၀) ကုန်ကျမည်ဟုပါ၍ ကျပ်ဤမျှဆိုလျှင် မိမိအလွန်စိုးရိမ်မိပါကြောင်း၊ ဝန်ကြီးက ကျပ်(၆၂. ၇၀၀)သန်းဟု ဖြည့်စွက်ပြီး ဖြေကြားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

ရေငန်တားတမံသည် ၂၀၁၆-၂၀၁၇ မှာ ကိုယ့်အားကိုယ်ကိုး ရေငန်တားတမံအတွက် တင်ပြတောင်းခံထားခြင်း မရှိသည့်အတွက်ကြောင့် ကူညီထောက်ပံ့ပေးနိုင်ခြင်း မရှိပါကြောင်း ဆိုသည့်အချက်နှင့် ကိုယ်စားလှယ်များ၏ မြို့နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွဲဝေချထားပေးသင့်ပါသည်ဆိုသည့် အချက်(၂)ချက်ကို မိမိတင်ပြပါမည်။

မိမိတို့၏ ရေငန်တားတမံများအတွက် သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၉-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၅/၁-၁၀/ဦး၆ ဖြင့် သနပ်ပင်မြို့နယ် ဦးစီးအရာရှိ မြို့ပြဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနကို ပြန်လည်ထောက်ပံ့ပေးရန် ရန်ပုံငွေများတောင်းခံနိုင်ရေး စိစစ်တွက်ချက်မှုများအား အထက်ဌာနအဆင့်ဆင့်သို့ အချိန်မီရောက်ရှိတင်ပြနိုင်ရေး အလေးထားဆောင်ရွက်ပါရန် အကြောင်းကြားအပ်ပါသည်ဟု အကြောင်းကြားထားပြီးသားဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း မိတ္တူပေးခဲ့ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အထက်အဆင့်ဆင့်သို့တင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြထားပြီးသားဖြစ်သကဲ့သို့ သက်ဆိုင်ရာမြို့နယ်ဆည်မြောင်းဦးစီးဌာနအနေဖြင့် မိမိ၏ ဆည်မြောင်းဝန်ကြီးကို အဆင့်ဆင့်တင်ပြထားပြီးသား ဖြစ်ရပါမည်။ သို့အတွက်ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြထားခြင်းမရှိသည့်အတွက် မပေးနိုင်ပါဟုဆို၍ အနည်းငယ်ကွဲလွဲနေသလို ဖြစ်နေပါသည်။ မိမိတို့ကိုယ်စားလှယ်များအနေနှင့်လည်း ၎င်းကိစ္စကို မိတ္တူရခဲ့ပါသည်။ သို့ပါ၍ ဌာနများမှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို (၃)လကျော် စောင့်ဆိုင်းခဲ့ပါသည်။ စောင့်ဆိုင်းခဲ့သည့် (၃)လကျော်သည့်အချိန်မှာ မည်သို့မျှ ဆောင်ရွက်ပေးခြင်းမရှိသည့်အတွက်ကြောင့် လွှတ်တော်တွင် မေးခွန်းတင်မေးမြန်းရခြင်းဖြစ်ပါသည်။ ဝန်ကြီးချုပ်မိန့်ခွန်းမှာ ပြောခဲ့သလို မိမိတို့မြို့နယ်များတွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် ကိုယ့်မြို့နယ်နှင့် သက်ဆိုင်သည့် ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ အထက်အဆင့်ဆင့်သို့ တင်ပြသော်လည်း မည်သို့မျှ လုပ်ကိုင်အကောင်အထည်ဖော်ခွင့် မရှိသည့်အတွက် လွှတ်တော်တွင် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။ သို့အတွက်ကြောင့် ၎င်းကိစ္စနှင့်ပတ်သက်၍ အလေးထားပြီး ပြန်လည်ဆောင်ရွက်ပေးရန် မိမိအနေဖြင့် လွှတ်တော်တွင် ထပ်ဆင့်မေးခွန်းအနေဖြင့် တင်ပြတောင်းခံအပ်ပါသည်။

သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ မြို့နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွဲဝေချထားပေးသင့်ပါကြောင်း ဖြေကြားချက်နှင့်ပတ်သက်၍ မိမိမေးသည့်မေးခွန်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မိမိတို့ဝန်ကြီးဌာနက လုပ်ပေးနိုင်လျှင် လုပ်ပေးနိုင်သည့်အကြောင်း၊ မလုပ်ပေးနိုင်လျှင် မလုပ်ပေးနိုင်သည့်အကြောင်း ရှင်းရှင်းလင်းလင်းမေးမြန်းထားခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အကြံဉာဏ်တောင်းခံထားခြင်း မဟုတ်ပါကြောင်း၊ တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်ယှဉ်၍ မရပါကြောင်း၊

မိမိတို့မြို့နယ်မှာ ရွာပေါင်း(၉၉)ရွာရှိ၍ ရရှိသည့်ငွေမှာ သိန်း(၁၀၀၀)ဖြစ်သည့်အတွက်ကြောင့် (၁)ရွာလျှင် (၁၀)သိန်းအထက် ငွေကြေးသာရရှိပါသည်။ လုပ်ငန်းအားလုံးတင်ပြထားသည်မှာ (၃၆၃)ခုရှိ၍ ၎င်းထဲမှ လုပ်ငန်း(၃၄)ခုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လုပ်ပေးနိုင်ခဲ့ပါသည်။ မိမိတို့မှာ ရှားရှားပါးပါးရသည့်ငွေကို ပြည်သူနှင့် ပေါင်းစပ်ပြီး အကျိုးရှိအောင် ဆောင်ရွက်နေရသည့်အထဲမှ ၎င်းရေငန်တားတမံလုပ်ငန်းမျိုးကို ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ခွဲဝေချထားပေးသင့်ပါသည်ဆိုသည့် အကြံဉာဏ်မျိုးပေးတာကို မိမိအလွန် စိတ်မကောင်းကြောင်း၊ လက်ရှိမြို့နယ်များတွင် ဖြစ်နေသည့် ကိုယ်စားလှယ်များ၏ အခက်အခဲများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စာနာပေး၍ များစွာအလေးထားတောင်းဆိုအပ်ပါသည်။ ယင်း အတွက်ကြောင့် မိမိအနေဖြင့် လွှတ်တော်တွင် မေးခွန်းများဖြေသည့်အခါ တိတိကျကျလုပ်ပေးနိုင်လျှင် လုပ်ပေးနိုင်သည့်အကြောင်း၊ မလုပ်ပေးနိုင်လျှင် မလုပ်ပေးနိုင်သည့်အကြောင်း မေးမြန်းခြင်းဖြစ်ပါသည်။ မိမိတို့မှ အကြံဉာဏ်တောင်းသည့် မေးခွန်းမဟုတ်ပါကြောင်း၊ သို့ပါ၍ အကြံဉာဏ်ပေးသည့် မြို့နယ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွဲဝေချထားပေး သင့်သည်ဆိုသည့်အချက်ကို မိမိအနေဖြင့် ကန့်ကွက်ပါသည်။

**ဥက္ကဋ္ဌ**။ ။သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)တို့နှင့်ပတ်သက်သည့် မေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ပထမဦးစွာ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း မေးမြန်းထားသည့် မေးခွန်းအမှတ်စဉ်(၁) ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆည်မြောင်းကို ထောက်ပံ့ပေးရန် အထက်အဆင့်ဆင့်သို့တင်ပြရန် ညွှန်ကြားထားပြီးဖြစ်သော်လည်း ဆောင်ရွက်ခြင်းမရှိသည့်အပေါ် သဘောထားကွဲလွဲနေမှုအား အလေးထားဆောင်ရွက်ပေးရန် ဆက်လက် မေးမြန်းထားတာရှိပါသည်။

မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ကြသည့်နေရာမှာ တင်ပြသည့်အဖွဲ့များအနေဖြင့် နံပါတ်(၁)ဒေသခံများအနေဖြင့် တိုက်ရိုက်စာပို့ပြီး တင်ပြတာမျိုးရှိပါသည်။ နံပါတ်(၂) သက်ဆိုင်ရာဌာနဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်ဆင့်ကို တင်ပြရသည့် Institution များ၊ ဌာနဆိုင်ရာအဖွဲ့များ သီးသန့်ရှိပါသည်။ နောက်တစ်ချက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေများမှ ကွင်းဆင်းသည့်အခါ သက်ဆိုင်ရာဌာနအလိုက် ဝန်ကြီးချုပ်ကဖြစ်စေ၊ အစိုးရအဖွဲ့ဝန်ကြီးများကဖြစ်စေ စီမံကိန်းထဲထည့်ပြီး ဆောင်ရွက်ရန်လိုသည့်လုပ်ငန်းများ ရှိမည်ဆိုလျှင် ထည့်ပြီးဆောင်ရွက်ရန် ညွှန်ကြား လမ်းညွှန်တာမျိုးရှိပါသည်။ ထို့အပြင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး လွှတ်တော်တွင် မေးခွန်းများမေးမြန်းပြီး တောင်းခံသည့်လုပ်ငန်းမျိုးများရှိပါသည်။ တင်ပြတောင်းခံသည့် မည်သည့်လုပ်ငန်းမျိုးကိုမဆို မိမိတို့ဝန်ကြီးဌာနအနေဖြင့် စာရင်းပြုစုထားပါသည်။ မည်သူကတောင်းသည်။ မည်သည့်လုပ်ငန်းဆောင်ရွက်ရန်ဖြစ်သည်ကို တစ်ခါတည်းတွက်ချက်ပြီး Document မှတ်တမ်းတစ်ခု

အနေနှင့် မိမိတို့ Record လုပ်ထားပြီး သက်ဆိုင်ရာ ဘတ်ဂျက်ဆွဲမည်ဆိုလျှင် ဘတ်ဂျက်ထဲမှ မည်သည့် လုပ်ငန်းများကို ဦးစားပေးပြီး ဆောင်ရွက်မည်ဆိုသည့် နံပါတ်(၁)အချက်မှာ ယနေ့လက်ရှိ ဆောင်ရွက်နေသည့် ပုံစံမှာ လွှတ်တော်မှ တောင်းဆိုသည်ကို အလျှင်ဦးစားပေးထည့်ပါသည်။ ယနေ့မိမိတို့ရေးဆွဲသည့် ဘတ်ဂျက်များထဲမှာ မိမိတို့ တိုင်းဒေသကြီးဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြုလုပ်ပေးရန် ပြောကြားသည်မှာ ရာခိုင်နှုန်းအလွန်အင်မတန်ရှားရှားပါးပါး တွေ့ရပါသည်။ သက်ဆိုင်ရာ ကိုယ်စားလှယ်များ တောင်းဆိုသည်ကို ဦးစားပေးပြီး ဆောင်ရွက်ထားပါသည်။ မိမိတို့ ယခုတင်ပြသည့်အုပ်စုအမျိုးအစားသည် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်ဆင့်တို့မှ တင်ပြလာသည့်ကိစ္စဖြစ်၍ ဝန်ကြီးဆီတိုက်ရိုက်တက်လာရန် အလွန်အင်မတန် အားနည်းပါသည်။ ဌာနဆိုင်ရာများကတင်ပြလျှင် ကျော်ပြီးတင်ပြ၍ မရပါကြောင်း၊ ခရိုင်အဆင့်၊ တိုင်းအဆင့်ကမသိဘဲ ဝန်ကြီးဆီကို မြို့နယ်ဦးစီးမှူးက တင်ပြ၍မရပါကြောင်း၊ ၎င်းသည် ဌာနဆိုင်ရာအဆင့်ဆင့်၏ လုပ်ပိုင်ခွင့်အရ ခရိုင်၊ တိုင်းအဆင့်ဆင့်သို့ တင်ပြရပါသည်။ တိုင်းအဆင့်သို့ ရောက်သွားလျှင်လည်း မြို့နယ်မှတင်ပြလာသည့် လုပ်ငန်းများကို တိုင်းဦးစီးမှူးက စာရင်းပြုစုထားပါသည်။ ယင်းသို့ စာရင်းပြုစုထားပြီး ဘတ်ဂျက်ဆွဲမည်ဟု ရည်ရွယ်သည့်အချိန်မှာ ယခုဆိုလျှင် စက်တင်ဘာလမတိုင်မီ မိမိဝန်ကြီးဌာနဆိုလျှင် တိုင်းဦးစီးမှူးတစ်ယောက်ချင်းကို မိမိခေါ်ထားပြီး မှတ်တမ်းပြုစုထားသည့်စာရင်းများကိုပေး၍ မည်သည့် အရာများလုပ်ပေးမည်ဆိုသည်ကို အကြမ်းဖျင်းရွေးချယ်လျာထားမှာ ဖြစ်ပါသည်။ ၎င်းတို့မှာ ဦးစားပေး အတိုင်း ဆောင်ရွက်ရန် တင်ပြထားသည့်အတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးမည့်လုပ်ငန်းများ အားနှင့်ဝန် မမျှသည့်အခါ တောင်းသမျှအားလုံးကို ဆောင်ရွက်မပေးနိုင်ပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်မှ မဟုတ်ဘဲ ပြည်သူလူထု တိုက်ရိုက်အစုအဖွဲ့အရသော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအရ တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ လှမ်းတင်ပါက ၎င်းစာများကို မိမိတို့က အရေးယူပြီး ဆည်မြောင်းကိစ္စတင်လျှင် ဆည်မြောင်းဦးစီးဌာနကို ကွင်းဆင်းစိစစ်ပါဟု စိစစ်ခိုင်းလိုက်ပါသည်။ ဆည်မြောင်းဦးစီးဌာနက လုပ်ရန်လို/မလိုကို လိုသည်ဆိုလျှင် မည်သည့်အတွက်ကြောင့်၊ မလိုဘူးဆိုလျှင် မည်သည့်အတွက်ကြောင့် စသည့်အပေါ်မှာ ကုန်ကျစရိတ်မည်မျှရှိမည်၊ ဒေသအတွက် အကျိုးမည်မျှဖြစ်မည်ဆိုသည်ကို မိမိတို့ဆီပြန်ပြီး အစီရင်ခံတင်ပြပါသည်။ အစီရင်ခံတင်ပြသည့်အခါမှာ မိမိအနေဖြင့် ထည့်လိုက်ပါဟုတန်းပြော၍ မရပါကြောင်း၊ ၎င်းရှေ့မှာ ဦးစားပေး တင်ပြထားသည်များ မည်မျှရှိသည်ကို မိမိလည်းမသိပါကြောင်း၊ ဌာနကိုသာ မှတ်ခိုင်းထားပြီး ဘတ်ဂျက်ဆွဲခါနီးမှ လှမ်းခေါ်ပြီး သက်ဆိုင်ရာဌာနတစ်ခုချင်းကို စိစစ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တင်ပြသမျှအားလုံးကို အရေးတယူ လေးလေးစားစားနှင့် ဆောင်ရွက်လျက်ရှိသည်ဆိုသည့် အကြောင်းလေးစားစွာ ပြန်လည်ဖြေကြားလိုပါသည်။

ဒုတိယတစ်ချက်အနေဖြင့် တင်ပြထားသည့် ရန်ပုံငွေကို သုံးစွဲသည့်အခါ ဒေသန္တရအသေးအမွှားဆိုလိုသည်က ဌာနဆိုင်ရာများ၏ မူဝါဒနှင့်စီမံကိန်းများထဲတွင် မပါသည့် သေးသေးမွှားမွှားလုပ်ငန်းမျိုးကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်မှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ချပေးထားပါသည်။ နမူနာအနေဖြင့် ပြောရမည်ဆိုလျှင် ကျေးလက်မြေသားလမ်း လုပ်ငန်း(၁)ခုသည် အကျယ်(၁၂)ပေရှိရမည်။ ၎င်း Speck များကို သတ်မှတ်ထားသည်ဖြစ်သည့်အတွက် ၎င်း Speck နှင့် မကိုက်ညီလျှင် လုပ်ပေးရန် အခက်အခဲ

ဖြစ်ပါသည်။ ရွာထဲရှိ လမ်းကလေးကို မြေနီလမ်းခင်းပေးချင်လျှင် ကျေးလက်အနေနှင့် ဆောင်ရွက်၍ မရသဖြင့် ကျေးလက်ထက် နောက်ထပ်ဆောင်ရွက်ပေးနိုင်သည့် ဘတ်ဂျက် ရှိ/မရှိ မေးမြန်းလျှင် မရှိပါကြောင်း၊ ပြည်ထောင်စုလမ်းမကြီးဆိုလျှင် ဆောက်လုပ်ရေးက ဆောင်ရွက်သည်။ မြို့ပေါ်လမ်းလေးများဆိုလျှင် စည်ပင်သာယာမှ ဆောင်ရွက်သည်။ ကျေးလက်ဒေသသတ်မှတ်ထားသည့်မူနှင့် ကိုက်သည့် လမ်းလေးတွေ ဆိုလျှင် ကျေးလက်ဒေသဦးစီးဌာနက ဆောင်ရွက်ပါသည်။ လူသွားလမ်းလေးဆောင်ရွက်မည်ဆိုလျှင် တိုင်းဒေသကြီးရန်ပုံငွေ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေနှင့် ဆောင်ရွက်နိုင်ရန် ချပေးထားသည့် ရန်ပုံငွေများ ရှိပါသည်။ ယခုတင်ပြသည့် ကိစ္စသည် မိမိတို့အနေနှင့် အကြံပြုတာမဟုတ်ပါကြောင်း၊ ဘတ်ဂျက် ခွဲဝေသုံးစွဲသည့်နေရာတွင် တိုင်းဒေသကြီး၏အဓိကရည်ရွယ်ချက်မှာ နွေရာသီမှာ တမံပိတ်ပြီး၊ မိုးရာသီမှာ ပြန်ပြီး ဖယ်ရှားသည်ဆိုသည်မှာ ရေအတက်အကျရှိနေသည် ဖြစ်သည့်အတွက် ၎င်းကို ပြန်ဖယ်ရသည် ဖြစ်သည့်အတွက် ဌာနအနေနှင့်လုပ်ရန် အခက်အခဲရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဦးစီးဌာနတစ်ခုက ဆောင်ရွက်ပြီဆိုလျှင် ၎င်းလုပ်ငန်းကို မှတ်တမ်းပြုပြီး စာရင်းစစ်ခံရပါသည်။ Documentation ထည့်ထား ရပါသည်။ မထည့်၍ ပျောက်သွားသည်ဆိုလျှင် ပြဿနာရှိသည်ဟု အကြမ်းဖျင်းသုံးသပ်ပါသည်။ အရှင်လုပ်၍ ဖျက်သည်ဆိုသည်မှာ တစ်ချို့နေရာများမှာ ရှိပါသည်။ ကိုယ်ထူကိုယ်ထ ချောင်းပိတ်၊ မြောင်းပိတ်လေးများ လုပ်သည့်ကိစ္စမျိုးလေးများ၊ Community Indication လူထုကနေ ဦးဆောင်ပြီး ဆောင်ရွက်သည့် လုပ်ငန်းမျိုး လေးများ ရှိပါသည်။ တကယ့်ပရောဂျက်ကြီးများ၊ စီမံကိန်းကြီးများအနေဖြင့် အမြဲတမ်းထိန်းသိမ်းရမည့် လုပ်ငန်းမျိုးဆိုလျှင် ဆည်မြောင်းဦးစီးဌာနက လုပ်ပေးရန် အဆင်သင့်ရှိပါသည်။ ဦးစားပေးအတိုင်း ဆောင်ရွက်မှာ ဖြစ်ပါသည်။ ဖျက်လိုက်၊ ပြင်လိုက်လုပ်ရသည့် ကိစ္စမျိုးဆိုလျှင် ဌာနအနေနှင့် အခက်အခဲရှိမည်ဟု မိမိအနေဖြင့် အကြမ်းဖျင်းသုံးသပ်မိပါသည်။သို့အတွက်ကြောင့် ဒီလိုလေးလုပ်လိုက်လျှင် အဆင်ပြေမည်ဟု ဘတ်ဂျက်ခွဲဝေမှု ရန်ပုံငွေလျာထားမှုအရ တင်ပြခြင်းဖြစ်ပါသည်။ မိမိတို့အနေဖြင့် လွှဲချသည်မဟုတ်ပါကြောင်း၊ အကယ်၍ လွှတ်တော်မှ ၎င်းကိစ္စမျိုးကို လုပ်ပေးရန် ဆည်မြောင်းဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်မည့် စီမံကိန်းများ၊ မူဝါဒများတွင် ၎င်းကိစ္စများကို ထည့်သွင်းရေးဆွဲမည်ဆိုလျှင် ဆည်မြောင်း ဦးစီးဌာနအနေနှင့် ဆောင်ရွက်ပေးရန် အခက်အခဲမရှိဟု သုံးသပ်ပြောကြားလိုပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းနှင့် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့နံနက်ပိုင်းကို (၁၁း၄၅)နာရီတွင် ခေတ္တရပ်နား ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်းကြေညာ ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၄)ဦးကမေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက

သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ သူရဲသမိန်စံပြကျေးရွာ ကမ်းထိန်းနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဝေါမြို့နယ်၊ သူရဲသမိန်စံပြကျေးရွာသည် စစ်တောင်းမြစ်ကမ်းနံဖူးတွင် တည်ရှိသောကျေးရွာကြီးတစ်ရွာ ဖြစ်ပါသည်။ အိမ်ခြေပေါင်း (၁၆၅၀)၊ အိမ်ထောင်စုပေါင်း (၁၈၀၀)၊ လူဦးရေ (၉၇၀၀)ကျော်ရှိပြီး (အ. ထ. က)ကျောင်း(၂) ကျောင်း၊ (အ. လ. က)ခွဲ စာသင်ကျောင်း(၁)ကျောင်း၊ တိုက်နယ်ဆေးရုံ တိုက်နယ်ရဲစခန်းနှင့် စာစစ်ဌာနရှိသော မြို့အဆင့်ကျေးရွာကြီးလည်း ဖြစ်ပါသည်။ စစ်တောင်းမြစ်သည် ဒီရေအတက်အကျ ရှိသောကြောင့် ကမ်းပါးပြိုအန္တရာယ်နှင့် ကြုံတွေ့နေရသော ကျေးရွာများတွင် သူရဲသမိန်စံပြကျေးရွာလည်း ပါဝင်သော ရွာတစ်ရွာဖြစ်ပါသည်။ ၄င်းရွာကြီးသည် ရေကြောင်းခရီးကိုအားထားသွားလာရသော ရွာတစ်ရွာ လည်းဖြစ်သည်။ ဒေသခံပြည်သူများသည် ကမ်းပါးပြိုအန္တရာယ် ကာကွယ်နိုင်ရန်အတွက် ကမ်းထိန်း နံရံတည်ဆောက်ပေးပါရန် တင်ပြလာပါသည်။ထို့ကြောင် ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာ ဒေသခံပြည်သူများမှ စစ်တောင်းမြစ်ကမ်းပါးပြိုအန္တရာယ်မှ ကင်းဝေးစေရန် တောင်းဆိုတင်ပြလာ သော ကမ်းထိန်းနံရံတည်ဆောက်ရန် အစီအစဉ်ရှိ /မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါး မြို့နယ်၊ ဖဒိုမြို့ လျှပ်စစ်ရုံးနှင့် ဝန်ထမ်းအိမ်ရာကို မြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့လျှပ်စစ်ရုံးသည် ၁၉၅၈ခုနှစ်တွင် ဓာတ်တိုင်များတည်ဆောက်ကာ မီးစက်ကြီးဖြင့် လျှပ်စစ်ပေးဝေဖြန့်ဖြူးခဲ့ပါသည်။ ထိုအချိန်မှစတင်၍ ဆောက်လုပ်ခဲ့သောအဆောက်အဦများမှာ ယိုယွင်းပျက်စီးနေပြီး လက်ရှိဝန်ထမ်းများ နေထိုင်လျက်ရှိပါသည်။ပျဉ်ခင်း၊ သွပ်ကာဖြစ်ပြီး အောက်ခြေအခင်းသည် မြေကြီးနှင့်ထိစပ်လျက် မိုးရာသီအချိန်တွင် ရေများဝင်ရောက်ပြီး ပိုးမွှားအန္တရာယ် စိုးရိမ်နေရပါသည်။

မိုးရွာချိန်၌ ရေများဖုံးလွှမ်းလျက် နေထိုင်စားသောက်ရာ၌ များစွာအခက်အခဲရှိနေပြီး တစ်ချို့သော ဝန်ထမ်းများသည် ဝန်ထမ်းအိမ်ရာမရှိသည့်အတွက် ငှားရမ်းနေထိုင်ရပြီး တစ်ချို့သောဝန်ထမ်းများမှာ မိမိနေအိမ်များသို့ ပြန်နေထိုင်ရပါသည်။

ထိုအကျိုးဆက်ကြောင့် ဖဒိုမြို့တွင်းအရေးပေါ်လျှပ်စစ်မီးပြတ်တောက်ခြင်း၊ လိုင်းလျှော့ဖြစ်ခြင်း၊ လိုင်းဖော့ဖြစ်ခြင်းတို့တွင် ဝန်ထမ်းအိမ်ရာမရှိ၍ မနေထိုင်ကြသည့်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အားနည်းလျက်ရှိရာ ဖဒိုမြို့ လျှပ်စစ်ရုံးနှင့် ဝန်ထမ်းအိမ်ရာကို မြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ယခုကိုယ်စားလှယ်(၂)ဦးဖြစ်သည့် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရီရီထိုက် မေးမြန်းသည့် မေးခွန်းနှင့် ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်း(၂)ခုတို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ သူရဲသမိန် စံပြကျေးရွာ ကမ်းထိန်းနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ဝေါမြို့နယ်၊ သူရဲသမိန်စံပြကျေးရွာသည် စစ်တောင်းမြစ်ကမ်းနဖူးတွင် တည်ရှိသော ကျေးရွာကြီးတစ်ရွာ ဖြစ်ပါသည်။ အိမ်ခြေပေါင်း (၁၆၅၀)အိမ်၊ အိမ်ထောင်စုပေါင်း(၁၈၀၀)၊ လူဦးရေ(၉၇၀၀)ကျော်ရှိပြီး (အ-ထ-က)ကျောင်း(၂)ကျောင်း၊ (အ-လ-က)ခွဲ စာသင်ကျောင်း(၁)ကျောင်း၊ တိုက်နယ်ဆေးရုံ၊ တိုက်နယ်ရဲစခန်းနှင့် စာစစ်ဌာနရှိသော မြို့အဆင့်ရှိကျေးရွာကြီးတစ်ရွာ ဖြစ်သည်လည်း သိရှိပါသည်။ သို့ရာတွင် ယခုလွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားသည့် ကွင်းဆိပ်ကျေးရွာနှင့် မျက်နှာချင်းဆိုင်ဘက်တွင်ရှိသည့် ဝေါမြို့နယ် သူရဲသမိန်ကျေးရွာမှာ စစ်တောင်းမြစ်၏ သဘောသဘာဝအရ ဒီရေအတက်အကျရှိသော်လည်း မြစ်ကွေး၏အပြင်ဘက်တွင် တည်ရှိခြင်းဖြစ်သည့်အတွက် ကမ်းပြိုမှု အန္တရာယ် ဖြစ်နိုင်ခြေအင်မတန် နည်းပါးပါသည်။ ထို့အတွက် ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ စစ်တောင်းမြစ်ကမ်းပါးပြိုမှု ကာကွယ်ရေးကမ်းထိန်းနံရံ တည်ဆောက်ရန် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးရန် အခြေအနေမရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။ သို့ပါသော်လည်း တကယ်တမ်းအရေးပေါ်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေမျိုး ရှိလာခဲ့သည့်အချိန်အခါမျိုးတွင် ဘတ်ဂျက်ကို ၂၀၁၇-၂၀၁၈ မဟုတ်ဘဲ ၂၀၁၈-၂၀၁၉တွင်ဖြစ်စေ၊ ၂၀၁၉-၂၀၂၀တွင်ဖြစ်စေ ဘတ်ဂျက်လျာထားပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ လျှပ်စစ်ရုံးနှင့် ဝန်ထမ်းအိမ်ရာကို မြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့တွင် လက်ရှိအနေဖြင့် လျှပ်စစ်ရုံးနှင့် ဝန်ထမ်းအိမ်ရာမရှိသေးပါ။ ပဲခူးတိုင်းဒေသကြီး(အရှေ့)အတွင်း ၂၀၁၇-၂၀၁၈ ခု ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ပြုရန် တင်ပြခဲ့သော ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း လုပ်ငန်းများ အားလုံး ဆောင်ရွက်ခွင့်ပြုခြင်းမရှိခဲ့ပါ။ သို့ပါ၍ ဖဒိုမြို့၊ လျှပ်စစ်ရုံးနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း

လုပ်ငန်းများအား ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး အတည်ပြုချက်ရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့၊ တောင်ငူ-ကျောက်ကြီး မုပ္ပလင်လမ်းပေါ်ရှိ ခြေတော်ရာနှင့် အင်္ဂနီကြား အခြေခံလွှာ ထပ်ပိုးလွှာတင်ခြင်း၊ ရေပိတ်လွှာ လောင်းခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်ပါအကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရွှေကျင်မြို့၊တောင်ငူ-ကျောက်ကြီး မုပ္ပလင်လမ်းပေါ်ရှိ ခြေတော်ရာကျေးရွာမှစတင်၍ အင်္ဂနီကြားလမ်းဦးစီးဌာနမှ ပြုလုပ်ရန် အတွက် ကျန်ရှိနေသောလမ်းအား အခြေခံလွှာ၊ ထပ်ပိုးလွှာတင်ခြင်း၊ ရေပိတ်လွှာလောင်းခြင်း များပြုလုပ်ပေးရန် ပြည်သူမှတောင်းဆိုလျှက်ရှိပါသည်။ ကျိုက်ထိုမြို့မှ ရွှေကျင်သို့ သွားရာတွင် ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာမှ ရွှေကျင်မြို့ပေါ်သို့ ၂၀၁၇-၂၀၁၈တွင် တံတားကြီးတစ်စင်းဆောက်လုပ်မည်ဖြစ်ပါသည်။ ထိုကြောင့် ရွှေကျင်မှ တောင်ငူသို့ မြို့ချင်းဆက်သွားနိုင်မည်ဖြစ်ပါသည်။ထို့ကြောင့် ရွှေကျင်မှ တောင်ငူသို့သွားရာလမ်းကြောင်းတွင်ရှိသော ခြေတော်ရာကျေးရွာမှ အင်္ဂနီကျေးရွာထိ လမ်းဦးစီးမှ ကတ္တရာလမ်းပြုလုပ်ပေးလိုက်ပါက ပြည်သူလူထုအနေဖြင့် သွားလာရေးအဆင်ပြေချောမွေ့ပြီး ကျိုက်ထို၊ ရွှေကျင်၊ ကျောက်ကြီး၊ တောင်ငူထိ ချောမွေ့စွာသွားလာနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ ခြေတော်ရာကျေးရွာနှင့် အင်္ဂနီကျေးရွာကြားရှိ လမ်းကလေးအား အခြေခံလွှာခံခြင်း၊ ထပ်ပိုးလွှာတင်ခြင်း၊ရေပိတ်လွှာလောင်းခြင်းများ ပြုလုပ်ပေးနိုင်ခြင်း၊ အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးငွေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျွဲပွဲမြို့၊ (၁၆)ကုတင်ဆံ့ ဆေးရုံအတွက် အမှန်တကယ် လိုအပ်သော ထရန်စဖော်မာ (100KVA)အား အမြန်ဆုံးချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးငွေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်တွင်းမြို့ပေါ်တွင် အမှန်တကယ် လိုအပ်သည့် ဓာတ်အားဖြန့်ဖြူးမှုစနစ်တိုးတက် ကောင်းမွန်စေရေးအတွက် လျှပ်စစ်ဆိုင်ရာ ပြုပြင်ဆောင်ရွက်ခြင်းကိစ္စများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ထို့အတူ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ ညောင်ခြေထောက်မြို့နှင့် ကျောင်းရှစ်ဆယ် ကျေးရွာစသည့် ဒေသများတွင်လည်း လျှပ်စစ်ဝန်ကြီးဌာနမှ ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက် ကောင်းမွန်စေရေးအတွက် ပြုလုပ်ပေးနိုင်ရန် ပူးတွဲတင်ပြအပ်ပါသည်။

နောက်ဆက်တွဲအနေဖြင့်ကျွဲပွဲမြို့၊ (၁၆)ကုတင်ဆံ့ဆေးရုံမှာ ဆောက်လုပ်ပြီးစီးပြီဖြစ်ပြီး ၂၀၁၅ စက်တင်ဘာလခန့်တွင် လူနာများအား စတင်လက်ခံ ကုသပေးလျက်ရှိပါသည်။ သို့သော် ယနေ့အချိန်ထိ လျှပ်စစ်မီးအသုံးပြုမှုတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်ညှိနှိုင်း၍ အိမ်သုံးမီတာ(၂)လုံး လျှောက်ယူပြီး ကိုယ်တူကိုယ်ထသွယ်တန်းအသုံးပြုနေရပါသည်။ လျှပ်စစ်မီးအားမှာလည်း အပြည့်အဝ မရရှိပါသောကြောင့်

ဆေးရုံတွင်းသုံး ဆေးသိုလှောင်သည့် ရေခဲသေတ္တာ၊ အဲလ်ကွန်း၊ ဓာတ်ခွဲခန်းစသည်တို့မှာ အသုံးပြု၍မရပါ။ ဆေးရုံ၏လိုအပ်ချက် ဖြစ်သော မီးအားပြည့်မီရေးအတွက် ဆေးရုံပိုင် ထရန်စဖော်မာ(100) KVA တောင်းခံထားသော်လည်း ယနေ့ထိမရရှိပါ။ သို့ဖြစ်ပါ၍ ပြည်သူ့ဆေးရုံအတွက် အမှန်တကယ် လိုအပ်သော ထရန်စဖော်မာအား အမြန်ဆုံးချထားပေးပါရန် တောင်းခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းနှင့် အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်တို့မှမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့၊ တောင်ငူ-ကျောက်ကြီး မုပ္ပလင်လမ်းပေါ်ရှိ ခြေတော်ရာနှင့် အင်္ဂနီကြား အခြေခံလွှာထပ်ပိုးလွှာတင်ခြင်း၊ ရေပိတ်လွှာလောင်းခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ်၊ တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်းပေါ်ရှိ အင်္ဂနီကျေးရွာ မိုင်(၈၇/၃)နှင့် ခြေတော်ရာကျေးရွာ မိုင်(၉၁/၃)အတွင်းရှိ လမ်းအပိုင်းသည် ယခုလက်ရှိ အခြေအနေ၌ ကျောက်ချောလမ်းအဆင့် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း အဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေခွဲဝေရရှိခြင်းမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိပါက ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကွဲပွဲမြို့၊ (၁၆)ကုတင်ဆံ့ဆေးရုံအတွက် အမှန်တကယ် လိုအပ်သော ထရန်စဖော်မာ (100KVA)အား အမြန်ဆုံးချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ အုတ်တွင်းမြို့နယ်၊ ကွဲပွဲမြို့ရှိ (၁၆)ကုတင်ဆံ့ ဆေးရုံအား လက်ရှိတွင် (၁၁/၀. ၄)ကေဗွီ (၂၀၀)ကေဗွီအေ ခင်ကြီးထရန်စဖော်မာမှ တစ်ဆင့် အိမ်သုံးမီတာ (၂)လုံးဖြင့် ဓာတ်အား ဖြန့်ဖြူးပေးလျက် ရှိပါသည်။ အဆိုပါဆေးရုံသို့ ဆေးရုံပိုင် သီးခြားထရန်စဖော်မာဖြင့် ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက (၁၁)ကေဗွီလိုင်း (၈၀၀)ပေ၊ (၁၁/၀. ၄)ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် (၄၀၀)ဗို့လိုင်း (၆၀၀)ပေခန့် တည်ဆောက်ရန် လိုအပ်ပါသည်။ အထက်ဖော်ပြပါလုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီး (အရှေ့)၏ တိုင်းဒေသကြီးဘတ်ဂျက်တွင် ထည့်သွင်းလျာထားခြင်းမရှိပါကြောင်းနှင့် သက်ဆိုင်ရာဌာန ဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်သာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဖြေကြား အပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ အုတ်တွင်းမြို့နယ်အတွင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်အား ဖြန့်ဖြူးစနစ်ကောင်းမွန်စေရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ဖြေကြားချက်များကို စာရင်းဇယားနှင့်တကွ တင်ပြထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

| စဉ် | မြို့နယ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | အုတ်တွင်း | အောင်စိုးမိုးလမ်းထိပ်ရှိ (၁၁/၀. ၄)ကေဗွီ (၃၁၅) ကေဗွီအေ ထရန်စဖော်မာဝန်အားပြည့်နေ၍ ဝန်အားမျှယူနိုင်ရန် အောင်စိုးမိုးလမ်းနှင့် ခိုင်ရွှေဝါ လမ်းထောင့်တွင် (၁၁)ကေဗွီလိုင်း (၁၀၀)ပေ၊ (၁၁/ ၀. ၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁) လုံးနှင့်(၄၀၀)ဗို့လိုင်း (၀. ၅)မိုင် တည်ဆောက်ခြင်း။ | ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထားပေးသွားမည် ဖြစ်ပါသည်။ |
| ၂။ | အုတ်တွင်း | ဈေးရပ်ကွက်ရှိ (၁၁/၀. ၄)ကေဗွီ (၃၀၀)ကေဗွီအေ ထရန်စဖော်မာ ဝန်အားပြည့်နေ၍ ဝန်အားမျှယူ နိုင်ရန် ကသစ်တန်းရပ်ကွက် အုပ်ချုပ်ရေးရုံးအနီး တွင် (၁၁/၀. ၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန် စဖော်မာ(၁)လုံးနှင့် (၄၀၀)ဗို့လိုင်း (၀. ၅)မိုင် တည်ဆောက်ခြင်း။ | ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထားပေး သွားမည် ဖြစ်ပါသည်။ |
| ၃။ | အုတ်တွင်း | ကျောင်းရှစ်ဆယ်ကျေးရွာရှိ (၁၁/၀. ၄)ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ ဝန်အားပြည့်နေ ၍ ဝန်အားမျှယူနိုင်ရန် ကျောင်းရှစ်ဆယ်ကျေးရွာ တွင် (၁၁)ကေဗွီလိုင်း (၁၆၀၀)ပေ၊ (၁၁/၀. ၄) ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် (၄၀၀)ဗို့လိုင်း (၀. ၅)မိုင် တည်ဆောက်ခြင်း။ | ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထားပေး သွားမည် ဖြစ်ပါသည်။ |
| ၄။ | အုတ်တွင်း | အုတ်တွင်းမြို့၊ မြို့ပေါ်(၆)ရပ်ကွက်၊ (၄၀၀)ဗို့လိုင်းရှိ ဆွေးမြေ့သစ်သားတိုင် (၄၄)တိုင်၊ သံတိုင်(၂၆)တိုင် များအား (၉)မီတာ ကွန်ကရစ်တိုင်၊ သံလက်တန်း ဖြင့် လဲလှယ်ခြင်း။ | ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထားပေး သွားမည် ဖြစ်ပါသည်။ |
| ၅။ | အုတ်တွင်း | ကျောင်းရှစ်ဆယ်ကျေးရွာ၊ (၄၀၀)ဗို့လိုင်းရှိ ဆွေးမြေ့ သစ်သားတိုင်(၁၃)တိုင်အား (၉)မီတာ ကွန်ကရစ် တိုင် သံလက်တန်းဖြင့် လဲလှယ်ခြင်း။ | ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထားပေး သွားမည် ဖြစ်ပါသည်။ |

| စဉ် | မြို့နယ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|---|
| ၆။ | အုတ်တွင်း | ရေဖြူကင်းကျေးရွာ (၄၀၀)ဗို့လိုင်းရှိ ဆွေးမြေ့ သစ်သားတိုင်(၂၃)တိုင်၊ သံတိုင်(၃)တိုင်အား (၉) မီတာ ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် လဲလှယ် ခြင်း။ | ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတောင်း ခံရာတွင် ထည့်သွင်း လျာထား ပေးသွားမည် ဖြစ်ပါသည်။ |
| ၇။ | အုတ်တွင်း | အုတ်တွင်းမြို့ မဲကုန်းရပ်ကွက်၊ နောက်ကျောလမ်း တွင် (၄၀၀)ဗို့လိုင်း တည်ဆောက်ထားခြင်းမရှိဘဲ လမ်းမပေါ်သို့ ဆားဗစ်ဝါယာများ ခြံကျော်ဆွဲနေရ ခြင်းကြောင့် နောက်ကျောလမ်းတွင် (၄၀၀)ဗို့လိုင်း (၃)သွင် (၅)ကြိုး (၂၇၆၀)ပေ အသစ် တည် ဆောက်ခြင်း။ | ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေး နှစ် တိုင်းဒေသကြီး ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထား ပေးသွားမည် ဖြစ်ပါ သည်။ |
| ၈။ | အုတ်တွင်း | အုတ်တွင်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ဝန်ထမ်း များ နေထိုင်နိုင်ရန် (၂)ခန်းတွဲ (၂)ထပ် ဝန်ထမ်း အိမ်ရာ(၁)လုံး တည်ဆောက်ခြင်း။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) အတွင်း ၂၀၁၇-၂၀၁၈ ခု ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ပြုရန် တင်ပြ ခဲ့သော ရုံးအဆောက်အဦးနှင့် ဝန်ထမ်းအိမ်ရာတည် ဆောက်ခြင်း လုပ်ငန်းများ အားလုံးအား ဆောင်ရွက် ခွင့်ပြုခြင်း မရှိခဲ့ပါ။ သို့ပါ၍ အုတ်တွင်းမြို့ လျှပ်စစ် အင်ဂျင်နီယာရုံးတွင်ဝန်ထမ်း များ နေထိုင်နိုင်ရန် (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ (၁) လုံး တည်ဆောက်ခြင်း လုပ်ငန်း အား၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေး နှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် ထည့်သွင်း လျာထားပေး သင့်ကြောင်း တင်ပြအပ်ပါသည်။ |

| စဉ် | မြို့နယ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|---|
| ၉။ | ကျွဲပွဲ | ကျွဲပွဲမြို့၊ ဈေး (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာဝန်အား ပြည့်နေသဖြင့် မင်းဂံရိုး ရပ်ကွက်တွင်<br>(က) (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်း<br>(ခ) (၁၁)ကေဗွီလိုင်း(၄၈၀)ပေ တည်ဆောက်ခြင်း<br>(ဂ) (၄၀၀)ဗို့လိုင်း (၀.၅)မိုင် တည်ဆောက်ခြင်း | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဖြည့်စွက် ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထားပေးသွားမည် ဖြစ်ပါသည်။ |
| ၁၀။ | ကျွဲပွဲ | ကျွဲပွဲမြို့၊ ရွာမ (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာဝန်အား ပြည့်နေသဖြင့် အမှတ်(၂) ရပ်ကွက်၊ စာတိုက်လမ်းတွင်<br>(က) (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်း<br>(ခ) (၁၁)ကေဗွီလိုင်း(၄၈၀)ပေ တည်ဆောက်ခြင်း<br>(ဂ) (၄၀၀)ဗို့လိုင်း (၀.၅)မိုင် တည်ဆောက်ခြင်း | ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထားပေးသွားမည် ဖြစ်ပါသည်။ |
| ၁၁။ | ကျွဲပွဲ | ညောင်ခြေထောက်ရပ်မှ စည်ပင်သာထိ ရန်ကုန်-မန္တလေးလမ်းဘေး (၁၁)ကေဗွီလိုင်း (၃)မိုင် တည်ဆောက်ခြင်း။ | လက်ရှိအနေဖြင့် တည်ဆောက်ရန် မလိုအပ်သေးကြောင်း စိစစ်တွေ့ရှိရပါသည်။ |
| ၁၂။ | ကျွဲပွဲ | မြို့မ၊ ဘောလုံးကွင်းရှေ့ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တိုးချဲ့ တည်ဆောက်ခြင်း။ | ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထားပေးသွားမည် ဖြစ်ပါသည်။ |
| ၁၃။ | ကျွဲပွဲ | ကျွဲပွဲမြို့ရှိ (၄၀၀)ဗို့ သစ်သားတိုင် (၁၄၇)တိုင်အား (၉)မီတာ ကွန်ကရစ်တိုင် ABC Cable တို့ဖြင့် အစားထိုး လဲလှယ်ခြင်း။ | ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်း လျာထားပေးသွားမည် ဖြစ်ပါသည်။ |

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ရွှေကျင်မြို့နယ်-တောင်ငူ-ကျောက်ကြီး-စစ်တောင်းမုပ္ပလင်လမ်းပေါ်ရှိ ခြေတော်ရာကျေးရွာနှင့် အင်္ဂနီကျေးရွာ ကတ္တရာခင်းမည်ဆိုလျှင် (၆)ဖာလုံခန့်သာရှိ၍ ၎င်းကိုရရှိလျှင် ကျေနပ်ပါကြောင်း၊ ပြီးခဲ့သည့်ဘတ်ဂျက်က မြို့အဝင်မှနေ၍ ကျွဲတဲရပ်ကွက်က စည်ပင်အထိ ကတ္တရာများ ထပ်ခင်းမည်ဆိုသည်မှာ အမှန်တကယ်မလိုအပ်၍ မိမိတို့က ငြင်းပယ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုကိစ္စက (၆)ဖာလုံခန့်သာရှိသည့်အတွက် ၎င်းကိစ္စကို စဉ်းစားပေးစေချင်ပါကြောင်း၊ အခြေခံလွှာ (၈")အား သေချာစွာ ခင်းပြီးဖြစ်ပါကြောင်း၊ အပေါ် (၃")အခြေခံလွှာနှင့် အပိုးခံလွှာလေးအား ကတ္တရာဆောင်ရွက်ပေးရန် ရှိပါ၍ ၎င်းကိစ္စကို ဝန်ကြီးဌာနအနေနှင့် စဉ်းစားပေးရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ရှင်းလင်းဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ရွှေကျင်မြို့နယ်မှာ လက်ရှိကျောက်ချောလမ်းဖြစ်ပြီး ထပ်မံအပြည့်အစုံဖြစ်မည့် ကတ္တရာလမ်းအဆင့် ရောက်ရန်အတွက် (၆)ဖာလုံခန့်သာလိုသည့်အကြောင်း ဆက်စပ်မေးခွန်း မေးမြန်းသွားခြင်း ဖြစ်ပါသည်။ (၆)ဖာလုံခန့်မျှ လုပ်ငန်း(၁)ခုဖြစ်သည့်အတွက် မိမိတို့လမ်းဦးစီးဌာနမှာ အထူးပြင်ဆင် ထိန်းသိမ်းခြင်းဆိုသည့် ရန်ပုံငွေခေါင်းစဉ်ထဲတွင် စိစစ်ပြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအောက်မှာ လုပ်ငန်းခေါင်းစဉ်ကို Cabinetတင်ပြပြီး ပြောင်းလဲ၍ရခဲ့လျှင် ပြောင်းလဲပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် မေးမြန်းသည့်မေးခွန်းမှာ ဝန်ထမ်းအိမ်ရာဆိုသည် New question ဖြစ်သည့်အတွက် နောက်တစ်ကြိမ် လွှတ်တော်မှ မေးဖို့ဖြစ်ပါတယ်။ မူလမေးသည့်မေးခွန်းတွင် မပါလာသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အနေဖြင့် ဖြေကြားရာမှာ မပါလာခြင်းဖြစ်သည့်အကြောင်းကို မိမိရှင်းလင်းပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ်(၄)ဦးက မေးမြန်းသည့် မေးခွန်း(၁၀)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ တိုက်နယ်ဆေးရုံအတွက် အရေးတကြီး လိုအပ်နေသော လျှပ်စစ် ထရန်စဖော်မာ(၁)လုံး စီနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ညောင်လေးပင်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းနှင့် ပိန်းဇလုပ်မြို့ အခြေခံပညာ အထက်တန်းကျောင်းတို့အား ကျောင်းဝန်းခြံစည်းရိုး ကာရံရန်အတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်တွင် ပိန်းဇလုပ်မြို့၊ ပြွန်တန်ဆာမြို့၊ မဒေါက်မြို့တို့တွင် တိုက်နယ်ဆေးရုံများရှိပါသည်။ ပိန်းဇလုပ်မြို့ရှိ တိုက်နယ်ဆေးရုံမှာ တစ်နယ်လုံး အားကိုးအားထားပြုနေရပါသည်။ အဆိုပါ ဆေးရုံမှာ (၁၉၈၀)ခုနှစ် ဝန်းကျင်ခန့်က ဆောက်လုပ်ခဲ့ပြီး ပိန်းဇလုပ်မြို့အနီးဝန်းကျင်ရွာများသာမက ကျောက်တံခါး မြို့နယ်အတွင်းမှ ရွာများပင် လာရောက်တက်ရောက်ဆေးကုသမှုခံယူနေသည့် ဆေးရုံဖြစ်ပါသည်။

အဆိုပါပိန်းဇလုပ်တိုက်နယ်ဆေးရုံနှင့် ပြွန်တန်ဆာတိုက်နယ်ဆေးရုံများတွင် တပ်ဆင်ထားသည့် ရိုးရိုး မီတာများမှာ မီးအားလုံလောက်စွာမရရှိသဖြင့် အခက်အခဲများကြုံတွေ့နေရပါသည်။ ရေခဲသေတ္တာထဲ အမြဲသိုလှောင်ထားရသည့် ဆေးဝါးများအတွက်လည်းကောင်း၊ ခွဲစိတ်ခန်းဝင်ရောက်ရာတွင်လည်းကောင်း၊ မီးစက်များအမြဲမောင်းနှင်၍ ဆောက်ရွက်နေရသောကြောင့် မီးအားလုံလောက်စွာရရှိနိုင်ရန် (100 KVA) ထရန်စဖော်မာ(၁)လုံးစီ ချထားပေးပါရန် တင်ပြ တောင်းခံလာပါသည်။

ထို့အပြင် ပိန်းဇလုပ်မြို့ တိုက်နယ်ဆေးရုံတွင် တိုက်နယ်ဆရာဝန်(၁)ဦး၊ လက်ထောက်ဆရာဝန်(၁)ဦး အပါအဝင် ဝန်ထမ်း(၁၁)ဦး တာဝန်ထမ်းဆောင်နေပါသည်။ တိုက်နယ်ဆရာဝန်အတွက် အိမ်ရာ(၁)လုံး ဆေးရုံဝန်းအတွင်း ဆောက်လုပ်ပေးထားသော်လည်း တခြားဝန်ထမ်းများအတွက် အိမ်ရာမရှိပါ။ တစ်ချို့ဝန်ထမ်းများမှာ ရပ်ကွက်ထဲတွင် ငှားရမ်းနေထိုင်ရသည်။ တစ်ချို့ဝန်ထမ်းများအတွက် လက်ရှိ ပေးထားသော လိုင်းခန်းများမှာ ရေမြောင်းထဲတွင် ဆောက်လုပ်ထားပြီး၊ မိုးအခါတွင် ရေထဲမှဝါးလုံးထိုး၍ သွားလာနေထိုင်ရပါသည်။ အန္တရာယ်လည်း အလွန်များပါသည်။ ရေထဲတွင် နေထိုင်ရ၍ ပိုးမွှား အန္တရာယ်လည်း စိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ ပိန်းဇလုပ်မြို့တိုက်နယ်ဆေးရုံဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေ စေရန် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်ပိန်းဇလုပ်မြို့ တိုက်နယ် ဆေးရုံနှင့် ပြွန်တန်ဆာမြို့

တိုက်နယ်ဆေးရုံများအတွက် အရေးတကြီးလိုအပ်နေသော (100 KVA) ထရန်စဖော်မာ(၁)လုံးစီ ချထား ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်တွင် ရှိသည့်ပိန်းဇလုပ်မြို့အထက်တန်း ကျောင်းညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းခြံစည်းရိုးကောင်းစွာမရှိပါ။

အဆိုပါအထက်တန်းကျောင်းများသည် သက်တမ်းအားဖြင့် များစွာကြာမြင့်ပြီဖြစ်ပြီး အစဉ်အလာ ကောင်းသည့်ကျောင်းများလည်း ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်းစာစစ်ဌာန ကျသည်ပင် နှစ်ပေါင်း(၃၀) (၄၀)ကျော်ခန့်ရှိပြီဖြစ်သည်။ ကျောင်းဆောင်စာသင်ဆောင် အဆောက်အဦများမှာလည်း နိုင်ငံတော်မှ ချပေးခြင်း၊ စေတနာရှင်အလှူရှင်များမှ လှူဒါန်းခြင်း၊ ကျောင်းသားမိဘများမှ စုပေါင်းထည့်ဝင် ဆောက်လုပ်ခြင်းများကြောင့် အတော်အတန်ပြည့်စုံပြီး အဆင့်မီသည့်ကျောင်းများဖြစ်ပါသည်။ သို့သော် အဆိုပါ အထက်တန်းကျောင်း(၂)ခုတွင် ကျောင်းခြံစည်းရိုးများမရှိပါ။

ကျောင်းများတွင် အဆောက်အဦများ များစွာရှိပြီး၊ တန်ဖိုးကြီးသင်ထောက်ကူပြုပစ္စည်းများလည်း များစွာရှိပါသည်။ အဆိုပါ အထက်တန်းကျောင်း(၂)ခုလုံး၏ တည်နေရာမှာ မြို့အစွန် အဖျားတွင်တည်ရှိသဖြင့် လုံခြုံရေးအရစိုးရိမ်ရပါသည်။ ထို့အပြင် ခြံစည်းရိုးမရှိသဖြင့် လယ်ယာမြေများ၊ ခြံမြေများ၏ ကျူးကျော်မှု ကိုလည်းခံရပါသည်။ ကျောင်း၏ဧရိယာမှာ ကျယ်ဝန်းသဖြင့် ကိုယ်ထူကိုယ်ထ ကာရန်လည်း မဖြစ်နိုင်ပါ။ ကျောင်းသားမိဘများထံမှလည်း ငွေကြေးကောက်ခံ၍ မရပါ။

သို့ဖြစ်ပါ၍အထင်ကရ အထက်တန်းကျောင်းကြီး(၂)ခုဖြစ်သော ညောင်လေးပင်မြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပိန်းဇလုပ်မြို့ အခြေခံပညာအထက်တန်းကျောင်းတို့အား ကျောင်းဝန်း ခြံစည်းရိုးကာရန်အတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်နိုင်ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ တိုက်နယ်ဆေးရုံ အတွက် အရေးတကြီး လိုအပ်နေသော လျှပ်စစ် ထရန်စဖော်မာ(၁)လုံးစီနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ပိန်းဇလုပ်တိုက်နယ်ဆေးရုံနှင့်ပြွန်တန်ဆာ တိုက်နယ်ဆေးရုံများအတွက် မီးအား လုံလောက်စွာရရှိရေး (100 KVA) ထရန်စဖော်မာတစ်လုံး စီတပ်ဆင်ပေးနိုင်ရန်မြို့နယ်ကုသရေးဦးစီးဌာန၊ ညောင်လေးပင်မြို့၏ (၂၉. ၅. ၂၀၁၇) ရက်စွဲပါ စာအမှတ်-၀၆၄၃ / ၀၆၄၅ / ကုသ/ပခတ/၁၅/၂၀၁၇

အရ တင်ပြတောင်းခံထားရှိမှုအပေါ် ဤရုံး၏(၆. ၆. ၂၀၁၇)ရက်စွဲပါစာအမှတ်-၂၃၈၀/ပခတ-ကုသရေး/ထွေ/၂၀၁၇အရ ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန နေပြည်တော်သို့ ဆက်လက်တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ပိန်းဇလုပ်တိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာများအတွက် နေထိုင်ရေးအဆင်ပြေစေရန် မြို့နယ်ကုသရေးဦးစီးဌာန ၊ ညောင်လေးပင်မြို့၏ (၁၄. ၆. ၂၀၁၇) ရက်စွဲပါ စာအမှတ်-၀၁၂၂ / ၀၁၂၄ / မနက / ပခတ /အိမ်ရာ / ၁၇ အရအင်ဂျင်နီယာတွက်ချက်မှုများဖြင့် တောင်းခံလာသဖြင့် ဤရုံး၏ (၂၃. ၆. ၂၀၁၇) ရက်စွဲပါစာအမှတ်-၂၆၇၂/ပခတ-ကုသရေး/ဆဦ/၂၀၁၇အရ ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာနထံ ဆက်လက်တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပိန်းဇလုပ်မြို့ အခြေခံပညာအထက်တန်းကျောင်းတို့အား ကျောင်းဝန်းခြံစည်းရိုး ကာရံရန်အတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ညောင်လေးပင်မြို့နယ်တွင်ရှိသည့် ပိန်းဇလုပ်-အထက်တန်းကျောင်း၊ ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ကျောင်းခြံစည်းရိုးကောင်းစွာမရှိပါ။ အခြေခံပညာ အထက်တန်းကျောင်း ပိန်းဇလုပ်တွင် ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)အရ(၁၀. ၀၀)ဧက ပိုင်ဆိုင်ပြီး အလျား (၁၀၀၀×၄၀၀)ပေ ရှိပါသည်။ လက်ရှိစာသင်ဆောင်(၁၁)ဆောင်ရှိပါသည်။ ကျောင်းသား ဦးရေ (၁၂၁၇)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။ နှစ်စဉ်တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ကျင်းပပြုလုပ်သော ကျောင်းဖြစ်ပါသည်။ ကျောင်းဝန်းခြံစည်းရိုးမှ ရှေ့မျက်နှာစာတွင်သာ သံဇကာဖြင့် ကာရံထားပြီး ကျန်(၃) မျက်နှာတွင် ကာရံထားမှုမရှိပါ။ စာစစ်ဌာနပြုလုပ်ရာတွင် လုံခြုံမှုမရှိခြင်း၊ နေအိမ်များနှင့် ကပ်လျက် တည်ရှိခြင်းကြောင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ရန် အမှုတွဲတင်ပြတောင်းခံထားရှိရာတွင် (၂၂-၅-၂၀၁၇)ရက်စွဲပါစာအမှတ်၊ စိတ်(၆)/၆၃၁/ခြံစည်းရိုး/ရန်ပုံငွေ(၂၀၁၇)ဖြင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ ဆက်လက်ပေးပို့ခဲ့သည်ကို တွေ့ရပြီး ခြံစည်းရိုးကာရံမှုကို မြို့နယ်အလိုက်၊ အဆင့်အလိုက် ဦးစားပေး ဆောင်ရွက်ရာတွင် ၎င်းကျောင်းမှာ ခြံစည်းရိုးကာရံခြင်း လိုအပ်မှုဦးစားပေးမှာ မြို့နယ်အဆင့် ခြံစည်းရိုးကာရံခြင်း လိုအပ်မှုဦးစားပေးအလိုက် (၁၆)ကျောင်း တင်ပြတောင်းခံခဲ့ရာတွင် ဦးစားပေးအဆင့်(၈)မှာ ရှိသည်ဆိုသည့် အကြောင်း မိမိတင်ပြပါသည်။

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ညောင်လေးပင်မြို့တွင် ကျောင်းမြေပိုင်ဆိုင်မှုပုံစံ (၁၀၅)အရ (၉. ၈၂)ဧက ပိုင်ဆိုင်ပြီး (၆၈၂×၆၂၇)ပေ ကျယ်ဝန်းပါသည်။ လက်ရှိစာသင်ဆောင်(၆)ဆောင်ရှိပြီး (၉၀×၃၀)ပေ (၁)ဆောင်မှာ ကိုယ်ထူကိုယ်ထ ဆောက်လုပ်နေဆဲဖြစ်ပါသည်။ ကျောင်းသားဦးရေ(၁၇၆၀)ဦး တက်ရောက်သင်ကြားလျက်ရှိပါသည်။ နှစ်စဉ်တက္ကသိုလ်ဝင်တန်းစာစစ်ဌာန ကျင်းပပြုလုပ်သော ကျောင်းဖြစ်ပါသည်။ ကျောင်း၏ခြံစည်းရိုးအခြေအနေမှာ အရှေ့ဘက်အုတ်တံတိုင်း အချို့နေရာကာရံထားသော်လည်း အချို့နေရာများ ကာရံထားမှုမရှိပါ။ ကျန်(၃)မျက်နှာတွင်လည်း ကာရံထားမှု မရှိသောကြောင့် စာစစ်ဌာန

ပြုလုပ်ရာတွင် လုံခြုံမှုမရှိခြင်း၊ နေအိမ်များနှင့် ကပ်လျက်တည်ရှိခြင်းကြောင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျောင်းအုပ်ကြီးမှ အမှုတွဲပြုစု၍ ရန်ပုံငွေတင်ပြတောင်းခံခဲ့ရာတွင် (၂၂-၅-၂၀၁၇)ရက်စွဲပါစာအမှတ်၊ စိတ်(၆)/ ၆၃၁/ခြံစည်းရိုး/ရန်ပုံငွေ(၂၀၁၇)ဖြင့် တိုင်းဒေသကြီးပညာရေးမှူးရုံးသို့ အမှုတွဲဆက်လက် ပေးပို့တင်ပြခဲ့ပြီးဖြစ်ပါသည်။ နှစ်စဉ်မြို့နယ်အဆင့် ခြံစည်းရိုးကာရံခြင်းလိုအပ်မှုဦးစားပေးအလိုက် (၁၆)ကျောင်း တင်ပြထားရှိခဲ့ရာတွင် ဦးစားပေးအဆင့်(၁)ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်တန်းကျောင်း(၂)ကျောင်း၏ ခြံစည်းရိုးကာရံနိုင်ရန် ရန်ပုံငွေလိုအပ်မှုအခြေအနေကို ခွင့်ပြုပေးနိုင်ပါရန် တိုင်းဒေသကြီးပညာရေးမှူးရုံးသို့ တင်ပြထားရှိပြီး တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် (၀၄၀၉)ရန်ပုံငွေမှ ခွဲဝေချထားပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ နံပါတ်(၁)မေးခွန်းကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းနံပါတ်(၁)နှင့်ပတ်သက်ပြီး ဝန်ကြီးဖြေကြားသွားသည်မှာ ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာနထံ ဆက်လက်တင်ပြတောင်းခံထားပြီး ဖြစ်သည်ဟု ဖြေကြားထားပါ၍ မိမိအနေဖြင့် သိရှိလိုသည်မှာ မေးခွန်းနံပါတ်(၂)ကို ဖြေကြားသကဲ့သို့ မည်သည့်ဘဏ္ဍာရေးနှစ်၊ မည်သည့်ဘတ်ဂျက်၊ BE, RE တွင် ထည့်သွင်းလျာထားဆောင်ရွက်လုပ်ဆောင်ပေးနိုင်မည်ဟု တိတိကျကျသိလိုခြင်း ဖြစ်ပါသဖြင့် ထိုကဲ့သို့ ဖြေကြားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်နိုင်ဦး၏ မေးခွန်းနံပါတ်(၁) ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။မိမိဖြေကြားသည့် အထဲတွင် (၂၃-၆-၂၀၁၇)ရက်နေ့မှာ တင်ပြသည့်အတွက်ကြောင့် လာမည့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာပါဝင်ခြင်းဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်က ပြီးသွားသည့်အတွက်ကြောင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွက် တင်ပြတောင်းခံခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့နယ်၊ ရှမ်းဒိုးတန်းကျေးရွာအုပ်စု၊ ရှမ်းဒိုးတန်းကျေးရွာ RHC ကျေးလက်ကျန်းမာရေးဌာန စံကိုက်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရှမ်းဒိုးတန်းကျေးရွာသည် အိမ်ခြေ(၅၅၀)ရှိပြီး ကျေးလက်ကျန်းမာရေးဌာနကို ၁၉၈၇ ခုနှစ်တွင် နိုင်ငံတော်ပံ့ပိုးကူညီငွေ ကျပ်(နှစ်သောင်း) ပြည်သူလူထုထည့်ဝင်ငွေ(ကျပ်သုံးသောင်း)၊ စုစုပေါင်း အဆောက်အဦတန်ဖိုးငွေ ကျပ်(ငါးသောင်း)နှင့်(၁. ၅. ၁၉၈၇)တွင်ဖွင့်လှစ်ခဲ့ပါသည်။

၎င်းကျန်းမာရေးဌာနအောက်တွင် ကျေးရွာအုပ်စု(၇)စု၊ ကျေးရွာပေါင်း(၃၀)ကျော် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး လက်ရှိအဆောက်အဦမှာ အန္တရာယ်ရှိအဆောက်အဦဖြစ်နေသည့်အတွက် စံကိုက်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦး မြို့နယ်အတွင်း အခြေခံပညာဦးစီးဌာနမှ ပညာရေးကျောင်းများ အဆင့်တိုးမြှင့် ခြင်းကို ဆောလျင်စွာ ဆရာ/ဆရာမများ အပြောင်းအရွှေ့ ပြုလုပ်နိုင်ရန်နှင့် လုံလောက်သော ဆရာ/ဆရာမများ အချိန်မီခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း အခြေခံပညာဦးစီးဌာနမှ ပညာရေးကျောင်းများအား (၂၀၁၇-၂၀၁၈)ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ခြင်းကို (၂၈)ကျောင်းတိုးမြှင့်ခဲ့သည်ကို သိရှိရပါသည်။ ကျောင်းအမျိုးအစားများမှာ-

- အ. ထ. က(ခွဲ) - (၃) ကျောင်း
- အ. လ. က - (၁) ကျောင်း
- အ. လ. က(ခွဲ) - (၇) ကျောင်း
- အ. မ. က(လွန်) - (၂) ကျောင်း
- အ. မ. က - (၇) ကျောင်း
- အ. မ. က(ခွဲ)- (၁) ကျောင်း
- က. အ. က - (၇) ကျောင်း စုစုပေါင်း(၂၈)ကျောင်းအဆင့်တိုးမြှင့်ပြီးတော့ အချိန်မီကောင်းမွန်စွာ ပညာသင်ကြားနိုင်ရန် ဆရာ/ဆရာမများ လိုအပ်နေပါသည်။

သို့ဖြစ်ပါ၍ ဒိုက်ဦးမြို့နယ်အတွင်းအခြေခံပညာဦးစီးဌာနမှ ပညာရေးကျောင်းများ အဆင့်တိုးမြှင့်ခြင်းကို ဆောလျင်စွာဆရာ၊ ဆရာမများ အပြောင်းအရွှေ့ ပြုလုပ်နိုင်ရန်နှင့် လုံလောက်သော ဆရာ/ဆရာမများ အချိန်မီခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ယခု ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်နှင့် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်တို့ မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့နယ်၊ ရှမ်းဒိုးတန်းကျေးရွာအုပ်စု၊ ရှမ်းဒိုးတန်းကျေးရွာ RHC ကျေးလက်ကျန်းမာရေးဌာန စံကိုက်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရှမ်းဒိုးတန်းကျေးရွာအုပ်စု ရှမ်းဒိုးတန်းကျေးလက်ကျန်းမာရေးဌာန အဆောက်အဦသည် ၁၉၈၇ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော အဆောက်အဦဖြစ်၍ နှစ်ပေါင်းကြာပြီဖြစ်ပါသောကြောင့် အန္တရာယ်ရှိသော အဆောက်အဦဖြစ်သည့် အတွက် ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦအသစ် ဆောက်လုပ်နိုင်ရေး ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦး မြို့နယ် အတွင်း အခြေခံပညာဦးစီးဌာနမှ ပညာရေး ကျောင်းများ အဆင့်တိုးမြှင့်ခြင်းကို ဆောလျင်စွာ ဆရာ/ ဆရာမများ အပြောင်းအရွှေ့ ပြုလုပ်နိုင်ရန်နှင့် လုံလောက်သော ဆရာ/ဆရာမများ အချိန်မီခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသော အခြေခံပညာကျောင်းများ၏ ဆရာလိုအပ်ချက်ကို အထက်တန်းပြရာထူးနေရာများသို့ M.A, M.Sc ဘွဲ့ရ နှင့် B.Ed တက်ရောက်ဆဲ အလယ်တန်းပြ/မူလတန်းကျောင်းအုပ်များကို ရာထူးတိုးမြှင့်ခန့်ထားခြင်းဖြင့် လည်းကောင်း၊ အလယ်တန်းပြရာထူးနေရာများသို့ မူလတန်းဆရာဖြစ်သင်တန်းဆင်းပြီးသူ မူလတန်းပြများအား လုပ်သက်လျှော့ပေါ့၍ လက်ရှိရာထူးလုပ်သက်(၁)နှစ် ပြည့်ပြီးသူများအား ရာထူးတိုးမြှင့် ခန့်ထားခြင်းဖြင့်လည်းကောင်း၊ မူလတန်းပြရာထူးနေရာများသို့ နေ့စားလပေး (မူလတန်းပြ)ဆရာများအဖြစ် ဖြည့်ဆည်းခန့်ထားခြင်းဖြင့်လည်းကောင်း၊ ဖြည့်ဆည်းခန့်ထားနိုင်ရန်အတွက် စီမံချက်ရေးဆွဲပြီး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ကျောင်းဖွင့်မတိုင်မီကတည်းက တင်ပြထားပြီးဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ ညွှန်ကြားချက်ရရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖြည့်ဆည်းခန့်ထားပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား၊ မိမိမေးသည့်မေးခွန်းကို ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မိမိမေးသည့် မေးခွန်း၏ဖြေကြားချက်ပေါ်တွင် အလွန်အားရကျေနပ်ဖွယ်ရှိပါသည်။ မိမိမေးလိုသည့် မေးခွန်းမှာ အချိန်မီခန့်ထားနိုင်ရန်မှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၏ နှစ်ဦးလား၊ နှစ်လယ်လား၊ နှစ်ကုန်လားကို တိတိပပ သိချင်ပါကြောင်း၊ ဘာကြောင့်လည်းဆိုလျှင် စိုက်ရေးပျိုးရေးရှိသည့်အတွက် မိုးကအုံ့သာအုံ့ပြီး မရွာလျှင် ဒုက္ခရောက်ကြမည်ဖြစ်သည်။ ယင်းအဖြစ်မျိုးနှင့် (၁၂)နှစ်၊ (၁၃)နှစ်၊ (၁၄)နှစ်ရှိပြီးဖြစ်ပါကြောင်း၊ ဆရာ/ဆရာမများအား အဆင့်တိုးမြှင့်ပေးရန် ရှိသည့်အတွက် နိုင်ငံတော်ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ သို့သော်လည်း ယနေ့ဖြေကြားသည့်အပေါ်မှာ ဆက်ပြီးအကြံပြုဖြေပေးစေချင်သည်မှာ ဖြည့်တင်းခန့်ထားနိုင်ရန် စီမံချက်ရေးဆွဲပြီး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများကို မည်သည့်လတွင် ဆောင်ရွက်လေ့ရှိပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ ညွှန်ကြားချက်ရရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖြည့်ဆည်းခန့်ထားပေးသွားမည်ဖြစ်ကြောင်း၊ လေးစားစွာဖြေကြားအပ်ပါသည်ဆိုသည့်စာသားကို တွေ့ရှိရသည့်အတွက် တိတိပပ နှစ်ဦးလား၊ နှစ်လယ်လား၊ နှစ်ကုန်လားဆိုသည်ကို သိရှိလို၍ ထပ်မေးရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်မေးမြန်းသည့် ဆက်စပ်မေးခွန်းကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည်ကို ကျေးဇူးတင်ပါသည်။ မေးမြန်းသည့်အထဲမှာ (၂)ပိုင်းပါပါသည်။ ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆရာ/ဆရာမများ ရာထူးတိုးမြှင့်ခြင်းတို့ ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရာထူးတိုးခြင်း၊ ကျောင်းအဆင့်တိုးခြင်း၊ ကျောင်းဆရာ/ဆရာမများ ခန့်ထားပေးခြင်းတို့ကို ခန့်သည့်အခါ တိုင်းဒေသကြီးက ပြည်ထောင်စုသို့ တင်ပြပြီး၊ တကယ်ခန့်တော့မည်ဆိုလျှင် ပြည်ထောင်စုက ခန့်တာဖြစ်ပြီး၊ ပြည်ထောင်စုက ခန့်သည့်အတိုင်း မိမိတို့က လိုက်ပါဆောင်ရွက်ပေးရခြင်း ဖြစ်ပါသည်။ ၎င်းကိစ္စကို တိတိပပသိချင်သည်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကိုမေးမှ ပိုပြီးသင့်တော်မည်ဖြစ်ပါသည်။ ပြည်ထောင်စုမှ မူဝါဒအတိုင်း ပြည်ထောင်စု၏ ခန့်ထားမှုအပေါ်မှာ လိုက်ပါဆောင်ရွက်ခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရွှေကျင်မြို့တွင် အဝေးပြေးကားရပ်နားစခန်းတစ်ခု ပြုလုပ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ရွှေကျင်မြို့ရှိ အားကစားရုံအဟောင်းအား အားကစားရုံအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ရွှေကျင်မြို့နယ် အထက ပဒဲကောပါ အခြေခံပညာကျောင်း (၃၅)ကျောင်းအတွက် စာသင်ခုံ(၃၆၅)ခုံ လိုအပ်လျက်ရှိပါ၍ စာရေးခုံလိုအပ်ချက်များအား ပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်ပါမေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်တွင် အောင်နန်းတော်၊ ဝင်းရတနာ၊ ရွှေနတ်တောင်နှင့် မင်းမကိုဋ္ဌ အမည်ဖြင့် ရွှေကျင်မှ တောင်ငူ၊ ရွှေကျင်မှ ရန်ကုန်သို့အသွားအပြန် ကားအစီးရေ(၂၀)ကျော်ခန့် ပြေးဆွဲလျှက် ရှိပါသည်။ထိုသို့ အဝေးပြေးယာဉ်များပြေးဆွဲလျက်ရှိပါသော်လည်း ရွှေကျင်မြို့တွင် မြို့အင်္ဂါရပ်နှင့်အညီကား ယာဉ်ဝင်း၊ ကားရပ်နားစခန်းမရှိသေးပါ။ လမ်းကြားများတွင် ကားများရပ်နား၍ ခရီးသည်များအပြိုင် တင်နေကြသောကြောင့် ပြည်သူများသွားလာရာတွင် ခက်ခဲလာခြင်း၊ ဆိုင်ကယ်ကြိုပို့များနှင့် မတော်တဆ ဆိုင်ကယ် ယာဉ်တိုက်မိခြင်း၊ လူနေအိမ်များနှင့် နီးကပ်သဖြင့် မလိုလားအပ် သောပြဿနာများ ဖြစ်ပေါ် နေရပါသည်။ ရွှေကျင်မြို့တွင် အဝေးပြေးကားယာဉ်ရပ်နားစခန်းတစ်ခု ထားရှိနိုင်ရေးအတွက် မြေနေရာလည်း လျာထားချက်ရှိနေပါသည်။ ခရီးသည်တင်ကားများ စနစ်တကျရပ်နားရန်အတွက် ယာဉ်ရပ်နားစခန်း ထားရှိနိုင်ရေး အစီအစဉ် ရှိ/မရှိ ကြည်ပွင့်ပြမေးခွန်း တင်ပြရခြင်းဖြစ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်ပါမေးခွန်းနှင့် ပတ်သက်၍ ရွှေကျင်မြို့ပေါ်ရှိ ပြည်သူ့အားကစားရုံသည် လွန်ခဲ့ သော(၁၂)နှစ်ကာလမှ ၂၀၁၅ထိ(၁၂)နီးပါးမျှ လုပ်ငန်းရှင် တစ်ဦးအား ငှားရမ်းခဲ့ပြီးဖြစ်ပါသည်။ ငှားရမ်းခအားလည်း ခရိုင်အားကစားရုံးသို့ ထည့်ဝင်ငွေအဖြစ် ပေးသွင်းရပြီး အားကစားလေ့လာ လိုက်စားအားကစားပြုလုပ်သူများအဖို့ အားကစားရုံရှိလျက်နှင့် အားကစားမပြုလုပ်ရဘဲ (၁၂)နှစ်နီးပါးခန့်မြင်သာမြင်ရ၊ မစားရဆိုသကဲ့သို့ ဖြစ်နေရပါသည်။ ရွှေကျင်မြို့သည် အားကစားသမားကောင်းများပေါ်ထွက်ရာ မြို့လည်းဖြစ်ပါသည်။ ယခုကဲ့သို့ ပျက်စီးယိုယွင်းနေသော ရွှေကျင်မြို့အားကစားရုံအား အားကစား(၅)မျိုးခန့် ပြုလုပ်ကစားနိုင်သော အားကစားရုံတစ်ရုံ ဆောက်လုပ် ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။အထက်ပါမေးခွန်းနှင့် ပတ်သက်၍ ရွှေကျင်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၏ စာရေးခုံလိုအပ်ချက်များမှာ ကျောင်းသားကျောင်းသူများ အတွက် အလွန်အရေးတကြီးလိုအပ်လျက် ရှိနေပါသည်။

| | | |
|---|---|---|
| - | အထကပဒဲကောတွင်စာသင်ခုံ | (၁၀)စုံ |
| - | အလကပျဉ်မပင်တွင်စာသင်ခုံ | (၁၀)စုံ |
| - | အလကခြေတော်ရာတွင်စာသင်ခုံ | (၁၅)စုံ |
| - | အလကအင်းဗလာတွင်စာသင်ခုံ | (၂၀)စုံ |
| - | အလကသစ်ဖယောင်းတန်းတွင်စာသင်ခုံ | (၁၀)စုံ |
| - | အလကဟသ်ာဝဲတွင်စာသင်ခုံ | (၁၀)စုံ |
| - | အလကကျွန်းကြီးတွင်စာသင်ခုံ | (၁၀)စုံ |
| - | မူလွန်သီဟိုဠ်တန်းစာသင်ခုံ | (၁၀)စုံ |
| - | မူလွန်ကျွဲတဲစာသင်ခုံ | (၁၀)စုံ |
| - | ရှမ်းကြေး | ( ၅ )စုံ |
| - | ရုံးတိုင်း | (၁၀)စုံ |
| - | ကျောက်တန်း | (၁၀)စုံ |
| - | မဲဇောင်း | (၁၀)စုံ |
| - | ထောင်လောင် | (၁၀)စုံ |
| - | တုံးတံတား | (၁၀)စုံ |
| - | ထမင်းရုံ | ( ၅ )စုံ |
| - | ပုဇွန်အိုင် | (၁၀)စုံ |
| - | ဒလဆိပ် | (၁၀)စုံ |
| - | ကျည်းပင်စု | (၁၀)စုံ |
| - | စွယ်တိန်ရွာမ | (၁၀)စုံ |
| - | ပန်းအင်း | (၁၀)စုံ |
| - | ငါးဖယ်အင်း | (၁၀)စုံ |
| - | ကျောက်ပုံဆိပ် | ( ၅ )စုံ |
| - | စံဖဲ | (၁၀)စုံ |
| - | ဘောကထာ | (၁၀)စုံ |
| - | စွယ်တိန် | ( ၅ )စုံ |
| - | မဘီးလေး | (၁၀)စုံ |
| - | ဆွေမဟာမြိုင် | (၂၀)စုံ |
| - | စက်စု | (၁၅)စုံ |

- ညောင်ပင်ကြီးရွာ (၁၀)စုံ
- ဝိုင်ကျွန်း (၁၀)စုံ
- ညောင်အိုင် ( ၅ )စုံ
- ကဇင်းပင် (၂၀)စုံ
- သံဆိပ်ရွာမ (၁၀)စုံ
- ချောင်းကျိုး (၁၀)စုံ

ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးလှပါသော ရွှေကျင်မြို့နယ်အတွက် စာသင်ခုံ(၃၆၅)ခုံလိုအပ်လျက် ရှိပါသည်။ စာသင်သူကျောင်းသား/ကျောင်းသူများအနေဖြင့် စာသင်ခုံမပြည့်စုံသဖြင့် တစ်တန်းလျှင်(၅)ဦးခန့်ထိုင်၍ စာသင်နေရပါသည်။ စာသင်ကြားရာတွင် ထိရောက်မှုမရှိခြင်း၊ စိတ်ဝင်စားမှုနည်းပါးခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး စာသင်ရာတွင် ပျော်ရွှင်စွာသင်ကြားစေနိုင်ပါရန်အတွက် လိုအပ်လျက်ရှိသော ကျောင်းများတွင် စာသင်ခုံများပံ့ပိုးပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်လှလှဝင်းမေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့တွင် အဝေးပြေးကားရပ်နားစခန်းတစ်ခု ပြုလုပ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့တွင် ရွှေကျင်မှ ရန်ကုန်ခရီးစဉ်များတွင် ဝင်းရတနာ၊ ရွှေနတ်တောင်နှင့် မင်းမကိုဋ္ဌယာဉ်လိုင်းအမည်များဖြင့် ပြေးဆွဲလျက်ရှိပြီး ရွှေကျင်မှတောင်ငူခရီးစဉ်အတွက် အောင်နန်းတော်ယာဉ်လိုင်းအမည်ဖြင့် ပြေးဆွဲ၍ စုစုပေါင်း ယာဉ်လိုင်း(၄)လိုင်းဖြင့် ခရီးစဉ်များ ပြေးဆွဲလျက်ရှိပါသည်။ မော်တော်ယာဉ်ခရီးစဉ်များ ကြီးကြပ်ခြင်းအား မြို့နယ်မော်တော်ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်ရေးကော်မတီမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရွှေကျင်မြို့တွင် အဝေးပြေးရပ်နားစခန်းတစ်ခု ထားရှိနိုင်ရေးအတွက် မြို့နယ်မြေယာစီမံခန့်ခွဲရေးအဖွဲ့မှ အဝေးပြေးယာဉ်ရပ်နားစခန်းတစ်ခု လျာထားလျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့ရှိ အားကစားရုံအဟောင်းအား အားကစားရုံအသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ရွှေကျင်မြို့ရှိ ပျက်စီးယိုယွင်းနေသော အားကစားရုံဟောင်းအား အားကစားရုံအသစ်ဆောက်လုပ်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည် ဖြေကြားချက်မှာ စံချိန်မီအားကစားရုံများအနေဖြင့် အားကစားရုံကြီး (၁၂၀ပေ×၉၀ပေ×၃၉ပေ)၊ အားကစားရုံလတ် (၁၀၀ပေ×၇၀ပေ×၃၉ပေ)၊ အားကစားရုံငယ် (၉၀ပေ×၆၀ပေ×၃၉ပေ)ရှိသည့်အနက် ရွှေကျင်မြို့နယ်ရှိ အားကစားရုံဟောင်းနေရာ အကျယ်အဝန်းနှင့် ကိုက်ညီမည့်

အားကစားရုံအမျိုးအစားအား သတ်မှတ်ရွေးချယ်ပြီး အသေးစိတ်တွက်ချက်မှုပုံစံ Drawingနှင့် Estimate များအား မြို့နယ်အင်ဂျင်နီယာမှရေးဆွဲပြီး ဒေသပေါက်စျေးနှင့်အညီ တွက်ချက်တင်ပြတောင်းခံပါက အနီးစပ်ဆုံး ဘဏ္ဍာနှစ်များအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (BE) ခွင့်ပြုရန်ပုံငွေ စာရင်းတွင် ရရှိနိုင်ရန် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘတ်ဂျက်ခွင့်ပြုငွေရရှိပါက အားကစားရုံသစ် ဆောက်လုပ်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့နယ် အထကပဒိကောပါ အခြေခံပညာကျောင်း (၃၅)ကျောင်းအတွက် စာသင်ခုံ(၃၆၅)ခုံ လိုအပ်လျက်ရှိပါ၍ စာရေးခုံလိုအပ်ချက်များအား ပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ်ရှိ အခြေခံပညာကျောင်း(၃၅)ကျောင်းတွင် စာရေးခုံ လိုအပ်ချက် (၃၆၅)ခုံအနက် (၁၁)ကျောင်းတွင် မျှတအောင်ခွဲဝေထားပြီးဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် (၉၉)ကျောင်းအတွက် စာရေးခုံအစုံရေ(၂၁၆၀)စုံအား တိုင်းဒေသကြီးပညာရေးမှူးရုံးသို့ ထပ်မံခွဲဝေပေးနိုင်ပါရန် အဆိုပြုတင်ပြထားပြီး ဖြစ်ပါသည်။

တိုင်းဒေသကြီးပညာရေးမှူးရုံးအနေဖြင့် မြို့နယ်အတွင်း စာသင်ခုံလိုအပ်ချက်များကို ကျောင်းဖွံ့ဖြိုး တိုးတက်မှုရန်ပုံငွေမှ နှစ်အလိုက် ခွဲဝေသုံးစွဲစေခြင်းဖြင့်လည်းကောင်း၊ ကျောင်းမိသားစုနယ်မြေများအတွင်း စာရေးခုံပိုသောကျောင်းများမှ စာရေးခုံလိုသော ကျောင်းများသို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခြင်းဖြင့် လည်းကောင်း၊ စာသင်ခုံများ၏ လိုအပ်ချက်ကို ဖြေရှင်းစေပြီး ပညာရေးဌာနအနေဖြင့်လည်း ပရိဘောဂ စာရေးခုံများအား ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသော အခြေခံပညာ ကျောင်းများသို့ ဖြည့်စွက်ပေးထားပြီးဖြစ်ပါကြောင်း စာရေးခုံလိုအပ်ချက်များ ပံ့ပိုးပေးထားသည့် အစီအစဉ်ကို ပြန်လည်ဖြေကြားပါသည်။ ပြည်ထောင်စုမှလည်း ပညာရေးဘတ်ဂျက်များကို တစ်နှစ်ထက်တစ်နှစ် ပိုသုံးသည် ဆိုတာလည်း အားလုံးအသိဘဲဖြစ်ပါသည်။ လိုအပ်ချက်များက အများကြီးပါ တစ်မြို့နယ်တည်း မဟုတ်ပါကြောင်း၊ လိုအပ်ချက်များကို အတတ်နိုင်ဆုံးတစ်ခုပြီးတစ်ခု ဖြေရှင်းပေးသည့် အနေအထားရှိတတ်ကြောင်းကို ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၄) **"ရွှေကျင်မြို့နယ်၊ ပျဉ်ရေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **"ရွှေကျင်မြို့ပေါ်ရှိ စည်ပင်သာယာဈေးကြီးအား ရွှေ့ပြောင်း၍ ကောင်းမွန်သော စည်ပင်သာယာဈေးကြီး တည်ဆောက်နိုင်ရန်အတွက် မြေနေရာချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) **“ကုတင်(၁၀၀)ဆေးရုံကြီးမှ ဆေးရုံဝန်ထမ်းများအတွက် ဝန်ထမ်း အိမ်ရာများကို စနစ်တကျ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ရွှေကျင်မြို့နယ်၊ ပျဉ်ရေကျေးရွာအုပ်စုတွင် လူဦးရေအားဖြင့် (၁၈၂၀)၊ အိမ်ခြေပေါင်း(၃၆၇)အိမ် ရှိပါသည်။ ရွှေကျင်မြို့၊ ကုတင်(၁၀၀) ဆေးရုံနှင့် (၁၆)မိုင်ခွဲ၊ ကျောက်ကြီးချောင်းကို စက်လှေကူးတို့ဖြင့် ကူးသွားရပါသည်။ ညောင်လေးပင်မြို့၊ ကုတင်(၅၀)နှင့် (၉)မိုင်ခန့်ဝေးပြီး စစ်တောင်းမြစ်ကို စက်လှေကူး တို့ဖြင့် ကူး၍သွားရပါသည်။ ညအခါ လူနာများအသည်းအသန်ဖြစ်ပါက သွားရေးလာရေးခက်ခဲသည့်အပြင် ကူးတို့လှေမှာလည်း ကူးပေးရန် အခက်အခဲရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးပါက ရွာ(၁၄)ရွာ၊ လူဦးရေ(၉၅၆၀)ဦး လွှမ်းခြုံနိုင်မည် ဖြစ်ပါသည်။ မြေအကျယ်အဝန်းအားဖြင့် လုံလောက်သော အကျယ်အဝန်းကို လှူဒါန်းမည့်အလှူရှင်လည်းရှိပါသည်။ သို့ပါ၍ ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရွှေကျင်မြို့၊ ကုတင်(၁၀၀)ဆေးရုံရှိ ဆေးရုံဝန်ထမ်းများသည် ယခင်က ရှိခဲ့သော ကုတင်(၂၅) လုံးဆန့် ဆေးရုံဟောင်းဝန်းထဲတွင် စနစ်တကျ မရှိ၊ ဝန်ထမ်းအိမ်ရာပုံစံမဟုတ်ပဲ ဆေးရုံအခန်းများအား ကာရံ၍ ဝန်ထမ်းများအနေဖြင့် ဖြစ်သလို နေထိုင်ကြရပါသည်။ ကုတင်(၁၀၀)ဆေးရုံအဖြစ် အဆင့်တိုးမြှင့် သောအခါ ဝန်ထမ်းအချို့သည် ကုန်းပေါ်ရှိ ကုတင်(၁၀၀)ဆေးရုံဝန်းရှိ ဝန်ထမ်းအိမ်ရာတွင်နေထိုင်ပြီး တချို့မှာ ကုတင် (၂၅)လုံးဆံ့ဆေးရုံဟောင်းထဲတွင် ကျန်ရှိနေခဲ့ကြပါသည်။ ဆေးရုံဝန်ထမ်းများအား ဝန်ထမ်း အိမ်ရာ ဆောက်လုပ်ပေးပါက အဆင့်မြင့် ကုတင်(၁၀၀)ဆေးရုံကြီးထဲတွင် ဆောက်လုပ်နိုင်မည့် မြေနေရာလည်း အဆင်သင့် ရှိပြီးဖြစ်ပါသည်။ လူနာများ၏ အရေးတကြီးကိစ္စရှိပါက တစ်မိုင်နီးပါးရှိ ဆေးရုံ ဟောင်းအတွင်းမှ ဆရာဝန်၊ ဆရာမများအား ခေါ်ယူရခြင်းမှာလည်း အချိန်ကုန်၍ လူနာအတွက် နစ်နာမှု များလည်းဖြစ်ပေါ်နိုင်ပါသည်။ သို့ပါ၍ ကုတင်(၁၀၀)ဆေးရုံကြီးအတွင်းရှိ မြေကွက်လပ်တွင် ကုတင် (၂၅)လုံးဆံ့ဆေးရုံဟောင်းထဲမှ ဝန်ထမ်းများအား ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းဖြစ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ရွှေကျင်မြို့ပေါ်ရှိ စည်ပင်သာယာဈေးကြီးသည် (၁၉၅၆)ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ဈေးရုံ(၉)ရုံ၊ ဆိုင်ခန်းပေါင်း(၄၃၈)ခန်း၊ မြေအကျယ်အဝန်း(၁. ၃)ဧကရှိပါသည်။ နှစ်များစွာကြာပြီဖြစ်၍ ဈေးရုံများမှာလဲ ပျက်စီး ယိုယွင်းလျက်ရှိပါသည်။ မြေနေရာကျဉ်းသဖြင့် ဈေးသည်အများစုမှာ လူသွား လမ်းတွင်လည်းကောင်း ဈေးဗန်းများချထား၍ ဈေးဝယ်သူများသွားရေးလာရေးခက်ခဲလျက်ရှိပါသည်။

ထို့ပြင်တောင်ငူ၊ စစ်တောင်း၊ မုပ္ပလင်လမ်းပေါ်တွင်တည်ရှိပြီး နောင်တချိန်ကားသွားကားလာများရှုပ်ထွေးပြီး အလွန်အန္တရာယ်များသော နေရာတွင်တည်ရှိနေပါသည်။ ကျိုက်ထို၊ သိမ်ဇရပ်၊တောင်ငူထိ ဆက်သွယ်ထားသော အာဆီယံလမ်းပေါ်တည့်တည့်တွင်လည်းကျရောက်နေပါသည်။ နွေအခါတွင် လောင်စာပုံသဖွယ်ဖြစ်နေပြီး ဈေးနှင့်နီးသော အိမ်များမှာလည်း မီးတလန့်လန့် ဖြစ်နေရပါသည်။ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းလှပသောစည်ပင်သာယာရေးဈေးအဖြစ် ပြန်လည်တည်ဆောက်လိုပါကြောင်း ပြည်သူအများစုမှ ပြောကြားလာပါသည်။ ကုတင်(၂၅) လုံးဆံ့ဆေးရုံဟောင်းသည် မြေဧကအားဖြင့် (၅)ဧကခန့်ရှိပါသည်။ ကုတင်(၁၀၀)ဆံ့ ဆေးရုံဝန်ထမ်းများအား ကုတင်(၁၀၀)ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးပါက ၎င်းဆေးရုံဝန်းမြေနေရာသည် ဘက်စုံသုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် ဆေးရုံဟောင်း မြေနေရာအား မြို့နယ်စည်ပင်သာယာဈေးတည်ဆောက်နိုင်ပါရန် ကျန်းမာရေးဌာနမှ စွန့်လွှတ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်လှလှဝင်းမေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့နယ်၊ ပျဉ်ရေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပျဉ်ရေကျေးရွာသည်သံဆိပ် ကျေးလက်ကျန်းမာရေးဌာန၊ ဝိုင်ပြင်ရေကျေးလက် ကျန်းမာရေးဌာနခွဲအောက်တွင် ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွဲ့စည်းပုံမရှိသေးပါ။ ပျဉ်ရေကျေးရွာတွင် လူဦးရေ (၁၈၂၀) ဦး၊ အိမ်ခြေ (၃၆၇) အိမ်ရှိပြီး ရွှေကျင်မြို့နယ်၊ ပြည်သူ့ဆေးရုံနှင့် (၁၆)မိုင်ခွဲ၊ သံဆိပ်ကျေးလက်ကျန်းမာရေးဌာနနှင့် (၆)မိုင်ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာလည်း သွားလာရန် ခက်ခဲပါသည်။

သို့သော်ပျဉ်ရေကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲဖွဲ့စည်းပုံမရှိသေးပါသဖြင့် ယခုရှိနေသော ဝိုင်ပြင်ရေကျေးလက်ကျန်းမာရေးဌာနခွဲကိုသာ ကျေးလက်ကျန်းမာရေးဌာနအဆင့် တိုးမြှင့်ပါက ပိုမိုသင့်တော်မည်ဖြစ်ပါသည်။ ကျေးလက်ကျန်းမာရေးဌာန အဆင့်တိုးမြှင့်ပြီးပါက ပျဉ်ရေကျေးရွာ အပါအဝင် ကျေးရွာပေါင်း (၁၇)ရွာအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝိုင်ပြင်ရေကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရွှေကျင်မြို့ပေါ်ရှိ စည်ပင်သာယာဈေးကြီးအား ရွှေ့ပြောင်း၍ ကောင်းမွန်သော စည်ပင်သာယာဈေးကြီး တည်ဆောက်နိုင်ရန်အတွက် မြေနေရာချထားပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်၏ (၆. ၃. ၂၀၁၇) ရက်စွဲပါ စာအမှတ်-စဆရ / ၃၀-ပခ / ၂၀၁၇-၀၅ / ၀၂၀ အရ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်မဲဆန္ဒနယ် ကြယ်ပွင့်မပြမေးခွန်းအရ ရွှေကျင်မြို့နယ်စည်ပင်သာယာရေး ဈေးနေရာကို (၁၆)ခုတင်ဆံ့ဆေးရုံမြေပေါ်တွင် ပြောင်းရွှေ့နေရာချထားပေးရန်အစီအစဉ်ရှိ/မရှိ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ညှိနှိုင်း၍ မေးမြန်းချက်အပေါ် ဤရုံး၏ (၂၈. ၃. ၂၀၁၇) ရက်စွဲပါစာအမှတ်-၁၅၈၂ /ပခတ-ကုသရေး / ထွေ / ၂၀၁၇ အရ ပထမအကြိမ် တင်ပြထားခဲ့ပြီး ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၁. ၆. ၂၀၁၇)ရက်စွဲပါ စာအမှတ်-၅/၃-၄ / ဦး ၇(၀၀၇၃) အရ ရွှေကျင်မြို့ဆေးရုံဟောင်းမြေနေရာအား မြို့နယ်စည်ပင်သာယာဈေး တည်ဆောက်နိုင်ရေးနှင့် ပတ်သက်၍ စွန့်လွှတ်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ မေးမြန်းလာမှုအပေါ် ဤရုံး၏ (၂၃. ၆. ၂၀၁၇) ရက်စွဲပါစာအမှတ်- ၂၆၇၃/ ပခတ-ကုသရေး / ထွေ / ၂၀၁၇ အရ ဒုတိယအကြိမ် ထပ်မံတင်ပြထားပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ကုတင်(၁၀၀)ဆေးရုံကြီးမှ ဆေးရုံဝန်ထမ်းများအတွက် ဝန်ထမ်း အိမ်ရာများကို စနစ်တကျဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၁. ၆. ၂၀၁၇) ရက်စွဲပါစာအမှတ်၊၅/၃-၄/ဦး ၇ (၀၀၇၃)အရ ခုတင်(၁၀၀) ဆေးရုံကြီးအတွင်းရှိ မြေကွက်လပ်တွင် (၂၅) ကုတင်ဆံ့ ဆေးရုံဟောင်းထဲမှ ဝန်ထမ်းများအား ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ခြင်း အစီအစဉ်ရှိ/ မရှိ မေးမြန်းလာမှုအပေါ် ဤရုံး၏ (၂၃. ၆. ၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၂၆၇၄/ပခတ-ကုသရေး/ ထွေ/ ၂၀၁၇အရ ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ရွှေတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်**။ ။လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်-

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်၏ (၁. ၃. ၂၀၁၇)နေ့မှ (၃၁. ၅. ၂၀၁၇) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများကို တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီး(၃)ဦးတို့ဖြင့် အမှုများကြားနာစစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် စစ်ဆေးစီရင်ခဲ့သော ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ (၁. ၃. ၂၀၁၇)နေ့ စာရင်းဖွင့်လက်ကျန်မှာ (၄၁၇)မှုဖြစ်ပြီး စွဲဆိုတင်ပို့မှုမှာ (၉၀) ဖြစ်၍ စစ်ဆေးရန်ကျန်ရှိသည့်အမှုပေါင်းမှာ (၅၀၇)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၃၁)မှု ဖြစ်သဖြင့် (၃၁. ၅. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ(၃၇၆)မှုဖြစ်ပါတယ်။

ဆက်လက်၍ တရားမမှုခင်းများနှင့် ပတ်သက်လို့တင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ( ၁. ၃. ၂၀၁၇ )နေ့တရားမမှုခင်း စာရင်းဖွင့်လက်ကျန်မှာ (၃၁၄)မှုဖြစ်ပြီး စွဲဆိုတင်ပို့မှုမှာ (၁၀၅)မှု ဖြစ်သဖြင့် စစ်ဆေးရန်ရှိသည့်အမှုပေါင်းမှာ (၄၁၉)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု မှာ(၁၂၀)မှုဖြစ်သဖြင့် ( ၃၁. ၅. ၂၀၁၇ )ရက်နေ့ စာရင်းပိတ်လက်ကျန် မှာ (၂၉၉)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုများနှင့်တရားမမှုများကို စုစုပေါင်းဖော်ပြရလျှင် (၁. ၃. ၂၀၁၇)နေ့စာရင်းဖွင့် လက်ကျန်မှာ (၇၃၁)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုပေါင်းမှာ(၁၉၅)မှုဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်း (၉၂၆)မှု ရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၂၅၁)မှု ဖြစ်သဖြင့် (၃၁. ၅. ၂၀၁၇) ရက်နေ့စာရင်းပိတ်လက်ကျန်အမှုမှာ (၆၇၅)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ(၁၂၈%) ရှိကြောင်းတင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများရဲ့ တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်တရားရုံး၊ တောင်ငူခရိုင် တရားရုံး၊ ပြည်ခရိုင်တရားရုံး၊ သာယာဝတီခရိုင် တရားရုံးများမှ စီရင်ခဲ့သည့် (၁. ၃. ၂၀၁၇) ရက်နေ့မှ (၃၁. ၅. ၂၀၁၇) ရက်နေ့အထိ ကာလအတွင်း စစ်ဆေးစီရင်ခဲ့သော ရာဇဝတ်မှုများနှင့် တရားမမှုများစစ်ဆေး ကြားနာစီရင်နိုင်မှု အခြေအနေကို တင်ပြပါမယ်။

ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ ခရိုင်တရားရုံးများ၏ (၁. ၃. ၂၀၁၇)ရက်နေ့ စာရင်းဖွင့် လက်ကျန်မှာ(၄၂၅)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုပေါင်းမှာ (၃၂၂)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၇၄၇) ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု(၂၉၅)မှု ဖြစ်သောကြောင့် (၃၁. ၅. ၂၀၁၇)ရက်နေ့

စာရင်းပိတ်လက်ကျန်မှာ (၄၅၂)မှု ရှိပါတယ်။

တရားမများနှင့်စပ်လျဉ်း၍ (၁. ၃. ၂၀၁၇) ရက်နေ့ စာရင်းဖွင့် လက်ကျန်မှာ(၁၁၄၇)မှုဖြစ်ပြီး စွဲဆို တင်ပို့သည့်အမှုမှာ (၃၀၂)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၁၄၄၉)မှုရှိပါတယ်။ စစ်ဆေး ပြီးပြတ်မှုမှာ(၂၆၂)မှု ဖြစ်သောကြောင့် (၃၁. ၅. ၂၀၁၇)ရက်နေ့ စာရင်း ပိတ်လက်ကျန်မှာ (၁၁၈၇)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုနှင့်တရားမမှု စုစုပေါင်းကို ဖော်ပြရလျှင် (၁. ၃. ၂၀၁၇)ရက်နေ့ စာရင်းဖွင့်လက်ကျန်မှာ (၁၅၇၂)မှု ဖြစ်ပြီးစွဲဆို တင်ပို့သည့်အမှုမှာ (၆၂၄)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၂၁၉၆)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၅၅၇)မှုဖြစ်သဖြင့် (၃၁. ၅. ၂၀၁၇) ရက်နေ့စာရင်းပိတ်လက်ကျန်မှာ (၁၆၃၉)မှုဖြစ်ပါ တယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ( ၈၉% )ရှိကြောင်းတင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး (၂၈)ရုံးတွင် ရာဇဝတ်ဆိုင်ရာအမှုများနှင့် စပ်လျဉ်း၍ (၁. ၃. ၂၀၁၇) ရက်နေ့ စာရင်းဖွင့်လက်ကျန် အမှုမှာ(၄၂၂၉)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၁၃၃၂၀)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၁၇၅၄၉)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၃၀၀၉)မှု ဖြစ်သောကြောင့် (၃၁. ၅. ၂၀၁၇)ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၄၅၄၀)မှုဖြစ်ပါတယ်။

တရားမမှုများနှင့်စပ်လျဉ်း၍ (၁. ၃. ၂၀၁၇) ရက်နေ့ စာရင်းဖွင့်လက်ကျန်အမှုမှာ (၂၈၉၅)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၁၁၂၄)မှုဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်းမှာ (၄၀၁၉)မှု ဖြစ်ပါတယ်။စစ်ဆေး ပြီးပြတ်မှုမှာ (၈၂၇)မှုဖြစ်သဖြင့် (၃၁. ၅. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ(၃၁၉၂)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုများနှင့် တရားမမှုများကို စုပေါင်းဖော်ပြရလျှင် (၁. ၃. ၂၀၁၇) ရက်နေ့ စာရင်းဖွင့် လက်ကျန်အမှုပေါင်းမှာ(၇၁၂၄)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၁၄၄၄၄)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၂၁၅၆၈)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၁၃၈၃၆)မှု ဖြစ်သောကြောင့် (၃၁. ၅. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၇၇၃၂)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ (၉၆%) ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ စွဲဆိုသော အမှုမှာ အစီရင်ခံသည့်ကာလ အတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၄၈)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုမှာ(၂၁)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၆၉)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၃)မှုဖြစ်သောကြောင့် (၃၁. ၅. ၂၀၁၇) ရက်နေ့စာရင်းပိတ်လက်ကျန်မှုမှာ (၅၆)မှုဖြစ်ပါတယ်။

၁၉၈၆ ခုနှစ် လောင်းကစားဥပဒေအရစွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့် လက်ကျန်အမှုပေါင်းမှာ(၂၃၁)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၈၈)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှု ပေါင်းမှာ (၃၁၉)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၆၈)မှု ဖြစ်သောကြောင့် (၃၁. ၅. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၂၅၁)မှု ဖြစ်ပါတယ်။

၂၀၀၅ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ စွဲဆိုသောအမှုမှာ အစီရင်ခံသည့် ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ (၆) မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၂)မှုဖြစ်၍ စစ်ဆေး စီရင်ရန် ရှိသည့်အမှုပေါင်းမှာ(၈)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (-)မှုဖြစ်သောကြောင့် (၃၁. ၅. ၂၀၁၇)

ရက်နေ့စာရင်းပိတ်လက်ကျန်မှုမှာ (၈)မှု ဖြစ်ပါတယ်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ အရမုဒိမ်းမှုဖြင့်စွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၈၂)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၆၈)မှုဖြစ်၍ စစ်ဆေးစီရင်ရန် ရှိသည့်အမှု ပေါင်းမှာ(၁၅၀)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၂၈)မှုဖြစ်သော ကြောင့် (၃၁. ၅. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ(၁၂၂)မှု ဖြစ်ပါတယ်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ လူသတ်မှုဖြင့်စွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၇၈)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၃၂)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှု ပေါင်းမှာ(၁၁၀)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၂၅)မှုဖြစ်သောကြောင့် (၃၁. ၅. ၂၀၁၇) ရက်နေ့စာရင်းပိတ်လက်ကျန်မှုမှာ (၈၅)မှု ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၈) မြို့နယ်မှာ ဖြစ်ပွားတဲ့ မော်တော်ယာဉ်ဥပဒေကို ဖောက်ဖျက် ကျူးလွန်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှု (၇၃၅၃)မှုနှင့် နေ့ချင်းပြီးအခြားရာဇဝတ်မှု (၂၆၃၃)မှုများကို စစ်ဆေးစီရင်ခဲ့ပါတယ်။ အစီရင်ခံသည့်ကာလအတွင်း သက်သေဦးရေ (၁၈၆၂၂)ဦး စစ်ဆေးခဲ့ပြီး သက်သေစရိတ်ငွေ (၅၅၇၁၈၀၀/-) ကျပ်ထုတ်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဆက်လက်ပြီး တရားစီရင်ရေးလုပ်ငန်းနဲ့ တရားရုံးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်းနဲ့ ပတ်သက်လို့ တင်ပြပါမယ် ။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများနဲ့ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင် တရားသူကြီးများသည် တရားရုံးများလက်စွဲအပိုဒ် ၉၉၇အရ ပုံမှန်စစ်ဆေးခြင်းနဲ့ ရှောင်တခင်စစ်ဆေးခြင်း များကို အစီရင်ခံတဲ့ကာလအတွင်းရုံး စစ်ဆေးရေးစီမံချက်နဲ့အညီ တာဝန်ခွဲဝေချထားတဲ့ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါကြောင်း တင်ပြအပ် ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် (၅/ ၂၀၁၃) နှင့်အညီ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက (၉. ၃. ၂၀၁၇) နေ့တွင်တောင်ငူမြို့၊ ၄ မိုင်ရဲဘက်စခန်းအားလည်းကောင်း၊ တရားလွှတ်တော်တရားသူကြီး ဦးတင်ဟုန်က (၁၀. ၃. ၂၀၁၇)နေ့တွင် ဒိုက်ဦးမြို့၊ ကျိုက်စကော မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား လည်းကောင်း၊ တရားလွှတ်တော်တရားသူကြီး ဦးမောင်မောင်အေးက (၁၀. ၃. ၂၀၁၇)နေ့တွင် ရွှေမြယာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက (၂၈. ၅. ၂၀၁၇)နေ့တွင် ပန်းတောင်းမြို့မရဲစခန်းအချုပ်အား လည်းကောင်း သွားရောက်စစ်ဆေးခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ် ဦးမောင်မောင်ရွှေမှ (၉. ၃. ၂၀၁၇)နေ့တွင် တောင်ငူခရိုင်၊ ခရိုင်အတွင်းရှိ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်တို့အားလည်းကောင်း၊ (၁၅. ၃. ၂၀၁၇) နေ့တွင် ပြည်ခရိုင်အတွင်းရှိ ပေါက်ခေါင်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ သာယာဝတီခရိုင်အတွင်းရှိ နတ်တလင်း မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ (၁၀. ၄. ၂၀၁၇)နေ့တွင် ပဲခူးခရိုင်အတွင်းရှိ ကျောက်တံခါးမြို့နယ်၊

ရွှေကျင်မြို့နယ်၊ (၂၀. ၄. ၂၀၁၇)နေ့တွင် သနပ်ပင်မြို့နယ် တရားရုံးများသို့လည်းကောင်း၊ (၂၈. ၅. ၂၀၁၇) နေ့တွင် ပြည်ခရိုင်နှင့် ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်တရားရုံးများသို့ ရှောင်တခင်သွားရောက်ပြီး ရုံးသန့်ရှင်းမှုအခြေအနေ၊ ရုံးလုံခြုံရေးထားရှိမှု၊ ရုံးလုပ်ငန်းများနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ၊ Intake Counter ၊ Information Center ထားရှိမှုအခြေအနေများကိုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခြင်း၊ မှာကြားခြင်းအပေါ်လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ ပြန်လည်စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးတင်ဟုန်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်ဆန်းတို့မှ (၁၃. ၅. ၂၀၁၇) နေ့တွင် တောင်ငူခရိုင်တရားရုံးအား တရားရုံးများလက်စွဲအပိုဒ်-၉၉၇ အရ ပုံမှန် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကိုလည်းလမ်းညွှန်မှာကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်လို့ တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ် တရားရုံးများရဲ့ ဝန်ထမ်းအင်အား အခြေအနေကို တင်ပြရမယ်ဆိုလျှင် တရားရေးအရာရှိ ခွင့်ပြုအင်အားမှာ (၁၄၇) ဦးဖြစ်ပြီး လက်ရှိအင်အားမှာ (၁၁၆) ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၃၅) ဦးဖြစ်ပါတယ်။ သို့သော် ပဲခူးခရိုင်တရားရုံးတွင် အရာရှိ(၂)ဦး၊ ပဲခူးမြို့နယ်တရားရုံး၌ အရာရှိ (၂)ဦး၊ စုစုပေါင်း(၄)ဦးပိုလျှံခန့်ထား၍ လစ်လပ်အင်အားမှာ (၃၁)ဦးသာရှိပါကြောင်း၊ အခြားအဆင့် ဝန်ထမ်းခွင့်ပြုအင်အားမှာ (၅၈၃) ဦးဖြစ်ပြီး လက်ရှိအင်အားမှာ (၃၈၁) ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၂၀၂) ဦးဖြစ်ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ဝန်ထမ်းများအပေါ်အရေးယူ အပြစ်ပေးခြင်းနှင့်ပတ်သက်၍ မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်မှကြီးမှူး၍ စာရေးဝန်ထမ်း များအဆင့်မြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၇)သင်တန်းများအား ပဲခူးခရိုင်တရားရုံး၌ (၆. ၅. ၂၀၁၇)နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်မှ ဖွင့်လှစ်ပေးပြီး သင်တန်းသား/သူ (၂၈)ဦး တက်ရောက်ခဲ့ကြပါတယ်။ (၂၀. ၅. ၂၀၁၇)နေ့တွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်မှ သင်တန်းသား/သူများနှင့် ပဲခူးတိုင်း ဒေသကြီးတရားလွှတ်တော်အတွင်းရှိ ခရိုင်နှင့်မြို့နယ်တရားသူကြီးများအား Customer Service ဆင့်ပွားပို့ချမှုသင်တန်းအားဖွင့်လှစ်ပေးပြီး ဆင့်ပွားပို့ချမှုအား ဒေါ်အေးအေးမြင့် (ဒုတိယ ညွှန်ကြားရေးမှူး) မှဆောင်ရွက်ခဲ့ပါတယ်။ (၂၈. ၅. ၂၀၁၇) နေ့တွင် သင်တန်းအမှတ်စဉ် (၁/၂၀၁၇)အား တရားလွှတ်တော်တရားသူကြီး ဦးတင်ဟုန်မှ လိုအပ်သည်များလမ်းညွှန် မှာကြားပြီး သင်တန်းဆင်းပွဲအား ဆောင်ရွက်ခြင်း၊ သာယာဝတီခရိုင် တရားရုံးတွင် (၆. ၅. ၂၀၁၇)နေ့၌ တရားလွှတ်တော်တရားသူကြီး ဒေါ်လွင်လွင်အေးကျော်မှ သင်တန်းဖွင့်လှစ်ပြီး သင်တန်းသား/သူ (၂၄)ဦး တက်ရောက်စေကာ သင်တန်းဆင်းပွဲအား (၂၈. ၅. ၂၀၁၇) နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်မှ လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး သင်တန်းဆင်းပွဲအားဆောင်ရွက်ခဲ့ခြင်း၊ ပြည်ခရိုင်တရားရုံးတွင် (၆. ၅. ၂၀၁၇) နေ့တွင် တိုင်းဒေသကြီးတရားရေး ဦးစီးမှူး ဦးမြင့်ဆန်းမှ သင်တန်းဖွင့်လှစ် ပြီး သင်တန်းသား/သူ (၂၅)ဦး တက်ရောက်ကာ (၂၈. ၅. ၂၀၁၇) နေ့တွင် ပဲခူးတိုင်းဒေသကြီးတရား လွှတ်တော်

တရားသူကြီးချုပ်မှ လိုအပ်သည်များ ကိုလမ်းညွှန်မှာကြားပြီး သင်တန်းဆင်းပွဲအားပြုလုပ်ခဲ့ပါတယ်။ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ အဆင့်ရရှိခဲ့သည့် ထူးချွန်သောသင်တန်းသား/ သူများကိုလည်း ဆုများချီးမြှင့်ပေးခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်မှ (၂၅. ၃. ၂၀၁၇)နေ့တွင် အမှုလက်ကျန်ကျဆင်းစေရန်နှင့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး၏ တရားစီရင်ရေးဆိုင်ရာများကိုလည်း ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်မှ အရာရှိများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့် ဒုတိယမြို့နယ်တရား သူကြီးများသို့ မှာကြားဆွေးနွေးခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားလွှတ်တော်ရှိ အရာထမ်း၊ အမှုထမ်းများနှင့်လည်း ဆန္ဒဖော်ထုတ်ပွဲ အစည်းအဝေးကို ပြုလုပ်လျှက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း ဆန္ဒဖော်ထုတ်ပွဲ (၂)ကြိမ်ပြုလုပ်ခဲ့ပါတယ်။ (၁၄. ၃. ၂၀၁၇)နေ့တွင် ပဲခူး တိုင်းဒေသကြီးတရားလွှတ်တော်ရုံး၌ နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေး အတွက်သရုပ်ပြအစီအစဉ်ကိုပြုလုပ်ခဲ့ရာ အရာထမ်း၊ အမှုထမ်း(၆၀)ဦး၊ မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်(၅)ဦး တက်ရောက်ခဲ့ပြီး အရာထမ်း၊ အမှုထမ်းများမှ မီးသတ်ဗူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ပုံများကို ဆောင်ရွက်ခဲ့ကြပါတယ်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ပဲခူးခရိုင်၊ ပဲခူးမြို့နယ် တရားရုံးရှိ ဝန်ထမ်းများမှ အပတ်စဉ်သောကြာနေ့တိုင်း ရုံးတွင်းရုံးပြင် သန့်ရှင်းလှပစေရန် စုပေါင်းသန့်ရှင်းရေးလုပ်ကိုင်ခြင်း၊ သစ်ပင်ပန်းပင်များစုပေါင်းစိုက်ပျိုးခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းပြုလုပ်ကြပြီး၊ တနင်္လာနေ့တိုင်းတွင်လည်း ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးရှိ ဘုရားခန်းတွင် ဝန်ထမ်းများစုပေါင်း၍ ဓမ္မစကြာ၊ ပရိတ်ကြီး(၁၁)သုတ်၊ ပဋ္ဌာန်းတရားတော်များအား ရွတ်ဖတ်ပူဇော်ခြင်း ပြုလုပ်လျက်ရှိပါတယ်။

(၄. ၅. ၂၀၁၇) နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ဧည့်ခန်းမတွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် My Justice အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Caitlin Reiger ၊ တရားမျှတမှု လက်လှမ်းမီရေးအရာရှိ Susan Lee ၊ အဖွဲ့ဝင် ဦးဟန်ဇာထွန်းတို့မှ မြန်မာနိုင်ငံရှိပြည်သူများ (အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများ)ကို အသိပညာ၊ ယုံကြည်မှု၊ အခွင့်အလမ်းများရရှိစေရန်အတွက် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

နိဂုံးချုပ်အနေနဲ့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုကိုခံယူ၍ တိုင်း / ခရိုင်/မြို့နယ်တရားရုံးအဆင့်ဆင့်တို့အား ၂၀၁၅-၂၀၁၇ ခုနှစ် မဟာဗျူဟာစီမံကိန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် တရားရုံးသို့ လာရောက်သူများအား ဝန်ဆောင်မှုကောင်းများရရှိစေရန်အတွက် ဝန်ထမ်းများအား ကြီးကြပ်မှု၊ လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ရန်၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းစေရန် မှုခင်းများအား ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် ထိရောက်စွာစစ်ဆေး ဆောင်ရွက်ကြရန်အတွက်လည်းကောင်း၊ အဂတိလိုက်စားမှုမရှိစေရေးအတွက်လည်းကောင်း အနီးကပ် ကြီးကြပ်လမ်းညွှန်ဆောင်ရွက်လျှက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။**ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ ၂၀၁၇ခုနှစ် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း အစီရင်ခံစာ နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၏ ရေးရာကော်မတီ ကိစ္စရပ်များအား တင်ပြတိုင်ကြားလာခြင်းနှင့် ပြည်သူလူထု၏ ရေးရာကော်တီနှင့် သက်ဆိုင်သော အကျိုးပြုဆောင်ရွက်ရမည့် လုပ်ငန်းများအား ထိန်းညှိပူးပေါင်း ကူညီ ဆောင်ရွက်မှုများကို ရေးရာကော်မတီ (၂/၂၀၁၇)အစီရင်ခံစာအဖြစ် ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများအစီရင်ခံစာ**

**အလုပ်သမားရေး**

- (၂၈. ၃. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီသည် ဗဟိုအလုပ်သမား ခုံသမာဓိအဖွဲ့ဝင် ဦးရဲနိုင်ဝင်းနှင့်အတူ ပြည်နဝဒေး အမှတ်(၁၂) သကြားစက် ဓမ္မာရုံတွင် စက်ရုံရှိအလုပ်သမားများနှင့် တွေ့ဆုံရန် သွားရောက်ခဲ့ပါသည်။ ထိုတွေ့ဆုံပွဲသို့ ပြည်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ချစ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးဇေညီညီနိုင်၊ မြို့နယ်အလုပ်သမား လူမှုဖူလုံရေးအဖွဲ့ ဦးစီးမှူး ဒေါ်ချောယုယုဝင်း၊ နဝဒေးသကြားစက် ဒု-စက်ရုံမှူး ဒေါ်နီနီမော်၊ စက်မှုကြီးကြပ် ဦးကျော်နိုင်၊ စက်ရုံလုပ်သား (၂၀၀)ကျော်တို့ တက်ရောက်ကြပါသည်။ တွေ့ဆုံပွဲကို နံနက် (၉း၃၀)မှ နေ့လည် (၁၂း၃၀)ထိ တစ်ကြိမ်၊ နေ့လည် (၁း၃၀)မှ ညနေ (၄း၀၀)နာရီထိ တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ်ကျင်းပ၍ အလုပ်ရှင် အလုပ်သမား အခွင့်အရေးကိစ္စ၊ အလုပ်သမား လူမှုဖူလုံရေးကိစ္စ၊ အလုပ်ရှင် အလုပ်သမား ပေါင်းစပ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးကိစ္စများ ဆွေးနွေးမေးမြန်း ဟောပြောခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။
- (၇. ၄. ၂၀၁၇)ရက်နေ့တွင် နံနက် (၁၀)နာရီအချိန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် လွှတ်တော်ရေးရာကော်မတီ အစည်းအဝေးခန်းမတွင် ပဲခူးမြို့နယ်ရှိ စက်ရုံအသီးသီးမှ အလုပ်သမား ကိုယ်စားပြုများ

ဗဟိုအလုပ်သမား ခုံသမာဓိ အဖွဲ့ဝင်များ အလုပ်သမားရေးရာ ဆက်ဆံရေး တိုင်းဦးစီးမှူး ဒေါ်ဇင်ကေသွယ်နှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်သန်းသန်းဌေး၊ အလုပ်သမား ဥပဒေရုံး တိုင်းဦးစီးအရာရှိ ဒေါ်မြစန်းရီနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်စုဝေဝေဖြိုး၊ မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးမှူး ဒေါ်ခင်စန်းမြင့်၊ မြို့နယ်လူမှုဖူလုံရေးဦးစီးအရာရှိ ဒေါ်စန်းစန်းနွယ်တို့ တွေ့ဆုံ၍ အလုပ်သမားများ၏ တွေ့ကြုံရသည့်အခက်အခဲများအား ညှိနှိုင်းပူးပေါင်းဖြေရှင်း ပေးနိုင်ရေးဆွေးနွေးကြပါသည်။

- (၁၃. ၆. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီး အလုပ်သမားဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ပဲခူးမြို့နယ် လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံ ဒေါ်စန်းစန်းနွယ် (ဌာနဆိုင်ရာ ၂ခုနှင့် ပူးပေါင်း၍) (၁) Bell Mart (Myanmar) အထည်ချုပ်စက်ရုံ (၂) Great Men (Mnanmar) အထည်ချုပ်စက်ရုံ၊ (၃) Kirisma Apparel (Myanmar) အထည်ချုပ် စက်ရုံများသို့ ကွင်းဆင်း စီစစ်ဆောင်ရွက်ခဲ့ပါသည်။ စက်ရုံများတွင် အလုပ်ရှင် အလုပ်သမား ပူးပေါင်းညှိနှိုင်းကော်မတီ ဖွဲ့စည်းနိုင်ရေး အလုပ်ရှင် အလုပ်သမား ပြဿနာများ၊ မပြေလည်မှုများ၊ ပဋိပက္ခများကို စက်ရုံအလုပ်ရုံ များတွင် အောက်ခြေ၌ ပြေလည်အောင် ညှိနိုင်ဖြေရှင်းနိုင်ရန် အလုပ်သမားထုကိုယ်စားလှယ် အစစ်အမှန်ပေါ်ထွက်လာရေး စက်ရုံရှိ အလုပ်သမားများ လုပ်သားအင်အား အချိုးအစားအရ အလုပ်သမားကိုယ်စားလှယ် နှစ်ဦးထက် ပိုမို၍ အရန် အလုပ်သမားကိုယ်စားလှယ် ထပ်မံတိုးချဲ့ ဖွဲ့စည်းပေးရန်၊ စက်ရုံတွင်းရှိ ဆေးခန်း သူနာပြု ထားရှိမှုအခြေအနေများအား စိစစ်လှည့်လည် ကြည့်ရှုခဲ့ပါသည်။
- (၁၄. ၆. ၂၀၁၇)ရက်နေ့ နံနက် (၁၀း၁၅)အချိန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီဝင်များ ပဲခူးတိုင်း မြို့နယ် အလုပ်သမားရေးရာဆက်ဆံရေး တိုင်းဦးစီးအရာရှိနှင့် ပဲခူးမြို့နယ် လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံ ဒေါ်စန်းစန်းနွဲ့ (ဌာနဆိုင်ရာ နှစ်ခုတို့နှင့်ပူးပေါင်း၍(၁) SHINSUNG အထည်ချုပ်စက်ရုံ၃၊ (၂) SHINSUNG အထည်ချုပ်စက်ရုံ -၄၊ (၃) KM Healthcare Myanmar Co.Ltd စက်ရုံများသို့ ကွင်းဆင်း စီစစ်ဆောင်ရွက်ခဲ့ပါသည်။ စက်ရုံများတွင် အလုပ်ရှင် အလုပ်သမား ပူးပေါင်းညှိနှိုင်းကော်မတီ ဖွဲ့စည်းနိုင်ရေး အလုပ်ရှင် အလုပ်သမားပြဿနာများ၊ မပြေလည်မှုများ၊ ပဋိပက္ခများကို စက်ရုံအလုပ်ရုံများတွင် အောက်ခြေ၌ ပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ရန် အလုပ်သမားထုကိုယ်စားလှယ် အစစ်အမှန်ပေါ်ထွက်လာရေး စက်ရုံရှိ အလုပ်သမားများ လုပ်သားအင်အား အချိုးအစားအရ အလုပ်သမားကိုယ်စားလှယ် နှစ်ဦးထက် ပိုမို၍ အရန်အလုပ်သမားကိုယ်စားလှယ် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန်၊ စက်ရုံတွင်းရှိ ဆေးခန်းသူနာပြုထားရှိမှုအခြေအနေများအား စိစစ်လှည့်လည် ကြည့်ရှုခဲ့ပါသည်။

**သုံးသပ်စိစစ်တွေ့ရှိချက်**

(၁၃. ၆. ၂၀၁၇)ရက်နေ့နှင့်(၁၄. ၆. ၂၀၁၇)ရက်နေ့များ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သော စက်ရုံ

များတွင် အောက်ပါအတိုင်းစိစစ်တွေ့ရှိပါသည်။

- စက်ရုံတိုင်းတွင် ကျန်းမာရေးစောင့်ရှောက်ရန် ဆေးခန်း၊ သူနာပြုများ ထားရှိခြင်း၊ (ရှေးဦးသူနာပြုစုခြင်းအဆင့်အနည်းဆုံးဆောင်ရွက်ထားပါသည်။) လိုအပ်ပါက ပြင်ပဆေးခန်းနှင့် လူမှုဖူလုံရေးဆေးရုံသို့ စေလွှတ်ပေးပါသည်။
- လူမှုဖူလုံရေးဦးစီးဌာနသို့ လူမှုဖူလုံရေးအလုပ်သမားအာမခံပေးသွင်းပြီး အလုပ်သမားစာရင်းအား မြင်သာသည့်နေရာတွင် ဖော်ပြပေးထားခြင်း။
- အလုပ်ရှင်အလုပ်သမား ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းနိုင်ရေးအား အလုပ်ရှင်ဘက်မှ အလုပ်သမားကိုယ်စားလှယ်အစစ်အမှန်များကို အလုပ်သမားကိုယ်စားပြု ရွေးချယ်ပေးရန် သဘောတူညီချက်ရရှိသည့်အပြင် အလုပ်သမားအင်အားအရ အလုပ်သမားကိုယ်စားလှယ်နှစ်ဦးထက်ပို၍ အရန်ကိုယ်စားလှယ်ထားရှိပေးရန်၊ ထိုကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းပြီးကြောင်းကို (၃၀. ၆. ၂၀၁၇)ရက်နေ့နောက်ဆုံးထား ဖွဲ့စည်းပေးရန်သဘောတူညီချက်ရရှိပါသည်။

**ပညာရေး**

- (၂၉. ၃. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီအချိန် ပဲခူးတိုင်းဒေသကြီး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာကော်မတီဝင်များသည် အုတ်ဖိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များရုံးသို့ ရောက်ရှိ၍ ဒေသခံလွှတ်တော်ကိုယ်စားလှယ်ရုံးအဖွဲ့ဝင်များနှင့်တွေ့ဆုံခဲ့ပါသည်။ရုံးအဖွဲ့ဝင်များမှ ပညာရေးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အုတ်ဖိုမြို့နယ်၊ စာသင်ကျောင်းများ ဆောက်လုပ်နေသော ကုမ္ပဏီများ၏ ဆောက်လုပ်ထားမှုအခြေအနေများကို ဓါတ်ပုံ မှတ်တမ်းများနှင့် ရှင်းလင်းပြသခဲ့ပါသည်။ ထိုမှတစ်ဆင့် နံနက်(၁၁:၃၀)အချိန်တွင် ရေးရာကော်မတီဝင်များသည် အုတ်ဖိုမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ရုံးအဖွဲ့ဝင်များနှင့်ပေါင်းစပ်၍ ကိုင်းကလေးကျေးရွာ အ. ထ. က(ခွဲ) (၁၂၀×၃၀)ပေကျောင်းဆောင်သစ် ဆောက်လုပ်နေသော သူရိန်သစ္စာကုမ္ပဏီမှ ဒါရိုက်တာ၊ ကျေးရွာ ကျောင်းအကျိုးတော် ဆောင်များအား သွားရောက်တွေ့ဆုံပြီး ဆောက်လုပ်ထားသော ကျောင်းဆောင်သစ်အား ကြည့်ရှုစစ်ဆေးကြပါသည်။တင်ပြလာသောဒေသခံများ၏ တင်ပြချက်များအား မှတ်တမ်းများရယူ၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းအဖြေရှာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပေးခဲ့ပါသည်။
- (၆. ၄. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာကော်မတီသည် ရေးရာကော်မတီ၏ အစည်းအဝေးခန်းမတွင် နယ်မြေကွင်းဆင်းစိစစ်တွေ့ရှိချက်များအား ပြန်လည်သုံးသပ်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။
- (၂. ၅. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီအချိန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် တိုင်းရင်းသားရေးရာကော်မတီနှင့် ပူးပေါင်း၍ လွှတ်တော်အစည်းအဝေးခန်းမတွင် တိုင်းရင်းသားစာပေသင်

ဆရာ/မများကိစ္စ အလေးထားဆွေးနွေးကြပါသည်။

- (၃. ၅. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီအချိန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် တိုင်းရင်းသားလူမျိုးရေးရာကော်မတီနှင့်ပူးပေါင်း၍ တိုင်းပညာရေးဦးစီးဌာန တာဝန်ရှိသူများ တက်ရောက်ကာ ညှိနှိုင်းအစည်းအဝေးကို လွှတ်တော်ရေးရာခန်းမတွင် ကျင်းပကြပါသည်။ ထိုအစည်းအဝေးမှ တိုင်းရင်းသားစာပေ သင်ကြားပေးသောဆရာ/မများ လစဉ်ပုံမှန် ထောက်ပံ့ကြေးရရှိစေရန်၊ ဝန်ထမ်းခန့်ထားရာတွင် တိုင်းရင်းသားစာပေ သင်ကြားနိုင်သော ဆရာ/မများအား တိုင်းရင်းသားဒေသများတွင် ဦးစားပေးခန့်ထားပေးရန်နှင့် တိုင်းရင်းသားရွာများတွင် တာဝန်ချထားပေးရန်၊ ၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် တောင်ငူခရိုင်စာသင်ခုံပြုလုပ်ရေးကော်မတီ၏ခုံများ ပြန်လည်စိစစ်ပေးရန်တို့ကို ဆွေးနွေးကြပါသည်။ပညာရေးကိစ္စများအား ပူးပေါင်းဆောင်ရွက်ကြရန် ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ကြပါသည်။
- (၂၉. ၅. ၂၀၁၇)ရက်နေ့ နံနက် (၁၀း၀၀)နာရီချိန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဋ္ဌ ဦးကြည်ဇင်နှင့်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီဝင်များသည် ရေးရာကော်မတီအစည်းအဝေးခန်းမတွင် အုတ်တွင်းမြို့နယ်၊ အ. မ. က(မူလွန်) ငှက်ပျောတောကျေးရွာ ကျောင်းပိုင်မြေ အငြင်းပွားမှုနှင့်ပတ်သက်၍ ကြားနာခြင်းအခမ်းအနား ပြုလုပ်ခဲ့ပါသည်။ ထိုကြားနာခြင်းအခမ်းအနားသို့ အုတ်တွင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ အုတ်တွင်းမြို့နယ် ပညာရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ အ. မ. က(မူလွန်)ကျောင်းကော်မတီ မြေပိုင်ရှင် ဒေါ်ပွားစိန်တို့တက်ရောက် ကြားနာခဲ့ပါသည်။ထိုကြားနာပွဲအခမ်းအနားအား ဒုဥက္ကဋ္ဌ ဦးကြည်ဇင်မှ အဖွင့်အမှာစကားပြောကြားပေးပြီး သက်ဆိုင်ရာ မြို့နယ်မြေစာရင်း၊ ကျောင်းကော်မတီ၊ ကျောင်းအုပ်၊ ပညာရေးမှူးတို့မှ ဖြစ်စဉ်အား တင်ပြကြပါသည်။ မြေအငြင်းပွားသူ မြေပိုင်ရှင် ဒေါ်ပွားစိန်နှင့်အဖွဲ့မှလည်းဘဲ မိမိပိုင်ဆိုင်မှုအား တင်ပြကြပါသည်။ ညှိနှိုင်းဆောင်ရွက်နိုင်မှုမရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသော ဌာနမှ လိုအပ်သလို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အစီရင်ခံမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ရယူခဲ့ပါသည်။

**နိဂုံး**

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးရှိ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များကို လက်ရှိအစိုးရအဖွဲ့၏ စီမံဆောင်ရွက်ထားမှုများနှင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှုများကို ပေါင်းစပ်၍ ပြည်သူလူထုအား နွေးနွေးထွေးထွေး ဆက်ဆံမှုရရှိစေလိုခြင်း၊ ပြည့်ပြည့်ဝဝခံစားမှု ရရှိစေလိုခြင်းများကို ဆောင်ရွက်ညှိနှိုင်းပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။(ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။)

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို အမြန်ဆုံး ပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်း ကြောင်း" အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)များကို အမြန်ဆုံး ပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အဆိုတင်သွင်းရခြင်းရည်ရွယ်ချက်များကတော့-

- အခြေခံစာရင်းဇယားအချက်အလက်များမှန်ကန်စေရန်နှင့်
- အဂတိလိုက်စားမှုများ ပပျောက်စေရန် တို့ ဖြစ်ပါသည်။

အမြန်ဆုံးပြန်လည်စိစစ်သွားရန်ဆိုတာမှာ ပုံစံ(၇)လက်မှတ်အားလုံးကို ဆိုလိုပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇)များအား ယခင်အစိုးရသက်တမ်းအတွင်း (၂၀၁၃)ခုနှစ်က စီမံချက်ဖြင့် အချိန်(၃)လအတွင်း တစ်နိုင်ငံလုံးပြီးစီးအောင် လုပ်ခဲ့ရပါသည်။ ထိုအခါမှာ အချိန်မလုံလောက်ခြင်း ပြဿနာကြောင့် အဂတိတရားများကြောင့်လည်းကောင်း မှားယွင်းမှုများ ဖြစ်ခဲ့ရပါသည်။

မူလပိုင်ရှင်မသိဘဲ အခြားသူများက ဦးပိုင်အမှတ်ခွဲထုတ်၍ ပုံစံ(၇)များ ထုတ်ယူထားခြင်း၊ ဦးပိုင်တစ်ခုလုံးကို ပုံစံ(၇)ထုတ်ထားခြင်း၊ ဌာနဆိုင်ရာမြေများကိုလည်း ပုံစံ(၇)လက်မှတ်(၂)ခု ရှိနေခြင်း၊ လယ်တစ်ကွက်မှမရှိဘဲ ပုံစံ(၇) လက်ဝယ်ရှိနေခြင်း၊ ပုံစံ(၇)ရထားပြီးမြေများကို အခြားနည်းအသုံးချရန် လျှောက်ထားခွင့်ပြုမှုမရှိဘဲ အိမ်-ခြံကွက်ရိုက်၍ရောင်းချနေခြင်း၊ ပုံစံအမျိုးမျိုးဖြင့် အသုံးချနေခြင်း၊ အကြောင်းအရင်းခိုင်မာမှုမရှိဘဲ လယ်ယာမြေကို ချန်လှပ်ထားခြင်း၊ တစ်ချို့ရွာများတွင် မြစ်ချောင်း၊ ကမ်းပါးများပြို၍ လွန်ခဲ့သောနှစ်နှစ်ဆယ်ကျော်ကတည်းက လယ်ကွက်ထဲသို့ ဝင်ရောက်နေထိုင်သောအိမ်များ ၂၀၁၃ တွင် ပုံစံ(၇) ထွက်လာခြင်း၊ ကျေးရွာပိုင်ပလပ်မြေများ ပုံစံ(၇)ထွက်နေခြင်း၊ ဖုန်းဆိုးမြေများကို စိုက်ပျိုးစရိတ်ချေးရန်အတွက် ပုံစံ(၇) ထုတ်ပေးထားခြင်း၊ သစ်တောမြေများတွင် သစ်တောပယ်ဖျက်ခြင်း မရှိသေးဘဲ ပုံစံ(၇) ထုတ်ပေးထားခြင်း စသည့် မြေယာပြဿနာမျိုးစုံ ဖြစ်ပေါ်နေပါသည်။

ထို့ပြင် ရွာပတ်ဝန်းကျင်ရှိ ချောင်းမြေ၊ မြောင်းမြေ၊ ဆည်မြောင်းမြေများတွင်လည်း ထုတ်ပေးထားသောပုံစံ(၇)လက်မှတ်များ ရှိနေပါသည်။ ချောင်း၊ မြောင်းတိမ်ကောမှုကြောင့် ရေနစ်နေသည့် တောင်သူများက ချောင်း၊ မြောင်းတွေကို တူးဖော်စေချင်ပါသည်။ ချောင်း၊ မြောင်း မြေထဲမှာ ပုံစံ(၇)လက်မှတ်ရထားသည့် တောင်သူက ပုံစံ(၇)ရှိသည့်အတွက် တစ်လက်မမှမထိရဆိုပြီး ကန့်ကွက်နေသည့် ပြဿနာများ ကျွန်တော်တို့ ကြုံတွေ့နေရပါသည်။

ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ အစီရင်ခံစာများတွင်လည်း ထည့်သွင်းဖော်ပြပြီး ဖြစ်ပါသည်။ ကော်မတီအနေဖြင့် တာဝန်ရှိသူများနှင့် ကြားနာဆွေးနွေးသောအခါ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူက **"စိစစ်နေပါတယ်"** ဟုသာ ဖြေကြားခဲ့ပါသည်။ လက်တွေ့တွင်မူ ပြဿနာများကတော့ ရှိနေဆဲဖြစ်ပါသည်။ ယခုအခါ စိုက်ပျိုးစရိတ် ထုတ်ချေးချိန်ရောက်နေပြီဖြစ်သည့်အတွက် ပုံစံ(၇)ကြောင့် အဂတိလိုက်စားမှုများ ရှိနေပါသည်။ ရပ်/ကျေးက ဘဏ်ကော်မတီအတွင်းရေးမှူးနှင့် (မြေတိုင်း-၄)အဆင့်ရှိသော အုပ်စုကွင်းစာရေးစသူတို့၏ လုပ်ရပ်တွေကြောင့် အထက်မှာတင်ပြခဲ့သလို လယ်တစ်ကွက်မျှမရှိဘဲ မူမမှန်ပုံစံ(၇) လက်မှတ်ဖြင့် ငွေထုတ်ချေးနေကြပါသည်။ ၎င်းအပြင်ပြုပြင်ထားသည့် ဧကအရေအတွက်တွေနှင့်လည်း ချေးငွေထုတ်ချေးနေပါသည်။

မကြာခင်မှာ JICA ၏ Two steps Loan အစီအစဉ်ဖြင့် လုပ်ကွက်ငယ်တောင်သူများကို လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့မည့် အစီအစဉ်လာတော့မှာဖြစ်ပါသည်။ ၎င်းအစီအစဉ်ဟာ ပုံစံ(၇)လက်မှတ်ကိုအခြေခံ၍ ပြုလုပ်မည်ဖြစ်သည့်အတွက် ယခုဖြစ်နေသော ပြဿနာများအရ စိုးရိမ်မိပါသည်။ နိုင်ငံခြားချေးငွေဖြစ်သည့်အတွက် အမှားအယွင်းဖြစ်ခဲ့လျှင် တိုင်းပြည်အတွက် နစ်နာသလို ဂုဏ်သိက္ခာလည်း ကျဆင်းရပါသည်။ ခေတ်အဆက်ဆက်က စာရင်းဇယားမှားယွင်းမှုတွေဟာ ၂၀၁၆ခုနှစ် ဧပြီလ(၁)ရက်နေ့မှာ ဖြစ်ပေါ်လာသည့်ပြည်သူ့အစိုးရလက်ထက်မှာလည်း **"ဒီအတိုင်းပါပဲ"** ဆိုတာမျိုး မဖြစ်စေချင်ပါဘူး။

လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို မြေစာရင်းလက်စွဲဥပဒေအရ ကွက်ကျဲတိုင်းတာခြင်းနှင့် ကွက်စိပ်တိုင်းတာမှုများ ဆောင်ရွက်ပြီးဖြစ်သည့် စိုက်ပျိုးမြေကွက်များတွင်ရှိသည့် လယ်ယာမြေများကိုသာ လုပ်ကိုင်ခွင့်ပြုရမှာဖြစ်ပါသည်။ ထို့အတွက် ကွင်းအမည်၊ ကွင်းအမှတ်အလိုက် ဦးပိုင်အမည်များ ရေးသွင်းထားသည့် ဦးပိုင်မှတ်ပုံတင်စာရင်း (၁-က)သည် အခြေခံအကျဆုံးဖြစ်သည့်အတွက် အဆိုပါစာရင်းများ မှန်ကန်မှု

ရှိစေရန် တည့်မတ်သွားသင့်ပါသည်။

သို့ဖြစ်ပါ၍ ၎င်း(၁-က)စာရင်း၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၏ ပုံစံ(၁၁)၊ စိုက်ပျိုးရေးဦးစီးဌာနရှိ စာရင်းများ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရှိ စာရင်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ စာရင်းဇယားများအား အမြန်ဆုံးတိုက်ဆိုင်စိစစ်သွားရန် တိုင်းဒေသကြီးလွှတ်တော်က တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇) များကို အမြန်ဆုံး ပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေး သင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းလယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ပြဿနာသည် ပုံစံ(၇) ထုတ်ပေးရာတွင် မှန်ကန်မှုမရှိသည့်အတွက်ကြောင့် လယ်သမားများအချင်းချင်း အငြင်းပွားမှုပြဿနာများ ဖြစ်ပွားခြင်း၊ အများပိုင်မြေများနှင့် ဆက်စပ်နေသည့် လယ်ယာမြေများကို ပုံစံ(၇)များ မှားယွင်းစွာထုတ်ပေးထားခြင်း၊ ပုံစံ(၇) ထုတ်မပေးသင့်သော လယ်ယာမြေများအား ပုံစံ(၇)ထုတ်ပေးထားခြင်း တို့ကြောင့် ယခုအချိန်ဆိုလျှင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာ၌ ပြဿနာများ ရှုပ်ထွေးခဲ့ရသည်မှာ ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးသာမက ပြည်ထောင်စုတစ်ခုလုံး ဖြစ်ပေါ်နေသည့်ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် ယခုကျွန်တော်တို့ တာဝန်ရှိနေသည့်ကာလအတွင်းမှာ လယ်လုပ်ပိုင်ခွင့်ပုံစံ(၇)များကို အမြန်ဆုံးပြန်လည် စိစစ်သင့်ပါကြောင်း အဆိုအား ကျွန်တော့်အနေဖြင့် ထောက်ခံဆွေးနွေး တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်၏ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါသေးသလားခင်ဗျား။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၏အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံ ဆွေးနွေးအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့ ဝေါမြို့နယ်မှာဆိုလျှင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ လွန်ခဲ့တုန်းက သိမ်းခဲ့ပါသည်။ ယခုအချိန်မှာ ပုံစံ(၇)များထွက်ရှိနေပါသည်။ မြေနုကျွန်းများက ပုံစံ(၇)များ ထွက်ရှိနေပါသည်။ ကိုင်းတောမြေ၊ ပလပ်မြေများကလည်း ပုံစံ(၇)များ ထွက်ရှိ နေပါသည်။ ၎င်းကိစ္စများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပုံစံ(၇)များကို အမြန်ဆုံး စိစစ်သင့်ပါကြောင်း နှင့် ၎င်းအဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသက်ဝင်းလှိုင်တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် သဘောတူကြောင်းကြေညာပါတယ်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၅း၂၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၇ခုနှစ် ဇူလိုင်လ(၄)ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

**ဒုတိယနေ့ မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်**

**[ ၂၀၁၇ခုနှစ် ၊ ဇူလိုင်လ ၄ ရက် ]**

**(အင်္ဂါနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၄. ၆၇

ဒုတိယနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ ဗိုလ်မှူးသိန်းလွင်ဦးနှင့် ဗိုလ်ကြီးနိုင်အောင်ခင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၄-၇-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလေ့လာစိစစ်ရေးကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစားထိုး ပြောင်းလဲခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရလည်းကောင်း၊ (၂၈. ၃. ၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၇ ဖြင့် တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီကို လည်းကောင်း၊ (၂၈. ၃. ၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉/၂၀၁၇ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာ စိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီကို

| | | | |
|---|---|---|---|
| - | ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဦးငွေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးမျိုးဟိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

- ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီ

| | | | |
|---|---|---|---|
| - | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးငွေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးကျော်သူရ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

ခြင်းကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ တင်ပြချက်အား တိုင်းဒေသကြီးလွှတ်တော်၏ အတည် ပြုချက်ရယူမှာ ဖြစ်ပါတယ်။ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီး လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းမြင့်[တိုင်းဒေသကြီးဥပဒေချုပ်]**။ ။(၄. ၇. ၂၀၁၇)နေ့တွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ကတင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၁၅. ၆. ၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ၄/၅-၂/ဦး ၅ ဖြင့် အကြောင်းကြားချက်အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ဥပဒေချုပ်အနေဖြင့်သော်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ အစိုးရအဖွဲ့ဝင်အနေဖြင့်သော်လည်းကောင်း၊ ဖော်ပြပါကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (Cabinet) အစည်းအဝေးများတွင် တက်ရောက်ပြီး အစည်းအဝေး၌ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ ဆောင်ရွက်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ အရေးပေါ်ကာလ စီမံခန့်ခွဲရေးကော်မတီတို့၌ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပါသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခါအားလျော်စွာ ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (၄)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ လစဉ်အလိုက်ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အစည်းအဝေးများ၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်မြေကျူးကျော်စာရင်းကောက်ယူရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ပြည်တွင်းစက်မှုနယ်မြေနှင့် ပုဂ္ဂလိကမြေပိုင်ရှင်များမှ ပဲခူးတိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းလုပ်ကိုင်မှုနှင့် ပတ်သက်၍ အခွန်(ဒဏ်ကြေးငွေ)ကောက်ခံနိုင်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း အစည်းအဝေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး (Town Plan) ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေး အစိုးရပိုင်မြေကျူးကျော်နှင်ထုတ်ခြင်းကိစ္စအစည်းအဝေး၊ မြေယာပိုင်ဆိုင်မှု အရှုပ်အရှင်းကိစ္စရပ်များနှင့်ပတ်သက်သော အစည်းအဝေးများ၊ စက်မှုဇုန်များစစ်ဆေးကြီးကြပ်ရေးနှင့် ပက်သက်သော အစည်းအဝေးများ၊ စည်ပင်သာယာရေးအစည်းအဝေးကိစ္စရပ်များ၊ (BRCCA) တိုင်းဒေသကြီးတည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီကိစ္စရပ်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအစည်းအဝေးတွင် သုံးဘီးဆိုင်ကယ်များ အစားထိုးပြေးဆွဲရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအား ပြည်သူအများလိုက်နာရေးအတွက် ဆောင်ရွက်သည့် အစည်းအဝေးစသည့် အစည်းအဝေးများ၊ သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲအတွက် ဆောင်ရွက်သည့်အစည်းအဝေးစသည့် အစည်းအဝေးများ၊ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ ကော်မတီအစည်းအဝေးများ တို့တွင်လည်း တက်ရောက်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အကောင်အထည်ဖော်စေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (ပြည်ထဲရေး) နေပြည်တော်၏ (၂၂-၇-၂၀၁၆)ရက်စွဲပါစာအမှတ် ၊ ၅၂၅၈(၁၂)/၁၇-၀၂/ဦး ၄ အရ ပေးပို့လာသောတာဝန်ပေးချက်အရ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ(ဥက္ကဋ္ဌ)၊ တိုင်းဒေသကြီးဥပဒေချုပ်မှ (အဖွဲ့ဝင်)အဖြစ်နှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတို့မှလည်း (အဖွဲ့ဝင်)အဖြစ် ဆောင်ရွက်ကာ တိုင်းဒေသကြီးဥပဒေချုပ်မှ တရားစွဲဆိုခွင့်ပြုမိန့် (Sanction) အား လက်မှတ်ရေးထိုးထုတ်ပြန်ဆောင်ရွက်ခဲ့ရပါသည်။

အစီရင်ခံသောကာလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၁၃-၂-၂၀၁၇) ရက်စွဲပါစာအမှတ်၊

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆ (ဂ)အရ တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းတစ်ခုခု၊ တိုင်းဒေသကြီးဝန်ကြီးဌာနတစ်ခုခုတို့က ဥပဒေအကြံဉာဏ်တောင်းခံပါက ဥပဒေအကြံပေးရန် တာဝန် ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်များပေးခြင်း ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်-

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံခြားချေးငွေ ရယူနိုင်ရေး အကြံပြုတောင်းခံခဲ့သည့်ကိစ္စ
- တိုင်းအတွင်းရှိ ကာရာအိုကေလုပ်ငန်းများ စည်းမျဉ်းစည်းကမ်းနှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ အကြံပြုတောင်းခံခဲ့သည့်ကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့ကွက်မြေနေရာချထားရေးကော်မတီ၏ စာရင်းရှင်ဖွင့်လှစ်ရေး အကြံပြုတောင်းခံခဲ့သည့်ကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်၏လမ်းညွှန်ချက်အရ အနာဂတ်တည်ဆောက်ရေး လုပ်ငန်းများ မှန်ကန်တိကျမှုရှိစေရေးအတွက် အဆောက်အဦး ကြီးကြပ်ရေးအက်ဥပဒေ ပြဋ္ဌာန်း၍ တာဝန်ပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဥပဒေ(မူကြမ်း) အား သုံးသပ်အကြံပြု နိုင်ရေး အကြံပြုတောင်းခံခဲ့သည့်ကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံဝန်ထမ်း နည်းဥပဒေများအား ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်ရန် အကြံပြုတောင်းခံခဲ့သည့် ကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘဏ္ဍာရန်ပုံငွေမှ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဌာနဆိုင်ရာအသီးသီးက ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပေးခန့်ထားနိုင်ရေးနှင့်ပတ်သက်၍ အကြံပြုတောင်းခံခဲ့သည့်ကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အာရဗီစာသင်ကျောင်း ဆောက်လုပ်မှုနှင့် ပက်သက်၍ အကြံပြုတောင်းခံခဲ့သည့် ကိစ္စ၊
- သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကျောက်တံခါး မြို့နယ်၊ ကွန်းချောင်းကျေးရွာအုပ်စု၊ မှင်တန်းကျေးရွာအနီး ဦးသိန်းဇော်ဝင်း ကြက်ခြံမှ ကြက်ချေးအနံ့ဆိုးများကြောင့် ရွာသူ/သားများက တင်ပြတိုင်ကြားလာမှုအပေါ် အကြံပြု တောင်းခံလာသည့်ကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝေါမြို့နယ်၊ တနော်ကွန်းကျေးရွာ၊

မြေ၏ အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးရန် ဒေါ်မေသူဖြိုးနှင့် ဦးမြင့်ကြိုင်တို့မှ လျှောက်ထားလာသည့်အတွက် မည်သူ့အား မှတ်ပုံတင်ခွင့်ပေးသင့်ကြောင်း ဥပဒေအကြံ တောင်းခံလာသည့်ကိစ္စ၊

**အစီရင်ခံသည့်ကာလအတွင်း ဥပဒေရုံးအဆင့်ဆင့်မှလည်း ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ဥပဒေ အကြံပြုချက် တောင်းခံလာခဲ့ခြင်းအပေါ် အောက်ပါအမှုကိစ္စများတွင် လမ်းညွှန်အကြံပြုပေးခဲ့ပါကြောင်း တင်ပြအပ်ပါသည်-**

- မိုးညှိုရဲစခန်း (ပ) ၃/၂၀၁၆၊ တရားလိုဦးစန်းငွေးနှင့် တရားခံနိုင်စိုးပါ (၄)ဦး၊ ရေအရင်း အမြစ်နှင့် မြစ်ချောင်းအင်းအိုင် ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ အရ အရေးယူမှုအား သာယာဝတီခရိုင်ဥပဒေရုံး မှ အကြံပေးလမ်းညွှန်တင်ပြတောင်းခံလာမှု၊
- အေးမြသာယာနယ်မြေရဲစခန်း (ပ) ၁၁၂/၂၀၁၇၊ တရားလိုဒေါ်ခင်ဝင်းနှင့် တရားခံဦးစိုးဝင်း ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ အရ အရေးယူထားသောအမှုအား သာယာဝတီခရိုင် ဥပဒေရုံးမှ အကြံပေးလမ်းညွှန်တင်ပြတောင်းခံလာမှု၊
- အေးမြသာယာနယ်မြေရဲစခန်း (ပ) ၁၄၀/၂၀၁၇၊ တရားလို ဇင်ကိုထက်နှင့် တရားခံ ဒေါ်ခင်ဝင်းပါ (၃)ဦး ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ အရ အရေးယူထားသောအမှုအား သာယာဝတီခရိုင်ဥပဒေရုံးမှ အကြံပေးလမ်းညွှန်တင်ပြတောင်းခံလာမှု၊
- ရေတာရှည်မြို့နယ်၊ မီးသတ်ဦးစီးဌာန၏ အစိုးရအဖွဲ့မှခွင့်ပြုပေးခဲ့သော မီးသတ်စခန်း မြေနေရာအတွင်း ကျူးကျော်နေထိုင်သူများမှ ဖယ်ရှားခြင်းမရှိသဖြင့် ရေတာရှည်မြို့နယ် ဥပဒေရုံးသို့ ဥပဒေအကြံတောင်းခံလာခဲ့ခြင်းကိစ္စအား တောင်ငူခရိုင်ဥပဒေရုံးမှ လမ်းညွှန်မှု ဆက်လက်တောင်းခံလာခြင်းကိစ္စ၊
- ပြည်မြို့၊ ဝက်ထီးကန်နယ်မြေရဲစခန်း (ပ) ၇၄/၂၀၁၆၊ တရားလို ဦးကျော်ကျော်ဉာဏ်ဝင်းနှင့် တရားခံ မျိုးချစ်ပါ (၂)၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) အရ စွဲဆိုမှုအား ပြည်ခရိုင် ဥပဒေရုံးမှ အကြံပေးလမ်းညွှန်မှုတင်ပြတောင်းခံလာသည့်ကိစ္စ၊

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)ပါ ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေအား တင်ပြခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂၊ ဥပဒေပြု စာရင်း၌ ပါဝင်သောကိစ္စရပ်များအား တိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေပြဌာန်းခွင့်ရှိပြီး ဥပဒေချုပ်သည်

တိုင်းဒေသကြီးဥပဒေချုပ်သည် တိုင်းဒေသကြီးအတွင်းချုပ်ဆိုမည့် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများ၊ စီးပွားရေးနှင့်သက်ဆိုင်မှုမရှိသော နားလည်မှုစာချွန်လွှာ၊ သဘောတူစာချုပ်၊ အထောက်အပံ့ စီမံကိန်းနှင့် ဆိုင်သော စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ)အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ကဖြစ်စေ၊ သက်ဆိုင်ရာအဖွဲ့အစည်းကဖြစ်စေ ဥပဒေအကြံဉာဏ် တောင်းခံလာပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့တင်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ဖြင့် စိစစ်ပြန်ကြားရပါသည်။

အစီရင်ခံသည့်ကာလအတွင်း အောက်ဖော်ပြပါ စာချုပ်(မူကြမ်း)များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားဖြင့် စိစစ်အကြံပြု ပြန်ကြားခဲ့ပါသည်-

- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အမေရိကန်နိုင်ငံ အခြေစိုက် (The HALO Trust) အဖွဲ့တို့ ပူးပေါင်း၍ မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ အခြေခံရှေးဦးသူနာပြုစုနည်းနှင့် မသန်စွမ်းများ၏ လူမှုစီးပွားဘဝ ပြန်လည်ဆက်စပ် ပေးခြင်း၊ စီမံကိန်းလုပ်ငန်းများအား ဆောင်ရွက်ရန် (၃)နှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ ပြင်ဆင်ဖြည့်စွက်ချက် (မူကြမ်း)အပေါ် သဘောထားမှတ်ချက် တောင်းခံရေးကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် SURBANA INTERNATIONAL CONSULTANTS (MYANMAR)CO;LTD (SICMM)တို့အကြား အနာဂတ်ရေရှည် ရည်ရွယ်ချက်များအပေါ် မူတည်၍ နှစ်ဦးနှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာ (MOU)အပေါ် စိစစ်တင်ပြခြင်းကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအတွင် Fiber Cable ကြိုးလိုင်းသွယ်တန်းခြင်း လုပ်ငန်းများအတွက် ကုမ္ပဏီများနှင့်ညှိနှိုင်းရေးဆွဲထားသော စာချုပ်(မူကြမ်း)အား လိုအပ်သလိုပြင်ဆင် အတည်ပြုနိုင်ရန်အတွက် သဘောထားတောင်းခံခြင်းကိစ္စ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ သမဝါယမဦးစီးဌာနနှင့် တင်ဒါအောင်မြင်သူ ဇေယျာနန်းကုမ္ပဏီတို့ချုပ်ဆိုမည့် လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ် (မူကြမ်း) နှင့်စပ်လျဉ်း၍ သဘောထားတောင်းခံခြင်းကိစ္စ၊

**တိုင်စာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိစစ်ပြန်ကြားပေးခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဃ)အရ ပြည်ထောင်စု

မြင်သာ/ဖြစ်ရပ်မှန်)ဖော်ထုတ်ပေးပါရန် တိုင်ကြားခြင်းကိစ္စအား ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ လိုအပ်သလို ဆောင်ရွက်နိုင်ရန် တိုင်စာလွှဲပြောင်းပေးပို့လာသောကြောင့် စိစစ်ဆောင်ရွက်ခဲ့ခြင်း၊

- ပဲခူးမြို့နယ်နေ ဦးနေမျိုးလှိုင်မှ အာဏာအလွဲသုံးစား ပြုလုပ်ကာ ခြိမ်းခြောက်ပြောဆိုပြီး ငွေကြေးတောင်းခံရာ မရသဖြင့် မတရားလုပ်ကြံဖန်တီး၍ အမှုဖွင့်အရေးယူထားသဖြင့် တိုက်ကြီးစခန်းမှူးဦးဇော်မိုးနိုင်အားတိုင်ကြားလာသဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့စိစစ်ပြန်ကြားပေးခဲ့ရခြင်းကိစ္စ၊
- ပေါက်ခေါင်းမြို့နယ်၊ ဒုမြို့နယ်ဥပဒေအရာရှိ ဒေါ်ပြည့်ဖြိုးအိနှင့် ဦးနန်းဝင်းအောင်တို့ တွေ့ဆုံခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ ဦးနန်းဝင်းအောင်မှတိုင်ကြားလာသဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်ပြန်ကြားပေးခဲ့ရခြင်းကိစ္စ၊
- ပန်းတောင်းမြို့နေဦးတင်ရွှေ၊ ဦးသန်းဇော်ဦးတို့မှ တပ်မတော်သားတစ်ဦးဖြစ်သူထွန်းထွန်းနိုင်မှ မဝတ်ရည်ခင်(ခ)ယမင်းငယ်အပေါ် မုဒိမ်းပြုကျင့် ဖုန်း၊ ဆိုင်ကယ်၊ရွှေထည်ပစ္စည်းများ လုယက်၊ လူသတ်၊ အလောင်းဖျောက်မှုများပြုကျင့်ခဲ့သဖြင့် ဥပဒေနှင့်အညီ ပြစ်မှုကျူးလွန်သူအား ထိထိရောက်ရောက် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ပေးပါရန် တင်ပြစာအား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စီစစ်ပြန်ကြားပေးခဲ့ရခြင်းကိစ္စ၊
- အုတ်ဖိုမြို့၊ ဝိုင်းအုပ်စု၊ရေတောရွာနေ ဒေါ်ဝေဝေမှ အုတ်ဖိုမြို့နယ်ဥပဒေအရာရှိအား တိုင်ကြားမှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်ပြန်ကြားပေးခဲ့ရခြင်း၊
- ပဲခူးမြို့နေ ဦးထွန်းထွန်း(ခ)ဦးလှထွန်းမှ အယူခံတရားရုံးတော်သို့ အမှုတွင်မပေါ်ပေါက်သော လူသိက္ခာညှိုးနွမ်းစေသည့်အချက်အလက်များ၊ မမှန်မကန်သောအချက်အလက်များ တင်ပြလျှောက်ထားသည့်အတွက် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သန်းစုနှင့် ခရိုင်ဥပဒေအရာရှိ ဒေါ်မြတ်မြတ်လေးတို့အား တိုင်ကြားခဲ့မှုကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်ပြန်ကြားပေးခဲ့ရခြင်းကိစ္စ၊

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရသည့်ကိစ္စနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ထိရောက်စွာအရေးယူအပြစ်ပေးနိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ လူကုန်ကူးမှုဖြင့် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုရာတွင် ယင်းဥပဒေ ပုဒ်မ ၃၇ အရ

တရားခံများအား တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးဆောင်ရွက်ခဲ့ရပါသည်။ အစီရင်ခံသည့်ကာလ အတွင်း-

- ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မရဲစခန်း (ပ) ၆၀၀/၂၀၁၇၊ အမှုမှ တရားခံ မတင်တင်ခိုင် (ဘ) ဦးသောင်းစိန်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရလည်းကောင်း၊ ထွက်ပြေးတရားခံ မနွယ်နွယ်(ခ)မနွယ်နွယ်ဦး (ဘ)ဦးသောင်းစိန်အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရလည်းကောင်း အရေးယူထားသောအမှု၊
- ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်နယ်မြေရဲစခန်း (ပ) ၁၀၆/၂၀၁၇၊ အမှုမှတရားခံ ဒေါ်မာမာ(ခ)မာမာအေး (ဘ)ဦးကျော်အေး၊ ဒေါ်အေးမြင့်(ခ)မြင့်မြင့်အေး (ဘ) ဦးခင်ရှိန်၊ အောင်ကျော်ဆန်း (ဘ) ဦးသိန်းထွန်း၊ ဒေါ်သန်းသန်းအေး (ဘ) ဦးရွှေမန်း၊ စန်းစန်းအေး (ဘ)ဦးထွန်းရင်၊ ဒေါ်မေသူ(ခ)ဒေါ်အေးမြင့် (ဘ)ဦးမောင်အုန်းတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ အရ လည်းကောင်း၊ တရားခံ ဦးတင်လှိုင် (ဘ)ဦးကံရင်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ အရလည်းကောင်း အရေးယူထားသောအမှု၊

**အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် ခွင့်ပြုမိန့် တောင်းခံရာတွင် အစိုးရအဖွဲ့ကိုယ်စား စိစစ်သဘောထားပေးခြင်း**

အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အရေးယူ ဆောင်ရွက်သည့် အမှုများတွင် တရားစွဲအဖွဲ့အစည်းက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသဘောထား မှတ်ချက် တောင်းခံလာခြင်းနှင့်စပ်လျဉ်း၍ ဥပဒေချုပ်မှ စိစစ်ဆုံးဖြတ်သွားရန်နှင့် လစဉ် Cabinet အစည်းအဝေး၌ တင်ပြရန် (၂၆. ၁. ၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ Cabinet အစည်းအဝေး အမှတ်စဉ် ၁/၂၀၁၇ တွင် ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ပြီး အဆိုပါ ဆုံးဖြတ်ချက်ကိုလဲ သိရှိဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏(၁၃. ၂. ၂၀၁၇) ရက်စွဲပါ စာအမှတ် ၆/၁-၁/ဦး ၁ (၀၁၀၈) ဖြင့် အကြောင်းကြားလာ၍ အဆိုပါကိစ္စအတွက် ဥပဒေချုပ်မှ သဘောထားမှတ်ချက် ပေးခြင်း ဆောင်ရွက်ရပါသည်။ အစီရင်ခံသည့်ကာလအတွင်း အများနှင့်သက်ဆိုင် သောပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် အောက်ပါအမှုများအား Cabinet သို့ သဘောထား မှတ်ချက်တင်ပြ ဆောင်ရွက်ခဲ့ရပါသည်။ အစီရင်ခံသည့်ကာလအတွင်း-

မှတ်ချက် တောင်းခံလာခြင်းကိစ္စ၊

- ပဲခူးမြို့နယ်၊ ဝေါမြို့မရဲစခန်း(ပ)၃၅/၂၀၁၇၊ တရားလိုသစ်တောဦးစီးအရာရှိ ဦးအောင်ဆန်းဝင်းနှင့် သစ်တောအဖွဲ့၊ ဝေါမြို့မရဲစခန်းမှ ရဲအုပ်သန်းမြင့်တို့ပူးပေါင်းပါဝင်သောအဖွဲ့သည် ဒိုက်ဦး-ညောင်ခါးရှည်လမ်းဆုံတွင် တရားခံ ခင်မောင်ကြည်ပါ (၄)ဦးထံမှ တရားမဝင်တင်ဆောင်လာသော (၆)ဘီးယာဉ်ပေါ်မှ ကျွန်းသစ်ခွဲသားဆိုဒ်စုံ (၂၁၁၃)ချောင်း တွေ့ရှိသိမ်းဆည်းရမိရာ ပဲခူးမြို့နယ်၊ ဝေါမြို့မရဲစခန်း (ပ) ၃၅/၂၀၁၇ဖြင့် အမှုဖွင့်လှစ်ပြီး အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲတင်နိုင်ရေး အတွက် သဘောထားမှတ်ချက် တောင်းခံလာခြင်းကိစ္စ၊
- (ယာဉ်မောင်းထွက်ပြေးတိမ်းရှောင်) မောင်းနှင်သည့် ဖောကားယာဉ်ပေါ်မှ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ယာဉ်ပေါ်ပါ အောင်ကျော်ညွှန့်၊ ဖိုးတော၊ သစ်ပိုင်ရှင်နှင့် ယာဉ်မောင်း (ပြေး)တို့အား အုတ်တွင်းမြို့မရဲစခန်း (ပ) ၇၈/၂၀၁၇၊ သစ်တော ဥပဒေပုဒ်မ ၄၃(က) အရ အရေးယူမှုအား အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲတင်နိုင်ရေး အတွက် သဘောထားမှတ်ချက် တောင်းခံလာခြင်းကိစ္စ
- ရေတာရှည်မြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ စိုက်ပျိုးစရိတ်ချေးငွေ (၃၀၉)သိန်းကျပ်အား အုပ်ချုပ်ရေးမှူးဟောင်း ဦးဇော်ဇော်မင်းမှ အလွဲသုံးစားပြုလုပ်ထားကြောင်း တွေ့ရှိရ၍ မန်နေဂျာ ဦးဝေလင်းမှ တရားလိုပြုလုပ်တိုင်တန်းပြီး ရေတာရှည်မြို့မရဲစခန်း (ပ) ၈၉/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ ဖြင့် အရေးယူမှုအား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲတင်နိုင်ရေးအတွက် သဘောထားမှတ်ချက် တောင်းခံလာခြင်းကိစ္စ၊

**ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအား လမ်းညွှန်ခြင်း ၊ ကြီးကြပ်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆ ၊ ပုဒ်မခွဲ (၄) အရ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အား ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။ သို့ဖြစ်၍ (၂၃. ၁၂. ၂၀၁၆)နှင့် (၂၄. ၁၂. ၂၀၁၆) ရက်နေ့များတွင် နေပြည်တော်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေအရာရှိများနှင့် ခရိုင်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ ပြည်ထောင်စုရှေ့နေချုပ်

ပေါင်းတည် မြို့နယ်ဥပဒေရုံးများသို့လည်းကောင်း၊ သာယာဝတီခရိုင်အတွင်းရှိ ကြို့ပင်ကောက်၊ မင်းလှ၊ မိုးညို၊ နတ်တလင်း၊ အုတ်ဖို၊ ဇီးကုန်း၊ လက်ပံတန်း မြို့နယ်ဥပဒေရုံးများသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့သည့် ပြည်ခရိုင်ဥပဒေရုံး ဝန်ထမ်းအိမ်ရာနှင့် ပန်းတောင်းမြို့နယ်ဥပဒေရုံးများအား (၂၇. ၄. ၂၀၁၇) ရက်နေ့တွင် တိုင်းဒေသကြီးဥပဒေချုပ်မှ ဖွင့်လှစ်ပေးခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဥပဒေချုပ်ကိုယ်တိုင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး လက်အောက်ခံ ခရိုင် (၄)ခရိုင်မှ ခရိုင်ဥပဒေတာဝန်ခံများအား တစ်လလျှင်တစ်ကြိမ်၊ မိမိခရိုင်အတွင်းရှိ မြို့နယ်ဥပဒေဝန်ထမ်းများတို့သည် လာဘ်လာဘများ ကင်းရှင်းမှု ရှိ/မရှိ ကို စောင့်ကြည့်လေ့လာလျက် ရှိပါသည်။

**အထွေထွေ**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇ ပါ လုပ်ပိုင်ခွင့်များအရ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်က ချမှတ်သောအမိန့်သည် ဥပဒေနှင့်ညီညွတ်မှုမရှိ၍လည်းကောင်း၊ ပြစ်မှုပြစ်ဒဏ်မျှတမှုမရှိ၍လည်းကောင်း၊ သင့်လျော်သည့်အမိန့်မဟုတ်၍လည်းကောင်း၊ လိုအပ်သည့် အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများ တရားလွှတ်တော်သို့ တင်သွင်းခြင်းများ ဆောင်ရွက်ပေးရပါသည်။ ထို့အပြင် အမှုသည်များက ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ တရားလွှတ်တော်သို့ တင်သွင်းလာခဲ့လျှင်လည်း နိုင်ငံတော်ကိုယ်စားလိုက်ပါဆောင်ရွက်ရပြီး အစီရင်ခံသည့်ကာလအတွင်း ရာဇဝတ်ဆိုင်ရာအယူခံ တင်သွင်း/လိုက်ပါခဲ့ရမှု (၂၂)မှု၊ ရာဇဝတ်ဆိုင်ရာပြင်ဆင်မှု တင်သွင်း/လိုက်ပါခဲ့ရမှု ( ၆၃ )မှု၊ ရာဇဝတ်ဆိုင်ရာအထွေထွေလျှောက်ထားမှု တင်သွင်း/လိုက်ပါခဲ့ရမှု (၁၁)မှုရှိပြီး အမှုလိုက်ပါ ဆောင်ရွက်ရာတွင်လည်း ဥပဒေအရာရှိများအား ကိုယ်တိုင်ကြီးကြပ်လျက် လိုက်ပါဆောင်ရွက်စေခဲ့ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဇ)အရ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် သက်ဆိုင်သောအမှုများတွင် အယူခံ (သို့မဟုတ်) ပြင်ဆင်မှုတင်သွင်းရန် လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လိုအပ်သည့် အယူခံ၊ ပြင်ဆင်မှုများ တင်ပြရပါသည်။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြခဲ့ရသည့် ရာဇဝတ်အယူခံမှု ( ၂ )မှု၊ ရာဇဝတ်ပြင်ဆင်မှု ( ၄ )မှု ရှိခဲ့ပါသည်။

အညီ ဆုံးဖြတ်ရပြီး အစီရင်ခံသည့်ကာလအတွင်း ဆုံးဖြတ်ခဲ့ရသည့် ပိတ်သိမ်းမှု ( ၁၂ )မှုရှိခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် (၉. ၂. ၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၇ ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ဥက္ကဋ္ဌအဖြစ် ပါဝင်သော တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ခွင့်ပြုချက်အရ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှု ဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (နေပြည်တော်)၏ (၁၈. ၅. ၂၀၁၇)ရက်စွဲပါ အမိန့်အမှတ်၊ ၁၁/၂၀၁၇ ဖြင့် ဦးကြည်ဇင် (ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်) အဖွဲ့ခေါင်းဆောင် အပါအဝင် စုစုပေါင်းအဖွဲ့ဝင် (၈)ဦးပါဝင်သည့် ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲကို ဖွဲ့စည်းပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအဖွဲ့ခွဲ၏ ရုံးထိုင်မည့် နေရာ၌ ဝန်ထမ်းများဖွဲ့စည်းရန် တိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် ဆောင်ရွက်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်းတွင် တိုင်းဒေသကြီးဥပဒေချုပ်၏ ကြီးကြပ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် ဥပဒေအရာရှိများ အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချရန် ဆောင်ရွက်လျက် ရှိပါသည်။

**နိဂုံး**

တိုင်းဒေသကြီးဥပဒေချုပ်သည် ဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် သင်တန်းများ ဖွင့်လှစ်ပို့ချရန် ဆောင်ရွက်လျက်ရှိခြင်း ပြည်ထောင်စုရှေ့နေချုပ်ကသော်လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကသော်လည်းကောင်း၊ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း၊ တရားစီရင်ရေး နယ်ပယ် တွင်လည်း အမှုလိုက်ပါသည့် ကိစ္စရပ်များကို ကြီးကြပ်လျက်ရှိခြင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေ စိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲအနေဖြင့် လုပ်ငန်းတာဝန်များ ကို ပီပြင်စွာဆောင်ရွက်နိုင်ရေးအတွက် ရုံးခန်းနေရာ၊ ဝန်ထမ်းအင်အားများကိုလည်း သတ်မှတ်ထားရှိရန် ဆောင်ရွက်လျက်ရှိခြင်း၊ တိုင်းဒေသကြီးအတွင်း ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများနှင့်ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းစေရေးအတွက် ဆုံးမသြဝါဒများပေးခြင်း စသည်တို့ ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးကမေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပန်းတောင်းမြို့နယ်၊ ထုံးဘိုနယ်မြေ ရဲစခန်းအတွက် သဘာဝဘေးဒဏ်ခံနိုင်သော ဝန်ထမ်းအိမ်ရာနှင့် လိုင်းခန်းအဆောက်အဦ အသစ်များ အမြန်ဆုံးချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပန်းတောင်းမြို့နယ်၊ ပန်းတောင်းမြို့မရဲစခန်းတွင် သဘာဝဘေးဒဏ်ခံနိုင်သော ဝန်ထမ်းအိမ်ရာနှင့် လိုင်းခန်းအဆောက် အဦအသစ်များ အမြန်ဆုံးချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်တောင်းမြို့နယ်၊ ထုံးဘိုနယ်မြေရဲစခန်းတွင် လက်ရှိအင်အားမှာ အရာရှိ (၄)ဦး၊ အခြားအဆင့် (၃၄)ဦး၊ ပေါင်း(၃၈)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ထိုသို့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ အိမ်ရာနှင့် လိုင်းခန်းများမှာ နှစ်စဉ်ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့ရပါသဖြင့် အောက်ခြေတိုင်များ ဆွေးမြေ့၍ ယိမ်းယိုင်နေပါသည်။ အခင်း၊ အမိုးနှင့်အကာများမှာလည်း ပျက်စီးပေါက်ပြဲနေပါသည်။ ထိုကဲ့သို့ ပျက်စီးနေမှုများမှာ ဝန်ထမ်းများ၏တာဝန်ထမ်းဆောင်မှုများနှင့် စိတ်ဓါတ်များကိုလည်း တစ်နည်းအားဖြင့် ထိခိုက်နိုင်ပါသည်။ ထို့ကြောင့်ဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေးကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်နေ ပါသည်။

သို့ဖြစ်ပါ၍ ထုံးဘိုနယ်မြေရဲစခန်းအတွက် သဘာဝဘေးဒါဏ်ခံနိုင်သော ဝန်ထမ်းအိမ်ရာနှင့် လိုင်းခန်း

ရှိပါသည်။ထိုသို့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏အိမ်ရာနှင့် လိုင်းခန်းများမှာ လုံးချင်းနေအိမ်(၇)လုံး၊ နှစ်ခန်းတွဲနေအိမ်(၄)လုံး၊ (၄)ခန်းတွဲနေအိမ် (၈)လုံး ရှိပါသည်။ ထိုအိမ်ရာနှင့် လိုင်းခန်းများမှာ နှစ်စဉ်ရေကြီး ရေလျှံမှုများနှင့် ကြုံတွေ့နေရပါသဖြင့် အောက်ခြေတိုင်များဆွေးမြေ့၍ ယိမ်းယိုင်နေပါသည်။ အခင်း၊ အမိုးနှင့် အကာများမှာလည်း ပျက်စီးပေါက်ပြဲနေပါသည်။ ထိုကဲ့သို့ ပျက်စီးနေမှုများမှာ ဝန်ထမ်းများ၏ တာဝန် ထမ်းဆောင်မှုများနှင့် စိတ်ဓါတ်များကိုလည်း တစ်နည်းအားဖြင့် ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် ဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေးကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

သို့ဖြစ်ပါ၍ သဘာဝဘေးဒဏ်ခံနိုင်သော ဝန်ထမ်းအိမ်ရာနှင့် လိုင်းခန်းအဆောက်အဦအသစ်များ အမြန်ဆုံးချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်း (၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ ထုံးဘိုနယ်မြေရဲစခန်းအတွက် သဘာဝဘေးဒဏ်ခံနိုင်သော ဝန်ထမ်းအိမ်ရာနှင့် လိုင်းခန်းအဆောက်အဦ အသစ်များ အမြန်ဆုံးချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ **ထုံးဘိုနယ်မြေရဲစခန်း**တွင် တပ်ဖွဲ့ဝင် (၄+၃၃=၃၇)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ထုံးဘိုနယ်မြေရဲစခန်းဝင်းတွင် နေအိမ်လိုင်းခန်းများအနေဖြင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောက်လုပ်ထားသည့် အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ လုံးချင်း (၄)လုံး၊ သက္ကယ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၂)ခန်းတွဲ(၈)လုံး၊ အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၂)ခန်းတွဲ(၁)လုံးတို့ရှိပြီး စုစုပေါင်း အခန်း (၂၂)ခန်းရှိပါသည်။

**ထုံးဘိုနယ်မြေရဲစခန်း**တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင် (၃၇)ဦးရှိရာ လူပျို(၁၂)ဦး အနက် (၁)ဦးမှာ ရဲစခန်းဝင်းတွင် နေထိုင်ပြီး ကျန်(၁၁)ဦးမှာ ဒေသခံဖြစ်၍ ပြင်ပတွင်နေထိုင်ပါသည်။ အိမ်ထောင်သည် (၂၅)ဦးအနက် (၁၅)ဦးမှာ ရဲစခန်းဝင်းတွင် နေထိုင်ပြီး ကျန် (၁၀)ဦးမှာ ဒေသခံများဖြစ်၍

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ ပန်းတောင်းမြို့မရဲစခန်းတွင် သဘာဝဘေးဒဏ်ခံနိုင်သော ဝန်ထမ်းအိမ်ရာနှင့် လိုင်းခန်းအဆောက်အဦအသစ်များ အမြန်ဆုံး ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ **ပန်းတောင်းမြို့နယ်၊ မြို့မရဲစခန်း**တွင် တပ်ဖွဲ့ဝင် (၈+၇၃=၈၁)တာဝန်ထမ်းဆောင် လျက်ရှိပါသည်။ ပန်းတောင်းမြို့မရဲစခန်းဝင်းတွင် နေအိမ်လိုင်းခန်းများ အနေဖြင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောက်လုပ်ထားသည့် အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လုံးချင်း (၃)လုံး၊ သက္ကယ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လုံးချင်း (၄)လုံး၊ အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၂)ခန်းတွဲ(၄)လုံး၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း (၄)ခန်းတွဲ(၅)လုံး၊ အုတ်ကြွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း (၄)ခန်းတွဲ(၃)လုံးတို့ရှိပြီး စုစုပေါင်း (၃၂)ခန်းရှိပါသည်။

**ပန်းတောင်းမြို့မရဲစခန်း**တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင် (၈၁)ဦးရှိရာ လူပျို (၂၂)ဦးအနက် (၆)ဦးမှာ ရဲစခန်းဝင်းတွင် နေထိုင်ပြီး ကျန် (၁၆)ဦးမှာ ဒေသခံများဖြစ်၍ ပြင်ပတွင် နေထိုင်ပါသည်။ အိမ်ထောင်သည် (၅၃)ဦးအနက် (၄၂)ဦးမှာ ရဲစခန်းဝင်းအတွင်းတွင် နေထိုင်ပြီး ကျန် (၁၁)ဦးမှာ ဒေသခံများဖြစ်၍ ပြင်ပတွင်နေထိုင်ပါသည်။ ပန်းတောင်းမြို့မရဲစခန်းရှိ (၄)ခန်းတွဲ(၂)လုံးမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ဟောင်းနွမ်းဆွေးမြေ့၍ လူနေထိုင်ရန်မသင့်သော အဆောက်အဦများစာရင်းတွင် ပါဝင်ပြီး အစားထိုး ပြန်လည်ဆောက်လုပ်ရန်အတွက် ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံထားရှိရာ ခွင့်ပြုပါက (၄)ခန်းတွဲ(၂)ထပ် (၁)လုံးအား တတိယဦးစားပေးအဆင့်တွင် အစားထိုး ပြန်လည်ဆောက်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၃) **"ပန်းတောင်းမြို့နယ်၊ ကျားအိုကျေးရွာအုပ်စု အမှတ်(၃) နယ်မြေကျေးရွာ အရန်မီးသတ်တပ်ဖွဲ့အား မီးသတ်ယာဉ်အသစ်တစ်စီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ပန်းတောင်းမြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု ထုံးဘိုတိုက်နယ် မီးသတ်နယ်မြေ စခန်းခွဲနှင့်**

ထုတ်ပေးခဲ့ပါသည်။ အဆိုပါမီးသတ်ယာဉ်အား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ရေဂါလံ (၇၅၀)ဆံ့ ရေတိုင်ကီတပ်ဆင်ပြီး အပေါ့စားမီးသတ်စက်ဖြင့် (၁၄)အုပ်စု ကျားအိုကျေးရွာအမှတ် (၃)နယ်မြေအတွင်း မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပန်းတောင်းမြို့နယ်(၁၄)အုပ်စု၊ ကျားအိုကျေးရွာအမှတ်(၃)နယ်မြေတွင် ရဲစခန်း၊ ဆေးရုံ၊ စည်ပင်ဈေး၊ သာသနာအဆောက်အုံများ၊ အ-ထ-က ကျောင်းများ၊ အမှတ်(၅)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ အမှတ်(၁၆)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ အမှတ် (၁၂) အကြီးစားမော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ၊ ဂျီအီးဆောက်လုပ်ရေးအလုပ်ရုံနှင့် ရေသန့်စက်ရုံတို့တည်ရှိပါသည်။ ကျားအိုကျေးရွာအမှတ် (၃)နယ်မြေအရန်မီးသတ်စခန်းသည် ပန်းတောင်းမြို့နယ်မီးသတ်စခန်းနှင့် (၃၅)မိုင်ကွာဝေးပြီး ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းနယ်စပ် အဆုံးတွင်တည်ရှိပါသည်။ ပုသိမ်-မုံရွာလမ်းမကြီးဘေးတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လျှက်ရှိပါသည်။ နှစ်စဉ်မီးသတ် လုပ်ငန်းများကိုလည်း ဌာနဆိုင်ရာစက်ရုံများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး မိမိနယ်မြေအတွင်း မီးသတ်တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။ ကျေးရွာပေါင်း(၆၆)ရွာနှင့် အိမ်ခြေပေါင်း (၈၆၆၂)အိမ်ခန့်တည်ရှိပါသည်။ ဒေသတွင်းအရန်မီးသတ်တပ်ဖွဲ့အင်အားသည် အမျိုးသား (၈၂၀)ဦးခန့်ရှိပြီး အမျိုးသမီးတပ်ဖွဲ့ဝင်အင်အား (၁၅၀)ဦးခန့် စုစုပေါင်းတပ်ဖွဲ့ဝင် (၉၃၀)ဦးရှိပြီးမီးဘေးလုံခြုံရေးလုပ်ငန်းများအားတာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ယခုအခါမီးသတ်ဦးစီးဌာနမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့်ထုတ်ပေးထားသော မီးသတ်ယာဉ်မှာ အိုဟောင်းနေသဖြင့် မိမိနယ်မြေအတွင်း အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲအချို့နှင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းများအား အချိန်မီဆောင်ရွက်နိုင်ရန် မီးသတ်ယာဉ်အသစ်တစ်စီး လိုအပ်နေပါသည်။ ထိုကြောင့် အဆိုပါမီးသတ်ယာဉ်အား ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်တောင်းမြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စုသည် ဧရာဝတီမြစ်၏အနောက်ဘက်ကမ်းတွင် သီးခြားတည်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ဟသာ်တခရိုင်၊ ကြံခင်းမြို့နယ်နှင့် ထိစပ်နေသော တိုင်းမြို့နယ်တို့၏ အစွန်တွင်တည်ရှိနေပါသည်။ ယခင်တိုက်နယ်အဆင့် လက်ထောက်မြို့ပိုင်ရုံးထိုင်ခဲ့သော တိုက်နယ်ဖြစ်ပါသည်။ ယခုအခါ

လူမှုရေးအသင်းအဖွဲ့များဖြစ်သော နာရေးကူညီမှုအသင်းနှင့် **"မြပညာအလင်းရောင်"** အခမဲ့ပညာသင်ကျောင်းလည်းရှိပါသည်။ ရှေးဟောင်းသမိုင်းဝင် ကြေးသွန်းဘုရားကြီးများ၊ စေတီပုထိုးများနှင့် အကောက်တောင်ကျောက်နံရံထွင်းဘုရားများ၊ ဘုန်းတော်ကြီးကျောင်း (၂၇)ကျောင်း၊ သီလရှင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းလည်း ရှိပါသည်။

နယ်မြေထိစပ်လျက်ရှိသော ကျေးရွာအုပ်စု (၈)အုပ်စု၊ က. ပ. စ စက်ရုံများနှင့် က. ထ. က သင်တန်းကျောင်းများလည်းရှိပါသည်။ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းနှင့် မိုင် (၃၀)ခန့်ဝေးပြီး၊ မီးလောင်မှုဖြစ်ပါက မီးသတ်ကားများရောက်လာရန် အချိန်များစွာကြန့်ကြာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထုံးဘိုတိုက်နယ်ရှိ ပြည်သူများ မီးဘေးအန္တရာယ် ဘေးကင်းလုံခြုံရေးအတွက် မီးသတ်နယ်မြေစခန်းခွဲနှင့် မီးသတ်ကား၊ ဝန်ထမ်းအိမ်ရာ၊ မီးသတ်ရုံးများကို အမြန်ဆုံး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄) မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ ကျားအိုကျေးရွာအုပ်စု အမှတ်(၃) နယ်မြေကျေးရွာ အရန်မီးသတ် တပ်ဖွဲ့အား မီးသတ်ယာဉ်အသစ်တစ်စီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျားအိုကျေးရွာအုပ်စုတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မီးသတ်ယာဉ်အသစ် (၁)စီး ရရှိရေး ၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေရရှိရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ထုံးဘိုကျေးရွာအုပ်စုတွင် မီးသတ်စခန်းဆောက်လုပ်နိုင်ရန်အတွက် မီးသတ်စခန်းအမည်ပေါက် မြေနေရာရရှိပြီးပါက တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မီးသတ်စခန်းဆောက်လုပ်ရန်အတွက် အနီးကပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြ တောင်းခံပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဌေးလွင်၊အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“မြို့မရဲစခန်းပါ စခန်း(၃)ခုရှိ ဝန်ထမ်းနေအိမ်တန်းလျားများအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်၊အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများ (၁)မြို့မရဲစခန်း၊ (၂) ကျွဲပွဲနယ်မြေရဲစခန်း၊ (၃)ညောင်ခြေထောက် နယ်မြေရဲစခန်းစသည်တို့တွင် ဝန်ထမ်းနေအိမ်တန်းလျားများမှာ ယခုလက်ရှိအနေအထားတွင် နေထိုင်၍ မရနိုင်ပဲ၊ အန္တရာယ်ရှိပြီး ပျက်စီးယိုယွင်းနေပါသောကြောင့်သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြန်လည်စစ်ဆေး၍ တည်ဆောက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့ရှိ ရုံး/ရဲစခန်းများ၏ ဆောက်လုပ်ခဲ့သောခုနှစ်များမှာ (၁)မြို့မ ရဲစခန်း-၁၉၅၃၊ (၂) ကျွဲပွဲနယ်မြေရဲစခန်း-၁၉၆၇၊ (၃)ညောင်ခြေထောက်နယ်မြေရဲစခန်း-၁၉၆၇ တို့ဖြစ်ပြီး အုတ်တွင်း မြို့မမြို့နယ်မှူးရုံးမှာ ၁၉၇၃ ခုနှစ်တွင် တည်ဆောက်ထားသော ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးဖြစ်၍ ယခုအခါ ယိုယွင်းပျက်စီးလျက်ရှိပါသည်။ အဆောက်အဉီစာရင်းများအား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

**ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့တွင် ရုံး/ရဲစခန်းများအလိုက် တပ်ဖွဲ့ဝင်အင်အားပြည့်မီကပါက ထပ်မံတိုးရမည့် အဆောက်အဦများစာရင်း**

| မြို့နယ် | ရဲစခန်း | အဆောက်အဦအမျိုးအစား | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| အုတ်တွင်း | မြို့မ | (၆)ခန်းတွဲ (၃)ထပ် | (၂)လုံး | အဆောက်အဦများ ဆောက်လုပ်ရန်မြေနေရာရှိ |
| | | (၄)ခန်းတွဲ (၃)ထပ် | (၁)လုံး | |
| | | (၆)ခန်းတွဲ (၃)ထပ် | (၁)လုံး | |
| | ကျွဲပွဲနယ်မြေ | (၃၀)ဆံ့ လူပျိုဆောင် | (၂)လုံး | |
| | | (၄)ခန်းတွဲ (၁)ထပ် | (၁)လုံး | |
| | ညောင်ခြေထောက်နယ်မြေ | (၆)ခန်းတွဲ (၂)ထပ် | (၁)လုံး | |
| | | (၄)ခန်းတွဲ (၂)ထပ် | (၁)လုံး | |

**ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များနေထိုင်သည့် အဆောက်အဦ**

| မြို့နယ် | ရုံး/ရဲစခန်း | အဆောက်အဦ အမျိုးအစား | ဆောက်လုပ်သည့် ပစ္စည်း | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|
| အုတ်တွင်း | မြို့မရဲစခန်း | (၂)ခန်းတွဲ | ပျဉ်ခင်း၊ ထရံကာ၊ ဘိလပ်ပြားမိုး | (၉)လုံး | နေထိုင်၍ရ |
| | | (၂)ခန်းတွဲ | ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး | (၁)လုံး | နေထိုင်၍ရ (ကိုယ်အားကိုယ်ကိုးအဆောက်အဦ) |
| | | (၂)ခန်းတွဲ | ပျဉ်ခင်း၊ ထရံကာ၊ ဘိလပ်ပြားမိုး | (၆)လုံး | နေထိုင်၍ရ |
| အုတ်တွင်း | ကျွဲပွဲနယ်မြေရဲစခန်း | (၂)ခန်းတွဲ | ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး | (၅)လုံး | နေထိုင်၍ရ (ဟောင်းနွမ်းပျက်စီး) |
| | | လုံးချင်း | ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး | (၁)လုံး | နေထိုင်၍ရ (ဟောင်းနွမ်းပျက်စီး) |
| | | စခန်းမှူးလုံးချင်း | ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး | (၁)လုံး | နေထိုင်၍ရ (ဟောင်းနွမ်းပျက်စီး) |
| အုတ်တွင်း | ညောင်ခြေထောက် နယ်မြေရဲစခန်း | လုံးချင်း | ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး | (၂)လုံး | နေထိုင်၍ရ |
| | | (၂)ခန်းတွဲ | ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး | (၁)လုံး | နေထိုင်၍ရ |
| | | (၄)ခန်းတွဲ | အုတ်ပတ်ကာ၊ သွပ်မိုး | (၁)လုံး | နေထိုင်၍ရ |
| | | (၆)ခန်းတွဲ | အုတ်ပတ်ကာ၊ သွပ်မိုး | (၁)လုံး | နေထိုင်၍ရ |
| | | (၁၀)ဆံ့လူပျိုဆောင် | အုတ်ပတ်ကာ၊ သွပ်မိုး | (၁)လုံး | နေထိုင်၍ရ |

ဗိုလ်မှူးကြီးလှမျိုးရွှေ(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)။ ။ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“မြို့မရဲစခန်းပါ စခန်း(၃)ခုရှိ ဝန်ထမ်းနေအိမ်တန်းလျားများအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ မြို့မရဲစခန်းတွင် တပ်ဖွဲ့ဝင် (၈+၆၅=၇၃)တာဝန်ထမ်းဆောင် လျက်ရှိပါသည်။ အုတ်တွင်းမြို့မရဲစခန်းဝင်းတွင် နေအိမ်လိုင်းခန်းများသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောက်လုပ်ထားသည့် အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လုံးချင်း (၆)လုံး၊ (၂)ခန်းတွဲ(၉)လုံး၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ ကိုယ့်အားကိုယ်ကိုး လူပိျုဆောင် (၁)လုံးတို့ရှိပြီး စုစုပေါင်း (၂၄)ခန်းရှိပါသည်။

အုတ်တွင်းမြို့မရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင် (၇၃)ဦးရှိရာ လူပျို (၃၅)ဦးအနက် (၁၂)ဦးမှာ ရဲစခန်းဝင်းတွင် နေထိုင်ပြီး ကျန် (၂၃)ဦးမှာ ဒေသခံများဖြစ်၍ ပြင်ပတွင် နေထိုင်ပါသည်။ အိမ်ထောင်သည် (၃၈)ဦးအနက် (၂၀)ဦးမှာ ရဲစခန်းဝင်းအတွင်းတွင် နေထိုင်ပြီး ကျန် (၁၈)ဦးမှာ ဒေသခံများဖြစ်၍ ပြင်ပတွင် နေထိုင်ပါသည်။ အုတ်တွင်းမြို့မရဲစခန်းအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၄)ခန်းတွဲ(၁)ထပ် (၁)လုံးအား ဆောက်လုပ်ခွင့်ရရှိရေး ရန်ပုံငွေတင်ပြတောင်းခံသွားမည် ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ကျွဲပွဲနယ်မြေရဲစခန်းတွင် တပ်ဖွဲ့ဝင် (၃+၂၈=၃၁)ဦး တာဝန်ထမ်းဆောင် လျက်ရှိပါသည်။ ကျွဲပွဲနယ်မြေရဲစခန်းဝင်းအတွင်း နေအိမ်လိုင်းခန်းများအနေဖြင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောက်လုပ်ထားသည့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လုံးချင်း (၂)လုံး၊ (၂)ခန်းတွဲ(၅)လုံးတို့ရှိပြီး စုစုပေါင်း (၁၂)ခန်းရှိပါသည်။

ကျွဲပွဲနယ်မြေရဲစခန်းတွင် တပ်ဖွဲ့ဝင် (၃၁)ဦးရှိရာ လူပျို (၁၄)ဦးအနက် (၁၂)ဦးမှာ ရဲစခန်းဝင်းတွင် နေထိုင်ပြီး ကျန် (၂)ဦးမှာ ဒေသခံများဖြစ်၍ ပြင်ပတွင်နေထိုင်ပါသည်။အိမ်ထောင်သည် (၁၇)ဦးအနက် (၁၁)ဦးမှာ စခန်းဝင်းတွင် နေထိုင်ပြီး ကျန် (၆)ဦးမှာ ဒေသခံများဖြစ်၍ ပြင်ပတွင် နေထိုင်ပါသည်။ ကျွဲပွဲနယ်မြေရဲစခန်းရှိ လုံးချင်း (၃)လုံး၊ (၂)ခန်းတွဲ(၅)လုံးတို့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ဟောင်းနွမ်းဆွေးမြေ့၍ လူနေထိုင်ရန်မသင့်သော အဆောက်အဦများစာရင်းတွင်ပါဝင်ပြီး အစားထိုးပြန်လည်ဆောက်လုပ်ရန်အတွက် ရန်ပုံငွေတင်ပြတောင်းခံထားရှိရာ ခွင့်ပြုချက်ရရှိပါက (၆)ခန်းတွဲ(၂)ထပ် (၁)လုံးအား ဒုတိယဦးစားပေး အဆင့်တွင် အစားထိုးပြန်လည် ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်သည်။

ညောင်ခြေထောက်နယ်မြေရဲစခန်းတွင် တပ်ဖွဲ့ဝင် (၃+၂၇=၃၀)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ညောင်ခြေထောက်နယ်မြေရဲစခန်းဝင်းအတွင်း နေအိမ်လိုင်းခန်းများအနေဖြင့် နိုင်ငံတော်ဘတ်ဂျတ်ဖြင့် ဆောက်လုပ်ထားသည့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ အရာရှိ လုံးချင်း (၁)လုံး၊ ကိုယ့်အားကိုယ်ကိုး အခြားအဆင့်

(၆)ခန်းတွဲ(၂)ထပ် (၁)လုံး ဆောက်လုပ်ခွင့်ရရှိရေး ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၄)ဦးကမေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"စက်ယန္တရားများအား မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်မှ ကြီးကြပ်မှု ရှိ/မရှိနှင့် မရှိပါက စက်ယန္တရားများ လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်မှ ကြီးကြပ်နိုင်ရန် အစီအစဉ် ချမှတ်ဆောင်ရွက်ပေးရန်"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"လယ်ယာမြေအား အခြားနည်းအသုံးပြုမှုမှ ကာကွယ်ရန် သက်ဆိုင်ရာဌာနအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သနပ်ပင်မြို့နယ်နှင့် အခြားမြို့နယ်များတွင် နွေအခါ ဘတ်ဟိုးစက်ယန္တရားကြီးများမှာ ကျေးရွာဒေသ အသီးသီးသို့ ကုမ္ပဏီများမှလည်းကောင်း၊ ဒေသခံများမှ အငှားယူ၍လည်းကောင်း မြေတူးမြေဖို့ လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

ထိုသို့လုပ်ကိုင်ဆောင်ရွက်နေမှုတွင် တစ်ချို့မှာ ငါးကန်တူးဖော်ခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ တူးဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများသို့ ကြိုတင်တင်ပြခြင်းမရှိပဲ ဆောင်ရွက်ပြီး လယ်ယာမြေအခြားနည်းအသုံးပြုမှုများမှာ ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။

သို့ပါ၍ စက်ယန္တရားများအား မြို့နယ်အတွင်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သလိုသာ

ရေထုတ်မြောင်းများထုတ်ခြင်း၊ နေအိမ်များဆောက်လုပ်ခြင်း၊ အခြားစီးပွားရေးဆိုင်ရာ အဆောက်အဦများ ဆောက်ခြင်းစသည့် လယ်ယာမြေအလွဲသုံးမှုများ ရှိနေသည်ကို တွေ့ရှိရပါသည်။

သို့ပါ၍ လယ်ယာမြေအား အခြားနည်းအသုံးပြုမှုမှ ကာကွယ်ရန် သက်ဆိုင်ရာဌာနအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးမြင့်အောင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“စက်ယန္တရားများအား မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်မှ ကြီးကြပ်မှု ရှိ/မရှိနှင့် မရှိပါက စက်ယန္တရားများ လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်မှ ကြီးကြပ်နိုင်ရန် အစီအစဉ် ချမှတ် ဆောင်ရွက်ပေးရန် ”** နှင့် စပ်လျဉ်း၍ ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များတွင် စက်ယန္တရားကြီးများ အသုံးပြု၍ ဆည်မြောင်းလုပ်ငန်းများ တွင်လည်းကောင်း၊ ကုမ္ပဏီများအနေဖြင့် ဆောက်လုပ်ရေး၊ လမ်းတံတား လုပ်ငန်းများတွင်လည်းကောင်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြေတူး၊မြေဖို့ခြင်းလုပ်ငန်း၊ ခြံဝင်း တောရှင်းခြင်း လုပ်ငန်းများအတွက် ဒေသခံများသို့ ငှားရမ်းခြင်း၊ ရွှေတူးဖော်သည့် လုပ်ငန်းများ (ရွှေကျင်မြို့နယ်)တွင်လည်းကောင်း ဝင်ရောက်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့တရားဝင် မှတ်ပုံတင်ထားသော ကုမ္ပဏီများအပါအဝင် စက်ယန္တရားများဖြင့် ခွင့်ပြုချက်မရှိ လုပ်ငန်းဝင်ရောက် လုပ်ကိုင် ဆောင်ရွက်နေခြင်းများအား လိုအပ်သလို ကြီးကြပ်နိုင်ရန် မြို့နယ်အဆင့် ကြီးကြပ်မှုအဖွဲ့အဖြစ် ဖွဲ့စည်း ထားခြင်း မရှိပါ။ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ငါးကန်တူးဖော်ခြင်း အပါအဝင် အခြားနည်း အသုံးပြုနေမှုများ အတွက် ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ ပါအတိုင်း တားမြစ်ဆောင်ရွက်လျက် ရှိပြီး လိုက်နာမှု မရှိပါက လယ်ယာမြေဥပဒေ ပုဒ်မ ၃၅ အရ အရေးယူဆောင်ရွက်ရန်အတွက် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်းနှင့် အဆိုပါဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသည့် လုပ်ငန်း

စပ်လျဉ်း၍ မြို့နယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအသီးသီး၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာမြေအဖြစ်သုံးစွဲခြင်းမပြုဘဲ ငါးကန်များတူးဖော်ခြင်း၊ နေအိမ်များဆောက်လုပ်ခြင်း၊ အခြားစီးပွားရေးဆိုင်ရာအဆောက်အဦများ ဆောက်လုပ်ခြင်းစသည့် အခြားနည်းအသုံးပြုလိုပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိပြီးမှသာ ဥပဒေနှင့်အညီ လျှောက်ထားရမည်ဖြစ်ကြောင်း၊ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေပုဒ်မ- ၃၀(က)အရ လယ်မြေကို အခြားနည်း အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ခွင့်ပြုပေးနိုင်ပါကြောင်း၊ လယ်ယာမြေဥပဒေပုဒ်မ- ၃၀(ခ)အရ လယ်မြေမှတစ်ပါးလယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီးလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုပေးနိုင်ပါကြောင်း၊ (၂၀၁၂)ခုနှစ်၊ လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားရှိပါသည်။

လယ်ယာမြေဥပဒေပုဒ်မ- ၁၂(ဆ)တွင် လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်းမပြုရဟု ပြဋ္ဌာန်းထားရှိရာ လယ်ယာမြေဥပဒေပုဒ်မ (၁၉)အရ ဤဥပဒေပုဒ်မ(၁၂) ပါစည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သောနည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

- သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊
- သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊
- လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊
- လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်းဆိုသည့် ပြစ်ဒဏ်ချမှတ်နိုင်ပါသည်။

လယ်ယာမြေဥပဒေပုဒ်မ (၂၀)တွင် **ပုဒ်မ(၁၉)ပါလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်သောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါသတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံး သို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်** ဟုပြဋ္ဌာန်းထားရှိပါသည်။

ဦးစီးဌာန၏ (၁၀. ၅. ၂၀၁၆)ရက်စွဲပါစာအမှတ်-၃၃၈/မအ-၁ဖြင့် လည်းကောင်း (၂၀၁၂) ခုနှစ်၊ လယ်ယာမြေဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ခရိုင်/ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များထံ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာခရိုင်/ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များမှလည်း လယ်ယာမြေကို ခွင့်ပြုချက်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိကြောင်းကို လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ကျွန်တော်၏ မေးခွန်းနံပါတ်(၁)နှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ကျွန်တော်၏မေးခွန်းမှာ စက်ယန္တရားများက မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ရာမှာ မြို့နယ်အဆင့်မှ ကြီးကြပ်မှုရှိ/မရှိ ဆိုသည်ကို ဝန်ကြီးကမရှိဟု ဖြေကြားသွားပါသည်။ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ငါးကန်တူးဖော်လျှင်လည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၉ ပါအတိုင်း ဆောင်ရွက်ပါဟု ညွှန်ကြားထားသည်လည်းရှိပါ၍ ၎င်းကိုလည်း လိုက်နာမည်ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော်အဓိကသိချင်သည့် စက်ယန္တရားများကို မြို့နယ်အတွင်း ကြီးကြပ်မှုမရှိဆိုသည်ကို သိရပါသည်။ သို့ပါသော်လည်း စက်ယန္တရားများကို ကြီးကြပ်ရန် နောက်လာမည့် ကာလများတွင် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ဆိုသည့် အခြေအနေကို သိရှိလို၍ ဆက်စပ်မေးခွန်းကို လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့်စပ်လျဉ်းသည့် မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။

ခရိုင်မှာဆိုလျှင် ခရိုင်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌ၊ မြေစာရင်းက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တိုင်းမှာဆိုလျှင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးမြေစာရင်းဦးစီးမှူးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရသည် ဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေမှာ လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရန် ပြုလုပ်သည့်အခါမှာ အဆင့်ဆင့်သော အဖွဲ့အစည်းများတွင် မြေစာရင်းကအတွင်းရေးမှူးဆိုသည်မှာ ကော်မတီ(၁)ခုမှာ ချမှတ်ထားသည့်ဆုံးဖြတ်ချက်ကို Function ဖြစ်အောင်၊ လုပ်ငန်းလည်ပတ်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အတွင်းရေးမှူးက Decision Maker မဟုတ်ပါကြောင်း၊ သက်ဆိုင်ရာ လယ်ယာမြေကော်မတီအဆင့်ဆင့်မှာ ကော်မတီ voice ဖြင့် ဆုံးဖြတ်ချက်ချပြီး အခြားနည်းသုံးစွဲခွင့်များကို ဆောင်ရွက်ရန်အတွက် လမ်းညွှန်ထားပြီးဖြစ်ပါသည်။ လက်ရှိစက်ယန္တရားများနှင့်ပတ်သက်သည့် ကိစ္စများတွင် လယ်ယာမြေစီမံခန့်ခွဲမှုဥပဒေနှင့် အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ယင်းကဲ့သို့အရေးယူဆောင်ရွက်နိုင်ရန် လက်ရှိညွှန်ကြားထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို စစ်ဆေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ကျွန်တော်အဖွဲ့ဝင်တစ်ယောက်အနေနှင့် တင်ပြထားပါသည်။ ၎င်းကိစ္စများကို မြို့နယ်များတွင် ကွင်းဆင်းပြီးစစ်ဆေးခွင့်ပြုပါရန်နှင့် ဝန်ကြီးချုပ်အနေဖြင့် ကွင်းဆင်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းပေးရန် လိုအပ်ပါသည်။ ကွင်းဆင်းစစ်ဆေးပြီး ရပ်/ကျေး၊ မြို့နယ်၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ကျွန်တော်တို့ ညွှန်ကြားထားသည့် ညွှန်ကြားချက်များအပေါ်မှာ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးရန် တင်ပြထားပြီး ဖြစ်ပါသည်။ ဝန်ကြီးချုပ်က ခွင့်ပြုမည်ဆိုလျှင် တိုင်းအဆင့်စစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး ကြပ်မတ်ဆောင်ရွက်သွားရန် တင်ပြထားပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ရွှေကျင်မြို့နယ်၊ ကျားချောင်းကျေးရွာအုပ်စု ကျားချောင်း (ရွှေကျင်-ဝင်းကံလမ်း) အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ရွှေကျင်မြို့နယ်၊ ကွင်းဆိပ်ကျေးရွာအုပ်စု၊ ကျုံကျိုက်ချောင်းကောအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ရှိပြီး စိုက်ပျိုးမြေဧက(၅၂၀)ရှိပြီး ယခင်အခါက (၂)သီးစား စိုက်ပျိုးနိုင်ပါသည်။ ၎င်းချောင်းသည် ပြန်လည်တူးဖော်နိုင်လျှင် စိုက်ဧက (၁၀၀၀)ကျော်အထိ လုပ်ဆောင်နိုင်မှာဖြစ်ပြီး ဆည်မြောင်းဦးစီးဌာန၏ တွက်ချက်မှုအရ(၇၅)သိန်းခန့်သာ ကုန်ကျမည်ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈) ဖြည့်စွက်ဘတ်ဂျက်တွင် ခွင့်ပြုနိုင်ရန် အစီအစဉ်ရှိ/မရှိ သိလို၍ မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေကျင်မြို့နယ်၊ ကျားချောင်းကျေးရွာအုပ်စု ကျားချောင်း (ရွှေကျင်-ဝင်းကံလမ်း) အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ်၊ ကျားချောင်းကျေးရွာအုပ်စု၊ ကျားချောင်း (ရွှေကျင်-ဝင်းကံ လမ်း)မှာ ရွှေကျင်-သိမ်ဇရပ်လမ်းနှင့် ကျားချောင်းကျေးရွာသို့ ဆက်သွယ်ပေးသော လမ်းဖြစ်ပြီး အရှည်(၄/၄မိုင်×၁၈ပေ×၂ပေ)ရှိ မြေသားလမ်းအသစ် ဖောက်လုပ်ရမည်ဖြစ်ပြီး လမ်းဘေးဝဲယာရှိ တောင်/ယာ၊ ဥယျာဉ်ခြံမြေပိုင်ရှင်များ၏ သဘောတူညီချက် ရရှိမှသာ အလွယ်တကူ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု(၁)အုပ်စု၊ ကျေးရွာ(၁)ရွာ၊ အိမ်ခြေ(၄၇)အိမ်၊ လူဦးရေ(၂၇၄)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါသည်။

ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ဒေသဆိုင်ရာလမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ ပုံမှန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနှင့် မြေသားလမ်းအသစ် ရန်ပုံငွေအတွက် တိုင်းဒေသကြီးများမှ လျာထားတာဝန်ယူဆောင်ရွက်ရမည်ဖြစ်၍ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်မှစ၍ မြေသားလမ်းလျာထားမှု လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့်သာ လျာထားဆောင်ရွက်ပေးနိုင်ပါရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ မေတ္တာရပ်ခံ ညှိနှိုင်းထားပြီးဖြစ်ကြောင်းကိုလည်း တင်ပြလိုပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောလမ်းမှာ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ရွှေကျင်မြို့နယ်၊ ကွင်းဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျုံကျိုက်ချောင်းမှာ ကွင်းဆိပ်ကျေးရွာနှင့် ကျုံချောင်ကျေးရွာအကြား ဖြတ်သန်းစီးဆင်းပြီး စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သောချောင်းတစ်ခုဖြစ်ပါသည်။ အဆိုပါချောင်းမှာ ယခုအခါ တိမ်ကောလျက်ရှိနေပြီး ရေစီးရေလာမကောင်းတော့ပါသဖြင့် ကျေးရွာအတွင်းရှိ လယ်မြေများမှာ ရေကြီးနစ်မြုပ်မှုနှင့် ကြုံတွေ့နေရကြောင်းကိုလည်း စိစစ်တွေ့ရှိရပါသည်။

ကျုံကျိုက်ချောင်းအား ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် ကွင်းဆိပ်ကျေးရွာ နှင့် ကျုံချောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၈၄)၊(၇၈၅)မှ လယ်မြေဧက(၁၀၀၀)နီးပါးအား ရေကြီးနစ်မြုပ်မှုမှ လျှော့ပါးသက်သာစေမည့်အပြင် ဒေသအတွင်းရှိ စပါးစိုက်တောင်သူများအတွက် စိုက်ဧကများ ပိုမိုတိုးတက် စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း မှတ်တမ်းတင်ထားရှိပါသည်။

ကျုံကျိုက်ချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား (၀. ၇၅)မိုင်၊ မြေကြီး (၂၉၂၈)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၇. ၅၀၀)သန်း ကုန်ကျမည်ဖြစ်ကြောင်းကိုလည်း တွက်ချက်ထားရှိပြီး ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် သို့ပါ၍ အဆိုပါလုပ်ငန်းအား (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (RE) တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီမှ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများမှ စီမံကိန်းအလို့ငှာ သိမ်းယူထားသည့်ကိစ္စနှင့် သိမ်းဆည်းခံရသည့်မြေများနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်မှု ရှိ/မရှိနှင့် ရှိပါက စီစဉ်ဆောင်ရွက်ထားမှု အခြေအနေအား သိရှိလိုပါကြောင်း ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီများမှ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများမှ စီမံကိန်းအလို့ငှာ သိမ်းယူထားသည့်မြေများနှင့်ပတ်သက်၍ စီမံကိန်းအကောင်အထည် [illegible]

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေး ကော်မတီမှ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများမှ စီမံကိန်းအလို့ငှာ သိမ်းယူထား သည့်ကိစ္စနှင့် သိမ်းဆည်းခံရသည့် မြေများနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်မှုရှိ/မရှိနှင့် ရှိပါက စီစဉ်ဆောင်ရွက်ထားမှုအခြေအနေအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီမှ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများမှ စီမံကိန်းအလို့ငှာ သိမ်းယူထားသည့်ကိစ္စနှင့် သိမ်းဆည်းခံရသည့်မြေများနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်မှု ရှိ/မရှိနှင့် ရှိပါက စီစဉ်ဆောင်ရွက်ထားမှု အခြေအနေအား သိရှိလိုပါကြောင်း ”** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအတွင်း ယခင်အစိုးရလက်ထက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်မှ ပေးပို့သော အစီရင်ခံစာအပိုင်း(၁)မှ(၁၇)အထိတွင် တိုင်းဒေသကြီးအတွင်း ပြန်လည်စွန့်လွှတ်မြေ ဧရိယာ(၁၇၉၂၀. ၆၄)ဧကရှိခဲ့ပါသည်။ အဆိုပါစွန့်လွှတ်မြေများမှ စိုက်ပျိုးမြေအဖြစ် ပြန်လည် လွှဲပြောင်းပေးခြင်း တောင်သူ(၅၅၆၄)ဦးသို့ ဧရိယာ(၂၈၆၉၈. ၀၄)ဧကနှင့် စိုက်ပျိုးမြေမဟုတ်သော အခြားမြေလွှဲပြောင်းပေးမှု (၈၉၆၅. ၁၈)ဧက၊ စုစုပေါင်း (၁၇၆၆၃. ၂၂)ဧကဖြစ်သည့်အတွက် လွှဲအပ်ရန်ကျန်ဧရိယာ (၂၅၇. ၄၂)ဧက ကျန်ရှိပါသည်။ ကျန်မြေအတွင်းမှ စိုက်ပျိုးမြေများကို တောင်သူများသို့ ယာယီလုပ်ပိုင်ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယခုအစိုးရလက်ထက် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ပေးပို့တင်ပြထားသည့် တိုင်ကြားစာ (၁၅၈၉)စောင်ရှိပြီး၊ ဗဟိုကော်မတီမှ ပေးပို့လာသည့် တိုင်ကြား စာ(၅၃၁)စောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့သည့် တိုင်ကြားစာ (၅၄၀)စောင်၊ တိုင်းဒေသကြီးမြေ/စစ်ကော်မတီသို့ တင်ပြသည့် တိုင်ကြားစာ (၄၃၅)စောင်နှင့် လွှတ်တော်နှင့် ဝန်ကြီးဌာနများမှ ပေးပို့သည့်တိုင်ကြားစာ(၈၃)စောင်ဖြစ်သည့်အတွက် စုစုပေါင်း (၁၅၈၉) စောင်ရှိကြောင်း တင်ပြလိုပါသည်။ ခရိုင်/မြို့နယ်များသို့ စိစစ်တင်ပြရန် (၁၊၂၀၉)စောင် ပေးပို့ထားပြီး

ဖြစ်ကြောင်း အဆိုပါအမှုတွဲများအား သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးထံ လက်ရောက်အပ်နှံပြီးစီးမှု မရှိသေးပါကြောင်း၊ လက်ရောက်အပ်နှံပါကမူ တောင်သူများ လက်ဝယ်သို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးအပ်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးရှင့် ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ကျွန်မမေးမြန်းသည့် မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးက ဖြေကြားသွားသည်မှာ အပိုင်း(၂)ပိုင်း ရှိပါသည်။ ယခင်အစိုးရလက်ထက်မှာ စွန့်လွှတ်ခဲ့သည့် မြေနှင့် ယခုအစိုးရလက်ထက်မှာ လုပ်ဆောင်သည့် မြေဆိုပြီး (၂)ပိုင်းရှိပါသည်။ ယခင်အစိုးရလက်ထက်တွင် စွန့်လွှတ်သည့်မြေထဲမှာ လွှဲအပ်ရန်ကျန်သည်မှာ (၂၅၇. ၄၂) ဧကရှိပါသည်။ ၎င်းစိုက်ပျိုးမြေများကို တောင်သူများအား ယာယီလုပ်ကိုင်ခွင့်ပြုထားပါသည်။ ယာယီလုပ်ပိုင်ခွင့်ပြုထားသည်ဆိုလျှင် တရားဝင်မည်သည့်အချိန်တွင် လွှဲအပ်မည်ဖြစ်ပြီး၊ ၎င်းမြေသည် မည်သည့်ခရိုင်ထဲမှ ကျန်ရှိသည့်မြေများ ဖြစ်သည်ကို ဆက်စပ်မေးခွန်းအနေဖြင့် သိရှိချင်ပါသည်။

ဒုတိယပိုင်းအနေဖြင့် ယခုလက်ရှိအစိုးရလက်ထက်မှာ လုပ်ဆောင်နေသည့်မြေထဲမှ (၄)ခရိုင်မှာ စွန့်လွှတ်ထားသည့်မြေများရှိသည်ဟု ဖြေပါသည်။ ကျွန်မမေးထားသည့် မေးခွန်းထဲမှာ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက စီမံကိန်းအလို့ငှာ ယူထားသည့်မြေများရှိသလို သီးခြားခေါင်းစဉ်နှင့် သိမ်းဆည်းထားသည့် မြေဆိုပြီး လယ်ယာမြေ၊ အခြားမြေများကို သိမ်းဆည်းထားတာရှိပါသည်။ ယခုစွန့်လွှတ်သည့် မြေများသည် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများမှ စီမံကိန်းလုပ်ရန် သိမ်းဆည်းထားသည့် မြေများမှ စွန့်လွှတ်ခြင်းလား၊ အခြားခေါင်းစဉ်နှင့် သိမ်းဆည်းထားသည့် မြေများကို စွန့်လွှတ်ခြင်းလားဆိုပြီး၊ ၎င်းမြေများကို မည်သည့်အချိန်မှာ လွှဲအပ်ထားပြီး၊ ယခုသက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် လွှဲအပ်ရန်အခြေအနေက မည်သည့်အဆင့်သို့ ရောက်ရှိနေပြီဆိုသည်ကို ဆက်စပ်မေးခွန်းအနေဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင်။

မည်သည့် အချိန်ပြန်ပေးမှာလဲဟု မေးမြန်းထားတာဖြစ်ပါသည်။ ပထမဦးဆုံး မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ တိုင်းဒေသကြီး လယ်ယာမြေ သိမ်းဆည်းမြေများကို ပြန်လည်စိစစ်ရေးကော်မတီမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးနှင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး ဖွဲ့စည်းထားသည့် ကော်မတီတစ်ခုဖြစ်ပါသည်။ လက်ရှိမေးမြန်းသည့် မေးခွန်းအပေါ်မှာ (၂၅၇)ဧကကို ယာယီလုပ်ကိုင်ခွင့်ပေးပြီး မည်သည့်အချိန် ပြန်ပေးမှာလဲလို့ မေးမြန်းချက် အပေါ်မှာ ၎င်းမြေများသည် သိမ်းဆည်းမြေဖြစ်သည့်အတွက် အလျင်ဆုံးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် မြေများဖြစ်လျှင် ဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မလားဆိုသည်ကို ပြည်ထောင်စုသို့ မေးရပါသည်။ သက်ဆိုင်ရာ ပုဂ္ဂလိကအခန်းကဏ္ဍကို ချပေးထားသည့်မြေများ၊ သိမ်းဆည်းထားသည့်မြေများ ဖြစ်သည့်အတွက် ၎င်းမြေများကို တရားဝင်ချပေးထားမှု ရှိ/မရှိနှင့် သီးသန့်သိမ်းထားသည်မှာ မရှိပါကြောင်း၊ ပုဂ္ဂလိကများလုပ်သည်မှာ ပြည်ထောင်စုမှ လုပ်ပိုင်ခွင့်ချပေးထားသည့် စာရွက်စာတမ်းများ အမှန်တကယ် ရှိ/မရှိ ကျွန်တော်တို့က စိစစ်ရပါသည်။ စိစစ်ပြီး အချို့ကိစ္စများတွင် တိုင်းဒေသကြီးအဆင့်အနေနှင့် လျော်ကြေး၊ နစ်နာကြေး၊ ဂရုဏာကြေး ပေးရန် စီမံဆုံးဖြတ်ရသည်ရှိသကဲ့သို့ တချို့အမှုတွဲများတွင် တိုင်းဒေသကြီးအဆင့်က သိမ်းဆည်းမြေနှင့် ပတ်သက်ပြီး Decision ချပေး၍မရပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် သိမ်းဆည်းမြေဆိုပါက နိုင်ငံတော်၊ တပ်မတော်က သိမ်းဆည်းတာရှိသကဲ့သို့ ဝန်ကြီးဌာနအနေနှင့် သိမ်းဆည်းတာလည်းရှိပါသည်။ ပုဂ္ဂလိက အနေနှင့် တိုက်ရိုက်သိမ်းဆည်းလျှင် ပြည်သူက လက်ခံမည်မဟုတ်ကြောင်း၊ ထို့ကြောင့် သိမ်းဆည်းမြေနှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့်သို့ တင်ပြရသည်က များပါကြောင်း၊ ပြည်ထောင်စုအဆင့်သို့ တင်ပြရတာ များသည့်အတွက် ၎င်းတို့ဆီက Clear message ရသည်။ ဆိုလိုသည်က မြေကိုစွန့်လွှတ်သည်ဆိုလျှင် ၎င်းတို့ဆီက စာထွက်လာသည်။ စာထွက်လာလျှင် တိုင်းဒေသကြီးအနေဖြင့် စီမံခန့်ခွဲမှုပြန်လည်ပေးအပ်ရန် အတွက် ကျွန်တော်တို့က တိတိကျကျဆောင်ရွက်ရတာ ရှိပါသည်။ ယခုမေးထားသည့်မေးခွန်းမှာ ယာယီ လုပ်ကိုင်ခွင့်ပေးပြီး မည်သည့်အချိန် ပြန်လည်ပေးအပ်မည်ကို တိတိကျကျ message လိုချင်လျှင် Documentation နှင့်တကွ မှတ်တမ်းမှတ်ရာနှင့်အတူ ၎င်းမေးခွန်းအပေါ်မှာ ကျွန်တော်စာနှင့် ဖြေကြား ပေးပါမည်။ မည်သည့်ဧကကျန်သည်။ မည်သူ့မြေဖြစ်သည်။ မည်သူ့ကိုပေးရမည်ဆိုသည်ကို ပြန်ပြီး ဖြေကြားပေးပါမည်။ မှတ်တမ်းမှတ်ရာအနေဖြင့် ကျွန်တော့်ဆီမှာ မရှိကြောင်း၊ သက်ဆိုင်ရာဌာနကို မေးမြန်းပြီး စာဖြင့် ပြန်လည်ဖြေကြားပေးပါမည်။

ဒုတိယတစ်ခုက လူပုဂ္ဂိုလ်နှင့် သီးခြားသိမ်းထားသည့်မြေ မည်သည့်မြေကိုပေးမှာလဲဆိုပြီး ဒုတိယမေးခွန်း

အကောင်အထည်ပေါ်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်သည့်နေရာမှာ အခက်အခဲများစွာရှိပါသည်။ မည်သည့်အခက်အခဲလည်းဆိုလျှင် မြေ(၁)ခုကို စစ်ရန်အတွက် ၎င်းကော်မတီမှာပါဝင်သည့်သူများအားလုံး စုံရပါမည်။ နံပါတ်(၁) ကိုယ်စားလှယ်များပါရမည်၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးပါရမည်၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်း တောင်သူလယ်သမားများကိုလည်း ထည့်ဖွဲ့ထားပါသည်။ ၎င်းတို့အားလုံးစုံမှ စစ်ရမည်ဖြစ်သည့် အတွက် ၎င်းတို့အားလုံးစုံအောင် ပထမစုရပါမည်။ ရပ်/ကျေးအဆင့်မှာစစ်ရန် မဖြစ်နိုင်ပါဟု တိုင်းကော်မတီမှ တင်ပြထားပါသည်။ ရပ်/ကျေးမှ လူများစစ်တာ မည်သည့်အချက်များနှင့် စစ်ရမှာလဲဆိုသည်ကို ရပ်/ကျေးက မသိနိုင်ပါကြောင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေမှာ ရပ်/ကျေးအဆင့်သည် မြို့နှင့် အုပ်ချုပ်ရေးအဆင့်ကို သတင်းမှန်သမျှအကုန်ပေး၍ ရပါသည်။ Informer ခန့်ထားတာဖြစ်သည့်အတွက် Consult များကို မသိသည့်အတွက် ရပ်/ကျေးမှာစစ်ရန် အဆင်မပြေနိုင်ပါဟု ကျွန်တော်တင်ပြထားပါသည်။ မြို့မှ ကိုယ်စားလှယ် များကလည်း ရပ်/ကျေးအထိ ဆင်းပြီး မစစ်နိုင်ပါကြောင်း၊ မြေမှုများကို မြို့နယ်မှာစစ်ရန် ကျွန်တော်တို့ဆီမှာ လုပ်ထုံးလုပ်နည်းလွဲသည်များ ရှိပါသည်။ တိုင်းနှင့် ပြည်ထောင်စုမှ သိမ်းဆည်းမြေဟုတ်/မဟုတ် ပုံစံ(၄)မျိုး ချပေးထားသည်။ ၎င်းပုံစံ(၄)မျိုးနှင့် ကျွန်တော်တို့က မြို့နယ်ကို စစ်ခိုင်းသည်။ အချို့ကလည်း လယ်စီစစ်သကဲ့သို့ စစ်ဆေးသည်။ စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်၊ သုံးသပ်ချက်၊ ဖြေကြားချက်များနှင့် စစ်သည့်အခါ တိုင်းဒေသကြီးသို့ ရောက်သည့်အခါ Experience မရှိ၍ ဆုံးဖြတ်ရတာ အခက်အခဲရှိပါသည်။ အဓိကမှာ မြေစစ်ကော်မတီသည် ဆုံးဖြတ်တာမဟုတ်ပါကြောင်း၊ စစ်ဆေးသည့်အပေါ်မှာ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးပြီး ပြည်ထောင်စုသို့ comment ပေးခြင်းဖြစ်ပါကြောင်း၊ ဘာဖြစ်သင့်သည်ဆိုသည့် comment ပေးခြင်းသာ ဖြစ်၍ Decision ပေးခွင့်မရှိပါကြောင်း၊ သိမ်းဆည်းထားသည့်မြေအားလုံးကို တိုင်းဒေသကြီး အစိုးရက မပိုင်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိမ်းဆည်းထားလျှင် ဆောက်လုပ်ရေးကို ပြန်စွန့်မလားဟု မေးရသည်။ တပ်မတော်မှ သိမ်းဆည်းထားလျှင် တပ်မတော်ကို ပြန်စွန့်လွှတ်နိုင်မလားဟု မေးရသည်။ တိုင်းဒေသကြီးအဆင့်အနေနှင့် မေးတာမဟုတ်ပါကြောင်း၊ ပြည်ထောင်စုဗဟိုကော်မတီကို တင်ပြပြီးမှ ဒုတိယသမ္မတဦးစီးသည့်အဖွဲ့က ၎င်းတို့ကိုမေးရပါသည်။ ၎င်းတို့က အမှန်တကယ် အသုံးချမှုမရှိ၍ ပြန်ပေးနိုင်သည်၊ စွန့်လွှတ်နိုင်သည်ဆိုလျှင် ၎င်းတို့က ပြန်စွန့်လွှတ်ပေးရသည်။ ၎င်းတို့က စွန့်လွှတ်ပေးသည့် အပေါ်မှာ မည်သို့ပြုလုပ်ရမည်ဆိုသည့် ညွှန်ကြားချက်အပေါ်မှာ ဆောင်ရွက်ရတာ ဖြစ်ပါသည်။ မည်သည့်မြေကို ပေးမည်၊ မည်သူ၏မြေကို ပေးမည်ဆိုသည်ကို ယေဘုယျအားဖြင့် General ဆန်ပါသည်။ တိတိကျကျ သိချင်လျှင် စာနှင့်မေးမြန်းရန်နှင့် ကျွန်တော်ဖြေပေးပါမည်။ မည်သည့်မြို့နယ်မှာရှိသည့် မြေဧကမည်မျှကို မည်သူတို့က ပိုင်ဆိုင်ပြီး မည်သူ့ကို ပြန်ပေးမည်ကို တိတိကျကျ ကျွန်တော်ကို စာနှင့်မေးလျှင် ကျွန်တော်

အကြောင်းကြားသည့်အမှု(၂၆)မှုရှိပြီး ဧရိယာဧကေ(၂၁၄၄. ၈၀)ဧကဖြစ်ကြောင်းနှင့် ပဲခူးခရိုင်က ဧရိယာ(၀. ၅၅)ဧက၊ တောင်ငူခရိုင်က(၁)မှု ဧရိယာ(၁. ၉၀)ဧက၊ ပြည်ခရိုင်က(၁၉)မှု ဧရိယာ(၉၈၃. ၇၈)ဧက၊ သာယာဝတီခရိုင်က(၅)မှု ဧရိယာ(၁၁၅၈. ၅၇)ဧကဖြစ်ကြောင်း သိရပါသည်။ ၎င်းစာရင်းနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်ထံမှ အသေးစိတ်စာရင်းကို မနေ့ကရရှိပြီးဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မိတ္တူကူးပြီး လွှတ်တော်အစည်းအဝေးပြီးလျှင် ဖြန့်ဝေပေးပါမည်။ မိမိတို့၏ နယ်မြေမှာရှိသည့် မြေများအား လိုက်ပြီးစစ်ဆေးကြရန်ရှိပါသည်။ မင်းလှမြို့နယ် စိန်ကန့်လန့်ဆိုလျှင် အများအပြားပါပါသည်။ မိမိတို့မိတ္တူကူးပြီး လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ဖြန့်ဝေပေးပါမည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပန်းတောင်းမြို့နယ်၊ ထောက်ကြန့်ကုန်းရွာနှင့် ပုသိမ်-မုံရွာ လမ်းမကြီးအား ဆက်သွယ်သော လမ်းပေါ်ရှိ ထောက်ကြန့်ကုန်း တံတားအား ရေရှည်ကြံ့ခိုင်မှုနှင့် အရည်အသွေး ပြည့်မီသော တံတားတစ်စင်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပုသိမ်-မုံရွာလမ်းမှ ပန်းတောင်းမြို့နယ် သူရဲတန်းသို့ ဆက်သွယ်သော လမ်း(၁)မိုင်အား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်တောင်းမြို့နယ်၊ ထောက်ကြန့်ကုန်းအုပ်စု ထောက်ကြန့်ကုန်းရွာသည် ပုသိမ် - မုံရွာလမ်းမကြီးနှင့် (၇)ဖာလုံ ခန့်ကွာဝေးပြီး ရခိုင်ရိုးမတောင်ခြေတွင် တည်ရှိပါသည်။

ထောက်ကြန့်ကုန်းရွာနှင့် ပုသိမ် - မုံရွာလမ်းမကြီးအားဆက်သွယ်သောလမ်းကို ၁၉၉၆ခုနှစ်တွင် အုပ်စုပြည်သူလူထုလုပ်အားဖြင့် အရှည် (၇)ဖာလုံ၊ အကျယ် (၁၂)ပေ၊ အမြင့် (၃)ပေဖြင့် ကိုယ်ထူကိုယ်ထ ဖောက်လုပ်ခဲ့ပါသည်။ အဆိုပါလမ်းပေါ်တွင် ထောက်ကြန့်ကုန်းတံတား (၁)စင်းလည်းတည်ဆောက်ခဲ့ပါသည်။ ထောက်ကြန့်ကုန်းတံတား သည် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရတိုင်း စုပေါင်းပြုပြင်ထိန်းသိမ်းခဲ့ရပါသည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၁)ရက်နေ့တွင် ရေကြီးရေလျှံသဖြင့် လမ်းပေါ်ရှိချောင်းကျောက်များမှာမျှောပါပြီး

သို့ဖြစ်ပါ၍ ကျေးလက်ဒေသပြည်သူများအတွက် ရေရှည်ကြံ့ခိုင်မှုနှင့် အရည်အသွေး ပြည့်မီသော တံတားတစ်စင်း အမြန်ဆုံးဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ သိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်တောင်းမြို့နယ်၊ သူရဲတန်းကျေးရွာအုပ်စုသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိပါသည်။ သဘော်၊ မော်တော်များ ဆိုက်ကပ်ရာ ဆိပ်ကမ်းဖြစ်ပြီး ကားကြီးကားငယ်များဖြင့် သွားလာနိုင်သော မြေနီနှင့် ချောင်းကျောက် ခင်းထားသော ဖွံ့ဖြိုးရေးလမ်းရှိပါသည်။

၎င်းလမ်းအားအသုံးပြု၍ ပုသိမ် - မုံရွာ ကားလမ်းဘေးဝဲယာရှိကျေးရွာများမှ အများပြည်သူများသည် ဧရာဝတီမြစ်ကြောင်းသို့သွားလာလိုလျှင်လည်းကောင်း ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းတွင်ရှိသော ကျေးရွာများမှ ကုန်းလမ်းခရီးဖြင့် ပုသိမ် -မုံရွာမြို့လမ်းနှင့် ဆက်စပ်သောမြို့များသို့ သွားလာလိုလျှင်လည်းကောင်း အဆိုပါလမ်းအားအသုံးပြုရပါသည်။

ထို့ပြင် အခြားကျေးရွာများမှ ကျောင်းသူကျောင်းသားများသည် သူရဲတန်းရွာ အထက်တန်းကျောင်းသို့ လာရောက်ကျောင်းတက်ရခြင်း၊ ကျန်းမာရေးအတွက် ဆေးပေးခန်း သို့လာရောက်ကြရာတွင်လည်း ၎င်းလမ်းအား အသုံးပြုရပါသည်။ ထို့ကြောင့် အများပြည်သူများ သွားလာသုံးစွဲနေသည့် ဖွံ့ဖြိုးရေးလမ်းမကြီး၏ တစ်စိပ်တစ်ပိုင်းကို မီးရထားလမ်း ဖောက်လုပ်ရာတွင်လည်း ယခင်ကျောက်ခင်းလမ်းပျက်စီးခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်ဖြစ်သည့် သူရဲတန်းချောင်း ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုပြီးလမ်းပျက်စီးခဲ့ရပါသည်။

ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးတို့ကိုယ်တိုင် လာရောက်စဉ်တွင်လည်း ဝန်ကြီးချုပ်မှလမ်းပြုပြင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ပုသိမ်-မုံရွာမှ သူရဲတန်းလမ်း (၁)မိုင်အားကွန်ကရစ်လမ်းအဖြစ် ပြုပြင်ပေး မည်ဆိုပါက ဒေသခံပြည်သူ (၂၂၆၀)ခန့်အား အကျိုးပြုမည်ဖြစ်ပါသည်။ ထို့ကြောင့် ပုသိမ်-မုံရွာလမ်းမှ သူရဲတန်းသို့ဆက်သွယ်သောလမ်း (၁)မိုင်အား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း

**အရှည်အသွေးပြည့်မီသော တံတားတစ်စင်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ထောက်ကြန့်ကုန်းအုပ်စု ထောက်ကြန့်ကုန်းရွာသည် ပုသိမ်-မုံရွာလမ်းမကြီးနှင့် (၀/၇)မိုင်ခန့် ကွာဝေးပြီး ရခိုင်ရိုးမတောင်ခြေတွင် တည်ရှိပါသည်။ ထောက်ကြန့်ကုန်းရွာနှင့် ပုသိမ်-မုံရွာလမ်းမကြီးအား ဆက်သွယ်သောလမ်းအား ၁၉၉၆ခုနှစ်တွင် ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် အရှည် (၀/၇)မိုင်၊ အကျယ်(၁၂)ပေ၊ အမြင့်(၃)ပေ မြေသားလမ်းနှင့် အဆိုပါလမ်းပေါ်တွင် ထောက်ကြန့်ကုန်း သစ်သားတံတား (၅၀ပေ×၁၆ပေ×၁၉ပေ) (၁)စင်းအားလည်း ကျေးရွာမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်းကို စိစစ်တွေ့ရှိရပါသည်။ အဆိုပါတံတားမှာ ၂၀၁၆ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင် ရေကြီးရေလျှံသဖြင့် တံတားအောက်ခြေမြေထိန်းနံရံများ နိမ့်သွားသဖြင့် (၁)ပေခန့် နိမ့်လျှောယိုင်လျက်ရှိကြောင်းကိုလည်း စိစစ်တွေ့ရှိပြီး ဖြစ်ပါသည်။

အဆိုပါတံတားအား ကွန်ကရစ်တံတား (၅၀ပေ×၁၄ပေ×၂၀ပေ) တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၅၀)သန်း ကုန်ကျမည်ဖြစ်ပြီး ထောက်ကြန့်ကုန်း ကျေးရွာနှင့် ကြာအင်းကုန်းကျေးရွာ၊ ကုတင်းကျဉ်းကျေးရွာရှိ အိမ်ခြေ(၂၁၆)အိမ်၊ လူဦးရေ(၇၄၉)ဦးတို့ အကျိုးပြုသွားလာနိုင်မည်ဖြစ်ကြောင်းကိုလည်း မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောတံတားမှာ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် လျာထားလုပ်ငန်းစာရင်းတွင် ထည့်သွင်းလျာထားခြင်း မရှိပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပုသိမ်-မုံရွာလမ်းမှ ပန်းတောင်းမြို့နယ် သူရဲတန်းသို့ ဆက်သွယ်သောလမ်း(၁)မိုင်အား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ သူရဲတန်းကျေးရွာအုပ်စုသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိရာ သဘော်၊ မော်တော်များ ဆိုက်ကပ်သော ဆိပ်ကမ်းဖြစ်ပြီး မြေနီနှင့် ချောင်းကျောက်ခင်းထားသော အရှည် (၁)မိုင်ရှိ ဖွံ့ဖြိုးရေးလမ်းဖြစ်ပါသည်။ ပုသိမ်-မုံရွာ ကားလမ်းဘေးဝဲယာရှိ ကျေးရွာများမှ ပြည်သူများသည် ဧရာဝတီမြစ်ကြောင်းသို့ သွားလာရန်နှင့် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းတွင်ရှိသော ကျေးရွာများမှ ကုန်းလမ်းခရီးဖြင့် ပုသိမ်-မုံရွာလမ်းမှ ဆက်စပ်သောမြို့များသို့ သွားလာရန် အဆိုပါလမ်းအား အသုံးပြု

နိုင်သော ကွန်ကရစ်လမ်းအဖြစ်(၁မိုင် × ၁၂ပေ×၈လက်မ) ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၂၁၃. ၅၈) သန်းကုန်ကျမည် ဖြစ်ပြီး ၎င်းလမ်းပေါ်တွင် Box Culvert (၂)စင်း ဆောက်လုပ်ရန် ခန့်မှန်းကုန်ကျငွေကျပ် (၄. ၂၅)သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် (၂၁၇. ၈၃)သန်း ကုန်ကျမည်ဖြစ်ကြောင်း ကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တွက်ချက်ထားရှိပြီး ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများကို ဆောင်ရွက်လိုက်မည်ဆိုလျှင် ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၅၆၆)ရှိ လူဦးရေ(၂၂၆၀)ဦးတို့ အကျိုးပြုသွားလာနိုင်မည့် လမ်းဖြစ်ကြောင်းကိုလည်း တင်ပြအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောလမ်းမှာ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် လျာထားလုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိသေးပါသဖြင့် လတ်တလော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်သည့် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့် မေးခွန်းနံပါတ်(၁)၊ (၂)တို့ကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝန်ကြီးဖြေကြားသွားသည့်အထဲမှာ နံပါတ်(၂)ခုစလုံးကို (၁)ခုတည်းပေါင်းပြီး ပြောပါမည်။ ကျွန်မတို့အနေနှင့် ၎င်းလမ်းများနှင့်ပတ်သက်၍ အလွန်ခက်ခဲသည့်အတွက် မေးမြန်းရခြင်းဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၎င်းလုပ်ငန်းများကို လျာထားတာမရှိသည့်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်ဆိုရာ၌ ၂၈-၄-၂၀၁၇ ရက်မှာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဘတ်ဂျက်များအားလုံးကို အတည်ပြုပြီးသွားပြီ ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မရနိုင်ကြောင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှာ ကျွန်မမေးခွန်းမေးစဉ်ကတည်းက သိရှိပြီးဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၇-၂၀၁၈ မရလျှင် ၂၀၁၈-၂၀၁၉ အတွက် ဦးစားပေးစဉ်းစားပေးရန် သို့မဟုတ် မည်သည့်ဘက်မှနေ၍ ကျေးလက်ဒေသအနေနှင့် တောင်းဆိုပြီး ၎င်းလမ်းများကို လုပ်ဆောင်ပေးနိုင်မည်ဆိုသည့် အဖြေကို ကျွန်မက လိုချင်သည်ဖြစ်ပါကြောင်း၊ ဘတ်ဂျက်အတည်ပြုပြီးပြီဆိုသည်ကို လွှတ်တော်မှာ ကျွန်မသိရှိပြီးသားဖြစ်သည့်အတွက်

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ကျွန်တော့်အနေဖြင့် ဆက်စပ်မေးခွန်း(၂)ခုလုံးအပေါ်မှာ ပေါင်းပြီးဖြေကြားပေးပါမည်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပါဝင်ခြင်းမရှိသည့်အတွက် ဆောင်ရွက်မပေးနိုင်ဟုဆိုသည်မှာ လက်ရှိအခြေအနေအရ ပြောခြင်းဖြစ်ပါကြောင်း၊ ယခင်အခြေအနေက လွှတ်တော်စစဉ်မှာ လာမည့်နှစ်မှာ မည်သည့်လျာထားနှစ်မှာ ရန်ပုံငွေဖြင့် တင်ပြတောင်းခံပေးပါမည်။ ရန်ပုံငွေရရှိခဲ့လျှင် ဆောင်ရွက်ပေးပါမည်ဆိုပြီး ဖြေကြားခဲ့ပါသည်။ သို့သော်လည်း ၎င်းတို့ကို ကတိကဝတ်အဖြစ် သတ်မှတ်သည့်အခါမှာ ဌာနဆိုင်ရာများအနေဖြင့် အာမခံချက်မခံရဲပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုအစိုးရနှင့် မိမိတို့အစိုးရ မတူညီပါကြောင်း၊ ပြည်ထောင်စုအစိုးရမှာ ဘတ်ဂျက်ခွဲဝေမှုနှင့် သုံးစွဲခွင့်ရှိပါသည်။ ကျွန်တော်တို့မှာက ယင်းကဲ့သို့ မရှိပါကြောင်း၊ ဝမရှိဝိမလုပ်၊ မပိုင်ဝက်မွေးဆိုသကဲ့သို့ ကျွန်တော်တို့မှာ ဘတ်ဂျက်သုံးစွဲခွင့်မရှိဘဲ အာမခံချက်ခံ၍ မရပါကြောင်း၊ တင်ပြသည့်လုပ်ငန်းများအားလုံးကို သက်ဆိုင်ရာ ဦးစီးဌာနမှာ ဦးစားပေးအစီအစဉ်အတိုင်း ကျွန်တော်တို့က တင်လိုက်ပြီး သက်ဆိုင်ရာဌာနက ဆင်းစစ်ဆေးပါသည်။ ဤလုပ်ငန်းသည် မည်မျှကုန်ကျမည်၊ မည်သို့ပြုလုပ်ရမည်ဆိုသည်ကို ကျွန်တော့်ထံပြန်တင်ပြသည့်အခါမှာ မှတ်တမ်းတင်အနေဖြင့် ဦးစားပေးအတိုင်း စာရင်းထည့်ထားပါသည်။ ယင်းကဲ့သို့ စာရင်းထည့်ထားပြီး ဘတ်ဂျက်မဆွဲခင် အပြင်မှာခေါ်ပြီး မည်သည့်လုပ်ငန်းများကို ဦးစားပေးအနေဖြင့် ထည့်ပြီးဆောင်ရွက်ရန် အစီအစဉ် ရှိပါသည်။ ၂၀၁၈-၂၀၁၉မှာ ထည့်ပေးမလားဟုမေးပါက ပါ/မပါ မသေချာပါကြောင်း အားလုံးကို စာရင်းပြုစုထားပါသည်။ ရှေ့မှာတောင်းဆိုထားသည့် လုပ်ငန်းများစွာရှိပါသည်။ ငွေကျပ်မည်မျှရမည်မှန်းလည်းမသိပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းဖြစ်သည့် အတွက် ကျွန်တော်တို့က ပြည်ထောင်စုကို တင်ပြပေးတာဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးက သူ့ကတိကဝတ်ကျေမှ သူတို့ကိုပေးမှာဖြစ်ကြောင်း၊ သူ့ကတိကဝတ်မကျေဘဲ ကျွန်တော်တို့ကို ရှေ့ဆိုပြီးပေးမှာမဟုတ်ကြောင်း၊ အလျှင်ဆုံးသူနှင့်ပတ်သက်သည့် ကတိကဝတ်မှတ်တမ်းသည် စာရင်းများကို အလျှင်ဖျက်ပြီးမှ တိုင်းဒေသကြီးမှ ကိစ္စများကို ထည့်ပြီးဆောင်ရွက်ပေးမည်ဟု ကျွန်တော်တို့က ထင်ပါသည်။ သို့ပါ၍ ကျွန်တော်တို့က ထည့်ပေးပါမည်ဟုပြောပြီး နောက်မှ ကတိကဝတ်အနေနှင့်ဖြစ်လျှင် ကျွန်တော်ဘာမျှလုပ်ပိုင်ခွင့်မရှိဘဲနှင့် ကျွန်တော် ကတိကဝတ်ပေးခဲ့သလို ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော့်အနေနှင့် လတ်တလောအခြေအနေ ၂၀၁၇-၂၀၁၈ မှာ မပါသည့်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျန်သည့် ၂၀၁၈-၂၀၁၉ အတွက် ဆိုသည်ထက် ကျွန်တော်တို့ ယခုတင်ပြသည့် လုပ်ငန်းများအားလုံးကို ကျွန်တော်တို့အနေနှင့် သက်ဆိုင်ရာဌာနမှာ အစီအစဉ်အတိုင်း ထည့်သွင်းဆောင်ရွက်ထားပါသည်ဆိုသည့်အတိုင်း ဖြေကြားလိုပါသည်။

ဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့နံနက်ပိုင်းကို (၁၂း၀၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေကြားရမည့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်က **"ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့အမှတ်(၉၁) သစ်စက်ဝန်ထမ်းများအား မည်သို့မည်ပုံ ပြန်လည် နေရာချထားပေးမည်နှင့် ပြည်သူ့ဝန်ထမ်းအင်အားများ မဆုံးရှုံးစေရေး နိုင်ငံတော်ဘတ်ဂျက်များ အလေအလွင့် မဖြစ်စေရေး မည်သို့မည်ပုံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ကျောက်တံခါးမြို့နယ် ဖဒိုမြို့အမှတ်(၉၁)သစ်စက်ဝန်ထမ်းများအား မည်သို့မည်ပုံ ပြန်လည်နေရာချထားပေးမည်နှင့် ပြည်သူ့ ဝန်ထမ်းအင်အားများ မဆုံးရှုံးစေရေး၊ နိုင်ငံတော်ဘတ်ဂျတ်များ အလေအလွင့်မဖြစ်စေရေး မည်သို့မည်ပုံ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးလင်းလင်းကျော် မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့အမှတ်(၉၁) သစ်စက်ဝန်ထမ်းများအား မည်သို့မည်ပုံ ပြန်လည် နေရာချထားပေးမည်နှင့် ပြည်သူ့ဝန်ထမ်းအင်အားများ မဆုံးရှုံးစေရေး နိုင်ငံတော်ဘတ်ဂျက်များ အလေအလွင့် မဖြစ်စေရေး မည်သို့မည်ပုံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ဒုတိယအကြိမ်၊ ပဲခူးတိုင်း ဒေသကြီးလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးတွင် ရှင်းလင်း ဆွေးနွေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၊ ကျောက်တံခါးမြို့နယ်အမှတ်(၁)ကိုယ်စားလှယ်၊ ဦးလင်းလင်းကျော်မှ မေးမြန်းလာသော ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းချက်နှင့်ပတ်သက်၍အောက်ပါအတိုင်း ပြန်လည်ဖြေကြားအပ်ပါသည် -

- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့်

မကိုက်ခြင်းတို့ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍သစ်စက် ( ၅၁ )စက်အားရပ်နား၍ သစ်စက်အချို့ငှားရမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ ပူးပေါင်းခြင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကိစ္စရပ်များ အတွက် သစ်စက်(၇)စက်ဖြင့်သာသစ်ခွဲစိတ်ဖြန့်ဖြူးခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။

- နိုင်ငံပိုင်ကဏ္ဍအားလျှော့ချ၍ ပုဂ္ဂလိကကဏ္ဍ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပုဂ္ဂလိကပိုင်သစ်စက်များမှခွဲစိတ်၍ ပြည်သူများသို့ ရောင်းချနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သစ်လုံးကုန်ကြမ်းများအား မြန်မာ့သစ်လုပ်ငန်း ရုံးချုပ်တွင် လစဉ်လေလံတင်ရောင်းချပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း သစ်လုံး/သစ်ခွဲသား/တိုင်/မျှောများအား လေလံတင်ရောင်းချပေးလျက်ရှိပါသည်။

- အမှတ် (၉၁)သစ်စက်၊ ဖဒိုသည် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှစ၍ ရပ်နားထားခဲ့သော သစ်စက်(၅၁)စက်တွင်ပါဝင်ပြီး အရာထမ်း(၁)ဦး၊ အမှုထမ်း(၅၉)ဦး၊ စုစုပေါင်းဝန်ထမ်းအင်အား (၆၀)ဦးရှိပါသည်။ ဝန်ထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ ဝန်ထမ်းလစာ အပါအဝင် အသုံးစရိတ်များ ကာမိစေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ လေလံအောင် သစ်လုံးများအား ငှားရမ်းခွဲစိတ်လို၍ လျှောက်ထားလာပါကလည်း နဝလီစနစ်ဖြင့် ငှားရမ်း ခွဲစိတ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ဝန်ထမ်းများ၏ ဆန္ဒအရ ဝန်ထမ်းအင်အားလိုအပ်လျက်ရှိသည့် အခြားဝန်ကြီးဌာနများနှင့် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများသို့လည်းကောင်း မြန်မာ့သစ် လုပ်ငန်း လက်အောက်ရှိ အခြားဌာနများသို့လည်းကောင်း ပြောင်းရွှေ့လိုပါက ပြောင်းရွှေ့စေခြင်း၊ သစ်စက် ဖျက်သိမ်းရေး ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိပါက လိုအပ်သည့်စက်ရုံ၊ ဒေသရုံးများသို့ ပြောင်းရွှေ့ပေးခြင်း၊ အငြိမ်းစားယူခွင့်ပြုခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ၎င်းအပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနကိုလည်း ချဲ့ထွင်မည်ဟု သိရပါသည်။ ပြီးခဲ့သည့် ဇွန်လ ၁ ရက်နေ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြုပြင်ပြောင်းလဲရေးကော်မတီမှ သိထားသည်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနကို အင်အား(၁၈၀၀၀)ထိ တိုးချဲ့မည်ဟု သိရပါသည်။ အင်အားအကြီးမားဆုံး ဌာနကြီးတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ဝန်ထမ်းများ ပြောင်းရွှေ့မှုကို စာရင်းကောက်ယူနေပါသည်။ ပြောင်းရွှေ့ လိုသည်ဆိုလျှင် မြန်မာ့သစ်လုပ်ငန်းမှနေ၍ ဒီဘက်ဌာနကိုပြန်ပြီး အင်အားဖြည့်စွမ်းသည့် အလုပ်ကို လုပ်နေပါပြီ

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဖြေကြားချက်(၁)၏ အပိုဒ်ခွဲ(ဃ)မှာ ဝန်ထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ဝန်ထမ်းလစာအပါအဝင် အသုံးစရိတ်များကာမိစေရန်အတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ လေလံအောင်သစ်လုံးအား ငှားရမ်းခွဲစိတ်လို၍ လျှောက်ထားလာပါကလည်း နဝလီစနစ်ဖြင့် ခွဲစိတ်ပြီး ငှားရမ်းခွဲစိတ်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ နဝလီစနစ်ခွဲစိတ်ပြီး ဝန်ထမ်းလစာကာမိစေရန် လုပ်သွားပေးမည်ဟု ဖြေကြားထားတာရှိပါသည်။ သို့ပါ၍ နဝလီစနစ်နှင့် သစ်လုံးများကို လေလံအောင်သစ်လုံးများဆိုသည်မှာ ယနေ့သစ်တောကလည်း (၁၀)နှစ်တာ ပိတ်သိမ်းထားသည့်အပေါ်မှာ ၎င်းသစ်လုံးများလေလံတင်ပေးရန်ဆိုတာ ကျွန်တော်တို့တိုင်းအတွင်းမှာ လတ်တလောအနေအထားအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ သစ်ထုတ်လုပ်မှုရပ်ဆိုင်းခဲ့သည့်အတွက် အနေအထားတစ်ခုရှိပါသည်။ ကျွန်တော်မှ သစ်စက်ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းသည့်အခါ သူတို့က တစ်ခါတစ်ရံမှာ နဝလီစနစ်နှင့် ခွဲသည်ဟု ပြောပါ၍ အမြဲတမ်းမရှိပါကြောင်း၊ မရှိသည့်အခါ ဝန်ထမ်းများကထိုင်စောင့်ပြီး လေလံတင်သစ်လုံးများလာမှ ခွဲရသည်ဆိုတာက မဖြစ်သင့်ပါကြောင်း၊ မဖြစ်သင့်ဘူးဆိုသည်မှာ ဝန်ထမ်းတစ်ယောက်သည် အမြဲအလုပ်အကိုင်နှင့် မပြတ်ရှိသင့်ပါကြောင်း၊ ယနေ့လွှတ်တော်မှာဆိုလျှင် ဘတ်ဂျက်များကို အလေအလွင့်မရှိအောင် အမျိုးမျိုး ကိုယ်စားလှယ်အားလုံးမှ အင်တိုက်အားတိုက်နှင့် နေ့မနားညမနား ကြိုးစားသလို ယနေ့ဝန်ထမ်းများကို နေရာချသည့်နေရာမှာ ဒုတိယအချက်အနေနှင့် သိခဲ့သည်က ၂၀၁၅ခုနှစ်ကျော်ကတည်းက ၎င်းကိစ္စကို မည်ကဲ့သို့ ဆောင်ရွက်ရမလဲဆိုပြီး စောင့်ဆိုင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း ယနေ့(၂)နှစ်နီးပါးခန့်ကြာသည့်အချိန်မှာ ၎င်းကိစ္စကို ကျွန်တော်ဘာမျှမသိရသည့်အတွက် ယခုလိုမေးမြန်းခြင်း ဖြစ်ပါကြောင်း၊ နံပါတ်(၂)အချက်အနေနှင့် ကျွန်တော်တို့၏ သက်တမ်း(၅)နှစ်ကုန်သွားသော်လည်း ၎င်းကိစ္စမဖြစ်ဘူးဆိုလျှင် ၎င်းကိစ္စကို အဘက်ဘက်မှ ဘဏ္ဍာငွေယိုယွင်းမှုမရှိအောင် ဝန်ကြီး၏ လုပ်ပိုင်ခွင့်အရ မည်ကဲ့သို့ အင်တိုက်အားတိုက် လုပ်ဆောင်သွားမည်ဆိုသည့် အတိုင်းအတာကို သိချင်တာဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်း၏

ရှိပါသည်။ ကျောက်တံခါးမှာ ဆင်ထိန်းသိမ်းရေးနယ်မြေပြုလုပ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ပြည်ထောင်စုဝန်ကြီးဌာနကို တင်ပြထားပြီးဖြစ်ပါသည်။ ၎င်းကိစ္စကိုလုပ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနှင့် အကြံပြုထားပါသည်။ ၎င်းကိစ္စချဲ့ထွင်လာပြီဆိုလျှင် မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများအား ပြန်ပြီး အသုံးပြုလို့ရမည့် အနီးဆုံးနေရာဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံအခြေစိုက်သည့် Four Paw International နိုင်ငံတကာ အခြေစိုက်သည့် အဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနတို့ MOU ထိုးရန်အဆင့် ရောက်နေပြီဖြစ်ပါသည်။ ၎င်းအဆင့်ရောက်ပြီဆိုလျှင် ဝန်ထမ်းများကို နေရာချထားသည့်အခါမှာ အဆင်ပြေ ပါမည်။ ကျွန်တော်မှ ပြည်ထောင်စုဝန်ကြီးကို ၎င်းအခြေအနေများကို ထပ်ပြီးတင်ပြပေးပါမည်။ ဝန်ထမ်းများနှင့် စီမံခန့်ခွဲသည့် ကိစ္စများကိုလည်း ထပ်ပြီး တင်ပြပေးမည်ဆိုသည့်အကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည် ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ပန်းတောင်းတောင် ကုတ်လမ်း မိုင်တိုင် ၂၀/၁ နှင့် မိုင်တိုင် ၂၀/၂ ကြား ယခင် BoxCulvertနှင့် ရေစုကန်များ ပြန်လည် ပြုပြင် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်၊ မည်သည့် အချိန်တွင် စတင်လုပ်ဆောင်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကတိကဝတ်ပြု၍ ပန်းတောင်းမြို့နယ် နေလသစ္စာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော လမ်းအပိုင်းထဲမှ ပေ(၇၀၀)ပြုလုပ်ပေးမည်အား အပြည့်အဝလုပ်ဆောင်ပေးခြင်းမရှိ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျန် လမ်းအပိုင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် လုပ်ဆောင်ပေးမည်ကို သိရှိလိုပါကြောင်း"**

ရေစုကန်များ ရှိခဲ့ပါသည်။ မြေနိမ့်ကျမှုကြောင့် BOT နေလသစ္စာကုမ္ပဏီမှ ကျောက်ကြီးများ ဖို့ကာ ပိတ်ဆို့ခဲ့သဖြင့် ရေပင်ရပ်ကွက်တွင် ရေမစီးနိုင်ဘဲ ဉသျှစ်ပင်ဈေးရှေ့ တံတားငယ်မှတစ်ဆင့် စီးဆင်းရသဖြင့် ရေများအလွယ်တကူမစီးဆင်းနိုင်ဘဲ ရပ်ကွက်နှင့်ဈေးထဲတွင် နှစ်စဉ်ရေကြီး နစ်မြုပ်မှုများဖြစ်ပေါ်နေပါသည်။ ၂၀၁၇ခုနှစ် (၄)လပိုင်းတွင် ကုမ္ပဏီမှ တာဝန်ရှိသူများအား ပြောကြား သော်လည်း မလုပ်ဆောင်သဖြင့် ယခုကဲ့သို့မေးမြန်းရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ ဉသျှစ်ပင်မြို့၊ ပန်းတောင်း-တောင်ကုတ်လမ်း မိုင်တိုင် ၂၀/၁နှင့် မိုင်တိုင် ၂၀/၂ ကြား ယခင် Box Culvert နှင့် ရေစုကန်များပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်၊ မည်သည့်အချိန်တွင် စတင်လုပ်ဆောင်ပေးမည်အား သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည်ကို နေလသစ္စာကုမ္ပဏီမှ ဖြေကြားထားရာ ပန်းတောင်း-တောင်ကုတ်လမ်းပိုင်း (၁၄/၂၄၁/၀)အတွင်း လမ်းအပိုင်းရေကျော်မှုဖြစ်ပွားလျက်ရှိသည့် မိုင်(၁၅/၂၀၅/၃)အတွင်း (၆၆၀)ပေ မိုင် (၁၅/၃-၁၅/၄)အတွင်း (၅၀၀)ပေ၊ နဝဒေးတံတားချဉ်းကပ် လမ်းအပိုင်း (၉/၇-၁၀/၀)အတွင်း (၆၆၀)ပေ နေရာများအနက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပွင့်လင်း ရာသီတွင် မိုင်(၉/၇-၁၀/၀)အတွင်း၊ မိုင်(၁၅/၂-၁၅/၃)အတွင်းနှင့် မိုင်(၁၅/၃-၁၅/၄)အတွင်း စုစုပေါင်း ပေ(၇၀၀)ခန့်အား ကတ္တရာလမ်းသားမြှင့်တင်ခြင်း လုပ်ဆောင်ပေးမည်ဟု ဖြေကြားထားသော်လည်း (၉/၇-၁၀/၀)နေရာတွင်သာ လမ်းသားမြှင့်ပြီး (၁၅/၂-၁၅/၃)နှင့် (၁၅/၃-၁၅/၄)နေရာများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ဆောင်ပေးခြင်းမရှိပါ။ ထို့ပြင် ဆက်စပ်မေးခွန်းအရ (၆၆၀+၅၀၀+၆၆၀=၁၈၂၀) ထဲမှ ပေ(၇၀၀)သာ လုပ်ပေးမည်ဖြစ်၍ ကျန်လမ်းအပိုင်းအား မည်သည့်နှစ်တွင် လုပ်ဆောင်ပေးမည် ဖြစ်ကြောင်း မေးမြန်းရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ဆောင်ပေးနိုင်ရန် ကြိုးကြပ်ဆောင်ရွက် သွားမည် ဖြေကြားသဖြင့် ယခုကဲ့သို့ ထပ်မံမေးမြန်းရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကတိကဝတ် ပြု၍ ပန်းတောင်းမြို့နယ် နေလသစ္စာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော လမ်းအပိုင်းထဲမှ ပေ(၇၀၀) ပြုလုပ်ပေးမည်အား အပြည့်အဝလုပ်ဆောင်ပေးခြင်းမရှိ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ဆောင် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျန်လမ်းပိုင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် လုပ်ဆောင်ပေးမည်ကို

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ပန်းတောင်းတောင်ကုတ်လမ်းမိုင်တိုင် ၂၀/၁ နှင့် မိုင်တိုင် ၂၀/၂ ကြား ယခင် BoxCulvert နှင့် ရေစုကန်များ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်၊ မည်သည့်အချိန်တွင် စတင်လုပ်ဆောင်ပေးမည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ပြည်-ပန်းတောင်း-တောင်ကုတ်လမ်း၊ မိုင်(၂၀/၁-၂၀/၂) ကြားရှိ Box Culvert သည် လက်ရှိတွင် ပိတ်ဆို့လျက်ရှိပြီး လမ်းဘေးဝဲ/ယာတွင် စာသင်ကျောင်းနှင့် နေအိမ်များ ဆောက်လုပ်ထားရှိပြီး ယင်းအဆောက်အဦးများ၏ ခြံဝန်းရှေ့တွင် ရေမြောင်းများ ဆောင်ရွက်ထားခြင်းကို တွေ့ရှိရပါသည်။

ရေစီးရေလာကောင်းမွန်စေရန်အတွက် ပိတ်ဆို့နေသော ရေထုတ်ပြွန်အား ပြန်လည်ပြုပြင်ခြင်း (သို့မဟုတ်) (5' X 5') Box Culvert အသစ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ယခင် ရေစုကန်တည်နေရာများမှာ ဈေးဘက်ခြမ်း၊ အိမ်များရှေ့ ခြံစည်းရိုး ရေနုတ်မြောင်းနေရာများတွင် ဖြစ်သဖြင့် ရေစုကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းမှာ လမ်းမကြီးနှင့် လွန်စွာနီးကပ်လျက်ရှိပြီး လမ်းဘေးတွင် ခြံစည်းရိုးများတည်ရှိနေခြင်းတို့ကြောင့် ရေစုကန်တူးဖော်ခြင်းဆောင်ရွက်ရန် အခက်အခဲရှိပါသည်။

အချို့နေရာများတွင် အိမ်ရှေ့၌ ကျူးကျော်အဆောက်အဦများ ဆောက်လုပ်ထားရှိသဖြင့် လမ်းဘေးရေမြောင်းများသည် ရေစီးရေလာကောင်းမွန်မှုမရှိဘဲ ပိတ်ဆို့လျက်ရှိပါသည်။ ရေစီးရေလာကောင်းမွန်မှုရှိစေရန်အတွက် လမ်းဘေးရေမြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ လမ်းဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။ ထိုကဲ့သို့ လမ်းဘေးရေမြောင်းတူးဖော်ဆောင်ရွက်ခြင်းဖြင့် ရေစီးရေလာ ကောင်းမွန်လာ မည်ဖြစ်ပါသည်။

ထို့အပြင် မိုးကာလကုန်ဆုံးပြီးချိန် ပွင့်လင်းရာသီ၌ (5' X 5') Box Culvert အသစ်တည်ဆောက်ပြီးစီးလျှင်လည်း ဈေးဘက်ခြမ်းမှ ရေများအား အဆိုပါ Box Culvert မှတစ်ဆင့် စာသင်ကျောင်းဘက်သို့ စီးဆင်းစေကာ ၎င်းမှတစ်ဆင့် လမ်းဘေးရေနုတ်မြောင်းများအတိုင်း စီးဆင်းစေခြင်းဖြင့် ရေစီးရေလာပိုမိုကောင်းမွန်ချောမောသွားမည်ဖြစ်သဖြင့် ထိုကဲ့သို့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊

နဝဒေးတံတားချဉ်းကပ်လမ်း မိုင်(၉/၇-၁၀/၀)နှင့် ပန်းတောင်း-တောင်ကုတ်လမ်း မိုင်(၁၅/၂-၁၅/၃)၊ မိုင် (၁၅/၃-၁၅/၄)အတွင်း စုစုပေါင်း (၁၈၂၀)ပေခန့်သည် ၂၀၁၅ခုနှစ်နှင့် ၂၀၁၆ခုနှစ် တို့တွင် မိုးရေချိန်များစွာ ရွာသွန်းမှုကြောင့် လမ်းရေကျော်မှု ဖြစ်ပွားခဲ့ပါသည်။

နဝဒေးတံတားချဉ်းကပ်လမ်း မိုင်(၉/၆-၁၀/၀)အတွင်း (၈၃၃)ပေအား ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းသား မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ပန်းတောင်း-တောင်ကုတ်လမ်း မိုင်(၁၅/၂-၁၅/၃)၊မိုင် (၁၅/၃-၁၅/၄) စုစုပေါင်း(၁၁၆၀ပေ)ကို လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိနေပါသည်။ ယင်းလမ်းအပိုင်းသည် တံတားအသစ်အဖြစ် ပြန်လည်တည်ဆောက်လျက်ရှိသော တံတားအမှတ်(၂/၁၆)၊ တောင်ဘွေတံတား၏ ချဉ်းကပ်လမ်းနှင့်ဆက်စပ်လျက်ရှိသော လမ်းအပိုင်းဖြစ်ပြီး တောင်ဘွေတံတားမှာလည်း စတင်တည်ဆောက်လျက် ရှိပါသည်။

သို့ပါ၍ တောင်ဘွေတံတား၏ ချဉ်းကပ်လမ်းအားလိုအပ်သော လမ်း Gradient လမ်းအနိမ့်အမြင့် သတ်မှတ်ရန်အတွက် ဒီဇိုင်းပုံစံရရှိရေး ဆောင်ရွက်လျက် ရှိပါသဖြင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်းတွင် လမ်းဦးစီးဌာန(ရုံးချုပ်)၏ သတ်မှတ်ဒီဇိုင်းအတိုင်း လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းကို တံတားချဉ်းကပ်လမ်းနှင့် ဆက်စပ်လျက် အပြီးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“လူနေအိမ်အတွင်း လိုင်းတပ်ဆင်ခြင်း (မီးလိုင်းရိုက်ခြင်း)လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်လုပ်သားများမှသာ ဆောင်ရွက်ပေးသင့်သည်ဟု ယူဆပါ၍ မီးသွယ်တန်းရန်အတွက် ကန်ထရိုက်အဖြစ် ရွေးချယ်ရာတွင် မည်သည့်အချက်များအပေါ် အခြေခံ၍ ရွေးချယ်တာဝန် ပေးအပ်သည်ပါ အချက်(၄)ချက်ကို ဖြေကြားပေးရန်အပြင် အများပြည်သူနေအိမ်များသို့ မီးသွယ်တန်းရာ၌ ပြည်သူများမှ ပေးဆောင်ရမည့် ဝန်ဆောင်ခအခွန်နှုန်းထားများကို အများပြည်သူသိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာဖြင့် ကြေညာပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးမြန်းကို မေးမြန်းဖို့ ဖြစ်ပါသည်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရွှေတောင်မြို့နယ်အတွင်းတွင် ကျေးရွာမီးလင်းရေးစီမံချက်နှင့် အညီဆောင်ရွက်လျက်ရှိရာ ကျေးရွာရှိ လူနေအိမ်ခြေများတွင် လျှပ်စစ်မီးသွယ်တန်းရာ၌ လျှပ်စစ်ဌာနမှ မီးသွယ်တန်း မီးလိုင်းကြိုးတပ်ဆင်ရန်အတွက် ကန်ထရိုက်ပေး၍ ဆောင်ရွက်စေပြီး ဝန်ဆောင်ခများကို လျှပ်စစ်သုံးစွဲမည့် ပြည်သူများမှပေးချေရကြောင်း သိရှိရပါသည်။

ယူဆပါသည်။ သို့ပါ၍

- မီးသွယ်တန်းရန်အတွက် ကန်ထရိုက်အဖြစ် ရွေးချယ်ရာတွင် မည်သည့်အချက်များပေါ်တွင် အခြေခံ၍ ရွေးချယ်တာဝန်ပေးအပ်ပါသလဲ၊
- မီးသွယ်တန်းရန် (မီးလိုင်းရိုက်ရန်) တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များအတွက် အရည်အချင်းသတ်မှတ်ချက် မည်သို့သတ်မှတ်ထားပါသလဲ၊
- ပင်မမီးလိုင်းမှ လူနေအိမ်သို့ လျှပ်စစ်မီးသွယ်တန်းရာတွင် (လိုင်းဆက်ခ)အတွက် ဝန်ဆောင်ခနှုန်းထားမည်သို့ သတ်မှတ်ထားပါသလဲ၊
- နေအိမ်အတွင်း မီးသွယ်တန်းခ(မီးလိုင်းရိုက်ခ)အတွက် ပေးဆောင်ရမည့် ဝန်ဆောင်ခကို မည်သို့သတ်မှတ်ထားပါသလဲ၊

အထက်ဖော်ပြပါအချက်(၄)ချက်ကို ဖြေကြားပေးပါရန်အပြင် အများပြည်သူနေအိမ်များသို့ မီးသွယ်တန်းရာ၌ ပြည်သူများမှပေးဆောင်ရမည့် ဝန်ဆောင်ခအခွန်နှုန်းထားများကို အများပြည်သူ သိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာဖြင့် ကြေငြာပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ဝေမေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"လူနေအိမ်အတွင်း လိုင်းတပ်ဆင်ခြင်း (မီးလိုင်းရိုက်ခြင်း) လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်လုပ်သား များမှသာ ဆောင်ရွက်ပေးသင့်သည်ဟု ယူဆပါ၍ မီးသွယ်တန်းရန်အတွက် ကန်ထရိုက်အဖြစ် ရွေးချယ်ရာတွင် မည်သည့် အချက်များအပေါ် အခြေခံ၍ ရွေးချယ်တာဝန် ပေးအပ်သည်ပါ အချက်(၄)ချက်ကို ဖြေကြားပေးရန်အပြင် အများပြည်သူနေအိမ်များသို့ မီးသွယ်တန်းရာ၌ ပြည်သူများမှ ပေးဆောင်ရမည့် ဝန်ဆောင်ခအခွန်နှုန်းထားများကို အများပြည်သူသိရှိနိုင်ရန်အတွက် ပွင့်လင်း မြင်သာစွာဖြင့် ကြေညာပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ နေအိမ်တွင်း လျှပ်စစ်မီးသွယ်တန်းရာတွင် ကန်ထရိုက်အဖြစ်ရွေးချယ်ရာ၌ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ လုပ်ငန်းဆောင်ရွက်ခွင့်၊ လျှပ်စစ်ကျွမ်းကျင်လက်မှတ် ထုတ်ပေးခြင်းမရှိပါ။ နေအိမ်တွင်း လျှပ်စစ်

ဆောင်ရွက်နိုင်ပါသည်။

၄၀၀ဗို့ဓါတ်အားလိုင်းမှ နေအိမ်သို့ ဆက်သွယ်ရမည့် ဝါယာကြိုးသွယ်တန်းနိုင်ရန်အတွက် လိုအပ်သော ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဆားဗစ်ဝါယာသွယ်တန်းခြင်း၊ အိမ်တွင်းဝါယာတပ်ဆင်ခြင်းလုပ်ငန်းတို့ကို လျှပ်စစ်ကျွမ်းကျင်လက်မှတ်ရပုဂ္ဂိုလ်မှ ဆောင်ရွက်ပြီး ဝန်ဆောင်မှုအခကြေးငွေပိုင်း၌ နေအိမ်အတွင်း ဆောင်ရွက်လိုသော လုပ်ငန်းပမာဏအပေါ်မူတည်၍ လျှပ်စစ်ဓါတ်အားသုံးစွဲသူ (အိမ်ရှင်)နှင့် လုပ်ငန်း ဆောင်ရွက်သူ (လျှပ်စစ်ကျွမ်းကျင်လက်မှတ်ရပုဂ္ဂိုလ်)တို့မှ သဘောတူညီမှုရယူကာ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အိမ်သုံး/ပါဝါမီတာများအား တပ်ဆင်ပေးခြင်း၊ တိုင်ပေါ်တွင် ၄၀၀ဗို့/၂၃၀ဗို့ လိုင်း ကြိုးနှင့် ဆားဗစ်ဝါယာအား ချိတ်ဆက်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရပါသည်။ အဆိုပါ ကြိုးဆက်သွယ်ပေးခြင်းအတွက် ဌာနသို့ ကြိုးသွယ်ခ(၂၀၀၀)ကျပ်၊ မီးဆက်ခ (၂၀၀၀)ကျပ်၊ ကြီးကြပ်ခ(၁၀၀၀)ကျပ်အား လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ ငွေရပြေစာ (လျှပ်စစ်ပုံစံ-၂၃)ဖြင့် ပေးသွင်းရပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးကမေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပေါက်ခေါင်းမြို့နယ်၊ တောင်လည်အုပ်စု၊ တောင်လည်ကျေးရွာ အထက်တန်းကျောင်းတွင် ကျောင်းသားဦးရေနှင့် စာသင် ဆောင် လုံလောက်မှုမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် RCC (၂)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်း မြို့နယ် တောင်လည်အုပ်စု တောင်လည်ကျေးရွာ အထက်တန်းကျောင်းတွင် ကျောင်းသားဦးရေနှင့်

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပေါက်ခေါင်းမြို့နယ်၊ တောင်လည်အုပ်စု၊ တောင်လည်ကျေးရွာ အထက်တန်းကျောင်းတွင် ကျောင်းသားဦးရေနှင့် စာသင်ဆောင် လုံလောက်မှုမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် RCC (၂)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်လည်အုပ်စု တောင်လည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားအင်အားမှာ မူလတန်းဆင့်တွင် (၁၉၀)ဦး၊ အလယ်တန်းဆင့်တွင် (၃၃၆)ဦး၊ အထက်တန်းဆင့်တွင် (၂၂၀)ဦးရှိပြီး စုစုပေါင်းကျောင်းသားဦးရေမှာ (၇၄၆)ဦး ရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ ထက်ပြ(ကာယအပါအဝင်)(၁၂)ဦး၊ လယ်ပြ(၁၂)ဦး မူပြ(၅)ဦး၊ စုစုပေါင်း(၃၀)ဦးရှိပါသည်။ ကျောင်းဆောင်များမှာ ဧရာဆောင် (၁၄၀×၃၀)ပေ (၂)ထပ်၊ နဝင်းဆောင် (၁၁၀×၂၇)ပေ (၂)ထပ်၊ သိပ္ပံဆောင်(၉၀×၃၀)ပေ (၁)ထပ်၊ ယာယီဆောင်(၉၀×၃၀)ပေ (၁)ထပ်၊ မူကြိုဆောင်(၆၀×၃၀)ပေ (၁)ထပ်နှင့် စာကြည့်တိုက်(၃၀×၃၀)ပေ (၁)ထပ်၊ စုစုပေါင်း(၆)ဆောင်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်လည်အုပ်စု တောင်လည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း BE စာရင်းတွင် (၁၄၀×၃၀)ပေ RCC(၂)ထပ် တိုးချဲ့ဆောင်အဖြစ် တင်ပြတောင်းခံပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရွှေတောင်မြို့၊ ကွေ့မတိုက်နယ်ဆေးရုံတွင် ဓါတ်မှန်စက်နှင့် ကျွမ်းကျင် ဝန်ထမ်း(၁)ဦး၊ ကွန်ပေါင်ဒါ(၁)ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ရွှေတောင်မြို့နယ်၊ သရက်ပင်ကွင်းကျေးရွာသို့ ကျန်းမာရေးဌာနခွဲ တိုးချဲ့ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၃)ရက်တွင် ကျင်းပမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သတ္တမအကြိမ် ပုံမှန်အစည်းအဝေးတွင် ရွှေတောင်မြို့၊ ကွေ့မတိုက်နယ် ဆေးရုံတွင် ဓါတ်မှန်စက်နှင့် ကျွမ်းကျင်ဝန်ထမ်း(၁)ဦးနှင့် ကွန်ပေါင်ဒါ(၁)ဦး ခန့်ထားပေးရန်

မေးခွန်းအား မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအုန်းသွင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရွှေတောင်မြို့၊ ကွေ့မတိုက်နယ်ဆေးရုံတွင် ဓါတ်မှန်စက်နှင့် ကျွမ်းကျင် ဝန်ထမ်း(၁)ဦး၊ ကွန်ပေါင်ဒါ(၁)ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ (၁၀. ၃. ၂၀၁၇) ရက်စွဲပါစာအမှတ်-ကုသထောက်ကူ / ဆစ-၄/ ၂၀၁၇ / ၁၅၈ အရရွှေတောင်မြို့နယ်ကွေ့မတိုက်နယ် ဆေးရုံသို့ဆေးဘက်ကျွမ်းကျင်(၄) (ဆေးစပ်) (၁)ဦးအားခန့်ထားပေးခဲ့ပြီး အဆိုပါခန့်ထားပေးသော ကွန်ပေါင်ဒါသည် (၁၆. ၅. ၂၀၁၇) ရက်နေ့မှစ၍ အလုပ်တာဝန်များ ဝင်ရောက်ထမ်းဆောင်နေပြီ ဖြစ်ပါကြောင်း ဖြေကြားထားပါသည်။ ယခုကိုယ်စားလှယ် တော်ကြီး တင်ပြထားသည်က ယနေ့အထိ မရောက်ရှိသေးကြောင်း၊ သို့အတွက်ကြောင့် ကျွန်တော် တာဝန်ရှိ ပုဂ္ဂိုလ်အား မေးမြန်းပြီး ကိုယ်စားလှယ်ကို ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်၏ (၂၁. ၆. ၂၀၁၆) ရက်စွဲပါစာအမှတ်-ကုသထောက်ကူ/ဓမ-၄/၂၁၀၆/၂၆၃ အရဆေးဘက်ကျွမ်းကျင်(၄) ဓါတ်မှန် ခန့်ထားမှုတွင်မပါရှိသေးပါသဖြင့် ဤရုံး၏ (၂၃-၆. ၂၀၁၇) ရက်စွဲပါစာအမှတ်- ၂၆၇၆/ ပခတ-ကုသရေး/ ထွေ / ၂၀၁၇ အရ ညွှန်ကြားရေးမှူးချုပ် ၊ကုသရေးဦးစီးဌာန ၊နေပြည်တော်သို့ တင်ပြတောင်းခံပေးသွားမည် ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရွှေတောင်မြို့နယ်၊ သရက်ပင်ကွင်းကျေးရွာသို့ ကျန်းမာရေး ဌာနခွဲ တိုးချဲ့ချထားပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ သရက်ပင်ကွင်းကျေးရွာသည် ဝါးတောကျေးလက်ကျန်းမာရေးဌာန၊ တောင်လုံးညို ကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ သရက်ပင်ကွင်းကျေးရွာတွင်အိမ်ခြေ (၁၅၂)အိမ်၊ အိမ်ထောင်စု (၁၅၅)စု၊ လူဦးရေ

သရက်ပင်ကွင်းကျေးရွာနှင့်စမ်းရွာရှိလူဦးရေ (၁၀၉၈) ဦးတို့ကိုကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံနိုင်မည်ဖြစ်ပြီးဒေသခံပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေစေရန် (Universal Health Coverage ရရှိစေရန်) ကျေးလက်ကျန်းမာရေး ဌာနခွဲအသစ်တိုးမြှင့်ဖွင့်လှစ်နိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဂျပန်ချေးငွေ (JICA ODA LOAN) ဖြင့် ပြုလုပ်လျက်ရှိသော ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေရေး အဆင့်မြှင့် တင်ခြင်းလုပ်ငန်းတွင် ကျန်ရှိနေသော နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှိ ရေပိုက်များ လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းကို နိုင်ငံတကာချေးငွေ ထပ်မံရယူ၍ သော်လည်းကောင်း (သို့) တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် သော်လည်းကောင်း ပြုလုပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဂျပန်ချေးငွေ (JICA ODA LOAN) ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သည့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ပြီးစီးသည့်အချိန်တွင် ခန့်အပ်တာဝန်ပေးရန် လိုအပ်သည့် ဓါတ်ခွဲကျွမ်းကျင်သူ(၁)ဦးကို ခန့်ထားပေးသွားရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဂျပန်ချေးငွေ (JICA ODA LOAN)ဖြင့် ပြုလုပ်လျှက်ရှိသော ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေရေးအဆင့် မြှင့်တင်ခြင်း လုပ်ငန်းတွင် ကျန်ရှိနေသော နှစ်ပေါင်း (၁၀၀)ကျော်သက်တမ်းရှိ ရေပိုက်များ လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းကို နိုင်ငံတကာ ချေးငွေထပ်မံရယူ၍သော်လည်းကောင်း (သို့) တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် သော်လည်းကောင်း ပြုလုပ်ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရခြင်း

ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဂျပန်ချေးငွေ (JICA ODA LOAN) ဖြင့် ပြုလုပ်လျက်ရှိသော ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေရေး အဆင့်မြှင့် တင်ခြင်းလုပ်ငန်းတွင် ကျန်ရှိနေသော နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှိ ရေပိုက်များ လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းကို နိုင်ငံတကာ ချေးငွေ ထပ်မံရယူ၍ သော်လည်းကောင်း (သို့) တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်သော်လည်းကောင်း ပြုလုပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ မြို့ရေပေးရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဂျပန်ချေးငွေ (JICA ODA Loan)ဖြင့် ရေဖြန့်ဝေပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်းနှင့် ရေမီတာများ အစားထိုးလဲလှယ်ခြင်းနှင့် ရေမီတာများ အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ရေဖြန့်ဝေ ပိုက်လိုင်းများ အစားထိုးလဲလှယ်ရာတွင် ရေဖြန့်ဝေပိုက်လိုင်း(၇၀)ရှိသည့်အနက် ရေဖြန့်ဝေ ပိုက်လိုင်း(၁၀) လိုင်းအား ဂျပန်ချေးငွေ ကျပ်(၂၅၇. ၃၈၄)သန်းဖြင့် အစားထိုးလဲလှယ်နိုင်ပြီး ကျန်ရှိသည့် ရေဖြန့်ဝေပိုက်လိုင်း (၆၀)လိုင်းအား အစားထိုးလဲလှယ်ရန် လိုအပ်လျက်ရှိပါသည်။

ကျန်ရှိသည့် ရေဖြန့်ဝေပိုက်လိုင်းများမှာ နှစ်ပေါင်း (၁၀၀)ခန့် ကြာမြင့်နေပြီ ဖြစ်သည့်အတွက် အချို့နေရာများတွင် ပိုက်လိုင်းများ ပိတ်ဆို့နေခြင်း၊ ရေပိုက်လိုင်းများ ပေါက်ပြဲ၍ ရေယိုစိမ့်နေခြင်းများ ဖြစ်ပေါ်လျက် ရှိပါသည်။ မြို့ရေပေးရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ဧရာဝတီမြစ်ရေအား သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် ရေသန့်စင်မှုစနစ်ဖြင့် ရေဖြန့်ဝေပေးမည်ဖြစ်ရာ အဆိုပါကျန်ရှိသည့် ရေပိုက်လိုင်း(၆၀)လိုင်းအား လဲလှယ်နိုင်မှသာ ရာနှုန်းပြည့် သန့်ရှင်းသော သောက်သုံးရေ ရရှိမည်ဖြစ်ပြီး ရေအားနည်းသော သောက်သုံးရေရရှိမည်ဖြစ်ပြီး ရေအားနည်းသည့် နေရာများအား ရေဖိအားများလာမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကျန်ရှိသည့် ရေပိုက်လိုင်း(၆၀)လိုင်း အစားထိုးလဲလှယ်ခြင်း ဆောင်ရွက်ရန်

**အချိန်တွင် ခန့်အပ်တာဝန်ပေးရန် လိုအပ်သည့် ဓါတ်ခွဲကျွမ်းကျင်သူ(၁)ဦးကို ခန့်ထားပေးသွားရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ဂျပန်ချေးငွေ (JICA ODA Loan)ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ မြို့ရေပေးရေး အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ဧရာဝတီမြစ်ရေအား ရေသန့်စင်မှုစနစ်ဖြင့် မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဖွဲ့စည်းပုံတွင် ဓါတ်ခွဲကျွမ်းကျင်-၄ ရာထူးမပါရှိသည့်အတွက် ခန့်အပ်ပေးသွားရန် အစီအစဉ် မရှိပါကြောင်းနှင့်လက်ရှိတွင် လက်ထောက်အင်ဂျင်နီယာ(၁) ဦးမှ ဦးဆောင်၍ ရေသန့်စင်မှုစနစ်ဖြင့် မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ဆောင်ရွက်လျက် ရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်းနံပါတ်(၂) အတွက် ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပြည်မြို့နယ်အတွက် မြို့ရေပေးဝေရေးကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းသည် အစိုးရသစ်၏ ဂုဏ်သိက္ခာတစ်ခုလည်း ဖြစ်ပါသည်။ ကျွန်တော်တို့ ကျပ်သန်းပေါင်းများစွာ အကုန်အကျခံပြီး လုပ်နေမှန်းလည်း ပြည်သူလူထုမှ သိရှိပြီး ဖြစ်ပါသည်။ ယခုကဲ့သို့ ပြီးစီးသည့်အချိန်မှာ ဓါတ်ခွဲခန်းကျွမ်းကျင်တစ်ဦးအား မဖြစ်မနေခန့်ထားပေးရန် လိုအပ်ပါသည်။ အဘယ်ကြောင့် ဆိုသော် မြစ်ရေကို အနည်ချပြီး လိုအပ်သည့် Chemical များထည့်ပြီး ပြည်သူကိုပြန်လည်ပြီး ဖြန့်ဝေမှာ ဖြစ်ပါသည်။ အနည်မည်မျှကျရန် ရေကိုအချိန်မည်မျှစစ်ရမည်။ Chemical အချိုးအစားကို ဘယ်ဓါတ်များနေလျှင် ဘာကိုမည်မျှထည့်ရမလဲ ဆိုသည်မှာ အမှန်တကယ်ကျွမ်းကျင်သူမှ အဆင်ပြေမှာ ဖြစ်ပါသည်။ ယခုတာဝန်ပေးထားသည့် Civil Engineer သည် ကျွမ်းကျင်နိုင်မှာ မဟုတ်ပါကြောင်း၊ ဝန်ကြီးက ပြန်လည်ဖြေကြားသည်မှာ ဖွဲ့စည်းပုံတွင် ဓါတ်ခွဲကျွမ်းကျင်(၄)ရာထူး မပါရှိသည့်အတွက်ဟု ဖြေကြားခဲ့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၇ မှာ တိုင်းဒေသကြီးနှင့် အစိုးရအဖွဲ့ လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားရှိပါသည်။ ၎င်းက ပုဒ်မ ၂၅၇ ပုဒ်မခွဲ(က)မှာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်း

အကုန်အကျခံပြီး လုပ်ဆောင်ထားသည့်လုပ်ငန်းမှာ အဟောသိကံ ဖြစ်သွားနိုင်သည်။ ကျွမ်းကျင်မှုအားနည်း၍ဟု ဖြစ်သွားနိုင်သည်။ ပြည်သူလူထုအပြည့်အဝ အကျိုးမရှိမှာကို စိုးရိမ်သည့်အတွက် ၎င်းကိစ္စကို ပြင်ဆင်စဉ်းစား ပေးနိုင်ခြင်း ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဓါတ်ခွဲကျွမ်းကျင်သူ အစား ယခင်က စိစစ်တာအဆင်မပြေပါဟု ဆက်စပ်မေးခွန်းမေးမြန်းထားတာရှိပါသည်။ သို့သော် ကျွန်တော်တို့က အချိန်နှင့်တစ်ပြေးညီ ရေစစ်ကန်များကို ကျွမ်းကျင်သည့်ပညာရှင်များနှင့် လိုအပ်လျင် လိုအပ်သလို အမြဲစိစစ်သည့်အနေအထားမှာရှိပါသည်။ ဖွဲ့စည်းပုံမပါဟုဆိုသည်မှာ လက်ရှိတစ်တိုင်းလုံးရှိ စည်ပင်သာယာရေးဖွဲ့စည်းပုံမှာ ဓါတ်ခွဲကျွမ်းကျင်(၄) ရာထူးမရှိပါကြောင်း၊ လက်ရှိမရှိသည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ အကယ်၍ လိုအပ်ပါက ဖွဲ့စည်းပုံပေါ်ပေါက်ရေးအတွက် ဝန်ထမ်းခန့်ထားနိုင်ရေးကို လိုအပ်လျှင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြရှင်းလင်းခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျမေးမြန်းသည့် ဓါတ်ခွဲကျွမ်းကျင်သူ(၁)ဦး လိုအပ်သည့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေး (JICA ODA LOAN) နှင့် ဆောင်ရွက်သည့်နေရာကို ကိုယ်တိုင် ရောက်ရှိပြီး ဖြစ်ပါတယ်။ အမှန်တကယ် လိုအပ်သည့် နေရာဖြစ်ပါတယ်။ ပြည်သူများ၏ ကျန်းမာရေး၊ အသက်ရှင်ရေးအတွက် အမှန်တကယ်လိုအပ်သည့် အချက်ဖြစ်ကြောင်းကိုလည်း ကျွန်တော်သိရှိပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အား မေးခွန်းမေးမြန်းပြီး တင်ပြပေးဖို့ တိုက်တွန်းပြောကြားခဲ့ခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၃) **"ပြည်မြို့နယ်၊ ရွှာဘဲနယ်မြေရှိ မူလတန်းအခြေခံပညာအထက်တန်း ကျောင်း(ခွဲ)၏ ကျောင်းပိုင်မြေနေရာအတွင်း ကျူးကျော်ဆောက်လုပ်ထားသော ကြက်ခြံများနှင့်**

ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ် ရွာဘဲနယ်မြေရှိ မူယာပင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ကျောင်းပိုင်မြေနေရာအတွင်း ကျူးကျော်ဆောက်လုပ်ထားသော ကြက်ခြံများနှင့် လူနေအိမ်အချို့ကြောင့် ကျောင်း၏လုံခြုံရေးထိခိုက်နေခြင်း၊ အနံ့အသက် ဆိုးများကြောင့် ကျောင်းသားကျောင်းသူများ၊ ဆရာ၊ဆရာမများအတွက်ကျန်းမာရေးထိခိုက်နေခြင်းများ ကြုံတွေ့နေရခြင်းအပေါ် မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ထားရန် စီစဉ်ထားရှိကြောင်းကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ရှိ ပြည်ပညာရေးကောလိပ် မြေနေရာအသစ်ရရှိရေးနှင့် အမြန်ဆုံးတည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်ကဲ့သို့ တွန်းအားပေးဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့နယ်၊ ရွာဘဲနယ်မြေရှိ မူယာပင်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၏ ကျောင်းပိုင်မြေနေရာအတွင်း ကျူးကျော်ဆောက်လုပ်ထားသော ကြက်ခြံများနှင့် လူနေအိမ်အချို့ကြောင့် ကျောင်း၏လုံခြုံရေး ထိခိုက်နေခြင်း၊ အနံ့အသက် ဆိုးများကြောင့် ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများအတွက် ကျန်းမာရေးထိခိုက်နေခြင်းကို ကြုံတွေ့နေရခြင်းအပေါ် မည်သို့ဖြေရှင်းဆောင်ရွက်ထားရန် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင် ပြည်မြို့နယ် ရွာဘဲနယ်မြေရှိ မူယာပင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ကျောင်းပိုင်မြေနေရာအတွင်း ကျူးကျော်ဆောက်လုပ်ထားသော ကြက်ခြံများနှင့် လူနေအိမ်

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့နယ်ရှိ ပြည်ပညာရေးကောလိပ်မြေနေရာအသစ်ရရှိရေးနှင့် အမြန်ဆုံးတည်ဆောက် ဖွင့်လှစ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်ကဲ့သို့ တွန်းအားပေး ဆောင်ရွက် နေသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပြည်ခရိုင်၊ ပြည်မြို့ ပညာရေးကောလိပ်၏ လက်ရှိအကျယ်အဝန်းမှ (၉. ၄၃)ဧကသာရှိပြီး သင်တန်းသား/သူ ဝင်ဆံ့အင်အား (၄၇၅)ဦးအတွက်သာ အိပ် ဆောင်လုံလောက်မှုရှိခြင်း၊ (၄)နှစ်သင်ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ရာတွင် သင်တန်းသား/သူ ဝန်ထမ်းအင်အား ဝင်ဆံ့အင်အား (၂၀၀၀)ဦးရှိလာမည်ဖြစ်၍ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာလိုအပ်မှုများအပေါ် မြေနေရာ ရှာဖွေတင်ပြရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်မှာ ကြားချက်အရ ပြည်မြို့ ပညာရေးကောလိပ်အား (၄)နှစ်သင် ဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တိုးချဲ့ဆောက်လုပ်ရန်အတွက် မြေနေရာအား ပြည်မြို့နယ်၊ မြောက်နဝင်း ရွာသစ်ကြီးအုပ်စု တုံးရေသစ်တော ကြိုးဝိုင်း၊ အကွက်အမှတ်(၁၆)ရှိ မြေဧရိယာ (၂၀၇. ၉၀)ဧကအား ပြည်မြို့ ပညာရေး ကောလိပ်ပြောင်းရွှေ့ တည်ဆောက်ရန် (၇၀)ဧကကိုလည်းကောင်း၊ ကျန်မြေဧရိယာ (၁၃၇. ၉၀) ဧကအား မြို့ပြအိမ်ရာ စီမံကိန်းအတွက်လည်းကောင်း ဆောင်ရွက်နိုင်ရန် သစ်တောမြေအဖြစ်မှ ပယ်ဖျက် ခွင့်ရရှိရေး ဆောင်ရွက်ထားသည့် အနေအထားရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet မှာ ပြည်ထောင်စုသို့ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခွင့်ပေးရန်အတွက် တင်ပြဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမား နှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

တောင်သူများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ကော်မတီအနေဖြင့် တစ်စိုက်မတ်မတ် ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။

**ရည်ရွယ်ချက်**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ၏ အခက်အခဲများ၊ နစ်နာမှုများ၊ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိနိုင်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များ ဆောင်ရွက်နိုင်မှုများကို အကောင်းဆုံး ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

**ဆောင်ရွက်ချက်များ**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ ကော်မတီသည် တင်ပြပါကာလအတွင်း အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

- ၈. ၅. ၂၀၁၇ ရက်နေ့တွင် ကော်မတီထံသို့ ရောက်ရှိလာသော တိုင်ကြားစာများအား စိစစ်ခြင်း၊ ဆွေးနွေးခြင်း၊ လုပ်ငန်းစဉ်များအား ဆောင်ရွက်ခဲ့ပါသည်။
- ၁၁. ၅. ၂၀၁၇ ရက်နေ့တွင် ရေချိုငါးလုပ်ငန်းဥပဒေ ပြင်ဆင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များမှ ရေချိုငါးလုပ်ငန်းဥပဒေပါ အချက်များအား အခန်းအလိုက် ဆွေးနွေးခဲ့ကြပါသည်။
- ၁၂. ၅. ၂၀၁၇ ရက်နေ့တွင် ညောင်လေးပင်မြို့နယ်ရှိ စားကျက်မြေကိစ္စ လာရောက်၍ ရှင်းလင်းတင်ပြမှုများအတွက် ကြားနာပြီး နစ်နာမှုမရှိစေရေးအတွက် လုပ်ငန်းစဉ်များအား ချပြဆောင်ရွက်ပေးခဲ့ပါသည်။
- ၂၉. ၅. ၂၀၁၇ ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့် ပူးပေါင်း၍ ငါးလုပ်ငန်းဦးစီးဌာနအား ခေါ်ယူတွေ့ဆုံကာ ကော်မတီနှစ်ရပ်၏ ဆွေးနွေးထားသည့်အချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ ဌာနမှပြင်ဆင်လိုသည့် အချက်များနှင့်ပတ်သက်၍ လည်းကောင်း ကြားနာခြင်းများအား ဆောင်ရွက်ခဲ့ပါသည်။
- ၁. ၆. ၂၀၁၇ ရက်နေ့တွင် MCERP အဖွဲ့အား လွှတ်တော်ရှိကော်မတီရုံးခန်း၌ ရေချိုငါးလုပ်ငန်း ဥပဒေနှင့်ပတ်သက်၍ သိလိုသည့်အချက်များအား မေးမြန်းခြင်း၊ ငါးလုပ်ငန်း ဦးစီးဌာနနှင့် ကော်မတီနှစ်ရပ်ပေါင်းမှ MCERP မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအား ကြားနာခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။
- ၁၂. ၆. ၂၀၁၇ ရက်နေ့မှ ၁၆. ၆. ၂၀၁၇ ရက်နေ့ထိ ကော်မတီနှစ်ရပ်ပူးပေါင်း၍ ကော်မတီ ခန်းမ၌ ရေချိုငါးလုပ်ငန်းနှင့်ပတ်သက်၍ အခန်းလိုက်ပြင်ဆင်သင့်သည့် အချက်များကို

အတွက် ဆွေးနွေးခြင်းများအား ဆောင်ရွက်ခဲ့ကြပါသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ ကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဘဝရပ်တည်ချက်များ ခိုင်မာမှုရှိလာစေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အောက်ပါအချက်များအား အလေးထား လိုက်နာဆောင်ရွက်သွားရန် တိုက်တွန်း တင်ပြအပ်ပါသည်-

- ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်တားဆီး ဆောင်ရွက်မှုများအား အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားရန်နှင့် ပြည်သူများအား နားလည်သည်အထိ ချပြရှင်းလင်းပညာပေး ဆောင်ရွက်ရန်၊
- ရေသယံဇာတများနှင့် ဂေဟစနစ်များ ပျက်စီးမှုမရှိစေရေးစီမံချက်ချ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများနှင့် မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သူ တောင်သူများအကြား လည်းကောင်း၊ တောင်သူများနှင့် အင်းလေလံရရှိသူ အင်းသူကြီးများ၊ တင်ဒါငါးဖမ်းကွက် လုပ်ကိုင်သူ ရေလုပ်သားကြီးများအကြား လည်းကောင်း၊ အငြင်းပွားမှုဖြစ်ပွားလျက်ရှိသော နယ်နိမိတ်ပြဿနာများအား တိကျသော နယ်နိမိတ်သတ်မှတ်ချက်များအား ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် မြေပုံရေးဆွဲနိုင်ရေး အလေးထားလိုက်နာ ဆောင်ရွက်သွားရန်၊
- သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးမွေးမြူသူတောင်သူများ၏ ဘဝထိခိုက်နစ်နာမှုမရှိစေရေး၊ ၎င်းတို့၏ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် လုံလောက်သော အရန်မျိုးစေ့မျိုးအား အစီအစဉ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် ထိခိုက်သော ထောက်ပံ့မှုများ လုပ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရန်၊
- ဒေသနေပြည်သူများ ဘဝရပ်တည်မှုများအတွက် တစ်ပိုင်တစ်နိုင် ရှာဖွေစားသောက်ခွင့်ရှိသည့် ဘုံငါးဖမ်းကွက်များ သတ်မှတ်နိုင်ရေးနှင့် ဒေသနေပြည်သူများအနေဖြင့် လုပ်ကိုင်ခွင့်ရသော အစုအဖွဲ့ပိုင် အင်းများ ဖော်ထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်၊
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေနှင့်အညီ ဒေသအလိုက် ကျွဲ၊ နွားများ နေထိုင်ကျက်စားနိုင်ရန် သတ်မှတ်ခဲ့သော စားကျက်မြေများအား ဥပဒေမဲ့ ဝင်ရောက်ကျူးကျော်စိုက်ပျိုးမှုများ၊ စားကျက်ကျူးနှင့် ဒေသခံတောင်သူများ၏ ပဋိပက္ခများ၊ ဒေသရှိ ကျွဲနွားကောင်ရေအလိုက် ထားရှိသင့်သည့် ဧရိယာထားရှိရန်၊ စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် ပယ်ဖျက်သင့်သလောက်

ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဦး၊ ပေါင်းတည် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ တင်သွင်းသော လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နှစ်အလိုက်အသုံးပြုသော ငွေလုံး၊ ငွေရင်း အသုံးစရိတ်နှင့် ပြုလုပ်သော လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၊ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓါတ်အား ရယူသုံးစွဲမှုလုပ်ငန်းများ NEP စီမံကိန်းနှင့် ပတ်သက်သော လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် လုပ်ငန်းစဉ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အတတ်နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရန် အရေးကြီးသော တာဝန်ဝတ္တရားများဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် သတ္တမပုံမှန်အစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

**ရည်ရွယ်ချက်**

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ရောက်ရှိလာသည့် ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီနှင့် မီးသုံးစွဲမှုများအကြား ဖြစ်ပေါ်နေသော ပြဿနာများကို အကောင်းဆုံးနည်းဖြင့် ဖြေရှင်းပေးနိုင်ရန်နှင့် NEP တစ်နိုင်ငံလုံးမီးလင်းရေး စီမံကိန်းနှင့် ပတ်သက်၍

အဆိုပါတင်ပြချက်အပေါ် လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် ၂၀၁၇ခုနှစ်၊ မေလ(၂၂)ရက်နေ့တွင် ကဝမြို့နယ်၊ အလယ်ရွာမီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအား လည်းကောင်း၊ (၂၃)ရက်နေ့တွင် ညောင်လေးပင်မြို့နယ်၊ ကောက်ကွေ့ကျေးရွာနှင့် ကျောက်တံခါးမြို့နယ်၊ အလှိုင်ကျေးရွာ မီးလင်းရေး ကော်မတီနှင့် တိုင်ကြားသူများအားလည်းကောင်း၊ (၂၄)ရက်နေ့တွင် ကျောက်ကြီးမြို့နယ်၊ သာစည်ကျေးရွာ မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအား လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံကြားနာခဲ့ပါသည်။

**ရှေ့လုပ်ငန်းစဉ်**

ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းတွင် ရွေးစွမ်းအင်ကုမ္ပဏီမှ လုပ်ငန်းစဉ်များအား လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့်အတူ ပူးပေါင်း၍ လေ့လာစိစစ်ရန်၊

ပဲခူးတိုင်းဒေသကြီး၊ လျှပ်စစ်လျှာထားချက်စီမံကိန်းများနှင့် NEP စီမံကိန်းတို့ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် ကူညီဆောင်ရွက်သွားရန်၊

ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီများနှင့် ပတ်သက်၍ နောင်လာမည့် NEP စီမံကိန်းတွင်လည်း မီးလင်းရေးကော်မတီများနှင့် ပြည်သူများအကြား ယခုကဲ့သို့သော ပြဿနာများဖြစ်ပေါ်လာမှု လျော့ပါးစေရေး အတွက် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီမှ အောက်ပါအတိုင်း အကြံပြုတိုက်တွန်းခဲ့ပါသည်-

- ဒီမိုကရေစီနည်းကျ အများသဘောတူ ရွေးကောက်ခံရသူများနှင့်သာ ကော်မတီဖွဲ့စည်းရန်၊
- ပေါ်ပေါက်လာသော ကော်မတီမှ ငွေကြေးကောက်ခံမှုများနှင့် ပတ်သက်၍ အများပြည်သူ သဘောတူလက်ခံသည်အထိ ချပြညှိနှိုင်းပြီး အတည်ပြုချက်ရယူရန်၊
- ငွေစာရင်းစာအုပ်ပြုလုပ်ထားရှိပြီး ကောက်ခံရရှိငွေအား လက်ဝယ်မထားဘဲ ဘဏ်၌ ငွေစုစာအုပ်ပြုလုပ်၍အပ်နှံထားရန်၊
- ငွေထုတ်ယူသုံးစွဲမည့်အခါတိုင်း မည်သည့်အတွက် ထုတ်ယူမည်ဖြစ်ကြောင်း အများပြည်သူအား အသိပေးပြီး နောက်သုံးစွဲပြီးသည့်အခါ မည်၍မည်မျှငွေပမာဏဖြင့် မည်သည့်လုပ်ငန်းများကို မည်သို့လုပ်ဆောင်ခဲ့ကြောင်းနှင့် အနည်းဆုံး(၆)လတစ်ကြိမ် အများပြည်သူသို့ ငွေစာရင်း ရှင်းတမ်းချပြရန်၊
- ကျေးရွာမီးလင်းရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်သည့်နောက်ပိုင်းတွင် မီးလင်းရေး ကော်မတီများ၏ သက်တမ်းကို (၃)နှစ်တကြိမ် အသစ်ရွေးချယ်ရန်၊
- ကော်မတီအဟောင်းနှင့် ကော်မတီအသစ်လွှဲပြောင်းပေးရာတွင် ငွေစာရင်းရှင်းတမ်းနှင့်တကွ

အများအကျိုးရှေးရှုသော ပရဟိတစိတ်များထားရှိပြီး အတူတကွပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မိမိတို့ ရပ်ရွာအကျိုး၊ မိမိတို့ဒေသအကျိုး၊ မိမိတို့ တိုင်းပြည်အကျိုးကို ယခုလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေရသောကာလတွင် တာဝန်ကျေသောနိုင်ငံသားကောင်းများအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုတည်ဆောက် ပေးရာရောက်မည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

## ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း " အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း "** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့် တံတားများအား BOT စနစ်ဖြင့် ကုမ္ပဏီကြီးများမှ တာဝန်ယူဆောင်ရွက်ရာတွင် နှစ်(၄၀)၊ နှစ်(၃၀) စသည်ဖြင့် စာချုပ်ချုပ်ဆို ထားရှိပါသည်။ ထိုကာလအတွင်း စာချုပ်ပါစည်းကမ်းချက်များကို မလိုက်နာခြင်း၊ တာဝန်ယူ ပြုပြင်ဆောက်လုပ်ပေးရမည့်တံတား၊ လမ်းများကို ဒေသခံကိုယ်စားလှယ်များမှ တင်ပြမေး မြန်းသော်လည်း မလုပ်ဆောင်ခြင်း၊ မြို့နယ်များရှိ လမ်းဦးစီးဌာနဦးစီးများ၏ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

ပဲခူးမြို့၊ မြို့ရှောင်လမ်းကိစ္စ ကိုယ်စားလှယ်ကြီးမှ မေးခွန်းမေးမြန်းချက်အရပင် ကော်မတီမှ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိကြောင်း၊ တွေ့ရှိရပါသည်။ ကိုယ်စားလှယ်များသည် မေးခွန်းများ မမေးမြန်းခင် ဦးစွာ ကုမ္ပဏီများအား ညှိနှိုင်း၍ လုပ်ဆောင်ပေးရန် ပြောကြားခဲ့ရာ လုပ်ဆောင်ပေးမည်ပြောပြီး အချိန် ကြာမြင့်သည့် အထိ လုပ်ဆောင်မပေး၍ မေးခွန်းမေးမြန်းသည့် အဆင့်ထိ ဖြစ်လာရပါသည်။ ဥပမာ-

၂၀၁၆ခုနှစ် မိုးတွင်းကာလတွင် ကျိုးကျသွားသဖြင့် ဘေလီတံတားပြုလုပ်ထားရှိပြီး ၂၀၁၇ခုနှစ် မိုးတွင်းကာလရောက်သည့်တိုင် တံတားအသစ်ပြုလုပ်ပေးနိုင်ခြင်းမရှိပါ။ အဆိုပါတံတားမှာ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်တို့မှာ ပဲခူးတိုင်းဒေသကြီးအတွင်း ဖြတ်သန်း သွားရသည့် အရေးကြီးသည့် တံတားတစ်စင်းဖြစ်ပါသည်။ ကြန့်ကြာရသည့်အကြောင်းအား မေးမြန်းရာ တံတားဒီဇိုင်းပုံစံမရ၍ဟု ပြောကြားရာ ဒီဇိုင်းရရှိအောင်လုပ်ဆောင်ပြီး ဆောက်လုပ် ပေးရမည့် တာဝန်သည် ကုမ္ပဏီ၏တာဝန်သာ ဖြစ်ပါသည်။

တာဝန်ယူမှု၊ တာဝန်ခံမှု စည်းကမ်းညီညွတ်မှုမရှိသည့် ကုမ္ပဏီများရှိပါသည်။ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့် တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း အဆိုအား တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်နေသော ကုမ္ပဏီများသည် လမ်းအသုံးပြုခများ အပြည့်အဝကောက်ခံခဲ့သော်လည်း လမ်းအရည် အသွေးများကို သတ်မှတ်စံနှုန်းပြည့်မီအောင် သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ခြင်း ရှိ/မရှိကို ပြည်သူများ ကိုယ်စား တိုင်းဒေသကြီးအစိုးရအနေဖြင့် ကြပ်မတ်စစ်ဆေးပေးသင့်ပါကြောင်းနှင့် ဤအဆိုကို လက်ခံဆွေးနွေး သင့်ပါကြောင်း ထောက်ခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၏ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါသေးသလားခင်ဗျား။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ဇင်မိုးထိုက်၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ် ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း "** အဆိုကို သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဦးမျိုးမြင့်အောင်မှ ဆွေးနွေးရန်သင့်ပါကြောင်း

ယခုလိုအဖြစ်အပျက်များဖြစ်လာရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် BOT စနစ်နှင့် ဆောင်ရွက်သည့် လမ်းတံတားများကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် လိုအပ်သည့်အတွက် ဒေါ်ဇင်မိုးထိုက်၏အဆိုကို လက်ခံဆွေးနွေးရန် သင့်ပါကြောင်း ထောက်ခံဆွေးနွေး တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံ ဆွေးနွေးရန်သဘောတူကြောင်းကြေညာပါတယ်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက်နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၄း၂၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ်

နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်
# [ ၂၀၁၇ခုနှစ် ၊ ဇူလိုင်လ ၅ ရက် ]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၃. ၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးနိုင်အောင်ခင်တို့သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၅-၇-၂၀၁၇) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၅ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးစာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးစာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန်းဝင်း(ခ)ဒေါ်သန်းသန်းဝင်း[တိုင်းဒေသကြီးစာရင်းစစ်ချုပ်]**။ ။(စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား နောက်ဆက်တွဲဖြင့်ဖော်ပြပါမည်။)

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၈)ဦးကမေးမြန်းသည့် မေးခွန်း(၁၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးက ပြန်လည် ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်း၊ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်း၊ ခရိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် ဥပဒေ၊ နည်းဥပဒေများနှင်အညီ ဆောင်ရွက်ခြင်း ရှိ/ မရှိကို မည်ကဲ့သို့ စိစစ်နေပါသနည်း။ တိုင်း၊ ခရိုင်၊ မြို့နယ်လယ်ယာမြေစီစစ်ရေးနှင့် စာရင်းအင်းဦးစီးဌာနသည် ပဲခူးတိုင်းဒေသကြီးအတွင်း ဥပဒေ၊ နည်းဥပဒေများနှင့် အညီအမြဲဆောင်ရွက် နေပါသလား။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ ဝန်ထမ်းအဆင့်ဆင့်အား အရေးယူ ဆောင်ရွက်ခဲ့ခြင်း ရှိ/ မရှိနှင့် အရေးယူဆောင်ရွက်ခဲ့ခြင်းရှိပါကမည်သည့်ပြစ်မှု၊ ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း၊ အမှုမည်မျှရှိကြောင်းကိုသိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပြည်မြို့နယ်ရှိ ပေါင်းတလည်-တောင်တီးကျောက်ချောလမ်းမှာ နှစ်စဉ်ရေကြီး နစ်မြုပ်မှုကြောင့် ဆိုးဝါးစွာ ပျက်စီးနေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အမြန်ဆုံးပြုပြင်ထိန်းသိမ်းရန် (သို့) ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ ပေါင်းတလည်-တောင်တီးကျောက်ချောလမ်းမှာ နှစ်စဉ်ရေကြီးနစ်မြုပ်မှုကြောင့် ဆိုးဝါးစွာပျက်စီးနေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အမြန်ဆုံးပြုပြင်ထိန်းသိမ်းရန် (သို့မဟုတ်) ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နှစ်ရှည်ပင်စိုက်ပျိုးသော တောင်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်ကဲ့သို့သော ထောက်ပံ့မှုများပြုလုပ်မည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နှစ်ရှည်ပင် စိုက်ပျိုးသော တောင်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်ကဲ့သို့သော ထောက်ပံ့မှုများ ပြုလုပ်ပေးမည်ကို သိရှိလိုကြောင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့လျှင် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၃)ဦး မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်း၊ ခရိုင်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသော ကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်း၊ ခရိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

- လယ်ယာကဏ္ဍစာရင်းအင်းကိန်းဂဏန်းများအား ကောက်ယူပြုစုခြင်း၊
- မြေခွန်တော် စည်းကြပ်စည်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ပြည်သူလူထု ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊
    - စာချုပ်စာတမ်းများအား မှတ်ပုံတင်ဆောင်ရွက်ပေးခြင်း၊
    - သက်သေခံမြေပုံ(မြေစာရင်းပုံစံ-၁၀၅) ရေးကူးပေးခြင်း၊
- မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
    - ပြည်သူများအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊
    - မြို့မြေတိုင်းတာခြင်းလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊
    - ကွင်းမြေပုံများအား တိုင်းတာပုံထုတ်ဆောင်ရွက်ခြင်း၊
- လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များတွင် အတွင်းရေးမှူးတာဝန်အဖြစ် ဆောင်ရွက်ရခြင်း၊
- လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြည်လည် စိစစ်ရေးကော်မတီတွင် အတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ရခြင်း တို့ဖြစ်ပါ သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်း၊ ခရိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် လယ်ယာကဏ္ဍစာရင်းအင်း ကိန်းဂဏန်းများ ကောက်ယူပြုစုရာတွင် မြေစာရင်းလက်စွဲဥပဒေ၊ အမြဲအမိန့် အမှတ်-၁၈၅၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အောက်ခြေမြေတိုင်းစာရေးများမှ ကွင်းဆင်းစာရင်း ကောက်ယူ ပြုစုပြီးအဆင့်ဆင့် တာဝန်ယူ၊ တာဝန်ခံ၍ ဆောင်ရွက်လျက်ရှိပါသည်။

မြေခွန်တော်စည်းကြပ်ရာတွင်လည်း အောက်မြန်မာပြည် မြေနှင့်အခွန်တော် အက်ဥပဒေ၊ အထက် မြန်မာပြည် မြေနှင့်အခွန်တော်အက်ဥပဒေ၊ မြေစာရင်းလက်စွဲ အက်ဥပဒေ၊ ဌာန၏လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေခွန်တော်များ စည်းကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် စာချုပ်စာတမ်းများ မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ပြည်သူများလိမ်လည်မှုမှ ကင်းဝေးစေရန် ရည်ရွယ်၍ စာချုပ်စာတမ်းများ Registerမှတ်ပုံတင် လက်စွဲဥပဒေ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ကန့်သတ်သည့်ဥပဒေ၊ ဌာန၏လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ပေးလျက်ရှိသည့်အပြင် ဌာန၏စာရင်းမြေပုံကောက်နုတ်ချက် သက်သေခံမြေပုံ (မြေစာရင်းပုံစံ-၁၀၅) ရေးကူးပေးခြင်းလုပ်ငန်းကိုလည်း မြေစာရင်း လက်စွဲဥပဒေ၊ အမြဲအမိန့်အမှတ်-၁၀၈၊ ညွှန်ကြားချက်အမှတ်-၁/၉၄တို့နှင့်အညီ မိတ္တူရေးကူးဆောင်ရွက်ပေးလျက်ရှိပါသည်။

မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပြည်သူများအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြေစာရင်းလက်စွဲဥပဒေ၊ ဌာန၏ အမြဲအမိန့်များ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း Boundary အက်ဥပဒေ(1880 Boundaries Act)နှင့်အညီ မြို့နယ် အုပ်ချုပ်ရေးမှူးမှ (Boundary Officers )အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးမှ (Demacation Officers) အဖြစ်လည်းကောင်း တာဝန်ယူပြီး၊ နိုင်ငံတော်ဘဏ္ဍာငွေတောင်းခံ၍ စနစ်တကျသုံးစွဲဆောင်ရွက်လျှက်ရှိပါသည်။ ကွင်းမြေပုံများအား ပြန်တိုင်း၊ ပြင်တိုင်း ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်ဘဏ္ဍာငွေ တောင်းခံ၍ ငွေကြေးသုံးစွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျသုံးစွဲပြီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများနှင့် တိုင်းတာဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးအနေဖြင့်လည်း ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာအဖွဲ့ဝင်များနှင့် ဥပဒေ၊ ညွှန်ကြားချက်များအတိုင်း အစည်းအဝေးပြုလုပ်၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရမည့် လုပ်ငန်းများအား အမှုတွဲများ ဖွင့်လှစ်ဆောင်ရွက်ပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည် စိစစ်ရေးကော်မတီတွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရာတွင်လည်း ဗဟိုလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များဖြင့် ပေါင်းစပ် ညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် အားနည်းလျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဌာနစည်းကမ်းထိန်းသိမ်းရေးနည်းလမ်းဖြင့်ဖြစ်စေ၊ နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေများဖြင့်ဖြစ်စေ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ(၅၆)ဖြင့် ထောင်ဒဏ်အမိန့်ချမှတ်ခဲ့သူ (၁)ဦး၊ နေရာပြောင်းရွှေ့တာဝန်ပြစ်ဒဏ်နှင့် ရာထူးလျှော့ချပြစ်ဒဏ်ချမှတ်ထားသူဝန်ထမ်း(၁)ဦး၊ ပြည်ခရိုင်အတွင်း နိုင်ငံ ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအရ နေရာပြောင်းရွှေ့ တာဝန်ပြစ်ဒဏ်နှင့်

နှစ်တိုး လစာ(၁)ကြိမ်ရပ်ဆိုင်းသည့် ပြစ်ဒဏ်ချမှတ်ထားသည့် ဝန်ထမ်း(၁)ဦး၊ စုစုပေါင်း ဝန်ထမ်း(၃)ဦးအား အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် အားနည်းလျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်း ထိရောက်စွာအရေးယူဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် နောက်နောင်တွင်လည်း တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား ဖောက်ဖျက်ကျူးလွန်သည့် ဝန်ထမ်းများကို ဌာနစည်းကမ်းထိန်းသိမ်းရေးနည်းလမ်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့နယ်ရှိ ပေါင်းတလည်-တောင်တီး ကျောက်ချော လမ်းမှာ နှစ်စဉ်ရေကြီး နစ်မြုပ်မှုကြောင့် ဆိုးဝါးစွာ ပျက်စီးနေမှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အမြန်ဆုံးပြုပြင် ထိန်းသိမ်းရန် (သို့) ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ ပေါင်းတလည်-တောင်တီးလမ်းမှာ အရှည်(၃/၃. ၁၂)မိုင်ရှိ ကျောက်ချောလမ်းဖြစ်ပြီး ၂၀၀၈ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သောလမ်းဖြစ်ပါသည်။ နှစ်သက်တမ်း ကြာမြင့်မှုနှင့် နှစ်စဉ်ရေကျော်မှုများကြောင့် အဆိုပါလမ်းနှင့် ၎င်းလမ်းပေါ်ရှိ တံတားများမှာလည်း ပျက်စီးနေပါသည်။ ပေါင်းတလည်-တောင်တီး-ကံမြင့်-အုပ်ဆွဲ-ချောင်းခွ ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက အောက်ခံမြေ ပြုပြင်ခြင်းလုပ်ငန်းပါ ဆောင်ရွက်ရမည်ဖြစ်ပြီး (၃/၃. ၁၂မိုင်×၁၀ပေ×၂၀လက်မ) ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၁၃၉) သန်းကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်းပေါ်ရှိ တောင်တီးတံတားအမှတ် (၂) (၃၀'× ၂၀'×၆')၊ တောင်တီးတံတားအမှတ် (၃)(၂၃'×၂၀'×၆')နှင့် တောင်တီးတံတားအမှတ် (၄) (၁၂'×၂၀'×၆')ရှိ တံတားများမှာ တံတားအပေါ်ထည်များ ပြုပြင်ရမည်ဖြစ်ပြီး ပြုပြင်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၃၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ လမ်းနှင့်တံတားလုပ်ငန်းဆောင်ရွက်မည်ဆိုပါက စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် (၁၁၆၉) သန်းကုန်ကျမည်ဖြစ်ပြီး ကျေးရွာအုပ်စု (၃)အုပ်စု၊ ကျေးရွာ(၁၀)ရွာ၊ အိမ်ခြေ(၈၂၀)အိမ်၊ လူဦးရေ(၃၅၇၄)ဦး အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသော လမ်းနှင့်တံတားမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် လျာထားလုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ နှစ်ရှည်ပင်စိုက်ပျိုးသော တောင်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်ကဲ့သို့သော ထောက်ပံ့မှုများ ပြုလုပ်မည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နှစ်ရှည်ပင်စိုက်ပျိုးသော တောင်သူများအတွက် ၂၀၁၆-၂၀၁၇ခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရော်ဘာပညာပေးသင်တန်း(၁)ကြိမ် ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ စံပြကွက်(၁၀)ဧကပြုလုပ်ပြသခြင်း၊ ကွင်းသရုပ်ပြပွဲ(၆)ကြိမ်နှင့် ဆွေးနွေးပွဲ(၁)ကြိမ် ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၇-၂၀၁၈ခုနှစ်တွင် ရော်ဘာပညာပေးသင်တန်း(၁)ကြိမ်၊ စံပြကွက်(၁၃) ဧက၊ ကွင်းသရုပ်ပြပွဲ(၄)ကြိမ်အား လျာထားဆောင်ရွက်လျက်ရှိပြီး၊ အစိုးရအဖွဲ့အနေဖြင့် ငွေကြေးထောက်ပံ့မှုအနေနှင့် ချေးငှားခြင်း၊ ထောက်ပံ့ခြင်းအစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျာ ဝန်ကြီးအနေဖြင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် လျာထားလုပ်ငန်းစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ဖြေကြားထားပါတယ်။ ၂၀၁၇-၂၀၁၈ဘတ်ဂျက်တွင် ဒီလမ်းမပါမှန်းသိပါတယ်။ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် အစစအရာရာများအတွက် အရေးတကြီးလိုအပ်နေသည့်အတွက် ၂၀၁၈-၂၀၁၉ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပေးသွားရန် အစီအစဉ် ရှိ/ မရှိ သိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းသည့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်သူလူထုက စာပို့တောင်းဆိုသည့်လုပ်ငန်းများ၊ တိုင်းဒေသကြီးလွှတ်တော်မှ တောင်းဆိုသည့်လုပ်ငန်းများကို အစိုးရအဖွဲ့မှ ကွင်းဆင်းသည့်အခါ မျက်မြင်တွေ့ရှိချက်များအရ ဆောင်ရွက်သည့် လုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း စာရင်းပြုစုထားတာရှိပါတယ်။ ၂၀၁၈-၂၀၁၉ဘတ်ဂျက်ရေးဆွဲသည့်အခါမှာ စာရင်းပြုစုထားသည့် စာရင်းများအားလုံးကို တင်ပြမှာ

ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး၊ ရန်ပုံငွေမရရှိပါက ဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သာယာဝတီမြို့နယ်၊ မြစ်မခမြစ်၊ အနောက်ဘက်ကမ်းပတ်တာရှိ ကြပြဲချောင်းပေါက် တံတား၊ ချဉ်းကပ်လမ်းရေတိုက်စားမှုကြောင့် ကျိုးပြတ်နေမှုကို တံတားဆက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် တည်ဆောက်ပြီးခဲ့သော စမ်းကြီးကုန်း-ဝဲဒေါင့်အရှေ့ဘက်ကမ်းပတ်တာရှိ ချောင်းရိုးပေါက်အား ရေတံခါးတည်ဆောက်ပေး နိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း(၂)ခုအား တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ မြစ်မခမြစ်၊ အနောက်ဘက် ကမ်းပတ်တာရှိ ကြပြဲချောင်းတံတားမှာ ၂၀၁၆ မိုးရာသီ သဘာဝဘေးအန္တရာယ် ရေတိုက်စားခံရသဖြင့် တံတား၏မြေသားချဉ်းကပ်လမ်းများ ကျိုးပေါက်ပျက်စီးခဲ့ရပါသည်။ တံတားမှာကြပြဲချောင်း အလယ်တွင် ထီးထီးကျန်ခဲ့၍ ဒေသခံပြည်သူများ ကျေးရွာချင်းဆက်လမ်း အဖြစ် အသုံးပြုသော ကမ်းပတ်တာမှာ ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်ခဲ့ရပါသည်။

ကမ်းပတ်တာနှင့်ကြပြဲတံတားသည် အိုင်ဂဒုံအုပ်စု၊ ဒေါ်ဝိအုပ်စု၊ မြစ်ကြိုးအုပ်စု၊ အိပ်လဟာအုပ်စု တို့မှကျေးရွာပေါင်း (၁၉)ရွာမှ မှီခိုသွားလာနေရပါသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီပွားရေးအရ အချက်အချာကြသောလမ်းနှင့် တံတားဖြစ်ပါသည်။ ယခုအခါတွင် ကြပြဲတံတားကျိုးနေမှုကြောင့် ဆရာ ဆရာမများ၊ ကျောင်းသား/သူများ၊ လူနာများနှင့် ကျေးလက်နေပြည်သူများသည် ရေစီးသန်သော ကြပြဲချောင်းကို ဖောင်ကူးတို့ဖြင့် အန္တရာယ်ကြီးစွာ ဖြတ်ကူးသွားလာနေရပါသည်။ ၎င်းအခက်အခဲများကို ဗွီဒီယိုဖိုင်ဖြင့် ဝန်ကြီးချုပ်အားတင် ပြခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာအုပ်စု (၃)စု၊ ရွာပေါင်း (၁၉)ရွာရှိ ကျေးလက် ပြည်သူပေါင်း လူဦးရေ(၃၀၀၀)ခန့်၏ ဖွံ့ဖြိုးမှုအတွက် အရေးတကြီးလိုအပ်နေပါသောကြောင့် သက်ဆိုင်ရာဌာနမှ မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ ခရိုင်၊ သာယာဝတီမြို့နယ်၊မြစ်မခမြစ် အရှေ့ဘက်ကမ်းတွင် (၄. ၅)မိုင် အလျားရှိ ကျွန်းကလေး၊ ဝဲဒေါင့် ရေကာတာကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတာမှာ ကျွန်းကလေး - စမ်းကြီးကုန်း (၂. ၅)မိုင်တာကို ၂၀၁၆-၂၀၁၇ ပထမ (၆)လပတ်တွင် ဆောင်ရွက်ခဲ့ပါ သည်။ စမ်းကြီးကုန်း - ဝဲဒေါင့် (၂)မိုင်တာကို ၂၀၁၆-၂၀၁၇ ဒုတိယ (၆)လ ပတ်တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းကျွန်းကလေး - စမ်းကြီးကုန်းတာနှင့် စမ်းကြီးကုန်း - ဝဲဒေါင့်တာကြားတွင် ရေပုတ်ချောင်း(ခ)တုတ်ရိုက်ရိုးချောင်း တည်ရှိပါသည်။

မြစ်မခမြစ်ရေကြီးပါက ၄င်းချောင်းရိုးမှ ကမ်းပတ်တာအတွင်းရှိလယ်မြေများသို့ ရေဝင် နစ်မြုပ်ပါသည်။ တဖန် တောင်ပေါ်ရေကျလျှင်လည်း ၄င်းရိုးချောင်းမှ မြစ်ထဲသို့ စီးဝင်ပါသည်။ သို့အတွက်ကြောင့် တောရေကြီးမှုနှင့် မြစ်မခ မြစ်ရေကြီးမှုတို့ကို ထိမ်းချုပ်ကာကွယ်နိုင်ရန် ရေတံခါးတစ်ခု လိုအပ်နေပါသည်။ စမ်းကြီးကုန်း-ဝဲဒေါင့် ရေကာတာကြောင့် ကျွန်းကလေးအုပ်စု၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ညောင်ကောက်ကွေးကျေးရွာအုပ်စု၊ သဇင်အိုင်ကျေးရွာအုပ်စုတို့မှ လယ်ဧက (၄၂၀၀)ခန့် အကျိုးပြုဖြစ်ထွန်းမည်ဖြစ်ပါသည်။

ထို့ကြောင့် စမ်းကြီးကုန်း - ဝဲဒေါင့်ရှိ ချောင်းရိုးပေါက်အား ရေတံခါးတည်ဆောက် ပေးနိုင်ခြင်း ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"သာယာဝတီမြို့နယ်၊ မြစ်မခမြစ်၊ အနောက်ဘက် ကမ်းပတ်တာရှိ ကြပြဲချောင်းပေါက် တံတား၊ ချဉ်းကပ်လမ်းရေတိုက်စားမှုကြောင့် ကျိုးပြတ်နေမှုကို တံတားဆက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ မြစ်မခမြစ် အနောက်ဘက် ဇွယ်ငူကျေးရွာအနီးတွင် မြစ်မခမြစ် ရေကြီးမှုအား ကာကွယ်ရန် ကွမ်းခြံလေးဒူးတာနှင့် အသရော် အိပ်လဟာတာတို့အား တည်ဆောက်ထားပါသည်။ ၎င်းတာနှစ်ခုကြားတွင် မြစ်မခမြစ်၏ ရေဝင်ရေထွက်ပေါက် တစ်ခုဖြစ်သော ကြပြဲရိုးပေါက်အားဖြတ်၍ ကြပြဲတံတားအား (၂၀၁၅-၂၀၁၆) ခုနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီး ခဲ့ပါသည်။

(၂၀၁၆) ခုနှစ်၊ မိုးရာသီကာလတွင် မိုးရွာသွန်းမှုများပြားပြီး မြစ်မခမြစ်ရေသည် စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်ရောက်ရှိခဲ့သဖြင့် တံတားချဉ်းကပ်လမ်းနှင့် တံတားကမ်းကပ်ခုံ အပါအဝင် ထောက်တိုင် များ၏ အောက်ခံမြေသားများ ရေတိုက်စားခံခဲ့ရသဖြင့် ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်ခဲ့ရပါသည်။ ပြတ်တောက်သွားသောတံတား အဝင်/အထွက် ချဉ်းကပ်လမ်းအား မြေသားပြန်လည်ဖို့လုပ်ပါက ရေသွားလမ်း ကျဉ်းမြောင်းပြီး မြစ်မခမြစ်ရေ မြင့်တက်လာချိန်တွင် ထပ်မံတိုက်စား ပျက်စီးနိုင်ပါသဖြင့် အလျား (၂၀၀) ပေအရှည်၊ အဝင်/အထွက် ချဉ်းကပ်တံတား(၂)စင်း တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

အဆိုပါတံတားတည်ဆောက်ရန်အတွက် ရေသွားလမ်းတည်ရှိမှုနှင့် တံတားအတွက် အသေးစိတ် ဒီဇိုင်းပုံစံရရှိရေးတို့ကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက် သွားမည်ဖြစ်ပြီး ဒီဇိုင်းခွင့်ပြုမှုရရှိမှသာ ခန့်မှန်းခြေ စာရင်းရေးဆွဲခြင်းနှင့် ရန်ပုံငွေတင်ပြတောင်းခံခြင်းများ ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် တည်ဆောက်ပြီးခဲ့သော စမ်းကြီးကုန်း-ဝဲဒေါင့်အရှေ့ဘက်ကမ်းပတ်တာရှိ ချောင်းရိုးပေါက်အား ရေတံခါးတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ”** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ မြစ်မခမြစ် အရှေ့ဘက်ကမ်းတွင် (၂. ၅) မိုင် အလျားရှိ ကျွန်းကလေးမှ စမ်းကြီးကုန်း ကမ်းပတ်တာနှင့် (၂. ၀) မိုင် အလျားရှိ စမ်းကြီးကုန်းမှ ဝဲဒေါင့် ကမ်းပတ်တာတို့ ပါဝင်သော စုစုပေါင်းအလျား (၄. ၅) မိုင်ရှိ ကျွန်းကလေး ဝဲဒေါင့်တာကို (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကျွန်းကလေး စမ်းကြီးကုန်း ကမ်းပတ်တာနှင့် စမ်းကြီးကုန်းဝဲဒေါင့် ကမ်းပတ်တာကြားတွင် တည်ရှိသော ရေနုတ်ချောင်း (ခ) တိုက်ရိုက်ရိုးချောင်း ပေါ်တွင် တောရေကြီးမှုနှင့် မြစ်မခမြစ်ရေကြီးမှုတို့ကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ရေတံခါးတစ်ခု တည်ဆောက်ပေးရန် တင်ပြလာခြင်းဖြစ်ပါသည်။

ရေတံခါးတည်ဆောက်နိုင်ရန်အတွက် လိုအပ်သော မြေပြင်တိုင်းတာမှုများ၊ တောရေကြီးမှုအခြေအနေနှင့် မြစ်မခမြစ်ရေ ဝင်ရောက်မှုအခြေအနေများကို တိုင်းတာစစ်ဆေးပြီး ရရှိလာသောအချက်အလက်များကို ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ပြည်ထောင်စုရုံးချုပ်သို့ ပေးပို့တင်ပြ သွားမည်ဖြစ်ပါသည်။ တည်ဆောက်၍ ရရှိနိုင်သော အခြေအနေရှိပါက ဒီဇိုင်းပုံစံများ တောင်းခံခြင်း၊ ခန့်မှန်းခြေစာရင်းရေးဆွဲခြင်းနှင့် ရန်ပုံငွေတင်ပြတောင်းခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ဆည်မြောင်းဌာန၏ တည်ဆောက်ရေး လုပ်ငန်းများအား BOT (သို့မဟုတ်) MOT စနစ်ဖြင့် ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဆည်မြောင်းဦးစီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ အလွန်အမင်းကျခံသုံးစွဲခဲ့သော်လည်း ရေခွန်မှာ ထိုက်သင့်သလောက်မရပါ။ သို့ပါ၍ နောင်တွင် ဆည်မြောင်းဌာန၏ တည်ဆောက်ရေးလုပ်ငန်းများအား BOT (သို့မဟုတ်) MOT စနစ်ဖြင့် ဆောင်ရွက်ရန် သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“နယ်မြေအတိအကျ တိုင်းတာထားခြင်းမရှိသော ရွာမြေများ၊ ကျေးရွာချင်းဆက်လမ်းများ မြို့နှင့်ကျေးရွာချင်း ဆက်သွယ်ရေးလမ်းများ၊ ပယ်မြေများကို အခြေထိန်းသိမ်းနိုင်ရန်အတွက် နယ်နိမိတ်များကို တိုင်းတာသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။နယ်မြေအတိအကျ တိုင်းတာထားခြင်းမရှိသောရွာမြေများ၊ ကျေးရွာချင်းဆက်လမ်းများ၊ မြို့နှင့်ကျေးရွာချင်းဆက်သွယ်ရေး လမ်းများ၊ ပယ်မြေများကိုအခြေထိန်းသိမ်းနိုင်ရန်အတွက် နယ်နိမိတ်များကို တိုင်းတာသတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင် မြို့နယ်၊ အင်းချောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၂၁၇ နှင့် ၂၁၇-က)သည် စားကျက်မြေ ဟုတ်/ မဟုတ်နှင့် အကယ်၍ စားကျက်မြေဖြစ်ပါက မြို့နယ်အတွင်းရှိ စားကျက်မြေစာရင်း၌ အင်းကပွလိတ် စားကျက်အား ပြန်လည်ဖော်ထုတ်ထည့်သွင်းပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင် မြို့နယ်၊ အင်းချောင်းကျေးရွာအုပ်စု၊ အင်းကပွလိတ်ကျေးရွာနှင့် အင်းဝိုင်းကျေးရွာအုပ်စု၊ ရေကြည်ချောင်း ကျေးရွာ နှစ်ရွာကြား ကွင်းအမှတ်(၂၁၇ နှင့်၂၁၇/က)၌ ယခင်ကစားကျက်မြေ (၃၆၈ ဧက)ရှိသည်ဟု ကျေးရွာနေ သက်ကြီးရွယ်အို ရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအဆက်ဆက်တို့၏ ပြောဆိုမှုအရ သိရှိရပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန တို့၏ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားသော မြို့နယ်အတွင်းရှိ စာကျက်မြေစာရင်း၌ ပါဝင်ခြင်း မရှိသလို စားကျက်မြေပယ်ဖျက်ထားခြင်းကိုလည်း မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ကွင်းအမှတ် (၂၁၇နှင့် ၂၁၇/က)သည် စားကျက်မြေ ဟုတ်/မဟုတ်နှင့် စားကျက်မြေ ဖြစ်ပါက မြို့အတွင်းရှိ စားကျက်မြေစာရင်း၌ အင်းကပွလိတ်စားကျက်အား ပြန်လည်ဖော်ထုတ် ထည့်သွင်း ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၃)ဦး မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဆည်မြောင်းဌာန၏ တည်ဆောက်ရေး လုပ်ငန်း များအား BOT (သို့မဟုတ်) MOT စနစ်ဖြင့် ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ စိုက်ပျိုးရေရရှိရေး အတွက် ဆည်/ကန်၊ တာတမံနှင့် ရေတံခါးများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပြည်ထောင်စု/ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ နှစ်စဉ်ပုံမှန် ထိန်းသိမ်းပြုပြင်ဆောင်ရွက်လျက်ရှိသည့်အပြင် လွှတ်တော် ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူတို့၏ တင်ပြတောင်းဆိုမှုအရ ရေဘေးကာကွယ်ရေး၊ ရေကြီးနစ်မြုပ်မှု

လျော့ပါးသက်သာစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပြည်ထောင်စုအစိုးရ/ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လမ်းညွှန်ချက်အပေါ် ခွဲဝေရရှိသော ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေခွန်ကောက်ခံရေးနှင့်ပတ်သက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဌာနများနှင့်ပေါင်းစပ်၍ စိုက်ပျိုးရေ ရယူသုံးစွဲသည့်ဧကများအတွက် ကောက်ခံရရှိသည့် ရေခွန်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးသွင်းလျက်ရှိပါသည်။

ဆည်မြောင်းဌာန၏ တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခဲ့သော်လည်း ရေခွန်မှာ ထိုက်သင့်သလောက်မရရှိခြင်းနှင့် ပတ်သက်၍ ရေခွန်ကောက်ယူရာတွင် အခြားဌာနများ၊ သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူး တို့နှင့် ပူးပေါင်း၍ ကောက်ယူရခြင်းဖြစ်ပြီး ၎င်းရေခွန် မပေးဆောင်ပါက သက်ဆိုင်ရာ လယ်သမားအား အရေးယူရန် ပြစ်ဒဏ်အား ဥပဒေတွင် ပြဋ္ဌာန်းထားမှု မရှိခြင်းနှင့် ဌာနအနေဖြင့် မူလဆည်/ကန်/တာတမံထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေပေးဝေရေး လုပ်ငန်းများအပြင် ရေခွန်ကောက်ခံခြင်းများပါ ထပ်မံဆောင်ရွက်ရသည့်အတွက် အင်အားနိုင်နင်းမှုမရှိခြင်း၊ ဝန်ထမ်းအင်အား လုံလောက်မှုမရှိခြင်းနှင့် အခြားသော အခက်အခဲ အမျိုးမျိုးတို့ကြောင့် ထိုက်သင့်သည့်ရေခွန်မရရှိခဲ့ပါ။

ယခုအခါ ရေခွန်၊ တာတမံခွန်နှင့် ပတ်သက်၍ ဥပဒေအသစ်ပြဋ္ဌာန်းရန်အတွက် ပြည်ထောင်စု လွှတ်တော်တွင် အတည်ပြု ပြဋ္ဌာန်းရန် နိုင်ငံပိုင်သတင်းစာများမှ ပြည်သူလူထုအား အသိပေးကြေညာပြီးဖြစ်၍ ၎င်းဥပဒေအရ ရေခွန်ကောက်ခံရန် သက်ဆိုင်ရာ တိုင်း/ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများမှ ခေါင်းဆောင်၍ ကြီးကြပ်အဖွဲ့များ ဖွဲ့စည်းကာ ကျေးရွာအုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ ကျေးရွာအလိုက် ရေခွန်ကောက်ခံရေး အဖွဲ့များဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကောက်ခံတော့မည်ဖြစ်ရာ ထိုက်သင့်သော ရေခွန်များ ကောက်ခံရရှိမည်ဖြစ်ပါသည်။

ဆည်မြောင်းဌာန၏ တည်ဆောက်ရေးလုပ်ငန်းများအား BOT(သို့မဟုတ်) MOT စနစ်ဖြင့် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဥပဒေ၊ ပြည်သူ့လုပ်ငန်းကိုဥပဒေ၊ စာရင်းအင်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပုံမှန် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော ဧက (၅၀၀၀) နှင့်အထက် ဆည်/ကန်၊ တာတမံ၊ ရေတံခါးထိန်းသိမ်း ဆောင်ရွက်ပြုပြင်ခြင်း လုပ်ငန်းအား ပြည်ထောင်စုအဆင့်မှ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ဧက (၅၀၀၀)နှင့်အောက် ဆည်/ကန်၊ တာတမံ၊ ရေတံခါး ထိန်းသိမ်းဆောင်ရွက်ပြုပြင်ခြင်းလုပ်ငန်းအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှသာ စီမံခန့်ခွဲဆောင်ရွက်မည် ဖြစ်ပါသဖြင့် MOTစနစ်ဖြင့် ဆောင်ရွက်ရန် အစီအစဉ် မရှိပါ ကြောင်းနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စု/ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေးအတွက် ရေနုတ်မြောင်း/ ချောင်းတူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးအတွက် တာတမံများပြုပြင်တည်ဆောက်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်ထောင်စု/တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုများဖြင့် လုပ်ငန်းပမာဏအလိုက် တင်ဒါပေးခြင်း၊ ကန်ထရိုက်ပေးခြင်းဖြင့် ပြင်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသဖြင့် BOT စနစ်ဖြင့် ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။**

ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“နယ်မြေအတိအကျ တိုင်းတာထားခြင်း မရှိသော ရွာမြေများ၊ ကျေးရွာချင်းဆက်လမ်းများ မြို့နှင့် ကျေးရွာချင်း ဆက်သွယ်ရေးလမ်းများ၊ ပယ်မြေများကို အခြေထိန်းသိမ်းနိုင်ရန်အတွက် နယ်နိမိတ်များကို တိုင်းတာသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကျေးရွာအုပ်စုအလိုက် ရွာမြေများ၊ လယ်ယာမြေများ၊ ဥယျာဉ်ခြံစိုက်ပျိုးမြေများ၊ ကျေးရွာဘုံမြေများ၊ ကျေးရွာချင်းဆက်လမ်းများ၊ မြို့နှင့် ကျေးရွာချင်းဆက်သွယ်ရေးလမ်းများ၊ ကျေးရွာပယ်လမ်းများစသည်ဖြင့် သတ်မှတ်၍ ပြည်သူအများစုမှ အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထဲရေး အမည်ပေါက်ကျေးရွာများသည် လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေစာရင်းမြေပုံများအရ နယ်နိမိတ်စနစ်တကျ သတ်မှတ်ထားရှိပြီး တိုးတက်လာသော လူဦးရေအရ ရွာမြေများတွင် မြေတိုင်းတာသတ်မှတ်ထားခြင်းမရှိပါ။ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းများသည် လမ်းမကြီးများဥပဒေအရ လမ်းနယ်နိမိတ် တိကျစွာ သတ်မှတ် ထားရှိပြီး စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော လမ်းများသည်လည်း လမ်းနယ်နိမိတ် သတ်မှတ်ချက်များရှိပါသည်။

သို့ရာတွင် အချို့သောကျေးရွာချင်းဆက်လမ်းများမှာ ဓလေ့အရ သတ်မှတ်ထားသော နယ်နိမိတ်သာ ရှိပြီး တိကျစွာတိုင်းတာသတ်မှတ်ထားမှုမရှိခြင်း၊ နယ်နိမိတ်အမှတ်အသားများ မရှိခြင်းတို့ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမြေများ တိုးချဲ့ဆောင်ရွက်ခြင်း၊ လမ်း၊ တံတားများတိုးချဲ့ဖောက်လုပ်ခြင်း၊ ပြုပြင်ဆောင်ရွက်ခြင်းစသည့် အများပြည်သူ အကျိုးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းနယ်နိမိတ်များ ပြန်လည်တိုင်းတာ သတ်မှတ်ပေးရန် လိုအပ်လာလျှင်သော်လည်းကောင်း၊ စိုက်ပျိုးမြေများ တိုးချဲ့ဆောင်ရွက်ကြရာတွင် မြေစာရင်း မြေပုံများအရ ပယ်မြေအဖြစ် တည်ရှိပါက ပြန်လည်ဖော်ထုတ်ရန် ဒေသခံတောင်သူများမှ တောင်းဆိုလာလျှင် သော်လည်းကောင်း သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းစိစစ်၍ နယ်နိမိတ်များ တိုင်းတာသတ်မှတ် ပေးခြင်း၊ ပယ်မြေများ ပြန်လည်ဖော်ထုတ်ပေးခြင်းများကို သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စီမံကိန်းများချမှတ်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

နယ်မြေအတိအကျတိုင်းတာခြင်းမရှိသော ရွာမြေများမှာ ပြည်ထဲရေးအမည် မပေါက်သေးသည့် ကျေးရွာများသာဖြစ်နိုင်ပြီး ပြည်ထဲရေးအမည်ပေါက်သော ကျေးရွာများမှာ တိုင်းတာပြီးဖြစ်ပါသည်။ သို့ရာတွင် ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအနက် ကျေးရွာနယ်နိမိတ်များအား မူလသတ်မှတ်ထားရှိသည့် ဧရိယာထက်ပို၍ တိုးချဲ့ထားသည့် ကျေးရွာအချို့ရှိနေပြီး ယင်းကျေးရွာများအား မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအား ကျေးရွာချင်းဆက်သွယ်ရေးလမ်းများအနေဖြင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ သတ်မှတ်ထားရှိသည့် လမ်းဧရိယာ၊ နယ်နိမိတ်များအတိုင်း ကွက်ကြေတိုင်းတာခြင်းများ နှင့်အတူ လိုအပ်သည့်နေရာအားလုံးအတွက် ကွက်စိပ်တိုင်း တာခြင်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်းနှင့် တိုင်းတာပြီးဖြစ်သည့်နေရာ များအတွက် ကွက်စိပ်မြေပုံများတွင် မြေမျက်နှာပြင်အခြေအနေအရ ဆည်မြောင်း တာတမံများ၊ အင်းအိုင်မြေများ၊ သာသနာ/သုသာန်မြေများ၊ လေယာဉ်ပျံကွင်းမြေများ၊ မီးရထားလမ်းများ၊ ကားလမ်းများအစရှိသည်တို့ကို ထည့်သွင်းတိုင်းတာ မြေပုံထုတ်ထားရှိပြီးဖြစ်ပါသည်။

မြေတိုင်းတာခြင်း၊ မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြို့မြေ၊ မြို့ကွက်များ တိုင်းတာခြင်းနှင့် ကျေးရွာများရှိ စိုက်ပျိုးမြေလုပ်ကွက်များ တိုင်းတာခြင်းဟူ၍ နှစ်မျိုးခွဲခြားဆောင်ရွက် ရပါသည်။ မြို့မြေ၊ မြို့ကွက်များကို ဂရန်/အငှားဂရန်၊ လိုင်စင်များထုတ်ပေးနိုင်ရေး (၆၄ လက်မ ၁ မိုင်) စကေးဖြင့် တိုင်းတာ၍ နှစ်စဉ်မြေ လွှဲပြောင်းမှုအခြေအနေများအား မြေစာရင်းလက်ဆွဲဥပဒေပုဒ်မ ၉၃၀၊ ၁၁၆တို့အရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ နှစ်စဉ်လိုက်နာဆောင်ရွက်လျက်ရှိ ပါသည်။ နယ်နိမိတ် တိုင်းတာခြင်းများကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိ(Boundary Officers)နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demacation Officers)တို့မှ ၁၈၈၀ပြည့်နှစ် နယ်နိမိတ်ဥပဒေနှင့် အညီ သတ်မှတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ အင်းချောင်း ကျေးရွာအုပ်စု ကွင်းအမှတ်(၂၁၇ နှင့် ၂၁၇-က)သည် စားကျက်မြေ ဟုတ်/ မဟုတ်နှင့် အကယ်၍ စားကျက်မြေ ဖြစ်ပါက မြို့နယ်အတွင်းရှိ စားကျက်မြေ စာရင်း၌ အင်းကပ္ပလိတ်စားကျက်အား ပြန်လည်ဖော်ထုတ် ထည့်သွင်းပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်၊ အင်းချောင် ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၁၇)၊ (၂၁၇/က)တို့တွင် စားကျက်မြေ(၃၆၈)ဧကအား ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကောင်စီရုံး၏ (၃၁. ၅. ၁၉၈၃)ရက်စွဲပါစာအမှတ် (၆၄၆/၆၃၂/ပြည်တွင်းခွန် ၈၃/၁၈)အရ ပယ်ဖျက်ခဲ့ပြီး (၁၀. ၁၀. ၁၉၈၅)ရက်စွဲပါ စာအမှတ်၊ ၃၁၁၉/၅/၂-၇-ညလပဖြင့် လ/န(၃၉) ရရှိပြီးဖြစ်သဖြင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ပိုင် ငါးမွေးကန်အဖြစ် ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးမှ အသုံးပြု လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စားကျက်မြေစာရင်း၌ အဆိုပါစားကျက်မြေများ ပါဝင်ခြင်းမရှိပါကြောင်းနှင့် အင်းချောင် ကျေးရွာအုပ်စု၏ မြေအသုံးချမှုစာရင်းအား ပူးတွဲ၍ ပေးပို့ဖြေကြားအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မိမိမေးခွန်းနှင့် ပတ်သက်ပြီး အပိုဒ်(၃)တွင် အချို့သော ကျေးရွာချင်းဆက်လမ်းများမှာ ဓလေ့အရသတ်မှတ်ထားသော နယ်နိမိတ်သာရှိပြီး တိကျစွာ တိုင်းတာသတ်မှတ်ထားမှုမရှိခြင်း၊ နယ်နိမိတ် အမှတ်အသားများမရှိခြင်းတို့ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမြေများ တိုးချဲ့ဆောင်ရွက်ခြင်း၊ လမ်း၊ တံတားများတိုးချဲ့ဖောက်လုပ်ခြင်း၊ ပြုပြင်ဆောင်ရွက်ခြင်းစသည့် အများပြည်သူအကျိုးအတွက် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လမ်းမြေနယ်နိမိတ်များ ပြန်လည်တိုင်းတာ သတ်မှတ်ပေးရန် လိုအပ်လာလျှင်သော်လည်းကောင်း၊ စိုက်ပျိုးမြေများတိုးချဲ့ဆောင်ရွက်ကြရာတွင် မြေစာရင်း မြေပုံများအရ ပယ်မြေအဖြစ်တည်ရှိပါက ပြန်လည်ဖော်ထုတ်ရန် ဒေသခံတောင်သူများမှ တောင်းဆိုလာလျှင် လည်းကောင်း သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းစိစစ်၍ နယ်နိမိတ်များ တိုင်းတာသတ်မှတ်ပေးခြင်း ပယ်မြေ များပြန်လည်ဖော်ထုတ်ပေးခြင်းများကို သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စီမံကိန်းများချမှတ်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်ဟု ဖြေကြားထားပါကြောင်း "တောင်းဆိုလာလျှင်"ဆိုတာက မိမိတို့လက်တွေ့ဖြစ်ပျက်နေတာကို တင်ပြတာဖြစ်ပြီး ဒီနေ့မိမိတို့တောင်းဆိုမှု မပြောနဲ့ ရှေ့ကပယ်ဖျက်ထားတာတွေကို သတ်မှတ်ပေးမှသာ ယနေ့ဌာနဆိုင်ရာတွေကိုလည်း ဒီကိစ္စတွေဟာ သူတို့ ကိုယ်တိုင်ဖြေရှင်းမရလို့ ကျပ်တည်းမှုတွေရှိလို့ ဒီစီမံကိန်းကို ချမှတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်ဟု ဖြေထား ပါတယ်။ မိမိတို့ မေးခွန်းမေးမြန်းသည်က ဒီကိစ္စကို ညွှန်ကြားချက်များနှင့်အညီ စီမံကိန်းများချမှတ်၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းတာဖြစ်ပြီး၊ အဲဒီမှာ "ဆောင်ရွက်ရမည်ဖြစ်ပါသည်"ဟုဆိုခြင်းအား ဝန်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးလင်းလင်းကျော် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ တစ်တိုင်းလုံး အတိုင်းအတာအနေဖြင့် အကူးအပြောင်းကာလတွင် အချို့သောစနစ်များသည် ဥပဒေကြောင်းအရ အားနည်းနေတာတွေရှိကြောင်း၊ မိမိတို့ ဖြေကြားချက်ထဲတွင် ဖော်ပြထားသည်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် လမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွပ်ကဲပြီး လမ်းကိုဆောင်ရွက်မည်။ အကယ်၍ မိမိတို့က ဆောက်လုပ်ရေးလုပ်သည့်လမ်းဆိုလျှင် ဆောက်လုပ်ရေးက ကြီးကြပ်သူနှင့်ဆောင်ရွက်ပါတယ်။ မိမိတို့ အနေဖြင့် ဆိုလိုသည်က မြို့တစ်မြို့တွင် ကျေးရွာအုပ်စုပေါင်း(၅၈)အုပ်စုရှိသည်ဆိုလျှင် (၅၈)အုပ်စုမှာရှိသည့်

လမ်းနယ်နိမိတ်တွေ၊ ကျေးရွာနယ်နိမိတ်တွေကို တိတိကျကျ လိုက်တိုင်းတာပြီး သတ်မှတ်ပြဋ္ဌာန်းမည်ဆိုပါက ဒီစီမံကိန်းသည် ပြည်ထောင်စုအဆင့်ကနေပြီး မူဝါဒချမှတ်၍ ဒါလုပ်မယ်ဆိုပြီး ချမှတ်ပြီး လုပ်ပါဆိုလျှင် မိမိတို့ အနေဖြင့် နံပါတ်(၁)ချက် ပထမဆုံးစီမံကိန်းဆွဲမယ်၊ ဘတ်ဂျက်တင်ပြတောင်းခံမယ်၊ ဝန်ထမ်းအင်အားဖွဲ့စည်းပုံ ထည့်ပြီးဆောင်ရွက်ရမှာဖြစ်တယ်။ လောလောဆယ် မိမိတို့အနေဖြင့် တစ်တိုင်းလုံးအတိုင်းအတာနှင့် ဆောင်ရွက်ဖို့ ဆိုသည်က ယခုအချိန်တွင် ပြည်ထောင်စုကလည်း ညွှန်ကြားထားသည်များ မရှိသလို လက်ရှိပြဿနာတက်နေ သည်ကို “တိုးတာပေးပါ၊ ဆောင်ရွက်ပေးပါဆိုလျှင်” မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ တစ်တိုင်းလုံးအနေဖြင့် စီမံကိန်းချ ဆောင်ရွက်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြန်လည် သုံးသပ်ပြီး စဉ်းစားစေချင်ပါတယ်။ လမ်းတွေ၊ ကျေးရွာတွေဆိုတာ မိရိုးဖလာအရ ပြည်ထဲရေးအမည်ပေါက် ဆိုသော်လည်း နယ်နိမိတ် Boundaryအရ တိတိကျကျဘယ်လိုပါဆိုပြီး ပြဋ္ဌာန်းဆောင်ရွက်ထားမှု အားနည်းတာ တွေ့ရကြောင်း၊ ဒါကိုတစ်တိုင်းလုံး အနေဖြင့်လုပ်ရင် ဒီသက်တမ်းတောင် မပြီးစီးနိုင်ပါဘူး။ မိမိတို့မှာ လယ်ယာမြေနှင့် ပတ်သက်၍ မြေကြီးမြေပုံစာရင်း ကွက်စိတ်၊ ကွက်ကျဲများ တိတိကျကျ ထွက်ပေါ်လာအောင်ဆောင်ရွက်နေသည့် စီမံကိန်းလည်းရှိပါကြောင်း၊ ဒါတွေဆောင်ရွက်နေရင်း လယ်မြေဇကကိုလိုက်ပြီး ကျေးရွာနယ်နိမိတ်က ပေါ်လာမှာရှိပါတယ်။ ယခုဖြစ်နေသည်က ပြည်သူလူထုတွေကြားထဲ တစ်ယောက်နှင့်တစ်ယောက်တွယ်ကပ်မှု မိမိပိုင်လယ်ထဲ တဲဆောက်တာ စသည့်ပြဿနာမျိုး တစ်ချို့သော အမှုကိစ္စများတက်လာတာရှိပါတယ်။ လယ်ကိုလှူပြီး လမ်းဖောက်သည့်အခါ သူ့လယ်ကိုမပေးဘဲ လွှဲပေးသည့်အခါ လမ်းက(၂)လမ်း မဆက်မိဘူး ဖြစ်နေတာ၊ ကိုးလို့ကန့်လန့်လုပ်တာမျိုးရှိပါတယ်။ အဓိကအနေဖြင့် နိုင်ငံသူ/ နိုင်ငံသားများ၏ ကျင့်ဝတ်ကို Community department ဖြစ်လာအောင် Democratic parliament လူမှုကျင့်ဝတ်ကိုလည်း ပြင်ဆင်ဖို့ ဖျောင်းဖျညှိနှိုင်းပေးရန်လည်း အဓိကလိုအပ်သည့်အချက်ဖြစ်ပါတယ်။ ဥပမာ အိမ်ဂရန်တစ်ခု လိုချင်ပါက အိမ်ဂရန်ချပေးရမှာ ဖြစ်ပြီး မိမိတို့အနေဖြင့် အိမ်ဂရန်မလျှောက်ဘဲ၊ အိမ်ဂရန်ချပေး၍ မရပါဘူး လုပ်ချင်တဲ့သူက ဒီမြေကို ကျေးရွာနယ်နိမိတ်တိုင်းပေးပါလို့ Immirate လုပ်လျှင် အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးရန် အဆင်သင့်ရှိပါကြောင်း မြေစာရင်းက မြေတိုင်းပေးမယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ စီမံခန့်ခွဲမှုနှင့် မိမိတို့က မြေယာစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်နှင့် မြေလွတ်မြေလပ်ကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ သိမ်းဆည်းမြေများပြန်လည်စိစစ်ရေးကော်မတီနှင့် မြို့မြေယာချထားရေး ကော်မတီ၊ မြေယာကော်မတီအဆင့်ဆင့်နှင့် ဆောင်ရွက်ထားပြီး ဒေသခံပြည်သူများက တင်ပြတောင်းဆိုပါက မိမိတို့အစိုးရအနေဖြင့် စီမံခန့်ခွဲပြီးဆောင်ရွက်ပေးရန် အဆင်သင့်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာ အနေဖြင့် စီမံဆောင်ရွက်ရန် စီမံကိန်းချဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဆက်စပ်မေးခွန်း မမေးခင်ဝန်ကြီး ဖြေကြားသည့် အဖြေနှင့်ပတ်သက်ပြီး ကျွန်တော်ကန့်ကွက်ပါတယ်။ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့မြို့နယ်မှာ အောက်ခြေတွင် ဘာဖြစ်နေသလဲဆိုတာ အသိဆုံးဖြစ်ပါတယ်။ ဝန်ကြီးဖြေကြားသွားသည့်အမိန့် ကြော်ငြာစာအမှတ်များကို မိမိတို့အခုမှ သိရတာပါ။ မိမိတို့လည်းမြို့နယ်မှ သက်ဆိုင်ရာရုံးသို့သွားပြီး အဲဒါတွေ တောင်းကြည့်ပါတယ်။ သူတို့ရေးသားထားသည့်စာအုပ်မှာ အမိန့်ကြေညာစာအမှတ်တွေ မပါဝင်ပါဘူး။ အခုမှ တွေ့ရတာဖြစ်ကြောင်း၊ ကန်တစ်ရာစီမံကိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ပိုင် ငါးမွေးကန်အဖြစ် ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦးမှ အသုံးပြုလျက်ရှိပါသည်ဆိုတာ မှန်ပါတယ်။ အဲဒီကန်တစ်ရာစီမံကိန်းကို ၁၉၈၁-၁၉၈၂နှစ်ဝန်းကျင် လောက်က မိမိတို့၏ ပြည်သူပြည်သားတွေရဲ့အင်အားနှင့် တူးဖော်ခဲ့တာဖြစ်ပြီး၊ ကန်တစ်ရာစီမံကိန်းဆိုပေမယ့် အမှန်တကယ်လက်ရှိ မြေပြင်မှာ ကန်(၅၀)ဘဲရှိပါတယ်။ အဲဒီကန်(၅၀)လုံးကလည်း ကန်(၅၀)လုံးပြည့်အောင် အမှန်တကယ်လုပ်ကိုင် ဆောင်ရွက်ထားခြင်း လက်ရှိမှာမရှိပါဘူး။ လက်ရှိဧကအရလည်း ၃၆၈ဧကလုံးကို ပယ်ဖျက်ထားသည်ဆိုတော့ မိမိအနေဖြင့် မထင်ပါဘူး။ ကျန်ရှိသည့်မြေပေါ်တွင် ယခုလက်ရှိမှာလည်း ငါးကန်လိုသဘောမျိုးတူးဖော်ထားပြီး စိုက်ပျိုးမြေလိုလို၊ ငါးကန်လိုလို မြေနေရာတွေလည်း အများကြီးရှိပါကြောင်း၊ လက်ရှိမှာ (၈)ဦးလောက်ရှိပါတယ်။ အဲဒီမြေနေရာတွေလည်း ကျန်နေပါတယ်။ အဲဒီအတွက်ကြောင့် ဝန်ကြီးအနေဖြင့် ယင်းကိစ္စကို ဝန်ကြီးကိုယ်တိုင်မဟုတ်ရင်တောင်မှ တိုင်းဒေသကြီးအဆင့်ရှိသည့် တာဝန်ရှိ ပုဂ္ဂိုလ်များမှ အမှန်တကယ်ကွင်းဆင်းပြီး ပြန်လည်စိစစ်ပေးနိုင်ခြင်း ရှိ/ မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးညီညီထွေး မေးမြန်းသည့် ဆက်စပ်မေးခွန်းအပေါ် လက်ရှိ စားကျက်မြေများစီမံခန့်ခွဲရေးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနကနေ စီမံခန့်ခွဲသည့်မြေများကို မိမိတို့သီးသန့်အနေဖြင့် ကော်မတီဖွဲ့ပြီး ဆောင်ရွက်ခဲ့တာ ရှိပြီး လောလောဆယ်မှာတော့ မရှိသေးပါဘူး။ နောက်တစ်ခုကလည်း ပြီးခဲ့သည့် ဖြေကြားချက်အပေါ်မှာ သက်ဆိုင်ရာ Institution document တွေကို ဖော်ပြသည့် မှတ်တမ်းအထောက်အထားက အဓိကကျကြောင်း ယင်းမှတ်တမ်း အထောက်အထားကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ခိုင်လုံမှုမရှိလျှင် မိမိတို့က ပြည်ထောင်စု မှတ်တမ်းထိန်းသိမ်းရေးဌာနကို မေးမြန်းပြီးဆောင်ရွက်ပါ့မယ်။ နောက်တစ်ချက်ကတော့ စားကျက်မြေနှင့် ပတ်သက်ပြီး စားကျက်မြေမှာ “စားကျက်မြေမကျူးကျော်ရ”ဆိုသည့် ဆိုင်းဘုတ်များ စိုက်ထားပြီး ဒါပေမယ့် စားကျက်မြေ ကျူးကျော်သူကတစ်ဖွဲ့၊ စားကျက်မြေမကျူးကျော်သူကတစ်ဖွဲ့၊ မိမိတို့အစိုးရသစ် တက်စဉ်ကလည်းက တွေ့ကြုံရကြောင်း စားကျက်မြေပယ်ဖျက်ခွင့်မရသေးလျှင် စားကျက်မြေဘဲ ဖြစ်ပြီး၊ သီးနှံကျူးစိုက်ထားတာကို အခြားသူတွေ ဝင်ပြီးနွားကျောင်းမည်ဆိုလျှင် နွားကျောင်းသူကို ပျက်စီးမှုနဲ့က တရားစွဲမှုများ ရင်ဆိုင်နေတာတွေ့သည့်အတွက် မိမိတို့က “စားကျက်မြေမကျူးကျော်ရ”ဆိုသည့် ဆိုင်းဘုတ် စိုက်ထူခိုင်းထားပါတယ်။ ဒါပေမယ့် လက်ရှိမြေပြင်မှာ ဖြစ်နေသည့် စားကျက်မြေပြဿနာကို ပြည်ထဲရေးမြေယာ

အစည်းအဝေး၊ ဝန်ကြီးချုပ်ဦးဆောင်၍ခေါ်ပြီး ဆွေးနွေးသည့်အခါ စားကျက်မြေကို ပယ်ဖျက်ချင်လျှင် တိုင်းဒေသကြီးအစိုးရမှာလည်း ကော်မတီ၊ ပြည်ထောင်စုမှာလည်း ကော်မတီဖွဲ့ပြီး ကော်မတီ Voice ဆောင်ရွက်နိုင်ရန်အတွက် မိမိအနေဖြင့် မြေယာနှင့် ပတ်သက်ပြီး မြည်းစမ်းသည့်ဝန်ကြီးဌာနဖြစ်သည့်အတွက် အကြံပြုတင်ပြထားတာရှိပါတယ်။ မိမိအနေဖြင့် တိုက်ရိုက်ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူး။ တာဝန်ပေးမည်ဆိုပါက အစိုးရအဖွဲ့ကို တင်ပြမယ်။ တာဝန်ပေးမယ်ဆိုရင် မိမိအနေဖြင့် ပုဂ္ဂိုလ်ရေးအရ မလုပ်နိုင်စရာမရှိလိုပါဘူး၊ စားကျက်မြေ စီမံခန့်ခွဲမှုနှင့် ပယ်ဖျက်မှုတို့နှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းအဆင့်တွင် စားကျက်မြေစီမံခန့်ခွဲမှုကိစ္စကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်တွယ်ပေးသည့်လုပ်ငန်းများတွင် ကော်မတီ Voiceနဲ့ ဆောင်ရွက်နိုင်အောင် မိမိအနေဖြင့် အကြံပြုတင်ပြထားကြောင်း လေးစားစွာပြန်လည် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“သဲကုန်းမြို့နယ်၊ အုပ္ပိုလ်အုပ်စု၊ အောင်ကုန်းကျေးရွာအနောက်ဘက်၊ ကွင်းအမှတ်၊ (၉၂၂)ရှိ လယ်ယာမြေဧရိယာ(၁၆)ဧကသည် ပြည်ခရိုင် ရဲတပ်ဖွဲ့ပိုင်မြေအဖြစ် သိမ်းဆည်းမြေအဖြစ်မှ ပြန်လည်စွန့်လွှတ်ရန် ဆုံးဖြတ်ပြီးသည့်မြေကို ဥပဒေနှင့်အညီ အလျင်အမြန်ဆောင်ရွက်၍ မူလပိုင်ဆိုင်သူများထံ အမြန်ဆုံးပြန်လည်အပ်နှံရေး စိစစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“သဲကုန်းမြို့နယ်၊ အုပ္ပိုလ်အုပ်စု၊ ရင်းတိုက်တန်းရွာ၊ ကွင်းအမှတ် (၉၄၈)ရှိ မြေဧရိယာ (၂၀)ဧကကို အမှတ်(၆) တပ်မတော်ဆေးရုံ၊ ကုတင်(၁၀၀)မှ စိုက်ပျိုး/ မွေးမြူရေး လုပ်ငန်းဆောင်ရွက်ရန် သိမ်းဆည်းယူခဲ့ပြီး မူလသိမ်းဆည်းသည့် အဖွဲ့အစည်းမှ စွန့်လွှတ်ထားပြီးဖြစ်၍ ဆုံးရှုံးနစ်နာခဲ့ရသော တောင်သူများသို့ ပြန်လည်အပ်နှံရေး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ သဲကုန်းမြို့နယ်၊ အုပ္ပိုလ်အုပ်စု၊ အောင်ကုန်းကျေးရွာအနောက်ဘက်၊ ကွင်းအမှတ် (၉၂၂)တွင် လယ်ယာမြေဧရိယာ(၁၆)ဧကသည် ပြည်ခရိုင် ရဲတပ်ဖွဲ့ပိုင်မြေအဖြစ် (၁၉၉၃- ၁၉၉၄)ခုနှစ်တွင် သဲကုန်းမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူရဲမှူးမှ ဦးဆောင်သိမ်းယူခဲ့ပါသည်။

အဆိုပါသိမ်းဆည်းမြေ(၁၆)ဧကနှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ (၁၆. ၁၂. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁၀၀၁(၀၂)/၈၆၇/ရေး ၂ဖြင့် ပြည်ခရိုင်ရဲတပ်ဖွဲ့ သိမ်းဆည်းမြေအဖြစ်မှ စွန့်လွှတ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေကို မြို့နယ်မြေ/ စိစစ်ကော်မတီသို့ တင်ပြပြီးဖြစ်ပါသည်။

မြို့နယ်မြေ/စိစစ်ကော်မတီမှ (၃. ၁. ၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၅/၁၅၁-၁/ဦး ၆ (၀၀၁)ဖြင့် ပြန်လည်စွန့်လွှတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅(က)အရ ပုံစံ(၁)၊

ပုံစံ(၁-က)တို့ဖြင့် ပြန်အပ်နှံရေးအတွက် အကြောင်းကြားပြီးဖြစ်ပါသည်။

ယခုအချိန်မှာ စိုက်ပျိုးရာသီစတင်ပြီဖြစ်ပါ၍ ပြန်လည်စွန့်လွှတ်ရန် ဆုံးဖြတ်ပြီးသည့်မြေကို ဥပဒေနှင့်အညီ အလျင်အမြန်ဆောင်ရွက်ရန် မူလပိုင်ဆိုင်သူများထံ အမြန်ဆုံး ပြန်လည်အပ်နှံရေးစိစစ် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ သဲကုန်းမြို့နယ်၊ အုပ္ပိုလ်အုပ်စု၊ ရင်းတိုက်တန်းရွာ၊ ကွင်းအမှတ် (၉၄၈)ရှိ မြေဧရိယာ (၂၀)ဧကကို အမှတ်(၆) တပ်မတော်ဆေးရုံ၊ ကုတင် (၁၀၀)မှ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် သိမ်းဆည်းရယူခဲ့ပါသည်။ သို့ရာတွင် တပ်မတော် ဆေးရုံကုတင် (၁၀၀)အနေ ဖြင့် ကိုယ်တိုင်သော်လည်းကောင်း အကျိုးတူသော်လည်းကောင်း၊ ၂၀၀၀ခုနှစ် မှစ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ၁၉၅၃ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ-၃၉ အရ အခြားနည်းအသုံးပြုခွင့်ဖြင့် ပိုင်ဆိုင်ခဲ့ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ (၃၁. ၁. ၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၄၀၀၆/၇/ထောက် ၄ဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ပြီးလည်း ဖြစ်ပါသည်။

သို့ရာတွင် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ (၂၂. ၃. ၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ၃၀၀၀/ ၀၃/ထောက် ၄ဖြင့် တပ်ပြင်ပစိုက်ပျိုး၊ မွေးမြူရေးအဖြစ် သတ်မှတ်နိုင်ရေး စွန့်လွှတ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားခဲ့ပါသည်။

မူလသိမ်းဆည်းသည့် အဖွဲ့အစည်းမှ စွန့်လွှတ်ထားပြီဖြစ်၍ ဆုံးရှုံးနစ်နာခဲ့ရသော တောင်သူများသို့ ပြန်လည်အပ်နှံရေးအမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သဲကုန်းမြို့နယ်၊ အုပ္ပိုလ်အုပ်စု၊ အောင်ကုန်းကျေးရွာ အနောက်ဘက်၊ ကွင်းအမှတ်၊ (၉၂၂)ရှိ လယ်ယာမြေဧရိယာ(၁၆)ဧကသည် ပြည်ခရိုင် ရဲတပ်ဖွဲ့ပိုင်မြေ အဖြစ် သိမ်းဆည်းမြေအဖြစ်မှ ပြန်လည်စွန့်လွှတ်ရန် ဆုံးဖြတ်ပြီးသည့်မြေကို ဥပဒေနှင့်အညီ အလျင်အမြန်ဆောင်ရွက်၍ မူလပိုင်ဆိုင်သူများထံ အမြန်ဆုံးပြန်လည်အပ်နှံရေး စိစစ်ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောမြေနေရာသည် ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၂၂)ကွင်းအတွင်းရှိ ဦးပိုင်အမှတ် (၂၁)၊ ဧရိယာ (၁၃. ၇၃)ဧကရှိ လယ်မြေမျိုးဖြစ်ပါသည်။ အဆိုပါမြေကို ရဲတပ်ဖွဲ့မှ ၂၀၀၀ ခုနှစ်မှစ၍ (၂၀၁၆-၂၀၁၇)ခုနှစ်အထိ အမှတ်(၃)သမဝါယမလိမီတက်သို့ အငှားချလုပ်ကိုင်စေလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

အဆိုပါမြေအား မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီမှ (၃. ၁. ၂၀၁၇)ရက်စွဲပါ စာအမှတ်-၅/၁၅၁-၁/ဦး ၆ (၀၀၁)ဖြင့် ပြန်လည်စွန့်လွှတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်-၅(က)အရ ပုံစံ(၁)၊ ပုံစံ(၁-က)တို့ဖြင့် ပြန်လည်အပ်နှံရန် အကြောင်း ကြားခဲ့ပါသည်။ ထိုသို့အကြောင်းကြားခဲ့သဖြင့် သဲကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ (၆. ၂. ၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၀၀၁(လ)/၈၆၇/ရေး၂ဖြင့် ပြန်လည်လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅(က)အရ ပုံစံ(၁)၊ ပုံစံ(၁-က)နှင့် မြေစာရင်း ပုံစံ (၁၀၅)(၁၀၆)တို့နှင့်အတူ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်မြို့သို့ သိမ်းဆည်းလယ်ယာမြေများ စွန့်လွှတ်ခွင့်ပြုနိုင်ရေးအတွက် လမ်းညွှန်မှု ခံယူလျက်ရှိပါသည်။ သဲကုန်းမြို့ နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဖွဲ့သို့ ယနေ့အထိ စွန့်လွှတ်ခြင်းနှင့်ပတ်သက်၍ ပြန်လည်အကြောင်းပြန်ကြားလာခြင်း မရှိသေးပါ။ အကယ်၍ သက်ဆိုင်ရာရဲတပ်ဖွဲ့မှ သိမ်းဆည်းမြေဧရိယာ (၁၃. ၇၃)ဧကအား ပြန်လည်စွန့်လွှတ်အပ်နှံ လာပါက စွန့်လွှတ်မြေများ လုပ်ထုံးလုပ်နည်းနှင့်အညီ မူလတောင်သူများထံသို့ အမြန်ဆုံးပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“သဲကုန်းမြို့နယ်၊ အုပ်ဖိုလ်အုပ်စု၊ ရင်းတိုက်တန်းရွာ၊ ကွင်းအမှတ် (၉၄၈)ရှိ မြေဧရိယာ(၂၀)ဧကကို အမှတ်(၆) တပ်မတော်ဆေးရုံ၊ ကုတင်(၁၀၀)မှ စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် သိမ်းဆည်းယူခဲ့ပြီး မူလသိမ်းဆည်းသည့် အဖွဲ့အစည်းမှ စွန့်လွှတ် ထားပြီးဖြစ်၍ ဆုံးရှုံးနစ်နာခဲ့ရသော တောင်သူများသို့ ပြန်လည်အပ်နှံရေး အမြန်ဆုံး ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောမြေသည် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာအပိုင်း(၅)မူလအမှတ်စဉ် (၂၁၂)ဖြင့် စုစုပေါင်းဧရိယာ(၄၃. ၂၀) ဧကအား စွန့်လွှတ်ခဲ့သော မြေဖြစ်ပါသည်။ အဆိုပါစွန့်လွှတ်ခဲ့သည့် ဧရိယာ(၄၃. ၂၀) ဧကအနက်မှ ဧရိယာ(၂၃. ၂၀) ဧကအား ပြန်လည် အပ်နှံခဲ့ပါသည်။ အဆိုပါပြန်လည် အပ်နှံသည့်မြေ ဧရိယာ (၂၃. ၂၀)ဧကအား မူလတောင်သူ(၆)ဦးသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း စိစစ်တွေ့ ရှိရပါသည်။

စွန့်လွှတ်ခဲ့သည့်ဧရိယာ (၄၃. ၂၀)ဧကအနက်မှ အပ်နှံရန်ကျန်ရှိသည့်ဧရိယာ (၂၀. ၀၀)ဧကနှင့် ပတ်သက်၍ အမှတ်(၆)တပ်မတော်ဆေးရုံကုတင်(၁၀၀)မှာ မှားယွင်းအပ်နှံခဲ့ကြောင်း၊ ၎င်းမြေသည် မူလ ၏ သိမ်းဆည်းစဉ်က အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှသာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေဖြစ်သဖြင့် ပြန်လည် အပ်နှံသည့်စာရင်းအား ပယ်ဖျက်ပေးပါရန် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ (၂၂. ၃. ၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ၃၀၀၀/၃ ထောက် ၄ဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ တင်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

အဆိုပါတင်ပြချက်အရ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒ. က. စ (ပြည်)နှင့် အမှတ်(၆) တပ်မတော်ဆေးရုံကုတင်(၁၀၀)သို့ မြေစွန့်လွှတ်မှုနှင့်ပတ်သက်၍ အတည်ပြုပြန်ကြားပေးပါရန် (၁၅. ၁၂. ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၈/၁-၁၀/ဦး ၆ ဖြင့် ညှိနှိုင်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့နောက် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ (၃၁. ၅. ၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ဝ၁/၅ဝဝဝ/ ၆၆/ ထောက် ၅ ဖြင့် စပါး/ငါးစိုက်ပျိုး၊ မွေးမြူရေးလုပ်ကိုင် ဆောင်ရွက်လျှက်ရှိ၍ ၎င်းမြေ(၂ဝ. ဝဝ)ဧကအား ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်းကို သဲကုန်းမြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မရှင်ထံသို့ ပြန်ကြားထားပါကြောင်း ဖြေကြားအပ်ပါသည်။

သီးခြားတင်ပြလိုသည်မှာ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်သည် သဲကုန်းမြို့နယ်၌ ဧရိယာ (၇ဝဝ)ဧကေ ရယူခဲ့ပြီး ၎င်းအပါအဝင်တပ်(၉)တပ်အား အသီးသီးခွဲဝေပြီး စပါး/ ငါးကန်များ ဖော်ထုတ်ခဲ့ပါသည်။ အဆိုပါခွဲဝေပေးသည့်အထဲတွင် အမှတ် (၆)တပ်မတော်ဆေးရုံကုတင် (၁ဝဝ)အား ဧရိယာ(၂ဝ)ဧက စပါး/ ငါးကန်ဖော်ထုတ်ရန် ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ ဧရိယာ (၇ဝဝ)ဧကအား တပ်အလိုက်ခွဲဝေပေးသည့် စာရင်းအားပူးတွဲလျက် ဖြေကြားအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းနံပါတ်(၁)နှင့် (၂)တို့အား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ်(၁)ဝန်ကြီး၏ အဖြေတွင် အဆိုပါမြေကို ရဲတပ်ဖွဲ့မှ ၂ဝဝဝခုနှစ်မှ စပြီး ၂ဝ၁၆-၂ဝ၁၇ခုနှစ် အထိအမှတ်(၃) သမဝါယမလီမိတက်သို့ အငှားချလုပ်ကိုင်စေလျက်ရှိကြောင်း စိစစ်တွေ့ရှိပါသည်ဟု ဖြေကြားထားပါကြောင်း၊ သိမ်းဆည်းမြေများကို မူလသိမ်းဆည်းသည့်အဖွဲ့အစည်းကနေပြီး တာဝန်ယူလုပ်ကိုင်ခြင်းမရှိ တာဝန်ယူဆောင်ရွက်ခြင်းမရှိဘဲနဲ့ သီးစားချထားလုပ်ကိုင်နေသည့်အတွက်ဥပဒေ ခွင့်ပြုထားပါတယ်။ တကယ်လို့များ မိမိတို့က ခွင့်ပြုချက်အရ လုပ်ကိုင်ခဲ့သည်ဆိုပါက အငှားချထားမှုဟာ ၂ဝဝဝခုနှစ်မှစပြီး ၂ဝ၁၆-၂ဝ၁၇ခုနှစ်အထိ ဖော်ပြထားပါတယ်။ ၂ဝ၁၆-၂ဝ၁၇ဘဏ္ဍာနှစ်ဟာ အခုဆိုပြီးဆုံးလို့သွားပါပြီ။ အငှားချထားသည့်ကာလ ပြီးဆုံးသွားပြီဖြစ်သည့်အတွက် မူလသိမ်းဆည်းခံတောင်သူများကို ပြန်လည်ပေးအပ်ရန် မည်သည့်အချိန်တွင် ပြန်လည်ပေးအပ်မည်ကို တိတိကျကျ ဖော်ပြပေးပါ။ မိမိတို့ကို အမြန်ဆုံးပြန်လည်ပေးအပ်ပါမည်ဟုပြောပြီး တစ်နှစ်နီးပါးကြာခဲ့ပြီဖြစ်ပါတယ်။ အဖြေမှာလည်း မြို့နယ်မြေစစ်ကော်မတီကနေ မူလတောင်သူများထံ အမြန်ဆုံးပြန်လည်ပေးအပ်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြေစစ်ကော်မတီအနေဖြင့် ပြန်လည်ဖြေကြားထားသော်လည်း မိမိတို့အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှု ကို တောင်းခံတာဖြစ်ပါကြောင်း၊ မြေစစ်ကော်မတီ၏ ဆောင်ရွက်မှုကာလ ကြန့်ကြာနေသည့်အတွက်ကြောင့် ပြန်လည်ပေးအပ်သင့်သည့်မြေကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှု ညွှန်ကြားမှုတို့နှင့် ပြန်လည်ရရှိအောင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှု တောင်းတာဖြစ်ကြောင်း၊ ဒါကြောင့်အငှားသက်တမ်း ကုန်ဆုံးသွားပြီဖြစ်သည့်အတွက် ရဲတပ်ဖွဲ့မှ သိမ်းဆည်းမြေကို မည်သည့် အချိန်ကာလတွင် အမြန်ဆုံးပြန်လည်ရရှိအောင် စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်းနံပါတ်(၂)နှင့် ပတ်သက်၍ မိမိတို့မြေစစ်ကော်မတီကို တင်သည့်အခါ မူလသိမ်းဆည်းသည့်တပ်ရင်း၊ တပ်ဖွဲ့၊ ဆေးတပ်မတော်၊ ဆေးခန်းမြေနေရာပဲဖြစ်ပါတယ်၊ ကုတင်(၁၀၀)ကနေ သိမ်းဆည်းထားသည့် (၉၃. ၂၀)ဧကထဲက (၂၃. ၂၀)ဧကကို ဆေးတပ်ကုတင်(၁၀၀)အတွက် ပြန်ပြီးစွန့်လွှတ်ပြီး ကျန်(၂၀)ဧကကျမှ ဒီဆေးတပ်က ပိုင်ဆိုင်တာမဟုတ်ပါဘူး တပ်မ(၆၆)က စီမံခန့်ခွဲနိုင်ပိုင်ခွင့်အရှိဆုံးမြေပါ ဒီမှာကွဲလွဲချက်ဖြစ်နေပါတယ်။ ဆေးတပ်က (၄၃. ၂၀)ဧကကိုဘဲ အဲဒီကထဲက(၂၃. ၂၀)ဧကကို ဆေးတပ်ကပြန်ပေးတယ် ကျန်(၂၀)ဧကကို ဆေးတပ်က မဟုတ်ပါဘူးဆိုပြီး ကွဲလွဲချက်ဖြစ်နေပါတယ်။ ဒါကြောင့် မူလသိမ်းဆည်းထားသည့် တပ်ရင်း၊ တပ်ဖွဲ့ကိုတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ညွှန်ကြားချက်ဖိအားပေးပြီး မူလသိမ်းဆည်းခံ တောင်သူလယ်သမားများ လက်ဝယ်မြေပြန်ရရေး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းနံပါတ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက် မေးမြန်းသည့် ဆက်စပ်မေးခွန်းအမှတ်စဉ်(၁)၊ (၂)တို့နှင့် ပတ်သက်၍ သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေးကော်မတီမှာ ပြည်ထောင်စုအဆင့်မှ ဗဟိုအဆင့်အထိ ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူက တာဝန်ယူဆောင်ရွက်ပြီး တိုင်းဒေသကြီးအဆင့်တွင် ဝန်ကြီးချုပ်ကဉက္ကဋ္ဌ၊ ခရိုင်အဆင့်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ဉက္ကဋ္ဌ၊ မြေစာရင်းက အတွင်းရေးမှူး မြို့နယ်အဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ဉက္ကဋ္ဌ၊ မြေစာရင်းက အတွင်းရေးမှူး၊ ရပ်ကျေးအဆင့်မှာလည်း ရပ်ကျေးအုပ်ချုပ်ရေးမှူးက ဉက္ကဋ္ဌ၊ ရပ်ကျေးစာရေးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရပါကြောင်း၊ မြေစစ်ကော်မတီကို သိမ်းဆည်းမြေများကို မူလတောင်သူများထံ မှန်မှန်ကန်ကန် ပြန်လည်ပေးအပ်နိုင်ရန်အတွက် အမှုစစ်ဆေး နေသည့်အခါ ပွင့်လင်းမြင်သာပြီး အငြင်းပွားမှု မဖြစ်အောင် ကော်မတီအဆင့်ဆင့်တိုင်းတွင် လွှတ်တော် ကိုယ်စားလှယ်များကို ပူးတွဲ၍ ဖွဲ့စည်းထားပေးပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် ဖိအားပေး ဆောင်ရွက်ရန်က မိမိတို့အခုလုပ်နေသည့် ကော်မတီဆိုတာ အစိုးရနာမည်မတပ်ပေမယ့် အစိုးရအဖွဲ့တွင် ရာထူးနှင့် တာဝန်ဆိုတာရှိပါတယ်။ ဉပမာပြောရလျှင် မိမိသည် တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ် ရာထူးယူထားပေမယ့်လည်း ကော်မတီတွင် မိမိက ကော်မတီအဖွဲ့ဝင်၊ ဝန်ကြီးချုပ်ဦးဝင်းသိန်းသည် ဝန်ကြီးချုပ် အဖြစ် ရာထူးယူထားပေမယ့်လည်း သူ့ကိုတာဝန်ပေးထားသည့် တိုင်းဒေသကြီး သိမ်းဆည်းမြေများ ပြန်လည် စိစစ်ရေးကော်မတီဉက္ကဋ္ဌအဖြစ် တာဝန်ယူထားတာဖြစ်သည့်အတွက် သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေးကော်မတီ တိုင်းအဆင့်ဆိုတာလည်း အစိုးရအဖွဲ့၏ တာဝန်ဖြစ်ပြီး ယင်းကော်မတီဖွဲ့စည်းပေးပြီး လုပ်ခိုင်းသည့် သဘောဖြစ်ပါတယ်။ အစိုးရဆိုပြီး ခေါင်းစဉ်တပ်ပြီးလုပ်တာ မဟုတ်ပါဘူး မြေယာအမှုတစ်ခုကို စိစစ်သည့်အခါ Co-operate အားလုံးပူးပေါင်းဆောင်ရွက်၍ရအောင် လယ်ဆည်ဌာနတစ်ခုတည်းနှင့် လုပ်လို့ရတာ မဟုတ်ပါဘူး၊ တစ်ခြားဆက်စပ်သော သစ်တောဌာန၊ မြေနှင့်

ပတ်သက်သည့်ဌာနများနှင့် စုပေါင်းပြီး ဖွဲ့စည်းထားသည့် ကော်မတီများနှင့် ဖြေရှင်းဆောင်ရွက်ရပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့ Cabinet ဆိုတာ Cabinet member အနေဖြင့် ဝန်ကြီးများနှင့် ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ဖြစ်ပေမယ့် လုပ်ငန်းတာဝန်အမျိုးမျိုးခွဲထားတာဖြစ်သည့်အတွက် တိုင်းဒေသကြီးအဆင့် ဆောင်ရွက်ချက်သည်လည်း အစိုးရအဖွဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ဘယ်အချိန်ကာလတွင် ဒီကိစ္စကိုအပြန်ဆုံး ဆောင်ရွက်မည်ကို လွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်နေတာဖြစ်သည့်အတွက် လွှတ်တော်၏ မေးမြန်းချက်များကို မိမိကပေးလိုက်ပါဟု ပြော၍မရပါကြောင်း၊ အမှုစစ်ဆေးသည့်အခါ အောက်ခြေအဆင့်ဆင့်တွင် ကော်မတီဖွဲ့ပြီး မိမိတို့ တိုင်းဒေသကြီးအဆင့်တွင် ဆုံးဖြတ်ချက်ပေး၍မရပါကြောင်း၊ မိမိတို့က အောက်ခြေရပ်ကျေးမှအဆင့်ဆင့် တင်ပြလာမှုအပေါ် တိုင်းဒေသကြီးအနေဖြင့်သုံးသပ်ပြီး ပြည်ထောင်စုကို တင်ပေးရတာဘဲရှိပါကြောင်း၊ သိမ်းဆည်းမြေဟုဆိုရာတွင်လည်း တပ်ကသိမ်းတာလား၊ ဝန်ကြီးဌာနက သိမ်းတာလား၊ ပုဂ္ဂလိကရေးအရ သိမ်းတာတော်တော်ရှားပါတယ်။ ကုမ္ပဏီတွေကဆိုလျှင်လည်း ယခင်အစိုးရလက်ထက်က မြေယာလုပ်ပိုင်ခွင့်ကို ဥပဒေနှင့်အညီချထားပေးခဲ့သည့် လုပ်ငန်းမျိုးလည်းရှိကောင်းရှိနိုင်ပါတယ်။ တိုင်းဒေသကြီးအဆင့်အနေဖြင့် တပ်ကသိမ်းဆည်းထားသည့်မြေကို ကာကွယ်ရေးဝန်ကြီးဌာနက ပြန်စွန့်လွှတ်နိုင်၊ မစွန့်လွှတ်နိုင် မေးမြန်းတာ မဟုတ်ပါကြောင်း၊ မိမိတို့က ကြားထဲမှာဆက်စပ်ပြီး ပြည်ထောင်စုကို Report ပေးရတာဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအဆင့်တွင် ဒီလို Authority ဆုံးဖြတ်ချက်ချတာမျိုးမရှိပါဘူး၊ ပြည်ထောင်စုဝန်ကြီးဌာနကလည်း ဒီလိုဘဲ စိုက်ပျိုးရေးဝန်ကြီးဌာနက သိမ်းဆည်းထားသည့်မြေကို စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြန်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/ မရှိဆိုသည့် ကိစ္စကို ပြည်ထောင်စုဗဟိုကော်မတီကို တင်ပြရပါတယ်။ ဗဟိုကော်မတီ ဒုတိယသမ္မတအနေဖြင့် ဝန်ကြီးဌာနကို အမှန်တကယ် သုံးထားလား၊ မသုံးထားဘူးလား မေးမြန်းရပါတယ်။ မသုံးထားပါက ဝန်ကြီးဌာနမှ ပြန်စွန့်လွှတ်ရန်ဖြစ်ပြီး၊ လက်ရှိ ဝန်ကြီးဌာနဝန်ကြီးက အမှန်တကယ်သုံးထားသောကြောင့် ပြန်မစွန့်လွှတ်နိုင်ကြောင်း ပြန်ကြားပေးသည့်ဖြေရှင်းချက်မျိုးနှင့် သွားပါသည်။ ဘယ်အချိန်၊ ဘယ်ကာလတွင် ပြန်ရအောင်လုပ်မလဲဆိုသည်က လက်ရှိတင်ပြမှုအပေါ် နံပါတ်(၁)အချက်က အမှုတွဲဖွင့်ရန်လိုအပ်ပါတယ်။ ဒီမြေသည် သိမ်းဆည်းမြေဖြစ်ပါတယ်။ ပြန်ပေးပါဆိုပြီး အမှုတွဲတည်ဆောက်ရမှာဖြစ်သည်။ အမှုတွဲတည်ဆောက်မှသာ ထိုအမှုတွဲပေါ်မူတည်ပြီး လုပ်ထုံးလုပ်နည်းအတိုင်း ရပ်ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်း နောက်ဆုံးပြည်ထောင်စုထိ တင်ပြပြီးမှ အဖြေရမှာဖြစ်ပါတယ်။ မိမိတို့တိုင်းဒေသကြီးမှာ ဘယ်တော့ပေးမည်ဆိုပြီး ဆုံးဖြတ်ချက်ပေး၍ မရပါကြောင်း၊ ဘာ Authority မှ မရှိပါဘူး လက်ရှိဆောင်ရွက်ထားသည်ကို ရှင်းလင်းဖြေကြားတာဘဲရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။

သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက် မေးမြန်းသည့် ဒုတိယဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး မူလသိမ်းဆည်းခဲ့သည့်တပ်ကို ဖိအားပေးပြီး ဆောင်ရွက်ရန် မိမိတို့က အောက်ခြေအဆင့်ကနေ မြေစစ်ကော်မတီများတွင် ကိုယ်စားလှယ်များပါဝင်ဖြစ်သည့်အတွက် ဒါကိုဖိဖိစီးစီးနှင့် အားလုံးပါဝင်ခွင့်ရအောင် စုပေါင်းပြီးဖွဲ့စည်းပေးထားသည့် ကော်မတီဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအဆင့်တွင် တောင်သူလယ်သမားကိုယ်စားလှယ်၊ အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်ထောင်စုလွှတ်တော်

ကိုယ်စားလှယ်များပါဝင်သလို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များလည်း ထည့်ပြီးဖွဲ့စည်းထားပါကြောင်း၊ ဒီမြေယာသိမ်းဆည်းမှု မြန်မြန်ဖြေရှင်းရန်အတွက် မိမိတို့အနေဖြင့် များများအလုပ်လုပ်ဖို့ လိုအပ်ပါတယ်။ ကော်မတီတိုင်းက အလုပ်လုပ်မှ သိမ်းဆည်းမြေများကို လွယ်ကူရှင်းလင်းစွာလုပ်လို့ရပါမယ်။ မိမိတို့က တိုင်းဒေသကြီးက ဆုံးဖြတ်ချပေးရသည့် အလုပ်မဟုတ်ပါဘူး။ မိမိတို့ တိုင်းဒေသကြီးက ပေးလိုက်ပါလို့ ပြောလို့လည်းမရပါဘူး။ မိမိတို့က ပြည်ထောင်စုကိုတင်ပေးရသည့် အမှုတွေဘဲ ဖြစ်သည့်အတွက် ဒီကိစ္စမှာ ဖိအားပေးတယ်ဆိုတာထက် ကော်မတီအဆင့်ဆင့်တိုင်းက တက်ညီလက်ညီနှင့် မြေယာစစ်ဆေးသည့် အမှုအပေါ် ပူးပေါင်းဆောင်ရွက်ပြီး အလေးထားဆောင်ရွက်မည်ဆိုပါက သိမ်းဆည်းမြေများ တောင်သူလက်ထဲ အမြန်ဆုံး ပေးအပ်နိုင်မှာ ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ခရိုင်၊ မြို့နယ်များတွင်ရှိသည့် မြေစစ်ကော်မတီ၊ မြေယာကော်မတီအကုန်လုံးကို ဒီနေ့မနက် အစည်းအဝေးခေါ်ယူကျင်းပနေပါတယ်။ မိမိတို့ စစ်ဆေးသည့်အခါ အခက်အခဲအချို့ရှိပါတယ်။ ဥပမာ ရပ်ကျေးအဆင့်ကို အမှုတွဲတစ်ခုချပေးလိုက်သည့်အခါ ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးကော်မတီကို စစ်ဖို့ပေးလိုက်တယ်။ ကိုယ်စားလှယ်ကလည်း ကိုယ်စားလှယ်ရဲ့ ကိုယ်စားလှယ်ထပ်ခန့်ထားတယ်။ ကိုယ်စားလှယ်ရဲ့ ကိုယ်စားလှယ်နှင့် မြို့မိမြို့ဖ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးတို့က ဒီအမှုတွေကို မှန်မှန်ကန်ကန်ပေါ်အောင် စစ်ဆေးနိုင်ပါ့မလား မြေယာကိုစစ်လျှင် ဘယ်လို consent၊ ဘယ်လို Ideaနှင့် စစ်မှာလဲ၊ သူ့မှာမြေရာဇဝင် မြေအကြောင်းနှင့် ပတ်သက်ပြီးသိထားသည့် ကွန်းဆက်တွေရှိတယ်ဆိုတာ မိမိတို့က ဘယ်လိုမှ Reasonable မဖြစ်ဘူး၊ အဲဒီအတွက် မိမိတို့က ရပ်ကျေးအဆင့်ကိုထားပြီး မြို့နယ်အဆင့်မှာဘဲခေါ်ပြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တစ်ခြားမြို့နယ်အဆင့်ရှိသူများက ရပ်ကျေးကိုခေါ်ပြီး သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး ဟုတ်/ မဟုတ်ဆိုသည်ကို ပြည်ထောင်စုကချပေးထားသည့်ပုံစံ(က) (ခ) ပုံစံ(၄)မျိုးရှိပြီး ယင်းပုံစံ(၄)မျိုးနှင့် တိုက်စစ်ပြီး General Discussion ထည့်ပေးဆိုပြီး လမ်းညွှန်ချက်ချထားပါကြောင်း၊ ဒါတွေကို Function ဖြစ်အောင် ဒီနေ့ခေါ်ပြီး ဘာအခက်အခဲရှိသလဲ ခေါ်ယူဆွေးနွေးသည့် အစည်းအဝေးတစ်ခုတည်းဖြစ်ပါတယ်။ ဒါကြောင့် သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်နိုင်ရန်အတွက် မိမိတို့ တာဝန်ယူသည့် ကော်မတီအဆင့်ကနေပြီး ပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်လျှင် အမြန်ဆုံးပြန်လည် ပေးအပ်နိုင်မှာဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းနှင့် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့နံနက်ပိုင်းကို (၁၁း၄၅)နာရီတွင် ခေတ္တရပ်နား ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၏ နံနက်ပိုင်းအစီအစဉ်မှ မေးမြန်းရန်ကျန်ရှိသည့် မေးခွန်းအမှတ်စဉ် (၃)နှင့် (၄)တို့အား တစ်ဆက်တည်း မေးမြန်းရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၃) **"သဲကုန်းမြို့နယ်၊ ဇလဲ့အုပ်စု၊ ရုံးကုန်းကြီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန လျာထားရန်ပုံငွေ(၁၄. ၂၀)ကျပ်သန်း ဖြင့် Golden Hours Co.Ltd မှ (၄)လက်မ တွင်းနက်တူးဖော်ခြင်း၊ (၁၀×၈×၈) ရေစက်ရုံ (၁၀×၁၀×၄)စင်မြင့်ရေစင်တို့ကို တည်ဆောက်ခဲ့ပြီး စင်မြင့်ရေကန်မှာ ရေယိုစိမ့်မှုဖြစ်ပွား၍ သက်ဆိုင်ရာ ကုမ္ပဏီမှ ပြန်လည်ပြုပြင်ပေးရန် အစိုးရအဖွဲ့က ညွှန်ကြားပေး နိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"သဲကုန်းမြို့နယ်၊ ကျေးသားကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၃၅)၊ အုတ်တွင်းကွင်းအတွင်း လုပ်ငန်းရှင်တစ်ဦးက ဧက(၈၀)ခန့် ပုံစံ(၇)ရရှိပြီး ဖြစ်ကြောင်းပြောကြား၍ လူအား၊ စက်ယန္တရားအားဖြင့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းကာ မြေကွက်သတ်မှတ်ခြင်းများ ပြုလုပ်နေပါ၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်ခြင်းရှိ/မရှိ ပါအချက် (၄)ချက်အား သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ သဲကုန်းမြို့နယ်၊ ဇလဲ့အုပ်စု၊ ရုံးကုန်းကြီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ လျာထားရန်ပုံငွေ(၁၄. ၂၀)ကျပ်သန်းဖြင့် Golden Hours Co.Ltd မှ (၄)လက်မ တွင်းနက်တူးဖော်ခြင်း၊ (၁၀×၈×၈)ရေစက်ရုံ၊ (၁၀×၁၀×၄) စင်မြင့်ရေစင်တို့ကို တည်ဆောက်ခဲ့ပါသည်။

ယခုအခါ စင်မြင့်ရေကန်မှာ ရေယိုစိမ့်မှုဖြစ်ပွား၍ သုံးစွဲရန် မဖြစ်နိုင်ပါ။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ကုမ္ပဏီမှ ပြန်လည်ပြုပြင်ပေးရန် အစိုးရအဖွဲ့က ညွှန်ကြားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သဲကုန်းမြို့နယ်၊ ကျေးသားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၃၅)၊ ကွင်းအမည် အုတ်တွင်းကွင်း အတွင်းရှိ မြေဖြစ်ပါသည်။ အဆိုပါနေရာတွင် ကြို့ပင်ကောက်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ဧက(၈၀)ခန့်ပုံစံ (၇)ရရှိပြီးဖြစ်ကြောင်း ပြောကြား၍ လူအား၊ စက်ယန္တရားအားဖြင့် သစ်ပင်များခုတ်ထွင်ရှင်းလင်းကာ မြေကွက်သတ်မှတ်ခြင်းများ ပြုလုပ်နေပါသည်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ တင်ပြချက်အရ အဆိုပါလုပ်ငန်းရှင်သည် ကွင်းအမှတ်(၉၃၅)အတွင်း ဧက(၄၀)ခန့် ပုံစံ(၇)ရရှိပြီးဖြစ်သည်ဟု သိရပါသည်။ ယခုအခါ အဆိုပါ တောင်သူမှ ဧကပေါင်း မြောက်များစွာ ပိုမိုချဲ့ထွင်နေသဖြင့် ကျေးရွာသူ/သားများအတွက် ကျွဲ၊ နွားစားကျက် မြေများလည်း လျော့နည်းလာပါသည်။ သို့ဖြစ်ပါ၍ အဆိုပါနေရာသည် -

- ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအတွင်း ကျရောက်ခြင်းရှိ/မရှိ စစ်ဆေးပေးရန်၊
- ရယူထားသော ပုံစံ(၇)များကို သက်ဆိုင်ရာဦးစီးဌာနမှ စစ်ဆေးပေးရန် ရှိ/မရှိ၊
- အကယ်၍ ဧက(၄၀)ပိုင်ဆိုင်ခွင့်ရရှိထားပါက သက်ဆိုင်ရာဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ နယ်နိမိတ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊

- ဒေသခံများမှ အဆိုပါကွင်းအမှတ် (၉၃၅)အတွင်း လုပ်ငန်းဆောင်ရွက် လိုပါက လုပ်ကိုင်ခွင့် ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သဲကုန်းမြို့နယ်၊ ဇလွဲအုပ်စု၊ ရုံးကုန်းကြီးကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန လျာထားရန်ပုံငွေ(၁၄. ၂၀)ကျပ်သန်းဖြင့် Golden Hours Co.Ltd မှ (၄)လက်မတွင်းနက်တူးဖော်ခြင်း၊ (၁၀×၈×၈) ရေစက်ရုံ၊ (၁၀×၁၀×၄)စင်မြင့်ရေစင်တို့ကို တည်ဆောက်ခဲ့ပြီး စင်မြင့် ရေကန်မှာ ရေယိုစိမ့်မှုဖြစ်ပွား၍ သက်ဆိုင်ရာကုမ္ပဏီမှ ပြန်လည်ပြုပြင်ပေးရန် အစိုးရအဖွဲ့က ညွှန်ကြားပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဇလွဲအုပ်စု၊ ရုံးကုန်း ကြီးကျေးရွာတွင် ပြည်ထောင်စုရန်ပုံငွေကျပ် (၁၄. ၂)သန်းဖြင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာ ရေးနှစ်တွင် Golden Hours Co.Ltd မှ (၄)လက်မ တွင်းနက်တူးဖော်ခြင်း၊ (၁၀'×၈'×၈')ရေစက်ရုံတည်ဆောက်ခြင်းနှင့် (၁၀'×၁၀'×၄') စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာသို့လုပ်ငန်းအပ်နှံစဉ်က စင်မြင့်ရေစင်မှာ ရေစိမ့်ယိုမှုမရှိပါ။ ယခုအခါ စင်မြင့်ရေစင်မှာ ရေစိမ့်ယိုမှုဖြစ်ပွားနေပါသဖြင့် ရေအသုံးပြုသူ ကျေးရွာသူ/သားများ အဆင်ပြေစေရန် အတွက် တင်ဒါရယူ ဆောင်ရွက်သောကုမ္ပဏီဖြင့် ဆက်သွယ်၍ (၂၇. ၆. ၂၀၁၇)ရက်နေ့တွင် ဆောင်ရွက်ခဲ့ရာ (၂၉. ၆. ၂၀၁၇)ရက်နေ့တွင် စင်မြင့်ရေစင်ရေကန်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေအား ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြီးစီးကြောင်းထောက်ခံချက်နှင့်အတူ တင်ပြလာပါကြောင်းနှင့် ပြင်ဆင်မှုအား ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်ပြီးကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သဲကုန်းမြို့နယ်၊ ကျေးသားကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၃၅)၊ အုတ်တွင်းကွင်းအတွင်း လုပ်ငန်းရှင်တစ်ဦးက ဧကေ(၈၀)ခန့်ပုံစံ(၇)ရရှိပြီးဖြစ်ကြောင်း ပြောကြား၍ လူအား၊ စက်ယန္တရားအားဖြင့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းကာ မြေကွက်သတ်မှတ်ခြင်းများ ပြုလုပ်နေပါ၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်ခြင်းရှိ/မရှိ ပါအချက် (၄)ချက်အား သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် သဲကုန်းမြို့ နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးဇော်လင်းထိုက်၏ မေးမြန်းချက်နှင့်ပတ်သက်၍ သဲကုန်းမြို့နယ်၊ ကွင်းအမှတ် (၉၃၅)၊ အုတ်တွင်းကွင်းသည် ကွင်းဖွဲ့တိုင်းတာပြီးဖြစ်သဖြင့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောအတွင်းတွင် မပါဝင်ကြောင်း၊ ဦးသိန်းဇော်ရယူထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)များအား စိစစ်ဆောင်ရွက်ရာတွင် ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ (၅. ၉. ၂၀၁၃) ရက်နေ့တွင်

ကျေးသာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ပုံစံ(၁)ဖြင့် လျှောက်ထားလာသဖြင့် မြို့နယ်ဦးစီးဌာနမှ ပုံစံ(၂)၊ နောက်ဆက်တွဲ(က)ဖြင့် ကန့်ကွက်လွှာခေါ်ယူခဲ့ပါကြောင်း၊ ကန့်ကွက်လွှာခေါ်ယူခဲ့စဉ် မည်သူမျှ ကန့်ကွက်ခဲ့သူမရှိသည့်အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် စိစစ်ထောက်ခံချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ တင်ပြခဲ့ပါကြောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်း (၂၈. ၁၀. ၂၀၁၃)ရက်စွဲပါ စာအမှတ်၊ ၁၂၃/လယ်-စီ(ခရိုင်)(ဝ၅)ဖြင့် ဦးသိန်းဇော်၏ ဦးပိုင်(၈)ခု၊ ဧရိယာ (၄၀. ၀၀)ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလတ်မှတ်ပုံစံ(၇)ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဦးပိုင်(၈)ခု၊ ဧရိယာ(၄၀. ၀၀)ဧကရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလတ်မှတ် ပုံစံ(၇)များအား မြေပြင်အခြေအနေကို ပြန်လည်ကွင်းဆင်း၍ စိစစ်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံတောင်သူများမှ ကွင်းအမှတ် (၉၃၅)အတွင်းရှိ ကျန်ရှိမြေပေါ်တွင် လုပ်ငန်းဆောင်ရွက်လိုပါက ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လျှောက်ထားဆောင်ရွက်သွားရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ မေးခွန်းနံပါတ်(၄)နှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ မေးခွန်းအမှတ်စဉ်(၄)နှင့် ပတ်သက်၍ ကြိုးဝိုင်းကြိုးမြေကာကွယ်တောအား သွားရောက်ကြည့်ရှု စစ်ဆေးပေးရန် မေးမြန်းထားပါတယ်။ တစ်ကယ်တမ်းသာကွင်းဆင်းစိစစ်မည်ဆိုလျှင် အဲဒီနေရာဟာ လယ်ယာမြေမဟုတ်ကြောင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုယ်တိုင်ကွင်းဆင်း စစ်ဆေးချက်အရ ပေါ်လွင်နေသည့်အချက်ဖြစ်ပါတယ်။ ဒီမှာဖြေကြားထားသည်က ကြိုးဝိုင်းကြိုးမြေ ကာကွယ်တောအတွင်း ပါဝင်ခြင်းမရှိဘူး ဒါကြောင့်အုတ်တွင်းမြို့နယ်အတွင်းမှာ ရှိသည်ဟု ဖြေကြားထားပါတယ်။ သက်ဆိုင်ရာဝန်ကြီး၏ ဖြေကြားထားမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကွင်းဆင်းစိစစ်ပေးနိုင်ခြင်း ရှိ/ မရှိ မေးမြန်းလိုပါတယ်။ အုတ်တွင်းကွင်းအတွင်း ပါဝင်သည့်အတွက် ပုံစံ(၇)ထုတ်ပေးထားသည်ကို သိရှိတယ်လို့ ပြောကြားထားပါတယ်။ ပုံစံ(၇)ရရှိရန်အတွက် နည်းဥပဒေအရ အဆင့်ဆင့်ဖြတ်ကျော်ရပါတယ်။ နည်းဥပဒေ ၁၆အရ ကြေညာရပါတယ်။ နည်းဥပဒေ(၁၇)အရ ပုံစံ (၁)ခေါ်ရမည်။ ပြီးလျှင်ကန့်ကွက်လွှာခေါ်ရမည်။ နောက်ပြီး နည်းဥပဒေ(၁၈)၊ နည်းဥပဒေ(၁၉)အရ မြို့နယ်လယ်စီအဖွဲ့ကစိစစ်ပြီး ခရိုင်လယ်စီအဖွဲ့ကနေပြီး ပုံစံ(၇)ပြန်ချပေးရန် ညွှန်ကြားချက်ပေးရမှာဖြစ်ကြောင်း၊ ထိုသို့အဆင့်ဆင့်မှာ ကျေးသာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကွင်းဆင်းစစ်ဆေးမှုကို မေးမြန်းခဲ့ရာ အဲဒီအချိန်ကာလတွင် ရပ်ကျေးလယ်စီအဖွဲ့အနေဖြင့် ဒီကိစ္စကို သိရှိခဲ့ခြင်း၊ စိစစ်ခဲ့ခြင်း မရှိခဲ့ကြောင်း မိမိတို့ကို ပြောကြားထားပါကြောင်း၊ ဒါကြောင့်ပုံစံ(၇)ထုတ်ပေးမှုသည် မှုမမှန်ပုံစံ(၇) ဖြစ်သည်ဟု ယူဆသည့်အတွက် ပုံစံ(၇)ကို ပြန်လည်စိစစ်ပေးရန် မိမိအနေဖြင့် ထည့်သွင်းမေးမြန်းရခြင်း

ဖြစ်ပါတယ်။ ယင်းကိစ္စကို မြို့နယ်အဆင့်မှာဘဲ စတင်ညှိနှိုင်း ဖြေရှင်းနေတာ (၅)လခန့် ကြာမြင့်နေပြီဖြစ်ပါကြောင်း၊ လွန်ခဲ့သော(၅)လ လောက်ကတည်းက မြို့နယ်မြေစာရင်းဦးစီးဌာန၊ စာရင်းအင်းဦးစီးဌာနအနေဖြင့် ကွင်းဆင်းတိုင်းတာ၍ နယ်နိမိတ်ပေးမယ်ဆိုပြီး ပြောကြားထားပြီးဘဲရှိပါသည်။ ဒါပေမယ့် ယနေ့အချိန်ထိ ကွင်းဆင်းတိုင်းတာပြီး နယ်နိမိတ်သတ်မှတ်ပေးခြင်း မရှိပါကြောင်း၊ ဒေသခံတောင်သူများ၏ လိုလားချက်က ဧက(၄၀) ပုံစံ(၇)ရထားတာမှန်လျှင် အဲဒီဧက(၄၀)ကို နယ်နိမိတ်သတ်မှတ်ပေးရန်ဖြစ်ပြီး အခုတော့လုပ်ငန်းရှင်က ဧက(၄၀)တင်မက ချဲ့ထွင်ပြီးလုပ်ကိုင်နေတာ ဧက (၈၀)ခန့်တောင်ရှိနေပြီဆိုတာ မိမိတို့အသိဘဲဖြစ်ပါကြောင်း၊ ပုံစံ(၇)ရရှိထားပြီး အခြားနည်းသုံးစွဲခွင့်မရဘဲ ကျောက်ထုတ်လုပ်ငန်း၊ ကျောက်စရစ်လုပ်ငန်းများကို ယင်းကွင်းအတွင်းမှာ ဆောင်ရွက်နေတာဘဲဖြစ်ပါကြောင်း၊ ဒါတွေကို အမြန်ဆုံးပြန်လည်စိစစ်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားချက်ပေးနိုင်မလားဆိုသည်ကို မိမိအနေဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ သဲကုန်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်မေးမြန်းထားသည့် ကြီးဝိုင်းကြီးပြင်ကာကွယ်တောမှာ မပါဝင်ကြောင်းကိုလည်း စိစစ်ထားရှိပြီးဖြစ်ပါသည်။ လက်ရှိမြေယာကော်မတီအမှုတွဲအကုန်လုံးက မြေယာကော်မတီနှင့် ပတ်သက်သည့်အမှုတွေကို သက်ဆိုင်ရာကော်မတီကနေ ဥပဒေနှင့်အညီ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအရ အဆင့်ဆင့် Authority ပေးထားသည့် ကော်မတီများဖြစ်ပါသည်။ ရပ်ကျေးကနေ မြို့နယ်ကိုလျှောက်ထားပြီးပါက မြို့နယ်ကစိစစ်ပြီးခရိုင်က ထုတ်ပေးတာမျိုး အဆင့်ဆင့် စိစစ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါတယ်။ အမှုတွဲတင်ပြတိုင်ကြားလျှင်လည်း တိုင်းအဆင့်ကို တန်းပြီး တိုင်ကြား၍ မရပါကြောင်း ဘာဖြစ်လဲဆိုတော့ အောက်ခြေမှာ သူ့ရဲ့ Step by Step နှင့်သွားသည့်ပုံစံကတော့ ရပ်ကျေးမှာအရင်စစ်ပြီး၊ မြို့နယ်ကစစ်၊ မြို့နယ်ကစစ်ပြီးလျှင်ခရိုင်ကစစ်၊ နောက်ဆုံးဥပဒေက ပြဋ္ဌာန်းထားသည့် အတိုင်း တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီအဖွဲ့၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားတာဖြစ်သည့်အတွက် မိမိတို့က အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ လက်ရှိ လွှတ်တော်မှ မေးမြန်းသည့် မေးခွန်း အပေါ်မှာ ပုဂ္ဂိုလ်ရေးရာအရ မိမိအနေဖြင့် ကွင်းဆင်းကြည့်ရှု၍ရပါတယ်။ လွှတ်တော်ထဲတွင် ဖြေကြားထားသည့် ဖြေကြားမှုနှင့် ရှင်းလင်းချက်သည် ဌာနဆိုင်ရာများ၏ သက်ဆိုင်ရာဌာနများ၏ မှတ်တမ်းမှတ်ရာဖြစ်ပါသည်။ ဒီအပေါ်မှာ ကွဲလွဲချက်ရှိလျှင် မိမိအနေဖြင့် မြေယာမူခင်းအပေါ်မှာ လုပ်ထုံးလုပ်နည်းအတိုင်း ရပ်ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်ဆင့်ကို တက်စေပြီး ပုံစံ(၇) မှားယွင်းစွာ ထုတ်ပေးထားမှုအပေါ် မိမိအနေဖြင့် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြပြီး သီးသန့်အနေဖြင့် ပြန်စစ်ပေးနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးကမေးမြန်းသည့် မေးခွန်း(၁၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်း များကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပဲခူးတိုင်းဒေသကြီးအတွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီး အစိုးရအနေဖြင့် မည်ကဲ့သို့စီမံချက်ရေးဆွဲ လုပ်ဆောင်နေသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများထံသို့ တိုင်စာများ၊ တင်ပြစာများ ပေးပို့သည့်အခါ လိပ်မူပေးပို့သည့် ဝန်ကြီးချုပ် (သို့) ဝန်ကြီးများထံ မရောက်ရှိခြင်း၊ တင်ပြတိုင်ကြားသူထံ မည်သို့ဆောင်ရွက်ထားကြောင်း တစ်စုံတစ်ရာအကြောင်း ပြန်ကြားမှု မရှိခြင်းများ ကြုံတွေ့နေရသည့်အတွက် အစိုးရအဖွဲ့ထံရောက်ရှိလာသော ပြည်သူများ၏ တင်ပြတိုင်ကြားစာများအား မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီး အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံချက်ရေးဆွဲလုပ်ဆောင် နေသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများထံသို့ တိုင်စာများ၊ တင်ပြ စာများပေးပို့သည့်အခါ လိပ်မူပေးပို့သည့် ဝန်ကြီးချုပ် (သို့မဟုတ်) ဝန်ကြီးများထံ မရောက်ရှိခြင်း၊ တင်ပြတိုင်ကြားသူထံ မည်သို့ဆောင်ရွက်ထားကြောင်း တစ်စုံတစ်ရာ အကြောင်းပြန်ကြားမှု မရှိခြင်းများ ကြုံတွေ့နေရသည့်အတွက် အစိုးရအဖွဲ့ထံရောက်ရှိလာသော ပြည်သူ များ၏ တင်ပြတိုင်ကြားစာများအား မည်ကဲ့သို့စီမံခန့်ခွဲနေသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း(၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့စီမံချက်ရေးဆွဲ လုပ်ဆောင် နေသည်ကို သိရှိလိုပါကြောင်း"**

နှင့် စပ်လျဉ်း၍ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMES) သည် အလွန်အရေးကြီးသောအခန်းကဏ္ဍတွင်ပါဝင်ပါသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီး နိုင်ငံများကပါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်ရှင်သန်အားကောင်း စေရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ကျောထောက်နောက်ခံဖြစ်သကဲ့သို့ တီထွင်ဆန်းသစ်မှုများ၏ အဓိက အရင်းအမြစ်များဖြစ်ပြီး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ခြင်း၊ လူနေမှုဘဝမြင့်မားတိုးတက်နိုင်ခြင်း စသည့်အကျိုး ကျေးဇူးများ ရရှိနိုင်ပြီး စွန့်ဦးတီထွင်မှုကို တွန်းအားပေး နိုင်သည့်အပြင် ဈေးကွက်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ပါသည်။ ထို့ကြောင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ ပုဂ္ဂလိကကဏ္ဍတို့ကို ထိန်းကျောင်း ပေးနိုင်သောကြောင့် နိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား ဖြစ်ပါသည်။

ယခုအခါ နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံအဖြစ်မှ စက်မှုထွန်းကားသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည့်အပြင် ပုဂ္ဂလိက ကဏ္ဍကို ဗဟိုပြုသည့် စီးပွားရေးသို့ အသွင် ကူးပြောင်းကာလတွင် နိုင်ငံ၏လူမှုရေးနှင့် စီးပွားရေးအတွက် အရေးပါပြီး အထောက်အကူများ ပေးလျက် ရှိသော ပုဂ္ဂလိကအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ရှင်သန်အားကောင်းလာ စေရန် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ပါဝင်နိုင်ပြီး လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် အတိုင်း လိုက်နာပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် အခြားနိုင်ငံများနည်းတူစနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ပဲခူးတိုင်းဒေသကြီးတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဖော်ပြပါ အခြေခံအချက်များကို အထောက်အပံ့ပေးနိုင်ရန်အတွက် ဆောင်ရွက် လျက်ရှိပါသည် -

- လူ့စွမ်းအား အရင်းအမြစ်၊
- နည်းပညာဖွံ့ဖြိုးမှု နှင့် တီထွင်ဖန်တီးတတ်မှု၊
- ငွေကြေးအရင်းအမြစ်၊
- အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊
- လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ၊

SMES လုပ်ငန်းများကို ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှု၊ အခြားလုပ်ငန်းများ (စိုက်/မွေး၊ သတ္တုတူးဖော်ရေး၊ အခြားအထွေထွေလုပ်ငန်းများ)ဟူ၍ ကဏ္ဍ(၄)ခုထားပြီး၊ SMES လုပ်ငန်းများ စနစ်တကျနှင့် ကူညီမှုပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများ လိုက်လံကွင်းဆင်းကောက်ယူလျက် ရှိပါသည်။ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် SMES လုပ်ငန်းရှင်များ၏ Capacity မြှင့်တင်နိုင်ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲတို့နှင့် သက်ဆိုင်ရာဌာနများ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်စေခြင်းကို လုပ်ဆောင် ပါမည်။

SMES လုပ်ငန်းရှင်များ အဓိကရင်ဆိုင်ကြုံတွေ့နေရသော ငွေကြေးအရင်းအနှီး အခက်အခဲများအတွက် လက်ရှိအခြေအနေတွင် JICA Two Step Loan ဖြင့် ချေးငွေရရှိရေးအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ အပေါင်ပစ္စည်းမပါ Credit Guarantee Insurance (CGI)

စနစ်ဖြင့် ချေးငွေရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျှက် ရှိပါသည်။ ထို့ပြင် ချေးငွေ အထောက်အပံ့ပေးမည့် သတင်းအချက်အလက်များရရှိလာပါက အချိန်နှင့်တပြေးညီ သတင်းပြန်လည် ဖြန့်ဝေ နိုင်ရေးအတွက် စီစဉ်ထားရှိပါသည်။

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း နိုင်ငံတော်ဘတ်ဂျက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများ ရှိပါသည်။

သက်ဆိုင်ရာSMESကဏ္ဍများတွင် နည်းပညာလွှဲပြောင်းရရှိနိုင်ရေးနှင့် နည်းပညာဖွံ့ဖြိုးရေးတို့ အတွက် အထူးကြိုးစားဆောင်ရွက်ပေးပါမည်။ (လက်ရှိအခြေအနေတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ SMESလုပ်ငန်းရှင် (၄၈)ဦးအတွက် မုန့်ဖုတ်ခြောက် ထုတ်လုပ်မှုနည်းပညာ၊ စိုက်ပျိုးရေး အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်း နည်းပညာ (ပဲနို့ နှင့် ပဲနို့ဂျယ်လီပြုလုပ်ခြင်းနည်းပညာ၊ သဘာဝအင်တီ အောက်ဆီဒင့်ဖြည့်စွက်ဆေးစမ်းသပ် ထုတ်လုပ်နည်း၊ ဆီအုန်းမှ ဘေးထွက်ပစ္စည်း ဆီခဲအသုံးပြု၍ ဆေးဘက်ဝင်ဆပ်ပြာ ထုတ်လုပ်နည်း၊ ပိန္နဲသီးခြောက်ပြုလုပ်နည်း၊ ခရမ်းချဉ်သီး Sauce နှင့် ဖျော်ရည်ပြုလုပ်နည်း၊ ဟင်းသီးဟင်းရွက် ဟင်းခတ်မှုန့် ပြုလုပ်နည်း)များ လွှဲပြောင်းရယူနိုင်စေရန် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်)

ထို့ပြင် SMESလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်မှန်းပြီး လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများဖြစ်ရေး၊ ဈေးကွက်ရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများတွင် SMES ထုတ်ကုန်များအား ပြသနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့၏ အခက်အခဲများ ရှိပါက လျော့နည်းစေရေး ကြိုးပမ်းဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြုပ်နှံမှုလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့ စေရေးတို့ကို အလေးပေးဆောင်ရွက်ပေးပါမည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)။** ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများထံသို့ တိုင်စာများ၊ တင်ပြစာများ ပေးပို့သည့်အခါ လိပ်မူပေးပို့သည့် ဝန်ကြီးချုပ်(သို့) ဝန်ကြီး များထံ မရောက်ရှိခြင်း၊ တင်ပြတိုင်ကြားသူထံ မည်သို့ဆောင်ရွက်ထားကြောင်း တစ်စုံတစ်ရာအကြောင်းပြန်ကြားမှု မရှိခြင်းများ ကြုံတွေ့နေရသည့်အတွက် အစိုးရအဖွဲ့ထံရောက်ရှိလာသော ပြည်သူများ၏ တင်ပြတိုင်ကြားစာ များအား မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် တိုင်းဒေသကြီးအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေး၊ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူတို့၏ တိုင်ကြားစာများ၊ တင်ပြချက်များကို အရေးယူဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာဌာနများသို့ စိစစ်ဆောင်ရွက်ပြီး ပြန်လည်တင်ပြရန် အချိန်နှင့် တစ်ပြေးညီ အကြောင်းကြားဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများအနေဖြင့် ဌာန၏လုပ်ငန်း တာဝန်များအပြင် မိမိတို့ အစိုးရအဖွဲ့မှ ပေးအပ်သောတာဝန်များကို ဆောင်ရွက်နေရသဖြင့် တင်ပြ/ တိုင်ကြားစာများကို စိစစ်ရာ၌ ကြန့်ကြာမှုများမရှိစေရန် ရည်ရွယ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြည်သူတို့၏ တင်ပြချက်များအပေါ် ဆောင်ရွက်

ပေးနိုင်ခြင်းရှိ/မရှိ သက်ဆိုင်ရာဌာနများနှင့် တိုက်ရိုက်ဆွေးနွေး ရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များကို ကွင်းဆင်းစိစစ်ဆောင်ရွက်ရန် တာဝန်ပေးအပ်လျက်ရှိပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့တင်ပြသော တင်ပြ/တိုင်ကြားစာများနှင့် ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝင်စာဌာနမှတစ်ဆင့် ရုံးအဆင့်ဆင့်တွင် ဖတ်ရှုဆောင်ရွက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများသို့ စိစစ်ဆောင်ရွက်နိုင်ရန် ပေးပို့လျက်ရှိပါသည်။ ဝန်ကြီးများသည် မိမိလက်အောက်ရှိ ဌာနများနှင့် ဆက်သွယ်ပြီး တိုင်ကြားစာများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်၊ လမ်းညွှန်ချက်၊ အကြောင်းကြားချက်များကို တင်ပြ/တိုင်ကြားသူများသိရှိနိုင်ရန် သက်ဆိုင်ရာ ဌာန(သို့မဟုတ်) သက်ဆိုင်ရာခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှတစ်ဆင့် အကြောင်းကြား အသိပေးလျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။ အကယ်၍ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဘယ်ကိစ္စဟာ မတိကျဘူးဆိုလျှင် ဝန်ကြီးများထံ ဆက်လက်တိုင်ကြားပါက ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်တွင်ပေးထားသော ကတိကဝတ်များကို ကျေပွန်အောင် မည်ကဲ့သို့ စွမ်းဆောင် ကြိုးပမ်းနေသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(၂) **"ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၅) အုပ်ချုပ်ရေးပုဒ်မ ၂၅၈ (က)အရ လွှတ်တော်မှ ချမှတ်ခဲ့သော အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် အရေးယူဆောင်ရွက်ချက်များကို မည်သည့် အချိန်တွင် လွှတ်တော်သို့ ပြန်လည်အစီရင်ခံမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၃) **"ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၅) အုပ်ချုပ်ရေးပုဒ်မ ၂၅၆ (က)အရ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများ အကျိုးရှိ စေရန်အတွက် မည်ကဲ့သို့ စီမံခန့်ခွဲသည်၊ လမ်းညွှန်သည် ကြီးကြပ်သည်နှင့် ပြည်သူ့ ဘဏ္ဍာငွေများ မလေလွင့်မဆုံးရှုံးစေရန် မည်ကဲ့သို့ စစ်ဆေးသည်တို့ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုတို့အား တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ တိုင်းဒေသကြီးအစိုးရအနေဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ပေးထားသော ကတိကဝတ်များကို ကျေပွန်အောင် မည်ကဲ့သို့ စွမ်းဆောင်ကြိုးပမ်းနေသည်ကို အများပြည်သူ တို့အတွက် ဖော်ပြပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။**ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၅) အုပ်ချုပ်ရေး ပုဒ်မ ၂၅၈(က) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အခါအားလျော်စွာချမှတ်သည် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်ထည် ဖော်ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်**ဟု ပြဋ္ဌာန်းထားပါသဖြင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်မှ ချမှတ်ခဲ့သော အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်ထည်ဖော်ဆောင်ရွက်မှုနှင့် အရေးယူဆောင်ရွက် ချက်များကို မည်သည့်အချိန်တွင် လွှတ်တော်သို့ ပြန်လည်အစီရင်ခံမည်ကို သိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်အစိုးရအဖွဲ့သို့ မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။**ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၅) အုပ်ချုပ်ရေး ပုဒ်မ ၂၅၆(က)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်း ဆောင်ရွက်မှုများကို ဖွဲ့စည်းအုပ်ချုပ်ပုံပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန် လည်းကောင်း တည်ဆဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း ပြုရမည်**ဟုဖော်ပြထားပါသဖြင့် တိုင်းဒေသကြီးအစိုးရ အနေဖြင့် တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက်အစိုးရဌာနများ၊ အဖွဲ့စည်းများ၏ လုပ်ငန်း ဆောင်ရွက်မှုများကို **ပြည်သူများ အကျိုးရှိစေရန်အတွက်**-

- မည်ကဲ့သို့ **စီမံခန့်ခွဲခြင်း**များဆောင်ရွက်ထားပါသနည်း၊
- မည်ကဲ့သို့**လမ်းညွှန်ခြင်း**များဆောင်ရွက်ထားပါသနည်း၊
- မည်ကဲ့သို့ **ကြီးကြပ်ခြင်း**များဆောင်ရွက်ခဲ့ပါသနည်း၊
- ပြည်သူဘဏ္ဍာငွေများ မလေလွင့် မဆုံးရှုံးစေရန် မည်ကဲ့သို့**စစ်ဆေးခြင်း**များ ဆောင်ရွက်ခဲ့ပါသနည်း။ အထောက်အထားများဖြင့် ဖြေဆိုပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်း(၃)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန**။ ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်တွင် ပေးထားသော ကတိကဝတ်များကို ကျေပွန်အောင် မည်ကဲ့သို့ စွမ်းဆောင်ကြိုးပမ်းနေသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးထိ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကတိကဝတ်ဖြစ်ပေါ်ခဲ့သော အဆို(၁၀)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၃၅၄)ခု၊ ကြယ်ပွင့် မပြမေးခွန်း (၂၉၆)ခု၊ စုစုပေါင်း (၆၆၀)ခုရှိပါသည်။ အဆိုပါ (၆၆၀)ခုအနက် ကတိကဝတ်အဖြစ်မှ ပယ်ဖျက်ပြီး သောအဆို(၅)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၂၇)ခု၊ ကြယ်ပွင့်မပြ မေးခွန်း(၃၂)ခု၊ စုစုပေါင်း (၆၄)ခုဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကတိကဝတ်ဖြစ်သော လုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ပုံငွေတင်ပြတောင်းခံခြင်း၊ နောက်ဆက်တွဲ ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းများ လိုအပ်ပါက ပြည်ထောင်စုရန်ပုံငွေတောင်းခံခြင်းများကို ဆောင်ရွက်လျက် ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေရရှိသော ရန်ပုံငွေများဖြင့် လုပ်ငန်းများပြီးပြတ်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကတိခံခဲ့သောလုပ်ငန်းများနှင့် သက်ဆိုင်သည့် အစိုးရအဖွဲ့ဝန်ကြီး ဌာနအလိုက် မိမိ လက်အောက်ရှိ ဌာနဆိုင်ရာများသို့ ကြီးကြပ်ကွပ်ကဲလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန**။ ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၅) အုပ်ချုပ်ရေးပုဒ်မ ၂၅၈ (က)အရ လွှတ်တော်မှ ချမှတ်ခဲ့သော အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် အရေးယူဆောင်ရွက်ချက်များကို မည်သည့်အချိန်တွင် လွှတ်တော်သို့ ပြန်လည်အစီရင်ခံမည်ကို သိရှိလိုပါကြောင်း "** နှင့် စပ်လျဉ်း၍ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၅၈(က)အရလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၂(က) အရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီး အရေးယူ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပြန်လည်အစီရင်ခံ ရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

အဆိုပါဥပဒေပြဋ္ဌာန်းချက်များအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့မှချမှတ်သော အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များ၊ မူဝါဒများ၊ လမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဌာနဆိုင်ရာများသို့လည်း ညွှန်ကြားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁)နှစ်တာ လုပ်ငန်းဆောင်ရွက်ချက် များကို တိုင်းဒေသကြီး လွှတ်တော်သို့လည်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မဏ္ဍိုင်ကြီး(၃)ရပ်တွင်ပါဝင်သော အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံကျသောရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများအား စွမ်းဆောင်ရည်မြင့်

သင်တန်းများကို မြို့နယ်အသီးသီး တွင်ပို့ချနိုင်ခဲ့ပါသည်။ ဒီမိုကရေစီနှင့်ပတ်သက်သော အလေ့အကျင့် များအား ဒေသဖွံ့ဖြိုးရေး ခရီးစဉ်များတွင်လည်းကောင်း၊ ဌာနဆိုင်ရာ အစည်းအဝေးများတွင်လည်းကောင်း လိုက်နာကျင့်သုံးရေး ဆွေးနွေးပြောကြားခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေး တရားရေးမဏ္ဍိုင်နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ ဇွန်လ(၂၃)ရက်နေ့ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာတွင် ဖြစ်ပေါ်ခဲ့သော ဘာသာရေး ပဋိပက္ခပြဿနာများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စနစ်တကျဖြေရှင်းနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးအတွင်း ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးနှင့် ဘိန်းမဲများစသည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံ စုစုပေါင်း(၁၇၃) ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောမှုခင်း ဖြစ်သည့် လိပ်ပြာကန်ရွေ့တွင် ဓားထိုးမှုကိစ္စနှင့်ပတ်သက်၍ တရားခံများအား ထိရောက်သော ပြစ်ဒဏ်ချမှတ် နိုင်ရေး အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေပြုရေးနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၏ စည်ပင်သာယာရေးဥပဒေကို လွှတ်တော်ဥပဒေ အမှတ်(၄)ဖြင့် ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်း ဆိုင်ရာနည်းဥပဒေကိုထုတ်ပြန်ခဲ့ပြီး မြို့နယ်(၂၈)မြို့နယ်ကော်မတီများကို ရွေးချယ်ဖွဲ့စည်း ဆောင်ရွက်လျက် ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း လမ်း/တံတား၊ အဆောက်အဦးများ စနစ်တကျရှိစေရေးအတွက် တည်ဆောက်ရေး လုပ်ငန်းများ ကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (Bago Region Construction Control Authority- BRCCA) ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (Cabinet)မှ အတည်ပြုဖွဲ့စည်းထားပြီးဖြစ်၍ အဆိုပါအဖွဲ့ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့ကိုယ်စား ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ပုံမှန် အစည်းအဝေးများတွင် ပေးပို့တင်ပြအစီရင်ခံလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော်မှ အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ပေးပို့လာပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင် လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေများနှင့် မဆန့်ကျင်လျှင်သော် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အရေးယူဆောင်ရွက်ချက်များကို လွှတ်တော်ပုံမှန်အစည်းအဝေးများ၌ တင်ပြအစီရင်ခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၅) အုပ်ချုပ်ရေးပုဒ်မ ၂၅၆ (က)အရ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများအကျိုးရှိစေရန်အတွက် မည်ကဲ့သို့ စီမံခန့်ခွဲသည်၊ လမ်းညွှန်သည် ကြီးကြပ်သည်နှင့် ပြည်သူ့ဘဏ္ဍာငွေများ မလေလွင့်**

**မဆုံးရှုံးစေရန် မည်ကဲ့သို့ စစ်ဆေးသည်တို့ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအား တိုင်းဒေသကြီးဝန်ကြီးချုပ်မှ တစ်ဆင့် တာဝန်ခံ၍ တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများ၏လုပ်ငန်း ဆောင်ရွက်ချက်များ၊ လိုအပ်ချက်များကို တင်ပြပြီး လမ်းညွှန်မှုခံယူဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့၏ မူဝါဒ၊ လမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများသို့ ညွှန်ကြားလျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အနေဖြင့် အစိုးရသစ်လက်ထက် တာဝန်ယူစဉ် ၂၀၁၆ခုနှစ်မှ ယနေ့အထိ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကော်မတီပေါင်း (၃၆၁)ခုဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်မည့်စီမံကိန်း လုပ်ငန်းများ၊ အစီအမံများ၊ လိုအပ်ချက်များကို လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများခေါ်ယူကာ ဝန်ကြီးချုပ်ဦးဆောင်၍ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားလျက်ရှိပါသည်။ တိုင်းဒေသကြီးအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်အရသော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သော်လည်းကောင်း၊ မဖြစ်မနေဆောင်ရွက်ရမည့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များကို Cabinetအစည်းအဝေး(၂၇)ကြိမ် ကျင်းပပြုလုပ်၍ အမှုတွဲပေါင်း(၇၈၁)မှု ဆုံးဖြတ်ဆောင်ရွက်ခဲ့ပြီး လမ်းညွှန်မှုခံယူရမည့်ကိစ္စရပ်များကို အထက်ဌာနများသို့ ပေးပို့အစီရင်ခံ တင်ပြလျက်ရှိပါသည်။

ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ဌာန/ အဖွဲ့အစည်းအသီးသီးသည် ခွင့်ပြုသည့် ရန်ပုံငွေအပေါ် သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီသုံးစွဲခြင်းကို သက်ဆိုင်ရာရုံးချုပ် အသီးသီး သို့လည်းကောင်း၊ စာရင်းစစ်ချုပ်ရုံးမှလည်း (၆)လတစ်ကြိမ် စာရင်းများကို စစ်ဆေးလျက်ရှိရာ စည်းမျဉ်းနှင့် ကိုက်ညီမှုမရှိဘဲ သုံးစွဲငွေများပေါ်ပေါက်လာပါက ပြန်လည်ပေးသွင်းခြင်းများကိုလည်းကောင်း၊ ဆောင်ရွက်လျက် ရှိပြီး စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာကိုလည်း တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြလျက်ရှိပါသည်။

ငွေလုံးငွေရင်းအသုံးစရိတ်များသုံးစွဲရာတွင် အစိုးရအဖွဲ့သို့တင်ပြ၍ အစိုးရအဖွဲ့မှဖွဲ့စည်း ပေးလိုက်သော တင်ဒါကော်မတီ၏ လမ်းညွှန်ချက်များအတိုင်း တင်ဒါခေါ်ယူခြင်း၊ တင်ဒါများဖွင့်လှစ်ခြင်း၊ စာချုပ်များချုပ်ဆို ခြင်းနှင့် ငွေပေးချေခြင်းများကို ဆောင်ရွက်ရပါသည်။ အဆောက်အဦများ အရည်အသွေး ကောင်းမွန်စေရေး အတွက်လည်း အရည်အသွေး စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုများကို ခံယူရပါသည်။ ဌာန/အဖွဲ့အစည်း အသီးသီး၏ ရငွေနှင့်အသုံးစရိတ်များအပေါ် လစဉ်စာရင်းများကို ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှ တာဝန်ယူ စာရင်းပြုစု၍ အစိုးရအဖွဲ့နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးသို့ လစဉ်အစီရင်ခံ တင်ပြလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းနံပါတ်(၂)နှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မိမိမေးမြန်းထားသည့် မေးခွန်းမှာ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေအခန်း(၅) အုပ်ချုပ်ရေးပုဒ်မ ၂၅၈(က)ကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ ယခု အစိုးရအဖွဲ့က ဖြေကြားထားသည်က ၂၅၈(ခ)အပိုင်းကို ဖြေကြားထားခြင်းဖြစ်ပါတယ်။ ၂၅၈(ခ)အပိုင်းကိုသာ ဖြေကြားထားသည့်အတွက် ဖြေကြားမှုတိုင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှု အခြေအနေများကို တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တင်ပြအစီရင်ခံလျက်ရှိပါသည်။ ဒါကပုံမှန်အစည်းအဝေး များတွင် တင်ပြအစီရင်ခံသည့်အပိုင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၅၈(ခ)အပိုင်းမှာ မိမိနယ်မြေအခြေအနေ အရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရရုံး၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြရသည်ဆိုသည့်အပိုင်းဖြစ်ပြီး ဒါက အစီရင်ခံသည့်အပိုင်းဖြစ်ပါသည်။

မိမိတို့လွှတ်တော်က အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို ချမှတ်ခဲ့တာရှိပါတယ်။ ဒေါက်တာစောညိုဝင်း အနေဖြင့် KTV အပိုင်းနှင့် ပတ်သက်၍ အဆိုတင်သွင်းပြီး လွှတ်တော်မှချမှတ်ခဲ့သည့်အပိုင်း၊ ဒေါ်ရီရီထိုက် အနေဖြင့် အဆိုတင်သွင်းပြီး လွှတ်တော်မှ ဆုံးဖြတ်ခဲ့သည့် အင်းနယ်နိမိတ်အပိုင်း၊ ဦးမျိုးခိုင်အနေဖြင့် အဆို တင်သွင်းပြီး လွှတ်တော်က ဆုံးဖြတ်ခဲ့သည့် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်မရှိဘဲ၊ အခြားနည်းအသုံးပြု နေခြင်းအား အရေးယူနေသည့်အပိုင်း၊ ဦးဇော်လင်းထိုက်အနေဖြင့် အဆိုတင်သွင်းပြီး လွှတ်တော်က ဆုံးဖြတ် ခဲ့သည့် ပြည်သူ့ရဲဝန်ထမ်းများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်အပိုင်း၊ ဦးကျော်ဇေယျအနေဖြင့် မြေယာနှင့် ပတ်သက်သည့်အဆိုတင်သွင်းပြီး လွှတ်တော်ကဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်ပြီး တိုင်းဒေသကြီး လွှတ်တော်ကို ပြန်လည်အစီရင်ခံစေချင်၍ ပုဒ်မ ၂၅၈(က)ကို မေးမြန်းရခြင်းဖြစ်ပါကြောင်း၊ သို့ပါ၍ ပုဒ်မ ၂၅၈(က) ဆုံးဖြတ်ချက်များကို မည်သို့အကောင်အထည်ဖော်နေသည်ကို ပြည်သူများထံ ရဲရဲဝံ့ဝံ့ချပြနိုင်မှာ ဖြစ်ကြောင်း၊ ဒါကြောင့် မိမိတို့မေးမြန်းသည့် မေးခွန်းသည် ၂၅၈(က)ကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဝန်ကြီးဖြေကြား သည်က ၂၅၈(ခ)အပိုင်းကို ဖြေကြားထား သည်ဟု ယူဆပါတယ်။ ဒါကြောင့် ၂၅၈(က)အပိုင်းနှင့် ပတ်သက်ပြီး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွား မည်ကို ထပ်မံ၍ မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင် မေးမြန်းသည့် ဆက်စပ်မေးခွန်းသည် တိုင်းဒေသကြီးလွှတ်တော်မှ အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို တိုင်းဒေသကြီးလွှတ်တော်မှ ပုံမှန်အစည်းအဝေးများတွင် ထည့်သွင်းထားသော

"အဆို"များသည် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များဖြစ်ပြီး အဆို၊ မေးခွန်း၊ ကတိကဝတ်ပြုမှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ပေးပို့ပြီး အဆိုအတည်ပြုမှုများနှင့်ပတ်သက်၍ ဖြေကြားမှုများလွဲမှားနေသည့်အတွက် ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ကြောင်း၊ ဒီလိုပေးပို့ပြီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်တယ်၊ တည်ဆဲဥပဒေနှင့်လည်း ညီညွတ်တယ်ဆိုလျှင် "အဆို"က ထိန်းကျောင်းနေတာဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ လွဲမှားနေတာဖြစ်သည့်အတွက် နောင်ဆိုလျှင် အစိုးရအဖွဲ့အနေဖြင့် သဲသဲကွဲကွဲမြင်သာအောင် မေးမြန်းသည်က ကောင်းမွန်ပါကြောင်း အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်လည်း ၂၅၈(က)အရ အစီရင်ခံပါ။ "အဆို"များကို မည်မျှ အကောင်အထည်ဖော်ပြီးပြီလဲ၊ ဘယ်နှခုကျန်သေးလဲဆိုသည်ကို အစိုးရအဖွဲ့မှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈(က)အရ တိုင်းဒေသကြီး/ ပြည်နယ်ကို အစီရင်ခံရမည်ဟု ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ ဒါကြောင့် သက်ဆိုင်ရာစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်ရွှေက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရဲလင်းနိုင်၏ မေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်းအား ရှင်းလင်းဖြေကြားရန်ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ ဦးရဲလင်းနိုင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ "အဆို"များကို ပြန်လည်စုစည်းပြီး မဖြေရသေးသည့်အဆိုများရှိလျှင်စာဖြင့် တရားဝင်ဖြေကြားပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်အဆိုများကို ပြန်လည်လေ့လာ၍ တင်ထားသည့် "အဆို" ထဲတွင် အရေးတကြီးသိလိုသည်များရှိပါက မေးခွန်းရှင် ဦးရဲလင်းနိုင်နှင့် ပြန်လည်၍ ယင်းကိစ္စကို အသေးစိတ် ဥပဒေချုပ်နှင့် ညှိနှိုင်းပြီးဖြေကြားပေးမည်ဖြစ်ကြောင်း လေးစားစွာပြန်လည် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူလယ်သမားများထံမှ လယ်ယာမြေခွန် တိုးမြှင့်ကောက်ခံရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိဒေသခံ တောင်သူလယ်သမားများထံမှ လယ်ယာထွက် သီးနှံများ ရောင်းချမှုအပေါ် ကြိုတင်ဝင်ငွေခွန်(၂) ရာခိုင်နှုန်းကောက်ခံရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ နိုင်ငံသားတိုင်း နိုင်ငံ့အခွန်ကို ထမ်းဆောင်ရသည်မှာ နိုင်ငံတကာသတ်မှတ်ချက် စံချိန်စံညွှန်းဖြစ်သော်လည်း မြန်မာလယ်သမားများ၏ ပကတိ အခြေအနေမှာ လယ်ယာထွက်ကုန်များ ဈေးနှုန်းကျဆင်းခြင်းကြောင့်လည်းကောင်း သဘာဝ ဘေးအန္တရာယ်များကြောင့် အထွက်နှုန်းကျဆင်းခြင်း သီးနှံစိုက်ခင်းများ ပျက်စီးခြင်းတို့ကြောင့် စိုက်ပျိုးစရိတ် ကြွေးမြီများ ခေါင်းမဖော်နိုင်သည့်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ဒို့အပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆန်၊ ပဲ အပါအဝင်လယ်ယာထွက် သီးနှံများရောင်းချမှု

ကျပ်ငါးသိန်းနှင့်အထက်ဆိုပါက ကြိုတင်ဝင်ငွေခွန်(၂)ရာခိုင်နှုန်းကို ဒေသခံလယ်သမားများထံမှ ဝယ်ယူသည့်ကုန်သည်၊ စက်ပိုင်များက ကောက်ယူရန် အမိန့်ကြေညာစာ ထုတ်ပြန်လိုက်သည်ဟု ကြားသိရပါသည်။

တောင်သူလယ်သမားများအနေဖြင့် လက်ရှိအချိန်တွင် စိုက်ပျိုးထုတ်လုပ်မှု စရိတ်ကကြီးမားခြင်း၊ နှစ်စဉ်ရာသီဥတုဖောက်ပြန်နေခြင်းကြောင့် သီးနှံအထွက် လျော့ကျခြင်းနှင့် သီးနှံရောင်းချချိန်တွင်လည်း ဈေးနှုန်းများထိုးကျနေခြင်းတို့ကြောင့် တောင်သူများအခက်အခဲ နှင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ ဒေသခံတောင်သူလယ်သမားများ၏ အခက်အခဲကို ကူညီဖြေရှင်းပေးနိုင်ရေးအတွက် အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူလယ်သမားများထံမှ လယ်ယာမြေခွန်တိုးမြှင့်ကောက်ခံရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူလယ်သမားများထံမှ လယ်ယာထွက်သီးနှံများ ရောင်းချမှုအပေါ် ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းကောက်ခံရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညဏ်ဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူလယ်သမားများထံမှ လယ်ယာမြေခွန် တိုးမြှင့်ကောက်ခံရန် အစီအစဉ်ရှိ/မရှိ ”**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဒေသခံတောင်သူလယ်သမားများထံမှ လယ်ယာမြေခွန်တိုးမြှင့်ကောက်ခံရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများအား နှစ်စဉ်လယ်ယာမြေခွန်များ ကောက်ခံရာတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေအမျိုးအစားအလိုက် သတ်မှတ်ထားသည့် မြေခွန်နှုန်းထားအလိုက် စည်းကြပ်ရေးသွင်းထားသော မြေခွန်ပြေစာများအပေါ် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နှစ်စဉ်ကောက်ခံလျက်ရှိပါသည်။

လက်ရှိအချိန်တွင် ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးလယ်ယာမြေများပေါ်တွင် ကောက်လျင်/ကောက်ကြီး/ကိုင်း/မူရင်းမြေခွန်များအား ယခင်က လယ်ယာ မြေခွန်နှုန်းထားများအတိုင်း ကောက်ခံလျက်ရှိပါသည်။ လယ်ယာမြေခွန်နှုန်းထားများအား တိုးမြှင့်ကောက်ခံရာတွင် ဒေသခံတောင်သူလယ်သမားများ၏ ဝင်ငွေများ၊ သီးနှံအထွက်နှုန်း၊ ဒေသတွင်းစီးပွားရေးအခြေအနေစသည့် အခြေအနေအရပ်ရပ်တို့ကို လေ့လာဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြေခွန်နှုန်းထားပြင်ဆင်ကောက်ခံရန်အလို့ငှာ နိုင်ငံတော်အတွင်းရှိ စိုက်ပျိုးမြေများအား ကြေးတိုင်စိုက်ခြင်း၊ ကြေးတိုင်ရပ်ကွက်ခွဲခြားပြီး

ကြေးတိုင်အမျိုးအစားသတ်မှတ်ခြင်းများ ဆောင်ရွက်ပြီးမှသာ တိုးမြှင့်ကောက်ခံရန် ဖြစ်ပြီး လယ်ယာမြေခွန်နှုန်းထားတိုးမြှင့်ကောက်ခံရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ အခွန်နှုန်းထားပြင်ဆင် သတ်မှတ်ချက်များ ရေးဆွဲအတည်ပြုပြီး ညွှန်ကြားလာပါက ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လတ်တလောတွင် လယ်ယာမြေခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ ဦးညာဏ်ဝင်း၊ ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်းရှိဒေသခံ တောင်သူလယ်သမားများထံမှ လယ်ယာထွက်သီးနှံများရောင်းချမှုအပေါ် ကြိုတင်ဝင်ငွေခွန်(၂)ရာခိုင်နှုန်း ကောက်ခံရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်ဦးစီးဌာန အနေဖြင့် အခွန်ကောက်ခံခြင်းတွင် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အထူးကုန်စည်ခွန်၊ လောင်စာဆီခွန် ဟူ၍ (၅)မျိုးရှိပါကြောင်း ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် အခွန် (Witholding Tax) ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပေးချေငွေအမျိုးအစားပေါ် မူတည်၍ သတ်မှတ်ထားသည့် နှုန်းများအတိုင်း နုတ်ယူပေးသွင်းရသည့် ကြိုတင်ဝင်ငွေခွန် ဖြစ်ပါတယ်။

ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် အခွန် (Witholding Tax) ကို ပြည်ထောင်စုမြန်မာ နိုင်ငံတွင် ၁၉၉၂-၁၉၉၃ ဘဏ္ဍာနှစ်မှ စတင်၍ အမိန့်ကြော်ငြာစာအမှတ် ( ၂၅ )ဖြင့် စတင်ကောက်ခံခဲ့ပါတယ်။ ထို့နောက် အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၀ နှင့် ၁၆၇/၂၀၁၁တို့ဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ၂/၂၀၁၇၊ ၃၇/၂၀၁၇ နှင့် ၅၁/၂၀၁၇ တို့ဖြင့်လည်းကောင်း၊ ခေတ်ကာလအခြေအနေများနှင့် လျော်ညီစွာ ပြင်ဆင် ကောက်ခံဆောင်ရွက်ခဲ့ပါတယ်။ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန်ကောက်ခံရခြင်း၏ အကျိုးကျေးဇူးတွေကို ဖော်ပြရလျှင်-

- ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှ နုတ်ယူပေးသွင်းငွေ ဖြတ်တောက်ခြင်းဖြင့် အခွန်တိမ်းရှောင်မှုများ လျော့ကျစေခြင်း၊
- နိုင်ငံတော်မှ ရသင့်သည့် အခွန်အခများကို အချိန်နှင့်တပြေးညီရရှိခြင်း၊
- အခွန်ပေးဆောင်ရသူများအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်နေစဉ်မှာပင် ယင်းလုပ်ငန်း အတွက် တစ်ပါတည်း ကြိုတင်ပေးဆောင်ခဲ့ရခြင်းဖြစ်၍ အပြီးသတ် စည်းကြပ်သည့်အခါတွင် အခွန်ကိုသာ ပေးဆောင်ရသောကြောင့် အခွန်ငွေကို တစ်ခါတည်းများပြားစွာ ပေးဆောင်ရမှု မဖြစ်စေဘဲ အခွန်ဝန်ထုတ်ဝန်ပိုး မဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမှာဖြစ်ပါတယ်။

ပင်ရင်းမှ နုတ်ယူပေးသွင်းငွေနှင့်စပ်လျဉ်း၍ ၂၀၁၇ဘဏ္ဍာနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန အနေဖြင့် အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၇ နှင့် အမိန့်ကြော်ငြာစာအမှတ်၊ ၃၇/၂၀၁၇ တို့ကို ထုတ်ပြန်ခဲ့ ပါတယ်။

သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါအမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာ

တာဝန်များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲအချို့ပေါ်ပေါက်လျက်ရှိ ကြောင်း သိရှိရသည့်အတွက် ပြန်လည်ပြင်ဆောင်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနမှ အမိန့်ကြော်ငြာစာ အမှတ်၊ ၅၁/၂၀၁၇ ကို (၂၂. ၅. ၂၀၁၇)ရက်နေ့တွင် ထပ်မံ ထုတ်ပြန်ထားရှိခဲ့ပြီး ဖြစ်ပါတယ်။

လယ်ယာထွက်ကုန်သီးနှံများကို ရောင်းဝယ်မှုပြုလုပ်သည့် စက်ပိုင်များ၊ ကုန်သည်များနှင့် ကုမ္ပဏီများ အနေဖြင့် ကုန်ရောင်းချသည့် တောင်သူလယ်သမားများကို ငွေပေးချေရာတွင် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ပေးသွင်းရန် အခက်အခဲရှိခြင်း၊ နုတ်ယူပေးသွင်းသော်လည်း တောင်သူလယ်သမားများ အနေဖြင့် အခွန်အသိပညာနည်းပါးခြင်းကြောင့် အပြီးသတ်စည်းကြပ်မှု ခံယူရန်ခက်ခဲခြင်း၊ နုတ်ယူခြင်း ခံရသည့် တောင်သူလယ်သမားများအနေဖြင့် ဝင်ငွေခွန်စည်းကြပ်ထိုက်သည့်ဝင်ငွေ ရှိ/မရှိ စသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဌာနအနေဖြင့်လည်း လယ်ယာထွက်ကုန်သီးနှံများကို ရောင်းဝယ်မှုပြုသည့် ကိစ္စရပ်များတွင် တစ်ဦးချင်း ပုဂ္ဂိုလ်များသို့ ပေးချေငွေများအတွက် "ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့် ဝင်ငွေခွန်ကိုနုတ်ယူ ပေးသွင်းခြင်း မပြုရန်နှင့် ပေးချေငွေအတွက် သတင်းစာရင်းကိုသာ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများသို့ ပေးပို့သွားရန်ဖြစ်ကြောင်း" ညွှန်ကြားထားပြီး ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူလယ်သမားများအနေဖြင့် အခွန်ဝန်ထုတ်ဝန်ပိုး လျော့ပါးစေခြင်းနှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများအနက် အခွန်ဆိုင်ရာမူဝါဒ တစ်ရပ်ဖြစ်သည့် နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီးမျှတသော အခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ် ပေးရန်ဆိုသည့် မူဝါဒကိုလည်း တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့် မေးခွန်းနှင့်ပတ်သက်၍ ပြည်တွင်းအခွန် များဦးစီးဌာန၏ (၁. ၆. ၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ၁(၁)/ ဥစ-၁/ ပတခ/ ၂၀၁၇ (၄၅၈၇)ဖြင့် ပြည်နယ်/ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးများသို့ " ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းအား တောင်းခံခြင်း မပြုရန် ညွှန်ကြားထားပါသဖြင့် ကောက်ခံရန် အစီအစဉ်မရှိပါကြောင်း "တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိမ်းဆည်းထားသော လယ်ယာမြေများ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိမ်းဆည်းထားသော လယ်ယာမြေဧကပေါင်း (၈၀)ကျော်ရှိပါသည်။ ထိုမြေများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်သိမ်းဆည်းခဲ့သော်လည်း ယနေ့အချိန်ထိ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်အတွက် ဒေသခံလယ်မဲ့ယာမဲ့များအတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လိုင်စင်ရ အရက်ဆိုင်များတွင် အသက်(၁၈)နှစ်အောက် ကလေးငယ်များအား အရက်ရောင်းချနေခြင်းကို အပြစ်ပေးနိုင်မည့် ဥပဒေတစ်ရပ်ရှိသော်လည်း အရေးယူဆောင်ရွက်ခြင်း မရှိသည့်အတွက် တိုင်းဒေသကြီး အစိုးရမှ မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ယခုအခါ အရက်ဆိုင်များသည် လိုင်စင်ရှိအရက်ဆိုင်များ လိုင်စင်မရှိ အရက်ဆိုင်များသည် မြို့ရွာများအဖြစ် ဖွင့်လှစ်ရောင်းချနေကြောင်း တွေ့ရှိရပါသည်။ လိုင်စင် မရှိသောအရက်ဆိုင်များကို သွားရောက်ဖမ်းဆီးသော်လည်း တစ်ခဏသာဖြစ်ပြီး များ မကြာမီပြန်လည်ရောင်းချနေသည်ကို တွေ့ရပါသည်။ ကျောင်းနား၊ ဘုရားနားတွင်လည်း ရောင်းချမြဲ ရောင်းချနေသည်ကို တွေ့ရပါသည်။ အရက်သေစာသောက်သုံးသူများသည်လည်း အရွယ်မျိုးစုံ၊ အလွှာမျိုးစုံ သောက်သုံးနေကြသော်လည်း အသက် (၁၈)နှစ်အောက်ကလေးကျောင်းသား/သူများကို ရောင်းချခြင်း မပြုသင့်တော့ပါ။ အသက်(၁၈)နှစ်မပြည့်သေးသော ကလေးများကို အရက်သေစာရောင်းချခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ဆိုးကျိုးများ အများအပြားထွက်ပေါ်လာပြီး ခိုက်ရန်ဖြစ်ပွားခြင်း၊ ရာဇဝတ်မှုများကျူးလွန်ခြင်း စသည့် လူမှုပြဿနာများစွာ ဖြစ်ပေါ်နေရပါသည်။ ထို့ကြောင့် အသက်(၁၈)နှစ်မပြည့်သေးသော ကလေးသူငယ်များကို အရက်သေစာရောင်းချပေးပါက အရက်ရောင်းချနေသူများအား အပြစ်ပေးနိုင်မည့် ဥပဒေတစ်ရပ် ရှိသော်လည်း အရေးယူဆောင်ရွက်ခြင်းမရှိသည့်အတွက် တိုင်းဒေသကြီးအစိုးရမှ မည်သို့အရေးယူဆောင်ရွက်မှု အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့ရှိ ယခင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဟောင်းအား ယခုတိုင်းဒေသကြီးအစိုးရအနေဖြင့် မည်သို့စီမံထားရှိသည်ကို သိရှိလို ပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။တောင်ငူမြို့ရှိ ယခင်ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဟောင်းအား ယခုပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံထားရှိကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၃)ဦး မေးမြန်းသည့် မေးခွန်း(၃)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန]**။ ။ ဒီကနေ့ ဖြေကြားရမည့် မေးခွန်းအတော်များများသည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဖြေကြားရမည့်မေးခွန်း ဖြစ်သော်လည်း

ဒီနေ့အခြေအနေအရ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်း အသစ်ဖြစ်သည့်အတွက် (ကိုယ်စား) ဖြေကြားရခြင်းဖြစ်ပါတယ်။ တကယ်ဖြေကြားသည့် နေရာတွင် ပြည့်စုံမှု မရှိဘူး။ လိုအပ်ချက်များရှိခဲ့ပါက ဆက်လက်ပြီး ဒီမေးခွန်းနှင့် ပတ်သက်၍ မည်သို့ အရေးယူပြီး ဆောင်ရွက်မည်ကို စာဖြင့် ပြန်လည်ဖြေကြား ပေးမည်ဖြစ်ပါတယ်။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိမ်းဆည်းထားသော လယ်ယာမြေများ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ အစိုးရသစ် (ပထမသက်တမ်း)၌ "လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းစစ်ဆေးရေးကော်မရှင်"၏ အစီရင်ခံစာအပိုင်းများ အပိုင်း(၁)မှ (၁၇)အထိ ဝေါမြို့နယ်၌ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေများနှင့် ပတ်သက်၍ တင်ပြတိုင်ကြားမှုများ၊ ဖြေရှင်း ဆောင်ရွက် ရမှုများမရှိခဲ့ပါ။

အစိုးရသစ်(ဒုတိယသက်တမ်း)ကာလတွင် "လယ်ယာမြေနှင့် အခြာမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စီစစ်ရေးကော်မတီ"အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ရာတွင်လည်း တင်ပြတိုင်ကြားမှုများ၊ ဖြေရှင်း ဆောင်ရွက်ပေးရမှုများ မရှိခဲ့ပါ။

ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်(ပုံစံ-၇) ရရှိထားသည့် လယ်မြေဧကစုစုပေါင်း(၇၆. ၆၂)ဧကမှာ မူလလက်ငုပ်တောင်သူများထံမှ သိမ်းယူခဲ့ခြင်းမဟုတ်ပါ-

- ဧကရာဇ်ကျေးရွာအုပ်စု၊ ဧကရာဇ်ကျေးရွာ၊ ကွင်းအမှတ်(၆၈၈-ဂ)၊ ကွင်းအမည်-ဧကရာဇ် စားကျက်ကွင်း၊ ဦးပိုင်အမှတ်(၁)မှ ဧက(၅၀. ၀၀)မှာ ပဲခူးတိုင်းဒေသကြီးအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၃-၈-၁၉၉၈)ရက်စွဲပါ စာအမှတ်၊၅/၁၃-၁/ဦး၆ဖြင့် စားကျက်မြေပယ်ဖျက်ခွင့်ရ(၇၂၅)ဧကမှ ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသက်သာစိုက်ပျိုးရေး လုပ်ငန်းအတွက်(၅၀. ၀၀)ဧကအား "အမိန့် ကြော်ငြာစာ"ဖြင့် ထုတ်ပြန်ခွင့်ပြုပေးခြင်းဖြစ်ပါသည်။ မြေမှာရေနက်ကွင်းမြေဖြစ်ပြီး ၁၉၉၀ခုနှစ်တွင် (နွေစပါး) တစ်ကြိမ်သာစိုက်ပျိုးခဲ့ပြီး၊ ၂၀၀၁ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ အကျိုးတူလုပ်ကိုင်ခဲ့သည့် မြေနေရာဖြစ်ပါသည်။(၂၆-၈-၂၀၁၃)ရက်နေ့တွင်လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ရရှိခဲ့ပါသည်။
- ဧကရာဇ်ကျေးရွာအုပ်စု၊ ဧကရာဇ်ကျေးရွာ၊ ကွင်းအမှတ်(၆၈၈)၊ ကွင်းအမည်-ဧကရာဇ် တောင်ကွင်း၊ဦးပိုင်အမှတ်(၄/၁)မှ (၂. ၈၉)ဧကနှင့် ဦးပိုင်အမှတ်(၅/၁)မှ (၃. ၃၁)ဧက စုစုပေါင်း (၆. ၂၀)ဧကမှ ဝေါမြို့နယ်ပါတီယူနစ်ကော်မတီပိုင် ဘက်စုံစိုက်ပျိုးရေးခြံဖြစ်ပြီး၊ ဝေါမြို့နယ် ပြည်သူ့ကောင်စီမှ တာဝန်ယူလုပ်ကိုင်ခဲ့သည့်မြေနေရာဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လွှဲပြောင်းရယူခဲ့ပြီး(၅)ဧက စိုက်ပျိုးရေး ခြံအဖြစ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ တောအုပ်ငယ်သဖွယ် ဖြစ်ပေါ်နေပါသည်။ ၂၀၁၃ခုနှစ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ရရှိခဲ့ပါသည်။
- စိုင်တီစုကျေးရွာအုပ်စုစိုင်တီစုကျေးရွာရှိ ကွင်းအမှတ်(၇၁၃)၊ ကွင်းအမည်-ကြာရိုးကွင်း၊ ဦးပိုင်အမှတ်(၄/၅)၊ (၆/၃)၊(၈/၃)၊(၉/၄) များမှ ဧရိယာ(၂၀. ၄၂)ဧကသည် (၁၉၉၃- ၁၉၉၄)

ခုနှစ်မြို့နယ် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့လက်ထက်၌ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းသက်သာစပါး၊ငါးကန်တူးဖော်ခဲ့ပြီး (၁၉၉၅မှ ၁၉၉၈ထိ) ဌာနမှဦးဆောင်၍ လုပ်ကိုင်ခဲ့ပြီး ၁၉၉၉မှ ၂၀၁၅ခုနှစ်ထိ အကျိုးတူလုပ်ကိုင်ခဲ့သည့် မြေနေရာဖြစ်ပါသည်။ မြေနေရာမှာ(နွေစပါး)တစ်ကြိမ်သာ စိုက်ပျိုးနိုင်သည့် ရေနက်ကွင်း မြေများဖြစ်ပါသည်။ (၂၀၁၃)ခုနှစ်တွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) ရရှိခဲ့ ပါသည်။

သို့ဖြစ်ပါ၍ ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၂ခုနှစ်လယ်ယာမြေ ဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ရရှိပြီးသည့် အောက်ဖော်ပြပါလယ်မြေ(၇၆. ၆၂)အား ပြန်လည်စွန့်လွှတ်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

| စဉ် | ကျေးရွာအုပ်စု အမည် | ဦးပိုင် အမှတ် | ကွင်းအမှတ်/ ကွင်းအမည် | ဧရိယာ (ဧက) | ဆောင်ရွက်မှု |
|---|---|---|---|---|---|
| ၁ | ဧကရာဇ်ကျေးရွာအုပ်စု | ၁ | (၆၈၈-ဂ)၊ဧကရာဇ် စားကျက်ကွင်း | ၅၀. ၀၀ | ပုံစံ(၇)ရရှိပြီး စိုက်ပျိုးမှုမရှိပါ။ |
| ၂ | ဧကရာဇ်ကျေးရွာအုပ်စု | ၄/၁ | (၆၈၈-ခ)၊ ဧကရာဇ် တောင်ကွင်း | ၂. ၈၉ | ။ |
| ၃ | ဧကရာဇ်ကျေးရွာအုပ်စု | ၅/၁ | (၆၈၈-ခ)၊ ဧကရာဇ် တောင်ကွင်း | ၃. ၃၁ | ။ |
| ၄ | စိုင်တီစုကျေးရွာအုပ်စု | ၄/၅ | (၇၁၃-ခ)၊ကြာရိုးကွင်း | ၃. ၀၈ | ။ |
| ၅ | စိုင်တီစုကျေးရွာအုပ်စု | ၆/၃ | (၇၁၃-ခ)၊ကြာရိုးကွင်း | ၄. ၁၉ | ။ |
| ၆ | စိုင်တီစုကျေးရွာအုပ်စု | ၈/၃ | (၇၁၃-ခ)၊ကြာရိုးကွင်း | ၄. ၅၁ | ။ |
| ၇ | စိုင်တီစုကျေးရွာအုပ်စု | ၉/၄ | (၇၁၃-ခ)၊ကြာရိုးကွင်း | ၈. ၆၄ | ။ |
| | စုစုပေါင်းဧရိယာ | | | ၇၆. ၆၂ | |

**မှတ်ချက်-** ဧကရာဇ်ကျေးရွာ(၂. ၈၉)ဧက+(၃. ၃၁)ဧက=(၆. ၂၀)ဧကအနက် (၅. ၀၀)ဧကမှာ စိုက်ပျိုးရေးခြံဖြစ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“လိုင်စင်ရအရက်ဆိုင်များတွင် အသက်(၁၈)နှစ်အောက် ကလေးငယ်များအား အရက်ရောင်းချနေခြင်းကို အပြစ်ပေးနိုင်မည့် ဥပဒေတစ်ရပ်ရှိသော်လည်း အရေးယူဆောင်ရွက်ခြင်း မရှိသည့်အတွက် တိုင်းဒေသကြီးအစိုးရမှ မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ယစ်မျိုးဆိုင်များအား ယစ်မျိုးလိုင်စင်များချပေးရာတွင်လည်း စာသင်ကျောင်း၊ ဘုရားနှင့် စေတီပုထိုး၊ ရှေးဟောင်းယဉ်ကျေးမှုဇုန်နှင့်ဝေးကွာသည့်နေရာများတွင် စိစစ်ခွင့်ပြု ချထားပါသည်။ လိုင်စင်ရအရက်ဆိုင်များတွင် အသက်(၁၈)နှစ်အောက် ကလေးငယ်များအား အရက် ရောင်းချနေခြင်းကို အပြစ်ပေးနိုင်မည့် ဥပဒေတစ်ရပ်ရှိသော်လည်း အရေးယူဆောင်ရွက်ခြင်းမရှိသည့်အတွက် တိုင်းဒေသကြီးအစိုးရမှ မည်သို့အရေးယူဆောင်ရွက်မှု အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ယစ်မျိုးစီမံခန့်ခွဲရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါဥပဒေ၊ နည်းဥပဒေ၊ အမိန့်များပြဋ္ဌာန်းထား ပါသည် -

- ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊
- ၁၉၂၈ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးလက်စွဲ၊
- ၁၉၂၉ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုး အမိန့်ဆင့်ဆိုချက်များ၊
- ယစ်မျိုးဆိုင်ရာ အစိုးရ၏ အမိန့်ကြော်ငြာစာများ၊
- ၁၉၅၉ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေ(ကျင့်သုံးမှုအက်ဥပဒေ)၊
- ၁၉၆၀ခုနှစ်၊ ယစ်မျိုးအက်ဥပဒေ(ပြင်ဆင်ချက်)၊
- ၁၉၆၁ခုနှစ်၊ ယစ်မျိုးအက်ဥပဒေ(ပြင်ဆင်ချက်)၊
- ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ(၂၀၁၃ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်-၃)

မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြား ချက်များနှင့်အညီ ယစ်မျိုး လိုင်စင်ရရှိထားသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များအား သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ အရက် ရောင်းချခြင်းမပြုရန် ဖော်ပြပြဋ္ဌာန်း ထားပြီးဖြစ်ပါသည်-

- ယူနီဖောင်းဝတ် တပ်မတော်သား
- ယူနီဖောင်းဝတ် ရဲအရာရှိ
- ယူနီဖောင်းဝတ် အကောက်ခွန်အရာရှိ
- တာဝန်ကျ မီးရထားဝန်ထမ်း
- ရူးသွပ်နေသူ
- အရက်အလွန်အကျွံမူးနေသူ
- အသက်(၁၈)နှစ်အောက်ရှိသူ။

ယစ်မျိုးဥပဒေပုဒ်မ-၄၀(၁)တွင် “မည်သူမဆို” လိုင်စင်ရ ပစ္စည်းရောင်းချသူကဖြစ်စေ၊ ၎င်းအခိုင်းအစေ ခံရသူ သို့မဟုတ် ၎င်းသူ၏ အကျိုးအလို့ငှာ ဆောင်ရွက်သူတစ်ဦးတစ်ယောက်ကဖြစ်စေ မည်သည့်ယစ်မျိုး

သက်ဝင်ရာပါ ဝတ္ထုကိုမဆို (၁)မူးယစ်သူ၊ သို့မဟုတ် (၂) အသက် (၁၈)နှစ် အောက်ရှိ တန်ရာသူသို့ ရောင်းချလျှင် သို့မဟုတ် ပေးကမ်းလျှင်သော်လည်းကောင်း၊ ပြုလုပ်ပါက ယစ်မျိုးဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ရာ တရားမဝင်လိုင်စင်မဲ့ ယစ်မျိုးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများ မရှိစေရန်နှင့် မလိုလားအပ်သော နောက်ဆက်တွဲ ပြဿနာများ မဖြစ်ပွားစေရန်အတွက် အုပ်ချုပ်မှုနယ်မြေအလိုက် Task Force အဖွဲ့၊ ယစ်မျိုးလုပ်ငန်းစိစစ်ကြပ်မတ်ရေးအဖွဲ့ငယ်၊ ယစ်မျိုးလုပ်ငန်း သတင်းဖော်ထုတ်ရေးအဖွဲ့ငယ်၊ ယစ်မျိုးလုပ်ငန်း တားဆီးနှိမ်နင်းရေးအဖွဲ့ငယ်များဖြင့် စုံစမ်းဖော်ထုတ်ပြီး စိစစ်တွေ့ရှိရပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မြို့နယ်များတွင် ယစ်မျိုးလိုင်စင်စီများနှင့်တွေ့ဆုံ၍ ယစ်မျိုး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီထုတ်ပြန် ထားသော ညွှန်ကြားချက်များ၊ ယစ်မျိုးသက်ဝင် ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များအား အသိပညာပေး ဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးညွှန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ ဦးမိုးမခ၊ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“တောင်ငူမြို့ရှိ ယခင်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဟောင်းအား ယခုတိုင်းဒေသကြီးအစိုးရအနေဖြင့် မည်သို့စီမံထားရှိသည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ ရန်ကုန်-မန္တလေးကား လမ်း၊ (၁၉)ရပ်ကွက်၊ အကွက်အမှတ်(၁၉-က)၊ ရုံးကြီးအကွက်၊ ဦးပိုင်အမှတ်(ဃ/၆)၊ မြေဧရိယာ(၀. ၈၇၄)ဧကပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း RCနှစ်ထပ်တိုက် အဆောက်အဦသည် မြန်မာလယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင် အဆောက်အဦဖြစ်၍ (၁၆. ၅. ၁၉၉၂)ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ကုန်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာ့ကုန်တိုက်အဖြစ် ဖွင့်လှစ် အသုံးပြုဆောင်ရွက်ခဲ့ပြီးနောက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ လက်ထောက်တိုင်းမန်နေဂျာ ရုံးအဖြစ် အသုံးပြုဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးမူဝါဒ ကောင်စီ၏ (၇. ၄. ၂၀၀၅)ရက်နေ့ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၀၅) ဆုံးဖြတ်ချက်အရ (၁. ၈. ၂၀၀၅) ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ကုန်သွယ်လယ်ယာ)မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တောင်ငူမြို့တွင် ရုံးဖွင့်လှစ်ခဲ့သည့် အဆောက်အဦ ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အဦ တည်ရှိရာ မြေနေရာဖြစ်သည့် တောင်ငူမြို့(၁၉)ရပ်ကွက်၊အကွက်အမှတ်(၁၉-က)၊ ရုံးကြီးအကွက်၊ ဦးပိုင်အမှတ်(ဃ/၆)၊မြေဧရိယာ (၀. ၈၇၄)ဧကသည် တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ်၊ (၂၁၃/V/၂၀၀၅-၂၀၀၆)ဖြင့် (၂၁. ၉. ၂၀၀၅)မှ (၂၀. ၉. ၂၀၃၅)ထိ နှစ်(၃၀)ဂရန်၊ မြေငှားဂရန်ချထားပြီး ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအမည်ပေါက်ဖြစ်ပြီး အဆောက်အဦ အကျယ်အဝန်းမှာ အလျား(၁၃၁)ပေ၊ အနံ(၈၂)ပေ၊အမြင့်(၂၆)ပေ ဖြစ်ပါသည်။

(၁၆. ၁. ၂၀၁၃)ရက်နေ့တွင် စိန်ဟင်းကုမ္ပဏီလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးဆွေမှ ပဲခူးတိုင်း ဒေသကြီး၊ တောင်ငူမြို့၊ ရန်ကုန်-မန္တလေးကားလမ်းမကြီး၊အမှတ်(၁၉-က)၊ ရုံးကြီးအကွက်၊ ဦးပိုင်အမှတ်(ဃ/၆)၊

မြေဧရိယာ(၀. ၈၇၄)ဧကပေါ်ရှိ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် (ယခင်တောင်ငူတိုင်းဒေသကြီးရုံး) RCနှစ်ထပ်တိုက် အဆောက်အဉီအား စိန်ဟင်းကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းပြီး စူပါမားကက်နှင့် ဟိုတယ်လုပ်ငန်းကို တောင်ငူမြို့၏ ကျက်သရေဆောင်အဖြစ် ခမ်းနားသပ်ရပ်စွာ မြို့တော်အင်္ဂါရပ်နှင့်အညီ လှပခန့်ညားသော အသွင်အပြင်လက္ခဏာများဖြင့် ပြင်ဆင်မွမ်းမံ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယင်းအဆောက်အဉီကို စိန်ဟင်းကုမ္ပဏီလီမိတက်မှ ရင်းနှီးမြှုပ်နှံမှုမတည်ငွေ ခန့်မှန်းခြေကျပ်(၅၀၀,၀၀၀,၀၀၀)(ကျပ်သန်းငါးရာ)ခန့်ဖြင့် ဆောင်ရွက်လုပ်ကိုင်မည် ဖြစ်ပြီး အဆောက်အဉီ ငှားရမ်းခကို တစ်လလျှင် ကျပ်(၂၀၀၀၀၀၀/-) (ကျပ်နှစ်သိန်းတိတိ)ဖြင့် တစ်နှစ်စာငှားရမ်းခ ကျပ်(၂,၄၀၀,၀၀၀/-) (ကျပ်နှစ်ဆယ်လေးသိန်း တိတိ)ကို ကြိုတင်ပေးဆောင်လိုပါကြောင်း တင်ပြလာပါသဖြင့် ယင်း BOT စနစ်ဖြင့် နှစ်ရှည်နှစ်(၃၀)ငှားရမ်း အဆိုပြုလွှာအား ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၁၈. ၁. ၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၃/၅-၇/ထောက်၃ဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြခဲ့ပါသည်။

Sein Hinn Co.Ltd မှ BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းခွင့်ပြုပါရန် တင်ပြလျှောက်ထားမှုနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပေးပို့တင်ပြခဲ့ရာ ကော်မရှင်မှ(၁၀. ၃. ၂၀၁၅) ရက်နေ့တွင် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါသဖြင့် တောင်ငူမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေနှင့် အဆောက်အဉီ (ယခင်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး)အား BOTစနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခြင်းအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အငှားချထားသူ)နှင့် ဦးမျိုးဆွေ၊အုပ်ချုပ်မှုဒါရိုက်တာ၊ Sein Hinn Co.Ltd(အငှားချ ထားခြင်းခံရသူ)တို့ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်အား (၁. ၄. ၂၀၁၅)ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၌ ချုပ်ဆိုဆောင်ရွက်ခဲ့ပြီး (၂၉. ၄. ၂၀၁၅)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် (ယခင်တောင်ငူတိုင်းဒေသကြီးရုံး)မြေနှင့် အဆောက်အဉီအား အငှားချထားခြင်း ခံရသူ ဦးမျိုးဆွေ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ Sein Hinn Co.Ltd သို့ လွှဲပြောင်း၍ ယနေ့အထိ BOT နစ်ဖြင့် ငှားရမ်းထားရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝန်ကြီးဖြေကြားချက်(၃)တွင် မူလလက်ငုတ်တောင်သူများထံမှ သိမ်းယူခဲ့ခြင်းမရှိပါ။ ဒီလယ်ယာမြေများသည် လယ်ယာမြေအခုမှ ဖြစ်လာတာမဟုတ်ပါဘူး။ ကိုင်းတော၊ မြေလွတ်မြေလပ်မြေရိုင်းများ စားကျက်မြေ၊ ပလပ်မြေများဖြစ်သောကြောင့် ဒေသခံလယ်မဲ့၊ ယာမဲ့များအတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆက်စပ်မေးခွန်းမေးမြန်းတာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဌကြီးရှင့် မိမိအနေဖြင့် သက်ကယ်ချောင်းနှင့် ခေါင်းလောင်းထိုးသလိုဖြစ်နေပါတယ်။ ဖြေကြားချက် (၁)နှင့်(၂)တွင် ယခင်အစိုးရလက်ထက်တွင် တင်ပြတိုင်ကြားမှုမရှိသလို

ယခုအစိုးရလက်ထက်တွင်လည်း တင်ပြတိုင်ကြားမှုမရှိပါကြောင်း ဖြေကြားထားပါတယ်။ ဝေါမြို့နယ်တွင် ဌာနဆိုင်ရာများက သိမ်းဆည်းထားသည့် တိုင်းရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့ မြစ်ကျိုးရဲစခန်း ရဲတပ်ဖွဲ့စသည့် ဌာနများကလည်း ဒီလိုဘဲ တင်ပြတိုင်ကြားမှုမရှိပါကြောင်း ဖြေကြားထားပါတယ်။ တပ်ကသိမ်းထားတာလည်း ဒေသခံများက တင်ပြတိုင်ကြားမှုမရှိကြောင်း ဖြေကြားထားပါကြောင်း၊ ကိုင်းတော၊ မြေလွတ်မြေလပ်မြေရိုင်းများသည် စားကျက်မြေများဖြစ်တယ်။ ယခုလက်ရှိမှာ ဧကရာဇ်ကျေးရွာ စိုက်ပျိုးရေးခြံ (၅)ဧကတွင် ဘေးနခမ်းစပ်များတွင် စိုက်ပျိုးထားသော အပင်များရှိ၍ အလယ်တွင်ယခင်တဲရှိပြီး ဘာမှလည်းမစိုက်ပျိုးဘဲ လုပ်ငန်းအနာဂါတ် Plan အနေဖြင့် စိုက်ပျိုးထားရှိသည့်အတွက် မစွန့်လွှတ်ပေးနိုင်ပါဘူး ဆိုတာကို လက်ခံပေးနိုင်ပါတယ်။ ဘာအကြောင်းပြချက်မရှိဘဲ သိမ်းဆည်းထားပြီး ယင်းမြေကို ပုံစံ-၇ အသစ်တွေ ထွက်ရှိလာပါတယ်။ ဝေါမြို့နယ်တွင်အခြားဌာနအဖွဲ့အစည်းများက သိမ်းဆည်းမြေများကို ပြန်လည်စွန့်လွှတ်တယ်။ စိုက်တီစုကျေးရွာတွင် မြေလွတ်မြေလပ် ကိုင်းတောကြီးများ ယနေ့အချိန်ထိရှိနေပြီး၊ ဧကရာဇ်ကျေးရွာက ခြံတစ်ခုဘဲရှိကြောင်း ကျန်ရှိသည့် လယ်မြေများသည် လယ်ယာမြေပုံစံ-၇ ထုတ်ပေးပြီးပြီ ယင်းပုံစံ-၇များကို လုပ်ထုံးလုပ်နည်းဥပဒေ၊ နည်းဥပဒေ အတိုင်းလုပ်ခဲ့သလား။ ကြော်ငြာတာ၊ စိစစ်တာ၊ ကန့်ကွက်တာတို့ ဆောင်ရွက်ခဲ့ခြင်း ရှိ/ မရှိကို လွှတ်တော်ကိုယ်စားလှယ်တွေ အသိဘဲဖြစ်ပါတယ်။ ဒါကြောင့် ဘာကျိုးကြောင်းဆီလျော်မှုမရှိဘူး။ ခိုင်လုံချက်မရှိဘဲ ဒီလိုမျိုး မစွန့်လွှတ်နိုင်ဘူး ဆိုတာကို မေးမြန်းချင်ပါတယ်။ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက မစွန့်လွှတ်ဘူး ဝန်ထမ်းသက်သာအတွက် အကျိုးတူလုပ်နေတယ်။ ကျန်သိမ်းဆည်းထားသည်များတောင် စွန့်လွှတ်ပြီး ဝန်ထမ်းသက်သာအတွက်မသိမ်းပါနဲ့ ဒါကဘာကြောင့်မစွန့်လွှတ်နိုင်တာလဲဆိုတာကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကြပ်မတ်ဆောင်ရွက်ပြီး နိုင်ငံတော်သို့ ပြန်အပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ ဒီမေးခွန်းနှင့် ပတ်သက်၍ ဖြေကြားမှု မပြည့်စုံဘူးဆိုသည်ကို သဘောပေါက်ပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် ပတ်သက်ပြီး ဖြစ်ပေါ်နေသည့် အမှုကိစ္စများနှင့် ပတ်သက်၍ တင်ပြတိုင်ကြားခြင်းများ၊ ဖြေရှင်းဆောင်ရွက်မှုမရှိခဲ့သည်ကို ပထမအစိုးရလက်ထက်နှင့် ယခုအစိုးရသစ်လက်ထက်မှာ မရှိသည့်အချက်ကို ထောက်ပြသွားသည့်အပေါ် မူတည်ပြီး ကျေနပ်မှုမရှိသည်ကို တွေ့ရပါတယ်။ သို့သော်ဒီစာနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများကို တင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။ စာဖြင့်ထပ်မံဖြေကြားမှုများမှာ အစိုးရသစ် (ပထမသက်တမ်း)၌ "လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းစစ်ဆေးရေးကော်မရှင်"၏ အစီရင်ခံစာအပိုင်းများ အပိုင်း(၁)မှ (၁၇)အထိ ဝေါမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေများနှင့် ပတ်သက်၍ တင်ပြတိုင်ကြားမှုများ ဖြေရှင်းဆောင်ရွက်ရမှုများမရှိခဲ့ပါ။

အစိုးရသစ်(ဒုတိယသက်တမ်း)ကာလတွင် "လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ"အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ရာတွင်လည်း တင်ပြတိုင်ကြားမှုများ၊ ဖြေရှင်း ဆောင်ရွက်ပေးရမှုများ မရှိခဲ့ပါ။

ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်(ပုံစံ-၇) ရရှိထားသည့် လယ်မြေဧကစုစုပေါင်း(၇၆. ၆၂)ဧကမှာ မူလလက်ငုပ်တောင်သူများထံမှ သိမ်းယူခဲ့ခြင်းမဟုတ်ပါ-

- ဧကရာဇ်ကျေးရွာအုပ်စု၊ ဧကရာဇ်ကျေးရွာ၊ ကွင်းအမှတ်(၆၈၈/ဂ)၊ ကွင်းအမည်-ဧကရာဇ် စားကျက်ကွင်း၊ ဦးပိုင်အမှတ်(၁)မှ ဧက(၅၀. ၀၀)မှာ ပဲခူးတိုင်းဒေသကြီးအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၃-၈-၁၉၉၈)ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် " ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းသက်သာစိုက်ပျိုးရေးလုပ်ငန်း" အတွက် ခွင့်ပြုချက် ရရှိခဲ့ပြီး (၂၆. ၈. ၂၀၁၃) ရက်နေ့တွင် ပုံစံ (၇)ရရှိခဲ့ပြီးဖြစ်ပါသည်။ ဌာနအနေဖြင့် ၁၉၉၉ခုနှစ် တွင် (နွေစပါး)တစ်ကြိမ်သာစိုက်ပျိုးခဲ့ပြီး (၂၀၀၁မှ၂၀၁၃ထိ) (၁၃)နှစ်အကျိုးတူ ဆောင်ရွက် ခဲ့ကြောင်း၊ ယခုနှစ်(၂၀၁၇)မိုးစပါးကာလတွင် သီးစားခပေးဆောင်စရာမလိုဘဲ ဌာနနှင့် အကျိုးတူ လုပ်ကိုင်ခဲ့ဘူးသူများဖြစ်သည့် ဦးရွှေသိန်းမှ (၃၀. ၀၀)ဧကနှင့် ဦးညွန့်သိန်းမှ (၂၀. ၀၀)ဧက လုပ်ကိုင်လျက်ရှိပါသည်၊
- ဧကရာဇ်ကျေးရွာအုပ်စု၊ ဧကရာဇ်ကျေးရွာ၊ ကွင်းအမှတ်(၆၈၈-ခ)၊ ကွင်းအမည်-ဧကရာဇ် တောင်ကွင်း၊ ဦးပိုင်အမှတ်(၄/၁)မှ (၂. ၈၉)ဧကနှင့် ဦးပိုင်အမှတ်(၅/၁)မှ (၃. ၁၁)ဧက စုစုပေါင်း(၆. ၂၀)ဧကမှ ဝေါမြို့နယ်ပါတီယူနစ်ကော်မတီပိုင် ဘက်စုံစိုက်ပျိုးရေးခြံအား (၁၉၈၈)ခုနှစ်နောက်ပိုင်းတွင် ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လွှဲပြောင်းယူခဲ့ပြီး (၂၀၁၃)ခုနှစ်တွင် ပုံစံ(၇)ရရှိ ခဲ့ပါသည်။ မြေပြင်မှာ သစ်ပင်များ " တစ်အုပ်၊တစ်မ" ရှိပြီး (၅)ဧကစိုက်ပျိုးရေးခြံအဖြစ် အသုံးပြုလျက် ရှိပါသည်၊
- စိုင်တီစုကျေးရွာအုပ်စု၊ စိုင်တီစုကျေးရွာရှိ ကွင်းအမှတ်(၇၁၃-ခ)၊ ကွင်းအမှတ်-ကြာရိုးကွင်း၊ ဦးပိုင်အမှတ် (၄/၅)၊ (၆/၃)၊ (၈/၃)၊ (၉/၄) စုစုပေါင်း ဦးပိုင်(၄)ခုမှ (၂၀. ၄၂)ဧကမှာ (၁၉၉၃- ၁၉၉၄)ခုနှစ် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့လက်ထက်၌ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသက်သာစပါး/ကန် တူးဖော်ခဲ့ပြီး (၁၉၉၅-၁၉၉၈) ခုနှစ်ထိ ဌာနမှဦးဆောင်၍ လုပ်ကိုင်ခဲ့ပြီး (၁၉၉၉ မှ၂၀၁၅)ခုနှစ်ထိ အကျိုးတူဆောင်ရွက်ခဲ့ကြောင်း၊ (နွေစပါး)တစ်ကြိမ်သာစိုက်ပျိုးနိုင်ပြီး (၂၀၁၃)ခုနှစ်တွင်လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိခဲ့ပါသည်။ ပြီးခဲ့သည့်ခုနှစ်(၂၀၁၆)နွေစပါးကာလတွင် သီးစားခ ပေးဆောင်စရာမလိုဘဲ ဌာနနှင့်အကျိုးတူလုပ်ကိုင်ခဲ့ဘူးသူများဖြစ်သည့် ဦးစိုးလွင်မှ (၁၁. ၇၂)ဧက၊ ဦးမျိုးသိန်းမှ (၈. ၇၀)ဧကစုစုပေါင်း(၂၀. ၄၂)ဧကအားလုပ်ခဲ့ပါသည်၊

သို့ဖြစ်ပါ၍ ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိထားသည့် စုစုပေါင်းလယ်မြေ (၇၆. ၆၂)ဧကအနက် ဧကရာဇ်ကျေးရွာ၊ ကွင်းအမှတ် (၆၈၈/ဂ)၊ ဧကရာဇ်စားကျက်ကွင်း၊ဦးပိုင်မှတ်(၁)ရှိ ဧရိယာ(၅၀. ၀၀)ဧကအားဌာနနှင့်အကျိုးတူစိုက်ပျိုး လုပ်ကိုင်ခဲ့သည့်

လယ်သမား ဦးညွန့်သိန်းနှင့် ဦးညွန့်သိမ်းတို့မှ မိုးစပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး ဇကေရာဇ်တောင်ကွင်း၊ ဦးပိုင်အမှတ်(၄/၁)နှင့် (၅/၁)ရှိ ဧရိယာ(၆. ၂၀)ဧကအား ဝေါမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ (၅)ဧကစိုက်ပျိုးရေးခြံအဖြစ် နှစ်ရှည်ပင်များစိုက်ပျိုး ထားကြောင်းနှင့် စိုင်တီစုကျေးရွာ၊ ကြာရိုးကွင်း၊ ဦးပိုင်အမှတ်(၄/၅)၊ (၆/၃)၊ (၈/၃)၊ (၉/၄) တို့ရှိ ဧရိယာ(၂၀. ၄၂)ဧကသည် ရေနက်ကွင်း မြေနေရာဖြစ်ပြီး ဌာနနှင့် အကျိုးတူစိုက်ပျိုးလုပ်ကိုင်ဘူးသည့် ဦးစိုးလွင်နှင့် ဦးမျိုးသိန်းတို့မှ နွေစပါး (၁)ရာသီသာ စိုက်ပျိုး လုပ်ကိုင်ပါကြောင်း၊ ယင်းလယ်ယာမြေ စုစုပေါင်း (၇၆. ၆၂)ဧကသည် မူလလက်ငုပ်တောင်သူများထံမှ သိမ်းယူခဲ့ခြင်းမဟုတ်သည့်အတွက် ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပြန်လည်စွန့်လွှတ်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မိမိအနေဖြင့် မေးခွန်းစတင်မေးမြန်း ကတည်းက ဒီလိုပုဒ်မတွေနှင့် ဖြေကြားလာမည်ကို ကြိုသိပါတယ်။ ဒါကြောင့် ဆက်စပ်မေးခွန်း မေးမြန်းခြင်း ဖြစ်ပါတယ်။ တရားဝင်လိုင်စင်များနှင့် ယစ်မျိုးလိုင်စင်များကို ဖွင့်လှစ်ရောင်းချမှုမရှိစေရန်နှင့် မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများ မဖြစ်ပွားစေရန်အတွက် အုပ်ချုပ်မှုနယ်မြေအလိုက် Task Force အဖွဲ့၊ ယစ်မျိုး လိုင်စင်များ စိစစ်ကြပ်မတ်ရေးအဖွဲ့ငယ်၊ ယစ်မျိုးလုပ်ငန်းသတင်းဖော်ထုတ်ရေးအဖွဲ့ငယ်၊ ယစ်မျိုးလုပ်ငန်း တားဆီး နှိမ်နင်းရေးအဖွဲ့ငယ်များဖြင့် စုံစမ်းဖော်ထုတ်ပြီး စိစစ်တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆိုတာက သူတို့မလုပ်ရသေးသည့်သဘော ပြောတာဖြစ်ပါတယ်။ လက်ရှိတွင် မိမိတို့မြို့နယ်မှာတင် တစ်ရွာလျှင် (၁၅)ဆိုင်ရှိပြီး တစ်ချို့ရွာခွဲလေးများတွင် (၂)ဆိုင်၊ (၃)ဆိုင်လောက်ရှိပြီး စုစုပေါင်းလျှင် ဆိုင်(၈၀) ကျော်ရှိပါတယ်။ ကျေးရွာအုပ်စု(၈၂)ရွာကို တစ်ရွာလျှင် (၂)ဆိုင်နှုန်းထွက်ရင်တောင် (၁၆၄)ဆိုင်ရှိပါတယ်။ ဒါတွေကို ရဲကတစ်ဆိုင်လျှင် ဒဏ်ငွေ(၂၀၀၀၀ိ/-)နှုန်းဒဏ်ငွေရိုက်လျှင် ငွေတော်တော်ရမှာ ဖြစ်ပါတယ်။ တစ်ရွာဝင် တစ်ရွာထွက် သေချာစွာစိစစ်သတ်မှတ်ပေးရန် အရေးကြီးပါတယ်။ မိမိတို့မြို့နယ်တွင် ကျေးရွာအုပ်စု (၈၂)ရွာတွင် အရက်ဆိုင်ပေါင်းအများကြီး ဖြစ်ရသည့်ကိစ္စသည် အင်မတန်ရှက်စရာ ကောင်းလှပါတယ်။ အသက် (၁၈)နှစ်အောက်အရက်မရောင်းရဘူးဆိုတာ အချို့အရက်ဆိုင်တွေမသိပါဘူး။ ယူနီဖောင်းဝတ်ရဲအရာရှိများ၊ ယူနီဖောင်းဝတ်အကောက်အခွန်အရာရှိ တာဝန်ကျမီးရထားဝန်ထမ်း၊ ရူးသွပ်နေသူ၊ အရက်အလွန်အကျွံမူးနေသူ၊ အသက်(၁၈)နှစ်အောက်ရှိသူဟူ၍သာ ဆိုထားတာ ဥပဒေအရ မဆောင်ရွက်တာ ထင်ရှားပါတယ်။ Mission ဆိုသည့် ရည်ရွယ်ချက်တွေနှင့် လုပ်ဆောင်ချက်များကို Operation မည်သို့ထားပြီး လိုင်စင်မဲ့ အရက်ဆိုင်များကို မည်သို့လုပ်ပေးမည် ဆိုသည်ကို ဥပဒေအရ အရေးယူခြင်း၊ ဥပဒေပါအချက်အလက်များကို လက်ကမ်း စာစောင်များ ဖြန့်ဝေပြီး အရက်ဆိုင်က ယင်းဥပဒေပါ အချက်အလက်များကို မြို့ထိပ်တွင် ဗီနိုင်းများ ထောင်ပေးလိုက်ခြင်းအားဖြင့် အရက်ရောင်းချမည့်သူများလည်း အရက်ရောင်းချမှု လျော့ပါးသွားမည်

ဖြစ်သောကြောင့် တိုင်းဒေသကြီး အစိုးရအနေဖြင့် ထိုကဲ့သို့သော နည်းလမ်းမျိုးလုပ်ဆောင်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ ဒေါ်လှလှဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး လွှတ်တော်တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအသစ်ဖြစ်နေသည့်အတွက် ဥပဒေနှင့် အညီဆောင်ရွက်မှုအားနည်းနေသည့်ကိစ္စနှင့် ပတ်သက်၍ ဒေါ်လှလှဝင်း၏ ညှိနှိုင်းချက်များကို တိတိကျကျ လက်ခံဆောင်ရွက်နိုင်အောင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ အောက်အဖွဲ့အစည်းအဆင့်ဆင့် ကို ညွှန်ကြားပေးရန် မိမိအနေဖြင့် ဆက်လက်တောင်းဆိုပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

စာဖြင့်ထပ်မံဖြေကြားမှုများမှာ- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ယစ်မျိုးဆိုင်များအား ယစ်မျိုး လိုင်စင်များချပေးရာတွင်လည်း စာသင်ကျောင်း၊ ဘုရားနှင့် စေတီပုထိုး၊ ရှေးဟောင်းယဉ်ကျေးမှုဇုန်နှင့် ဝေးကွာသည့်နေရာများတွင် စိစစ်ခွင့်ပြု ချထားပါသည်။ လိုင်စင်ရအရက်ဆိုင်များတွင် အသက်(၁၈)နှစ်အောက် ကလေးငယ်များအား အရက်ရောင်းချနေခြင်းကို အပြစ်ပေးနိုင်မည့် ဥပဒေတစ်ရပ်ရှိသော်လည်း အရေးယူ ဆောင်ရွက်ခြင်းမရှိသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့အရေးယူဆောင်ရွက်မှု အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ယစ်မျိုးစီမံခန့်ခွဲရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါဥပဒေ၊ နည်းဥပဒေ၊ အမိန့်များပြဋ္ဌာန်းထား ပါသည် -

- ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊
- ၁၉၂၈ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးလက်စွဲ၊
- ၁၉၂၉ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုး အမိန့်ဆင့်ဆိုချက်များ၊
- ယစ်မျိုးဆိုင်ရာ အစိုးရ၏ အမိန့်ကြော်ငြာစာများ၊
- ၁၉၅၉ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေ(ကျင့်သုံးမှုအက်ဥပဒေ)၊
- ၁၉၆၀ခုနှစ်၊ ယစ်မျိုးအက်ဥပဒေ(ပြင်ဆင်ချက်)၊
- ၁၉၆၁ခုနှစ်၊ ယစ်မျိုးအက်ဥပဒေ(ပြင်ဆင်ချက်)၊
- ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ(၂၀၁၃ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်-၃)

မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြား ချက်များနှင့်အညီ ယစ်မျိုး လိုင်စင်ရရှိထားသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များအား သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ အရက် ရောင်းချခြင်းမပြုရန် ဖော်ပြပြဋ္ဌာန်း ထားပြီးဖြစ်ပါသည်-

- ယူနီဖောင်းဝတ် တပ်မတော်သား
- ယူနီဖောင်းဝတ် ရဲအရာရှိ
- ယူနီဖောင်းဝတ် အကောက်ခွန်အရာရှိ

- တာဝန်ကျ မီးရထားဝန်ထမ်း
- ရှုးသွပ်နေသူ
- အရက်အလွန်အကျွံမူးနေသူ
- အသက်(၁၈)နှစ်အောက်ရှိသူ။

ယစ်မျိုးဥပဒေပုဒ်မ-၄၀(၁)တွင် “မည်သူမဆို” လိုင်စင်ရ ပစ္စည်းရောင်းချသူကဖြစ်စေ၊ ၎င်းအခိုင်းအစေခံရသူ သို့မဟုတ် ၎င်းသူ၏ အကျိုး အလို့ငှာ ဆောင်ရွက်သူတစ်ဦးတစ်ယောက်ကဖြစ်စေ မည်သည့်ယစ်မျိုးသက်ဝင်ရာပါ ဝတ္ထုကိုမဆို (၁)မူးယစ်သူ၊ သို့မဟုတ် (၂) အသက် (၁၈)နှစ် အောက်ရှိ တန်ရာသူသို့ ရောင်းချလျှင် သို့မဟုတ် ပေးကမ်းလျှင်သော်လည်းကောင်း၊ ပြုလုပ်ပါက ယစ်မျိုးဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ရာ တရားမဝင်လိုင်စင်မဲ့ ယစ်မျိုးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများ မရှိစေရန်နှင့် မလိုလားအပ်သော နောက်ဆက်တွဲ ပြဿနာများ မဖြစ်ပွားစေရန်အတွက် အုပ်ချုပ်မှုနယ်မြေအလိုက် Task Force အဖွဲ့၊ ယစ်မျိုးလုပ်ငန်းစိစစ်ကြပ်မတ်ရေးအဖွဲ့ငယ်၊ ယစ်မျိုးလုပ်ငန်း သတင်းဖော်ထုတ်ရေးအဖွဲ့ငယ်၊ ယစ်မျိုးလုပ်ငန်း တားဆီးနှိမ်နင်းရေးအဖွဲ့ငယ်များဖြင့် စုံစမ်းဖော်ထုတ်ပြီး စိစစ်တွေ့ရှိရပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မြို့နယ်များတွင် ယစ်မျိုးလိုင်စင်စီများနှင့်တွေ့ဆုံ၍ ယစ်မျိုးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီထုတ်ပြန် ထားသော ညွှန်ကြားချက်များ၊ ယစ်မျိုးသက်ဝင် ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ တောင်ငူမြို့၊ ယခင်အစိုးရရုံးဟောင်းနေရာနှင့်ပတ်သက်ပြီး ဝန်ကြီးဖြေကြားထားသည့်ထဲက အပိုဒ်(၃)တွင် စိန်ဟင်းကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းပြီး စူပါမားကတ်နှင့် ဟိုတယ်လုပ်ငန်းကို တောင်ငူမြို့၏ ကျက်သရေဆောင်အဖြစ် ခမ်းနားသပ်ရပ်စွာ မြို့တော်အင်္ဂါရပ်နှင့်အညီ လှပခန့်ညားသော အသွင်အပြင် လက္ခဏာများဖြင့် ပြင်ဆင်မွမ်းမံ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စိန်ဟင်းကုမ္ပဏီလီမိတက်မှ ရင်းနှီးမြုပ်နှံမှု မတည်ငွေ ခန့်မှန်းခြေကျပ်သန်း (၅၀၀)ခန့်ဖြင့် ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်သည့်အတွက် အစိုးရမှ ငှားရမ်းခဲ့ပါတယ်။ ဒီစာချုပ်ပါ အချက်အလက်များကို မည်သို့သော အချက်အလက်များထည့်ပြီး ချုပ်ဆိုထားသလဲ။ သို့သော် ၂၀၁၃ခုနှစ်ကတည်းက ယင်းခန်းမကြီးကို တောင်ငူမြို့၏ ကျက်သရေဆောင်အဖြစ် ခမ်းနားလှပသောသွင်ပြင် လက္ခဏာများနှင့် ပြုပြင်မွမ်းမံပြီး လုပ်ကိုင်မည်ဆိုသောကြောင့် ငှားရမ်းခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ယင်းအဆောက်အဦ ငှားရမ်းခဲ့စဉ်က ချုပ်ဆိုထားသော စာချုပ်ပါ အချက်အလက်များနှင့် လုံးဝကိုက်ညီမှုမရှိ ဘာလုပ်ငန်းမှလည်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း မရှိဘဲ ဒီအတိုင်း ပိတ်ထားလျှင် ယင်းချုပ်ဆိုထားသည့် စာချုပ်ပါအတိုင်း ခမ်းနားလှပသည့် မြို့ကျက်သရေဆောင်

မဟုတ်ဘဲ မိမိတို့မြို့နယ်အတွက် ကျက်သရေမရှိပါကြောင်း၊ ယနေ့အချိန်ထိ ပြင်ဆင်မွမ်းမံခြင်းလည်းမရှိ၊ စူပါမားကတ်လုပ်ငန်း၊ ဟော်တယ်လုပ်ငန်းများ လုပ်မည်ဆိုသည့်အတိုင်း လုပ်ငန်းအကောင်အထည်ဖော်ခြင်းလည်း ယနေ့ချိန်အထိ မရှိပါကြောင်း၊ စာချုပ်ပါအချက်အလက်များသည် မည်သို့ဖြစ်သည်ကို မသိရသောကြောင့် ဖြစ်နိုင်လျှင် သိချင်ပါကြောင်း၊ ဒီလိုစာချုပ်ပါ အချက်အလက်များပါရှိသည် ဆိုပါက ယင်းစာချုပ်ပါ အချက်အလက်များကို ဖောက်ဖျက်သည့်အတွက် မည်ကဲ့သို့ ဆက်လက်အရေးယူမှာလဲ။ တစ်လလျှင် (၂)သိန်းနှုန်းဖြင့် ဧက(၈၇၄) ဧကကြီးကို နှစ်(၃၀)ငှားရမ်းထားပြီး တကယ်လို့များ အမှန်တကယ် အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်မည့်သူ ရှိပါက ခေတ်နှင့်လျော်ညီသည့် ဈေးနှုန်းနှင့် ရမည်ဆိုလျှင် စဉ်းစားပေးနိုင်မလား။ အကယ်၍ ခွင့်ပြုမည်ဆိုလျှင် တိုင်းဒေသကြီးအနေဖြင့် ဝင်ငွေတိုးလာနိုင်မှာဖြစ်သည့်အတွက် ခေတ်နှင့်လျော်ညီသော ဈေးနှုန်းရ၍ ငှားရမ်းမည်ဆိုလျှင် နဂိုငှားရမ်းထားသူကို လျော်ကြေးငွေပေးစရာမလိုဘဲ စာချုပ်ပါစည်းကမ်းဖျောက်ဖျက်သည့်အတွက် အရေးယူနိုင်သည်များလည်း ရှိပါကြောင်း၊ ယင်းကိစ္စကို စာချုပ်ပါစည်းကမ်းချက်များကို မည်သို့ စစ်ဆေးပြီး ဆက်လက် ဆောင်ရွက်သွားမည်ဆိုသည်ကို ဖြေကြားပေးစေလိုပါကြောင်း ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ ၂၀၁၃ ခုနှစ်ကတည်းက ယင်းလုပ်ငန်းများနှင့် ပတ်သက်ပြီး ယခင်အစိုးရဆောင်ရွက်ထားသည်များကို မိမိတို့အစိုးရသစ်က ဆိုးမွေ၊ ကောင်းမွေကို ခံရသည့်သဘောရှိပါတယ်။ အားလုံးသိရှိပြီးသားလည်းဖြစ်ပါတယ်။ သို့သော်လည်း ထောက်ပြသည့် အချက်က ခေတ်ကာလနှင့်မညီသည့် ကိစ္စရပ်ဖြစ်ပါတယ်။ ဒါကြောင့် ယင်းကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ဌာနများကို မေးမြန်းပြီးစာဖြင့် ပြန်လည် ဖြေကြားပေးမည်ဖြစ်ကြောင်းနှင့် ဥပဒေနှင့် ပတ်သက်၍လည်းကောင်း၊ စာချုပ်နှင့် ပတ်သက်သည်များကို လည်းကောင်း တိတိကျကျ ဆောင်ရွက်ထားရှိမှု မရှိလျှင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ဆိုသည့် ကတိကဝတ်များ ရှိမှာဖြစ်သည့်အတွက် ယင်းကတိကဝတ်များကို မည်ကဲ့သို့ ဆောင်ရွက်မည်ကို စာဖြင့် ပြန်လည်ဖြေကြားပေးမည် ဖြစ်ပါသည်။

စာဖြင့်ထပ်မံဖြေကြားမှုများမှာ- ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ ရန်ကုန်-မန္တလေးကားလမ်း(၁၉)ရပ်ကွက်၊ အကွက်အမှတ်(၁၉-က)၊ ရုံးကြီးအကွက်၊ ဦးပိုင်အမှတ်(၈/၆)၊ မြေဧရိယာ(၀. ၈၇၄)ဧကပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း RCနှစ်ထပ်တိုက် အဆောက်အဦသည် မြန်မာလယ်ယာထွက် ကုန်ရောင်းဝယ်ရေးပိုင် အဆောက်အဦဖြစ်၍ (၁၆. ၅. ၁၉၉၂)ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ကုန်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာ့ကုန်တိုက်အဖြစ် ဖွင့်လှစ်အသုံးပြုဆောင်ရွက်ခဲ့ပြီးနောက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ လက်ထောက်တိုင်းမန်နေဂျာရုံးအဖြစ် အသုံးပြုဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးမူဝါဒ ကောင်စီ၏ (၇. ၄. ၂၀၀၅)ရက်နေ့ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၀၅) ဆုံးဖြတ်ချက်အရ (၁. ၈. ၂၀၀၅)ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ကုန်သွယ်လယ်ယာ)မှ ပြည်ထဲရေး ဝန်ကြီးဌာန၊ ပဲခူးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တောင်ငူမြို့တွင် ရုံးဖွင့်လှစ်ခဲ့သည့် အဆောက်အဦ ဖြစ်ပါသည်။

(၁၆. ၁. ၂၀၁၃)ရက်နေ့တွင် စိန်ဟင်းကုမ္ပဏီလီမီတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးဆွေမှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ရန်ကုန်-မန္တလေးကားလမ်းမကြီး၊အမှတ်(၁၉-က)၊ ရုံးကြီးရပ်ကွက်၊ ဦးပိုင်အမှတ်(ဃ/၆)၊ မြေဧရိယာ(၀. ၈၇၄)ဧကပေါ်ရှိ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် (ယခင်တောင်ငူတိုင်းဒေသကြီးရုံး) RCနှစ်ထပ်တိုက် အဆောက်အဦအား စိန်ဟင်းကုမ္ပဏီလီမီတက်မှ BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းပြီး စူပါမားကက်နှင့် ဟိုတယ်လုပ်ငန်းကို တောင်ငူမြို့၏ ကျက်သရေဆောင်အဖြစ် ခမ်းနားသပ်ရပ်စွာ မြို့တော်အင်္ဂါရပ်နှင့်အညီ လှပခန့်ညားသော အသွင်အပြင်လက္ခဏာများဖြင့် ပြင်ဆင်မွမ်းမံ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယင်းအဆောက်အဦကို စိန်ဟင်းကုမ္ပဏီလီမီတက်မှ ရင်းနှီးမြှုပ်နှံမှုမတည်ငွေ ခန့်မှန်းခြေကျပ်(၅၀၀,၀၀၀,၀၀၀)(ကျပ်သန်းငါးရာ)ခန့်ဖြင့် ဆောင်ရွက်လုပ်ကိုင်မည် ဖြစ်ပြီး အဆောက်အဦ ငှားရမ်းခကို တစ်လလျှင် ကျပ်(၂၀၀၀၀၀၀/-) (ကျပ်နှစ်သိန်းတိတိ)ဖြင့် တစ်နှစ်စာငှားရမ်းခ ကျပ်(၂,၄၀၀,၀၀၀/-) (ကျပ်နှစ်ဆယ့်လေးသိန်းတိတိ)ကို ကြိုတင်ပေးဆောင်လိုပါ ကြောင်းတင်ပြလာပါသဖြင့် ယင်း BOT စနစ်ဖြင့် နှစ်ရှည်နှစ်(၃၀)ငှားရမ်း အဆိုပြုတင်ပြလျှောက်ထားမှုနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ တစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပေးပို့တင်ပြခဲ့ရာ ကော်မရှင်မှ (၁၀. ၃. ၂၀၁၅) ရက်နေ့တွင် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါသဖြင့် တောင်ငူမြို့ရှိ ထွေထွေအုပ်ရေးဦးစီးဌာနပိုင်မြေနှင့် အဆောက်အဦ (ယခင်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး)အား BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်း လုပ်ကိုင်ခြင်းအတွက် အထွေထွေချုပ်ရေးဦးဌာန (အငှားချထားသူ)နှင့် ဦးမျိုးဆွေ၊ အုပ်ချုပ်မှုဒါရိုက်တာ Sein Hinn Co.Ltd (အငှားချထားခံရသူ) တို့နှစ်ဦးနှစ်ဖက်သဘောတူ စာချုပ်အား(၁. ၄. ၂၀၁၅)ရက်နေ့တွင် တစ်လလျှင် (၃)သိန်းနှုန်းဖြင့် တစ်နှစ်လျှင် ငှားရမ်းခ(၃၆)သိန်းဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်၌ ချုပ်ဆိုဆောင်ရွက်ခဲ့ပြီး (၂၉. ၄. ၂၀၁၅)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနပိုင် (ယခင်တောင်ငူ တိုင်းဒေသကြီးရုံး) မြေနှင့် အဆောက်အဦအား အငှားချထားခြင်းခံရသူ ဦးမျိုးဆွေ၊ အုပ်ချုပ်မှုဒါရိုက်တာSein Hinn Co.Ltd သို့ လွှဲပြောင်း၍ ယနေ့အထိ BOT စနစ်ဖြင့် ငှားရမ်းထားရှိ ပါသည်။

အဆိုပါစာချုပ် ချုပ်ဆိုခဲ့သည့် (၁. ၄. ၂၀၁၅)ရက်နေ့မှ (၁)လအတွင်း အငှားချထားသည့်မြေ နှင့် အဆောက်အဦတွင် BOT စနစ်ဖြင့် ဟိုတယ်လုပ်ငန်းတည်ဆောက်၊ ပြုပြင်၊ မွမ်းမံ၊ တိုးချဲ့လုပ်ကိုင် ခြင်းအတွက် အငှားချထားသူမှ မြေအသုံးချမှုပရီမီယံကြေး ငွေကျပ်(၃၀)သိန်းအား(၂၉. ၄. ၂၀၁၅) ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။ နှစ်စဉ် ငှားရမ်းခနှုန်းထားဖြစ်သည့် တစ်လလျှင်(၃)သိန်းကျပ်နှုန်းဖြင့် တစ်နှစ်ငှားရမ်းခငွေကျပ်(၃၆)သိန်းကိုလည်း စာချုပ်ပါ ဟိုတယ် တည်ဆောက်ရေးအဖြစ် သတ်မှတ်ပေးထားသောကာလ(၁) နှစ်(၆)လပြည့်သည့်နေ့ (၁. ၁၀. ၂၀၁၆)မှ (၃၀. ၉. ၂၀၁၇)ထိ ငှားရမ်းခအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ငွေစာရင်းအမှတ်(MD -010237) သို့ (၂၁. ၉. ၂၀၁၆)ရက်နေ့တွင် အပြေအကြေပေးသွင်းပြီးဖြစ် ပါသည်။

သို့ပါ၍ Sein Hinn Co.Ltd သို့ငှားရမ်းထားသည့်မြေနှင့် အဆောက်အဦတွင်ဟိုတယ်နှင့်Super Market လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ငှားရမ်းလုပ်ကိုင်သူမှ လက်ရှိတင်ပြထားသော

လုပ်ငန်းအပြင် ဒေသနှင့်ကိုက်ညီသင့်တော်မည့် အခြားသောဝန်ဆောင်မှုလုပ်ငန်းများအား လုပ်ကိုင်နိုင်ရေး အတွက် ဆောက်ရွက်လျက်ရှိပြီး သက်ဆိုင်ရာကုမ္ပဏီမှလုပ်ငန်းများအမြန်အကောင် အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် ကျွမ်းကျင်သူ ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း သက်ဆိုင်ရာ ကုမ္ပဏီသို့လည်း အကြောင်းကြားသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဖြူးမြို့နယ်၊ ကညွတ်ကွင်းဒေသ၊ ငါးမြစ်ချင်း ကျေးရွာအုပ်စုအတွင်းရှိ စားကျက်မြေများအား ကျူးကျော်သည့် ကိစ္စရပ်များကို ဖြေရှင်းနိုင်သူများစေလွှတ်၍ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းဒေသ၊ ငါးမြစ်ချင်းကျေးရွာအုပ်စုအတွင်း ရှိစာကျက်မြေအတွင်း၌ မြေကြီးတူးဖော်ရောင်းစားခြင်း၊ သစ်ပင်များခုတ်လှဲခြင်းများကို စားကျက်အား ကျူးကျော်၍ ဆောင်ရွက်နေကြပါသည်။ ထိုကိစ္စများနှင့် ပတ်သက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးအား ပြောပြပြီး မည်သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးရာ ကျွန်တော်တို့အဆင့်နှင့်ဖြေရှင်း၍ မရနိုင်ပါဟု ဖြေကြားခဲ့ပါသည်။ ထို့ကြောင့် ဖြေရှင်းနိုင်သူ များစေလွှတ်၍စားကျက်မြေများအား ကျူးကျော်သည့်ကိစ္စရပ်များကို အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် "အများနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းသာယာလှပစေရေးကို ထိခိုက်စေသော မြေနေရာ များတွင် မြေပေးမိန့်ချထားပေးခြင်း၊ ဂရန်ထုတ်ထား ပေးခြင်းများကို ပြန်လည်စိစစ်ပေးပါရန် တိုက်တွန်းကြောင်း" အဆိုအား အကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် "အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်း သာယာလှပစေရေးကို ထိခိုက်စေသောမြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်း၊ ဂရန်များထုတ်ထား ပေးခြင်းများကို ပြန်လည်စိစစ်ပေးပါရန် တိုက်တွန်းကြောင်း"အဆိုအား အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဖြူးမြို့နယ်၊ ကညွတ်ကွင်းဒေသ၊ ငါးမြစ်ချင်း ကျေးရွာအုပ်စုအတွင်းရှိ စားကျက်မြေများအား ကျူးကျော်သည့် ကိစ္စရပ်များကို ဖြေရှင်းနိုင်သူများစေလွှတ်၍ အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်တွင် မူလစားကျက်မြေဧရိယာ (၇၂၀၉. ၀၀)ဧက ရှိသည့်အနက် ချင်းခင်ကျေးရွာအုပ်စုတွင် (၀. ၃၀)ဧက၊ ကညင်ဒိုင်းကျေးရွာ အုပ်စုတွင်(၄၂၅. ၄၀)ဧက၊ ကညွတ်ကွင်းအနောက်ရပ်ကွက်တွင် (၅. ၀၃)ဧက၊ သပြေလဟာ ကျေးရွာအုပ်စုတွင်(၅၂. ၀၃)ဧက၊ ကျီရိုးကျေးရွာအုပ်စုတွင်(၆၂. ၀၀)ဧက၊ စုစုပေါင်း (၅၄၄. ၇၆)ဧကအား စားကျက်မြေပယ်ဖျက်ခွင့်ရရှိခဲ့ပြီး စားကျက်မြေဧရိယာ (၆၆၆၄. ၂၄) ဧကကျန်ရှိ ပါသည်။

ငါးမြစ်ချင်းကျေးရွာအုပ်စုရှိ စားကျက်မြေဧရိယာမှာ (၅၃. ၀၀)ဧကဖြစ်ပြီး ၎င်းစားကျက်မြေပေါ်တွင် လွန်ခဲ့သော နှစ်(၂၀)ခန့်မှစ၍ (၁၅. ၀၀)ဧကခန့်တွင် တောင်သူ(၇)ဦးမှ စိုက်ပျိုးလုပ်ကိုင်လျက်ရှိ၍ (၁၀. ၀၀)ဧကပေါ်တွင် အိမ်ခြေ(၃၀)ခန့်မှ ဝင်ရောက်နေထိုင် လျက်ရှိပြီး ကျန်(၂၈. ၀၀)ဧကမှာ စားကျက်မြေ အဖြစ်တည်ရှိ လျက်ရှိပါကြောင်းနှင့် ငါးမြစ်ချင်းကျေးရွာအုပ်စု အတွင်းရှိ စားကျက်မြေများအတွင်း၌လည်း မြေကြီးတူးဖော် ရောင်းစားခြင်း၊ သစ်ပင်ခုတ်လှဲခြင်းများမရှိပါ။

သပြေလဟာကျေးရွာအုပ်စုအတွင်းရှိ စားကျက်မြေကွင်းအမှတ်(၂၁၇-က)ကညင်ဒိုင်းကွင်း၊ ဦးပိုင်အမှတ် (N/၂၅)တွင် ဦးထီးမူမှ လွန်ခဲ့သော ၂၀၁၁ခုနှစ်က လုပ်ကိုင်ခဲ့သော ငါး၊ စပါးမွေးမြူရေးကန် ပေ(၄၅၀×၅၀၀) ရှိသော ကန်အတွင်းမှ မြေကြီးများအားယူ၍ (၂၀. ၅. ၂၀၁၇)ရက်နေ့တွင် သပြေလဟာကျေးရွာနှင့် ဘုရားကုန်းကျေးရွာသို့သွားသော အရှည်(၁)မိုင်၊ အကျယ်(၁၈)ပေခန့်ရှိသောလမ်း၏ လိုအပ်သော နေရာများအား ဦးထီးမူမှ မြေကြီးများဖို့ခဲ့ကြောင်း၊ မြေကြီးတူးရောင်းစားခြင်းမရှိပါကြောင်းကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရှိရပြီး ယခင်နှစ်များစွာကတည်းက ရွာအနီးရှိ ပြည်သူများမှ ထင်းလိုအပ်သဖြင့် ကိုင်းများခုတ်ခြင်းဖြစ်ပြီး ယခင်နှစ်များစွာကတည်းက ထင်းများလိုအပ်ပါက ယခုကဲ့သို့ ခုတ်ယူခြင်းများ ရှိခဲ့ပါကြောင်း၊ ငါးမြစ်ချင်းကျေးရွာအုပ်စုရှိ စားကျက်မြေနှင့်ပတ်သက်၍ တစ်စုံတစ်ဦးကမှ ယနေ့ထိ တင်ပြ တိုင်ကြားမှုမရှိပါ။

ဖြူးမြို့နယ်အတွင်း စားကျက်မြေနှင့်ပတ်သက်၍ တင်ပြတိုင်ကြားလာသည့် ကိစ္စရပ်များအား စုံစမ်း စစ်ဆေးရေးအဖွဲ့ဖြင့်စိစစ်၍ အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယခုအစိုးရ လက်ထက်တွင် စားကျက်မြေအတွင်း ဝင်ရောက်ကျူးကျော်နေထိုင်မှု၊ စိုက်ပျိုးမှုများ မရှိစေရေးအတွက် စားကျက်မြေမကျူးကျော်ရ ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ နှစ်ရှည်ပင်များစိုက်ပျိုးခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ဆောင်ရွက်ခြင်းမပြုရန်၊ သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် အမြဲစစ်ဆေး ဆောင်ရွက် သွားရန် အသိပေးဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းမှ ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်စဉ် စားကျက်မြေများနှင့် ပတ်သက်၍ ပယ်ဖျက်လိုခြင်းများအား တင်ပြမှုအပေါ် မြို့နယ်အဆင့်ဖြင့် ဆောင်ရွက်၍မရဘဲ ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အလွတ်သဘောဖြင့် ပြောကြားခဲ့ခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)။** ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏**"ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် "အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းသာယာလှပစေရေးကို ထိခိုက်စေသော မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်း၊ ဂရန်ထုတ်ထား ပေးခြင်းများကို ပြန်လည်စိစစ်ပေးပါရန် တိုက်တွန်းကြောင်း" အဆိုအား အကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံ ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ အများနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းသာယာလှပစေရေးကို ထိခိုက်စေသော မြေနေရာ များတွင် မြေပေးမိန့်ချထားပေးခြင်း၊ ဂရန်များထုတ်ထားပေးခြင်းများကို ပြန်လည်စိစစ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုအား အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက် နေသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအနေဖြင့် (၆. ၁၂. ၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၄ /၂- ၉၇ (၁၄၂၇)/ ဦး၁(အထဉ)ဖြင့် ဖြေကြားပေးပို့ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါဖြေကြားချက်တွင် ပဲခူးခရိုင်အတွင်း အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့သန့်ရှင်း လှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းနှင့်ပတ်သက်၍ ကဝမြို့နယ်တွင် မြေပေးမိန့်ချထားပေးမှုအနေဖြင့် အဆင့်မြင့်အားကစားကွင်းပတ်လည်တွင် (၄၆)ကွက်ဖော်ထုတ်၍ မြေပေးမိန့်ချထားပေးမှုအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်(စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမား များနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ)မှ စိစစ်လျက်ရှိပါသည်။

ထို့အပြင်ကဝမြို့နယ်တွင် မြေပေးမိန့်ချထားပေးမှုအနေဖြင့်အဆင့်မြင့် အားကစားကွင်းပတ်လည်တွင် (၄၆)ကွက်ဖော်ထုတ်၍ မြေပေးမိန့်ချထားပေးမှုကိစ္စနှင့် ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ (၂၀. ၂. ၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၀၀/၅ -၄၃(၂၉၉)/ရေး ၃(အထဉ)ဖြင့် ကဝမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဒုတိယအုပ်ချုပ်ရေးမှူးတို့အား စစ်ဆေးနိုင်ရေးအတွက် ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်စေခဲ့ရာ အဆင့်မြင့်အားကစားကွင်းနှင့် ဈေးတည်ဆောက်ရန် သိမ်းဆည်း ထားသော မြေများအား မြေနေရာသတ်သတ်မှတ်မှတ်ထားရှိသော်လည်း လက်ရှိအခြေအနေတွင် သက်ဆိုင်ရာဌာနများမှ အသုံးမပြု သေးသည့်အတွက်လည်းကောင်း၊ တိုင်းကြားသူများမှ သံသယဖြင့် တိုင်ကြားခြင်း ဖြစ်ပါသဖြင့် ဌာနဆိုင်ရာစုံစမ်း စစ်ဆေးမှုပြုလုပ်ရန် မလိုအပ်ပါကြောင်းနှင့် ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့အား အရေးယူဆောင်ရွက်ရန် မလိုအပ်ပါကြောင်းကို ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)သို့ (၂၈. ၃. ၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၁/၃၆-၂ (၄၅၆)/ရေး၁(အထဉ)ဖြင့် စိစစ်တင်ပြထား ရှိပါသည်။

ပဲခူးခရိုင်အတွင်းရှိကျန်မြို့နယ်များ၊ တောင်ငူခရိုင်အတွင်းရှိမြို့နယ်များနှင့် သာယာဝတီခရိုင်အတွင်းရှိမြို့နယ်များတွင် အများနှင့်သက်ဆိုင်သည့်မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်း၊ မြေငှားဂရန်ထုတ်ပေးထားခြင်းများ မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ပြည်ခရိုင်အနေဖြင့် အများသက်ဆိုင်သော ပြည်မြို့၊ နဝင်းတာဘောင်အနီး နဝင်းတိုးချဲ့အပိုင်း (၂)အတွင်းရှိ မြေကွက် အမှတ်(၃၀၄)ပေါ်တွင် မြေပေးမိန့် ရရှိပြီးဖြစ်သော်လည်း ခွင့်ပြုအကျယ်အဝန်းထက် ကျော်လွန်နေခြင်းကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ကုလားတန်းရပ်ကွက်၊ အစိုးရစီမံခန့်ခွဲသည့်ကန်မြေဧရိယာ (၃. ၆၁)ဧကတွင်ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်ခြင်းများနှင့် ပတ်သက်၍ စိစစ်တင်ပြချက်နှင့်ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဗိုလ်တစ်ထောင်ပိုင်း (၁)လမ်း၊ လူနေအိမ်များ၏ တောင်ဘက်နှင့် နဝဒေးလမ်းမကြီး၏ မြောက်ဘက်ခြမ်းရှိ မြေကွက်လပ်နေရာများနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃၁. ၃. ၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၆/၃-၂/ဦး ၆ (၀၅၇၅)ဖြင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ပြည်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများသို့ စိစစ်တင်ပြစေခဲ့ရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ (၃. ၅. ၂၀၁၇)ရက်စွဲပါစာဖြင့် ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၈. ၆. ၂၀၁၇)ရက်စွဲပါစာတို့ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စိစစ်တင်ပြထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းသာယာ လှပစေရေးကို ထိခိုက်စေသော မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်း၊ ဂရန်များထုတ်ထားပေးခြင်းများကို ပြန်လည်စိစစ်ပေးပါရန်အဆိုနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း အဆိုပါမြေနေရာများ၌ ပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေမှသာ အထက်အဆင့်ဆင့်၏ လမ်းညွှန်မှုခံယူ၍ မြေပေးမိန့်ရရှိစေရေး၊ ဂရန်ရရှိစေရေးတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ မိမိအနေဖြင့် ဒုတိယအကြိမ်မေးမြန်းသည့် မေးခွန်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဧကဒသမပုံမှန်အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုက (၁၁. ၁၀. ၂၀၁၄)ရက်စွဲဖြင့် စာအမှတ်၊ ပခရ/၇-အမရ/၁ ရည်ညွှန်းချက်ဖြင့် စားကျက်မြေနှင့် ပတ်သက်၍ အထက်မြန်မာပြည်မြေနှင့် အခွန်နည်းဥပဒေနှင့် အောက်မြန်မာပြည် မြေနှင့်အခွန်နည်းဥပဒေအရ စားကျက်မြေအတွင်း မည်သူမဆိုဝင်ရောက်နေထိုင်ခြင်း၊ သစ်ပင်ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်း မပြုရန်တားမြစ်ခဲ့သည် ပထမဖြစ်ပြီး ၂၀၁၄၊ ဇူလိုင်လ(၇)ရက်နေ့ စာအမှတ်၊ ၃/၂-၅/၁အထ၁၊ ဖြူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှလည်း စားကျက်မြေပေါ်တွင် ထပ်မံကျူးကျော်ပြီး လယ်ယာစိုက်ပျိုးခြင်း၊ အိမ်ခြံမြေများ မပြုလုပ်ရန် တားမြစ်စာများ ထုတ်ပြန်ခဲ့သော်လည်း ဆက်လက်ကျူးကျော်ဆဲ၊ ခြံကွက်ရိုက်ရောင်းချဆဲ၊

စားကျက်မြေအတွင်း သွားရောက်သည့် ကျွဲကို လေးဂွနှင့်ပစ်ခြင်း၊ ဓားနှင့်ခုတ်ခြင်းများ ဖြစ်ပေါ်လာသည့်အတွက်ကြောင့် မိမိအနေဖြင့် ဒုတိယအကြိမ်လွှတ်တော်တွင် မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ ဝန်ကြီးဖြေကြားထားသည်က ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၄. ၇. ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၄/၂-၁/ဦး၆ဖြင့် မြို့နယ်ဥပဒေရုံးသို့ အကြံဉာဏ် တောင်းခံထားရှိပါကြောင်း ဖြေကြားပါသည်။ ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်ကြီးကိုကိုကတောင်မှ တားမြစ်ထားခဲ့သည့် စားကျက်မြေကို ဘယ်လိုဥပဒေဘဲထုတ်ထားထုတ်ထားဘယ်လိုဘဲတားမြစ်တားမြစ် ကျူးကျော်ဆဲက ကျူးကျော် ဆဲပါဘဲဖြစ်နေပါတယ်။ ကျူးကျော်သည့်အခါရိုးရိုးကျူးကျော်တာမဟုတ်ဘဲ ဘာလုပ်လုပ်ရသည်ဆိုသည့်စိတ်နှင့် ထပ်မံကျူးကျော်နေဆဲဖြစ်ပါတယ်။ ဒါကြောင့်ဥပဒေနှင့်အညီ အရေးယူမှု မရှိသည့်အတွက် ငါးမြစ်ချင်းစားကျက်မြေ သာမက အခြားစားကျက်မြေများတွင်ကျွဲ၊ နွားများဝင်ရောက်စားသောက်သည့်အခါ ကျွဲ၊ နွားပိုင်ရှင်များက တရားပြန်စွဲခံနေရသည့် အခြေအနေဖြစ်နေသောကြောင့် မိမိနယ်မြေတွင် တရားဥပဒေစိုးမိုးမှုမရှိသည်ဟု သတ်မှတ်ရပါတယ်။ အဲဒီအတွက်ဖြူးမြို့နယ်အတွင်းရှိ ကညွတ်ကွင်းဒေသတွင် ဥပဒေစိုးမိုးမှုရှိအောင် မည်သည့်ပုဂ္ဂိုလ်များ လာရောက်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ စားကျက်မြေကျူးကျော်ကိစ္စနှင့်ပတ်သက်၍ ဒုတိယအကြိမ်လွှတ်တော်ထဲတွင် မေးမြန်းထားသည့်ကိစ္စကို ဖြေရှင်းမှုမရှိသေးသည်ကိုသိရှိရသည့်အတွက် မိမိအနေဖြင့် ဆက်လက်ပြီးမြေနှင့် ပတ်သက်သည့်ဝန်ကြီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့်ဥပဒေနှင့် ပတ်သက်သည့် ဌာနများကို တင်ပြပြီး လာမည့်အစိုးရအဖွဲ့ အစည်းအဝေးတွင် မေးမြန်းပြီးမည်သို့ဆောင်ရွက်မည်ကို အစီရင်ခံတင်ပြမည်ဖြစ်ပြီး ဒေါ်နွယ်နီဝင်း၏ ညှိနှိုင်းချက်များကို စာဖြင့် မည်သို့ဆောင်ရွက်ထားသည်ကို အကြောင်းကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။ စာဖြင့်ထပ်မံဖြေကြားမှုများမှာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ် ကညွတ်ကွင်းဒေသအတွင်း စားကျက်မြေနှင့်ပတ်သက်၍ တင်ပြတိုင်ကြားစာများအား စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့်စိစစ်၍ အထက်အဆင့်ဆင့်သို့ တင်ပြခဲ့ပြီးညွှန်ကြားချက်နှင့်အညီ စားကျက်မြေနှင့် ပတ်သက်၍ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ နေအိမ်အဆောက်အဦများဆောက်လုပ်ခြင်းတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှာ တားမြစ်မိန့်ထုတ်ပြန် ဆောင်ရွက်ရာတွင် သပြေလဟာကျေးရွာအုပ်စုမှ (၁၈. ၁၂. ၂၀၁၆) ရက်စွဲပါ အမိန့်ကြေငြာစာအမှတ်၊ (၁/၂၀၁၆)ဖြင့်လည်းကောင်း၊ မြပဲခူးကျေးရွာအုပ်စု၌ (၂၇. ၃. ၂၀၁၆)ရက်စွဲ ပါအမိန့်ကြေငြာစာအမှတ်၊ (၁/၂၀၁၇)ဖြင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ တားမြစ်မိန့်ထုတ်ပြန် ဆောင်ရွက်ထားရှိပြီး ဖြူးမြို့နယ်အတွင်းရှိစားကျက်မြေများပေါ်၌လည်း စားကျက်မြေ မကျူးကျော်ရ ဆိုင်းဘုတ်များ စိုက်ထူထားရှိပါသည်။

ဖြူးမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရန်အလို့ငှာ ရာဇသတ်ကြီးဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်း ပြဋ္ဌာန်းထားသော ဥပဒေများ၊ ရဲအက်ဥပဒေ၊ နည်းဥပဒေများ သက်ဆိုင်ရာ

ဥပဒေများနှင့်အညီ ရဲအရေးပိုင်သည့်အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်းကောင်း ရဲအရေးမပိုင်သည့် အမှုများကို တရားရုံးသို့ ဦးတိုက်လျှောက်ထား၍လည်းကောင်းသက်ဆိုင်ရာတရားရုံး များတွင် သက်ဆိုင်သူများမှ တရားစွဲဆိုဆောင်ရွက်လျက်ရှိပါသည်။

စားကျက်မြေပြဿနာများသည် ယခုဒေသ၊ မြို့နယ်တစ်ခုတည်းမဟုတ်ဘဲ နိုင်ငံနှင့်တစ်ဝှမ်း ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စားကျက်မြေထိန်းသိမ်းရေး တာဝန်ယူထားသည့် မြို့နယ်များမှ တိုင်ကြားစာများအား လက်ခံရရှိပါသည်။ စားကျက်မြေနှင့်ပတ်သက်သော တိုင်ကြားစာများတွင် စားကျက်မြေများပေါ်တွင် နှစ်ကာလကြာရှည်စွာ နေထိုင်ပြီးနေအိမ်အခိုင်အမာ ဆောက်လုပ်နေထိုင်ခြင်း၊ စိုက်ပျိုးလုပ်ကိုင်ခြင်းတို့ကြောင့် ပိုင်ဆိုင်မှုအထောက်အထားများ ထုတ်ပေးပါရန် တောင်းခံခဲ့သော အကြောင်းအရာများရှိသကဲ့သို့ စားကျက်မြေတွင် ကျွဲ/နွားများလွှတ် ကျောင်းရန် အခက်အခဲရှိ၍ စားကျက်မြေအဖြစ် ဆက်လက်ထားရှိရန် တင်ပြသော အကြောင်းအရာများ ရှိပါသည်

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃၁. ၅. ၂၀၁၇)ရက်နေ့တွင် ကျင်းပသော (Cabinet) အစည်းအဝေးအမှတ်စဉ်(၇/၂၀၁၇) ဆုံးဖြတ်ချက်အပိုဒ်(ခ)အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် စားကျက်မြေတည်ရှိမှုစာရင်း/ပယ်ဖျက်ပြီးနှင့် ကျန်ရှိဇကစာရင်းများ ပြုစုပြီးကျန်ရှိသော စားကျက်မြေများအားပယ်ဖျက်ရန်လို/မလို အမှုတွဲဖွင့်၍ စိုက်ပျိုးနေသော တောင်သူစာရင်း၊ ကျေးရွာ၏လူဦးရေ အိမ်ခြေစာရင်း၊ ကျွဲ/နွားအရေအတွက်စာရင်းများနှင့် နှိုင်းယှဉ်ပြီး မဖြစ်မနေ ပယ်ဖျက်သင့်သော စားကျက်မြေစာရင်း၊ ဆက်လက်ထားရှိသင့်သော စားကျက်မြေစာရင်း တို့အား မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၏ သဘောထားမှတ်ချက်များနှင့် ပြန်လည်တင်ပြရန် ခရိုင်များသို့ အကြောင်း ကြားထားပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မိမိအနေဖြင့် အဆိုကို လွှတ်တော်သို့တင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း သဘောတူဆုံးဖြတ်ခဲ့ပြီး လွှတ်တော်ကလည်း အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်ခရိုင်အတွင်းကို မည်သည့်အချိန်တွင် စိစစ်သွားသည်ကို အစီရင်ခံစာတွင် ဘာတွေပါသည်ကို အဆိုရှင်ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်ကြီးကိုယ်တိုင် မသိလိုက်ရပါဘူး။ နောက်တစ်ခုက မိမိအနေဖြင့် မြေပေးမိန့်များထုတ်ပေးခြင်းကို အဆိုတင်တာဖြစ်ပါတယ်။ အဲဒီဂရန်တွေဖြစ်ပေါ်လာသည့် အဓိကတရားခံက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနဘဲ ဖြစ်သည့်အတွက် သူတို့ကိုပြန်ပြီး စိစစ်ခိုင်းထားသည် ဆိုတော့ သူခိုးကို ဘဏ္ဍာထိန်းပြန်အပ်ထားသလိုဖြစ်နေပါကြောင်း၊ ပြည်မြို့နယ် တစ်မြို့လုံးကို ကာရံထားသည့် နဝင်းတာဘောင်အနီး ဆည်မြောင်းဧရိယာတွင် မြေကွက်ပေါင်း(၈၀)နှင့် မြေပေးမိန့်ထုတ်ထားသည်ကို တွေ့ရပြီး ၄င်းတာတစ်ခုခုဖြစ်ခဲ့လျှင် ပြည်တစ်မြို့လုံး ရေနစ်မြုပ်မှာဖြစ်ကြောင်း၊ ၁၉၇၄ခုနှစ်တွင်လည်း

တာကျိုးခဲ့ခြင်းကြောင့် ပြည်မြို့ရေနစ်မြုပ်ခဲ့ရသည့် သာဓကတွေရှိခဲ့ပါတယ်။ ဆင်ခြေမဲ့စွာ မြေပေးမိန့်ထုတ်ပေးထားတာ အခုထိတည်မြဲနေဆဲဖြစ်ပါတယ်။ သဲတောင်ပြင်ပေါ်တွင် ဂရန်ချပေးထားတာ ပြည်တစ်မြို့တည်းရှိပါတယ်။ ယင်းသဲတောင်ပြင်ပေါ်တွင် အဆောက်အဦများ ဆောက်လုပ်ထားသည်ကို ယခုအချိန်ထိ ဘာမှစိစစ်အရေးယူခြင်းမရှိသလို၊ အစီရင်ခံတင်ပြထားခြင်းလည်း မရှိသည့်အတွက် ဒါတွေကို မည်ကဲ့သို့သောအချိန်မျိုးတွင် ယင်းအဆိုကို စတင် အကောင်အထည်ဖော်မည်လဲ။ ဒါတွေနှင့် ပတ်သက်ပြီး အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်၏အဆိုကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် အစီအမံများ ချမှတ်ထားခြင်းမရှိသည့်အတွက် ယင်းအဆိုကို အကောင်အထည်ဖော်နိုင်အောင် မည်ကဲ့သို့စီမံဆောင်ရွက်မည်ကို သိရှိလိုသည့်အတွက် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**။ ။ မေးခွန်းနှင့် ပတ်သက်၍ မိမိအနေဖြင့် ကိုယ်စားဖြေကြားရတာဖြစ်သည့်အတွက် ပြည့်စုံမှုမရှိ၍ ကျေနပ်မှုမရှိသည်ကိုလည်း သိရှိပါတယ်။ သက်ဆိုင်ရာဌာနများကို ဆက်လက်မေးမြန်းပြီး ယင်းကိစ္စနှင့် ပတ်သက်၍ အစိုးရအဖွဲ့မှ မည်သို့ဆောင်ရွက်မည်ကို Cabinet ထိုင်တင်ပြပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။ စာဖြင့်ထပ်မံဖြေကြားမှုများမှာ အများနှင့်သက်ဆိုင်သော ပြည်မြို့၊ နဝင်းတာဘောင်နီး နဝင်းတိုးချဲ့အပိုင်း(၂)အတွင်းရှိ အကွက်ကြီးအမှတ်(၂၆)၊ မြေကွက်အမှတ်(၃၀၄)အပေါ်တွင် အခိုင်အမာအဆောက်အဦစတင်ဆောက်လုပ်လျက်ရှိသည့် မြေကွက်မှာ မြေပေးမိန့်ရရှိပြီးဖြစ်သော်လည်း ထိုခွင့်ပြုပြီး အကျယ်အဝန်းအတိုင်း ခွင့်ပြုမည်ဆိုပါက နဝင်းတာဘောင်ခြေကို ကျော်လွန်ရောက်ရှိနေသဖြင့် မိုးအခါ ဧရာဝတီမြစ် ရေကြီးချိန်နှင့် အခြားအချိန်များတွင် တာကိုထိန်းသိမ်းစောင့်ရှောက်ရန် အခက်အခဲရှိသဖြင့် ပြန်လည်စိစစ်ပေးပါရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တင်ပြမှုအပေါ် ပြည်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ကွင်းဆင်းတိုင်းတာပြီး သဘောထားမှတ်ချက်များ ရယူဆောင်ရွက်ရန် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့လည်းကောင်း ကွင်းဆင်းစိစစ်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပြန်လည် တင်ပြရန် ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ (၁. ၁၂. ၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၅/၄-၁/ ဦး၆ဖြင့် ညွှန်ကြားထားရှိရာ စိစစ်တွေ့ရှိချက်များအရ နဝင်းရပ်ကွက်တွင် တာဘေး၌ နေအိမ်ဆောက်လုပ်နေထိုင်သည့် အိမ်ခြေ(၁၂၈)အိမ်ခန့်ရှိပြီး ဘိုးဘွားပိုင်မြေအဖြစ် နေထိုင်သူ(၁၈)ဦး မြေပေးမိန့်ဖြင့် နေထိုင်သူ(၁၀)ဦးနှင့် ကျူးကျော်နေအိမ် (၁၀၀)ခန့်ရှိကြောင်း၊ ပြည်သာယာရပ်ကွက်တွင် တာဘေး၌ နေအိမ်ဆောက်လုပ်နေထိုင်သည့် အိမ်ခြေ (၁၆၃)အိမ်ခန့်ရှိပြီး မြေပေးမိန့်ဖြင့် နေထိုင်သူ(၁၃)ဦးနှင့် ကျူးကျော် နေအိမ်(၁၅၀)ခန့်ရှိကြောင်း၊ တာရိုးပေ(၄၀)အနီးတွင် နေအိမ်စုစုပေါင်း(၂၉၁)အိမ် ဆောက်လုပ်ထားသည်ကို တွေ့ရှိရပြီး မြေကွက်လပ်များကိုထပ်မံတွေ့ရှိ၍ စာရင်းကောက်ယူခဲ့ရာ စုံစမ်း၍မရရှိပါသဖြင့် မြေကွက်လွတ်များအား စာရင်းကောက်ယူနိုင်မှုမရှိကြောင်း တင်ပြထားရှိပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာနမှ ထိန်းသိမ်းလျက်ရှိသည့် နဝင်းတာဘောင်အနီး မြေကွက်အမှတ်(၃၀၄)ပေါ်တွင် တိုးချဲ့ကွက်သစ်များ ချထားပေးစဉ်က မြေပေးမိန့်ရရှိပြီး မြေပေးမိန့်ထက်ကျော်လွန်သည့် မြေကွက်အမှတ်(၃၀၄)အပါအဝင် အခြားမြေပေါ်ရှိနေအိမ်ဆောက်အဦများ တရားမဝင်ကျူးကျော်မှုများကို ဆက်လက်ကျူးကျော်မှုမရှိစေရေးအတွက် ဌာနဆိုင်ရာများအပါအဝင် စာရင်းကောက်ယူရေးအဖွဲ့ဖြင့် လက်ရှိနေအိမ်၊ ခြံ၊ စိုက်ပျိုးပင်စာရင်းများ၊ ယခင်မြေပေးမိန့်၊ မြေငှားဂရန်များ ခွင့်ပြုထားခဲ့ပါက ပြန်လည်ပယ်ဖျက်သင့်သည့် မြေကွက်စာရင်း၊ တရားမဝင်ကျူးကျော် အဆောက်အဦစာရင်း၊ စိုက်ပျိုးသီးနှံများစာရင်း ကောက်ယူပြုစုထားရှိပြီး အဆိုပါမြေပေါ်တွင် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလာပါကလည်း နဝင်းတာဘောင်နှင့်မလွတ်ကင်းပါက အဆောက်အဦဆောက်လုပ်ခွင့်မပြုရေး မြေပေးမိန့်တွင် ပါဝင်သော အကျယ်အဝန်းမှာ နဝင်းတာအား ထိခိုက်မှုမရှိဘဲ လွတ်ကင်းကြောင်း ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန၏ ထောက်ခံတင်ပြချက် ရရှိမှသာ စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦ ဆောက်လုပ်ခွင့်ပြုရေး ညွှန်ကြားဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၈. ၆. ၂၀၁၇) ရက်စွဲပါစာအမှတ်၊၅/ ၇-၅/ဦး ၆ (၂၈၂၈)ဖြင့် ပြည်မြို့နဝင်းရပ်ကွက်နှင့် ပြည်သာယာရပ်ကွက်တွင် ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနမှ ထိန်းသိမ်းထားသော နဝင်းတာရိုးနယ်နိမိတ်အတွင်းတွင် မြေပေးမိန့်ဖြင့် ရရှိထားပြီး လွတ်ကင်းမှုမရှိသော အဆောက်အဦများကို မြေနေရာပြန်လည်တိုင်တာဆောင်ရွက်သင့်ပါကြောင်း၊ မြေတိုင်းတာဆောင်ရွက်ပေးသည့်အတိုင်း လိုက်နာမှုမရှိပါက သက်ဆိုင်ရာဌာန၏ ဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သင့်ပါကြောင်းနှင့် ကျူးကျော်နေထိုင်သူများအား သက်ဆိုင်ရာဌာနမှ ကာလတန်ဖိုးနှင့်ကိုက်ညီသော နစ်နာကြေး၊ လျော်ကြေးပေး၍ ဖယ်ရှားရှင်းလင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြ ထားရှိပြီးဖြစ်ပါ၍ အထက်ဆင့်ဆင့်၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တောင်ငူမြို့၊ ကံရိုးကျေးရွာ အုပ်စု၊ ကွင်းအမှတ်(၅၃၅-ဂ)ရှိ စားကျက်ပယ်ဖျက် မြေဧရိယာ(၁၃၇)ဧကအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ တောင်ငူမြို့၊ ကံရိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၃၅-ဂ)ရှိ စားကျက်ပယ်ဖျက်မြေဧရိယာ (၁၃၇)ဧကအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ၂၀၁၂ခုနှစ်လယ်ယာမြေ ဥပဒေနှင့် အညီပြန်လည်သိမ်းယူရန်အစီအစဉ် ရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်(၂)၏ **"မြို့ပေါ်(၄)ရပ်ကွက်တွင် ဂရန်မရှိသော မြေကွက်များအား ဂရန်မြေရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၄၉)အုပ်စုရှိရာတွင် မြို့ပေါ်(၄)ရပ်ကွက်မှာ မင်းရပ်ရပ်ကွက်၊ မြို့မရပ်ကွက်၊ မအူကုန်းရပ်ကွက်၊ ဘီးလင်းတန်းရပ်ကွက်ဟူ၍ပင် ဖြစ်ပါသည်။ အင်္ဂလိပ်ခေတ်က မြို့ပေါ်(၄)ရပ်ကွက်ရှိ ခြံမြေအချို့သာမြေဂရန်ရရှိပြီး အများစုမှာ ဂရန်မရှိသည်ကများပါသည်။ သို့ဖြစ်ပါ၍ မြို့ပေါ်(၄)ရပ်ကွက်ရှိ ဂရန်မရှိသောမြေနေရာများအား မြေဂရန်ပြုလုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန**။ ။ ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **" တောင်ငူမြို့၊ ကံရိုးကျေးရွာ အုပ်စု၊ ကွင်းအမှတ်(၅၃၅-ဂ)ရှိ စားကျက် ပယ်ဖျက်မြေဧရိယာ(၁၃၇)ဧကအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကံရိုးကျေးရွာအုပ်စု၊ ကံရိုးတောင်ကွင်း၊ ကွင်းအမှတ်(၅၃၅-ဂ)ရှိ ဧရိယာ (၂၈၆. ၄၄)ဧကအား ကန်တစ်ရာငါးမွေးမြူရေးစီမံကိန်း အကောင်အထည်ဖော်ရန် ပဲခူးတိုင်းပြည်သူ့ ကောင်စီအလုပ်အမှုဆောင် အဖွဲ့၊ ပဲခူးမြို့၏ (၂၆. ၄. ၁၉၈၃)ရက်စွဲပါစာအမှတ်၊ ၁၉/၆၃၂/ ပြည်တွင်း အခွန်/၈၃အရ စားကျက်မြေ အဖြစ်မှ ပယ်ဖျက်ခဲ့ပြီး အဆိုပါ(၂၈၆. ၄၄)ဧကအနက်မှ ပဲခူးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ (၃၁. ၁. ၁၉၉၄)ရက်စွဲပါစာအမှတ်၊၃၈၂/၂-၇/တဝတ(ပဲခူး)ဖြင့် စခန်းတောင်ပိုင်းတိုင်းစစ်ဌာနချုပ်အား ငါးမွေးမြူရေးကန်အဖြစ် အသုံးပြုရန် (၁၄၇. ၃၈)ဧက အား လ/န (၃၉)ထုတ်ပေးခဲ့ပါသည်။

စခန်းတောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ လ/န(၃၉)ရရှိထားသည့် (၁၄၇. ၃၈)ဧက အနက်မှ (၁၃၇. ၃၈) ဧကအား စခန်းတောင်ပိုင်းတိုင်းစစ်ဌာနချုပ်ပိုင်မြေအဖြစ်မှ စွန့်လွှတ်ပြီး (IBTC)ကုမ္ပဏီသို့ လွှဲပြောင်းပေးရန် သဘောတူညီကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါရန် စခန်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၂၅. ၈. ၂၀၁၀)ရက်စွဲပါ စာအမှတ်၊ ၄၅၀၀/၉/ထောက် ၄ဖြင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့လိပ်မူ၍ တင်ပြလာပါကြောင်း၊ (IBTC)ကုမ္ပဏီမှ ၎င်းရရှိသည့် ဧရိယာ(၁၃၇. ၃၈)ဧကအား (၁၄. ၁၂. ၂၀၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစည်းအဝေးမှတ်တမ်း(၁၉/၂၀၁၀)ဆုံးဖြတ်ချက် အပိုဒ်(၂၂)အရ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ(၃၉)အရ အိမ်ရာအဆောက်အဦမြေအဖြစ် အသုံးပြုရန် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

စခန်းတောင်ပိုင်းတိုင်းစစ်ဌာနချုပ်ပိုင်ဆိုင်သော တောင်ငူမြို့နယ်၊ ကန်ရိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၃၅-ဂ)ရှိ ငါးမွေးမြူရေးကန်မြေ(၁၄၇. ၃၈)ဧကမှ သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းရုံး မြေနေရာအဖြစ် မြေဧရိယာ(၁၀. ၀၀)ဧကအား လွှဲပြောင်းပေးရန်သဘောတူညီပါကြောင်း စခန်းတောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ (၃၀. ၁၁. ၂၀၀၇)ရက်စွဲပါစာအမှတ်၊ ၄၅၀၀/၉/ထောက် ၄ဖြင့် စီမံကိန်းမန်နေဂျာ သောက်ရေခပ်(၂) ရေအား လျှပ်စစ်စီမံကိန်းသို့ လိပ်မူ၍ မြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့သို့ မိတ္တူပေးပို့အကြောင်းကြား ခဲ့ပါသည်။ အဆိုပါမြေ(၁၀. ၀၀)ဧကအား လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ(၃၅)အရ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းမြေအဖြစ်အသုံးပြုရန် (၁၅. ၂. ၂၀၀၈)ရက်နေ့တွင် အသုံးပြုသည့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးအမှတ်စဉ် (၂/၂၀၀၈) ဆုံးဖြတ်ချက် အပိုဒ်(၂)အရ ပြောင်းလဲပြင်ဆင် သတ်မှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် တောင်ငူမြို့နယ်၊ ကန်ရိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၃၅-ဂ)ရှိ စားကျက်မြေဧရိယာ(၁၃၇. ၀၀)ဧကအား လက်ရှိအခြေအနေတွင် (IBTC)ကုမ္ပဏီမှ လ/န(၃၉) ရရှိပြီးဖြစ်သော်လည်း အကောင် အထည်ဖော်နိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။ ဒါနှင့်ပတ်သက်ပြီး လယ်ယာမြေဥပဒေနှင့်အညီ မည်သို့ဆောင်ရွက်ထားသလဲ မေးမြန်းသည့် မေးခွန်းအပေါ်မှာ IBTC ကုမ္ပဏီမှ လ/န (၃၉) ရရှိပြီးဖြစ်သော်လည်း အကောင်အထည်ဖော်နိုင်ခြင်း မရှိကြောင်း ဖြေကြားထားသည့်အတွက် မေးမြန်းရှင်အနေဖြင့် ကျေနပ်မှုမရှိနိုင်သည်ကို သိရှိပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)။** ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ် မဲဆန္ဒနယ်(၂)၏ **“ မြို့ပေါ်(၄)ရပ်ကွက်တွင် ဂရန်မရှိသော မြေကွက်များအား ဂရန်မြေရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ”** နှင့် စပ်လျဉ်း၍ သာယာဝတီခရိုင်အတွင်းရှိ လက်ပံတန်းမြို့နယ်၊ မြို့ပေါ်(၄) ရပ်ကွက်တွင် အစိုးရစီမံခန့်ခွဲပိုင်ခွင့် ရှိသောမြေအားလုံးအား မြေငှားဂရန်ရရှိရေးဆောင်ရွက်ပေးရာတွင် ဂရန်လျှောက်ထားလိုသော သက်ဆိုင်ရာ ကာယကံရှင်ကိုယ်တိုင် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ရယူပြီး လျှောက်ထားသူသည် မိမိနေထိုင်သည့် အဆောက်အဦဆောက်လုပ်သည့်ပုံစံ အိမ်ရှေ့မြင်၊ နောက်မြင်၊ ဘေးမြင်ဓာတ်ပုံများ၊ ခြံမြေနှင့် အဆောက်အဦ ပိုင်ဆိုင်မှုအထောက်အထား ပူးတွဲလျက် သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမှုတွဲ ဖွင့်လှစ်ခွင့်ရရှိပါက သက်ဆိုင်ရာလက်ပံတန်းမြို့နယ်သို့ ဂရန်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ စိစစ်တင်ပြရန် အမှုတွဲအား ပြန်လည်ပေးပို့ခဲ့ပါသည်။ လက်ပံတန်းမြို့နယ်မှ သက်ဆိုင်ရာ ရပ်ကွက်အလိုက် ကန့်ကွက်လွှာခေါ်ယူခြင်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဟုတ်/မဟုတ်၊ မြေရာဇဝင်နှင့် သက်ဆိုင်ရာအထောက်အထား၊ သဘော ထားများပြန်ကြားစေပြီး အမှုတွဲပြန်လည် ရောက်ရှိလာသည့်အခါ လျှောက်ထားသူကာယကံရှင်နှင့် အိမ်နီးနားချင်းများ ပိုင်ဆိုင်အထောက်အထားစာချုပ်ပါ အသိသက်သေများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်ရာမြေတိုင်း(၄) မြေစာရင်းဝန်ထမ်းတို့အား ခေါ်ယူစစ်ဆေးပါသည်။ ယင်းနောက် မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့မှ လျှောက်ထားသည့် နေအိမ်နှင့် အနီးပတ်ဝန်းကျင်အား

ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး စစ်ဆေးချက်အစီရင်ခံစာနှင့်အတူ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ပြန်လည်တင်ပြလာပါသည်။ရောက်ရှိလာသည့် ဂရန်အမှုတွဲ များကို မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြေယာလုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်ပြီးရက်ပေါင်း(၆၀)အတွင်း သက်ဆိုင်ရာကာယကံရှင်ထံသို့ ဂရန်ထုတ်ပေး ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်း မြို့နယ်၊မြို့ပေါ်(၄)ရပ်ကွက်တွင် ဂရန်မရှိသောမြေကွက်များအား ဂရန်မြေရရှိရေး သက်ဆိုင်ရာကာယကံရှင်မှ လျှောက်ထားလာပါက မြေယာ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်၍ ဂရန်များ ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြ အပ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မိမိမေးခွန်းကို ဖြေကြားရမည့် ဌာနက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြစ်ပါတယ်။ မိမိမေးမြန်းထားသည်က (၁၃၇)ဧကအား ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ပြန်လည်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းထားတာဖြစ်ပါတယ်။ မေးခွန်းမေးမြန်းထားသည်ကို ဖြေကြားထားသည်က ဆောင်ရွက်နိုင်တာမရှိပါဘူး။ IBTC ကုမ္ပဏီကို ဖော်ပြသည့် နည်းလမ်းအတိုင်း အသုံးမချလျှင် အက်ဥပဒေပုဒ်မ (၃၅)အရ ပယ်ဖျက်သည့်အပြင် လိုက်နာရန် ပျက်ကွက်လျှင် (သို့) အက်ဥပဒေပုဒ်မ (၄၈)အရ အပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဟူသော အမိန့်စာ ကော်မတီကို ပေးထားတာရှိပါတယ်။ ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၃၁တွင် အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရပြီး ခွင့်ပြုသည့်နေ့မှ (၆)လအတွင်း လယ်ယာမြေကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း စတင်အသုံးမပြုလျှင် သော်လည်းကောင်း၊ သတ်မှတ်ကာလတွင် လုပ်ငန်းပြီးစီးမှု မရှိလျှင်သော်လည်းကောင်း၊ ယင်းလုပ်ငန်းများကို ပြန်လည်သိမ်းယူနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ လန(၃၉)ရပြီးသားမြေကို သူတို့စတင်လျှောက်ထား ကတည်းက အိမ်ရာအဆောက်အဦများအတွက် အသုံးပြုခွင့်ပြုရန် လျှောက်ထားခြင်း မဟုတ်ပါဘူး။ ယခုလက်ရှိ မြေပေါ်တွင် ဘာမှလုပ်ကိုင်ထားခြင်း မတွေ့ရဘဲ ကိုင်းတောကြီးဖြစ်နေပါတယ်။ ဖြေကြားချက်ထဲတွင် သောက်ရေခပ်နှင့် ရေအားလျှပ်စစ် စီမံကိန်း(၁၀)ဧကကို စီမံကိန်းရုံးမြေနေရာအဖြစ် (၁၀)ဧက လွှဲပြောင်း ပေးသည်ဆိုတာမှန်ပါတယ်။ ယင်းလွှဲ ပြောင်းပေးသည့် (၁၀)ဧကကို ရုံးမြေနေရာအတွက် မဟုတ်ဘဲ ယခု လက်ရှိမှာ GTI စက်သုံးဆီအရောင်းဆိုင် ဆိုပြီး ဖွင့်ထားတာတွေ့ရှိပါတယ်။ မိမိသိချင်သည်က ယခု စည်းကမ်းချက်အနေဖြင့် သိရှိနေသည့် ဧက(၁၃၇)ဧကကို ဥပဒေမှာပါသည့်အတိုင်း အရေးယူဆောင်ရွက်ခြင်း ရှိ/ မရှိကို တိတိကျကျ သိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန**။ ။ မိမိအနေဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အဖြေကို ကိုယ်စားဖြေကြားရတာဖြစ်ပါတယ်။ ဒါကြောင့်အဖြေမပါဘဲဖြစ်နေသည့် မေးခွန်းနှင့် ပတ်သက်၍ IBTC ကို ပေးထားသည့် စာချုပ်အတိုင်းမလုပ်နိုင်သည့်ကိစ္စရပ်နှင့် ပတ်သက်၍ IBTC နှင့် စာချုပ်စာတမ်းများ မည်သို့ပြုလုပ်ထားသည်ကိုလည်း ဥပဒေနှင့်အညီဖြစ်အောင် ဥပဒေချုပ်နှင့် တိုင်ပင်ပြီး အနီးစပ်ဆုံး အစိုးရအဖွဲ့အစည်းအဝေးတွင် တင်ပြပေးသွားမည် ဖြစ်ပါသည်။ သက်ဆိုင်ရာဌာန အစိုးရအဖွဲ့ ဝန်ကြီးများအနေဖြင့် မြေကိစ္စနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်စရာရှိသည့် ကိစ္စရပ်များ၊ မြေနှင့် ပတ်သက်သည့်မေးခွန်းများအားလုံးကို အနီးစပ်ဆုံး အစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြပြီး မေးခွန်းရှင်များကို စာဖြင့်အကြောင်းကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။ စာဖြင့်ထပ်မံ ဖြေကြားမှုများမှာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကံရိုးတောင်ကွင်း၊ ကွင်းအမှတ် (၅၃၅-က) ရှိ ဧရိယာ (၂၈၆. ၄၄)ဧကအား ကန်တစ်ရာငါးမွေးမြူရေးစီမံကိန်းအကောင်အထည်ဖော်ရန် ပဲခူးတိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ ပဲခူးမြို့၏ (၂၆. ၄. ၁၉၈၃)ရက်စွဲပါ စာအမှတ်၊ ၁၉/၆၃၂/ ပြည်တွင်းအခွန်/၈၃ အရ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခဲ့ပြီး အဆိုပါ(၂၈၆. ၄၄)ဧကအနက်မှ ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ (၃၁. ၁. ၁၉၉၄)ရက်စွဲပါစာအမှတ်၊ ၃၈၂/၂-၇ /တဝတ(ပဲခူး) ဖြင့် စခန်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အား ငါးမွေးမြူရေးကန်အဖြစ်အသုံးပြုရန် (၁၄၇. ၃၈)ဧကအား လ/န(၃၉) ထုတ်ပေးခဲ့ပါသည်။

စခန်းတောင်ပိုင်းတိုင်းစစ်ဌာနချုပ်ပိုင်ဆိုင်သော တောင်ငူမြို့နယ်၊ ကန်ရိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၃၅-က)ရှိ ငါးမွေးမြူရေးကန်မြေ(၁၄၇. ၃၈)ဧကမှ သောက်ရေခပ်(၂)ရေအားလျှပ်စစ် စီမံကိန်းရုံး မြေနေရာအဖြစ် မြေဧရိယာ (၁၀. ၀၀)ဧကအားလွှဲပြောင်းပေးရန်သဘောတူညီပါကြောင်း တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ (၃၀. ၁၁. ၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၄၅၀၀/၉/ထောက် ၄ဖြင့် စီမံကိန်းမန်နေဂျာ သောက်ရေခပ်ရေအားလျှပ်စစ်စီမံကိန်းသို့ လိပ်မူ၍မြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့သို့ မိတ္တူပေးပို့ အကြောင်းကြားခဲ့ပါသည်။ အဆိုပါမြေ(၁၀. ၀၀)ဧကအား လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ(၃၅)အရ သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းမြေအဖြစ် အသုံးပြုရန်(၁၅. ၂. ၂၀၀၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၀၈)ဆုံးဖြတ်ချက်အပိုဒ်(၂)အရ ပြောင်းလဲ ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

စခန်းတောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ လ/န (၃၉)ရရှိထားသည့် (၁၄၇. ၃၈) ဧကအနက်မှ (၁၃၇. ၃၈) ဧကအား စခန်းတောင်ပိုင်းတိုင်းစစ်ဌာနချုပ်ပိုင်မြေအဖြစ်မှ စွန့်လွှတ်ပြီး (IBTC)ကုမ္ပဏီသို့ လွှဲပြောင်းပေးရန် သဘောတူညီကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါရန် စခန်းတောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ (၂၅. ၈. ၂၀၁၀)ရက်စွဲပါစာအမှတ်၊ ၄၅၀၀/၉/ထောက်၄ဖြင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ လိပ်မူ၍တင်ပြလာပါကြောင်း၊ (IBTC) ကုမ္ပဏီမှ ၎င်းရရှိလည့်ဧရိယာ(၁၃၇. ၃၈)ဧကအား

(၁၄. ၁၂. ၂၀၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစည်းအဝေးမှတ်တမ်း (၁၉/၂၀၁၀) ဆုံးဖြတ်ချက်အပိုဒ်(၂၂)အရ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ(၃၉)အရ အိမ်ရာအဆောက်အဦအဖြစ် အသုံးပြုရန် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် တောင်ငူမြို့နယ်၊ ကန်ရိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၃၅-ဂ)ရှိ စားကျက်မြေဧရိယာ(၁၃၇. ၀၀)ဧကအား (IBTC) ကုမ္ပဏီမှ လ/န(၃၉)ရရှိပြီး အခြားနည်းသုံးစွဲရန် ပြောင်းလဲခွင့်ပြုထားပြီးဖြစ်ပါ၍ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ရန် အကျုံးမဝင်ပါကြောင်းနှင့် အဆိုပါမြေနှင့်ပက်သက်၍ (IBTC) ကုမ္ပဏီမှ အသုံးပြုခွင့်ရရှိထားသည့်အတိုင်း ဆောင်ရွက်ရန်သာဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်(၂)**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်(၂)**။ ။မိမိမေးမြန်းမှုအပေါ် ဝန်ကြီးဖြေကြားသွားသည်က အင်မတန်ကောင်းမွန်ပြည့်စုံသော်လည်း လက်တွေ့ဆောင်ရွက်သည့်အခါ အပိုင်းအချက်အလက်များ ထောက်ပြထားပါသည်။ စာရင်းအင်းဦးစီးဌာနမှ မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ရယူပြီး လျှောက်ထားသူသည် မိမိနေထိုင်သည့် အဆောက်အဦ ဆောက်လုပ်သည့်ပုံစံ အိမ်ရှေ့မြင်၊ နောက်မြင်၊ ဘေးမြင်ဓာတ်ပုံများ၊ ခြံမြေနှင့် အဆောက်အဦပိုင်ဆိုင်မှု အထောက်အထားအား ပူးတွဲလျက် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ အမှုတွဲဖွင့်လှစ်ခွင့်ရရှိပါက ဆိုသည့်စာသားကို မြေယာလုပ်ငန်းခွင်သို့ ရောက်ရှိလာသည့် ဂရန်အမှုတွဲများကို မြေငှားဂရန်ထုတ်ပေးနိုင်ခြင်း၊ မြေယာလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးရက်ပေါင်း (၆၀)အတွင်း သက်ဆိုင်ရာ ကာယကံရှင်ထံသို့ အမြန်ဆုံးဂရန်ထုတ်ပေး ဆောင်ရွက်လျက်ရှိပါသည်ဟု ဝန်ကြီးမှဖြေကြားထားတာရှိပါကြောင်း မိမိမေးမြန်းသည်က ဝန်ကြီးကို မေးမြန်းတာဖြစ်ပြီး အောက်ကဦးစီးဌာနကို မေးစရာမလိုပါဘူး။ ဦးစီးဌာနကို မေးမြန်းချင်လျှင် မိမိကိုယ်တိုင်မေးမြန်း၍ရပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွက် အကြီးမြတ်ဆုံးနေရာဖြစ်သည့် အတွက် လွှတ်တော်ကိုလေးစားသောအားဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ရက်ပေါင်း(၆၀)အတွင်း စိစစ်ပြီး သက်ဆိုင်ရာ ကာယကံရှင်ထံသို့ ဂရန်ထုတ်ပေးရန် တင်ပြထားပါတယ်။ အမှုတွဲဖွင့်လှစ်ခွင့်ရရှိပါက ပုံစံ(၁၀၅) (၁၀၆)ကို ရက်ပေါင်း (၆၀)မကဘူး။ ဒီပုံစံအတိုင်းသာလုပ်ဆောင်နေမည်ဆိုပါက လပေါင်း(၆၀)တောင် မြေငှား ဂရန်ရရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လိုက်သွားပြီး ဒီဂရန်လျှောက်တာ ဘာကြောင့် ကြန့်ကြာနေတာလဲ။ မေးမြန်းသည့်အခါ သူတို့တင်ထားသည့်မြေပုံနှင့် ဂရန်လျှောက်ထားသည့်စာတောင် ရှာမတွေ့တော့သည့် အနေအထားရှိသည့်အတွက် ဘယ်လောက်လေးစားသလဲ။ အဲဒါတွေကို မည်ကဲ့သို့စီမံခန့်ခွဲ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့ကို လွှတ်တော်က တင်ပြပါတယ်။ ဝန်ကြီး၏ဖြေကြားချက်အတိုင်း ဆောင်ရွက်လျှင် ရက်ပေါင်း(၆၀)မပြောနဲ့ လပေါင်း(၆၀)တောင် ဂရန်ရမှာမဟုတ်ပါကြောင်း၊ ပိုဆိုးဝါးတာက မြို့ပေါ်ကို ဂရန် မလုပ်ပေးဘဲ တောကြိုချုံကြားကြတော့ ဂရန်လုပ်ပေးကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီး ရက်ပေါင်း

(၆၀)အတွင်း အမြန်ရအောင် မည်ကဲ့သို့စီမံခန့်ခွဲပြီး ဆောင်ရွက်မည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်(၂)၏ ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန**။ ။ လက်ပံတန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ဘာကိစ္စနဲ့ အမှုဖြစ်ဖြစ် အမှုဖြစ်လာလျှင် သက်သေခိုင်လုံသည့် အထောက်အထားနှင့် တိုင်ကြားရန် လိုအပ်ပါသည်။ တစ်ဆင့်စကားနှင့် တိုင်ကြားမှုမျိုးမဟုတ်ဘဲ မပြေလည်သည့်ကိစ္စမှန်သမျှကို အစိုးရအဖွဲ့ကို တိုင်ကြားလာပါက ခိုင်လုံသောအထောက်အထားများနှင့် တိုင်ကြားဖို့လိုအပ်ပါသည်။ အကယ်၍ ခိုင်လုံသော အထောက်အထားများနှင့် တိုင်ကြားမှ အစိုးရအဖွဲ့က အရေးမယူလျှင် အစိုးရအဖွဲ့တွင် တာဝန်ရှိပါကြောင်း၊ သို့သော်လည်း မိမိတို့မြို့နယ်အတွင်းရှိ ဥပဒေနှင့်အညီ ဘယ်နှဦးလျှောက်ထားတယ်။ ဘယ်လိုအစီအစဉ်များနှင့် ဆောင်ရွက်ထားသည်ဆိုသည့် အချက်အလက်များကို အစိုးရအဖွဲ့ထံ တင်ပြမည်ဆိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇(က)အရ၎င်း၊ ၂၀၁၆ ခု ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ-၆၂ အရလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ-၁၈၉အရ လည်းကောင်း ဖွဲ့စည်းခဲ့ပါသည်။ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသည် လည်း တာဝန်ဝတ္တရားများကို တိကျစွာလေးစားလိုက်နာလျှက် နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ တိကျမှန်ကန် စွာသုံးစွဲရေး၊ ခြိုးခြံချွေတာစွာ သုံးစွဲရေးဟူသော အချက်ကြီးများနှင့်အညီ ပဲခူးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဆောင်ရွက်ချက်များ**

လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်ပြည်သူ့ငွေစာရင်းကော်မတီသည် အဓိကကျသော တာဝန်နှစ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သော ကိစ္စအဝဝကို၊ အတတ်နိုင်ဆုံးနှင့် အကောင်းဆုံး ကြိုးစားပြီး၊ အဆင်ပြေချောမွေ့စေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယတာဝန်ဖြစ်သော ပြည်သူ့ငွေစာရင်းတာဝန်ကိုလည်း ဆောင်ရွက်ရမည့်တာဝန် ဝတ္တရားများနှင့်အညီ အထူးအလေးထားပြီး အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဖြည့်စွက်ဘဏ္ဍာငွေတောင်းခံရာတွင် လျှော့ချငွေကျပ်သန်းပေါင်း ၃၄၇. ၈၇၇သန်းကို နိုင်ငံတော်ဘဏ္ဍာလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် စိစစ်လျှော့ချခဲ့ပါသည်၊

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရ/သုံးမှန်းခြေငွေစာရင်းလျာထားချက်အား ပဲခူးတိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြစဉ်ကလည်း ၇. ၉၁၁ ဘီလီယံကို တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် စိစစ်ပြီး ပြင်ဆင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းရာတွင် ငွေလုံးငွေရင်းအသုံးစရိတ်များမှ မှားယွင်းတွက်ချက်မှုများပိုမိုတောင်းခံမှုများ၊ အရေးတကြီး ဆောင်ရွက်ရန်မလိုအပ်သော စီမံကိန်းများအတွက် ၁၃. ၉၁၅ ဘီလီယံကို စိစစ်ပြီးလျှော့ချ၊ ငြင်းပယ်ခဲ့ပါသည်။

**ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခြင်း**

၂၀၁၆-၂၀၁၇ ခုနှစ် ဖြည့်စွက်ဘဏ္ဍာငွေတောင်းခံမှုတွင် စိစစ်လျှော့ချငွေ ၃၄၇. ၈၇၇ ကျပ်သန်းရှိခဲ့ပါသည်။ ထိုစိစစ်လျှော့ချငွေမှာ ဗဟိုအဖွဲ့အစည်း (၅)ခုမှ ၂၄၀. ၆၂၆ ကျပ်သန်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နိုင်ငံပိုင်အဖွဲ့အစည်းများမှ ၁၀၅. ၈၃၁သန်း၊ စည်ပင်သာယာအဖွဲ့အစည်းမှ စိစစ်လျှော့ချငွေ ၀. ၄၂၀ ကျပ်သန်း၊ စုစုပေါင်းလျှော့ချငွေ ၃၄၇. ၈၇၇ ကျပ်သန်းဖြစ်ခဲ့ပြီး တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမရှိစေရေး အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရ/သုံးမှန်းခြေလျာထားစာရင်းတင်ပြမှုကိုလည်း ၇၉၁၁. ၄၄၄ ကျပ်သန်းစိစစ်လျှော့ချ၍ လျာထားစာရင်းပြင်ဆင်ခဲ့ပါသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်သွင်းလာသော လျာထားချက်တွင် ပဲခူးတိုင်းဒေသကြီးရငွေမှာ ၂၅၄၃၇. ၂၈၂ကျပ်သန်း၊ သာမန်အသုံးစရိတ်အဖြစ် ၆၉၉၉၁. ၅၅၅ ကျပ်သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ် တောင်းခံငွေမှာ ၈၁၁၃၇. ၂၀၂ ကျပ်သန်းတို့ဖြစ်ပါသည်။ သို့အတွက် လျာထားတင်ပြမှုတွင် သုံးငွေစုစုပေါင်းမှာ ၁၅၁၁၂၈. ၇၅၇ ကျပ်သန်းဖြစ်ပြီး ရငွေထက်ပိုမိုသုံးစွဲငွေ(လိုငွေ)၁၂၇၆၉၁. ၄၇၅ကျပ်သန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်း ပေးမည်ဖြစ်ပါသည်။

အဆိုပါ လျာထားတင်ပြမှုမှ စိစစ်လျှော့ချငွေ ၇၉၁၁. ၄၄၄ ကျပ်သန်းအား တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး စည်ပင်သာယာရေးအဖွဲ့သို့ ၅၅၈၉. ၁၇၅ ကျပ်သန်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းသို့ ၂၈၂. ၀၃၉ ကျပ်သန်း၊ ဆည်မြောင်းဦးစီးဌာနသို့ ၃၂၅. ၅၄၉ကျပ်သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့

၃၅၉. ၇၀၀ ကျပ်သန်း၊ ဌာန(၁၄)ခုသို့ ၁၃၄၅. ၄၈၁ ကျပ် သန်း၊ လွှတ်တော်ရုံးသို့ ၉. ၅၀၀ ကျပ်သန်း၊ စုစုပေါင်း ၇၉၁၁. ၄၄၄ ကျပ်သန်းအား သုံးစွဲရန် လွှတ်တော်မှ စိစစ်လျှော့ချပြီး အတည်ပြုခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ဧပြီလ(၁)ရက် နေ့တွင် ငွေစာရင်းကော်မတီသို့ရောက်လာပြီး ဥပဒေကြမ်း၏ ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံမှုမှ ၁၃. ၉၁၅ သန်းကို လျှော့ချခဲ့ပါသည်။

ထိုသို့လျှော့ချရာတွင် တိုင်းတည်ကော်မှ ခွင့်ပြုထားသော ခရိုင်အလိုက်ဒေသပေါက်စျေးနှုန်း နှင့်အညီ မတွက်ဘဲ ပိုမိုတွက်ချက်တောင်းခံထားခြင်း၊ ဥပမာ- အုတ်စျေးကို ၈၅/-နှုန်းခွင့်ပြုထား သော်လည်း ၁၀၀/- စျေးနှုန်းဖြင့် တွက်ချက်ထားခြင်း၊ စျေးနှုန်းတန်ဘိုးများမှားယွင်းတွက်ချက်ထားခြင်း၊ ဥပမာ Binding Wire တစ်ခွေလျှင် ၃၄၀၀/- ကျပ်နှုန်းအား ၃၄၀၀၀/-နှုန်းဖြင့် မှားယွင်းတွက်ချက်တောင်းခံခြင်း၊ ခရီးအကွာအဝေး မိုင်များကို လမ်းဦးစီးမှ ထုတ်ပြန်ထားသော အကွာအဝေး မိုင်များထက်ပိုမိုတွက်ချက် တောင်းခံထားခြင်း၊ ဥပမာ- ကြို့ပင်ကောက်နှင့် ပြည်မြို့၏ အကွာအဝေး မိုင်ယူရာတွင် ၅၈ မိုင်အစား ၈၃ မိုင်ဖြစ်နေခြင်း၊ ပဲခူးတိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် လုပ်ဆောင်ရန် မသင့်သောလုပ်ငန်းများ ဥပမာ- ပဲခူးအရှေ့မြို့ရှောင်လမ်း၊ အရေးတကြီး ဆောင်ရွက်ရန် မသင့်သေးသောလုပ်ငန်းများ ဥပမာ- သန်း ၆၀၀ကျော် ကုန်ကျမည့် နေပြည်တော်တွင် တည်ဆောက်မည့် အစိုးရဧည့်ရိပ်သာ၊ အများပြည်သူအကျိုးစီးပွားနှင့် နေထိုင်မှုတို့ကို ထိခိုက်နစ်နာစေနိုင်သော စီမံကိန်းလုပ်ငန်းများ ဥပမာ-သမိန်ဗရမ်းလမ်းနှင့် မဂ္ဂတစ်လမ်းတို့ ဆက်သွယ်ဖောက်လုပ်မည့် လမ်းစီမံကိန်းနှင့် လမ်းဦးစီးဌာန၏ များပြားသော ငွေလုံးငွေရင်း အသုံးစရိတ်များအား လျှော့ချခြင်း၊ လမ်းဦးစီး၏ ငွေလုံးငွေရင်း အသုံးစရိတ်သည် တိုင်းဒေသကြီးတစ်ခုလုံးသုံးမည့် ငွေလုံးငွေရင်း အသုံးစရိတ်၏ ၅၂. ၁၅၁ % ဖြစ်နေ၍ များပြားလွန်းသော အသုံးစရိတ်များကို ၁၀% လျှော့ချခြင်း ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းဥပဒေကြမ်းမှ ၁၃. ၉၁၅ ဘီလီယံ လျှော့ချရခြင်းမှာ ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၃(ခ)၊ ပုဒ်မ ၂၅၁ အရရင်း၊ ၂၀၁၆ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် နည်းဥပဒေပုဒ်မ ၂၇၄ အရရင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများကို ခြိုးခြံချွေတာသုံးစွဲရမည် ထိရောက်မှန်ကန်စွာသုံးစွဲရန် လမ်းညွှန်ချက်အရ စိစစ်လျှော့ချရခြင်းဖြစ်ပါသည်။

## ရငွေများနှင့်ပတ်သက်၍တင်ပြမှု

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးဆိုင်ရာဥပဒေကြမ်းတင်သွင်းရာ တွင်ဖော်ပြပါရှိချက်အရ ရငွေမှာ ၃၀၃၆၅. ၁၈၂ သန်းဖြစ်ပြီး သုံးငွေဖော်ပြချက်မှာ ၁၅၈၀၅၆. ၆၅၇ ကျပ်သန်းဖြစ်ပါသည်။ လိုငွေမှာ ၁၂၇၆၉၁. ၄၇၅ သန်းဖြစ်ပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းရန် ပေးမည်ဖြစ်ပါသည်။ ရငွေ ၃၀၃၆၅. ၁၈၂ ကျပ်သန်းတွင် ပြည်ထောင်စုမှ ထပ်မံခွဲဝေပေးသော အခွန်ဝေစုရငွေ ၄. ၉ ဘီလီယံပါဝင်ပါသည်။ တိုင်းဒေသကြီး၏ရငွေ ၃၀၃၆၅. ၁၈၂သန်းတွင် ပြည်ထောင်စုမှ ပံ့ပိုးငွေ ၂၈၀၀. ၀၀သန်းနှင့် ပြည်ပအကူအညီ ၂၃၀. ၇၁၉ သန်းပါဝင်နေခြင်း ကြောင့် ဗဟိုအဖွဲ့အစည်းမှ ရငွေ ၁၀၇၆၈. ၈၃၀ သန်း၊ အခွန်အကောက်ရငွေ ၅၀၅၈. ၄၅၂သန်း၊ နိုင်ငံတော်ပိုင်အဖွဲ့အစည်းများမှရငွေ ၀. ၉၀၁

သန်း၊ အခြားသာမန်ရငွေ ၁၁၅၀၄. ၅၈၀သန်း၊ လျှပ်စစ်ဖြန့်ဖြူးရေးမှ ရငွေ ၁. ၇ သန်းဖြစ်ပြီး စုစုပေါင်းတိုင်းဒေသကြီးအတွင်းမှ ရငွေမှာ ၂၇၃၃၄. ၄၆၃ သန်းသာ ဖြစ်ပါသည်။ သုံးငွေမှာ ១၅၈၀၅၆. ၆၅၇ သန်းဖြစ်ပါသည်။

သို့ပါ၍ ပဲခူးတိုင်းဒေသကြီးရငွေမှာ အလွန်နည်းနေသည်ဟုဆိုနိုင်ပါသည်။ ၂၁. ၆. ၂၀၁၇ အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာခန်းမတွင်ပြုလုပ်သော ပဲခူးတိုင်းဒေသကြီး မူဝါဒချမှတ်ခြင်းနှင့် ဦးစားပေးများဖော်ထုတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင်လည်း Renaissance Institude နှင့် The Asia Foundation အဖွဲ့မှလည်း ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကို သုံးသပ်ရာတွင်လည်း ရငွေများအလွန်နည်းကြောင်း လမ်းဦးစီးဌာနမှ သုံးငွေများမှာလည်း အလွန်များကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အသုံးစရိတ်များတွင်လည်း ဌာနဆိုင်ရာလုပ်ငန်းများပါဝင်ပြီး သုံးစွဲမှုများနေကြောင်း သုံးသပ်ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ၂၅. ၁၁. ၂၀၁၆ ရက်စွဲပါ စာအမှတ် ၁၂၄၈/၂၄၂- ငွေစာရင်း ၃-၁/ အဖရ(၂၀၁၆)တွင်လည်း တိုင်းဒေသကြီးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် အသုံးစရိတ်များကိုသာ လျာထားသုံးစွဲရန် အသုံးစရိတ်များကို ခြိုးခြံချွေတာသုံးစွဲရန်နှင့် ရငွေများကို တိုးတက်ရှာဖွေရန်ဟု ပါရှိပါသည်။ သို့ပါ၍ ပဲခူးတိုင်းဒေသကြီး၏ သုံးငွေဘတ်ဂျက်များကို စိစစ်နေသကဲ့သို့ ရငွေများကိုလည်း တိုးတက်ရရှိလာစေရန် အထူးအလေးထား ဆောင်ရွက်သင့်ကြောင်း အစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာတို့အား တိုက်တွန်းအပ်ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းအပေါ် လွှတ်တော်၏ ဆောင်ရွက်မှုနှင့် ပတ်သက်ပြီးအထွေထွေရှင်းလင်းတင်ပြခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းအပေါ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ မီဒီယာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတင်းအမျိုးမျိုးထုတ်ပြန်မှုများကြောင့် ပြည်သူများ၏ စိတ်အစဉ်အမျိုးမျိုးထင်မြင်နိုင်စရာရှိပါသည်။

သို့ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များကို သိစေနိုင်ရန် ပြည်သူများ၏ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို လွှတ်တော်၏ ဆောင်ရွက်ခဲ့မှုများကို လွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီမှ တင်ပြဖတ်ကြားမှာဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးလွှတ်တော်သို့ ငွေစာရင်းကို နှစ်ကြိမ်ပေးပို့ရမှာဖြစ်ပါတယ်။ ဒါကလည်း ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၉၄၊ ပုဒ်မ-၁၉၃(ခ)အရလည်းကောင်း၊ ၂၀၁၆ခုနှစ်၊ စက်တင် ဘာလ(၂၈)ရက်နေ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ၌လည်းကောင်း ပါရှိပြီးဖြစ်ပါသည်။

ပထမအကြိမ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်လျာထားစာရင်းကို အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းတွင် လွှတ်တော်သို့ပေးပို့ပြီးဆုံးဖြတ်ချက်ယူရမှာဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရသုံး ဥပဒေကြမ်းကို

ထပ်မံတင်ပြရန်မှာ မတ်လ (၃၁)မတိုင်မီ ရက်ပေါင်း (၃၀)ကြိုတင်ပြီး လွှတ်တော်သို့ ပေးပို့ရမှာ ဖြစ်ပါတယ်။

လျာထားဘတ်ဂျက်စာရင်းများပေးပို့စဉ်ကလည်း (၁)လနောက်ကျခဲ့ရသလို ၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေရသုံးဥပဒေကြမ်းပေးပို့သောအခါမှာလည်း မတ်လကုန်ခါနီးမှသာ ထုတ်ပြန်နိုင်ပြီး ဧပြီ(၂)ရက်နေ့မှသာ လွှတ်တော်မှရရှိပါသည်။ ထို့ကြောင့် ပထမပေးပို့ရမည့် ဘတ်ဂျက်လျာထား စာရင်းကို သတ်မှတ်ချိန်ထက်(၁)လခန့် နောက်ကျပြီးမှ ပေးပို့နိုင်ပြီး ပြည်ထောင်စုဘဏ္ဍာကော်မရှင်သို့ တင်ပို့ရန် နောက်ကျနေ၍ ဘဏ္ဍာ ကော်မရှင်သို့ တင်ပြတောင်းခံချိန်တွင်လွှတ်တော်၏ သဘောတူဆုံးဖြတ်ချက်မပါသွားဘဲ လွှတ်တော်က နောက်မှသဘောတူဆုံးဖြတ်ချက်ချခဲ့ရပါသည်။

လွှတ်တော်သို့ ဘဏ္ဍာငွေရသုံးဥပဒေကြမ်းတင်သွင်းစဉ်ကလည်း သတ်မှတ်ရက်ထက် တစ်လခန့်နောက်ကျပြီးမှ လွှတ်တော်သို့တင်သွင်းနိုင်ခဲ့ပါသည်။

လွှတ်တော်သို့လျာထားဘတ်ဂျက်စာရင်းတင်သွင်းစဉ်က (၁)လနောက်ကျခဲ့ရသလို စိစစ်ရာတွင်လည်း ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်နေရပြီး ဘတ်ဂျက် ငွေတောင်းခံမှုများကိုလည်း ၂၀၁၅-၂၀၁၆ စာရင်းအမှန်၊ ၂၀၁၆-၂၀၁၇ လျာထားစာရင်း၊ ၂၀၁၆-၂၀၁၇ ပြုပြင်ပြီးစာရင်းများကို လေ့လာသုံးသပ်ပြီး ယခု ၂၀၁၇-၂၀၁၈ သာမန်ငွေစာရင်းတောင်းခံမှုကို စိစစ်ခဲ့ပြီး ဌာနဆိုင်ရာများတွင် ထူးခြားသော လုပ်ဆောင်ရန်မရှိပါဘဲလျှက် ငွေစာရင်း တောင်းခံမှုများပြား မြင့်တက်နေခြင်းများကို စိစစ်လျှော့ချခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေရသုံးဥပဒေကြမ်းအား လွှတ်တော်သို့ တင်ပြစဉ်ကလည်း ငွေလုံးငွေရင်းသုံးစွဲမည့်ဌာနအမည်နှင့် ကိန်းဂဏန်းများကိုသာ စာရင်းဇယားများပေးပို့ခဲ့ပြီး၊ အသေးစိတ်တွက်ချက်မှုများ ပေးပို့ခြင်းမရှိခဲ့ပါ။ ဌာနဆိုင်ရာတို့မှ အကြောင်းပြန်ကြားချက်တွင် ငွေလုံးငွေရင်းဘတ်ဂျက်တောင်းခံပြုလုပ်မည့် တည်ဆောက်ပြုပြင်လုပ်ငန်းများတွင် PAE(OR)FAE Rate နှင့် တင်ပြတွက်ချက်တောင်းခံခြင်းသာဖြစ်ပါ၍ အသေးစိတ်တွက်ချက်မှုမရှိကြောင်း ဌာနတော်တော်များများက လွှတ်တော်သို့အကြောင်းပြန်ကြားပါသည်။

PAE (OR) FAE Rate ဆိုသည်မှာ (Plinth area Estimate or Floor Area Eastimate) အောက်ခံကြမ်းပြင်ဧရိယာ အကျယ်ပေါ်တွင် အခြေခံပြီးဆောက်လုပ်မည့် ကုန်ကျတန်ဖိုးကို မှန်းဆတွက်ချက်တောင်းခံခြင်းဖြစ်ပါသည်။ အောက်ခံကြမ်းခင်း(၁)ပေပတ်လည်၏ စံယူနစ်တန်ဖိုးမှာလည်း အမျိုးမျိုး ကွဲပြားပြီး လုံးဝတိကျရေရာသေချာသော တွက်ချက်ပုံမဟုတ်ပါ၍ လွှတ်တော်မှ အသေးစိတ် တွက်ချက်မှုများသာပေးသင့်ကြောင်းနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးရုံး၊ နေပြည်တော်မှ ထုတ်ပြန်သော ၂၀၁၆ခု၊ စက်တင်ဘာလ(၆)ရက် နေ့စွဲပါစာအမှတ်-၁/ဌာနခွဲ-၃/၂၀၁၆(စီ၂၇၄၃)အရ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် ကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန် အပိုင်း-၂၊ အပိုဒ်-၁၁အရ ငွေလုံးငွေရင်း တောင်းခံငွေများဖြင့် ပြုလုပ်မည့် လုပ်ငန်းများ၏ အသေးစိတ်တွက်ချက်မှုများကို လွှတ်တော်သို့ ပေးပို့သင့်ပါကြောင်း ထပ်မံအကြောင်း ကြားပြီးသောအခါမှသာ အသေးစိတ်တွက်ချက်မှုများရရှိခဲ့ပါသည်။ အသေးစိတ်တွက်ချက်မှုများ ပေးပို့နိုင်ရန်အချိန်ပေးရခြင်း၊ ပေးပို့လာသော အသေးစိတ်တွက်ချက်မှုများကို သေချာစွာ စိစစ်နေရခြင်းတို့ကြောင့် လွှတ်တော်၏ စိစစ်ရသော အချိန်ကြာမြင့်မှုလည်းရှိပါသည်။

အမှန်အားဖြင့် လွှတ်တော်မှ ယခုကဲ့သို့ စိစစ်ရန်မလိုပါ။ လွှတ်တော်မှ လျှော့ချခြင်း၊ ငြင်းပယ်ခြင်း၊ သဘောတူခြင်းလုပ်ငန်းများကိုသာလုပ်ဆောင်ရမှာဖြစ်ပါသည်။ သို့သော် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီးတို့၏ တွက်ချက်တင်ပြတောင်းခံမှုများကို အကြမ်းဖျင်းစိစစ်ရာ မှားယွင်းစွာ တင်ပြတောင်းခံမှုများ ဥပမာ-နှစ်ထပ်အဆောက်အဦးဆောက်ရန် ဘတ်ဂျက်တောင်းခံရာ၌ တစ်ထပ် အဆောက်အဦးနှင့်မှားယွင်းစွာတင်ပြထားခြင်း၊ ကားတစ်စီးမှ ယာဉ်မောင်းဆီနှစ်မျိုး (ဓာတ်ဆီ/ဒီဇယ်) တောင်းခံထားခြင်း၊ တိုင်းတည်ကော်မှ ထုတ်ပြန်ထားသော ခရိုင်အလိုက် ကုန်ပစ္စည်းဈေးနှုန်းများနှင့်အညီ တွက်ချက်မထားပဲ၊ ပိုမိုတွက်ချက်ထားခြင်း၊ ဥပမာ-ခရိုင်ဈေးနှုန်း ကျွန်းသစ်ကို ၁ တန်လျှင် ၁၄၀၀၀၀၀ ကျပ် ခွင့်ပြုထားသော်လည်း၊ ၁ တန်လျှင် ၂၈၀၀၀၀၀ ကျပ် နှုန်းတောင်းခံထားခြင်း၊ သံချောင်းဈေးနှုန်းများကို တစ် တန်လျှင် ၆၅၀၀၀၀ ကျပ်ခွင့်ပြုထား သော်လည်း ၉၅၀၀၀၀ ကျပ်နှုန်းဖြင့် တွက်ချက်တောင်းခံထားခြင်း၊ မဖြစ်သင့်သော တောင်းခံမှုများ ဥပမာ- သမိန်ဗရမ်းလမ်းနှင့် မဂ္ဂတစ်လမ်းသို့ လမ်းကြောင်းဆက်သွယ်သော ပဲခူးမြစ်ကူးတံတား အသစ်တည်ဆောက်မည့် စီမံကိန်းလုပ်ငန်း၊ တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် မသင့်သေးသောစီမံကိန်းများ၊ ဥပမာ-ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်းဖောက်လုပ်ခြင်းစီမံကိန်း၊ ဌာနတစ်ခု တည်းမှ များပြားသော တင်ပြတောင်းခံမှုများ၊ မဖြစ်သင့်သော မှားယွင်းတွက်ချက်မှုများနှင့် တောင်းခံမှုများကို စိစစ်တွေ့ရှိရပါသဖြင့် အသေးစိတ် စိစစ်လျှော့ချခြင်း လုပ်ငန်းများကိုလွှတ်တော်မှ ဆောင်ရွက်ခဲ့ပါသည်။

အထက်ဖော်ပြပါ ဆောင်ရွက်ချက်များမှ ရရှိသော ရလဒ်တစ်ခုမှာ တိုင်းဒေသကြီးမှ အတည်ပြု ထားသော ခရိုင်အလိုက် ဒေသပေါက်ဈေးနှုန်းများအစား မြို့နယ်အလိုက် ဒေသပေါက်ဈေးနှုန်းပြဋ္ဌာန်းသင့်ကြောင်း တွေ့ရှိပြီး ယခုအခါတွင် မြို့နယ်အလိုက်ဒေသပေါက်ဈေးနှုန်းများ ပေါ်ပေါက်လာရေးကို အစိုးရအဖွဲ့နှင့် လွှတ်တော် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## သုံးသပ်ချက်

ပဲခူးတိုင်းဒေသကြီးဌာနဆိုင်ရာအသီးသီးတို့၏ သာမန်အသုံးစရိတ်များကို စိစစ်ရာတွင် သမ္မတရုံး ညွှန်ကြားချက်များ၊ ဝန်ကြီးဌာနများ၏ ညွှန်ကြားချက်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ၏ ထုတ်ပြန်ချက်များနှင့် ကိုက်ညီမှုမရှိသည့် တောင်းခံမှုမျိုးကို လျှော့ချခဲ့ခြင်းဖြစ်ပါသည်။ ယခင်နှစ်များက အမှန်စာရင်းများ လျာထားစာရင်းများ ပြုပြင်ပြီးစာရင်းများကို အပြန်အလှန် လေ့လာပြီး ယခုနှစ် တောင်းခံရာတွင် ပိုမိုများပြား တောင်းခံမှုများကိုသာချိန်ညှိ၍ စိစစ်လျှော့ချ ခဲ့ခြင်းဖြစ်သည့်အတွက် ဌာနဆိုင်ရာလုပ်ငန်းများကို မထိခိုက်နိုင်ဟု ယူဆသုံးသပ်မိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းသုံးငွေများကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ- ၁၉၃(ခ)/ပုဒ်မ-၁၉၄/ပုဒ်မ-၂၅၁ တို့အရလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ-၂၇၃/၂၇၄ တို့အရလည်းကောင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါ၍ ဥပဒေ၊ နည်းဥပဒေအရ ဆောင်ရွက်သည်ဟု သုံးသပ်မိပါသည်။

ငွေလုံးငွေရင်းအသုံးစရိတ်များကို အသုံးပြုမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလျှော့ချရာတွင် လုပ်ငန်းပမာဏ၊ လုပ်ငန်းသုံးပစ္စည်းများ၏ အရေအတွက်၊ အတိုင်းအတာ၊ အလေးချိန်၊ ပမာဏများကို လျှော့ချမှုမရှိခဲ့ပဲ

တိုင်းတည်ကော်၏ သတ်မှတ်ချက်၊ ခရိုင်အလိုက် ဒေသပေါက်ဈေးနှုန်းများနှင့်အညီ တွက်ချက်မှုမရှိခြင်း၊ ပိုမိုတွက်ချက်ထားခြင်း၊ မှားယွင်းတွက်ချက်ထားခြင်းစသော အချက်များအတိုင်း တွက်ချက်တောင်းခံမှုများကိုသာ စိစစ်လျှော့ချထားခြင်းကြောင့် ဌာနဆိုင်ရာတို့၏ ငွေလုံးငွေရင်း အသုံးစရိတ်များကို အသုံးပြုပြီးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မထိခိုက်နိုင်ဟု သုံးသပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရန်ပုံငွေ အတည်ပြုရန်နောက်ကျရခြင်းမှာ (က)ဌာနဆိုင်ရာ အဆင့်ဆင့်တို့မှ ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းများကို အချိန်မီဆောလျင်စွာ မဆောင်ရွက်နိုင်မှု၊ (ခ) ဌာနဆိုင်ရာအသီးသီးတို့၏ ငွေလုံးငွေရင်းသုံးစွဲမှုနှင့် ပတ်သက်သော အသေးစိတ်တွက်ချက်မှုများကို အချိန်မီ မပေးဘဲ၊ လွှတ်တော်မှ အကြိမ်ကြိမ်တောင်းခံမှသာ အချိန်နောက်ကျ၍ရရှိခြင်း၊ (ဂ)တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လွှတ်တော်ပူးပေါင်းဆောင်ရွက်ရမည့် လျာထားဘတ်ဂျက်မတိုင်မီ ညှိနှိုင်းဆွေးနွေးမှုမရှိခြင်းကြောင့်ဟု သုံးသပ်မိပါသည်။

ပဲခူးတိုင်းဒေသကြီး၊ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ တိုးတက်လာစေရန်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လွှတ်တော်၊ ပူးပေါင်းဆောင်ရွက်မှုအားကောင်းရန် လိုအပ်ကြောင်း သုံးသပ်မိပါသည်။

**နိဂုံး**

တိုင်းဒေသကြီးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီး၏ ဘဏ္ဍာရေးသည် အဓိကကျပြီး အရေးပါပါသည်။ ဘဏ္ဍာရေးတွင်လည်း အဓိကဖြစ်သော ရငွေများနှင့် သုံးငွေများတွင် ရငွေများပိုမိုတိုးတက် ရရှိလာစေရန်နှင့် သုံးငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ခြိုးခြံချွေတာ သုံးစွဲရေးအတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီမှ စိတ်စေတနာအမှန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ဘဏ္ဍာငွေကို စီမံခန့်ခွဲကိုင်တွယ်သုံးစွဲရမည့်သူများမှလည်း မိမိပိုင်ငွေများကို သုံးစွဲသကဲ့သို့ ထိရောက်မှန်ကန်စွာနှင့် ခြိုးခြံချွေတာသုံးစွဲပြီး ပဲခူးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ ပိုမိုများပြားလာစေရန်နှင့် တိုင်းဒေသကြီးတစ်ခုလုံး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် စိတ်စေတနာအမှန်ဖြင့် စီမံသုံးစွဲကြရန်၊ တိုက်တွန်းနှိုးဆော်ခြင်းဖြင့် အစီရင်ခံစာအား တင်ပြအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ**

**ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်များ၊ ချောင်းများမှ မြစ်သဲ၊ မြစ်ကျောက်စရစ် ချောင်းကျောက်များကို နှစ်စဉ်ထုတ်ယူနေပါသည်။ မြစ်၊ ချောင်းများတွင် ကြမ်းပြင်မြင့်တက်လာမှုကြောင့် မြစ်ထဲတွင် မြစ်ကျဉ်းများ၊ ချောင်းများတွင် ရေစီးကြောင်း ပြောင်းခြင်းများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် မြစ်သဲ၊ မြစ်ကျောက်စရစ်၊ ချောင်းကျောက်များ ထုတ်ယူရန် လိုအပ်ပါသည်။ သို့သော်ထုတ်လုပ်ရာတွင် မြစ်များ၊ ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့် ဧက၊ ကျင်းအရေအတွက်အတိုင်း ထုတ်လုပ်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ စည်းကမ်းမဲ့ သတ်မှတ်ဧက ဧရိယာကျော်လွန်၍ ကမ်းပါးအနီးကပ်၍ စုပ်ယူထုတ်လုပ်ပါက ကမ်းပါးပြိုမှုများဖြစ်ပေါ်လာနိုင် ပါသည်။ ချောင်းကျောက်များကိုလည်း စည်းမဲ့ကမ်းမဲ့ ချောင်းကူးတံတားများအနီးတွင် လုပ်ကွက်မရှိ လိုင်စင်မရှိ ထုတ်ယူမှုများရှိနေပါသည်။

သတ်မှတ်ဧရိယာအတွင်း သတ်မှတ်ထားသည့် ကျင်း(၂၀၀၀)ဖြစ်ပါက သတ်မှတ်ဧရိယာထဲတွင် စည်းကမ်းရှိစွာ တစ်နှစ်အတွင်း ကျင်း(၂၀၀၀)ကျော် ထုတ်လုပ်ပါကထပ်မံ၍ နိုင်ငံတော်ကို အခွန်သွင်း၍ ထုတ်လုပ်မည်ဆိုပါက နိုင်ငံတော်အခွန်ဘဏ္ဍာ ထပ်မံရရှိမည်ဖြစ်ပါသည်။ (ဥပမာ-ပန်းတောင်းမြို့နယ် ဆင်တဲ ကျေးရွာ၊ ဆင်တဲမြောက်ကွင်းအမှတ် ၇၅(က)တွင် မူလကျင်း(၂၀၀၀)ထက် ပိုမိုထုတ်လုပ်နေ၍ ဒေသခံများမှ တိုင်ကြားရာ ထပ်မံ၍ ကျောက်ကျင်း(၂၀၀၀)ကျသင့်ငွေ သိန်း(၅၀)တိတိ၊ သဲကျင်း(၃၀၀၀)ကျသင့်ငွေ(၁၅)သိန်း စုစုပေါင်း (၆၅)သိန်း ထပ်မံပေးသွင်းသဖြင့် နိုင်ငံတော်ဘဏ္ဍာတိုးတက် ရရှိပါသည်။

သတ်မှတ်ဧရိယာအတွင်း သတ်မှတ်ကျင်းအရေအတွက်ထက် ကျော်လွန်ထုတ်လုပ်နေပါက နိုင်ငံတော် အခွန်ဘဏ္ဍာထဲမဝင်ဘဲ အလေအလွင့်မရှိစေရန် စစ်ဆေးကြပ်မတ်သင့်ပါသည်။ လုပ်ငန်းလိုင်စင်များကို ဌာနချင်း ပေါင်းစပ်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ် နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့်ကျင်း အရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝ ရရှိစေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ အဆိုရှင် ဒေါ်ဇင်မိုးထိုက် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းလာသည့်အဆိုကို ထောက်ခံဆွေးနွေးသွားမည့် ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း ဖြစ်ပါတယ်။

အဆိုရှင်တင်သွင်းသည့် ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်များ၊ ချောင်းများ၊ မြစ်၊ သဲ၊ ကျောက်စရစ်များ ထုတ်ယူနေခြင်းအား လွှတ်တော်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်ကိုင်ခွင့်ရသည့် ကျင်းရေ(၂၀၀၀)ရှိသည့် လုပ်ငန်းရှင်တစ်ဦးမှ တစ်နှစ်လျှင် ကျင်း(၂၀၀၀၀)နီးပါးထုတ်ယူနေသော မျက်မြင်တွေ့ရှိနေပါတယ်။ ဒါကြောင့် ယင်းကိစ္စကို အစိုးရအဖွဲ့အနေဖြင့် သေသေချာချာကြပ်မတ်ဆောင်ရွက်ပေးနိုင်လျှင် မိမိတို့တိုင်းပြည်အခွန်ဝင်ငွေ တိုးလာမှာဖြစ်သည့်အတွက် ဒေါ်ဇင်မိုးထိုက်၏အဆိုကို မိမိအနေဖြင့် လေးလေးနက်နက်ထောက်ခံဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၏ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ထောက်ခံဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒေါ်ဇင်မိုးထိုက်အဆိုသည် မိမိတို့တိုင်းဒေသကြီးအတွက် အခွန်ဘဏ္ဍာတိုးပွားလာနိုင်ပြီး မြစ်ချောင်းများပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကိုလည်း ကာကွယ်နိုင်သည့်အဆိုတစ်ရပ် ဖြစ်သည့်အတွက် တိုင်းဒေသကြီးလွှတ်တော်တွင် ဆက်လက်ဆွေးနွေးသင့်ပါကြောင်း သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်မှ ထောက်ခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒို့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန်သဘောတူကြောင်းကြေညာပါတယ်။

**အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို အမြန်ဆုံးပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို အမြန်ဆုံး ပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးမှ အမည်စာရင်း တင်ပြ ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသက်ဝင်းလှိုင်၏ "၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇ များကို အမြန်ဆုံးပြန်လည်စိစစ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမည့် ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဒေါ်နွယ်နီဝင်းဖြစ်ပါတယ်။

၂၀၁၂လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇များတွင် ကွင်းအမည်၊ ဦးပိုင်အမှတ်မှာ တစ်ထပ်တည်းကျနေမှုများ၊ ပုံစံ-၇များတွင် ပါဝင်သော လယ်ဧကများကို ပြင်ဆင်မှုများရှိသည်ကို တွေ့ရှိရပါတယ်။ ဥပမာ လယ်ဧက ၀. ၉၀ကို သုညရှေ့တွင် တစ်တလုံးကို ထပ်ထည့်၍ ၁၀. ၉၀ဧကဖြစ်အောင်လုပ်သလို ၁. ၂၀ဧကကို ၃. ၂၀ဧကအဖြစ် ဖျက်ပြင်များပြုလုပ်ထားမှုများလည် ရှိနေကြောင်းကို သိရှိရပါသည်။ အထူးသဖြင့် စိုက်ဘဏ်ချေးငွေထုတ်ပေးချိန်တွင် စိုက်ဘဏ်ဌာနတွင်

ငယ်စာရင်းများမရှိခြင်းကြောင့် တိုက်ဆိုင်စစ်ဆေးရန် အခက်အခဲများရှိခဲ့ကြောင်းကိုလည်း (၂၅. ၅. ၂၀၁၇) ရက်နေ့တွင် တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် တိုင်းခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ မြေစာရင်းဦးစီးများ၊ စိုက်ပျိုးရေးဌာနဦးစီးမှူးများ၊ စိုက်ဘဏ်မန်နေဂျာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲတွင် ဆွေးနွေးမှု၊ တင်ပြမှုများပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ လယ်လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇များကို အမြန်ဆုံးပြန်လည်စိစစ်နိုင်ရန် စိစစ်ရေးကော်မတီကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ပြင်ပပုဂ္ဂိုလ်နှင့် အမြန်ဆုံးဖွဲ့စည်းသင့်ပါကြောင်း ဦးသက်ဝင်းလှိုင်၏ အဆိုကို ထောက်ခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေး ပေးဖို့ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေး ထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို အမြန်ဆုံးပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမည် ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား အဆိုရှင် တင်ပြခဲ့သလိုပဲ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ပုံစံ-၇ ဖောင်းပွနေမှုဟာ အလွန်မှစိုးရိမ်စရာကောင်းနေပါတယ်။ ပုံစံ-၇ဖောင်းပွမှုကြောင့် မလိုလားအပ်သည့် ပြဿနာများမှာ နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများ မြေယာအငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။ ကျွန်တော်အနေဖြင့် သာဓကတင်ပြရလျှင် ကျွန်တော့်မဲဆန္ဒနယ်အတွင်းရှိ ညောင်ပင်သာကျေးရွာအုပ်စုအတွင်း ပုံစံ-၇များအား စိစစ်ခဲ့ရာတွင် လက်ရှိပိုင်ဆိုင်သည့် မြေဧကထက်ပိုမိုနေခြင်း၊ ဥပမာ လက်ရှိမြေပြင်ဧက (၃)ဧကဖြစ်သော်လည်း ရှေ့တွင် (၁)ထည့်၍ (၁၃)ဧကဖြစ်နေခြင်းများ၊ မြေအရောင်းအဝယ်များ ပြုလုပ်ရာတွင် မြေကွက်တစ်ကွက်ထဲကို ပုံစံ-၇ နှစ်ရွက်ဖြစ်နေခြင်း အရောင်းအဝယ်များပြုလုပ်ရာတွင် ၂၀၁၂လယ်ယာမြေ နည်းဥပဒေ အခန်း(၄)လွှဲပြောင်းလက်ခံသော အမွေဆက်ခံသော၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများပြောင်းလဲ သတ်မှတ်သော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် အခန်းတွင်ပါရှိသည့် နည်းဥပဒေပုဒ်မ ၂၄(က)(ခ)၊ ၂၅(က)(ခ)၊ ၂၆၊ ၂၇၊ ၂၈(က)(ခ)၊ ၂၉၊ ၃၀(က)(ခ)(ဂ)၊ ၃၁(က)(၁၊၂)(ခ)၊ ၃၂၊ ၃၃နှင့် ၃၄(က)(ခ) တို့အရ ဆောင်ရွက်ခဲ့ခြင်း မရှိခြင်းကြောင့် မြေကွက်တစ်ကွက်ထဲတွင် ပုံစံ-၇နှစ်ရွက်ဖြစ်နေခြင်း၊ ကိုင်းမြေများ အား လယ်မြေဟု ပုံစံ-၇တွင်မှာ ဖော်ပြထားခြင်းများတွေ့ရှိရပါသည်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ အထက်ပါအကြောင်းများကြောင့် ပုံစံ-၇ နှစ်ရွက် ကိုင်ထားသူအချင်းချင်း မြေယာအငြင်းပွားမှု ပဋိပက္ခများဖြစ်ပေါ်နေခြင်း၊ စိုက်ဘဏ်ထုတ်ပေးရာတွင် နိုင်ငံတော်မှ အမှန်ပြန်ပေးရမည့် ဧကထက်ပိုမိုထုတ်ပေးနေရခြင်း၊ စိုက်ဘဏ်ပြန်ဆက်ချိန် အမှန်တကယ် လယ်သမားများမှ အချိန်မှန်ပြန်ဆက်သော်လည်း ၄င်းပိုမိုထုတ်ထားသောလူများမှ အချိန်မှန်ပြန်ဆက်ရန် နောက်ကျသဖြင့် တောင်သူလယ်သမားများမှာ စိုက်ပျိုးရာသီအချိန်မီ ငွေထုတ်ယူရန်မရခြင်းကြောင့် တောင်သူလယ်သမားများမှ

နစ်နာမှုများရှိရခြင်းကြောင့် ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးသက်ဝင်းလှိုင်၏ အဆိုအား လေးလေးနက်နက် ထောက်ခံဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပဲခူးမြို့နယ်တွင်လည်း လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ-၇ထုတ်ပေးခဲ့ရာတွင် လက်ရှိလုပ်ကိုင်နေသော လယ်မြေဧကများနှင့် ပုံစံ-၇ပါ လယ်မြေဧကများမှာ ကွဲလွဲမှုများရှိနေပါသည်။ ကျေးရွာအတော်များများတွင် ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာသော မြေဧကများနှင့် ပုံစံ-၇ထုတ်ပေးသော ဧကများမှာ ကွဲလွဲလျော့နည်းနေခြင်းကြောင့် စိုက်ပျိုးစရိတ်ထုတ်ချေးရာတွင် တောင်သူလယ်သမားများ နစ်နာမှုများစွာဖြစ်ပေါ်နေကြရပါသည်။ ၄င်းအပြင် ပုံစံ-၇ပါ တောင်သူလယ်သမားအမည်နှင့် လက်ရှိလုပ်ကိုင်နေသော တောင်သူလယ်သမားအမည်များလွဲမှားခြင်းတို့ကြောင့်လဲ အခက်အခဲများစွာ ဖြစ်ပေါ်နေကြရပါတယ်။ ပုံစံ-၇ ရပြီး လယ်ယာမြေကို အရောင်းအဝယ်ပြုလုပ်နိုင်သဖြင့် စိုက်ပျိုးထုတ်လုပ်ရန်အတွက် မဟုတ်၊ မြေရောင်းမြေဝယ်ရင်းနှီးမြှုပ်နှံမှု တစ်ခုအနေဖြင့် မျှော်ကိုးပြီးမြေဝယ်လှောင်ထားမှုများကြောင့်လဲ စိုက်ပျိုးမြေဆုံးရှုံးခြင်း၊ သီးနှံအထွက်နှုန်းလျော့ခြင်း၊ အမြင်အမှန်တကယ် စိုက်ပျိုးခြင်းမရှိပါဘဲ နိုင်ငံတော်မှ စိုက်စရိတ်ထုတ်ချေးပေးနေရခြင်းတို့မှာ များစွာဆုံးရှုံးနစ်နာပါသည်။ ၄င်းအပြင်လယ်ယာမြေပုံစံ-၇ ထုတ်ပေးရာတွင် ကနဦးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားမှ မရရှိဘဲ မသက်ဆိုင်သူတို့မှ ၄င်းပုံစံ-၇ ရယူ ပိုင်ဆိုင်ထားခြင်းစသော မသမာမှုများ တွေ့မြင်နေရပါသည်။ ဉပမာ ရွှေပန်းကျေးရွာတောင်သူဒေါ်လှကြည်နှင့် ဘိုကုန်း အ. မ. က ကျောင်းအုပ်ကြီး) ၄င်းအပြင် ဓားမဦးချ စိုက်ပျိုးလာသော တောင်သူလယ်သမားများလဲ ပုံစံ-၇လဲ ရရှိပြီး လယ်ယာမြေများ ကုမ္ပဏီမှ ၄င်းရရှိထားသောမြေ ဖြစ်ပါသည်ဆိုရင် ဝင်ရောက်ခုတ်ထွင် ရှင်းလင်းထွန်ယက်လာသည်များလဲ တွေ့ရပါသည်။ သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန မှလည်း တစ်စုံတစ်ရာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ မြေယာလုပ်ပိုင်ခွင့် ပုံစံ-၇က အဓိပ္ပာယ်သက်ရောက်မှုနှင့် အသိအမှတ်ပြုမှုမှာ အဘက်သို့ဖြစ်နေပြီဆိုတာ ရှင်းလင်းနားမလည်နိုင်တော့ပါ။ တာဝန်ယူမှု တာဝန်ခံမှု ပြည့်ဝသော ပုံစံ-၇ ထုတ်ပေးမှုမရှိခြင်း လက်လွတ်စပယ်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ယခုလိုပြဿနာများ ပေါ်ပေါက်ခဲ့ရပါသည်။ (ဉပမာ-ဝါပျံကုန်းကျေးရွာ လယ်သမားများခွင့် ရှုပဒရုံကုမ္ပဏီကိစ္စ) တောင်သူလယ်သမား အဖို့ လယ်ယာမြေသည် ၄င်းတို့၏ အသက်သွေးကြောဖြစ်ပါသည်။ မြန်မာတောင်သူလယ်သမားများအနေဖြင့် ဘိုးစဉ်ဘောင်ဆက်စိုက်ပျိုးလာခဲ့ရာ ၄င်းတို့လယ်ယာမြေကို များစွာခင်တွယ်သံယောဇဉ်ကြီးခဲ့ပါတယ်။ ယခုလို မြေယာလုပ်ပိုင်ခွင့်ကို ချမှတ်ပေးသော ပုံစံ-၇ထုတ်ရာတွင်တိကျမှန်ကန်မှု သက်သေခိုင်လုံမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုများမှာများစွာ အရေးကြီးပါသည်။ ယခုလိုအရေးကြီးသော မြေယာလုပ်ကိုင်ပုံစံ-၇ ကိစ္စမှာ အမှားအယွင်းပေါင်းများစွာ တိကျသေချာခြင်းလဲမရှိ မှန်ကန်စွာစိစစ်ဆောင်ရွက်ထားခြင်း မရှိခြင်းတို့ကြောင့် တောင်သူလယ်သမားများ အကျိုးကို ထောက်မျှော်ပြီး သေချာစွာ ပြန်လည်စိစစ်ဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်ပါ၍ ပြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၏ မြေယာလုပ်ပိုင်ခွင့် ပုံစံ-၇များအား ပြန်လည်စိစစ်ဆောင်ရွက်ပေးသင့်ကြောင်း အဆိုကိုကျွန်တော်အနေဖြင့် လေးနက်စွာထောက်ခံအပ်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အားလုံးမင်္ဂလာခင်ဗျား။ ပြည်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်ရဲ့ "၂၀၁၂ လယ်ယာမြေဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇များကို အမြန်ဆုံးပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း"အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုတာ "နိုင်ငံတော်သည်မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့်ပြုခြင်းကိုဆိုသည်။ သို့ရာတွင် မြေပေါ်၊ မြေအောက်၊ ကျောက်မျက်၊ သတ္တု၊ ရေနံနှင့် ဓာတ်ငွေ့စသည့် သဘာဝသယံဇာတများ ထုတ်ယူအသုံးချခွင့် မပါဝင်။" ဟု ဖော်ပြထားပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ဆိုသည်မှာ "လယ်ယာမြေကိုလုပ်ပိုင်ခွင့်ပြုကြောင်း လယ်ယာမြေဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုလက်မှတ်ကိုဆိုသည်"လို့ ၂၀၁၂ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများမှာ ဖော်ပြထားပါတယ်။

ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကိုကြည့်ရင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေဖို့ ရည်ရွယ်ရင်းနဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနဲ့ ညီညွတ်မှ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ-၇ တို့ထုတ်ပေးရမှာ ဖြစ်ပါတယ်။ အပြန်အလှန်အနေနဲ့ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းစေပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနဲ့ မညီညွတ်လျှင် ထုတ်ပေးခွင့်ရှိမှာ မဟုတ်ပါဘူး။

အခုဖြစ်နေတာတွေက ဥပဒေရဲ့ ရည်ရွယ်ချက်ကို ဖီလာပြုပြီးညီညွတ်သူတွေအတွက် ပုံစံ-၇ရဖို့ ခက်ခဲပြီး မညီညွတ်သူတွေအတွက် ပုံစံ-၇ရဖို့သိပ်ကို လွယ်ကူနေတာတွေ့နေရပါသည်။

ကျွန်တော်တို့ သဲကုန်းမြို့နယ်ပိုင်၊ ကျေးသားအုပ်စု၊ ကွင်းအမှတ်(၉၃)အုတ်တွင်းကွင်းလို့ ခေါ်တဲ့နေရာဟာ ရွာနဲ့ (၂)မိုင်ခန့်ဝေးတဲ့ ရွှေတောင်နဲ့သဲကုန်းကြားတောင်ကုန်းတွေပေါ်မှာရှိတဲ့နေရာဖြစ်ခဲ့ဖူးပါတယ်။ အခု အဲဒီနေရာမှာ လုပ်ငန်းရှင်တစ်ဦးက ဧက(၄၀)ခန့် ပုံစံ-၇ရရှိပြီး ကျောက်ထုတ်ဖို့ကြိုးပမ်းနေပါတယ်။ ဒီပုဂ္ဂိုလ်ကို ပုံစံ-၇ပေးအပ်ထားသော ကျေးရွာ လယ်/စီလည်း မသိပါဘူး။ မြို့နယ် လယ်/စီရဲ့ စိစစ်ထောက်ခံချက်လည်းမပါရှိပါဘူး။ ခရိုင် လယ်/စီကိုလည်း မတင်ခဲ့ပါဘူး။ ၂၀၁၅ကုန်ခါနီးမှာ ယခင် လယ်/ဆည်ဝန်ကြီးညွှန်ကြားမှုနဲ့ဆိုပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ထုတ်ပေးခဲ့တာပါ။ ကျွန်တော်

ယခင်၊ ယခုတွေနာမတပ် စွပ်စွဲနေတာမဟုတ်ပါဘူး။ ဥပဒေအဆင့်ဆင့်ပြဋ္ဌာန်းချက်များနဲ့ ခိုင်မာအောင် ရေးဆွဲထားရက်နဲ့ အဆိုပါဥပဒေလိုက်နာကျင့်သုံးရမယ့် ဝန်ထမ်းများရဲ့ အဂတိကို မီးမောင်းထိုးပြတာပါ။ ပုံစံ-၇တစ်ခုရဖို့ အဲဒီလောက်မလွယ်ပါဘူး။

"ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် အသစ်ဖော်ထုတ်သော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်"ကို ဆွေးနွေးပါမယ် -

- နည်းဥပဒေ ၁၆အရ အများပြည်သူသိစေရန် ကြေညာရပါမည်၊
- နည်းဥပဒေ ၁၆အရ အများသိကြေညာတဲ့အခါ လုပ်ပိုင်ခွင့်ရလိုသူက နည်းဥပဒေ ၁၇အရ ပုံစံ-၁ကို ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ ထုတ်ယူပြီး မြို့နယ်ဦးစီးဌာနရုံးမှာ လျှောက်ထားရ ပါတယ်။ လျှောက်ထားသူများကို စာရင်းအင်းဦးစီးဌာနက စာရင်းပြုလုပ်ပြီး ပုံစံ-၂ ကန့်ကွက်လွှာ ကြေညာခေါ်ယူရပါတယ်။ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်ရမှာပါ၊
- နည်းဥပဒေ ၁၇အရ လျှောက်ထားချက်ကို မြို့နယ်ဦးစီးဌာနရုံးက လူပုဂ္ဂိုလ်ဖြစ်ပါလျှင် အချက် (၅)ချက်၊ အဖွဲ့အစည်းဖြစ်ပါလျှင် အချက်(၃)ချက်နဲ့ နည်းဥပဒေ-၁၈အရ စိစစ်ရပါမယ်။ မညီရင်ပုံစံ-၇ လုပ်ပေးခွင့်မရှိပါဘူး၊
- နည်းဥပဒေ-၁၈အရ စိစစ်တွေ့ရှိချက်ကို (၇)ရက်အတွင်း သဘောထားမှတ်ချက်နဲ့ ဌာနမှ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ နည်းဥပဒေ-၁၉အရ တင်ပြရပါမည်၊
- မြို့နယ်လယ်/စီ နည်းဥပဒေ-၁၉အရ တင်သွင်းလာမှုကို ထပ်မံစိစစ်ပြီး သာမန်အားဖြင့် (၇)ရက်အတွင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို နည်းဥပဒေ-၂၀အရ တင်သွင်းရပါမည်၊ စိစစ်ပါကတော့ လူပုဂ္ဂိုလ်ဖြစ်ပါက -
    - လယ်ယာမဲ့ဖြစ်ပြီး ချို့တဲ့လယ်လုပ်သား၊
    - စိုက်ပျိုးရေးလုပ်ကိုင်နေသော်လည်း လယ်ယာမြေချို့တဲ့သူ၊
    - စိုက်ပျိုးရေးလုပ်ကိုင်နေပြီး တိုးချဲ့လုပ်ကိုင်ရန် လိုအပ်နေသူ၊

  အဖွဲ့အစည်းဖြစ်ပါက -
    - စိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းခြင်း၊
    - ခေတ်မီစက်မှုလယ်ယာက အကောင်အထည်ဖော်နိုင်ခြင်း၊
    - အမှန်တကယ်စိုက်ပျိုး၍ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ခြင်းတွေနဲ့ စိစစ်ရမှာပါ။ မလွယ်ကူပါဘူး။ ဒါပေမယ့် မြေစာရင်းဦးစီးဌာန ဝန်ထမ်းတွေအတွက်တော့ လွယ်ပါတယ်။
- ခရိုင်လယ်/စီက ထပ်မံစိစစ်၍ (၁၅)ရက်အတွင်း ငြင်းပယ်ခြင်း၊ ခွင့်ပြုခြင်းကို မြို့နယ်ဦးစီး ဌာနရုံးကို ပြန်ပို့ရပါမယ်။ မြို့နယ်ဦးစီးဌာနရုံးက (က) လုပ်ကိုင်ခွင့်ရသူများကို ပုံစံ-၅၊ (ခ) ငြင်းပယ်ခြင်းခံရသူများကို ပုံစံ-၆မှာ ရေးသွင်းပြီး မြို့နယ်လယ်/စီကို ပြန်လည်တင်ပြရပါမည်၊
- မြို့နယ်လယ်/စီက တင်ပြချက်နှင့်အညီ (က) လုပ်ပိုင်ခွင့်ရရှိသူကို ပုံစံ-၇၊ (ခ) ငြင်းပယ်ခြင်းခံ ရသူကို ပုံစံ-၈ ထုတ်ပေးရပါမည်။

အဆင့်ဆင့်ဖြတ်သန်းမှုတွေနဲ့အတူ လုပ်ကိုင်ခွင့်ရရှိသူသည် ရပ်သိရွာသိ လုပ်ကိုင်ခွင့်ရရှိအောင် ဥပဒေ

ရေးဆွဲထားတာပါ။ ဒါပေမယ့် အခုတော့ (မြေတိုင်း-၄)အဆင့်ရှိ ကွင်းစာရေးသိရုံနဲ့ ပုံစံ-၇ ရရှိသည့်ပုံစံ ဖြစ်နေပါတယ်။

ပျင်းရိစရာဥပဒေ ဆွေးနွေးမှုမှာ မြူးစရာလေးတင်ပြပါရစေ။ ပြည်ခရိုင်အတွင်းက မြေတိုင်းကွင်း စာရေးတစ်ယောက်သည် (KTV) မှာ ငွေရှင်းစရာမပါလို့ လွယ်အိတ်ထဲမှာပါတဲ့ ပုံစံ-၇များထဲက ပုံစံ-၇ တစ်ရွက် ထုတ်ရှင်းခဲ့ဖူးတယ်ဆိုတာ လူပုဂ္ဂိုလ်သက်သေထားပြီး တင်ပြခြင်းဖြစ်ပါတယ်။ သဲကုန်းမြို့နယ်ကို ဦးစီးမှူးအသစ်ပြောင်းလာတဲ့အခါ ဘီဒိုရှင်းတော့ ဟော်လိုဂရမ်ကပ်ပြီးသား ဦးစီးမှူးဟောင်း လက်မှတ်ထိုး ပြီးသား ပုံစံ-၇တွေ တစ်ထပ်ကြီးတွေ့ရပါတယ်လို့လဲ ပြောဖူးပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က သဲကုန်းမြို့နယ် အင်းပေါ်ငယ်အုပ်စု၊ သွေးမှော်ရွာက တောင်သူအချို့က ဆက်သွယ်လာပါတယ်။ မြေတိုင်းစာရေးက အင်းအတွင်းက မြေများကို ပုံစံ-၇တစ်စောင် (၅၀၀၀၀)ကျပ်နဲ့ ရယူနိုင်ကြောင်း အသိပေးလာတာကို တိုင်းကြားတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ခရိုင်အတွင်း ပေါင်းတည် ဆင်မြီးဆွဲလမ်းဘေး ရေဆိုးမြောင်းတူးဖော်စဉ်မှာ မလွတ်ကင်းတဲ့အိမ်ခြေမြေများနဲ့ ပိတ်ဆို့နေပါတယ်။ ပဆငပိုင်လမ်းနယ်နိမိတ်ထဲ ကျူးကျော်ဆောက်လုပ် ထားတာပါ။ ဖယ်ရှားပေးဖို့ မေတ္တာရပ်ခံတဲ့အခါ မိမိတို့မှာ ပိုင်ဆိုင်မှု ပုံစံ-၇ ရှိကြောင်း ပြောဆိုကြပါတယ်။ သက်ဆိုင်ရာကိုယ်စားလှယ်များက ပုံစံ-၇သည် ပိုင်ဆိုင်မှုမဟုတ်ကြောင်း လယ်ယာမြေလုပ်ကိုင်ခွင့်သာ ဖြစ်ကြောင်း လမ်းနယ်နိမိတ်ဖြစ်လို့ ပုံစံ-၇ ထုတ်ထားရန်လိုအပ်ကြောင်း စာရေးများက ကျူးကျော်သူများကို ပုံစံ-၇ ထုတ်ထားရန်လိုအပ်ကြောင်း ညွှန်ကြားလာလို့ အခကြေးငွေထုတ်ယူထားကြောင်း သိရှိရပါသည်။

သိပ်ရုပ်ဆိုးပါတယ်။ ညစ်ညမ်းပါတယ်။ ဥပဒေနားလည်သူဝန်ထမ်းက ပြည်သူကိုလမ်းပြရမည့်အစား ကိုယ်တိုင်အဂတိလိုက်ပြီး အမိုက်တိုက်ဘက်ကို ဆွဲခေါ်နေတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာပလပ်မြေ ပုံစံ-၇ ထုတ်ပေးလို့မရပါဘူး။ စားကျက်မြေ ပုံစံ-၇ ထုတ်ပေးလို့ မရပါဘူး။ အင်းမြေ ပုံစံ-၇ ထုတ်ပေးလို့မရပါဘူး။ ဒါပေမယ့် ထုတ်ပေးနေကြပါတယ်။

ရယူသူများက အစိုးရဈေးငွေထုတ်ယူပေးနေတဲ့အပြင် ပုံစံပြောင်းသုံးစွဲခွင့်နှင့် အုတ်သဲကျောက် ထုတ်ယူလုပ်ကိုင်မှု တွေကလဲ ဝင်ငွေရနေကြပါက နိုင်ငံတော်မှာ ဈေးငွေလဲဆုံး၊ အခွန်ရှုံးဖြစ်နေရပါတယ်။ ကျေးရွာအသီးသီးမှာ ကွင်းစာရေး၊ ဘဏ်ကိုယ်စားလှယ် တောင်သူတို့ပေါင်းပြီး ဧကပို ပုံစံ-၇တွေ ထုတ်ပေးနေလို့ ဈေးငွေပိုချေး နေရတာတွေ ပေးဆပ်မှုနောက်ကျတာတွေနှစ်စဉ် ကြုံတွေ့နေရပါတယ်။ ဒါကြောင့် ထွေအုပ်၊ စိုက်ဘဏ်၊ မြေစာရင်းမှာ ရှိနေတဲ့ အချက်အလက်များ တိုက်ဆိုင်ညှိနှိုင်းပြီး ပုံစံ-၇ များကို အမြန်ဆုံးပြန်လည် စိစစ်သင့်ပါကြောင်း ဦးသက်ဝင်းလှိုင်၏အဆိုကို ထောက်ခံဆွေးနွေး အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို အမြန်ဆုံး ပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ခုနှစ် လယ်ယာမြေဥပဒေပြဌာန်းပြီးနောက် ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးပြီးစီးမှုမှာ တောင်သူပေါင်း(၅၉၇၅၇၈)ဦး၊ ဦးပိုင်ပေါင်း(၁၀၈၇၆၈၅)ဦးပိုင်၊ ဧရိယာပေါင်း (၃၁၄၅၀၄၈)ဧက ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းပမာဏကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လကုန်အထိ (၃)လအတွင်း အပြီးရည်မှန်းဆောင်ရွက်နိုင်ခဲ့သော်လည်း လုပ်ငန်းပြီးစီးမှုမရှိသည့်အတွက် အောက်တိုဘာလကုန်ထိ (၁၀)လအတွင်း အပြီးဆောင်ရွက်ခဲ့ရပါသည်။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပါ အကျိုးခံစားခွင့်များအား တောင်သူများသို့ရရှိရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းပမာဏများပြားခြင်း၊ အချိန်လုံလောက်မှုမရှိခြင်း၊ ဝန်ထမ်းအင်အား လုံလောက်မှုမရှိခြင်း၊ တောင်သူများစိတ်ဝင်စားမှု အားနည်းခြင်းတို့ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းတွင် အားနည်းချို့ယွင်းချက်များဖြစ်ပေါ်ခဲ့ပါသည်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စီမံချက်ကာလအတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရန်အတွက် စီမံချက်ကာလပြီးစီးသည့်အချိန်မှ ယနေ့အချိန်အထိ သက်ဆိုင်ရာတိုင်း/ခရိုင်/မြို့နယ်များမှ စိစစ်ပြီး လိုအပ်ချက်များရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးမှုနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) လျှောက်ထားရာတွင် လယ်ယာမြေနည်းဥပဒေအပိုဒ် ၃ အရ အောက်ပါအချက်တစ်ရပ်ရပ်တွင် အသုံးဝင်သည့် အသက်(၁၈)နှစ်ပြည့်ပြီးသောနိုင်ငံသားသည် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ(၁)ကို သက်ဆိုင်ရာ ရပ်ကွက်(သို့) ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ရပ်ကွက်(သို့) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်။

- လယ်ယာမြေကို လက်ရှိအသုံးပြုခွင့်ရရှိထားသော တောင်သူလယ်သမား အိမ်ထောင်သားစု (သို့) အိမ်ထောင်သားစုဝင်ဖြစ်ခြင်း၊
- လယ်ယာမြေလက်ရှိအသုံးပြုခွင့်ရရှိထားသော အိမ်ထောင်သားစု အကြီးအကဲ(သို့) အိမ်ထောင်သားစုတွင် ပါဝင်သူ (၁)ဦး (သို့) အုပ်ထိန်းသူဖြစ်ခြင်း၊
- တစ်လုံးတစ်စည်းတည်းဖြစ်၍ ပစ္စည်းမခွဲဝေရသေးသော တောင်သူလယ်သမား အိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦးဦး၏ အမည်ဖြင့် ထားရှိသော လယ်ယာမြေအားလုံးကို ထိုအိမ်ထောင်သားစုတွင် ပါဝင်သူအားလုံးက ပူးတွဲလက်ရှိအသုံးပြုခွင့်ရရှိထားပါက ယင်းအကျိုးတူခံစားခွင့်ရှိသော တောင်သူလယ်သမားအိမ်ထောင်သားစုဖြစ်ခြင်း၊
- လယ်ယာမြေဥပဒေအာဏာမတည်မီ လယ်ယာမြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေနှင့်အညီ တရားဝင်လက်ရှိ လက်ငုပ်လုပ်ကိုင်နေသူဖြစ်ခြင်း၊
- လယ်ယာမြေဥပဒေပြဌာန်းပြီးနောက် ယင်းဥပဒေနှင့်အညီဖြစ်စေ၊ ယင်းဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ ဖြစ်စေ၊ တရားဝင်အကျိုးခံစားခွင့်ရှိသူဖြစ်ခြင်း၊

- လျှောက်ထားသည့်လယ်ယာမြေတွင် အမှန်တကယ်လုပ်ကိုင်နေသူဖြစ်ကြောင်း၊ ရပ်ကွက်(သို့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လယ်နီးခြင်းသက်သေ(၂)ဦးတို့အား ထောက်ခံသူဖြစ်ခြင်း၊
- ဦးစီးဌာန၏မှတ်တမ်းများအရ လယ်ယာမြေကိုအသုံးပြုခွင့်ရရှိထားသူဖြစ်ကြောင်း၊ အတည်ပြု ခံရသူဖြစ်ခြင်း၊
- လယ်ယာမြေကို အသုံးပြုခွင့်ရရှိနိုင်ရန် တင်ပြနိုင်သူဖြစ်ခြင်းဟု ပြဋ္ဌာန်းထားရှိပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ထုတ်ပေးရာတွင် လယ်ယာမြေနည်းဥပဒေအပိုဒ် ၃ အရ ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့် အသက်(၁၈)နှစ်ပြည့်ပြီးသည့် နိုင်ငံသားများမှ လျှောက်ထားလာပါက လယ်ယာမြေနည်းဥပဒေအပိုဒ် ၄ မှ ၁၄ အထိ သက်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ စိစစ်ထုတ်ပေးရခြင်းဖြစ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေကို ကျော်လွန်၍ ဆောင်ရွက်ခွင့်မရှိ ပါကြောင်း၊ ဆောင်ရွက်ထားရှိမှုများ စိစစ်တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခြင်း၊ ပယ်ဖျက်ရန်လိုအပ်ပါက ပယ်ဖျက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာမြေဥပဒေပုဒ်မ ၃ (က)တွင် "လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့် မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်" ဟု ပြဋ္ဌာန်းထားရှိရာ သက်မှတ်ပြဋ္ဌာန်းချက်တွင် ပါဝင်သော မြေများကိုသာ ဥပဒေ၊ နည်းဥပဒေနှင့် အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ထုတ်ပေးလျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း သစ်တော၊ စားကျက်ပယ်ဖျက်မြေများနှင့်ပတ်သက်၍ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ မြေပြင်ကွင်းဆင်း စိစစ်ပြီး အတည်ပြု၍ ပယ်ဖျက်ပြီးသည့်မြေများကိုသာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)များ ထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။

ပြည်ခရိုင်အတွင်း JICA အစီအစဉ်ဖြင့် တောင်သူများကို ထောက်ပံ့ပေးရန် အစီအစဉ်ရှိသည့်အတွက် ပုံစံ(၇)ထုတ်ပေးခြင်းနှင့်ပတ်သက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)မှ စိစစ်စေခဲ့ရာ အားနည်းချက်များ တွေ့ရှိရသည့်အတွက် အဆိုပါအားနည်းချက်များနှင့်ပတ်သက်၍ ပုံစံ(၇) ပူးတွဲပါရှိရမည့် မြေစာရင်းပုံစံ (၁၀၅)များ ကျန်ရှိနေမှုအပေါ် စိစစ်ရေးကူးခြင်း ပုံစံ(၇)ထုတ်ပေးဆောင်ရွက်ပြီးသည့် လုပ်ငန်း များနှင့် ပတ်သက်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူများ၊ မှတ်ပုံတင်စာရင်းပုံစံ(၅)နှင့် ဌာနရှိ စာရင်းမြေပုံများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ပုံစံ(၇)ထုတ်ပေးရာတွင် အားနည်းချို့ယွင်းချက်များအပေါ် မြို့နယ်/ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြ၍ ဥပဒေနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ပုံစံ(၇)ထုတ်ပေးပြီးစီးသည့် လုပ်ငန်းစာတွဲများအား ပြန်လည်စိစစ်ခြင်း၊ ပုံစံ(၇)ထုတ်ပေးရန်ကျန်ရှိသည့် လယ်ယာမြေများနှင့်ပတ်သက်၍ ပုံစံ(၇)ထုတ်ပေးနိုင်ရေး ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများမှ စီမံဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာမြေနည်းဥပဒေအပိုဒ် ၂၂၊ နည်းဥပဒေခွဲ (က) အရ မြို့နယ်ဦးစီးဌာနရုံးတွင် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများ မှတ်ပုံတင်စာရင်းပုံစံ(၅)တွင် မှတ်တမ်းတင်ပြီး၊ နည်းဥပဒေအပိုဒ် ၅၂ အရ ရပ်ကွက်(သို့) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရပ်ကွက်(သို့)ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူနှင့် လုပ်ပိုင်ခွင့်ပြုသည့်လယ်ယာမြေများအား မှတ်တမ်းပြုစုထားရှိရန် ရပ်ကွက်(သို့) ကျေးရွာအုပ်စုအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်စာရင်းပုံစံ(၁၁)ကို ဖွင့်လှစ်ထားရှိရမည်ဟု ပြဋ္ဌာန်းထားရှိရာ ပုံစံ(၇)ထုတ်ပေးမှု ကိစ္စရပ်များနှင့်ပတ်သက်၍ မှတ်ပုံတင်စာရင်းပုံစံ(၅)နှင့် ပုံစံ(၁၁)တို့သည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုတို့တွင်သာ ထားရှိပါသဖြင့် စိုက်ပျိုးရေး ဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ရှိ စာရင်းများတွင် မှတ်တမ်း ထားရှိခြင်း မရှိပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းအပေါ် သက်ဆိုင်ရာ ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဖြစ်သည့်အတွက် မှတ်တမ်းအဖြစ် ထားရှိသင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုရှင် ဦးသက်ဝင်းလှိုင်က မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/ မရှိ တင်ပြပါ။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အဆိုကို ရုပ်သိမ်းလိုခြင်း မရှိပါ ကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို အမြန်ဆုံး ပြန်လည် စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို လျှို့ဝှက်ဆန္ဒမဲပေးခြင်း စနစ်အရ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒကိုရယူခဲ့ရာ ယနေ့အစည်းအဝေးတက်ရောက်သူ (၆၂)ဦးရှိပြီး ထောက်ခံမဲ(၅၃)မဲ၊ ကန့်ကွက်မဲ(၆)မဲ၊ ကြားနေမဲ(၂)မဲ၊ ပျက်ကွက်မဲ(၁)မဲအရ လွှတ်တော်ကိုယ်စားလှယ် အားလုံး၏(၃၀)ဦးနှင့် အထက်ဖြစ်သည့်အတွက် ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၆း၅၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ခုနှစ် ဇူလိုင်လ (၆)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။
**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်
# [ ၂၀၁၇ခုနှစ် ၊ ဇူလိုင်လ ၆ ရက် ]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၀. ၆၇% ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းစံ [ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးနိုင်အောင်ခင်နှင့် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်ထိုက်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၆-၇-၂၀၁၇) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၇)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၇ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၇)ဦးကမေးမြန်းသည့် မေးခွန်း(၈)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ နယ်မြေမီးသတ်စခန်း အဆောက်အဦ အောက်ထပ်အခင်းအား ဆလပ်ခင်းပေးရန်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်တွင် ညောင်လေးပင်မြို့၌ မြို့နယ်မီးသတ် တပ်ဖွဲ့စခန်း(၁)ခုနှင့် မဒေါက်မြို့၊ ပွဲနတ်တန်ဆာမြို့၊ ပိန်းဇလုပ်မြို့တို့တွင် နယ်မြေမီးသတ်တပ်ဖွဲ့စခန်း (၁)ခုစီ၊ စုစုပေါင်းမီးသတ်တပ်ဖွဲ့ စခန်း(၄)ခု ရှိပါသည်။

ပိန်းဇလုပ်မြို့ရှိ နယ်မြေမီးသတ်တပ်ဖွဲ့စခန်းသည် မြို့မ(၂)ရပ်ကွက်၊ဘူတာလမ်း မီးရထားဘူတာရုံ အနီးတွင် တည်ရှိပါသည်။ ဒုဦးစီးမှူးတစ်ဦးအပါအဝင် သန္ဓေအင်အား(၇) ဦးရှိပါသည်။ ယာဉ်စက်အင်အား အနေဖြင့် မီးသတ်ယာဉ်(၁)စီး၊ ရေသယ်ယာဉ်(၂)စီးနှင့် ကားအပျက်(၁)စီး၊ စုစုပေါင်း(၄)စီးရှိပါသည်။

နယ်မြေမီးသတ်တပ်ဖွဲ့စခန်း အဆောက်အဦမှာ မြို့ရွာမှ ပြည်သူများ၏ ကိုယ်ထူကိုယ်ထ ထည့်ဝင်ငွေဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။ ယနေ့အချိန်ထိ အဆောက်အဦနှင့် ပတ်သက်၍ နိုင်ငံတော်မှ မည်သည့်ပံ့ပိုးမှုမှ မရရှိခဲ့သေးပါ။ ယခုအခါ အဆောက်အဦ၏ အောက်ထပ် မီးသတ်ယာဉ်များထားသည့် နေရာများမှာ မြေများကျွံဝင်၍ ကားထားရန် အဆင်မပြေဘဲ ကားများအသွင်းထုတ်လုပ်ရာတွင် အခက်အခဲရှိပါသည်။

ထို့အပြင် ဝန်ထမ်းအိမ်ရာလိုင်းခန်းများ မရှိသဖြင့် ဒုဦးစီးမှူးအပါအဝင် ဝန်ထမ်းများ အိမ်ထောင်သည် မိသားစုများမှာ အဆောက်အဦတစ်ခုတည်းတွင် စုပြုံနေကြရပါသည်။

သို့ဖြစ်ပါ၍ ပိန်းဇလုပ်မြို့နယ်မြေ မီးသတ်စခန်း အဆောက်အဦအောက်ထပ် ကားများထားသည့် နေရာအား ကျောက်(ဆလပ်)ခင်းပေးရန်နှင့် သန္ဓေအင်အား ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ၊ လိုင်ခန်းများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ ဂျောင်းတာကျေးရွာအုပ်စု၊ သာယာစုကျေးရွာ၌ ရဲကင်းစခန်းခွဲတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ရှိ ထင်းကုန်းကျေးရွာအုပ်စု၊ ဂျောင်းတာကျေးရွာ အုပ်စုနှင့် ရေပေါ်သောင်ကျေးရွာအုပ်စု များမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုအရ မဒေါက်မြို့ အုပ်ချုပ်ရေးမှူးရုံး၏ စီမံမှု အောက်တွင်ရှိသော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုတွင် ပြွန်တန်ဆာမြို့၊ နယ်မြေရဲစခန်း အပိုင်အတွင်း ပါဝင်နေပါသည်။

ထင်းကုန်းကျေးရွာအုပ်စု၌ ကျေးရွာခွဲနှစ်ရွာရှိပြီး လူဦးရေ ၂၆၀၀ ခန့်၊ ရေပေါ်သောင် ကျေးရွာအုပ်စု၌ ကျေးရွာခွဲနှစ်ရွာရှိပြီး လူဦးရေ ၂၃၀၀ခန့်၊ ဂျောင်းတာကျေးရွာအုပ်စု၌ ကျေးရွာခွဲငါးရွာရှိပြီး လူဦးရေ ၆၁၀၀ခန့် မှီတင်းနေထိုင်ကြပါသည်။

လမ်းပန်းဆက်သွယ်မှုမှာ ပြွန်တန်ဆာမြို့မှ ဆယ်မိုင်ခန့်ကွာဝေးပြီး နွေရာသီအချိန်၌သာ သွား၍ရသော လမ်းဖြစ်ပါသည်။ ကျန်အချိန်များ၌ မဒေါက်မြို့မှတစ်ဆင့် သွားလာရပြီး မိုးရာသီကာလ၌ ရေလမ်းခရီးဖြင့်သာ အသုံးပြုသွားလာရ၍ ရှစ်မိုင်ခန့် ကွာဝေးပါသည်။ ပြွန်တန်ဆာ မြို့မရဲစခန်းမှလည်းကောင်း မဒေါက်မြို့မ ရဲစခန်းမှလည်းကောင်း ထိန်းချုပ်မှုအလှမ်းဝေးသော ကျေးရွာအုပ်စုများဖြစ်ပါသည်။

ထိုကျေးရွာအုပ်စုများ၌ လျှပ်စစ်မီးရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိခြင်း၊ ကျေးလက် ကျန်းမာရေးဌာနရှိခြင်းတို့ကြောင့် တိုးတက်ဖွံ့ဖြိုးနေသော ကျေးရွာများဖြစ်ပါသည်။

ယခုအခါတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာနေပြည်သူများမှလည်း မိမိတို့နယ်မြေဒေသ အေးချမ်းလုံခြုံရေးအတွက် မြေနေရာအား ဂျောင်းတာကျေးရွာအုပ်စု၊ သာယာစုကျေးရွာ၌ စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဂျောင်းတာကျေးရွာအုပ်စု၊ သာယာစုကျေးရွာ၌ ရဲကင်းစခန်း-ခွဲ တစ်ခုဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/ မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်၊ အဗျားငှက်ချေးဝင်း ကျေးရွာအုပ်စုတွင် ပါဝင်သော ဖက္ကလိပ်ကျေးရွာအုပ်စုအသစ် ဖွဲ့စည်းခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဝေါမြို့နယ်၊ အဗျားငှက်ချေးဝင်းကျေးရွာသည် ဝေါမြို့နှင့် (၇)မိုင်အကွာတွင် တည်ရှိ ၍ ရန်ကုန်-မော်လမြိုင်ကားလမ်း ရန်ကုန်-မော်လမြိုင်မီးရထားလမ်းပေါ်တည်ရှိပြီး ပြည်ထဲရေး စာရင်းအမည်ပေါက် ကျေးရွာခွဲများဖြစ်သော (၁)အဗျားငှက်ချေးဝင်းကျေးရွာ၊ (၂)သိုက်တူး ကုန်းကျေးရွာ၊ (၃)စက်စုကျေးရွာ၊ (၄)ကျောင်းကြီးစုကျေးရွာ၊ (၅)အဗျားဝကျေးရွာ၊ (၆)တကောင်းကွင်းကျေးရွာ၊ (၇)ဖက္ကလိပ်ကျေးရွာတို့ဖြင့် (၇)ရွာဖွဲ့စည်းထားသောကျေးရွာ အုပ်စုတစ်အုပ်စု ဖြစ်ပါသည်။

ဖက္ကလိပ် ကျေးရွာသည် ဒိုက်ဦး-စစ်တောင်းကားလမ်းနေပြည်တော်-မော်လမြိုင် မီးရထားလမ်းပေါ်တွင် တည်ရှိပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး တည်ရှိသည့် အဗျားငှက်ချေးရွာနှင့် (၃)မိုင်ခန့်ကွာဝေးသဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အခြားအကြောင်းအချင်းအရာကိစ္စများ ဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့နေရပါသည်။

ဖက္ကလိပ်ကျေးရွာသူ/သားများ၏ နေ့စဉ်ကြုံတွေ့နေရသော အခက်အခဲများကြောင့် ဖက္ကလိပ်ကျေးရွာ အုပ်စုကို ရွာခွဲကျေးရွာအုပ်စုအသစ် ဖွဲ့စည်းခွင့်ပြုနိုင်ရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်(၃)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင် မြို့နယ်၊ ပိန်းဇလုပ်မြို့ နယ်မြေ မီးသတ်စခန်း အဆောက်အဦ အောက်ထပ်အခင်းအား ဆလပ်ခင်းပေးရန်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ နယ်မြေမီးသတ်စခန်းတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်နှင့် အောက်ထပ်အခင်းအား ဆလပ်ခင်း ပေးရန်အတွက် ၂၀၁၈-

၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေ တင်ပြတောင်းခံ၍ ခွင့်ပြု ရန်ပုံငွေရရှိပါက ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးသွား မည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ ဂျောင်းတာကျေးရွာအုပ်စု၊ သာယာစုကျေးရွာ၌ ရဲကင်းစခန်းခွဲတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ညောင်လေးပင် မြို့နယ်၊ ပြွန်တန်ဆာနယ်မြေရဲစခန်းအပိုင်အတွင်းရှိ ကျေးရွာအုပ်စု(၄)စုဖြစ်သော ဂျောင်းတာ ကျေးရွာအုပ်စု၊ ထင်းကုန်းကျေးရွာအုပ်စု၊ ရေပေါ်သောင်ကျေးရွာအုပ်စု၊ ချောင်းကျိုးကျေးရွာ အုပ်စုများတွင် မှုခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ သုံးသပ်ကြည့်ပါက ၂၀၁၅ ခုနှစ်တွင် တစ်နှစ်လုံး မှုခင်းဖြစ်ပွားမှုမရှိခဲ့ပါ။ ၂၀၁၆ ခုနှစ်တွင် နာကျင်စေမှု(၂)မှု၊ အခြားအမှု(၁)မှုနှင့် ၂၀၁၇ ခုနှစ်တွင် ယနေ့အချိန်ထိ နာကျင်စေမှု (၄)မှုနှင့် အခြားအမှု (၃)မှု ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပြီး စိစစ်တွေ့ရှိရမည်ဖြစ်ပါသည်။

ညောင်လေးပင်မြို့နယ်တွင် ဖွဲ့စည်းပုံအင်အားအခြေအနေမှာ အရာရှိ(၃၆)ဦး၊ အခြားအဆင့် (၁၆၈)ဦး၊ စုစုပေါင်း(၂၀၄)ဦးဖြစ်သော်လည်း လက်ရှိအင်အားမှာ အရာရှိ(၂၈)ဦး၊ အခြားအဆင့်(၁၄၄)ဦး၊ စုစုပေါင်း (၁၇၂)ဦးသာရှိသဖြင့် အရာရှိ(၈)ဦး၊ အခြားအဆင့် (၂၄)ဦး၊ စုစုပေါင်း(၃၂)ဦးလိုအပ်လျက်ရှိပြီး ပြွန်တန်ဆာနယ်မြေရဲစခန်းမှာ ဖွဲ့စည်းပုံအရ အရာရှိ(၈)ဦး၊ အခြားအဆင့်(၃၇)ဦး၊ စုစုပေါင်း(၄၅)ဦး ဖြစ်သော် လည်း လက်ရှိအင်အားမှာ အရာရှိ(၅)ဦး၊ အခြားအဆင့် (၃၁)ဦး၊ စုစုပေါင်း (၃၆)ဦး သာရှိသဖြင့် အရာရှိ(၃)ဦး၊ အခြားအဆင့် (၆)ဦး၊ စုစုပေါင်း(၉)ဦးလိုအပ်လျှက် ရှိကြောင်း စိစစ်တွေ့ရှိရမည်ဖြစ်ပါသည်။

ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာနယ်မြေရဲစခန်းအပိုင် ဂျောင်းတာ ကျေးရွာအုပ်စု၊ သာယာစု ကျေးရွာ၌ ရဲကင်းရဲစခန်း(၁)ခုဖွင့်လှစ်မည်ဆိုပါက အင်အားအရာရှိ(၁)ဦး၊ အခြားအဆင့် (၁၇)ဦး၊ စုစုပေါင်း (၁၈)ဦးလိုအပ်မည်ဖြစ်ပြီး အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သာမန် နယ်မြေလုံခြုံရေး ရဲကင်းတစ်ခုဖွင့်လှစ်မည်ဆိုပါက အနည်းဆုံးအင်အား အရာရှိဦးစီး (၁+၆)ဦးဖြင့် တာဝန်ချထားပေးရမည်ဖြစ်ရာ အင်အားအခြေအနေအရ လုံလောက်မှုမရှိသဖြင့် တပ်ဖွဲ့ဝင်ခွဲဝေ ချထား ပေးနိုင်မှုမရှိသည့်အပြင် မှုခင်းဖြစ်ပွားမှုအခြေအနေမှာလည်း သာမန်အခြေအနေသာရှိခြင်းတို့အတွက် လက်ရှိအခြေအနေအရ ရဲကင်းရဲစခန်းဖွင့်လှစ်ရန်လိုအပ်မှု မရှိသေးကြောင်း သုံးသပ်ရရှိပါသည်။

သို့ရာတွင် ရဲကင်းရဲစခန်း(သို့မဟုတ်)နယ်မြေလုံခြုံရေးရဲကင်း အသစ်ဖွင့် လှစ်နိုင်မှုမရှိသော်လည်း ဂျောင်းတာကျေးရွာအုပ်စုနယ်မြေအတွင်း ပြွန်တန်ဆာနယ်မြေ ရဲစခန်းမှကြပ်မတ်၍ အရာရှိဦးစီး(၁+၆)ဦး ထုတ်နှုတ်၍ လက်ရှိဆောင်ရွက်လျက် ရှိသည့်ရွာစဉ်ကြယ်လှည့်ကင်းများ ဆောင်ရွက်ခြင်း၊ လှည့်ကင်း/ ဝပ်ကင်းများ ဆောင်ရွက်ခြင်း လုပ်ငန်းများအား ကြိမ်ရေတိုးမြှင့်ဆောင်ရွက် စေခြင်းနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေးလုပ်ငန်းများအား လက်ရှိဆောင်ရွက်မှု အခြေအနေထက် အရှိန်အဟုန်မြင့် ဆောင်ရွက်သွားနိုင်ရေး ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး၊ ညောင်လေးပင် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့အား ကြပ်မတ်ဆောင်ရွက် သွားစေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ဝေါမြို့နယ်၊ အဗျားငှက်ချေးဝင်း ကျေးရွာအုပ်စုတွင် ပါဝင်သော ဖက္ကလိပ်ကျေးရွာအုပ်စု အသစ် ဖွဲ့စည်းခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ဝေါမြို့နယ်သည် မြို့(၁)မြို့၊ ရပ်ကွက်(၆)ရပ်ကွက်၊ ကျေးရွာအုပ်စု(၅၅)အုပ်စု၊ ကျေးရွာပေါင်း(၁၁၇)ရွာရှိပြီး အဗျားငှက်ချေးဝင်း ကျေးရွာအုပ်စုသည် အဗျားငှက်ချေး ဝင်းကျေးရွာ၊ သိုက်တူးကုန်းကျေးရွာ၊ စက်စုကျေးရွာ၊ ကျောင်းကြီးစုကျေးရွာ၊ အဗျား ဝကျေးရွာ၊ တကောင်းကွင်းကျေးရွာ၊ ဖက္ကလိပ်ကျေးရွာစသည့် ကျေးရွာ(၇)ရွာ ဖြင့် ဖွဲ့စည်းထားသည့် ကျေးရွာအုပ်စုဖြစ်ပါသည်။

ဖက္ကလိပ်ကျေးရွာသည် ဝေါမြို့မှ (၁၀)မိုင်ခန့်ကွာဝေးပြီး ဒိုက်ဦး-စစ်တောင်း ကားလမ်း၊ နေပြည်တော်-မော်လမြိုင်မီးရထားလမ်းပေါ်တွင် တည်ရှိ၍ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတည်ရှိရာ အဗျားငှက်ချေးဝင်း ကျေးရွာနှင့် (၃)မိုင်ခန့်ကွာဝေးပြီး အိမ်ခြေ(၁၉၂)အိမ်၊ အိမ်ထောင်စု (၂၅၅)စု၊ လူဦးရေ(၁၃၉၃)ဦး နေထိုင်လျက်ရှိပါ သည်။

ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက် ကျေးရွာအုပ်စု၊ ကျေးရွာများ အသစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဒေသခံ ပြည်သူလူထု၏ သဘောတူညီချက်များနှင့်အတူ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်၏ သဘောထားမှတ်ချက်ကိုရယူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄နှင့်အညီ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြဆောင်ရွက်ရမည်ဖြစ်ပါသည်။

အဗျားငှက်ချေးဝင်းကျေးရွာအုပ်စုတွင် ကျေးရွာ(၇)ရွာဖြင့် ဖွဲ့စည်းထားသည့် အနက်မှ အဗျား ငှက်ချေးဝင်းကျေးရွာ၊ သိုက်တူးကုန်းကျေးရွာ၊ စက်စုကျေးရွာ၊ ကျောင်းကြီးစုကျေးရွာ၊ အဗျားဝကျေးရွာ၊ တကောင်းကွင်းကျေးရွာ အပါအဝင် ကျေးရွာ(၆)ရွာအား အဗျားငှက်ချေးဝင်းကျေးရွာအုပ်စုအဖြစ် လည်းကောင်း၊ ကျန်ရှိသည့် ဖက္ကလိပ်ကျေးရွာသည် အုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ဝေါမြို့သို့သွားလာရာ၌ အလှမ်းကွာဝေးမှုရှိ၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းကိစ္စများ အဆင်ပြေချောမွေ့စေရေးအတွက် ဖက္ကလိပ် ကျေးရွာအား တစ်ရွာ(၁)အုပ်စုဖြင့် ဖွဲ့စည်းမည်ဆိုပါက ဒေသခံပြည်သူလူထု၏ သဘောထားရယူ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ယင်းသို့ ဖက္ကလိပ်ကျေးရွာအား တစ်ရွာ(၁)အုပ်စုအဖြစ် ဖွဲ့စည်းရန် ဒေသခံပြည်သူလူထုမှ သဘော တူညီပါကြောင်း၊ သဘောထားရရှိပါက မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများတိုးချဲ့၊ ပြင်ဆင်၊ ပယ်ဖျက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“လက်ရှိလူဦးရေ အနေအထား၊ လယ်ယာမြေအနေအထားတို့နှင့် ကိုက်ညီသော ကျေးရွာနယ်နိမိတ်များအား မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် အစီအစဉ်မရှိပါက ကျေးရွာနယ်နိမိတ် ပြင်ဆင် သတ်မှတ်ရေးကိစ္စကို အဆောတလျင် ဆောင်ရွက်သွားရန်”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။နိုင်ငံတစ်ဝှမ်းလုံးရှိ ကျေးရွာနယ်နိမိတ်များကို သတ်မှတ်ထားသည်မှာ နှစ်ပေါင်းကာလရှည်ကြာခဲ့ပြီ ဖြစ်ပါသည်။ ရှည်လျားလှသောကာလအတွင်း လူဦးရေမှာလည်း နှစ်စဉ်တိုးပွားလာခဲ့ခြင်း၊ ကျေးရွာ၏ လယ်ယာမြေများ ပြောင်းလဲလာခဲ့ခြင်းတို့ကြောင့် ကျေးရွာနယ်နိမိတ်မှာ ယခုကာလနှင့် ကိုက်ညီမှုမရှိတော့ပါ။ အိမ်ခြေမဲ့များ တိုးပွားလာပြီး အိမ်ခြေနှင့် လယ်ယာမြေပိုင်ဆိုင်အငြင်းပွားမှုများ ကျူးကျော်မှုများ တိုးပွားလာသည်ကို တွေ့ရှိနေရပါသည်။

သို့ပါ၍ လက်ရှိလူဦးရေအနေအထား၊ လယ်ယာမြေအနေအထားတို့နှင့် ကိုက်ညီသောကျေးရွာနယ်နိမိတ်များအား မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် အစီအစဉ်မရှိပါက ကျေးရွာနယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးကိစ္စကို အဆောတလျင် ဆောင်ရွက်သွားရန် တင်ပြပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာ ကျေးရွာအုပ်စုအား နယ်မြေမီးသတ်စခန်းတစ်ခု ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးချထားပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ကွဲတဲကြီး ကျေးရွာသည့်ပေါင်းတည်မြို့နယ်နှင့် (၆)မိုင်ခန့်ကွာဝေးပြီး တောင်ဘက်တွင် နတ်တလင်းမြို့နယ်၊ အရှေ့ဘက်တွင် လက်ပံပါးပျဉ်းရွာ၊ အုန်းနဲ့စမ်းရွာနှင့် ပဲခူးရိုးမ၊ မြောက်ဘက်တွင် မှတ်တိုင်ဒေသနှင့်လည်း (၈)မိုင်ခန့်ကွာဝေးသော ဒေသဖြစ်ကာ မီးဘေးလုံခြုံရေးလုပ်ငန်းများအား ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဖြင့်သာ ဆောင်ရွက်ခဲ့ရပါသည်။

မီးသတ်စခန်းမြေနေရာကို ပေါင်းတည်-အုန်းနဲ့စမ်းလမ်းမကြီးပေါ်ရှိ ကြို့ပင်သာအုပ်စု၊ ကွဲတဲကြီးကျေးရွာအဝင်တွင် မြေနေရာအား သတ်မှတ်ထားရှိပြီးဖြစ်ပါသည်။

ကြို့ပင်သာကျေးရွာအုပ်စုသည် ပေါင်းတည်-အုန်းနဲ့စမ်းလမ်းမကြီးပေါ်တွင် တည်ရှိ ပြီး ကျေးရွာခွဲ(၈)ရွာ အိမ်ခြေပေါင်း (၁၄၇၇)၊ လူဦးရေ(၅၅၁၅)ဦးရှိသော ကျေးရွာအုပ်စုဖြစ် သည့်အပြင် ကျေးရွာအုပ်စုအတွင်း ကျေးလက်ကျန်းမာရေးဌာန(၁)ခု၊ အခြေခံပညာအထက် တန်းကျောင်းခွဲ(၁)ကျောင်း၊ မူလတန်းကျောင်း(၄)ကျောင်း၊ ဘုန်းတော်ကြီးကျောင်း(၇)ကျောင်း၊ ဆန်စက်(၆)လုံး၊ ကျေးရွာသမဝါယမအသင်းပိုင်အဆောက်အဦး (၁)လုံး၊ ဂဟေဆော်စက် (၃)ခုရှိပြီး ရွာလူထုစည်းလုံးညီညွတ်မှုဖြင့် သိန်း(၂၅၀၀)ကျော်အကုန်အကျခံပြီး ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးကိုလည်း ရရှိသုံးစွဲနေသည့် ကျေးရွာအုပ်စုဖြစ်ပါသည်။ ထို့အပြင် ကွဲတဲကြီးကျေးရွာမှ မီးသတ်ကား ဝင်/ထွက် သွားလာနိုင်သော လမ်းကြောင်းများရှိသည့် ပတ်ဝန်းကျင်ကျေးရွာ(၂၄)ရွာမှာလည်း (၅)မိုင်ပတ်လည်အတွင်း တည်ရှိပါသည်။

ကြို့ပင်သာကျေးရွာအုပ်စုအတွင်း ၁၉၈၆ခုနှစ်တွင် ထောက်ကြံ့ကြီးကျေးရွာ၌ အိမ်ခြေ (၅၆)လုံး (၁)ကြိမ်၊ ၁၉၉၁ ခုနှစ်တွင် အိမ်ခြေ(၃)လုံး (၁)ကြိမ်၊ ၁၉၉၄ခုနှစ်၌ အိမ်ခြေ(၁)လုံး (၁)ကြိမ်၊ ဖားယားကြီးကျေးရွာ၌

၁၉၉၂ ခုနှစ်တွင် အိမ်ခြေ(၆)လုံး(၁)ကြိမ်၊ ခရာပေါက်ကျေးရွာ၌ ၁၉၉၅ ခုနှစ်တွင် အိမ်ခြေ(၄)လုံး (၁)ကြိမ် မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပါသည်။ လက်ရှိတွင် ကြို့ပင်သာကျေးရွာအုပ်စုတွင် အရန်မီးသတ် အင်အား(၃၅)ဦး၊ အပေါ့စားမီးသတ်စက်(၂)လုံးဖြင့် မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကြို့ပင်သာကျေးရွာအုပ်စုသည် လူဦးရေထူထပ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နယ်မြေဖြစ်သည့် အပြင် ပတ်ဝန်းကျင်ဆက်စပ်ကျေးရွာ (၂၄)ရွာခန့်ရှိပါသဖြင့် နယ်မြေ မီးသတ်စခန်းတစ်ခု ချထားပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးချထားပေးရန် သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေတောင်မြို့- ယွန်းတန်း ရပ်ကွက်- မြို့လယ်ရှိ ရေသိုလှောင်ကန်ကြီးဘေးတွင် တည်ဆောက်ထားသော မြို့နယ်မီးသတ် ဦးစီးဌာန အဆောက်အဉီနှင့် ဝန်ထမ်းအိမ်ရာများ၏ နောက်ကျောဘက်တွင် မြေထိန်းနံရံပြုလုပ်ပေးရန် လိုအပ်နေပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရွှေတောင်မြို့-ယွန်းတန်းရပ်ကွက်- မြို့လည်ရှိရေသိုလှောင်ကန်ကြီးဘေးတွင် တည်ဆောက်ထားသော မြို့နယ်မီးသတ်ဦးစီးဌာန အဆောက်အဉီ နှင့် ဝန်ထမ်းအိမ်ရာများ၏ နောက်ကျောဘက်ရေသိုလှောင်ကန်၏ ကန်ဘောင်သည် တအိအိပြိုဆင်း လျက်ရှိပါသည်။

သို့ပါ၍ မြို့နယ်မီးသတ်ဦးစီးဌာန အဆောက်အဉီနှင့် ဝန်ထမ်းအိမ်ရာများ ရေရှည်သဖြင့် တည်တံ့ခိုင်မြဲ စေရေးအတွက် မြေထိန်းနံရံပြုလုပ်ပေးရန် လိုအပ်နေပါသဖြင့် ၂၀၁၇- ၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးပါရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်(၃)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ရှိလူဦးရေ အနေအထား၊ လယ်ယာမြေအနေအထားတို့နှင့် ကိုက်ညီသော ကျေးရွာနယ်နိမိတ်များအား မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် အစီအစဉ်မရှိပါက ကျေးရွာ နယ်နိမိတ်ပြင်ဆင် သတ်မှတ်ရေးကိစ္စကို အဆောတလျင် ဆောင်ရွက်သွားရန်"** နှင့် စပ်လျဉ်း၍ ခရိုင်/ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ အသစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင် ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်းကိစ္စများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူ လူထု၏ သဘောတူညီချက်၊ အဆင့်ဆင့်စိစစ်ထောက်ခံချက်များနှင့်အတူ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်၏ သဘောထားမှတ်ချက်ကို

ရယူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄နှင့်အညီ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့ပြင်ဆင်ပယ်ဖျက်ခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရွာမြေမှအပ ကျန်မြေအမျိုးအစားများဖြစ်သည့် သစ်တောမြေ၊ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ လယ်မြေ၊ သတ္တုလုပ်ကွက် ဧရိယာအတွင်းကျရောက်လျက်ရှိသော ကျေးရွာသစ်များအား သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မတီနှင့်အဖွဲ့များ၏ မြို့/ရွာမြေအဖြစ် အသုံးပြုဆောင်ရွက်ရန် အတည်ပြုချက်များရယူ၍ ၎င်းခွင့်ပြုချက်ရရှိမှသာ အမှုတွဲတွင် ထည့်သွင်းဖော်ပြရန်နှင့် ယင်း သို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထု၏ သဘောတူညီချက်ရယူ၍ ဆောင်ရွက်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားထားပါသည်။

ယနေ့အချိန်အခါ လူဦးရေတိုးပွားလာမှုများအရ မြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများတွင် အိမ်ခြေ၊ အိမ်ထောင်စုများ တိုးပွားလျက်ရှိရာ မိဘများ ခြံဝန်းအတွင်း၌လည်းကောင်း၊ ရွာအစပ် သို့မဟုတ် မိမိတို့လုပ်ပိုင်ခွင့်ရ လယ်မြေ များအတွင်း၌လည်းကောင်း၊ တဲအိမ်များ ဆောက်လုပ်နေထိုင်လျက်ရှိပါသည်။ ကျေးရွာအုပ်စုနယ်နိမိတ်များသည် ပြည်ထဲရေးဝန်ကြီးဌာန၏ အတည်ပြုသတ်မှတ်ထားသော နယ်နိမိတ်အတိုင်းသာ ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး လူဦးရေတိုးပွားလာမှုအရ မြေ နေရာလိုအပ်ချက်များ အပေါ် ကျေးရွာမြေများတိုးချဲ့ပေးရန် သက်ဆိုင်ရာကျေးရွာနေ ပြည်သူများ၏ သဘောတူညီချက် ရယူဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

ယင်းသို့ ဒေသခံပြည်သူလူထု၏ သဘောထားရရှိပါကလည်း တိုးချဲ့လိုသည့် မြေအမျိုးအစားနှင့် ပတ်သက်ပြီး မြို့၊ ရွာမြေအဖြစ် အသုံးပြုဆောင်ရွက်ရန် သဘော တူခွင့်ပြုချက်များ ရယူ၍ ခွင့်ပြုချက်ရရှိပါက မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့၊ ပြင်ဆင်၊ ပယ်ဖျက်ခြင်း၊ အမည်ပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာကျေးရွာအုပ်စုအား နယ်မြေမီးသတ်စခန်းတစ်ခု ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးချထားပေးမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာအုပ်စုတွင် နယ်မြေမီးသတ် စခန်း(၁)ခု ချထားပေးရန်အတွက် မြေနေရာအား မီးသတ်စခန်းမြေနေရာအမည်ပေါက်ရရှိပြီး ဖြစ်ရန်လိုအပ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နယ်မြေစခန်းဖွင့်လှစ်ရန် သဘောတူခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုမိန့်ရရှိပါက နယ်မြေမီးသတ် စခန်းရရှိမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေတောင်မြို့-ယွန်းတန်း ရပ်ကွက်- မြို့လယ်ရှိ ရေသိုလှောင်ကန်ကြီး**

**ဘေးတွင် တည်ဆောက်ထားသော မြို့နယ်မီးသတ် ဦးစီးဌာန အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ၏ နောက်ကျောဘက်တွင် မြေထိန်းနံရံပြုလုပ်ပေးရန် လိုအပ်နေပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ယွန်းတန်းရပ်ကွက်၊ မြို့လည်ရှိ ရေသိုလှောင်ကန်ကြီးဘေးတွင် တည်ဆောက်ထားသော မြို့နယ်မီးသတ် ဦးစီးဌာန အဆောက် အဦနှင့်ဝန်ထမ်းအိမ်ရာ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် မြေထိန်းနံရံပြုလုပ်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ငွေလုံးငွေရင်း ရန်ပုံငွေ တင်ပြတောင်းခံသွားဖြစ်ကြောင်းလေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစည်သူလွင်၊ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ကျောက်ကြီးမြို့နယ်၊ မုန်းကျေးရွာအုပ်စုသို့ သန္ဓေမီးသတ်စခန်းအားထားရှိဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(၂) **"ကျောက်ကြီးမြို့နယ်၊ မီးတိုင်တောကျေးရွာအုပ်စုအတွင်းရှိ ကျောက်တန်းကျေးရွာနှင့် အောင်ရတနာမြိုင်ကျေးရွာတို့အား ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မုန်းကျေးရွာအုပ်စုသည် ရပ်ကွက်ပေါင်း(၆) ရပ်ကွက်၊ ကျေးရွာပေါင်း(၅)ရွာ၊ အိမ်ခြေ(၂၅၁၆)အိမ်၊ လူဦးရေ(၁၃၃၃၅)ဦး၊ မှီတင်းနေထိုင် လျက်ရှိသော ကျေးရွာအုပ်စုကြီးတစ်ခုဖြစ်ပါသည်။ ထို့ပြင်မုန်းမြို့ အတွင်းစာသင်ကျောင်း (၂) ကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ မြန်မာလျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပြည်သူ့ခန်းမ၊ အေးမြ မာလာဈေးစသည့် အများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အဦများ၊ ဌာနဆိုင်ရာများရှိ သော်လည်းယခုအချိန်ထိ သန္ဓေမီးသတ်စခန်းမရှိသေးပဲ အရန်မီးသတ်စခန်းသာရှိပါသည်။ ထို့ပြင် မုန်းကျေးရွာသည် ကျောက်ကြီးမြို့နှင့် (၂၀)မိုင်ခန့်၊ ဖြူးမြို့နှင့် (၁၅)မိုင်ခန့်၊ ထန်းတပင်နှင့်(၃၀)မိုင်ခန့် ကွာဝေးသောကြောင့် မီးဘေးအန္တရာယ်နှင့်ကြုံတွေ့လျှင် အရန်မီးသတ်တပ်ဖွဲ့အနေဖြင့် အချိန်မီငြိမ်းသတ်နိုင်ရန်အတွက် လွန်စွာမှ အခက်အခဲရှိပါသည်။

သို့ပါသောကြောင့် ကျောက်ကြီးမြို့နယ်၊ မုန်းကျေးရွာအုပ်စုသို့ သန္ဓေမီးသတ်စခန်းအားထားရှိ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါသည်။

**ဦးစည်သူလွင်၊ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီး မြို့နယ်၊ မီးတိုင်တောကျေးရွာအုပ်စုအတွင်းရှိ ကျောက်တန်းကျေးရွာနှင့် အောင်ရတနာမြိုင်ကျေးရွာတို့အား

ပြည်ထဲရေးအမည်ပေါက်ကျေးရွာများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးစည်သူလွင်မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ မုန်းကျေးရွာအုပ်စုသို့ သန္ဓေမီးသတ်စခန်း အားထားရှိ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မုန်းကျေးရွာအုပ်စုတွင် မီးသတ်စခန်း ဆောက်လုပ်ရန်အတွက် မီးသတ်စခန်းအမည် ပေါက်မြေ ရရှိပြီးပါက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက မီးသတ်စခန်းထားရှိ ဆောက်လုပ်ပေးသွား မည်ဖြစ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ မီးတိုင်တောကျေးရွာအုပ်စုအတွင်းရှိ ကျောက်တန်းကျေးရွာနှင့် အောင်ရတနာမြိုင်ကျေးရွာတို့အား ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မီးတိုင်တောကျေးရွာ အုပ်စုတွင် မီးတိုင်တောကျေးရွာ၊ ကော့ပြင်ကျေးရွာ၊ အောင်ချမ်းသာကျေးရွာ၊ မြောင်းဦးကျေးရွာ၊ ကောင်းစု(ကျောင်းစု)ကျေးရွာ၊ ကျောက်တန်းကျေးရွာစသည့် ကျေးရွာ(၆)ရွာဖြင့် ဖွဲ့စည်းထားပါသည်။ မီးတိုင်တောကျေးရွာအုပ်စု၊ ကျောက်တန်း ကျေးရွာတွင် နေထိုင်ခဲ့သူများသည် ယခင် နယ်မြေအေးချမ်းမှုမရှိစဉ်ကာလများ၌ နီးစပ်ရာကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး နယ်မြေအခြေအနေ အေးချမ်းလာသည့် ၂၀၁၄ခုနှစ်ခန့်မှစ၍ မိမိတို့၏ မူလကျောက်တန်းကျေးရွာသို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်လာခဲ့ရာ ကျေးရွာမြေ(၁၀)ဧကခန့်တွင် အိမ်ခြေ(၅၅)၊ အိမ်ထောင်စု(၅၅)စု၊ လူဦးရေ ကျား(၁၀၅)ဦး၊ မ(၁၁၃)ဦး၊ စုစုပေါင်း(၂၁၈)ဦး နေထိုင်လျက်ရှိပါသည်။ ကျောက်တန်းကျေးရွာသည် မူလကပင် ပြည်ထဲရေးဝန်ကြီးဌာန အမည်စာရင်းတွင် ပါဝင်ထားရှိပြီးသော ကျေးရွာဖြစ်ပါသည်။

တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မီးတိုင်တောကျေးရွာအုပ်စု၊ အောင်ရတနာ မြိုင်ကျေးရွာသည် ၂၀၁၂ခုနှစ်ခန့်မှစ၍ ကျောင်းစုကျေးရွာမှ ကျေးရွာသူ/ကျေးရွာသားအချို့သည် မုန်းချောင်းရေတိုက်စားမှုကြောင့် မုန်းချောင်းကမ်းပါးပြိုကျ၍ ကော့ပြင်းကျေးရွာနှင့် မြောင်ဦးကျေးရွာကြားရှိ ကြေးတိုင်ပြင်၊ မြေလွတ်မြေရိုင်း(၁၀)ဧကခန့်အတွင်း စတင်စုစည်းနေထိုင်ခဲ့ရာမှ ကျေးရွာအသစ်ပေါ်ပေါက်လာခြင်းဖြစ်ပြီး ယခုလက်ရှိတွင် အိမ်ခြေ(၅၆)၊ အိမ်ထောင်စု(၅၆)စု၊ လူဦးရေ ကျား(၁၄၁)ဦး၊ မ(၁၃၈)ဦး၊ စုစုပေါင်း (၂၇၉)ဦးဖြင့် စုစည်းနေထိုင်လျက်ရှိပါသည်။

မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းကိစ္စရပ်များ ဆောင်ရွက်

ရာတွင် ရွာမြေမှအပ ကျန်မြေအမျိုးအစားများဖြစ်သည့် သစ်တောမြေ၊ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ လယ်မြေ၊ သတ္တုလုပ်ကွက် ဧရိယာအတွင်း ကျရောက်လျက်ရှိသော ကျေးရွာသစ်များအား သက်ဆိုင်ရာဝန်ကြီး ဌာန၊ ကော်မတီနှင့် အဖွဲ့များ၏ မြို့/ရွာမြေအဖြစ် အသုံးပြုဆောင်ရွက်ရန် အတည်ပြုချက်များရယူ၍ ၎င်းခွင့်ပြုချက်ရရှိမှသာ အမှုတွဲတွင် ထည့်သွင်းဖော်ပြရန်နှင့် ယင်းသို့ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူ လူထု၏ သဘောတူညီချက်ရယူ၍ ဆောင်ရွက်ရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားထားပါသည်။

အောင်ရတနာမြိုင်ကျေးရွာသစ်သည် မြေလွတ်၊ မြေရိုင်းတွင် တည်ရှိနေထိုင် ကြခြင်းဖြစ်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေအရ ရွာမြေအဖြစ် အသုံးပြုလိုသည့် ဧရိယာ(ဧက) အနည်းအများအလိုက် သက်ဆိုင်ရာတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ကော်မတီသို့ဖြစ်စေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီ(ဗဟို)သို့ဖြစ်စေတင်ပြ၍ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ခြင်း၊ ယင်းသို့ ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် ဆောင်ရွက်ရာ၌လည်း ဒေသခံ ပြည်သူလူထု၏ သဘောတူညီချက်ရယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ထိုသို့ရွာမြေအသုံးပြုခွင့်ရရှိပြီး ဒေသခံပြည်သူလူထုမှလည်း ကျေးရွာအမည်ပေါက် ဖွဲ့စည်းရာ၌ သဘောတူညီပါကြောင်း သဘောထားရရှိပါက မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့ပြင်ဆင် ပယ်ဖျက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များ က သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးက ပြန်လည် ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“လက်ပံတန်းမြို့နယ်၊ လက်ပံတန်း-သာရဝေါ်ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ ”** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(၂) **“လက်ပံတန်းမြို့နယ် (အနောက်ဘက်ခြမ်း) လက်ပံတန်း-သာရဝေါ် မီးရထား လမ်းပိုင်းတွင် တည်ရှိသော တံတားအမှတ်(၁၅A)တံတားမှာ ကျပ်သိန်းပေါင်း (၁)သောင်းကျော်ခန့် ကုန်ကျခံ တည်ဆောက်ထားပြီး (၃)လခန့်အကြာမှာယိုယွင်း လာပါ၍ မည်သူတို့တွင် တာဝန်ရှိသည် ပါအချက်(၅)ချက်အား သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်း။

အဆိုပါလမ်းပိုင်းမှာ လက်ပံတန်းမြို့နယ် အရှေ့ခြမ်းနှင့် အနောက်ခြမ်းမှ ခရီးသွား ပြည်သူလူဦးရေ (၁)သိန်းကျော်ခန့် အသုံးပြုနေရသောလမ်းပိုင်းဖြစ်သည်နှင့်အညီ လက်ပံတန်း မြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရန် အဓိကအရေးပါသော လမ်းကြောင်းလည်းဖြစ်ပါသည်။

ထို့အပြင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့အား ဆက်သွယ်ပေးထားသော လမ်းပိုင်းလည်းဖြစ်ပါသည်။ အဆိုပါလမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့် မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြေကြားပေးပါရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ (အနောက်ဘက်ခြမ်း) လက်ပံတန်း-သာရဝေါ မီးရထားလမ်းပိုင်းတွင် တည်ရှိသော တံတားအမှတ် (၁၅)အေ တံတားမှာ ကျပ်သိန်းပေါင်း (၁)သောင်းကျော်ခန့် ကုန်ကျခံတည်ဆောက်ထားသော တံတားလမ်းပိုင်း ဖြစ်ပါသည်။

ယခုအခါ အဆိုပါတံတားနှင့် လမ်းပိုင်းမှာ ကုန်ကျစရိတ်များစွာ အကုန်အကျခံ တည်ဆောက်ခဲ့သော လုပ်ငန်းဖြစ်ပါလျက် စတင်ဖွင့်လှစ်ပြီး (၃)လခန့်အကြာမှာစတင် ယိုယွင်းလာပြီးဖြစ်ပါသည်။ ယခုအခါ ရထားမှာ ဤနေရာတွင် အမြန်မောင်းနှင်၍မရတော့ပါ အဆိုပါ အကြောင်းအရာများ ဖြစ်ပေါ်နေခြင်း အပေါ်တွင်-

- မည်သူတို့တွင် တာဝန်ရှိသနည်း၊
- မည်သည့်တာဝန်ရှိသူတို့မှ တာဝန်ယူစစ်ဆေးခဲ့သနည်း၊
- အရည်အသွေးပြည့်မီခြင်းရှိ/ မရှိ မည်သူတို့က မည်ကဲ့သို့ တိုင်းတာစစ်ဆေးခဲ့သနည်း၊
- ဤကဲ့သို့ ပျက်ဆီးယိုယွင်းလာခြင်းအပေါ် တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ရန်ရှိ/ မရှိ၊
- သိန်း(၁)သောင်းကျော် အမှန်တကယ်ကုန်ကျမှုရှိ/ မရှိကို မည်ကဲ့သို့စစ်ဆေးခဲ့သနည်း စသည့် အချက်များအား သိရှိလို၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ မူလွန်(၃)လမ်းကျောင်းဝင်းအတွင်းရှိ အိုးအိမ်ဦးစီးဌာနပိုင် အန္တရာယ်ရှိ အဆောက်အဦအား ဖျက်သိမ်းရန် အစီအစဉ်ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ အုတ်ဖိုမြို့နယ်၊ မူလွန်(၃)လမ်း ကျောင်းဝင်းအတွင်းရှိ အိုးအိမ်ဦးစီးဌာနပိုင် အန္တရာယ်ရှိ အဆောက်အဦးအား ဖျက်သိမ်းရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုတို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်၊ လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်း အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့်စပ်လျဉ်း၍ လက်ပံတန်း-သာရဝေါရထားလမ်းပိုင်းသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းကို ဆက်သွယ်ထားသောလမ်းပိုင်းဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် အဆိုပါလမ်းပိုင်းကို အဓိကအားကိုးအားထားပြု၍ သွားလာ ဆောင်ရွက်နေခြင်း တို့ကြောင့် မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းပိုင်းတောင့်တင်း ခိုင်မာစေရေးနှင့် အန္တရာယ်ကင်းရှင်းပြီး လုံခြုံချောမွေ့စေရေးအတွက် ပြုပြင်ထိန်းသိမ်းမှုများကို ပုံမှန်ဆောင်ရွက်လျက် ရှိသည့်အပြင် ပိုမိုတိုးတက် ကောင်းမွန်လာစေရန်နှင့် မိုင်နှုန်းတိုးမြှင့် မောင်းနှင်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လက်ပံတန်း-ခမုံဆိပ်ကြား လမ်းပိုင်း၌ လမ်းခင်းကျောက် (၁၀၀၀)ကျင်းဖြည့်တင်းခြင်း၊ ရထား လမ်း(၉)မိုင် အရှည်ကို လမ်းမြောက်ပက္ကင်ရိုက်ခြင်း၊ လက်ရှိပေါင်(၆၀)သံလမ်း (၉. ၀၄)မိုင်ကို (၇၅)ပေါင် သံလမ်းများဖြင့် အစားထိုးလဲလှယ်ခြင်းနှင့် တံတား(၉)လုံးတွင် ချဉ်းကပ်တာဘောင်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သာမန်အသုံးစရိတ် ခွင့်ပြုရန်ပုံငွေမှကျခံ၍ ဆောင်ရွက်ရန်လျာထားခဲ့ပါသည်။

လျာထားချက်အတိုင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ယခုအခါ လမ်းခင်း ကျောက် (၇၅၈)ကျင်းသည် လမ်းပိုင်းအတွင်း ရောက်ရှိပြီးဖြစ်ရာ လမ်းခင်းကျောက် (၅၀၀)ကျင်းခန့် လမ်းထဲသို့ ထည့်သွင်းပြီး လမ်းမြောက်ပက္ကင်ရိုက်ခြင်းလုပ်ငန်းကို (၅. ၅)မိုင် ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ တံတား(၉)စင်းအနက် တံတား(၂)စင်းတွင် ချဉ်းကပ်တာဘောင် ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသော ခမုံဆိပ်-သာရဝေါလမ်းပိုင်းတွင် ရထားလမ်း မိုင်နှုန်းမြှင့်တင်နိုင်ရန်နှင့် ရထားလမ်းပိုင်းပိုမိုတောင့်တင်းခိုင်မာစေရန်အတွက် ခွင့်ပြုဘဏ္ဍာငွေ ရရှိမှုပေါ် မူတည်၍အလားတူ ပြုပြင်ထိန်းသိမ်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရထားလမ်း အဆင့်မြှင့်တင်ခြင်းအတွက် သီးသန့်ခွင့်ပြုငွေတောင်းခံ၍ ဆောင်ရွက်မည်မဟုတ်သော်လည်း ရထားလမ်း ပြုပြင်ထိန်းသိမ်းခြင်းအတွက် မြန်မာ့မီးရထား၏ သာမန်ခွင့်ပြုရန်ပုံငွေဖြင့် ရထားလမ်းပိုင်းတိုးတက် ကောင်းမွန်ရေးကို ရည်ရွယ်၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ် (အနောက်ဘက်ခြမ်း) လက်ပံတန်း-သာရဝေါ မီးရထားလမ်းပိုင်းတွင် တည်ရှိသော တံတားအမှတ်(၁၅A)တံတားမှာ ကျပ်သိန်းပေါင်း (၁)သောင်းကျော်ခန့် ကုန်ကျခံတည်ဆောက်ထားပြီး (၃)လခန့်အကြာမှာယိုယွင်းလာပါ၍ မည်သူတို့တွင် တာဝန်ရှိသည် ပါအချက်(၅)ချက်အား သိရှိလို ပါကြောင်း"**နှင့် စပ်လျဉ်း၍ ၂၀၁၅ခုနှစ်၊ မိုးတွင်းကာလ ရေကြီးရေလျှံမှုကြောင့် လက်ပံတန်း-သာရဝေါလမ်းပိုင်းရှိ တံတားအမှတ်(၁၅-က) 3/40' တံတားသည် ပျက်စီးမှုဖြစ်ပေါ်ခဲ့သဖြင့် ၂၀၁၆- ၂၀၁၇ဘဏ္ဍာရေးနှစ်တွင် တံတားအသစ်ကို ယခင်တံတားဟောင်း၏ ရေထွက်ဘက် ခြမ်းမှ (၅၀-ပေ)အကွာတွင် 3/85' တံတားအဖြစ် အသစ်ပြန်လည် တည်ဆောက်ခဲ့ ပါသည်။

တံတားအမှတ်(၁၅-က)၏ ခန်းဖွင့်မှာ (၈၅-ပေ)အကျယ်(၃)ခန်းဖြစ်ပြီး ရေလယ်တိုင်(၂)တိုင်နှင့် ကမ်းကပ်ခုံ(၂)ခု ပါရှိပါသည်။ တံတားအသစ်၏ ရေလယ်တိုင် Pier နှင့် ကမ်းကပ်ခုံ Abutment များတွင် Bore Pile (၈)လုံးစီဖြင့် အနက်ပေ (၁၂၆-ပေ)တူး၍ တည်ဆောက်ထားပါသည်။ တံတား၏ အပေါ်ထည်ကို ကြိုတင်အားဖြည့် PC Girderဖြင့် တည်ဆောက်ထားပြီး တံတားနှင့်ချဉ်းကပ်လမ်း တာဘောင်တည် ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် အပြီးတည်ဆောက်ထားပါသည်။

၂၀၁၇ခုနှစ်၊ ဇွန်လအတွင်း မိုးရွာသွန်းမှုကြောင့် အမြင့်ဘက်ခြမ်းကွင်းပြင်ရှိ ရေများသည် မြေနိမ့်ပိုင်းဖြစ်သော တံတားနေရာသို့ လာရောက်စုဝင်ပြီး ရေလယ်တိုင်များကို ဖြတ်သန်း စီးဆင်းလျက် ရှိပါသည်။ ထိုသို့ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တံတားနေရာရှိ ချောင်းကြမ်းခင်းမျက်နှာပြင်မှ အမြင့်(၁၀) ပေခန့်ထိ ရေစီးဆင်းလျှက်ရှိပြီး အဆိုပါတံတား သစ်အား စစ်ဆေးရာတွင် ရေလယ်တိုင်များ၊ ကမ်းကပ်ခုံများ နိမ့်ကျွံမှု ဖြစ်ပေါ်ခြင်း မရှိပါကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

တံတား၏တစ်ဘက်စီတွင် ချဉ်းကပ်ရထားလမ်းတာဘောင်သစ်ကို အလျား (၁၃၅၀)ပေ အကျယ်(၄၀)ပေ၊ အမြင့်(၂၀)ပေ တည်ဆောက်ထားပါသည်။ အဆိုပါ တာဘောင်သစ်အား မြေသား သိပ်သည်းမှုရရှိအောင် စက်ယန္တရားများဖြင့် အလွှာလိုက် ဖြန့်ကြိတ်ခြင်း၊ သတ်မှတ် Level ထက် ထပ်ဆောင်းမြေဖို့ခြင်းများ ဆောင်ရွက်ထားသော်လည်း ယခုမိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ချဉ်းကပ်ရထားလမ်းတာဘောင် မြေသားအိကျသဖြင့် ရထားသံလမ်း၏ Level နှင့် ရေချိန်နိမ့်ကျွံမှု ဖြစ်ပေါ်ခဲ့ ပါသည်။

နိမ့်ကျွံသွားသော ရထားလမ်းတာဘောင်နေရာတွင် ရထားသံလမ်းအား မြှောက်မ၍ လမ်းဘေးအရံ ထားရှိသော လမ်းခင်းကျောက်များကို ထပ်မံဖြည့်တင်းပြီး ပက္ကင် ရိုက်ခြင်းနှင့် ရထားလမ်းပြုပြင်ခြင်းများကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် လက်ပံတန်း-သာရဝေါ ပြေးဆွဲနေသော ရထားများအား သွားလာမှု မထိခိုက်စေရန်နှင့် အန္တရာယ်မဖြစ်ပေါ်စေရန်အတွက် ကန့်သတ်မိုင်နှုန်း(၁၀) မိုင်နှုန်းဖြင့် ဖြတ်သန်းပြေး ဆွဲခွင့်ပြုထားပါသည်။

တံတားအမှတ်(၁၅-က)တံတားအား အသစ်ပြန်လည်တည်ဆောက်ခြင်းကို မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး တံတားရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် အန္တရာယ် မဖြစ်စေရေးသည် မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန၏ တာဝန်ဖြစ်ပါသည်။

မြို့ပြအင်ဂျင်နီယာအနေဖြင့် တာဝန်ရှိသည့်အလျောက် တည်ဆောက်စဉ်ကာလကပင် Foundation

Design ကို Bore Pile Foundation Designဖြင့် ရွေးချယ်တည်ဆောက်ခဲ့ခြင်း၊ အသုံးပြုသော လုပ်ငန်းသုံးပစ္စည်းများအား အရည်အသွေး ပြည့်မီသော ပစ္စည်းများကိုသာ သုံးစွဲစေခဲ့ခြင်း၊ လုပ်ငန်းများ ဆောင်ရွက်စဉ် သတ်မှတ် အရည်အသွေးရရှိမှုရှိ၊ မရှိကို ကွန်ကရစ် Cubic Block စမ်းသပ်တုံးများ ပြုလုပ်၍ ဥသျှစ်ပင်ကွန်ကရစ်ဇလီဖားစက်ရုံတွင် စမ်းသပ်ခြင်း၊ Bore Pile များ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ/မရှိ Third Party အဖွဲ့ဖြစ်သော ပြင်ပကုမ္ပဏီ (Civil Soulution Co.Ltd) အား ငှားရမ်း၍ S.I.T(Sonic Integrity Test) စမ်းသပ်ခြင်း၊ သံချောင်းလုံးများကိုလည်း ဌာနမှဝယ်ယူစဉ်ကတည်းက အရည်အသွေး စစ်ဆေးခြင်းများကို ဆောင်ရွက်ထားခဲ့ပါသည်။

ယခုဖြစ်စဉ်မှာ အသစ်တည်ဆောက်ထားသော တံတား၏ပျက်စီးချွတ်ယွင်းမှု မဟုတ်ပါ။ မိုးရွာသွန်းမှုကြောင့် တာဘောင်အတွင်း မိုးရေများစိမ့်ဝင်၍ ရထားလမ်းတာဘောင်နေရာ အနည်းငယ်တွင် နိမ့်ကျွံမှုဖြစ်ပေါ်ခြင်းသာ ဖြစ်ပါသည်။ ရထားလမ်းတာဘောင်သည် အသစ်တည်ဆောက်ထားသော တာဘောင်ဖြစ်၍ တာဘောင်အသားသေရန်အတွက် (၃)နှစ်ခန့် အချိန်ယူစောင့်ဆိုင်းရန် လိုအပ်ပါသည်။ တာဘောင်တည်ငြိမ်မှု ရရှိရန်လည်း မြက်များ၊ အပင်များစိုက်၍ ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။ သက်တမ်းနှစ် (၁၀၀)ကျော်ခန့်ရှိပြီး ဖြစ်သော ဒိုက်ဦး-ပြွန်တန်ဆာလမ်းပိုင်းရှိ နေရာအချို့ပင်လျှင် ယခုကဲ့သို့ အလားတူ မြေနိမ့်ကျွံမှု ဖြစ်ပေါ်ခြင်းများ ရှိနေပါသည်။ ဂျပန်နိုင်ငံ ODA ဖြင့် ဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ဂျပန်နိုင်ငံ အတိုင်ပင်ခံအဖွဲ့မှ ရေးဆွဲထားသော လုပ်ငန်းစဉ်ဇယားတွင် စီမံကိန်းပြီးစီးပြီးနောက် နောက်ထပ်(၂)နှစ်ကို စောင့်ကြည့်ကာလအဖြစ် သတ်မှတ်ထား ပြီး ထိုကာလတွင် လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ဤတံတားအမှတ် (၁၅-က)ကိုလည်း စောင့်ကြည့်ကာလအဖြစ် မိုးရာသီ (၂)ရာသီခန့် စောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ပြီး လိုအပ်သော ပြုပြင်မှုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တံတားအမှတ် (၁၅-က)အသစ်တည်ဆောက်ခြင်းအတွက် အမှန်ကုန်ကျသည့် တန်ဖိုးမှာ ငွေကျပ် (၉၆၁. ၉၈၉)သန်းဖြစ်ပါသည်။ ခန့်မှန်းခြေစာရင်းများ တွက်ချက်တင်ပြရာတွင် ရုံးချုပ်မှစိစစ်ပြီး အမှန်တကယ်ပေးချေရမည့် လုပ်ငန်းအတွက်သာ ပေးချေစေခြင်း၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာမှ အထွေထွေမန်နေဂျာ(မြို့ပြ)ကိုယ်တိုင် အခါအားလျော်စွာ စစ်ဆေးခြင်း၊ အထွေထွေမန်နေဂျာ (စစ်ဆေးရေး)မှ စစ်ဆေးခြင်းများကို မျက်ခြေမပြတ် စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

ဤဖြစ်စဉ်သည် တည်ဆောက်ပြီး ပထမနှစ် မိုးတွင်းကာလတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ချဉ်းကပ်တာဘောင်နိမ့်ကျွံမှုသာဖြစ်ပြီးရထားသွားလာမှုကို မထိခိုက်စေဘဲ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန် ပြုပြင်ဆောင်ရွက်ပေး ထားပြီးဖြစ်ပါကြောင်းနှင့် ချဉ်းကပ်တာဘောင်နိမ့်ကျွံမှုကို တံတားနိမ့်ကျွံသည်ဟု ထင်မြင်လွဲမှားမှုမဖြစ်စေရန်နှင့် သက်ဆိုင်ရာဒေသခံပြည်သူများ အနေဖြင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရန် မြန်မာ့မီးရထားမှ နေ့/ ညမပြတ် တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ မူလွန်(၃)လမ်းကျောင်းဝန်း အတွင်းရှိ အိုးအိမ်ဦးစီးဌာနပိုင် အန္တရာယ်ရှိ အဆောက်အဦအား ဖျက်သိမ်းရန် အစီအစဉ်ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ အုတ်ဖိုမြို့နယ်၊ မူလွန်(၃)လမ်း ကျောင်းဝင်းအဆောက်အဦအား ၁၉၇၄ခုနှစ်တွင် ပါတီယူနစ်ရုံးအဖြစ် ပြောင်းလဲအသုံးပြုခဲ့ပြီးနောက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၎င်းနောက် ၁၉၈၈ ခုနှစ်တွင် ယခင်ပဲခူးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ ခွင့်ပြုချက်အရ အခြေခံမူလတန်းကျောင်းအဖြစ် အသုံးပြုခဲ့ပါသည်။ ကျောင်းအဖြစ် အသုံးပြုပြီးနောက် ၁၉၉၂ ခုနှစ်တွင် (၃)လမ်းရပ်၊ အုတ်ဖိုမြို့ မိဘဆရာအသင်းဥက္ကဋ္ဌ၏ တင်ပြချက်အရ ၎င်းကာလ နောက်ပိုင်းတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောင်းအဆောက်အဦ အတွက် အိမ်လခကောက်ခံခြင်း မရှိပါကြောင်း တွေ့ရှိရပါသည်။

အဆောက်အဦမှာ နှစ်ပေါင်းကြာမြင့်၍ အန္တရာယ်ရှိ အဆောက်အဦဖြစ်သောကြောင့် ဖျက်သိမ်းရန် ကိစ္စမှာ တရားဝင်လုပ်ထုံးလုပ်နည်းအရ လက်ရှိအသုံးပြုနေသော ပညာရေး ဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှတစ်ဆင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားရန်လိုအပ်ပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုချက်ဖြင့် အဆောက်အဦဟောင်း ဖျက်သိမ်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကိုယ်ထူကိုယ်ထ မီးလင်းနေသည်များကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံစေပြီး ပိုမို ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"မိုးညိုမြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ထွင့်မြတ်တံတားအား ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျေးလက်နှင့် မြို့ပြကွာဟမှုမရှိစေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သောကျေးလက် နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချောမွေ့စေရေးနှင့် လျှပ်စစ်မီးရရှိရေးတို့ပင်ဖြစ်သည်။

နိုင်ငံတော်မှလည်း ကျေးလက်နေပြည်သူများ၏ လူမှုဘဝများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ လိုအပ်ချက်တွေများနေသော နိုင်ငံမှာ ပြည်သူများ၏ဆန္ဒကို အချိန်နှင့်တပြေးညီ ဖြည့်ဆည်း နိုင်ခြင်းမရှိသေးသည်ကိုလည်း တွေ့မြင်နေရပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာအများစုမှာ လျှပ်စစ်မီးမရရှိပါသဖြင့် အချို့ကျေးရွာများ "မီးလင်းရေးကော်မတီများ ဖွဲ့စည်းကာ လျှပ်စစ်မီးလင်းရေးကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရမည် ဖြစ်ပါသည်။

ထိုသို့ လျှပ်စစ်မီးလင်းရေးကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ရာတွင် ငွေကြေးစုဆောင်းကောက်ခံမှုများ သုံးစွဲမှုများလည်းရှိမည်ဖြစ်ပါသည်။ ငွေကြေးသုံးစွဲမှုများကို ပွင့်လင်းမြင်သာမှုရှိစွာ ချပြမှုမရှိခြင်း၊ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်မှုများ အားနည်းခြင်းတို့ကြောင့် ရပ်ရွာနေပြည်သူ အချင်းချင်း မသင့်မမြတ်ဖြစ်ခြင်း စိတ်ဝမ်းကွဲမှုများကို ဖြစ်ပေါ်စေပါသည်။

မိုးညှင်းမြို့နယ် ကြို့ပင်သာကျေးရွာအုပ်စု၊ ထွင့်မြတ်စံပြကျေးရွာ လျှပ်စစ်မီးလင်း ရေးကော်မတီဆိုလျှင် ငွေကြေးသုံးစွဲမှုများ ပစ္စည်းဝယ်ယူမှုများကို ချပြတိုင်ပင်ဆွေးနွေးမှုမရှိခြင်း သက်ဆိုင်ရာရပ်ကျေးအုပ်ချုပ်ရေးမှူးကို အသိပေးအကြောင်းကြား ဆောင်ရွက်မှုများမရှိခြင်းတို့ကြောင့် မင်းမဲ့စရိုက်ဆန်လာပြီး မလိုလားအပ်သော ပြဿနာများကို ဖြစ်ပေါ်လာနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အနေဖြင့် အလားတူပြဿနာများကို ဒိုင်ခံဖြေရှင်းဆောင်ရွက်ပေးနေရသည်ကိုလည်း တွေ့မြင်နေရပါသည်။

ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလိုင်းများမှ အခြားကျေးရွာများသို့ လျှပ်စစ်မီးသွယ်တန်းရာတွင် ၎င်းတို့၏ခွင့်ပြုချက်ရမှသာ သွယ်တန်းရသဖြင့် လူမှုရေးအဆင်မပြေမှုများရှိလျှင် ပို၍ခက်ခဲသော အခြေအနေများဖြင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ ကျေးရွာနေပြည်သူများ လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းနေသော ကျေးရွာများကို နိုင်ငံတော်သို့ပြန်လည်အပ်နှံစေပြီး ပိုမိုကောင်းမွန်သောအစီအမံများ၊ ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးပါရန် မေးမြန်းအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး မိုးညှင်းမြို့နယ်၊ ကြို့ပင်သာကျေးရွာအုပ်စု၊ ထွင့်မြတ် တံတားသည် ၂၀၁၄ခုနှစ်တွင် ပြီးစီးထားသော တံတားဖြစ်ပြီး ၎င်းတံတားသည် သံဘောင် အဟောင်းများကို အသုံးပြုထားခြင်း၊ ဝန်တင်ကားများ ခရီးသည်ကားများ သွားလာအသုံးပြုမှုများပြားခြင်းတို့ကြောင့် ဂွိုင်းဆက်ပင်များ ချောင်ထွက်နေခြင်း၊ ကြမ်းခင်းသစ်သားများ၊ ပေါက်ပြဲပျက်စီးနေခြင်းများ ဖြစ်ပေါ်နေသဖြင့် ခရီးသည်ကားများ ဝန်တင်ကားများ အများပြည်သူများအတွက် အချိန်မရွေး အန္တရာယ်ဖြစ်နိုင်သော တံတားဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းတံတားအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းကိုမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဝင်းကို၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကိုယ်ထူကိုယ်ထ မီးလင်းနေသည်များကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံစေပြီး ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိ"**နှင့်

စပ်လျဉ်း၍ နိုင်ငံတစ်ဝှမ်းရှိ အချို့သောကျေးရွာများသည် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကျေးရွာနေ ပြည်သူများမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာမီးလင်းရေးကော်မတီများ ဖွဲ့စည်းကာ ကိုယ့်အားကိုယ်ကိုးအစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တွင် ကျေးရွာပေါင်း (၃၆၀၈) ရွာရှိပြီး ဓာတ်အားစနစ်ဖြင့် မီးလင်းပြီး ကျေးရွာပေါင်း (၉၇၁) ရွာ၊ မီးလင်းရန်ကျန်ရှိသောကျေးရွာပေါင်း (၂၆၃၇)ရွာ ကျန်ရှိလျက်ရှိပါသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)အစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ပထမအဆင့် အနေဖြင့် လက်ရှိ ၁၁ ကေဗွီ လိုင်းမှ ၂ မိုင် အတွင်းကျေးရွာ (၈၅၈) ရွာ၊ ဒုတိယအဆင့်အနေဖြင့် လက်ရှိ ၁၁ ကေဗွီ လိုင်းမှ ၅ မိုင် အတွင်းကျေးရွာ (၇၄၈) ရွာအား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာများအား လျှပ်စစ်ဓာတ်အားရရှိရေး အတွက် နိုင်ငံတော်မှ ၁၁ ကေဗွီလိုင်း နှင့် ၁၁/၀. ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျေးရွာအတွင်း ၄၀၀ဗို့ ဓာတ်အားလိုင်းကို ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းကာ ကျေးရွာအစီအစဉ်ဖြင့် ကိုယ်ထူကိုယ်ထ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားမရရှိသေးသောကျေးရွာများအတွက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ထရန်စဖော်မာအား နိုင်ငံတော်မှအမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) အစီအစဉ်ဖြင့်ဆောင်ရွက်ပေးရန် စီစဉ်လျှက်ရှိပါသည်။ လက်ရှိကျေးရွာအစီအစဉ်ဖြင့် ကိုယ်ထူကိုယ်ထလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိသော မီးလင်းရေးလုပ်ငန်းများအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံစေရန်နှင့် ၎င်းကျေးရွာများအား ပိုမိုကောင်းမွန်သော အစီအမံများ၊ ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးနိုင်ရန်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပတ်သက်သည့်ကိစ္စ ဖြစ်သည့်အတွက် နိုင်ငံတော်၏ လမ်းညွှန်မှုပေါ်မူတည်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မူဝါဒနှင့် သက်ဆိုင်သည့်ကိစ္စရပ်ဖြစ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ရုံးမှအင်ဂျင်နီယာချုပ်(ဓာတ်/ဖြန့်)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းထံသို့ လမ်းညွှန်ချက်တောင်းခံ ထားပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုးညိုမြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ထွင့်မြတ်တံတားအား ပြန်လည်ပြင်ဆင် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ထိန်တော-မိုးညို-တာပွန်- နတ်တလင်းမိုင် (၂၀/၃-၂၀/၅)ကြားရှိ ထွင့်မြတ်တံတား(တံတားအမှတ်-၁/၂၁)ဘေလီတံတားသည် (၂၀၁၂-၂၀၁၃)ခုနှစ်က တည်ဆောက်ခဲ့သော တံတားဖြစ်ပါသည်။ ယင်းတံတားအား နှစ်စဉ်သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဘေလီတံတား၏ သက်တမ်းသည် (၄)နှစ်ခန့် ရှိပြီဖြစ်သည့်အတွက် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၉)မှ တံတားကျွမ်းကျင် အင်ဂျင်နီယာများသည် (၅. ၆. ၂၀၁၇)ရက်နေ့တွင် တံတားကြံ့ခိုင်မှုများကို စစ်ဆေး ခဲ့ပါသည်။

တံတားကြံ့ခိုင်မှုအား စစ်ဆေးရာတွင် ထူးခြားသည့် တံတားပျက်စီးယိုယွင်းမှုများ မရှိပါကြောင်းနှင့် တံတားဘီးလမ်းနှင့် ကြမ်းခင်းများ ပျက်စီးနေသည့်အတွက် ပြန်လည်ပြုပြင်လဲလှယ်ရန် လိုအပ်ကြောင်း တံတားကျွမ်းကျင်အင်ဂျင်နီယာများမှ အကြံ ပြုခဲ့ပါသည်။

ယခုအခါ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် တံတားဘီးလမ်းနှင့် ကြမ်းခင်းများ လဲလှယ်ခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်လျှက်ရှိပြီး လိုအပ်ပါက အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေမှ ဆက်လက်ကျခံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပ မည်ဖြစ်ကြောင်းနှင့် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့နံနက်ပိုင်းကို (၁၁း၁၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၄)ဦးကမေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူအများစားသုံးနေရသည့် ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များအား ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ အများပြည်သူအကျိုးငှာ မည်ကဲ့သို့ ပညာပေးခြင်း အစီအစဉ် ထိရောက်စွာအရေးယူခြင်း အစီအစဉ်တို့ ဆောင်ရွက်နေကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“သနပ်ပင်မြို့နယ်၊ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အပြီးသတ်ဆောင်ရွက် နိုင်ခြင်းမရှိသော (၆)ခန်းတွဲ၊ (၄)ထပ် (အာစီအမျိုးအစား) ဝန်ထမ်းအိမ်ရာ အဆောက်အဉီအား ပြည်သူ့အကျိုးငှာ ဆက်လက် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူအများ စားသုံးနေရသည့် ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များအား ပဲခူးတိုင်း ဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အများပြည်သူအကျိုးငှာ မည်ကဲ့သို့

ပညာပေးခြင်းအစီအစဉ်၊ ထိရောက်စွာအရေးယူခြင်း အစီအစဉ်တို့ဆောင်ရွက်နေကြောင်း ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူအများစားသုံးနေရသည့် ကျန်းမာရေးနှင့်မညီညွတ်သော(၁) အာဟာရ တန်ဖိုးလျော့နည်းသည့် ကျောင်းသူ၊ ကျောင်းသား အများဆုံးစားသုံးကြရသည့်မုန့်များ၊ (၂)စားသုံးရန်မသင့်သည့် ဆိုးဆေးများသုံးစွဲထားသည့် မုန့်များ၊ အချိုရည်များ၊ ငရုတ်ဆီများနှင့် သက်တမ်းလွန် အစားအသောက်များ၊ (၃) တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် အစားအသောက်များအား ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲ ရေးဦးစီးဌာနမှ အများပြည်သူအကျိုးငှာ မည်ကဲ့သို့ပညာပေးအစီအစဉ်၊ ထိရောက်စွာ အရေးယူခြင်းအစီအစဉ်တို့ ဆောင်ရွက်နေကြောင်း သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်း အပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ၂၀၁၄-၂၀၁၅ဘဏ္ဍာ နှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အပြီးသတ် ဆောင်ရွက်နိုင်ခြင်းမရှိသော (၆)ခန်းတွဲ၊ (၄)ထပ် (အာရ်စီအမျိုးအစား) ဝန်ထမ်းအိမ်ရာ အဆောက်အဦအား ပြည်သူ့အကျိုးငှာဆက်လက် လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ။

တင်ဒါအောင်ခဲ့ပြီးသော်လည်း အပြီးသတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့် (ခိုင်ဇင်သာ) ဆောက်လုပ်ရေးကုမ္ပဏီနှင့် မည်သို့သဘောတူညီချက်ဖြင့် လုပ်ငန်းရပ်ဆိုင်းထားကြောင်း ပွင့်လင်းမြင်သာစွာ ပြည်သူများသိရှိရန်နှင့် ပြည်သူ့ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါလျှင် မည်သို့အရေးယူဆောင်ရွက် သွားမည်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းခြင်း ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆေးရုံအကြီးစားပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းအတွက် ကျပ်သိန်း(၁၇၁ သိန်း)၊ (၆)ခန်းတွဲ (၄)ထပ် R.C.C ဝန်ထမ်းအိမ်ရာအတွက် ကျပ်သိန်း(၅၄၄၁. ၀၀)၊ စုစုပေါင်း (၅၆၁၂)သိန်းအား (၇. ၁၀. ၂၀၁၄)တွင် တင်ဒါအောင်မြင်စာချုပ်ချုပ်ဆိုခဲ့ပါသည်။

သို့ပါသော်လည်း လုပ်ငန်းပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ (၁၁. ၁. ၂၀၁၆)နေ့ တိုင်းဒေသကြီးကုသရေး စာအမှတ်(၀၀၉၀/ပခတ-ကုသရေး/အဆ၃/၂၀၁၆)စာအရ ကုမ္ပဏီမှ တည်ဆောက်ရေးလုပ်ငန်း အာမခံငွေ ၅%ပေးသွင်းရန် ပျက်ကွက်ခြင်းတို့တွေ့ရှိရပါသည်။

သို့ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး အများပြည်သူအကျိုးငှာ လုပ်ငန်းပြီးစီးအောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ။

တင်ဒါအောင်မြင်ခဲ့သော်လည်း လုပ်ငန်းအပြီးသတ်အောင် ဆောင်ရွက်ခြင်းမရှိသည့် (ခိုင်ဇင်သာ) ကုမ္ပဏီနှင့်မည်သို့သဘောတူညီချက်ဖြင့်လုပ်ငန်းရပ်ဆိုင်းထားကြောင်း ပွင့်လင်းမြင်သာစွာ ပြည်သူများ သိရှိနိုင်ရန်။

ဆောက်လုပ်ရေးကုမ္ပဏီ၏ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ MR.8 မှတ်တမ်း များအား မည်သည့်အဖွဲ့အစည်းက စစ်ဆေးလက်ခံခဲ့ကြောင်းနှင့် ပြည်သူ့ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှုများ

ဖြစ်ပေါ်ခဲ့ပါလျှင် မည်သို့အရေးယူဆောင်ရွက်သွားမည်ကို ပြည်သူ့အကျိုးငှာသိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူအများ စားသုံးနေရသည့် ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များအား ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ အများပြည်သူအကျိုးငှာ မည်ကဲ့သို့ ပညာပေးခြင်း အစီအစဉ်၊ ထိရောက်စွာအရေးယူခြင်း အစီအစဉ်တို့ ဆောင်ရွက်နေကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိပြည်သူအများ စားသုံးနေရသည့်ကျန်းမာရေး နှင့်မညီညွတ်သော

- အာဟာရတန်ဖိုးလျော့နည်းသည့်ကျောင်းသူကျောင်းသားအများဆုံး စားသုံးကြရသည့်မုန့်များ၊
- စားသုံးရန်မသင့်သည့်ဆိုးဆေးများ သုံးစွဲထားသည့်မုန့်များ၊ အချိုရည်များ၊ ငရုပ်ဆီများနှင့် သက်တမ်းလွန်အစားအသောက်များ၊
- တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် အစားအသောက်များအား ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှအများပြည်သူ အကျိုးငှာဆောင်ရွက်နေသော ဆောင်ရွက်ချက်များ၊

## ပညာပေးခြင်းအစီအစဉ်များအနေဖြင့်

ပဲခူးတိုင်းဒေသကြီးအတွင်း နေထိုင်ကြသောမိဘပြည်သူများအတွက် ပဲခူးတိုင်းဒေသကြီးရှိ မြို့ကြီးများတွင် အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ၄င်းမြို့များရှိစည်ပင်သာယာပိုင်မြို့မဈေးများ၌ ပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ကျေးလက်ဒေသအောက်ခြေထိ ကျေးရွာအရောက်အသိပညာပေး ဟောပြောပွဲများကိုအနည်းဆုံး တစ်လလျှင်တစ်ရွာ သတ်မှတ်၍အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့်ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၁၆ခုနှစ်ပညာသင်နှစ်တွင် စာသင်ကျောင်းမုန့်ဈေးတန်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်ချမှတ်ပြီး ဩဂုတ်လမှ ဒီဇင်ဘာလအထိမြို့နယ်(၄)မြို့နယ်ရှိ ကျောင်းပေါင်း (၁၆)ကျောင်း၌အသိပညာပေးဟောပြောပွဲများပြုလုပ်ခဲ့ပြီး ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးခြင်း စားသုံးရန်မသင့်ဟုယူဆရသောမုန့်များအား ဈေးကွက်နမူနာကောက်ယူစစ်ဆေးခြင်း၊ မြို့နယ်ကျောင်းကျန်းမာရေး အဖွဲ့များနှင့်ပူးပေါင်း၍ ပဲခူးမြို့ပေါ်ရှိအခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်း ကျောင်းများ၌အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်ဇူလိုင်လမှ ဒီဇင်ဘာလအထိ တစ်လလျှင်ကျောင်း(၁၄)ကျောင်း သတ်မှတ်ပြီး ပဲခူးမြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းကာ

ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်နှင့်ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းများအား ပြုလုပ်ရန် စီစဉ်ထားရှိပါသည်။

## ထိရောက်စွာအရေးယူခြင်းအနေဖြင့်

စားသုံးရန်မသင့်ကြေငြာထားသော အစားအသောက်အမျိုးအစားအမှတ်တံဆိပ်များ၊ သက်တမ်းလွန်အစားအသောက်များအား ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများတွင်ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိရပါက ပစ္စည်းသိမ်းခြင်း၊ ဈေးဆိုင်ပိုင်ရှင်များအား နောက်နောင် မရောင်းချတော့ပါကြောင်း ခံဝန်ကတိ လက်မှတ်ရေးထိုးစေခြင်းနှင့်ရောင်းချနေသည်ကို ထပ်မံစစ်ဆေးတွေ့ရှိပါက တည်ဆဲအမျိုးသား အစားအသောက်ဥပဒေအရ အရေးယူခံရမည်ကို သိရှိပါကြောင်းလက်မှတ်ထိုးစေခြင်းနှင့် အဆိုပါ သိမ်းဆည်းခဲ့သောစားသုံးရန်မသင့်အစားအသောက်များ၊ သက်တမ်းလွန်အစားအသောက်များအား မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ ရှေ့မှောက်တွင် ဖျက်ဆီးခြင်းများကိုဆောင်ရွက်နေပါသည်။ ထို့အပြင်ဈေးကွက်အတွင်း၌ရောင်းချနေသော အစားအသောက်များတွင် စားသုံးရန်မသင့်သည့်ဓာတုဆိုးဆေးများ၊ တာရှည်ခံဓာတု ပစ္စည်းများနှင့်ရောဂါဖြစ်စေသော အဏုဇီဝပိုးများပါဝင်သည်ဟု သံသယရှိသောအစား အသောက်များတွေ့ရှိပါကလည်း ဈေးကွက်နမူနာ ကောက်ယူ၍ပဲခူးတိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ Mini - Labနှင့် နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်းကြီးများ၌စစ်ဆေးပြီး စားသုံးရန် မသင့်အဖြေထွက်ရှိပါက ၎င်းစားသောက်ကုန်အမှတ်တံဆိပ်များအား ဈေးကွက်အတွင်းမှ သိမ်းဆည်းဖျက်ဆီးခြင်းနှင့် ဈေးဆိုင်ပိုင်ရှင်များအား နောက်နောင်မရောင်းချတော့ပါကြောင်းနှင့် ရောင်းချနေသည်ကို ထပ်မံစစ်ဆေးတွေ့ရှိပါက တည်ဆဲအမျိုးသားအစား အသောက်ဥပဒေအရ အရေးယူခံရမည်ကိုသိရှိပါကြောင်း ခံဝန်လက်မှတ်ရေးထိုးစေခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အပြင်အဆိုပါ စားသုံးရန်မသင့် အမှတ်တံဆိပ်များအားအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန နေပြည်တော်မှ နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူကျယ်ပြန့်စွာသိစေရန် အလို့ငှာ ထည့်သွင်းကြေငြာခြင်း များကိုဆောင်ရွက် နေပါသည်။ ၎င်းဆောင်ရွက်မှုများအပြင် ၂၀၁၆ခုနှစ်အတွင်း၌လည်းယိုစုံစီမံချက်၊ စာသင်ကျောင်းမုန့်ဈေးတန်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအနုစိတ်လုပ်ငန်းစီမံချက်၊ ရက်တစ်ရာစီမံချက်၊ နို့စို့ကလေးနှင့် ကလေးငယ်အတွက်ဖော်စပ်စာများဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်းစီမံချက်၊ ကျေးရွာအရောက်အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်းများကိုစီမံချက်ရေးဆွဲပြီး ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၇ခုနှစ်ကိုလည်း ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်းနှစ် (Post Market SurveillanceYear) အဖြစ်သတ်မှတ်ထားပြီး ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူခရိုင်နှင့် ပြည်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးများ ထပ်မံတိုးချဲ့ဖွင့်လှစ်ထားခဲ့ပြီးအသိပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ ဈေးကွက်ထောက်လှမ်း စစ်ဆေးခြင်းနှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

တဆက်တည်းဖြေကြားလိုသည်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဝန်ကြီးဌာနက ဝန်ထမ်းဖွဲ့စည်းပုံအင်မတန်နည်းပါကြောင်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်(၁)ဦး၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်(၂)ဦး၊

ဦးစီးအရာရှိ(၂)ဦး၊ ဒုတိယကြီးကြပ်ရေးမှူး(၄)ဦး၊ ဆေးဖက်ကျွမ်းကျင်(၄)ဦး၊ ဌာနခွဲစာရေး(၁)ဦး၊ အငယ်တန်းစာရေး(၄)ဦး၊ ရုံးအကူ၊ ယာဉ်မောင်းတို့နှင့် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဝန်ထမ်းအင်အားတိုးချဲ့ဖွဲ့စည်းနိုင်လျှင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဝန်ကြီးဌာနအနေဖြင့် ဒီထက်မက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သနပ်ပင်မြို့နယ်၊ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အပြီးသတ်ဆောင်ရွက်နိုင်ခြင်းမရှိသော (၆)ခန်းတွဲ၊ (၄)ထပ် (အာစီအမျိုးအစား) ဝန်ထမ်းအိမ်ရာ အဆောက်အဦအား ပြည်သူ့အကျိုးငှာ ဆက်လက်ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ဆောက်လုပ်ခဲ့သည့် ခိုင်ဇင်သာကုမ္ပဏီမှ တာဝန်ရှိသူနှင့် သနပ်ပင်မြို့နယ် ကုသရေးဦးစီးဌာနတို့အား(၂၂. ၆. ၂၀၁၇)ရက်နေ့တွင် တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ရုံး၌တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံညှိနှိုင်း ဆွေးနွေးရာတွင်တင်ဒါအောင်မြင်သည့်ခိုင်ဇင်သာကုမ္ပဏီမှ CEO ဦးမျိုးအောင်မှ သနပ်ပင်မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ဆောက်လုပ်ခဲ့ပြီး အပြီးသတ်ဆောင်ရွက်နိုင်ခြင်းမရှိသော (၆)ခန်းတွဲ(၄)ထပ် (အာရ်စီအမျိုးအစား) ဝန်ထမ်းအိမ်ရာအဆောက်အဦအား ၂၀၁၇-ခုနှစ်၊ ဇူလိုင်လအတွင်း လုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လုပ်ငန်းရပ်ဆိုင်းထားရခြင်းမှာမြေနေရာအား မူလသတ်မှတ်ထားသည့် ဆေးရုံရှေ့မြေနေရာမှ ဆေးရုံအနောက်ကန်ဧရိယာပါသည့်မြေနေရာသို့ ပြောင်းရွှေ့ရခြင်း၊ ထိုသို့ပြောင်းရသဖြင့်အချိန်၊ ငွေကြေးအင်အား သတ်မှတ်ခွင့်ပြုချက်ထက် ပိုမိုသုံးခဲ့ရသဖြင့် အရှုံးပေါ်ခဲ့ရခြင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေမပါရှိသဖြင့်လုပ်ငန်းအား ခေတ္တရပ်ဆိုင်းထားခဲ့ရခြင်းဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်း အာမခံငွေ (၅%)အား ၂၀၁၇-ခု၊ ဇူလိုင်လနောက်ဆုံးပတ်တွင်ပေးသွင်းသွားမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့်တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေအား ဆောက်လုပ်ရေးကြီးကြပ်မှုအဖွဲ့မှစစ်ဆေးပြီး တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးမှ တစ်ဆင့်ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ဆက်လက်တင်ပြသွားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦးမြို့နယ်၊ ရေလွဲ အ. လ. က(ခွဲ) စာသင်ကျောင်းသည် လက်ရှိကျောင်းသားဦးရေနှင့် စာသင်ဆောင်မျှတမှုမရှိသည့်အတွက် တိုးချဲ့စာသင်ကျောင်းဆောင် (၁)ဆောင် ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဒိုက်ဦးမြို့နယ်၊ ရေလွှဲကျေးရွာရှိ အ. လ. က(ခွဲ) စာသင်ကျောင်းသည် လက်ရှိတက်ရောက် ပညာသင်ကြားနေသောကျောင်းသားဦးရေသည် (၂၀၀)ခန့်ဖြစ်၍ စာသင်ဆောင်မှာ (၁၀၀× ၂၄× ၁၂)ပေကျောင်းဆောင်(၁)ဆောင်သာရှိပြီး ၄င်းကျောင်းမှာလည်း ကျေးရွာသူ/သားများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် အ. လ. က(ခွဲ) အဖြစ် ယခုပညာသင်နှစ်မှစ၍ အဆင့်တိုးမြှင့်ပညာသင်ကြားခြင်းဖြစ်သည့်အတွက် စာသင်ခန်းများ ပိုတိုးလာမည်ဖြစ်၍ ကျောင်းသားဦးရေနှင့် လက်ရှိစာသင်ဆောင်မည်သို့မျှ လုံလောက်မှုတမှု မရှိပါ။

သို့ဖြစ်ပါ၍ ရေလွှဲ အ. လ. က(ခွဲ) စာသင်ကျောင်းအား ကျောင်းသူ/သားများ အေးချမ်းတည်ငြိမ်စွာ ပညာသင်ကြားနိုင်ရေး ရှေ့ရှုကာ လက်ရှိကျောင်းသားဦးရေနှင့် သင့်တင့်မျှတလုံလောက်မည့် စာသင်ကျောင်း (၁)စောင် တိုးချဲ့ဆောက်လုပ်ပေးရန် လိုအပ်နေပြီး တိုးချဲ့ ကျောင်း(၁)ဆောင်ချပေးရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မီးဘေးသင့်၊ အင်းမမြို့၊ စည်ပင်သာယာအဖွဲ့ပိုင်ဈေးကို ဈေးသူ/ဈေးသားများ၏ သဘောဆန္ဒနှင့်အညီ အင်းမနှင့် လိုက်လျောညီထွေဖြစ်မည့် တန်ဖိုးသင့်ဆိုင်ခန်းများ အလျင်အမြန် ပြန်လည်တည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မီးဘေးသင့်၊ အင်းမမြို့၊ စည်ပင်သာယာအဖွဲ့ပိုင်ဈေးကို ဈေးသူ၊ ဈေးသားများ၏ သဘောဆန္ဒနှင့်အညီ အင်းမနှင့် လိုက်လျောညီထွေ ဖြစ်မည့် တန်ဖိုးသင့်ဆိုင်ခန်းများ အလျင်အမြန် ပြန်လည်တည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ။

(၃၀. ၁၂. ၂၀၁၆)ရက်နေ့တွင် အင်းမမြို့၊ စည်ပင်သာယာအဖွဲ့ပိုင်ဈေး မီးဘေးသင့်၍ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ မီးဘေးသင့်သည့်နေ့မှစ၍ ယခုအချိန်အထိ (၇)လတိုင် ပြန်လည်တည်ဆောက် နိုင်ခြင်းမရှိပါ။

ကြန့်ကြာနေသည့် အကြောင်းရင်း(၂)ချက်ရှိပါသည်။ ပထမတစ်ချက်မှာ ဈေးမျက်နှာစာတန်းရှိ မီးသင့်ခြင်းမရှိသော ဈေးဆိုင်ခန်း(၄၂)ခန်း ဖျက်ရေး၊ မဖျက်ရေး အငြင်းပွားမှု ဖြစ်ပါသည်။ ဒုတိယအချက်မှာ ခေတ်မီဈေး (ရုံဈေး) ပြန်လည်တည်ဆောက်မည်ဖြစ်၍ ဆိုင်ခန်းတစ်ခန်းတန်ဖိုးမှာ (၂၇)သိန်းခန့် ကျသင့်နေ၍ ဈေးသူဈေးသားအများစု ဝယ်ယူရန် မတတ်နိုင်ခြင်းဖြစ်ပါသည်။

ဥပဒေကြောင်းအရလည်း စည်ပင်သာယာအဖွဲ့အမိန့်ကြော်ငြာစာအပိုဒ် (၃၁)အရ ဆိုင်ခန်းပြန်လည် သိမ်းယူနိုင်သော်လည်း အပိုဒ်(၃၁)၏ဆိုလိုရင်းမှာ ဤအမိန့်ကြော်ငြာစာပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှသာ သိမ်းယူရမည်ဟု ဖော်ပြထားခြင်းဖြစ်ပါသည်။ ၁၉၆၃ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေပုဒ်မ(၉)၊ ပုဒ်မခွဲ(၂)အရလည်း မီးလောင်ရာ အဆောက်အအုံတည်ရှိရာမြေကို သိမ်းယူရမည်ဟု

ဖော်ပြထားရာ ဆိုင်ခန်း(၄၂)ကို သိမ်းယူဖျက်ဆီးရန်မှာ မဖြစ်နိုင်ပါ။

ဆိုင်ခန်းဈေးနှုန်းများနှင့် ပတ်သက်၍လည်း ကောက်ယူခဲ့သော စစ်တမ်းအရ ဈေးနှုန်း ကြီးမြင့်ခြင်းကို အများစုမတတ်နိုင်ပါ။ (၆)သိန်းပတ်ဝန်းကျင် ဆိုင်ခန်းများကိုသာ အများစုမှာ သဘောထားပေးခဲ့ပါသည်။ ကောက်ယူခဲ့သောစစ်တမ်း ပူးတွဲဖော်ပြအပ်ပါသည်။ သို့ဖြစ်ပါ၍-

- စည်ပင်သာယာရေးအဖွဲ့မှ ဆိုင်ခန်း(၄၂)ခန်းကို မဖျက်ဘဲ ဈေးအတွင်း အင်းမဈေးသူ ဈေးသားများ တတ်နိုင်မည့် တန်ဖိုးသင့် ဆိုင်ခန်းများ အမြန်ဆုံး ပြန်လည်တည်ဆောက် ပေးနိုင်ခြင်းရှိ/ မရှိ

(သို့မဟုတ်)

- အမိန့်ကြော်ငြာစာ အပိုဒ်(၅)၊ အပိုဒ်ခွဲ(ခ) အရ ကိုယ့်အားကိုယ်ကိုး စနစ်အရ အင်းမဈေး တည်ဆောက်ရေးကော်မတီမှ ပုံစံထုတ်တည်ဆောက်ခြင်းကို စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်၍ ဈေးသစ်အမြန်ဆုံးပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦးမြို့နယ်၊ ရေလွှဲ အ. လ. က(ခွဲ) စာသင်ကျောင်းသည် လက်ရှိကျောင်းသားဦးရေနှင့် စာသင်ဆောင် မျှတမှုမရှိသည့်အတွက် တိုးချဲ့ စာသင်ကျောင်းဆောင်(၁)ဆောင် ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး (အရှေ့) ဒိုက်ဦးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရေလွှဲသည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မူလတန်းဆင့်(၁၂၅)ဦး၊ အလယ်တန်းဆင့်(၃၈)ဦး၊ စုစုပေါင်း(၁၆၃)ဦး ရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ အလယ်တန်းပြ(၄)ဦး၊ မူလတန်းပြ(၄)ဦးတို့ ရှိပါသည်။ ကျောင်းဆောင်အားဖြင့် ပင်မဆောင်(၁၁၀×၂၄)ပေ အုတ်ညှပ်(၁)ထပ်ဆောင်(၁)ဆောင်ရှိပါသည်။

ဒိုက်ဦးမြို့နယ် ရေလွှဲကျေးရွာရှိ အလက(ခွဲ)ရေလွှဲ၏ လိုအပ်နေသော တိုးချဲ့ကျောင်းဆောင် (၁)ဆောင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၆၀ × ၃၀)ပေ Steel Structure (၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လျာထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မီးဘေးသင့်၊ အင်းမမြို့၊ စည်ပင်သာယာအဖွဲ့ပိုင်ဈေးကို ဈေးသူ/ ဈေးသားများ၏ သဘောဆန္ဒနှင့်အညီ အင်းမနှင့် လိုက်လျောညီထွေဖြစ်မည့် တန်ဖိုးသင့်ဆိုင်ခန်းများ**

**အလျှင်အမြန် ပြန်လည်တည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အင်းမမြို့မဈေးသည် (၃၁. ၁၂. ၂၀၁၆) ရက်နေ့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းကြောင့် LF-44မှတ်ပုံတင်စာရင်းဝင်ဆိုင်ခန်း (၂၅၈)ခန်းနှင့် ပျံ့ကျဆိုင်ခန်း (၁၁၄)ခန်း ရှိသည့်အနက် မှတ်ပုံတင်ဆိုင်ခန်း(၁၀၂)ခန်းနှင့် ပျံ့ကျဆိုင်ခန်း(၇၇)ခန်းတို့ မီးလောင်ရာတွင် ပါဝင်ခဲ့သောကြောင့် မှတ်ပုံတင်ဆိုင်ခန်း (၁၅၆)ခန်းနှင့် ပျံ့ကျဆိုင်ခန်း(၃၇)ခန်းတို့ ကျန်ရှိခဲ့ပါသည်။ ထိုသို့ ကျန်ရှိခဲ့သောဆိုင်ခန်းများမှ ဈေးအပြင်ဘက်တန်းရှိ ဆိုင်ခန်း(၄၆)ခန်းမှအပ ကျန်ဆိုင်ခန်းရှင်များအားလုံးသည် (၈. ၁. ၂၀၁၇)ရက်နေ့မှစ၍ လမ်းဦးစီးဌာနပိုင် ဗိုလ်ရုံဝင်းအတွင်း ဖွင့်လှစ်ထားရှိသော ယာယီဈေးသို့ပြောင်းရွှေ့ ဈေးရောင်းချလျက်ရှိပါသည်။ မီးလောင်သွားသည့် ဈေးနေရာတွင် အင်းမမြို့မဈေးသစ်ကြီးအား ပြန်လည်တည်ဆောက်နိုင်ရေးအတွက် သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စီမံချက်များရေးဆွဲ၍ အင်းမဈေး တည်ဆောက်ရေးနှင့် ကြီးကြပ်မှုကော်မတီဖွဲ့စည်းတင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၉. ၂ . ၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၈/၂ - ၂၀ /ဦး ၆ (၀၉၈)ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် အဆိုပြုတင်ဒါ ခေါ်ယူခဲ့ရာ ဖူးဝေဟိန်းကုမ္ပဏီမှတင်ဒါတင်သွင်းခဲ့ပြီး (၂၇. ၄. ၂၀၁၇) ရက်နေ့တွင် အင်းမဈေးခေါင်းရုံး၌ အင်းမဈေး တည်ဆောက်ရေးကော်မတီ၊ ရပ်မိရပ်ဖများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး တို့အားဖိတ်ကြား၍ ကုမ္ပဏီတာဝန်ရှိသူမှ ဈေးသစ်တည်ဆောက်မည့်ပုံစံကုန်ကျစရိတ်များအား ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ (၂၇. ၄. ၂၀၁၇)ရက်စွဲပါ ကြော်ငြာချက်အမှတ် (၁/၂၀၁၇)ဖြင့် အများပြည်သူသိရှိ နိုင်စေရေးနှင့်ဈေးဆိုင်ခန်းလျှောက်ထားလိုသူများ (၅. ၅. ၂၀၁၇)ရက်နေ့ နောက်ဆုံးထားတင်ပြ လျှောက်ထားနိုင်ကြောင်းကြော်ငြာခဲ့ရာ မှတ်ပုံတင်ဆိုင်ခန်း(၂၂၃)ခန်း၊ ပျံ့ကျဆိုင်ခန်း (၁၁၄)ခန်းလျှောက်ထားတင်ပြလာပြီး (၈. ၅. ၂၀၁၇)ရက်နေ့တွင် အဖွဲ့မှဆိုင်ခန်းလျှောက်ထားရန် ကျန်ရှိနေသူများအား ဆိုင်ခန်းများလျှောက်ထား တင်ပြနိုင်ကြောင်းထပ်မံအကြောင်းကြားခဲ့ရာ မှတ်ပုံတင်ဆိုင်ခန်း တစ်ခန်း ထပ်မံလျှောက်ထားလာပါသဖြင့် လက်ရှိအခြေအနေထိမှတ်ပုံတင်ဆိုင်ခန်း(၂၂၄)ခန်းနှင့် ပျံ့ကျဆိုင်ခန်း(၁၁၄)ခန်း လျှောက်ထားတင်သွင်းထားပါကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ဈေးဆိုင်ခန်းများ လျှောက်ထားနိုင်ရေး ကနဦးလျှောက်လွှာများ ခေါ်ယူစဉ်ကာလဖြစ်သော (၁. ၅. ၂၀၁၇) ရက်နေ့တွင် အင်းမဈေးသစ်ကြီးပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်၍ အဟန့်အတား ဖြစ်စေရန် ဝါဒဖြန့်စာများကို အင်းမမြို့၊ ဘုရားကြီးကုန်းရပ်နေ မောင်တင်အောင်မိုးဆိုသူမှ လိုက်လံဝေငှခဲ့ပါသဖြင့် (၅. ၅. ၂၀၁၇) ရက်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မောင်တင်အောင်မိုးအားခေါ်ယူတွေ့ဆုံပြီး နောင်တွင် အလားတူဝါဒဖြန့်ဝေသည့်ကိစ္စများ လုံးဝဆောင်ရွက်ခြင်းမပြုပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ပါကြောင်း သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တင်ပြလာပါသည်။

(၆. ၅. ၂၀၁၇)ရက်နေ့တွင်  မဲဆန္ဒနယ်အမှတ်(၂)၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်နှင့် အင်းမဈေးအပြင်တန်းယာယီရုံမှ ဆိုင်ခန်းအမှတ်(၃)ဆိုင်ခန်းရှင် ဦးရန်ဝေးတို့ ဦးဆောင်ပြီး လူအင်အား(၅၅)ဦးဖြင့် Eleven Media , The Voice , DVB ရေဝတီသတင်း၊ မြစ်မခ သတင်း ဌာနများအား ဖိတ်ကြား၍ အင်းမဈေးတည်ဆောက်ရေးနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ

ပြုလုပ်ခဲ့ပြီး (၉. ၅. ၂၀၁၇)ရက်နေ့တွင် မဲဆန္ဒနယ်အမှတ်(၂)၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်မှ ဦးဆောင်၍ အင်းမစျေးတည်ဆောက်ရေးနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူခြင်းများကိုဆောင်ရွက်ခဲ့ပါကြောင်း သိရှိရပါသည်။

(၁၃. ၅. ၂၀၁၇)ရက်နေ့ညနေပိုင်း(၁၇း၃၀)နာရီအချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ် အမှတ်(၁)နှင့် အမှတ်(၂)တို့(၂)ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှတာဝန်ရှိသူများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အင်းမစျေးသစ်ကြီး ပြန်လည်တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး တင်ဒါရရှိသောကုမ္ပဏီမှတင်သွင်းသည့်စျေး (Design)ပုံစံနှင့်အပြင်တန်းရှိဆိုင်ခန်း(၄၂)ခန်းအား ဖျက်သိမ်းခြင်းမပြုသည့်မူလအနေအထားပုံစံတို့ကို နှိုင်းယှဉ်ချပြ၍ မဲစနစ်ဖြင့် မဲခွဲဆုံးဖြတ်ပြီး ရရှိလာသောရလဒ်ပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်များမှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍လမ်းညွှန်ချက်ခံယူဆောင်ရွက်သွားရန်ဆုံးဖြတ်ခဲ့၍ (၁၄. ၅. ၂၀၁၇)ရက်နေ့ နေ့လည်(၁၅း၃၀)နာရီ အချိန်တွင် အင်းမမြို့လယ်ဓမ္မာရုံ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စျေးကော်မတီဝင်များ၊ စျေးသူစျေးသားများအား ဖိတ်ကြား၍ မဲပေးဆောင်ရွက်မည့်အစီအစဉ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးမှ ပထမဦးစွာရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါသည်။

ထို့နောက် သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်မှ ဆက်လက်ရှင်းလင်းပြောကြားခဲ့ပါသည်။ အင်းမစျေးသစ်ကြီး ပြန်လည်တည်ဆောက်နိုင်ရေးအတွက် မဲခွဲဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့ရာတွင် မဲပေးမည့်အစီအစဉ်၌ သားငါးတန်းနှင့် ခေါင်းရွက် ဗျက်ထိုးစျေးသည်များမှလည်း မဲပေးခွင့်တောင်းဆိုလာရာမြို့နယ်အုပ်ချုပ်ရေးမှူးမှ သားငါးတန်းများအား သီးသန့်မဲပေး ဆောင်ရွက်ခိုင်းမည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်စာရင်းရှိ တရားဝင်မှတ်ပုံတင်ဆိုင်ခန်း(၂၅၈)ခန်းနှင့် ပျံကျဆိုင်ခန်း(၁၁၄)ခန်းမှ ဆိုင်ခန်းရှင်များက မဲပေးရန် ရှင်းလင်းပြောကြားခဲ့ပြီး ထပ်မံ၍ အင်းမစျေးအပြင်တန်းယာယီရုံမှ ဆိုင်ခန်း အမှတ်(၃)ဆိုင်ခန်းရှင် ဦးရန်ဝေးမှ မှတ်ပုံတင်ဆိုင်ခန်းများတွင် ဆိုင်ခန်း(၁၀)ခန်း ပိုင်ရှင်များမှ မဲ(၁)မဲသာပေးရေး ထပ်မံတောင်းဆိုလာရာ မှတ်ပုံတင်ဆိုင်ခန်း (၅)ခန်း၊ (၆)ခန်း၊ (၁၀)ခန်းပိုင်ရှင်များမှလည်း ၎င်းတို့အနေဖြင့် ဆိုင်ခန်းတစ်ခန်းစီအတွက် လစဉ်စျေးဆိုင်ခန်းငှားရမ်းခနှင့်ကျသင့်အခွန်ငွေများကို ပေးဆောင်ထားရခြင်းဖြစ်၍ ဆိုင်ခန်းတစ်ခန်းလျှင် မဲ(၁)မဲနှုန်း ပေးလိုကြောင်း ပြန်လည်တင်ပြလာပါသဖြင့် ဆိုင်ခန်းရှင်အချင်းချင်း ညီညွတ်မှုမရှိဘဲ ခိုက်ရန်ဖြစ်ပွားနိုင်သည့် တည်ငြိမ်အေးချမ်းမှုမရှိသည့် အခြေအနေမျိုး ဖြစ်ပေါ်လာပါသောကြောင့် မဲပေးမည့်အစီအစဉ်အား ရပ်ဆိုင်းခဲ့ရပါကြောင်း လက်ရှိဖြစ်စဉ် အခြေအနေအား သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တင်ပြလာပါသည်။

သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အင်းမစျေးကြီးမီးလောင်ခဲ့ခြင်းကြောင့် စျေးအသစ်ပြန်လည်တည်ဆောက်ရာတွင် အင်းမစျေးသည် ယခင်က ကျေးလက်စျေး တစ်ခုသာဖြစ်ပြီး ရန်ကုန်-ပြည်လမ်း

မျက်နှာစာဆိုင်ခန်းများသာအုတ်ဖြင့်ဆောက်လုပ်ခဲ့ပြီး အတွင်းပိုင်းမှာ သွပ်မိုး၊ ထရံကာ၊ ယာယီအဆောက်အဦများဖြစ်ခြင်း၊ ရေဝပ်ဇရိယာ ဖြစ်ခြင်းနှင့် မီးသတ်ကားဝင်ထွက်သွားလာမှု မရခြင်းများအား တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မျက်နှာစာအား ကားထားရန်နေရာများချန်လှပ်ပြီး မီးသတ်ကားများဝင်/ ထွက်ဆောင်ရွက်နိုင်မည့် ရေရှည်မြို့နယ်စျေး အဆင့်မီဆောင်ရွက်ရန် ရေကြီးနစ်မြုပ်မှု မရှိစေရေး၊ မြေဖို့ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် စနစ်တကျ စျေးတည်ဆောက်ရန် တင်ဒါကုမ္ပဏီမှ တင်ပြလာသော Designအား စျေးသူ၊ စျေးသားများက သဘောတူလက်ခံ ရွေးချယ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလည်း သဘောတူညီ ခဲ့ကြပါသည်။

စျေးသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ခက်ခဲမှုဖြစ်ပေါ်နေခြင်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးလွှတ်တော်နှင့် ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ဆုံးဖြတ်ချက်အား အမိန့်ချမှတ်ပေးနိုင်ပါရန်နှင့် လမ်းညွှန်မှု ပြုနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့၏ (၁၉. ၅. ၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၂၁၅၉/ည-၁၂/ ပခစ(၀၂၀)ဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ တင်ပြထားပြီးဖြစ်ပါသည်။ သဲကုန်းမြို့နယ်၊ အင်းမစျေးအသစ်တည်ဆောက်ခြင်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအရ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဝန်ကြီးဖြေကြားသည့်အဖြေသည် တိုင်းဒေသကြီးလွှတ်တော်ကနေ အစိုးရအဖွဲ့ကို စာ(၂)ကြိမ်ပို့ထားပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ၁၉. ၅. ၂၀၁၇ရက်စွဲပါ စာအမှတ်၊ ၂၁၅၉/ည-၁၂/ပခစ(၀၂၀)တင်ပြချက်စာ လွှတ်တော်ထဲရောက်ရှိလာခြင်းဖြစ်ပါတယ်။ (၅)လပိုင်းက စည်ပင်သာယာရေးအဖွဲ့ကို ပေးပို့ထားသည့်စာကိုဘဲ ဖြေကြားထားတာတွေ့ရကြောင်း၊ မိမိတို့ကို ပေးပို့ထားသည့်စာသည် မလုံလောက်သည့်အတွက် နောက်တစ်ကြိမ်အစိုးရအဖွဲ့ကို တိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် စာပေးပို့ပြီး စျေးသူ/ စျေးသားများ၏ လိုလားချက်များကို တင်ပြတောင်းဆိုခြင်းဖြစ်ပြီး ယင်းတင်ပြချက်များကို အဖြေပြတ်ပြတ်သားသားသိရှိနိုင်ရန်အတွက် မေးခွန်း မေးမြန်းရခြင်းဖြစ်ကြောင်း၊ မှတ်ပုံတင်ဆိုင်ခန်း(၂၂၃)ခန်းနှင့် ပုံကျဆိုင်ခန်း(၁၁၄)ခန်းအား "ဆိုင်ခန်းလျှောက်ထားလာပါက"ဟူ၍ ဝန်ကြီးမှဖြေကြားထားပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စာ(၂)ကြိမ်ထုတ်ပြန်ထားကြောင်း၊ ပထမအကြိမ်စာတွင် အချိန်မရွေးလျှောက်ထားပါ၊ မလျှောက်ထားပါက ဆိုင်ခန်းရခြင်း၊ မရခြင်းကို စည်ပင်သာယာရေးအဖွဲ့မှ တာဝန်မခံနိုင်ပါဟူ၍လည်းကောင်း၊ ဒုတိယအကြိမ်စာတွင် "လုံးဝလုံးဝ" ဆိုင်ခန်းပြန်ရရန် တာဝန်မခံနိုင်ပါဟူ၍ "လုံးဝလုံးဝ" ကို နှစ်ကြိမ်ထပ်ပြီးစျေးဆိုင်ခန်းရရှိရေးအတွက်

ဈေးဆိုင်ခန်းပိုင်ရှင်များထံ စာပို့ထားပါတယ်။ သတ်မှတ်ထားသည့်ရက်နောက်ဆုံးရက်တွင် အင်းမဈေးသူ/ ဈေးသားအပေါင်းက မိမိအား ဖိတ်ခေါ်၍ တိုင်ပင်ပါတယ်။ သူတို့ ဈေးဆိုင်ခန်း လျှောက်ထားရမလား၊ မလျှောက်ထားရဘူးလား မေးမြန်းမှုအပေါ် မိမိအနေဖြင့် အကြံပြုမပြောရဲသည့်အတွက် ဆိုင်ခန်း လျှောက်ထားပြန်ရင်လည်း (၂၇)သိန်းဆိုသည့် ဆိုင်ခန်းတန်ဖိုးဆုံးဖြတ်ချက်ကို သူတို့အနေနဲ့ လက်ခံရာကျပြီး ဆိုင်ခန်းမလျှောက်လျှင် စည်ပင်သာယာရေးအဖွဲ့က ဖော်ပြထားသည့် ညွှန်ကြားချက်အရ အားလုံးသိမ်းဆည်း ဖျက်သိမ်းမည်ဆိုလျှင် နစ်နာသူက ဈေးသူ/ ဈေးသားများသာဖြစ်ကြောင်း၊ ထို့ကြောင့် အခုလောလောဆယ် လျှောက်ထားပါ။ လက်မှတ် ထိုးရမည့်အချိန်ကျမှ မြို့နယ်အုပ်ချုပ်ရေးမှူး စည်ပင်သာယာရေးအဖွဲ့ကို မိမိတို့အနေဖြင့် ဒီဆုံးဖြတ်ချက်ကို သဘောတူလို့ မဟုတ်ဘဲ ဆိုင်ခန်းပျောက်မှာဆိုးသည့်အတွက် လျှောက်ထားခြင်းဖြစ်ကြောင်း၊ စာပေးပို့ခိုင်းထားကြောင်း၊ ဝန်ကြီး ဖြေကြားမှုထဲတွင် အပြင်ဆိုင်ခန်းနှင့် ပတ်သက်၍ ဦးရန်ဝေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက် (၂)ဦးကိုကြည့်ပြီး ဖြေကြားထားပါကြောင်း၊ သတင်းစာရှင်းလင်းပွဲပြုလုပ်ရသည်က တိုင်းဒေသကြီးအစိုးရကို ကြန့်ကြာ နေသည်ကိုသိစေ၊ ကြားစေလိုသည့်အတွက် စတုတ္ထမဏ္ဍိုင်ကနေ အသိပေးရခြင်း ဖြစ်ကြောင်း၊ မဲခွဲပေးရေး ကိစ္စတွင် မိမိတင်ပြခဲ့သည့်အတိုင်း ဥပဒေကြောင်းအရ မြင်သည့်အခါ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဘာမှပြန်ပြောပိုင်ခွင့်မရှိတော့ဘူးလား၊ မရှိသည့်ထဲမှ အဖြေထုတ်ရန် ခက်ခဲနေသည်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးကနေပြီး ဥပဒေကြောင်းအရမညီလျှင် မိမိလည်းမထောက်ခံနိုင်ကြောင်း အစည်းအဝေး မှတ်တမ်းတွင် ထည့်သွင်းထားပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁)ဦးက မဲခွဲပေးပါဆိုပြီး ဆုံးဖြတ်ထားပါတယ်။ စီစဉ်ချက်အသေးစိတ်ကိုတော့ မပြောတော့ပါဘူး။ (၁)ချက်မှ ဥပဒေနှင့်မညီဘဲ စီစဉ် ဆောင်ရွက်သွားပြီး နောက်ဆုံးဈေးကွဲသွားသည့်အချိန် နေ့လယ် ၂း၀၀နာရီတွင် အစည်းအဝေးကျင်းပပြီး အင်းမဈေးဆိုင်ခန်းများနှင့် ပတ်သက်သည့်အစည်းအဝေးဆုံးဖြတ်ချက်တွင် ဆိုင်ခန်းအားလုံးဝယ်ရမည်ဟု အစည်းအဝေးဆုံးဖြတ်ချက်ပါ ပြီးသား ဒါပေမယ့်ပုံကျဆိုင်ခန်းတွေမပေးရဘူးဆိုပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားထားပါကြောင်း၊ ဒါကြောင့်အရေးပေါ် အခြေအနေကို ကိုယ်စားလှယ်ကြီးအနေဖြင့်လည်း ထိန်းနိုင်ပါတယ်။ ဒါကို မြို့နယ်အုပ်ချုပ်ရေးမှူး အနေဖြင့် မိမိဈေးသူ/ ဈေးသားအားလုံးကို ရှင်းလင်းပြောကြားခဲ့ပြီး ဈေးသူ/ ဈေးသားအားလုံး၏ အနေအထား ကို ကြည့်ပြီး ဒီပွဲကိုရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။ မိမိအနေဖြင့် ဖြေကြားချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံဆောင်ရွက်ချက်ကို တိတိကျကျသိချင်သည့်အတွက်ကြောင့် မေးမြန်းရခြင်း ဖြစ်ကြောင်း၊ မေးမြန်းရသည့် အချက်(၂)ချက်ထဲက မည်သို့သောအချက်နှင့် ဈေးအားပြန်လည်တည်ဆောက် ပေးနိုင်မည်ဆိုသည့် ပြည်သူ့ဆန္ဒမေးခွန်းကို တိတိကျကျ ဖြေကြားပေးရန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ တစ်ချိန်တုန်းက အင်းမမြို့က ရွာဖြစ်ပြီး သို့သော်ယခုအချိန်တွင် မြို့ဖြစ်သွားပြီဖြစ်သည့်အတွက် မြို့အင်္ဂါရပ်နှင့် လျော်ညီသည့် ဈေးဖြစ်ပေါ်လာရန်လိုအပ်ပါကြောင်း၊ ဟိုတုန်းက သက်ကယ်မိုးပြီးဝါးတိုင်ဖြင့် ဈေးမြို့ရောင်းချခဲ့ သော်လည်း ယခုအချိန်တွင် မြို့အင်္ဂါရပ်နှင့် လျော်ညီရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ သဘောသဘာဝ အရ ပြည်သူအများ၏ ဆန္ဒပေါ်မူတည်ပြီး လုပ်ဆောင်ရတာဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက သူတို့ဘယ်လိုမှ စီမံခန့်ခွဲ၍ မရတော့ပါဘူး ပထမတုန်းကတော့ အဆင်ပြေသလိုဘဲ နောက်ပိုင်းမှာ အဆင်မပြေသည့်အတွက် ယင်းကိစ္စအားလုံးကို တာဝန်ယူဆောင်ရွက်ပါတောဟု မိမိထံဖုန်းဆက် ထားတာရှိပါကြောင်း၊ အင်းမဈေးတွင် ဈေးတည်ဆောက်ရေးကော်မတီအဖွဲ့ ဖွဲ့စည်းထားပါကြောင်း၊ ဈေးတည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များကို ပြင်သည့်ဆိုင်ခန်းပိုင်ရှင်များက အမျိုးမျိုးခြောက်နေသည့် အတွက်ကြောင့် မိမိထံ နုတ်ထွက်စာတင်ထားပါကြောင်း၊ ဒီဈေးတွင်ပယောဂတစ်ခုပါနေသည်ကို သက်သေ ထင်ရှားပါကြောင်း၊ မိမိတို့အနေဖြင့် အကောင်းဆုံးအဆင့်ထိ လုပ်ဆောင်သွားမှာဖြစ်ပြီးဈေးသူ/ ဈေးသားအားလုံး အဆင်သင့်ဝယ်ယူ၍ရအောင် ဘဏ်များနှင့် ချိတ်ဆက်ပြီးအရစ်ကျ အကြွေးစနစ်ဖြင့် ရောင်းချနိုင်ရန်ဘဏ်နှင့် ချိတ်ဆက်ပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပယောဂတစ်ခုကြောင့်အကျပ်အတည်းဖြစ်နေတာဖြစ်ပြီး ဈေးတည်ဆောက်မည်ဆိုပါက စနစ်တကျ ဒီဇိုင်းရေးဆွဲခြင်း၊ နောင်ဖြစ်ပေါ်လာမည့် အင်းမမြို့ တိုးတက်လာမည့် အနေအထားကို ကြည့်ပြီးပညာရှင်များနှင့် ဒီဇိုင်းရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး (၇)လပိုင်းဆိုသည်မှာ အများပြည်သူအတွက် အခုပြီး၊ အခုချက်ချင်း ဖျက်ဆိုသည့်ပုံစံမျိုးလုပ်၍ မရပါဘူးဈေးကို ကျကျနနနှင့် သေချာစွာ ဒီဇိုင်းရေးဆွဲပြီး နောင်လာမည့် အင်းမမြို့၏ ဖွံ့ဖြိုးတိုးတက်လာမှု အနေအထားကို ကြည့်ပြီးဆောင်ရွက်နေရခြင်း ဖြစ်သည့်အတွက် ကြန့်ကြာနေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"တောင်ငူမြို့ရှိ လေးကျွန်းကန်တော်အား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံထားရှိသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(၂) **"တောင်ငူမြို့ပတ်ပတ်လည်ရှိ ကျုံးများ၏ ကျုံးပတ်လမ်းများ ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တောင်ငူမြို့ရှိ လေးကျွန်းကန်တော်အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံထားရှိသည်ကို သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီး ဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တောင်ငူမြို့ပတ်ပတ်လည်ရှိ ကျုံးများ၏ ကျုံးပတ်လမ်းများ ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တောင်ငူမြို့ရှိ လေးကျွန်းကန်တော်အား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် မည်သို့စီမံထားရှိသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ တောင်ငူခရိုင်၊ တောင်ငူမြို့၊ လေးကျွန်းကန်တော်ကြီး အပန်းဖြေဥယျာဉ်မြေ နေရာလုပ်ငန်းအတွက် တော်ဝင်ကေတုမတီ ဟိုတယ် (ကောင်းမြန်မာအောင်ကုမ္ပဏီ)မှ တောင်ငူမြို့၏ ကေတုမတီမြို့တည်နန်းတည် သမိုင်းဝင် အမွေဖြစ်သည့် လေးကျွန်းမင်္ဂလာကန်တော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ကန်တော်ကြီးအပန်းဖြေဥယျာဉ်မြေနေရာအဖြစ်(၁. ၇. ၂၀၁၁)ရက်နေ့မှ (၃၀. ၆. ၂၀၁၂)ရက်နေ့ထိ ပထမ(၁)နှစ်အတွင်း ငှားရမ်းခ(၃၀၀၀၀၀၀) သတ်မှတ်ခဲ့ပြီး (၃)နှစ်တစ်ကြိမ် လက်ရှိငှားရမ်းခ(၆%)ကို တိုးမြှင့်၍ ငှားရမ်းခပေးသွင်းရန်နှင့် (၅)နှစ်တစ်ကြိမ် သက်တမ်းတိုးငှားရမ်း သွားမည်ဖြစ်ကြောင်း သဘောတူစာချုပ်ချုပ် ဆိုထားရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တောင်ငူမြို့ပတ်ပတ်လည်ရှိ ကျုံးများ၏ ကျုံးပတ်လမ်းများ ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ တောင်ငူမြို့ ပတ်ပတ်လည်ရှိ ကျုံးများ၏ ကျုံးပတ်လမ်းများအတွင်း/အပြင် လမ်း စုစုပေါင်း မိုင်အရှည်မှာ(၁၁)မိုင်(၁. ၀၄)ဖာလုံ ရှိပါသည်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် အကုန်အထိ ကွန်ကရစ်လမ်း(၁. ၇၆)ဖာလုံ၊ ကတ္တရာ(၁)မိုင်(၆. ၈၆)ဖာလုံ၊ ကျောက်လမ်း (၁)မိုင်(၆. ၂၄)ဖာလုံ၊ အမာခံလမ်း (၁)မိုင်(၀. ၂၉)ဖာလုံ၊ မြေသားလမ်း(၇. ၁၄)ဖာလုံ စုစုပေါင်း မိုင်အရှည်(၅)မိုင်(၆. ၂၉)ဖာလုံ လမ်းခင်းဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကျုံးပတ်လမ်း အတွင်း/အပြင် စုစုပေါင်း မိုင်အရှည်(၅)မိုင်(၂. ၇၅)ဖာလုံ ဆောင်ရွက်ရန် ကျန်ရှိပါသည်။

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျုံးပတ်လမ်းများအား လျာထားငွေ (၁၀၇၅. ၇၉၅)သိန်းဖြင့် ကွန်ကရစ်လမ်း(၄)လမ်း (၃. ၈၆)ဖာလုံ၊ ကတ္တရာလမ်း(၁)လမ်း (၁. ၂၁)ဖာလုံ၊ ကျောက်လမ်း(၁)လမ်း (၄. ၀၂)ဖာလုံ၊ စုစုပေါင်း မိုင်အရှည်(၁)မိုင် (၁. ၀၉)ဖာလုံ အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မိမိမေးမြန်းသည့် မေးခွန်းနံပါတ် (၁)နှင့် (၂)တို့အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မိမိမေးခွန်းအား ဖြေကြားထားသည်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြစ်ပြီး ဖြေကြားသည့်ဌာနက စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဖြစ်ကြောင်း၊ မနေ့က မိမိမေးခွန်းဖြေကြားသည့်ဌာနက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဖြစ်ပြီး ဖြေကြား ထားသည့်ဌာနက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြစ်ကြောင်း၊ မနေ့က မေးခွန်းဟာ မိမိအတွက် အဖြေမပါလာခဲ့ပါဘူး။ ယနေ့မေးခွန်းဟာဆိုလျှင် အဖြေတစ်ဝက်ပဲပါလာပြီး ဒါ့ကြောင့်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့်မေးခွန်းများကို ပြန်လည်ဖြေကြားသည့် အခါ ဖြစ်သလိုဖြေကြားပြီး တာဝန်ယူမှုအားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ မေးခွန်းမေးမြန်းသည့် ကိုယ်စားလှယ်များနှင့် ဖြေကြားသည့်ဌာနဆိုင်ရာများကြားလုံးချာ လိုက်နေသည့်သဘောရှိကြောင်း၊ ဒါကြောင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့်မေးခွန်းများကို ဖြေကြားသည့်ဌာနဆိုင်ရာများမှ တိကျပြည့်စုံစွာ ဖြေကြားပေးရန်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးလေးနက်နက် တိုက်တွန်းပါကြောင်း၊ မိမိမေးခွန်းအမှတ်စဉ်(၁) ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ တောင်ငူမြို့၏လေးကျွန်း ကန်တော်ကြီး အပန်းဖြေဥယျာဉ်မြေနေရာဧက (၉၂. ၁၅)ဧကရှိပါတယ်၊ ကျယ်ဝန်းလှသောမြေအား မိမိတို့မြို့ရဲ့စည်ကားလွန်းလှသည့် ဗိုလ်မှူးဖိုးကွန်း လမ်းမပေါ်တွင်တည်ရှိပြီး ယင်လမ်းမကြီးဘေးတွင် ၁၀' ပတ်လည် ဆိုင်ခန်းငှားရမ်းခမှာ (၁)လလျှင်၊ (၂)သိန်း အထက်မှာရှိပါတယ်။ အခုလိုကျယ်ဝန်းလှသည့် ဧက၁၀၀ကျော်နီးပါးကို တစ်နှစ်လျှင်ငှားရမ်းခသိန်း(၃၀) ဆိုတော့ တစ်လလျှင်ငှားရမ်းခ(၂)သိန်းခွဲသာရှိကြောင်းနှင့် ငှားရမ်းထားသည့် စာချုပ်ချုပ်ဆိုစဉ်က ပထမနှစ်သိန်း(၃၀) သတ်မှတ်ခဲ့ပြီး (၃)နှစ်လျှင် တစ်ကြိမ်လက်ရှိငှားရမ်းခထက် (၆%)တိုးမြှင့်ခြင်းကို(၅)နှစ် လျှင်တစ်ကြိမ် သက်တမ်းတိုး ငှားရမ်းသွားမည်ဟု သဘောတူစာချုပ်ချုပ်ဆိုထားသည်ကို သိရှိရပါကြောင်း၊ ဒါပေမယ့် (၁၈. ၃. ၂၀၁၆)ရက်နေ့တွင် မိမိတို့ လေးကျွန်းမင်္ဂလာကန်တော်ကြီးအတွင်းမှာ အပန်းဖြေဥယျာဉ်မဟုတ်တော့ဘဲ အဆောက်အဦများ ဆောက်လုပ်မည်ဆိုပြီး နှစ်(၅၀)ငှားရမ်းရန် သဘောတူစာချုပ်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထပ်မံချုပ်ဆိုပြီး သက်တမ်းတိုး(၁)ကြိမ်ကို (၁၀)နှစ် (၂)ကြိမ်ခွင့် ပြုထားကြောင်း၊ ငှားရမ်းခကိုလည်း ယခင်ငှားရမ်းခနှုန်းအတိုင်း တစ်နှစ်လျှင် သိန်း(၃၀)ခွင့်ပြုထားပါကြောင်း၊ အဲဒီအတွက် ယခင်အစိုးရက လုပ်ကိုင်ခဲ့သော မတရားသည့်ကိစ္စများကို မိမိတို့အစိုးရလက်ထက်တွင် ပြန်လည်ပြင်ဆင်မှ ကောင်းမွန်သော အစိုးရဖြစ်လာမှာဖြစ်ကြောင်း ဥပမာ ပြန်လည်ပြင်ဆင်ခြင်းမရှိဘဲ ယခင်က(၅)နှစ် (၁)ကြိမ်သက်တမ်းတိုးရမည်ကို ယခုနှစ်(၅၀)နှင့် (၁၀)နှစ် (၂)ခါပေါင်းပြီး အနှစ်(၇၀) ယခင်ဈေးနှုန်းနှင့် ငှားရမ်းခွင့်ပြုခဲ့သည်ကို မိမိတို့ အစိုးရလက်ထက်တွင် တွေ့ရှိရပါကြောင်း၊ မိမိတို့မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စည်ပင်သာယာရေး ကော်မတီအဖွဲ့၊ မြို့မိမြို့ဖ၊ ဒေသခံပြည်သူများက ကန့်ကွက်နေသည့်ကြားက စာချုပ်ချုပ်ဆို ခွင့်ပြုပေးလိုက်တာ ဖြစ်ကြောင်း၊ ဝန်ကြီး၏ဖြေကြားချက်တွင် ကေတုမတီမြို့တည် နန်းတည်သမိုင်းဝင်ဖြစ်သည့် လေးကျွန်းမင်္ဂလာ

ကန်တော်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ဆိုပြီး ခေါင်းစဉ်ပေးထားပြီး အမှန်တကယ်မှာတော့ တော်ဝင်ကေတုမတီဟော်တယ်နှင့် ကောင်းမြန်မာအောင်ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် ငှားရမ်းထားသည်မှာ လွန်စွာထင်ရှားလှပါကြောင်း၊ အပန်းဖြေဥယျာဉ်မြေနေရာမှာ အပန်းဖြေဥယျာဉ်ကဲ့သို့ စီမံခန့်ခွဲမှုမရှိဘဲ အခုနောက်ပိုင်းထပ်မံချုပ်ဆိုထားသည့် စာချုပ်အရကြည့်ပါက အဆောက်အဦများ ဆောက်လုပ်ရန်နှင့် အဆောက်အဦများမှ စားသောက်ဆိုင်များ၊ ဘဏ်များ၊ ရုပ်ရှင်ရုံများပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ ဒါကြောင့် မိမိတို့ အစိုးရအနေဖြင့် ခေတ်နှင့် လျော်ညီခြင်းမရှိသည့် စာချုပ်ကိုပြန်လည်ချုပ်ဆိုပေးရန် သို့မဟုတ် တစ်နှစ်သိန်း(၃၀)ပေးထားသည့် စာချုပ်ထက်ပို၍ ပေးနိုင်သည့်လုပ်ငန်းရှင်များရှိပါက လေလံသဘောဖြင့် စာချုပ်ပြန်လည်ချုပ်ဆိုရန် အစီအစဉ် ရှိ/ မရှိ ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းနံပါတ်(၂)နှင့် ပတ်သက်၍ မြို့ပတ်ပတ်လည်ရှိ ကျုံးပတ်လမ်းများခင်းနေတာမှန်သော်လည်း လက်ရှိကျန်ရှိနေသေးသည့်အပိုင်းက ရပ်ကွက်(၁)၊ ရပ်ကွက် (၂)၊ ရပ်ကွက်(၁၁)နှင့် ရပ်ကွက်(၁၈)အပိုင်းမှာရှိသည့် ကျုံးပတ်လမ်းများသည်ခင်း၍ မရတာကြောင့် ကျန်နေသည့်နေရာများတွင် အဆောက်အဦများ အခိုင်အမာဆောက်လုပ်ထားခြင်း၊ ခြံစည်းရိုးများတိုး၍ ခတ်ထားခြင်း၊ အဖွဲ့အစည်းများမှ ဆိုင်ခန်းများဆောက်၍ ငှားရမ်းထားခြင်းတွေ့ရှိပါကြောင်း၊ အဲဒါတွေဖယ်ရှားရန်အတွက် စည်ပင်သာယာရေးအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ခဲ့ရာတွင် စည်ပင်သာယာရေးအဖွဲ့က သူတို့အနေဖြင့်လုပ်ဆောင်ရန် အင်မတန်ခက်ခဲ ကြောင်း၊ ကျုံးပတ်လမ်းပေါ်တွင်ရှိနေသည့် အခိုင်အမာ ဆောက်လုပ်ထားသော အဆောက်အဦများ၊ ခြံစည်းရိုးများ၊ ဆိုင်ခန်းများကို ဖယ်ရှားပေးရန် အစီအစဉ် ရှိ/ မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနံပါတ်(၁)နှင့် (၂)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ လေးကျွန်း မင်္ဂလာကန်တော်ကြီး မေးခွန်းအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖြေကြားမှာဖြစ်ပါတယ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အပြောင်းအလဲဖြစ်သည့်အတွက် လွှတ်တော်မေးခွန်းများအား အခြားဝန်ကြီးများကို တာဝန်ယူဖြေကြားပေးရန် တာဝန်ပေးထားသည့်အတွက် မိမိအနေဖြင့် ဖြေကြားရခြင်းဖြစ်ကြောင်း၊ ဦးအေးမင်းဝင်းတင်ပြသည့် စာချုပ်ကိစ္စနှင့် ပတ်သက်၍ စာချုပ်သဘောကို အဓိက ထားပြန်လေ့လာမည် ဖြစ်ပြီး ယင်းစာချုပ်ကို မိမိတို့အစိုးရအနေဖြင့် ပြန်ဖျက်သိမ်း၍ ရ/ မရဆိုသည်က ဥပဒေနှင့် သက်ဆိုင်သည့် အတွက် အစိုးရအဖွဲ့ကို တင်ပြပြီးအစိုးရအဖွဲ့ကနေပြီး စာချုပ်အနေဖြင့် ပြန်စိစစ်ပြီးဆောင်ရွက်သွားရန် တင်ပြသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ ကျုံးပတ်လမ်းအတွင်း ကျန်နေသည့်လမ်း၊ တံတားများအတွင်း ကျူးကျော်သူများကို ဖယ်ရှားရှင်းလင်းရန်အတွက် စည်ပင်သာယာရေးအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် ပေါင်းစပ်ပြီး အကောင်းဆုံး ဖြေရှင်းဆောင်ရွက်မှာဖြစ်ပါကြောင်း၊ မိမိတို့ဘက်မှ ကျူးကျော်ရှင်းချင်လျှင် ကျူးကျော်ဥပဒေသိမှုဖြစ်မည် မိမိတို့ရှင်းမည့် ကျူးကျော်ကို နေရာပေးနိုင်၊ မပေးနိုင်စဉ်းစားရမည်ဖြစ်ပြီး သူတို့ကိုရှင်းလိုက်လျှင် သူတို့၏မိသားစုဒုက္ခမရောက်ရအောင် နေရာသတ်သတ်မှတ်မှတ်ချပေးပြီးမှ ကျူးကျော်ရှင်းလျှင်အကောင်းဆုံးဖြစ်မည်ဟု စဉ်းစားမိပါကြောင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၊ တိုင်းစိစစ်ရေးကော်မတီ၊ အစိုးရအဖွဲ့ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဝင် ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဝင်း[ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)]။** ။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် -

- တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသော ဥပဒေကြမ်း၊ အဆို သို့မဟုတ် အစီရင်ခံစာ၊ ဖြေကြားသောအဖြေများ၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စနစ်တကျ စိစစ်ရန်၊
- ပြည်သူလူထု၏ အကျိုးအတွက် အစိုးရအဖွဲ့မှ သတ်မှတ်ကာလအတွင်း ဆောင်ရွက် ပြီးစီးခြင်း ရှိ/ မရှိ မူလသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/ မရှိ နှင့် မည်သည့် အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း ထိရောက်မှန်ကန်စွာ စစ်ဆေးနိုင်ပါရန်၊
- အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲ တိုးတက်မှုများအား ကော်မတီမှ သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်ပြီး အပြုသဘောဆောင်သော စောင့်ကြည့် ထိန်းညှိမှုဖြင့် ပြည်သူ့အတွက် အရေးကြီးလုပ်ငန်းစဉ်များ ကျန်ရှိမှုမရှိစေရေး၊ ထပ်မံဆောင်ရွက်ရန် ကျန်ရှိသော ဆောင်ရွက်သင့်သော လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော် စီမံဆောင်ရွက်ရေး စိစစ်သွားရန် စသည့် အရေးကြီးသော တာဝန်ဝတ္တရားများ ဖော်ဆောင်ရန်အတွက် အောက်ပါအစီရင်ခံစာကို

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ်၊ သတ္တမပုံမှန်အစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

**ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည့် ကတိကဝတ် အာမခံချက်များစိစစ်ရေး ကော်မတီကို -

- ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ) အရလည်းကောင်း၊
- ၂၀၁၃ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ၂၃၊၂၄၊၂၅၊၂၆ အရ လည်းကောင်း၊
- ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ၆၂ (က)၊ (ခ)အရ လည်းကောင်း၊

၂၀၁၆ ခုနှစ်၊ မတ်လ (၃၀) ရက်၊ ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် (၇)ရက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဥက္ကဋ္ဌ (၁) ဦး၊ အတွင်းရေးမှူး (၁) ဦး၊ အဖွဲ့ဝင် (၁၁) ဦး၊ စုစုပေါင်း ကော်မတီဝင် (၁၃)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌမှ လွှတ်တော်၏ အတည်ပြုချက်ရယူကာ ဖွဲ့စည်း တာဝန် ပေးအပ်ခဲ့ပါသည်။

**ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း**

**(၁၂)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၁/၂၀၁၇**

ပထမနေ့ (၁၁. ၁. ၂၀၁၇) နေ့လည်(၁း၀၀) နာရီ

ဒုတိယနေ့ (၁၂. ၁. ၂၀၁၇) နံနက်(၁၀း၀၀) နာရီ

တတိယနေ့ (၁၆. ၁. ၂၀၁၇) နေ့လည်(၁း၀၀) နာရီ

စတုတ္ထနေ့ (၁၇. ၁. ၂၀၁၇) နံနက်(၁၀း၀၀)နာရီ

**(၁၃)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ**

(၂၀. ၂. ၂၀၁၇) နေ့လည်(၁း၀၀)နာရီ

**(၁၃)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၁၇**

(၂၁. ၂. ၂၀၁၇) နံနက်(၁၀း၀၀)နာရီ

**(၁၄)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃/၂၀၁၇**

ပထမနေ့ (၄. ၄. ၂၀၁၇) နံနက်(၁၀း၀၀)နာရီ

ဒုတိယနေ့ (၅. ၄. ၂၀၁၇) နေ့လည်(၁း၀၀)နာရီ

**(၁၅)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၄/၂၀၁၇**

ပထမနေ့ (၁၄. ၅. ၂၀၁၇) နံနက်(၁၀း၀၀)နာရီ

ဒုတိယနေ့ (၂၅. ၅. ၂၀၁၇) နံနက်(၁၀း၀၀)နာရီ

**(၁၆)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၅/၂၀၁၇**

ပထမနေ့ (၇. ၆. ၂၀၁၇) နံနက်(၁၀း၀၀)နာရီ

ဒုတိယနေ့ (၈. ၆. ၂၀၁၇) နေ့လည်(၁း၀၀)နာရီ

ကော်မတီမှ အစည်းအဝေး (၁၆) ကြိမ်၊ ကျင်းပရက်ပေါင်း (၃၁) ရက် ဆွေးနွေးပွဲ (၂)ရက်တို့ ကျင်းပခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ် အကောင်အထည်ဖော် ဆောင်ရွက်မှုများအား ကတိကဝတ်မှ ပယ်ဖျက်ပေးနိုင်ရေး ကတိကဝတ်ကော်မတီနှင့် ဒေသဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေး (၂) ရက်

ပထမနေ့ (၂၀. ၂. ၂၀၁၇) နံနက် (၁၀း၀၀)နာရီ

ဒုတိယနေ့ (၂၂. ၂. ၂၀၁၇) နံနက် (၁၀း၀၀)နာရီ

၂၀၁၆-၂၀၁၇ ဘတ်ဂျတ်တွင် မပါရှိသဖြင့် တိုင်းဒေသကြီးအစိုးရ တာဝန်ခံထားသော ကတိကဝတ်များ ပယ်ဖျက်ပေးပါရန် တောင်းဆိုသည့် ဌာနနှင့် ကြားနာခြင်းအစည်းအဝေးကို

တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနညွှန်မှူးနှင့်ဒုညွှန်မှူး၊ လက်ထောက်ညွှန်မှူးများ (၁၇. ၃. ၂၀၁၇) နံနက် (၁၀း၀၀)နာရီတွင်လည်းကောင်း

တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ခံထားသော ကတိကဝတ်များ ပယ်ဖျက်ပေးပါရန်အတွက် ကော်မတီမှ ရှင်းလင်းစွာ သိရှိလိုသည့်အတွက် ကြားနာခြင်း အစည်းအဝေးကို ပညာရေးတိုင်းဒေသကြီးအဆင့် စီမံခန့်ခွဲမှုဌာနဆိုင်ရာအကြီးအကဲ (၁၇. ၃. ၂၀၁၇) နေ့လည်(၁း၀၀)နာရီတွင် လည်းကောင်း၊ ကျန်းမာရေး တိုင်းဒေသကြီးအဆင့် စီမံခန့်ခွဲမှုဌာနဆိုင်ရာအကြီးအကဲ (၁၇. ၃. ၂၀၁၇) နေ့လည်(၃း၀၀)နာရီတွင် ပြည်သူ့အကျိုးငှာ ကြားနာခြင်းဆောင်ရွက်ခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ခံထားသော ကတိကဝတ်များမှ ပယ်ဖျက်နိုင်ရန် အလို့ငှာ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသော ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းအစည်းအဝေး၊ ကြားနာခြင်းအစည်းအဝေး၊ ကော်မတီအစည်းအဝေးများ၏ ဆုံးဖြတ်ချက်အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းမှ ကတိကဝတ်(၇)ခု၊ ကြယ်ပွင့်မပြမေးခွန်းမှ ကတိကဝတ် (၁၈)ခု၊ တတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းမှ ကတိကဝတ်(၁၈)ခု၊ ကြယ်ပွင့်မပြမေးခွန်းမှ ကတိကဝတ် (၁၅)ခု၊ စုစုပေါင်း (၅၈) ခုတို့အား ကတိကဝတ်မှ ပယ်ဖျက်ပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် စီမံခန့်ခွဲမှုဌာနဆိုင်ရာအကြီးအကဲများအား လုပ်ငန်းဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီးစီးကြောင်း ကတိကဝတ်မှ ပယ်ဖျက်နိုင်ရန်အလို့ငှာ ကြားနာခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သည့် မေးမြန်းဆွေးနွေးမှု ပထမအကြိမ်အဖြစ် ဝန်ကြီးဌာန(၅)ခုတို့အား (၈. ၁၁. ၂၀၁၆ မှ ၁၁. ၁၁. ၂၀၁၆) အထိ ကျင်းပပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် သတ္တမပုံမှန်အစည်းအဝေး အပြီးတွင် ကျင်းပသွားရန် ကော်မတီမှ ဆုံးဖြတ်ခဲ့ပါသည်။

## လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း

ကော်မတီမှ လုပ်ငန်းအဖွဲ့ (၃)ဖွဲ့ ဖွဲ့စည်းခဲ့ပြီး

- မေးခွန်း၊ အဆိုများနှင့် ၎င်းတို့နှင့် ပတ်သတ်သော တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းများမှပေးအပ်သော ကတိကဝတ်များ လေ့လာစောင့်ကြည့်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့ပြီး အဖွဲ့တွင် ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များအားလုံး တာဝန်ယူ ဆောင်ရွက်ကြပါသည်။
- ကတိကဝတ် ပြုခဲ့သော မေးခွန်းများ၊ အဆို အချေများနှင့် ကတိကဝတ်နှင့် သက်ဆိုင်သော လက်ကျန်လုပ်ငန်းများ စိစစ်ရေးလုပ်ငန်း အဖွဲ့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆွေးနွေးခြင်း၊ လိုအပ်သည့် အကြံဉာဏ်များ ရယူခြင်းနှင့် တွန်းအားပေး ဆောင်ရွက်ခြင်းတို့အတွက် ပဲခူးတိုင်းဒေသကြီး(၄) ခရိုင်အလိုက် ဇုံနယ်များ သတ်မှတ်၍ အဖွဲ့ (၄) ဖွဲ့ခွဲ တာဝန်ယူကြပါသည်။
- လုပ်ငန်းများ ကွင်းဆင်းစိစစ်ရေးအဖွဲ့အတွက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်အားလုံး တာဝန်ယူ ဆောင်ရွက်ကြပါသည်။

## လုပ်ငန်းစဉ်

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၂၀-၃-၂၀၁၇ မှ ၂၈-၄-၂၀၁၇ နေ့အထိ) ကျင်းပကာလရက် (၈) ရက်တွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှု အခြေအနေများအား ကော်မတီမှ အောက်ပါအတိုင်း အကောင်အထည်ဖော် စိစစ်နိုင်ခဲ့ပါသည်။

**အဆိုများ**

- ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန (၁) ခု
- စုစုပေါင်းအဆို (၁) ခု

**ကြယ်ပွင့်ပြမေးခွန်းများ**

- ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန (၈) ခု
- ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန (၁၀)ခု
- ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (၄)ခု
- ပဲခူးတိုင်းဒေသကြီး စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန (၈)ခု
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေး ဝန်ကြီးဌာန (၂၀)ခု
- ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန (၅)ခု
- ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၂)ခု
- ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး (၁)ခု
- ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် (၁)ခု

စုစုပေါင်းကြယ်ပွင့်ပြမေးခွန်း (၅၉)ခု

**ကြယ်ပွင့်မပြမေးခွန်းများ**

- ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန (၈) ခု
- ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန (၈) ခု
- ပဲခူးတိုင်းဒေသကြီး စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန (၅) ခု
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေး ဝန်ကြီးဌာန (၃၉) ခု
- စုစုပေါင်းကြယ်ပွင့်မပြမေးခွန်း (၆၀) ခု

တို့ဖြစ်ကြပြီး

- အဆိုတင်သည့်ကိုယ်စားလှယ် (၂) ဦး

- ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသည့် ကိုယ်စားလှယ် (၂၃) ဦး
- ကြယ်ပွင့်မပြမေးခွန်း မေးမြန်းသည့် ကိုယ်စားလှယ်ပေါင်း (၁၉) ဦး

တို့ ဖြစ်ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများ ကတိကဝတ်ပြုမှု စုစုပေါင်း အဆို (၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၈၄)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၈၇)ခု တို့ကို တင်သွင်းခဲ့ကြပြီး ကတိကဝတ်ဖြစ်မှုအဖြစ် အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၆၀)ခု၊ ကြယ်ပွင့်မပြ မေးခွန်း(၆၀)ခုတို့အား စာရင်းပြုစုပြီး စနစ်တကျနံပါတ်တပ် စိစစ်သုံးသပ်နိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ၏ ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်း ခဲ့သည့်အဆို၊ မေးခွန်းများ ကတိကဝတ်ဖြစ်မှု/ မဖြစ်မှု အရေအတွက် အနှစ်ချုပ်ကိုလည်း မှတ်တမ်းတင်နိုင် ခဲ့ပါသည်။

ဆဋ္ဌမပုံမှန်အစည်းအဝေး၏ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၈၄)ခုတွင် ကတိကဝတ်ပြု(၆၀) (၇၁. ၄၂%)၊ ကတိကဝတ်မပြု(၂၄) (၂၈. ၅%)၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၈၇)ခုတွင် ကတိကဝတ်ပြု(၆၀) (၆၈. ၅၆%)၊ ကတိကဝတ်ပြု(၂၇) (၃၁. ၀၃%) တို့မှတ်တမ်းတင်နိုင်ခဲ့ပြီး ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ ဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းခဲ့သော မေးခွန်းပေါင်းနှင့် ကတိကဝတ်ပြုမှုပေါင်းမှာ

**အဆို**

- လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အဆိုအောင်မြင် (၄) ခု
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အဆိုအောင်မြင် (၃) ခု
- စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန အဆိုအောင်မြင် (၂) ခု
- စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန အဆိုအောင်မြင် (၂) ခု
- စုစုပေါင်း (၁၁)ခု

**ကြယ်ပွင့်ပြမေးခွန်း**

- လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန မေးခွန်း(၄)ခု၊ ကတိကဝတ်ပြု(၂၆)ခု၊ (၆၀. ၄၆%)
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မေးခွန်း(၁၈၄)ခု၊ ကတိကဝတ်ပြု(၁၂၇)ခု၊ (၆၉. ၀၂%)

| | |
|---|---|
| - သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မေးခွန်း(၁၀)ခု၊ ကတိကဝတ်ပြု(၅)ခု၊ (၅၀%) |
| - စက်မှု၊ လျှပ်စစ်၊ လမ်းပန်းဝန်ကြီးဌာန | မေးခွန်း(၆၃)ခု၊ ကတိကဝတ်ပြု(၄၅)ခု၊ (၇၁. ၄၂%) |
| - စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန | မေးခွန်း(၁၅၃)ခု၊ ကတိကဝတ်ပြု(၁၃၅)ခု၊ (၈၈. ၂၃%) |
| - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | မေးခွန်း(၉)ခု၊ ကတိကဝတ်ပြု(၉)ခု၊ (၁၀၀%) |
| - တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန | မေးခွန်း(၁)ခု၊ ကတိကဝတ်ပြု(၁)ခု၊ (၁၀၀%) |
| - တိုင်းဒေသကြီးတရားလွှတ်တော် | မေးခွန်း(၃)ခု၊ ကတိကဝတ်ပြု(၁)ခု၊ (၃၃. ၃၃%) |
| - တိုင်းဒေသကြီးအစိုးရ(စာရင်းစစ်/ဥပဒေချုပ်) | မေးခွန်း(၃)ခု၊ ကတိကဝတ်ပြု(၃)ခု၊ (၁၀၀%) |
| - တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | မေးခွန်း(၄)ခု၊ ကတိကဝတ်ပြု(၂)ခု၊ (၅၀%) |

**ကြယ်ပွင့်မပြမေးခွန်း**

| | |
|---|---|
| - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | မေးခွန်း(၄၉)ခုကတိကဝတ်ပြု(၂၉)ခု၊ (၅၉. ၁၈%) |
| - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | မေးခွန်း(၁၆၂)ခု၊ ကတိကဝတ်ပြု(၉၄)ခု၊ (၅၈. ၀၂%) |
| - သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မေးခွန်း(၅)ခု၊ ကတိကဝတ်ပြု(၃)ခု၊ (၆၀%) |
| - စက်မှု၊ လျှပ်စစ်၊ လမ်းပန်းဝန်ကြီးဌာန | မေးခွန်း(၄၈)ခု၊ ကတိကဝတ်ပြု(၂၈)ခု၊ (၅၈. ၃၃%) |
| - စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန | မေးခွန်း(၁၆၁)ခု၊ ကတိကဝတ်ပြု(၁၃၈)ခု၊ (၈၅. ၇၁%) |
| - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | မေးခွန်း(၁)ခု၊ ကတိကဝတ်ပြု(၁)ခု၊ (၁၀၀%) |
| - တိုင်းဒေသကြီးတရားလွှတ်တော် | မေးခွန်း(၂)ခု၊ ကတိကဝတ်ပြု(၁)ခု၊ (၅၀%) |
| - စာရင်းစစ်ချုပ်ရုံး | မေးခွန်း(၃)ခု၊ ကတိကဝတ်ပြု(၃)ခု၊ (၁၀၀%) |

- တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မေးခွန်း(၄)ခု၊ ကတိကဝတ်ပြု(၂)ခု၊ (၅၀%)

တို့အသီးသီး ဖြစ်ကြပါသည်။

**နိဂုံး**

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲ တိုးတက်မှုများအား ပြသနိုင်ရန်နှင့် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ တိုင်းဒေသကြီးအစိုးရ ကတိကဝတ် အာမခံချက်များ စိစစ်ရေးကော်မတီမှ စနစ်တကျ ကဏ္ဍအလိုက် စိစစ်ဆောင်ရွက် လျက်ရှိပါသည်။

ပြည်သူ့ကိုယ်စားလှယ်များမှ ပြည်သူ့လိုလားချက်များနှင့်အညီ တင်ပြခဲ့သော အဆို၊ မေးခွန်းများကို တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ ပြန်လည်ရှင်းလင်းဖြေကြားပေးခြင်း၊ ကတိကဝတ် အကောင်အထည် ဖော်ခြင်းနှင့် ကျန်ရှိလုပ်ငန်းများကို ကော်မတီ၏ စိစစ်ညှိနှိုင်းမှုများအရ စနစ်တကျ အကောင်အထည်ဖော်ခြင်းဖြင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်အောင် များစွာဆောင်ရွက်နိုင်မည်ဟု ကော်မတီမှ ရှုမြင်သုံးသပ်ပါသည်။

သို့ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ် အာမခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့ဘဝကို ပြောင်းလဲပေးနိုင်မည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် အင်အားတစ်ခုအဖြစ် ပါဝင်နေမည် ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် တိုင်းဒေသကြီးအတွင်း စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဤကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ

စတင်ဖွဲ့စည်းတာဝန်ပေးအပ်သည့် နေ့ရက်မှစ၍ ယနေ့မျက်မှောက်ကာလအထိ ဤကော်မတီအနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်၊ ၆/ ၂၀၁၇ ဖြင့် ဤရေးရာကော်မတီကို အောက်ပါအတိုင်း ပြန်လည်ပြင်ဆင် ဖွဲ့စည်းပေးခဲ့ပါသည် -

| | | | |
|---|---|---|---|
| - | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဒေါ်ညွန့်ညွန့်ငွေ | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

## ရည်ရွယ်ချက်များ

၂၀၁၇ ခုနှစ်၊ မတ်လ (၁၇)ရက်နေ့မှ ဇူလိုင်လ (၂)ရက်နေ့အထိ အောက်ပါရည်ရွယ်ချက်များ အတိုင်း လုပ်ဆောင်ခဲ့ပါသည် -

- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်း၍ တိုင်းဒေသကြီးစည်ပင်သာယာရေး ဥပဒေနှင့် နည်းဥပဒေများနှင့်အညီ မြို့နယ်အသီးသီး၏ စည်ပင်သာယာရေးကော်မတီများ ရွေးချယ်ပွဲများသို့ ကြည့်ရှုလေ့လာရန်။
- အဆိုပါ မြို့နယ်စည်ပင်သာယာရေးကော်မတီ ရွေးချယ်ပွဲများမှ တွေ့ရှိချက်များကို လွှတ်တော် ဥက္ကဋ္ဌထံ ပြန်လည်အစီရင်ခံရန်။
- ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချ လုပ်ငန်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို ပြန်လည် စိစစ်လေ့လာသုံးသပ်ရန်။

## အကောင်အထည်ဖော်ဆောင်ရွက်ချက်များ

## မြို့နယ်စည်ပင်သာယာရေးကော်မတီရွေးချယ်ပွဲများသို့ လှည့်လည်ကြည့်ရှုလေ့လာခြင်း

ဤရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအသစ်နှင့် နည်းဥပဒေ အသစ်များနှင့်အညီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၏ စည်ပင်သာယာရေးကော်မတီ

ရွေးချယ်ပွဲများကို ကြည့်ရှုလေ့လာရန် ရည်ရွယ်လုပ်ဆောင်ခဲ့ရာတွင် အောက်ပါမြို့နယ်များသို့ ပူးတွဲပါ အစီအစဉ်အတိုင်း လက်တွေ့ ကွင်းဆင်းကြည့်ရှုလေ့လာနိုင်ခဲ့ပါသည်။

| **နေ့ရက်** | **မြို့နယ်** | **တက်ရောက်သူများ** |
|---|---|---|
| ၂၅. ၅. ၂၀၁၇ | ဖြူး | ဦးသက်စိန်၊ ဗိုလ်မှူး သိန်းခိုင်မြင့် |
| ၂၅. ၅. ၂၀၁၇ | သနပ်ပင် | ဒေါ်ညွန့်ညွန့်ဌေး၊ ဦးညွန့်ရွှေ၊ ဦးမျိုးမြင့်အောင်၊ ဗိုလ်မှူးဖြိုးဟိန်းကျော် |
| ၂၆. ၅. ၂၀၁၇ | ပြည် | ဦးသက်စိန်၊ ဒေါ်ညွန့်ညွန့်ဌေး၊ ဦးညွန့်ရွှေ၊ ဦးမျိုးမြင့်အောင်၊ ဦးကျော်ဇေယျ |
| ၂၇. ၅. ၂၀၁၇ | ပေါက်ခေါင်း | ဦးသက်စိန်၊ ဒေါ်ညွန့်ညွန့်ဌေး၊ ဦးညွန့်ရွှေ၊ ဦးမျိုးမြင့်အောင်၊ ဦးကျော်ဇေယျ |
| ၂၈. ၅. ၂၀၁၇ | ပန်းတောင်း | ဦးသက်စိန်၊ ဒေါ်ညွန့်ညွန့်ဌေး၊ ဦးညွန့်ရွှေ၊ ဦးမျိုးမြင့်အောင်၊ ဦးကျော်ဇေယျ |
| ၃၀. ၅. ၂၀၁၇ | အုတ်ဖို | ဒေါ်ညွန့်ညွန့်ဌေး၊ ဦးညွန့်ရွှေ၊ ဦးမျိုးမြင့်အောင်၊ ဦးအောင်ကိုမင်း၊ ဗိုလ်မှူး ဖြိုးဟိန်းကျော် |
| ၃၁. ၅. ၂၀၁၇ | ကြို့ပင်ကောက် | ဦးသက်စိန်၊ ဒေါ်ညွန့်ညွန့်ဌေး၊ ဦးညွန့်ရွှေ၊ ဦးမျိုးမြင့်အောင်၊ ဦးအောင်ကိုမင်း၊ ဗိုလ်မှူး ဖြိုးဟိန်းကျော် |
| ၆. ၆. ၂၀၁၇ | တောင်ငူ | ဦးသက်စိန်၊ ဦးမိုးမခ၊ ဦးအေးမင်းဝင်း၊ ဗိုလ်မှူး သိန်းခိုင်မြင့် |
| ၁၆. ၆. ၂၀၁၇ | ပဲခူး | ဦးသက်စိန်၊ ဒေါ်ညွန့်ညွန့်ဌေး၊ ဦးညွန့်ရွှေ၊ ဦးမျိုးမြင့်အောင်၊ ဗိုလ်မှူး ဖြိုးဟိန်းကျော်၊ ဗိုလ်မှူး သိန်းခိုင်မြင့် |

ဤရေးရာကော်မတီကို အထက်ပါအတိုင်း အုပ်စု(၂)စုခွဲ၍လည်းကောင်း၊ အုပ်စု(၂)စုပူးပေါင်း၍လည်းကောင်း၊ ဖော်ပြပါ မြို့နယ်(၉)မြို့နယ်၏ စည်ပင်သာယာရေးကော်မတီရွေးချယ်ပွဲများသို့ တက်ရောက်ကြည့်ရှုလေ့လာနိုင်ခဲ့ပါသည်။ မြို့နယ်အများစုမှာ ကျင်းပသည့်နေ့ရက် တစ်နေ့တည်းတူညီနေကြ၍လည်းကောင်း၊ ရေးရာကော်မတီဝင်တို့အနေဖြင့် မိမိတို့၏ မြို့နယ်များတွင် မူလတာဝန်များ ထမ်းဆောင်နေကြရ၍လည်းကောင်း၊ ဖော်ပြပါမြို့နယ် (၉)မြို့နယ်တွင်သာ ကြည့်ရှုလေ့လာနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

**အဖွဲ့ခွဲ(၁)**

| | | | |
|---|---|---|---|
| - | ဦးသက်စိန် | (ဥက္ကဋ္ဌ) | အဖွဲ့ခေါင်းဆောင် |
| - | ဦးမိုးမခ | (ကော်မတီဝင်) | အဖွဲ့ဝင် |
| - | ဦးအေးမင်းဝင်း | (ကော်မတီဝင်) | အဖွဲ့ဝင် |
| - | ဦးသန်းထိုက်အောင် | (ကော်မတီဝင်) | အဖွဲ့ဝင် |
| - | ဗိုလ်မှူး သိန်းခိုင်မြင့် | (ကော်မတီဝင်) | အဖွဲ့ဝင် |

**အဖွဲ့ခွဲ(၂)**

| | | | |
|---|---|---|---|
| - | ဒေါ်ညွန့်ညွန့်ငွေ | (အတွင်းရေးမှူး) | အဖွဲ့ခေါင်းဆောင် |
| - | ဦးညွန့်ရွှေ | (ကော်မတီဝင်) | အဖွဲ့ဝင် |
| - | ဦးမျိုးမြင့်အောင် | (ကော်မတီဝင်) | အဖွဲ့ဝင် |
| - | ဦးအောင်ကိုမင်း | (ကော်မတီဝင်) | အဖွဲ့ဝင် |
| - | ဦးကျော်ဇေယျ | (ကော်မတီဝင်) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးဖြိုးဟိန်းကျော် | (ကော်မတီဝင်) | အဖွဲ့ဝင် |

အထက်ပါမြို့နယ်များသို့ ကွင်းဆင်းကြည့်ရှုလေ့လာရာတွင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး ကော်မတီ ရွေးချယ်ပွဲကျင်းပရေး ကော်မတီများနှင့် ကြိုတင်တွေ့ဆုံပြီး မိမိတို့ လာရောက်ကြည့်ရှု လေ့လာရခြင်းမှာ မိမိတို့လွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် စည်ပင်သာယာရေးဥပဒေနှင့် နည်းဥပဒေ အသစ်များကို အဓိကအားဖြင့် လေ့လာသုံးသပ်ရန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဥပဒေများ၏ အသက်ဝင်မှု အခြေအနေ၊ အားသာချက် အားနည်းချက်များကို လေ့လာရန်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်ကော်မရှင်များအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါကြောင်း အဆိုပါကိစ္စနှင့်ပတ်သက်၍ မိမိတို့၏ လွှတ်တော်ဥက္ကဋ္ဌကလည်း မိမိတို့ ခရီးစဉ်များ မစတင်မီကတည်းက မိမိတို့အားခေါ်ယူ၍ အကြိမ်ကြိမ်မှာကြားသတိပေးခဲ့ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အဆိုပါ လှည့်လည်လေ့လာခြင်းခရီးစဉ်များတွင် သက်ဆိုင်ရာ မြို့နယ်များ၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ အကူအညီဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ဤရေးရာကော်မတီ၏ ဖော်ပြပါ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့သို့ ကွင်းဆင်း၍ မြို့နယ် စည်ပင်သာယာရေးကော်မတီရွေးချယ်ပွဲများကို ကြည့်ရှုလေ့လာခဲ့သည့် အစီရင်ခံစာ အသေးစိတ်ကို လွှတ်တော်ဥက္ကဋ္ဌထံသို့ မကြာမီ တင်ပြအစီရင်ခံသွားမည်ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းများဆိုင်ရာ ဥပဒေကို လေ့လာစိစစ်သုံးသပ်ရန်

ဤရေးရာကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို ပြန်လည်လေ့လာစိစစ်သုံးသပ်ခြင်းများကို အောက်ပါအတိုင်း ရေးရာကော်မတီ အစည်းအဝေးများခေါ်ယူ၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

- ၂၂. ၅. ၂၀၁၇ ရက်နေ့နှင့် ၂၃. ၅. ၂၀၁၇ ရက်နေ့တို့တွင် ကျင်းပခဲ့သော ရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် - ၄/၂၀၁၇
- ၁၃. ၆. ၂၀၁၇ ရက်နေ့မှ ၁၅. ၆. ၂၀၁၇ ရက်နေ့ထိ ပြုလုပ်ခဲ့သော ရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် - ၅/၂၀၁၇

အဆိုပါရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် ၅/၂၀၁၇ ၏ ၁၃. ၆. ၂၀၁၇ ရက်နေ့က ပြုလုပ်သော အစည်းအဝေးတွင် ဦးတင့်လွင်ထွန်း၊ တိုင်းဦးစီးအရာရှိ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်ငန်း အား ဖိတ်ခေါ်၍ ကြားနာမှုများ ပြုလုပ်ခဲ့ပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချဥပဒေနှင့် နည်းဥပဒေများကို ဆက်လက်လေ့လာစိစစ် သုံးသပ်ရန်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့် ပတ်သက်၍ စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြန်လည်စိစစ်သုံးသပ်ရန်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့် စပ်လျဉ်း၍ အခြားလိုအပ်သော နည်းဥပဒေများ ထပ်မံရေးဆွဲ၍ လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရန်။

## နိဂုံး

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီအနေဖြင့် မိမိတို့၏ ရေးရာကော်မတီလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်ရေး အတွက် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိမိတို့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်နိုင်ရေးအတွက် အကူအညီပေးကြပါသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ အထူးသဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ရွေးချယ်ပွဲများသို့ လှည့်လည်ကြည့်ရှုလေ့လာရာတွင် အကူအညီပေးကြပါသော သက်ဆိုင်ရာမြို့နယ်အသီးသီး၏ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ရွေးချယ်ပွဲကျင်းပရေးကော်မရှင်များနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများအား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့် တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ် ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း” အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်း ဒေသကြီးအတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း”** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးမှ အမည်စာရင်း တင်ပြထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ကျွန်တော်အနေဖြင့် B.O.T လမ်းပိုင်းများ လုပ်ကိုင်နေသော အခြေအနေများကို တွေ့မြင်ရသလောက်သိထားရသလောက် တင်ပြသွားမှာဖြစ်ပါတယ်။ B.O.T ဆောင်ရွက်ခွင့်ရကုမ္ပဏီများ အနေဖြင့်အပိုင်း(၃)ပိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

Build-oprate-transfer ဆိုတဲ့ လုပ်ငန်း(၃)ရပ်ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လမ်းပိုင်းတစ်ခုကို ကိုယ်တိုင်တည်ဆောက်ခြင်း ဆောင်ရွက်ရမှာဖြစ်သော်လည်း နိုင်ငံတော်၏ လမ်းဦးစီးဌာနမှ တည်ဆောက်ပြီး လမ်းပိုင်းများကို အဆင့်သင့်လွှဲပြောင်းရယူပြီးဆောင်ရွက်နေကြတာ တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံ အနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းပိုင်း လမ်းပိုင်း(၂၅၁၁၁. ၈)မိုင်ရှိပါတယ်။ ၄င်းအနက် B.O.T လမ်းပိုင်း အဖြစ်(၃၃၁၅. ၃)မိုင်အား ကုမ္ပဏီ(၂၆)ခုက တာဝန်ယူဆောင်ရွက်နေတယ်လို့ သိရပါတယ်။ လမ်းပိုင်း အားလုံးကိုလဲ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းလောက်သာ ဆောင်ရွက်နေကြောင်း တွေ့ရှိရပါတယ်။ နောက်တစ်ခု ပြုပြင်ထိန်းသိမ်းရေးအပိုင်းအနေဖြင့် ယာဉ်သွား/ ယာဉ်လာများပြားမှုပေါ်တွင် မူတည်၍ လမ်းချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမှာဖြစ်သော်လည်း ဆောင်ရွက်ပေးမှုများ ပျက်ကွက်နေသည်ကို တွေ့ရှိရပါသည်။ နေ့စဉ်ယာဉ်စီးရေ (၂၀၀၀)အောက် ဖြတ်သန်းသွားလျှင် လမ်းသားအကျယ်(၂၄')ယာဉ်စီးရေ (၂၀၀၀)အထက်ဖြတ်သန်းသောလမ်းပိုင်းများအတွက် (၄၈') အကျယ် ၄င်းထက်ယာဉ်စီးရေးများပြားပါက ၆လမ်းသွား စသည်ဖြင့်ဆောင်ရွက်ရမည်ဖြစ်သော်လည်း စည်းကမ်းအတိုင်းလိုက်နာ ဆောင်ရွက်ခြင်း အားနည်းမှုများတွေ့မြင်ရပါသည်။ ၄င်းအပြင်လမ်းအသုံးပြုခ ငွေကြေးများ ကောက်ခံရာတွင်လည်း ပိုမို ကောက်ခံခြင်း၊ ပြန်အမ်းငွေများမရရှိခြင်းများ ရှိနေသည်ကိုလည်း ကြားသိရသည့်အပြင် ပြုပြင်ထိန်းသိမ်းရေး အတွက်လည်း ဖြစ်သလိုဆောင်ရွက်ထားတာ တွေ့ရပါတယ်။ (ဥပမာ ပဲခူးမြို့ရှောင်လမ်း) လမ်းကြေး ကောက်ခံသောဂိတ်နေရာရှိ ဒေသခံများနှင့်လည်း ပြဿနာရှိနေတာကို တွေ့ရပါတယ်။ ဥပမာ ရွှေသံလွင်ဂိတ်သည်

ကျွန်တော်တို့ ပျဉ်ပုံရွာ တောင်ဘက်ကပ်လျက်တွင်ရှိပြီး ရပ်ရွာမှ ကားများရွာတွင်းရွာပြင်သွားလာခြင်း၊ လယ်တောသို့ပစ္စည်းများပို့ခြင်း ဆောင်ရွက်ရာတွင်လည်း ဂိတ်ကြေးပေးနေရာတာကိုလည်း သိရပါတယ်။ မကြာခဏပြဿနာဖြစ်နေကြပါတယ်။

စာချုပ်ပါစည်းကမ်းများအရ ၎င်းကုမ္ပဏီများက လုပ်ကိုင်ခွင့်ရသောလမ်းပိုင်းများမှ ကောက်ခံရရှိသော ငွေကြေးများထဲမှ အချိန်ကာလအားဖြင့် ပထမ(၅)နှစ်မှ အခွန်အခကင်းလွတ်ခွင့်ရပြီး၊ ဒုတိယ(၁၀)နှစ်အတွက် ၅%၊ တတိယ(၁၀)နှစ်အတွက် ၁၀%၊ စတုတ္ထ(၁၀)နှစ်အတွက် ၁၅%၊ ပဉ္စမ(၁၀)နှစ်အတွက် (၂၀%)ခန့်သာ ဝင်ငွေမှ ပေးဆောင်ရတာဖြစ်ပါတယ်။ ဆက်လက်ပြီး Extension အနေဖြင့်(၅)နှစ် (၃)ကြိမ်ဆောင်ရွက်ခွင့် ရှိတယ်လို့လည်းသိရပါတယ်။ နိုင်ငံတော်အနေဖြင့် ပေးထားသောအခွင့်အရေးများမှာ များစွာဖြစ်နေပါသည်။ ဒီမျှအခွင့်အရေးပေးထားသော အခွင့်ထူးခံကုမ္ပဏီများအနေဖြင့် အများပြည်သူခရီးသွားလာ ဆောင်ရွက်နိုင်ရေး အတွက် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လမ်းပိုင်းများကောင်းစွာပြုပြင်ရေး၊ ယာဉ်အစီးရေ အချိုးအစား လိုက်သွားလာဆောင်ရွက်မှုအပေါ် အချိုးညီသောလမ်းပိုင်းချဲ့ထွင်ပေးရေးတို့ကို ဆောင်ရွက်ပေးရမှာ ဖြစ်သော်လည်း ပျက်ကွက်မှုများဖြစ်ပေါ်နေမှုအပေါ် ပြည်သူများ၏အကျိုးကို ရှုမျှော်၍ ပန်းတောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ဇင်မိုးထိုက်၏ B.O.T လုပ်ငန်းဆောင်ရွက်ခွင့်ရထားသော ကုမ္ပဏီများအား စစ်ဆေးခြင်း၊ စိစစ်ခြင်း၊ ကြပ်မတ်ဆောင်ရွက်စေခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက် သင့်ပါကြောင်း ကျွန်တော်အနေဖြင့် လေးနက်စွာထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျွန်တော်ကတော့ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့် တံတားများအား B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

B.O.T စနစ်ဖြင့် လမ်းတံတားများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာတွင် အဖက်ဖက်မှ နိမ့်ကျနေသော နိုင်ငံကိုပြန်လည်ထူထောင်ရာတွင် ကုမ္ပဏီများအနေဖြင့် လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ဆည်း ပေးသည်ဟု မှတ်ယူပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် စာချုပ်ပါစည်းမျဉ်းစည်းကမ်းများကို အပြည့်အဝလိုက်နာ အကောင်အထည် ဖော်ဆောင်ရွက်ဖို့ လိုသလို အများပြည်သူများကိုလည်း ပွင့်လင်းမြင်သာမှုရှိစွာ ချပြရှင်းလင်းဆောင်ရွက်ဖို့ လိုပါတယ်။ သို့မှသာ ယုံမှားသံသယစိတ်များကို ကင်းရှင်းစေပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို အပြည့်အဝ ရရှိမှာ ဖြစ်ပါတယ်။

ရန်ကုန်-ပြည်လမ်းဆိုလျှင် မြန်မာနိုင်ငံမှာ အစောဆုံးဖောက်ခဲ့သော ကားလမ်းဖြစ်သလို အရည်အသွေး စံချိန်စံညွှန်းလည်း အကောင်းဆုံးလမ်းအဖြစ် မှတ်တမ်းဝင်ထားသောလမ်းဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးသည် ပြည်နယ်၊ တိုင်း(၇)ခုနှင့် ထိစပ်နေပြီး မြန်မာနိုင်ငံ၏ အချက်အချာကျသော ပထဝီအနေအထားကို ပိုင်ဆိုင်ထားသော တိုင်းကြီးဖြစ်ပါသည်။ ရန်ကုန်-ပြည်လမ်းပိုင်းကို တာဝန်ယူ ဆောင်ရွက်နေသော ဖက်စ်ဟိုင်းဝေးကုမ္ပဏီမှ ရန်ကုန်-ပြည်လမ်းပိုင်းတွင် နေ့စဉ်ယာဉ်စီးရေ (၂၀၀၀)အောက်သာ ဖြတ်သန်းသွားလာသည်ဟု ဖြေကြားသည်ကိုလည်း သိရှိရပါသည်။ မြေပြင်တွင် အမှန်တကယ် ကိန်းဂဏန်းများ ရရှိဖို့ တိုင်းဒေသကြီးအစိုးရအနေဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ရန်ကုန်-မန္တလေးလမ်းဟောင်းကို ရွှေသံလွင်-ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေရာ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် အရည်အသွေးမီအောင် ဆောင်ရွက်နေသည်များကိုလည်း သိရှိရပါသည်။

သတ်မှတ်ထားသော စာချုပ်ပါစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ ဖောက်ဖျက်ခြင်း၊ တာဝန်ကျေခြင်း၊ တာဝန်ပျက်ကွက်ခြင်းများသည် လူ့ဂုဏ်သိက္ခာနှင့် သက်ဆိုင်သော လုပ်ရပ်များ၊ အပြုအမူများဖြစ်ပါသဖြင့် အဆိုရှင် ဒေါ်ဇင်မိုးထိုက်၏ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသောလမ်း၊ တံတားများကို ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရန် တိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ကျွန်တော်ကတော့ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့် တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း "**အဆိုကို ထောက်ခံသွားမယ့် သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျာ။ B.O.T စနစ်ဆိုတာ အကျိုးတူပူးပေါင်းဆောင်ရွက်ရသည့် ငွေကြေးဖြင့်လည်ပတ်သော စီမံကိန်းပုံစံတစ်ခုပင်ဖြစ်ပါတယ်။ ဘက်နှစ်ဘက်ဟု ဆိုရာမှာလည်း ပြည်တွင်း သို့မဟုတ် ပြည်ပ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် နိုင်ငံတော်မှ ပြည်သူများ၏ အခန်းကဏ္ဍတို့ ပါဝင်လေ့ရှိပြီး ငွေကြေး၊ အဆောက်အဦသို့ လမ်းတံတား၊ ဒီဇိုင်း၊ တည်ဆောက်မှု စီမံခန့်ခွဲမှုများကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး နှစ်ဖက်အကျိုးအရှိဆုံးပုံစံများနှင့် လုပ်ဆောင်ခဲ့ကြပါတယ်။ များသောအားဖြင့် Build-Operate-Transfer ဆိုသည့်စကားရပ်များကိုကြည့်ပြီး ပုဂ္ဂလိက ရင်းနှီးမြုပ်နှံသူဘက်ကပဲ တည်ဆောက်ရ၊ စီမံရ၊ လွှဲပြောင်းရတယ်လို့ မခံယူပဲ ရင်းနှီးမြုပ်နှံခွင့်ပြုတဲ့ နိုင်ငံတော်နှင့် ပြည်သူဘက်က အရေးအကြီးဆုံးဖြစ်တဲ့ တည်ဆောက်ခွင့် စီမံခွင့်တို့ကို ခွင့်ပြုပေးခဲ့ရတယ်ဆိုတဲ့ အမြင်မျိုးရှိဖို့လိုအပ်ပါတယ်။ ဒါမှမဟုတ်ရင် အရေးအကြီးဆုံးသော အချုပ်အခြာခွင့်ပြုမိန့်ကို တန်ဖိုးမထားဘဲ ဘိုးဘွားအမွေကို မွေးစားသားကို စိတ်ကြိုက်သုံးခွင့်ပြုတဲ့ အခြေအနေမျိုးတွေ ကြုံတွေ့ရနိုင်ပါတယ်။

ပထမဆုံးသော B.O.T စနစ်လို့ သမိုင်းမှာ ပြောခဲ့ကြတဲ့ ၁၉၇၉ခုနှစ် Hope well Holdings

Co.Ltd မှ ဟောင်ကောင်မှာ တရုတ်ပုံစံ Hotel တစ်ခုရင်းနှီးမြုပ်နှံမှုများလည်း အကျိုးတူဆိုတဲ့ စကားနဲ့ပဲ စတင်ခဲ့တာဖြစ်ပါတယ်။

B.O.T အသုံးပြုတဲ့ အာရှနိုင်ငံတွေကတော့ Thailand, Japan, India, China, Victnam, Malaysia, Phillipics, Myanmar တို့ဖြစ်ပြီး အမေရိကန်နိုင်ငံရဲ့ တချို့သောပြည်နယ်များဖြစ်တဲ့ California, Florida, Indiana, Tevas, Virfinia တို့မှာဒီစနစ်ကို သုံးပါတယ်။ B.O.T စနစ်ရဲ့မူကွဲတစ်ခုကတော့ BOOT ပဲဖြစ်ပါတယ်။ Build-Own-Operate-Transfer ဒီစနစ်ကပိုပြီး နှစ်ဖက်အကျိုးတူပိုဖြစ်ပါတယ်။ Own ဆိုတဲ့စကားအရ ရင်းနှီးမြုပ်နှံသူ ကိုယ်တိုင်ကပဲ အလုံးစုံငွေကြေး စိုက်ထုတ်ရတက်ပြီ ခွင့်ပြုသူကတော့ ခွင့်ပြုမိန့်တစ်ခုပဲ သူရဲ့ရင်းနှီးမြုပ်နှံမှုဖြစ်ပါတယ်။ ဒီလိုစနစ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာလို ပြည့်သူချွေးများနှင့် လမ်းဖောက်တံတားဖောက် ပြီးတော့မှ အာဏာပိုင်တွေက မွေးစားသားတွေကို ခူးပြီးခပ်ပြီးသား အသားချည်းကျွေးတဲ့ (Tea-spoon-feeding) လုပ်ခွင့်မရှိဖို့ဥပဒေနဲ့ ပြဋ္ဌာန်းပြီးသားဖြစ်တတ်လို့ပါ။ ဒီ BOOT ကို အကောင်အထည်ဖော်တဲ့ နိုင်ငံတွေကတော့ Canada, Australia, New Zealand တို့ဖြစ်ပါတယ်။

B.O.T စာချုပ်တစ်ခုအတွက် ပွင့်လင်းမြင်သာစွာပါဝင်ရမယ့် ကဏ္ဍကြီး(၄)ခု ရှိတက်ပါတယ် -

- ရင်းနှီးမြုပ်နှံမှု သို့မဟုတ် ငွေကြေးထည့်ဝင်မှုကဏ္ဍ
- စီမံခန့်ခွဲမှုကဏ္ဍ
- ကြီးကြပ်ကွပ်ကဲမှုကဏ္ဍ
- ထိန်းသိမ်းဆောင်ရွက် ညှိနှိုင်းလွှဲပြောင်းမှုကဏ္ဍ တို့ဖြစ်ပါတယ်။

ဒီစံတန်ဖိုး(၄)ခုနဲ့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်သည့် B.O.T လုပ်ငန်းများ အကြောင်းချိန်တိုး ကြည့်ကြရအောင်ပါ။

**ရင်းနှီးမြုပ်နှံမှု (သို့) ငွေကြေးထည့်ဝင်မှုကဏ္ဍ**

စတင်ရင်းနှီမြုပ်နှံမည့်သူကပေးရမဲ့ အခြေခံအဆောက်အဦးများဖြစ်တဲ့လမ်းဆိုရင်လည်း Servay လုပ်ခြင်းကအစ လမ်းကြောင်းလမ်းချောရောက်သည်အထိ ကျွန်တော်တို့ ရင်းနှီးမြုပ်နှံသူဘက်က လုပ်ပေးခဲ့ရပါတယ်။ တစ်ကယ်တော့ နိုင်ငံတကာမှာ လမ်းကြောင်းရှင်းတဲ့မြေယာ ဒီမှာတော့အစအဆုံးပါ။ တစ်ကိုယ်လုံး အဆီအသားပုံပေးရ ရင်းနှီးမြုပ်နှံသူဘက်ကလည်း ဒီလောက်သဘောကောင်းနေမှတော့ ဦးနှောက်ဖောက်စား အိမ်ဦးခန်းဟိုဟာစွန့်ယုံပါပဲ ဒီဖြစ်ရပ်တွေနဲ့နောက်ကွယ်မှာ အဂတိတရားတွေ မပါဝင်ဘူးလို့ ဘယ်သူမှ အာမခံနိုင်မှာ မဟုတ်ပါ။

**စီမံခန့်ခွဲမှုကဏ္ဍ**

အရေးအကြီးဆုံးကဏ္ဍဖြစ်ပြီး အဆိုရှင် တိုက်တွန်းနေတဲ့ကဏ္ဍကလည်း ဒီအပေါ် ဖောင်းထားပေးတာပါ။ ဟုတ်ပြီး အားလုံးတော့လွန်ကုန်ပြီ ဒါပေမဲ့ စနစ်ကျတဲ့ စီမံခန့်ခွဲမှုနဲ့ ပြန်ထိန်းရင်တော့ အနည်းငယ်သက်သာမှာပါ။

ယခုအစိုးရသစ်လက်ထက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ စီမံခန့်ခွဲရေး၊ မူဝါဒနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတတ်ရေးဌာနခွဲမှ ၂၀၁၆ ဇွန်လ

(၂၂)ရက်နေ့တွင် BOT လုပ်ငန်းများအား တွန်းအားပေးကြပ်မတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် Task Force အဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်စေခဲ့ပြီး လမ်းအပိုင် (၆၄)ခု၏ လုပ်ငန်းဆောင်ရွက်မှု၊ တိုးတတ်မှုအခြေအနေအား ကြီးကြပ်ဆောင်ရွက်စေပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းပိုင်း၁၀ခုဖြစ်သော

- Max Hight Way (ထောက်ကြံ့ပဲခူး)
- Max Hight Way (ရန်ကုန် ပြည် မကွေး) -သာယာဝတီခရိုင်
- Max Hight Way ပြည်ခရိုင်နှင့်ပြည်မြို့ရှောင်လမ်း
- ရွှေသံလွင် ရန်ကုန်-တောင်ငူ- မန္တလေး
- ရွှေသံလွင်-ရန်ကုန်-မော်လမြိုင်-မြိတ်
- စစ်တောင်းတံတား၊ မုပ္ပလင်
- Hight Star (ညောင်လေးပင်၊ တောင်ငူ)
- ကမ္ဘောဇ
- Oriental High way
- နေလသစ္စာ တို့အတွက် အဖွဲ့ (၁၀ဖွဲ့) ဖွဲ့စည်းခဲ့ပါတယ်။

ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်ဆိုသော်လည်း အားနည်းချက်များ အမှန်တကယ်ရှိနေပါတယ်။ ဥပမာ- BOT စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများသည် လုပ်ငန်းစီမံချက်များကို သတ်မှတ်ချိန်ထက် (၂)လခန့် နောက်ကျသည့်အထိ ပေးပို့မှုမရှိခြင်း

-Tesk Force အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးလက်အောက်ရှိ အရာတမ်းများ မိမိခရိုင်အတွင်း BOT ကုမ္ပဏီများမှ လမ်းတံတားဆောင်ရွက်နေမှုများအပေါ် သွားရောက်စစ်ဆေး ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်း။

BOT ကုမ္ပဏီများ၏ ကောက်ခံရရှိငွေနှင့် ပြုပြင်ထိန်းသိမ်းခြင်းသုံးစွဲငွေတို့ ပွင်းလင်းမြင်သာမှု အားနည်းခြင်း

-ရင်းနှီးမြုပ်နှံခံ နိုင်ငံတော်နှင့် ပြည်သူများအတွက် ကုမ္ပဏီဝင်ငွေနှင့် ထိုက်သင့်သော အခွန်ငွေ အချိုးအစား ရရှိခြင်းရှိမရှိ မသိနိုင်ဘဲ

(အောက်ဈေးများဖြင့်သာ နှစ်ရှည်လုပ်ကိုင်နေကြခြင်း) စသည့်လွဲမှားသော စီမံခန့်ခွဲမှုများသာ တွေ့မြင်နေရပါသည်။

**ကြီးကြပ်ကွပ်ကဲမှုကဏ္ဍ**

BOT ကုမ္ပဏီများ၏ ကျင့်ဝတ်မှာ အခွန်ထမ်းပြည်သူများ အဆင်ပြေသက်သာ အန္တရာယ်ကင်းပြီး လမ်းခရီးချောမွေ့စွာ သွားလာနိုင်ရေးကို အဓိကထားရမည် ဖြစ်ပါတယ်။ ထိုက်သင့်သော ရင်းနှီးမြုပ်နှံမှုဖြင့် ထိုက်သင့်သော အကျိုးအမြတ်ရယူ၍ ကုသိုလ်လဲရ ဝမ်းလည်းဝ ဖြစ်ရပါမယ်။

စာချုပ်စဉ်ကလည်း ဘနဖူးသိုက်တူးမည့် စိတ်ဓါတ်များဖြင့် အာဏာရှင်နှင့် လက်ဝါးချင်းရိုက် ပြည်သူလည်မြိုနင်း၍ ဘယ်လိုကိုယ်ကျိုးပဲကြည့်စာချုပ်ခဲ့ကြကြောင်း အားလုံးအသိပဲဖြစ်ပါတယ် ပြောင်းလဲလာတဲ့

ခေတ်နဲ့အညီ ပြည်သူအစိုးရလက်ထက်မှာတော့ သက်ဆိုင်ရာ ဌာနအကြီးအကဲအဖွဲ့များနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးကြပ်ရမှာဖြစ်ပါတယ်။

ပြည်သူအကျိုးမကြည့်သူများကိုလဲ ရဲရဲရင့်ရင့် လက်တွဲဖြုတ်ပြီး ပြည်ထောင်စုအဆင့်မှ စီမံဆောင်ရွက် မှသာ ရမည်၊ ဘဏ္ဍာရေးမပြည်စုံနည်းပညာမရှိသေးစသည့် ဆင်ခြေများအစား ရသည့်အခြေအနေတွင် အကောင်းဆုံးဖြစ်အောင် လုပ်ချင်သည့်စိတ်ဓါတ်ဖြင့် ရရာလက်နတ်စွဲကိုင် တိုက်ပွဲဝင်ကြရပါမယ်။ ယခုကဲ့သို့ ပြည်သူအစိုးရ၊ ပြည်သူစီမံခန့်ခွဲခွင့်ရအောင် ဘဝပေး အသက်ပေးကြတဲ့သူတွေရဲ့ မျက်နှာကိုထောက်ထားပြီး အစွမ်းကုန်ကြိုးစားကြရပါမယ်။

အဆိုရှင်ရဲ့ ဆိုလိုရင်းဖြစ်တဲ့ စစ်ဆေးကြပ်မက်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်းဆိုတာဟာ ပြည်ထောင်စုရဲ့ မူဝါဒကို တိုင်းဒေသကြီးအစိုးရအင်းအားနဲ့ ပူးပေါင်းပါဝင်ပြီး ဌာဆိုင်ရာကို လိုအပ်တဲ့ လမ်းညွှန်ကြီးကြပ်မှု ပေးစေလိုခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုက လုပ်နေပါတယ်ဆိုတဲ့ အကြောင်းပြချက်တစ်ခုနဲ့ လုံလောက်မှုမရှိကြောင်းကို Task force အဖွဲ့ဝင်များကို အပတ်စဉ်စစ်ဆေးဖို့ ပြည်ထောင်စုမှ ဖွဲ့စည်းပေးခဲ့ပါတယ်။

ထိန်းသိမ်းဆောင်ရွက်မှုကဏ္ဍနှင့် ပြည်လည်ညှိနှိုင်းအပ်နှံသည်ကဏ္ဍမှာတော့ ပြည်သူချွေးနည်း စာများဖြင့် ဆောက်လုပ်ခဲ့တဲ့ နိုင်ငံရဲ့အသက်သွေးကြောဖြစ်တဲ့ လမ်းမကြီးများ ရေရှည်တည်တံ့အောင် ကုမ္ပဏီများမှ တာဝန်ယူမှု တာဝန်ခံမှု အပြည့်ဖြင့်ဆောင်ရွက်စေရန်တွန်းအားပေးဆောင်ရွက်သွားရပါမယ်။ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း စနစ်တကျဆောင်ရွက်ရန်လည်း အစဉ်အမြဲကြီးကြပ်သွားရပါမယ်။ လမ်းကြေးတော့ အာဆီယံတန်းဝင်ကောက်ခံ လမ်းကတော့စုတ်ပြတ်သတ်ပြီး ထိန်းသိမ်းမှုမရှိတာမျိုးတော့ ဖြစ်လို့မရပါဘူး။

စာချုပ်ဖောက်ဖျက်ရင်လည်း ခိုင်မာသော မူဝါဒများဖြင့် ကျောသားရင်သားမခွဲခြား တိတိကျကျ အရေးယူခြင်း ပြုရမှာဖြစ်ပြီး ဒီလမ်းမကြီးများဟာ ငွေရှာသည့်ယန္တရားများ ငွေတွင်းများလို့မသတ်မှတ်ပဲ ပြည်သူ့များ၏ အသက်စည်းစိမ်ကို အထောက်အပံ့ဖြစ်စေရာ နေရာများဖြစ်တယ်ဆိုတာကို ကုမ္ပဏီများ ခံယူလာအောင် ကြီးကြပ်လုပ်ဆောင် ထိန်းသိမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား ဒုတိယအပိုင်းဖြစ်တဲ့ အများပြည်သူပိုင်အဆောက်အဉီး၊ မြေကိစ္စများကိုတော့ အကျဉ်းမျှတပါ ဒုတိယအကြိမ်ပဲခူးတိုင်း ဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတတိယနေ့တွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမိုးမခ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ကြယ်ပွင့်ပြမေးခွန်းဟာ အလွန် ထင်ရှားတဲ့သာဓကပင် ဖြစ်တယ်ဆိုတာ အားလုံးအသိပါဘဲ။ ကုန်သွယ်ရေးပိုင် အဆောက်အဦကုန်တိုက်ကို ထွေအုပ်ကိုလွှဲတယ် ထွေအုပ်က နှစ်(၃၀)ဂရန်ယူပြီး ပုဂ္ဂလိကကို ငှားစားတယ် ငှားတော့လည်း တစ်ကယ်အောက်ဈေး တစ်လ(၂) သိန်းနဲ့ နှစ်(၃၀)အဆိုပြုပြီး ငှားပေးလိုက်တယ်။ ၂၉. ၄. ၂၀၁၅နေ့ထဲကငှားထားတဲ့ အဆောက်အဦကို ယနေ့အချိန်အထိ ဘာမှမလုပ်ဆောင်ဘူး။ ဒီလိုထင်ရှားစွာ စာချုပ်ဖောက်ဖျက်တဲ့ကိစ္စမျိုးကိုမှ စနစ်တကျ မကြီးကြပ်နိုင်ဘူးဆိုရင်တော့ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ တိုင်းဒေသကြီးလွှတ်တော်ရဲ့ ဂုဏ်သိက္ခာလဲထိခိုက်ပါလိမ့်မယ်။ လိုအပ်ပါက ထိထိရောက်ရောက်နိုင်ငံတော်အဆင့်အထိ အစီအရင်ခံ

လမ်းညွှန်မှုခံယူဆောင်ရွက်ရပါလိမ့်မယ်။

ပဲခူးမြို့မှာလဲ ဒီလိုအဖြစ်မျိုးကြုံနေရဆဲပါ။ နိုင်ငံပိုင်ရုပ်ရှင်ရုံတွေ BOT ပေးပြီး ဘာမှအကောင်အထည် ပေါ်မလာတာ ယခင်ကမိခင်နဲ့ကလေး ဒေသန္တရကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာနတို့ ရုံးစိုက်ရာ မြေနေရာဟာလည်း ပြည်သူတွေဘာမှပွင့်လင်းမြင်သာစွာ မသိလိုက်ဘဲ အသွင်းပြောင်းသွားခဲ့တာ

ဒါတွေဟာ ယခင်က BOT စနစ်ကိုခုတုံးလုပ်ပြီး အဂတိတရားများရဲ့ သမိုင်းတွင်မည့် သက်သေ အထောက်အထားများပါဘဲ

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား နိဂုံးချုပ် တင်ပြရမယ်ဆိုပါလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၁၅ရွေးကောက်ပွဲကြော်ငြာစာတမ်းမှာ ပြည်သူလူထု၏ ဘဝများပြောင်းလဲစေရန် ပြည်သူလူထုအားတရားမျှတစွာ အကာအကွယ်ပေးမည့် အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာစေရေးဆိုတဲ့ အချက်ပါဝင်ပါတယ်။ ပြည်သူ့လူထုကို အကာအကွယ် ပေးဖို့ ပြည်သူလူထုလျှောက်နေတဲ့လမ်းများလုံခြုံချောမွေ့ အဆင်ပြေနေဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဒီလမ်းတွေမှာ လုပ်ကိုင်ဆောင်ရွက်နေတဲ့ BOT ကုမ္ပဏီများရဲ့ အခန်းကဏ္ဍဟာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတတ်ရေးနှင့် ပြည်သူဘဝတွက် လုံခြုံစွာဖွံ့ဖြိုးတိုးတတ်လာစေသည့်အဆိုတစ်ရပ် ဖြစ်တာကြောင့် ဒေါ်ဇင်မိုးထိုက်၏ အဆိုအား လေးနက်စွာ ထောက်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် တင်သွင်းသည့်အဆိုနှင့်ပတ်သတ်၍ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန အနေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုလမ်းနှင့် တိုင်းဒေသကြီးစီမံခန့်ခွဲခွင့်ရှိသည့် လမ်းဟူ၍ (၂)မျိုးရှိပါကြောင်း၊ အဆိုပါ(၂)မျိုးထဲမှ ပြည်ထောင်စုလမ်းအချို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ BOT စနစ်ဖြင့် BOT ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက် စေလျက်ရှိရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုလမ်းများအား BOT စနစ်ဖြင့်ဆောင်ရွက်နေသော မက်စ်ဟိုင်းဝေးကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ ဟိုက်စတားကုမ္ပဏီ၊ ကမ္ဘောဇကုမ္ပဏီ၊ Orirnta Highway Co.,Ltd နှင့် နေလသစ္စာကုမ္ပဏီဟူ၍စုစုပေါင်း BOT ကုမ္ပဏီ(၆)ခုရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ BOT စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားသော လမ်းပိုင်းများအား သတ်မှတ် ထားသော စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် တိုးတက်ကောင်းမွန်လာစေရန်နှင့် လမ်းအသုံး

ပြုသူများ သွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေရန်အတွက် လုပ်ငန်းဆောင်ရွက်မှု၊ တိုးတက်မှု အခြေအနေများအား ကြပ်မတ်ဆောင်ရွက်နိုင်ရန် လမ်းဦးစီးဌာန(ရုံးချုပ်)တွင် BOT Task Force အဖွဲ့ ဖွဲ့စည်းထားပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင် အင်အားဖြည့်တင်း ဆောင်ရွက်နိုင်ရန်အတွက် Task Force အဖွဲ့ငယ်များအား (၂၀၁၆)ခုနှစ် ဇွန်လ(၂၂)ရက်နေ့တွင် ဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။

BOT Task Force အဖွဲ့ငယ်များတွင်

- ညွှန်ကြားရေးမှူး (မြို့ပြ) — အဖွဲ့ခေါင်းဆောင်
- BOT လမ်းပိုင်းဆောင်ရွက်နေသော ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) — အဖွဲ့ဝင်
- ဦးစီးအရာရှိ(မြို့ပြ) — အဖွဲ့ဝင်
- အငယ်တန်းအင်ဂျင်နီယာ(၁)(မြို့ပြ) — အဖွဲ့ဝင်
- အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) — အဖွဲ့ဝင် များအဖြစ် ပါဝင်ဖွဲ့စည်းထား

ပါကြောင်း၊

ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာနမှလည်း BOTစနစ်ဖြင့်ဆောင်ရွက်နေသော လမ်းပိုင်းအလိုက် ကုမ္ပဏီများအား တာဝန်ယူကြီးကြပ်ရမည့် BOT Task Force အဖွဲ့ငယ်များကို ၂၀၁၆ ခုနှစ် ဇူလိုင်လ(၈) ရက်နေ့တွင် ထပ်မံဖွဲ့စည်းထားပြီးဖြစ်ပါသည်။

(၁၃-၁၀-၂၀၁၆) ရက်နေ့တွင် လမ်းဦးစီးဌာန (ရုံးချုပ်)မှ BOT ကုမ္ပဏီများအား ကြီးကြပ် စစ်ဆေးရန်အတွက် BOT ကုမ္ပဏီများ ကြီးကြပ်ရေးအဖွဲ့(၁)(အထက်မြန်မာပြည်) နှင့် BOT ကုမ္ပဏီများ ကြီးကြပ်ရေးအဖွဲ့(၂) (အောက်မြန်မာပြည်) တို့ကို ဖွဲ့စည်းထားပြီး ညွှန်ကြားရေးမှူး (မြို့ပြ) (၂) ဦးအား တာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း။BOTကုမ္ပဏီများ ကြီးကြပ်ရေးအဖွဲ့(၂) တာဝန်ခံသည့် (အောက်မြန်မာပြည်) BOTလမ်းများ အပြင် ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေး လမ်းဟောင်းအား အဓိက တာဝန်ယူကြီးကြပ်ရပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) တို့မှလည်း BOT လမ်းပိုင်းများအား စစ်ဆေးကြီးကြပ်ခြင်းနှင့် ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးတွင် တစ်လလျှင်တစ်ကြိမ် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)များအား အစည်းအဝေးခေါ်ယူ၍ လိုက်နာဆောင်ရွက်ရမည့်အချက်များအား ကုမ္ပဏီများသို့ ညွှန်ကြားလျက် ရှိပါသည်။

BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို အပတ်စဉ် အင်္ဂါနေ့တိုင်း(ရုံးချုပ်)နေပြည်တော်ရှိ BOT Task Force အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ပေးပို့ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးတို့မှလည်း BOT လမ်းများအား စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီသောလမ်း များ ဖြစ်ပေါ်စေရေးနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည်များကို အခါအားလျော်စွာ သက်ဆိုင်ရာဌာနသို့ ညွှန်ကြားဆောင်ရွက်လျက်ရှိပြီး လမ်းဦးစီးဌာနမှလည်း အဆိုပါ

ညွှန်ကြားချက်များအပေါ် သက်ဆိုင်ရာကုမ္ပဏီများသို့ လိုက်နာဆောင်ရွက်ရေး ညွှန်ကြားဆောင်ရွက်လျက် ရှိပါသည်။

ဥပမာအားဖြင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှလည်း ၂၀၁၇ခုနှစ် ဇွန်လ(၁)ရက်နေ့ရက်စွဲပါစာအမှတ်၊ ၆/၁-၂၀/ဦး ၆(၃၂၄)ဖြင့် ရန်ကုန်-ပြည်လမ်း သာယာဝတီမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှု ဖြစ်စဉ်များကို အခြေခံ၍ လမ်းဦးစီးဌာနသို့ သက်ဆိုင်ရာ BOTကုမ္ပဏီအား ဆက်လက်အကြောင်းကြားနိုင်ရေး အတွက် ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာများအား လမ်းချဲ့ထွင်ရေး၊ Alignment လုပ်ရန်နှင့် Bling Spot ဖြစ်နေသော သစ်ပင်များ ရှင်းလင်းဆောင်ရွက်ရန်၊ အကွေး (Curve)များ၊ မျဉ်းသေများ၊ သေချာစွာပြုလုပ်ရန်၊ Road Sign များစစ်ဆေးရန် ဤကဲ့သို့ လမ်းညွှန်မှုပြုခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှလည်း ပဲခူးတိုင်း ဒေသကြီး လမ်းဦးစီးဌာနသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့တွင် စာအမှတ်၊ စက်-လျှပ်-လပဆ/ ၂၀၁၆/၁၅၀ ဖြင့် တိုင်းဒေသကြီးအတွင်း BOT စနစ်ဖြင့် ဆောင်ရွက်သည့် လမ်းတံတားကိစ္စရပ်များနှင့် ပတ်သက်၍ တစ်လတစ်ကြိမ် အစည်းအဝေးပြုလုပ်ပြီး အစည်းအဝေးမှတ်တမ်းအရ ဆောင်ရွက်ထားရှိမှုများကို လစဉ်စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြသွားရန် ညွှန်ကြားထားပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုရှင် ဒေါ်ဇင်မိုးထိုက်က မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/ မရှိ တင်ပြပါ။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အဆိုကို ရုပ်သိမ်းလိုခြင်း မရှိပါ ကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ်ကွပ်ကဲပေးရန် တိုက်တွန်းကြောင်း ”** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို လျှို့ဝှက်ဆန္ဒမဲပေးခြင်း စနစ်အရ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒရယူခဲ့ရာ ယနေ့အစည်းအဝေးတက်ရောက်သူ (၆၂)ဦးရှိပြီး ထောက်ခံမဲ(၅၄)မဲ၊ ကန့်ကွက်မဲ(၄)မဲ၊ ကြားနေမဲ(၄)မဲအရ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏(၃၁)ဦးနှင့် အထက်ဖြစ်သည့်အတွက် ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၅း၁၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၇ခုနှစ် ဇူလိုင်လ (၇)ရက် (သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# ပဉ္စမနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
# [ ၂၀၁၇ခုနှစ် ၊ ဇူလိုင်လ ၇ ရက် ]
# (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၃ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၄ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပဉ္စမနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ ဒေါ်နော်ပွယ်စေး၊ [ဝန်ကြီး၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ ဗိုလ်မှူးသိန်းလွင်ဦးနှင့် ဗိုလ်ကြီးနိုင်အောင်ခင် တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိပါသဖြင့် (၇-၇-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၂)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးကမေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့နယ် မှော်ဇာနယ်မြေနှင့် သဲကုန်းမြို့နယ် ဆင်းမြီးဆွဲနယ်မြေကို ဆက်သွယ်ထားသည့် မှော်ဇာ-ဆင်မြီးဆွဲ မြို့နယ်ချင်းဆက် ကျောက်ချောလမ်း ဆိုးရွားစွာပျက်စီးနေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ပုံငွေဖြင့် ပြန်လည်ပြင်ဆင်ပေးသွားရန် (သို့) ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် လုပ်ဆောင်ပေးသွားရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သရေခေတ္တရာ ပျူမြို့ဟောင်းတည်ရှိရာ မှော်ဇာနယ်မြေနှင့် သဲကုန်းမြို့နယ် ဆင်မြီးဆွဲနယ်မြေကို ဆက်သွယ်ထားသည့် မှော်ဇာ-ဆင်မြီးဆွဲ မြို့နယ်ချင်းဆက် ကျောက်ချောလမ်း ဆိုးရွားစွာ ပျက်စီးနေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ပြန်လည်ပြင်ဆင်ပေးသွားရန် (သို့မဟုတ်) ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်လုပ်ဆောင်ပေးသွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရန်ကုန်-ပြည်ကားလမ်းမကြီးကို အာဆီယံစံနှုန်းဖြင့် လမ်းအသုံးပြုခကောက်ခံနေသောကြောင့် အာဆီယံစံနှုန်းဖြင့် လမ်းများကောင်းမွန်စေရန် အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်အတွင်းရှိ ရန်ကုန်-ပြည်ကားလမ်းမကြီးသည် ယခင်က နိုင်လွန်ကတ္တရာလမ်းမှာ အလွန်ကောင်းမွန်ခဲ့ပြီး မြန်မာနိုင်ငံတွင် အကောင်းဆုံးလမ်းဖြစ်ပါသည်။ ကားအသွားအလာကုန်စည်စီးဆင်းမှု အလွန်များပြားသော လမ်းတစ်လမ်းဖြစ်ပါသည်။ ယခင်အစိုးရလက်ထက်တွင် BOT စနစ်ဖြင့် MAX Myanmar ကုမ္ပဏီအား နှစ်(၃၀)စာချုပ်ဖြင့် ပေးခဲ့သည်ဟု သိရှိရပါသည်။ MAX Myanmar ကုမ္ပဏီတာဝန်ယူပြီး ကာလအတွင်း လမ်းဘေးတစ်ဖက်တစ်ချပ် ကွန်ကရစ် (၃)ပေခင်းခြင်း၊ လမ်းအပေါက်အပြဲများအား ကတ္တရာဖာခြင်း လုပ်ငန်းများသာ လုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။ လမ်းအသုံးပြုခ ကောက်ခံရရှိမှုမှာလည်း ယခင်စာရင်းအရ တစ်နေ့လျှင် ကျပ်သိန်း(၃၀၀)ကျော် ရရှိသည်ဟု သိရှိရပါသည်။ ယခုကာလတွင် ယခင်နှစ်များထက် ကားအစီးရေများပြားလာခြင်းကြောင့် ယခင်ကထက်ပိုမိုကောက်ခံရရှိမည်မှာ အသေအချာပင် ဖြစ်ပါသည်။ အခြား ပြည်နယ်နှင့် တိုင်းများရှိ BOT စနစ်လမ်းများတွင် AC စနစ်ဖြင့် လမ်းများ အလွန်ကောင်းမွန်နေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် လမ်းဘေးဝဲယာရှိ သစ်ပင်များအားလည်း တာဝန်ရှိသူများမှ လမ်းပေါ်လဲကျနိုင်သောအပင်များကို မရှင်းလင်းသဖြင့် မိုးတွင်းကာလတွင် သစ်ပင်လဲပြီး ကားပေါ်ပိခြင်း၊ လမ်းပေါ်လဲကျ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့် ခရီးသွားပြည်သူများသွားလာမှု အခက်အခဲများနှင့်အတူ ဘေးအန္တရာယ်စိုးရိမ်နေရပါသည်။ လမ်းမှာလည်း AC စနစ်ဖြင့် လုပ်ဆောင်ခြင်း မရှိခြင်း၊ လမ်းပေါက်ပြဲသည့်နေရာများတွင်သာ ဖို့ခြင်း၊ ဖာခြင်းများသာ ဆောင်ရွက်နေခြင်းဖြစ်ပြီး ကားအသွားအလာများပြီး လမ်းမကောင်းခြင်းကြောင့် ယာဉ်အန္တရာယ်မကြာခဏ ဖြစ်ပေါ်နေပြီး ခရီးသွားပြည်သူများအတွက် အသက်အန္တရာယ်ကိုပင် စိုးရိမ်နေရသည့် အနေအထားသို့ ရောက်ရှိနေပါသည်။

ထို့ကြောင့် B.O.T စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီခြင်း အတူတူဖြစ်သော်လည်း အခြားတိုင်း/ပြည်နယ်များမှ ကုမ္ပဏီများ လုပ်ဆောင်သောလမ်းများမှာ အလွန်ကောင်းမွန်ပြီး MAX Myanmar ကုမ္ပဏီမှ တာဝန်ယူထားသော ရန်ကုန်-ပြည်လမ်းပိုင်းသည် ပျက်စီးလျက်ရှိပါသည်။

ငါးနှစ်နီးပါးလမ်းအသုံးပြုခကောက်ခံမှုကိုသာ ဦးစားပေးပြီး လမ်းပြုပြင်မှုကို အနည်းငယ်သာ ပြုလုပ်သည်ကိုလည်း ခရီးသွားပြည်သူများနှင့် ကျွန်တော်တို့ ကိုယ်တိုင်ကြုံတွေ့နေရသဖြင့် တင်ပြရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ရန်ကုန်-ပြည်ကားလမ်းမကြီးကို အာဆီယံစံနှုန်းဖြင့် လမ်းအသုံးပြုခ ကောက်ခံနေသောကြောင့် အာဆီယံစံနှုန်းဖြင့် လမ်းများကောင်းမွန်စေရန် အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုပြင်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပန်းတောင်းမြို့နယ်၊ တောင်ဘွေကျေးရွာအုပ်စု၊ တောင်ဘွေတံတားသည် ကျိုးကျခဲ့၍ ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပန်းတောင်းမြို့နယ် တောင်ဘွေကျေးရွာအုပ်စု၊ တောင်ဘွေတံတားသည် (၁၅. ၆. ၂၀၁၆)ရက်နေ့တွင် ကျိုးကျခဲ့ပြီး ၎င်းတံတားသည် တိုင်း(၃)တိုင်းနှင့် ပြည်နယ်တစ်ခုတို့ကို ဆက်သွယ်သွားလာနိုင်သော တောင်ဘွေတံတားအား မည်သည့်အချိန်တွင် စတင်တည်ဆောက်၍ မည်သည့်အချိန်တွင် လုပ်ငန်းပြီးစီးမည်ကို သိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးနှင့် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်တို့မေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပြည်မြို့နယ် မော်ဇာနယ်မြေနှင့် သဲကုန်းမြို့နယ် ဆင်မြီးဆွဲနယ်မြေကို ဆက်သွယ်ထားသည့် မော်ဇာ-ဆင်မြီးဆွဲ မြို့နယ်ချင်းဆက် ကျောက်ချောလမ်း ဆိုးရွားစွာပျက်စီးနေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြန်လည်ပြင်ဆင်ပေးသွားရန် (သို့) ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် လုပ်ဆောင်ပေးသွားရန် အစီအစဉ် ရှိ/မရှိ ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျူမြို့ဟောင်းတည်ရှိရာ မော်ဇာနယ်မြေနှင့်

သဲကုန်းမြို့နယ် ဆင်မြီးဆွဲနယ်မြေ ကို ဆက်သွယ်ထားသည့် မှော်ဇာ-မုဋ္ဌော-ကန်နား-ပြဟော်-လေးကြီး-ဆင်ပိုက်-မင်းတပ်-တောင်ခွေးရဲ-ဆင်မြီးဆွဲလမ်းသည် (၆ မိုင် ဝ. ၉၆ ဖာလုံ)ရှည်လျားသော မြို့နယ်ချင်းဆက်လမ်းဖြစ်ပြီး မှော်ဇာနယ်မြေမှ ဆင်ပိုက်ကျေးရွာအထိ (၃ မိုင် ၅. ၉၅ဖာလုံ) လမ်းပိုင်းအား ၂၀၀၈ခုနှစ်တွင် စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဆင်ပိုက်ရွာမှ ဇနွီးတော ကျေးရွာအထိ (၂မိုင်)အား ၂၀၁၆- ၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ဇနွီးတောရွာမှ အလယ်ရွာအထိ (၀ မိုင် ၃. ၀၁ဖာလုံ) မှာ မြေနီလမ်းဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာနပိုင် လမ်းများဖြစ်သော မှော်ဇာပြတိုက်အဝင်လမ်း (ပြည်မြို့နယ်)နှင့် အင်းမ-ဆင်မြီးဆွဲ-မှော်ဇာလမ်း (သဲကုန်းမြို့နယ်)တို့နှင့် ဆက်စပ်လျှက်ရှိသော လမ်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်လမ်းဖြစ်၍ လမ်းဦးစီးဌာနပိုင် လမ်းမဟုတ်ပါသဖြင့် လမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရန်ကုန်-ပြည်ကားလမ်းမကြီးကို အာဆီယံစံနှုန်းဖြင့် လမ်းအသုံးပြုခ ကောက်ခံနေသောကြောင့် အာဆီယံစံနှုန်းဖြင့် လမ်းများကောင်းမွန်စေရန် အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ရန်ကုန်-ပြည်-မကွေးလမ်းအား မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ မိုင်(၂၂/ ၃-၃၃၁/၀)အထိ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းလက်ခံစဉ်လမ်းအကျယ်မှာ မိုင်(၂၂/၃-၈၈/၂)အထိ(၂၂ပေ)အကျယ်နှင့် မိုင်(၈၀/၂-၁၇၈/၀)အထိ (၁၈)ပေအကျယ် ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအပိုင်းသည် မိုင်(၇၀/၆-၁၉၃/၇) ထိ (၁၂၃မိုင် ၁ဖာလုံ)ဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် လွှဲပြောင်းလက်ခံခဲ့သော ၂၀၁၁ခုနှစ် ဇွန်လမှစ၍ ယနေ့အထိ လမ်းချောမွေ့စေရန် ပထမအဆင့် ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယအဆင့်အဖြစ် သတ်မှတ်ယာဉ်စီးရေအရ လမ်းအကျယ် လိုအပ်ချက် (၁၈)ပေမှ (၂၄)ပေ ချဲ့ခြင်းတို့အား ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် (၁၈)ပေမှ (၂၄)ပေချဲ့ခြင်း လုပ်ငန်းအားလုံး ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ ညှိနှိုင်းလမ်းညွှန်ချက်အရ မှော်ဘီ- တိုက်ကြီးအပိုင်း (၂၂/၃-၅၀/၀)အထိ(၄၈ပေ)အကျယ် (၄)လမ်းသွား ကတ္တရာကွန်ကရစ်လမ်းအား ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလတွင်လည်းကောင်း၊ တိုက်ကြီး-သာယာဝတီ အပိုင်း မိုင်(၅၀/၀-၈၀/၀)အပိုင်းအား ၂၀၁၂ခုနှစ်၊ မတ်လတွင်လည်းကောင်း၊ အပြီး ဆောင်ရွက်ရန် မက်(စ်)ဟိုင်းဝေးကုမ္ပဏီမှ ကတိကဝတ်ပြုထားပါသည်။ သာယာဝတီ- ပြည်အပိုင်း (မိုင် ၈၀/၀-၁၇၈/၅)အပိုင်းအား ကွန်ကရစ်ဖြင့် လမ်းချဲ့ခြင်းလုပ်ငန်းကို တစ်ဖက်(၃)ပေအကျယ် ကွန်ကရစ်လမ်းချဲ့ခြင်းလုပ်ငန်းနှင့် လမ်းချဲ့ထားသော ကွန်ကရစ်လမ်းပေါ်တွင် A/C ခင်းပြီး (၂၄)ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းချောဖြစ်အောင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလတွင် ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ပြည်မြို့တွင်း (မိုင်၁၇၈/၅-၁၈၀/၅) အပိုင်း (၄)လမ်းသွား ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလတွင် အပြီးဆောင်ရွက်ရန် မက်(စ်)ဟိုင်းဝေးကုမ္ပဏီမှ ကတိကဝတ်ပြု ဆောင်ရွက်လျက်ရှိပါသည်။

ယခုမေးမြန်းထားသော သာယာဝတီ-ပြည်(မိုင်၈၀/၀-၁၇၈/၅)လမ်းချဲ့ခြင်း အပိုင်းအား ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပါသည်။ မိုင်(၁၄၄/၀-၁၄၉/၀)အတွင်း (၅)မိုင်ဆောင်ရွက်လျက်ရှိရာ (၂မိုင် ၃ဖာလုံ)ဆောင်ရွက်ပြီးစီး၍ မိုင်(၁၇၈/၅-၁၈၀/၅)ထိ (၄)လမ်းသွား(၂)မိုင်အားဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် (၃ဖာလုံ)ခန့် ပြီးစီးပြီဖြစ်ပါသည်။

ရန်ကုန်-ပြည်လမ်းတွင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား နှစ်အလိုက် (Program) လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်ခြင်း၊ ပုံမှန်သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း (Road Safety) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများအတွက် လမ်းဦးစီးဌာန(ရုံးချုပ်)မှ (BOT Task Force) အဖွဲ့နှင့် တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့ပြ)၊ ဦးစီးအရာရှိ (မြို့ပြ)များမှ အပတ်စဉ်လိုက်လံစစ်ဆေး ကြပ်မတ်လျက် ရှိပါသည်။

လမ်းအသုံးပြုခများကိုလည်း မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ဆောက် လုပ်ရေးဝန်ကြီးဌာန သတ်မှတ်ထားသည့် BOT သတ်မှတ်နှုန်းထားများဖြင့်သာ ကောက်ခံလျက်ရှိပါကြောင်း၊ အာဆီယံ သတ်မှတ်နှုန်းထားများဖြင့် ကောက်ခံခြင်းမရှိပါကြောင်းနှင့် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ စသည့် နိုင်ငံများ၏ ကောက်ခံနှုန်းထားများဖြင့် ကောက်ခံခြင်းမရှိကြောင်း လေးစားစွာဖြေကြားပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ တောင်ဘေ့ကျေးရွာအုပ်စု၊ တောင်ဘေ့ တံတားသည် ကျိုးကျခဲ့၍ ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ပန်းတောင်း-တောင်ကုတ်လမ်း မိုင်(၁၅/၂-၁၅/၃)ရှိ တံတားအမှတ် (၂/၁၆)တောင်ဘေ့တံတားအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တံတားအထူးအဖွဲ့ (၉)မှ ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် (၉၀)ပေအရှည်(၂၄)ပေအကျယ် နှစ်လမ်းသွား ကွန်ကရစ်တံတားအဖြစ် (၁. ၆. ၂၀၁၇) ရက်နေ့မှ စတင်ပြီး တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် (၃၁. ၃. ၂၀၁၈)ရက်နေ့အတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား ဆက်စပ်မေးခွန်းမေးမြန်းခွင့် ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့မေးသည့် မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်ပြီး သက်ဆိုင်သည့်ကဏ္ဍကို အစိုးရအဖွဲ့က ခွဲတာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်မှ သက်ဆိုင်သည့်ကဏ္ဍကိုထည့်ပြီး တင်တာမဟုတ်သလို လွှတ်တော်ကလည်း ခွဲတာမဟုတ် ပါကြောင်း၊ လမ်းဦးစီးဌာနပိုင်လမ်းမဟုတ်ဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်၍ လုပ်မပေးနိုင်ဟု ဖြေသည့်အဖြေသည် အောက်ခြေကဖြေသည့်အတိုင်းမဟုတ်ဘဲ ကျွန်တော်၏မေးခွန်းများကို အစိုးရအဖွဲ့အနေဖြင့် ယခုထက်ပိုပြီး အလေးထားပြန်လည်စိစစ်ရန်လိုမည်ဖြစ်ပါကြောင်း၊ မေးခွန်းမှာ လွှတ်တော်ကို အစိုးရအဖွဲ့က မည်ကဲ့သို့ သဘောထားသလဲဆိုသည်ကို ပေါ်လွင်စေပါသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရည်ရွယ်ချက်၊ ရည်မှန်းချက် တူသည့် အစိုးရအဖွဲ့အနေဖြင့် ယခုလိုမျိုး လွှတ်တော်အပေါ် လေးစားမှုအားနည်းသည်ကို အလွန်စိတ်မကောင်း ဖြစ်မိပါသည်။ သက်ဆိုင်သည့်ကဏ္ဍများခွဲ၍ မှားသွားခဲ့သဖြင့် အဖြေပြန်တက်လာလျှင် သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်စိစစ်ရန်လိုမည် ဖြစ်ပါသည်။ ကိုယ့်ဝန်ကြီးဌာနနှင့် မသက်ဆိုင်သည့်ကဏ္ဍကို သက်ဆိုင်သည့်ဝန်ကြီး ဌာနအား လွှဲပြောင်းပေးပြီး ပြင်ဆင်ရမည်ဖြစ်ပါသည်။ ယင်းကဲ့သို့မဟုတ်ဘဲ အဖြေကိုအောက်ကရေးပေးသည့်အတိုင်း လွှတ်တော်မှာလာဖတ်သည်ကို ကျွန်တော်တို့ အလွန်စိတ်မကောင်း ဖြစ်မိပါတယ်။ ၎င်းကိစ္စကို ကျွန်တော်တို့ ကိုးကားပြီး ကျွန်တော့အနေနှင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်ကို ဆက်လက်ပြီး တင်ပြသွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ကျွန်တော်တို့လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအပေါ် လေးစားမှုအားနည်းသည်ကို ပေါ်လွင်စေ ပါသည်။ ၎င်းအတွက်ကို ကျွန်တော်မေးထားသည်က မော်ဇာ-ဆင်မြီးဆွဲလမ်းကို ခင်းပေးနိုင်ခြင်း ရှိ/မရှိ မေးထားတာဖြစ်ပါတယ်။ လမ်းဦးစီးဌာနနှင့် သက်ဆိုင်မှုရှိ/မရှိ မေးထားတာမဟုတ်ပါကြောင်း၊ ၎င်းနှင့် ပတ်သက်ပြီး အစိုးရအဖွဲ့အနေဖြင့် ကြေလည်အောင် ပြန်လည်ပြီးဖြေရှင်းပေးရန် လိုမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ကြေလည်ပြည်စုံစွာရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် ဆက်စပ် မေးခွန်းက မှန်ပါတယ်။ ၎င်းကဲ့သို့ဖြစ်လည်း မဖြစ်သင့်ပါကြောင်း၊ ကျွန်တော်က လမ်းဦးစီးကိုလည်း မကိုင်ဘူးပါကြောင်း၊ ကျွန်တော်တို့မှာ အားနည်းချက်များစွာရှိပါသည်။ ရုံး Staff ပိုင်းက စာခွဲဝေချထားမှုက အားနည်းသည့်အပိုင်းရှိပါသည်။ နောက်နောင်မဖြစ်အောင် အလျှင်ဆုံးစာချပေးတာမများအောင် မိမိတို့ထံ မှားယွင်းပြီး ရောက်လာခဲ့သော်အချိန်မီ ပြန်လည်ပြင်ဆင်ပေးပို့ပါမည်ဟု ကတိပေးပြောကြားလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့်မေးခွန်းပါလမ်းနှင့် ပတ်သက်ပြီး တကယ်တာဝန်ရှိတာက ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနပိုင်လမ်းဖြစ်တယ်ဆိုတာကို သိတယ်ဆိုလျှင် ချက်ချင်းသက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ အချိန်မီအကြောင်းကြားပြီး ဖြေကြားပေးရန် အစိုးရအဖွဲ့က ဆောင်ရွက်ပေးရန် တာဝန်ရှိပါတယ်။ ဒါကိုတော့ နောင်ကိုတိတိကျကျမှန်မှန်ကန်ကန်ဖြစ်အောင် အရေးယူဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ကျွန်တော်တို့မေးခွန်းမေးတဲ့နေရာမှာ လမ်းဘေးဝဲယာသစ်ပင်နှင့်ပတ်သက်ပြီး မေးတာရှိပါသည်။ ၎င်းအချက်ကို ဖြေကြားခြင်းမရှိပါကြောင်း၊ လမ်းဘေးဝဲယာသစ်ပင်နှင့် မလွတ်ကင်းသည့်လမ်းပေါ်ကို လဲကျနိုင်သည့် မိုးတွင်းအခါ လဲကျနိုင်သည့်အပင်များကို မက်(စ်)ဟိုင်းဝေးစတားကုမ္ပဏီမှ မည်ကဲ့သို့တာဝန်ယူမည်ဆိုသည်ကို ပြန်ဖြေထားသည်ကို မတွေ့ရပါကြောင်း၊ မိုင်တိုင် ၁၄၄ မှ ၁၄၉ အတွင်း လမ်းခင်းတာ (၁)နှစ်ကျော်ပါပြီ၊ မိုင်တိုင် ၁၄၄ မှ ၁၄၉ ကို ဝက်ပုတ်အထွက်မှ ပေါင်းတည်ဖိုက်စတားထိပ်အထိ (၅)မိုင်ခင်းရမည်ကို (၂)မိုင်(၃)ဖာလုံ လမ်းခင်းတာ(၁)နှစ်ပြည့်သွားသည့်အချိန်မှာ ဆက်မခင်းဘဲ ပြည်မှပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ပြည်ကို ခင်းပေးရန် တောင်းဆို၍ ဆိုပြီး ၎င်းဘက်ကိုရွှေ့သွား၍ ကျန်သည့်မိုင်(၂)မိုင်(၅)ဖာလုံမှာ ဆက်ခင်းတာမတွေ့ရကြောင်း၊ စီမံကိန်းရှိသည့် လမ်းကို ဆက်ပြီးခင်းတာမတွေ့ရကြောင်း၊ ဥပမာ-မြို့တစ်မြို့ကအော်လျှင် ၎င်းဘက်သွားခင်းလိုက်ပြုလုပ်ပါ၍ စီမံကိန်းတစ်ခုကို သေသေချာချာ အကွက်ကျကျအကောင်အထည်မဖော်ဘဲနှင့် ငါးစာချရာ ငါးပွက်သလို ဖြစ်နေပါသည်။ ၎င်းကုမ္ပဏီသည် တာဝန်ယူမှုအလွန်အားနည်းနေသည်ကို တွေ့ရပါသည်။ ပြည်ဂိတ်မှာဆိုလျှင် ကွန်ပျူတာစနစ်လုပ်ထားတာမတွေ့ရကြောင်း၊ လာသည့်ကားများကို ဂိတ်ကကောက်ချင်သလိုကောက်နေတာ တွေ့ရပါသည်။ ကျပ်(၂၀၀)ချသွားလည်း ယူသည်၊ ကျပ်(၅၀၀)ချသွားလည်း ယူသည် အမျိုးမျိုးလုပ်နေပါသည်။ နောက်ဆုံးအချက်အနေနှင့် အစိုးရအဖွဲ့အနေဖြင့် ချုပ်ဆိုထားသည့်စာချုပ်ကို လွှတ်တော်သို့တင်ပြရန် အစိုးရအဖွဲ့ကို တိုက်တွန်းချင်ပါသည်။ ချုပ်ဆိုထားသည့် စာချုပ်ကိုမသိ၍ ကုမ္ပဏီကပြောသည်ကို နားထောင်ပြီး နေရပါသည်။ ထို့ကြောင့် ကုမ္ပဏီနှင့်ချုပ်ဆိုထားသည့် စာချုပ်ကို လွှတ်တော်သို့ အစိုးရအဖွဲ့မှ တင်ပြပေးရန် တောင်းဆိုပါသည်။

**ဥက္ကဋ္ဌ။** ။ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးမေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး BOT လမ်းများကို ပြည်ထောင်စုအစိုးရကဘဲ စီမံခန့်ခွဲ၍ BOT လမ်းများအား ပေးထားခြင်းဖြစ်ပါသည်။ စာချုပ်ချုပ်သည့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရကဘဲ ချုပ်ခဲ့တာဖြစ်ပါသည်။ စာချုပ်ပါစည်းမျဉ်းများကို လိုက်နာနိုင်သည်၊ မလိုက်နာနိုင်သည်ဆိုတာက ပြည်ထောင်စုမှာဘဲ အဓိကတည်ပါသည်။ တိုင်းဒေသကြီးက ပြုလုပ်ရသည့်လမ်းအပါအဝင် ပြည်ထောင်စုကညွှန်ကြားထားသည့်အတိုင်း တိုင်းဒေသကြီးလမ်းဦးစီးက ဆောင်ရွက်ရတာဖြစ်ပါတယ်။ တိုင်းဒေသကြီးက ကွပ်ကဲရသည်ဆိုသော်လည်း ပြည်ထောင်စုက ညွှန်ကြားထားသည့်အတိုင်း တိုင်းဒေသကြီးလမ်းဦးစီးဌာန တိုင်း/ခရိုင်မှ တာဝန်ရှိသူများအား တာဝန်ပေးပြီး သစ်ပင်များခုတ်သည့်အပိုင်းကို လိုအပ်လျှင် လိုအပ်သည့်အတိုင်း ညွှန်ကြားပါသည်။ စာချုပ်ပါစည်းကမ်းချက်အတိုင်း မလိုက်နာလျှင် ဘာလုပ်လို့ရပါသလဲဟု မေးသည့်အခါ ဘာမှလုပ်၍မရဘူး ဖြစ်နေပါကြောင်း၊ လုပ်လို့မရလျှင် ဒီနှစ်အတွင်း၊ ဒီ(၁)လအတွင်း ပြီးအောင်လုပ်မည်၊ ပြီးအောင်မလုပ်နိုင်လျှင် ပင်နယ်တီရှိရမည်ဆိုသည့် စာချုပ်ပါစည်းကမ်းချက်များပါခဲ့သည်။ ပါခဲ့သည့်အတိုင်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှသာ BOT လမ်းများကို အောင်မြင်အောင် လုပ်နိုင်မည့်နည်းလမ်းများ ဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ BOT လမ်းများကို အကောင်းဆုံး ဆောင်းရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီးမှာ ဖွဲ့စည်းထားသည့် BOT Task Force အဖွဲ့ရှိပါတယ်။ ဒီအဖွဲ့ကို ခေါ်ယူပြီး စည်းမျဉ်းစည်းကမ်းများကိုကိုင်ပြီး ၎င်းအဖွဲ့များအား ကြပ်ကြပ်မတ်မတ်ဆောင်ရွက်မယ်။ အရေးယူအကောင်အထည်ဖော်ပေးခြင်းမရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်တင်ဖို့ဘဲရှိပါတယ်။ ဒီလိုအရေးယူဆောင်ရွက်ပေးဖို့ ပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၆)ဦးကမေးမြန်းသည့် မေးခွန်း(၁၁)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပဲခူးမြို့နယ်တွင် ကျူးကျော်သူများပြဿနာကို တိုင်းဒေသကြီး အစိုးရအနေဖြင့် မည်ကဲ့သို့ ကိုင်တွယ်ရှင်းလင်းဖြေရှင်းမည်ကို သိရှိလိုပါကြောင်းနှင့် အချိန်မီဖြေရှင်းရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“ပဲခူးမြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ်(၁၃၁၆)၊ ကျိုက်ပွန် ဘုရား တောင်ဘက်ကွင်းရှိ မြတ်စောညီနောင် ရှေးဟောင်း နောင်တော်-ညီတော် ဘုရားနှစ်ဆူ မုခ်ဦးလေးခု ရှိသည့်အနက် မုခ်ဦး(၃)ဘက်ကို ပိတ်ဆို့အုတ်ရိုးကာရံထားပြီး၊ တောင်ဘက်မုခ်ဦး တစ်ခုတည်းကိုသာ (၆')ခန့် လူသွားလမ်း ချန်လှပ်၍ လုပ်ငန်းရှင် (၂)ဦးမှ ကာရံထား သဖြင့် ၎င်းဘုရားနှစ်ဆူ၏ မူလသာသနာမြေ ဘုရားပရဝဏ်ကို ပြန်လည်ရယူ လိုကြောင်း တောင်းခံနေမှုနှင့် ပတ်သက်၍ ယနေ့တိုင် တစ်စုံတစ်ရာ ဆောင်ရွက်ပေးခြင်း မရှိသေးသဖြင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့နယ်တွင် ကျူးကျော်နေထိုင်သူများ၏ ပြဿနာမှာ တဖြည်းဖြည်းကြီးထွားလာနေပြီဖြစ်ပါသည်။ ပဲခူး-သနပ်ပင် ကားလမ်းမကြီးဘေး၊ လမ်းနယ်မြေများတွင် ဝင်ရောက်ကျူးကျော်နေထိုင်သော နေအိမ်တဲအများအပြားဖြစ်လာခြင်း၊ ပဲခူးနန်းမြို့ရိုးဟောင်းတစ်လျှောက် မြောက်မြားစွာသော နေအိမ်တဲများတိုးပွားလာခြင်း၊ ရပ်ကွက်များအတွင်း မြေလပ်များ၌ ကျူးကျော်နေထိုင်သူများတိုးပွားနေခြင်း၊ မြို့တွင်းလမ်းများတွင်လည်း ကျူးကျော်ဆိုင်များ၊ ပလက်ဖောင်းကျူးကျော်နေထိုင်သူများမှာ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေသဖြင့် ၎င်းကျူးကျော်သူများ ပြဿနာကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ကိုင်တွယ်ရှင်းလင်းဖြေရှင်းမည်ကို သိရှိလိုပါသည်။ အချိန်နှင့်အမျှ တိုးပွားလာနေသဖြင့် အချိန်မီဖြေရှင်းရန် အစီအစဉ် ရှိ/မရှိ သိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ်(၁၃၁၆)၊ ကျိုက်ပွန်ဘုရား တောင်ဘက်ကွင်းရှိ မြတ်စောညီနောင်ရှေးဟောင်း နောင်တော်-ညီတော် ဘုရားနှစ်ဆူမုခ်ဦး လေးခုရှိသည့်အနက် မုခ်ဦး(၃)ဘက်ကို ပိတ်ဆို့အုတ်ရိုးကာရံထားပြီး၊ တောင်ဘက်မုခ်ဦး တစ်ခုတည်းကိုသာ (၆)ပေခန့် လူသွားလမ်းချန်လှပ်၍ လုပ်ငန်းရှင်နှစ်ဦးမှ ကာရံထား သဖြင့် ၎င်းဘုရားနှစ်ဆူ၏ မူလသာသနာမြေဘုရားပရဝဏ်ကို ပြန်လည်ရယူလိုကြောင်း ဗုဒ္ဓဘာသာဝင် ပြည်သူတို့မှ တောင်းခံနေကြောင်းကို ပဉ္စမအကြိမ်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့ရာ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးမှ သက်ဆိုင်ရာလုပ်ငန်းရှင်နှစ်ဦးသည် စက်မှုမြေဂရန်ရရှိရေး အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးသို့ တစ်ဦးက(၆၄၈/ ငါး/၂၀၁၆-၁၇)အမှုတွဲပေးပို့တင်ပြထားဆဲ၊ ကျန်တစ်ဦးကပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးသို့ (၁၉၁၆/ငါး/၂၀၁၅-၁၆)ဖြင့် တင်ပြထားဆဲ ဖြစ်ကြောင်း၊ ၎င်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့်သော်လည်းကောင်း၊ သို့မဟုတ် မြေပေးမိန့် ပြန်လည်

စိစစ်၍ ညှိနှိုင်းဆောင်ရွက်မည်ဟု ပြောကြားထားသော်လည်း ယနေ့တိုင် တစ်စုံတစ်ရာ ဆောင်ရွက်ပေးခြင်း မရှိသေးသဖြင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်တွင် ကျူးကျော်သူများပြဿနာကို တိုင်းဒေသကြီး အစိုးရအနေဖြင့် မည်ကဲ့သို့ကိုင်တွယ်ရှင်းလင်းဖြေရှင်းမည်ကို သိရှိလိုပါကြောင်းနှင့် အချိန်မီဖြေရှင်းရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ယခုမေးခွန်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ ၎င်းဌာနကို တာဝန်ယူဖြေကြားရမည့် အကြီးအကဲသည် အပြောင်းအလဲရှိသည့် အတွက် မိမိမှ တာဝန်ယူဖြေကြားရခြင်း ဖြစ်ပါသည်။ ဖြေကြားမှုတွင် မပြည့်မစုံလိုအပ်ချက်များ ရှိခဲ့လျှင် စာနှင့်မေးမြန်းပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့မေးမြန်း၍ စာနှင့်ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ရှေးဦးစွာ ပဏာမပြောကြားလိုပါသည်။ ပဲခူး-သနပ်ပင်ကားလမ်းမကြီးဘေး၊ လမ်းနယ်မြေများတွင် ဝင်ရောက်ကျူးကျော် နေထိုင်သော နေအိမ်တဲအများအပြားဖြစ်လာခြင်းနှင့် ပတ်သက်၍ အဆိုပါ လမ်းမြေ ဧရိယာအတွင်း ဝင်ရောက်ကျူးကျော်နေသည့် နေအိမ်/တဲအိမ်များအား မြို့နယ်လမ်းဦးစီးဌာနမှ လမ်းမကြီး ဥပဒေအရ အရေးယူဆောင်ရွက်ရန်အတွက် ၎င်းကျူးကျော်နေသူများအား ပြောင်းရွှေ့ဖယ်ရှားပေးရန် ဆင့်ဆိုစာ(၃)ကြိမ်တိုင်တိုင်ပေးအပ်စေပြီး ပြောင်းရွှေ့ဖယ်ရှားခြင်း (သို့မဟုတ်)လိုက်နာခြင်းမရှိပါက လမ်းမကြီးဥပဒေအရ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်းနှင့် ပဲခူးမြို့၊ နန်းမြို့ရိုးဟောင်း တစ်လျှောက် မြောက်များစွာသော နေအိမ်တဲများ တဖြည်းဖြည်းတိုးပွားလာခြင်းကိစ္စနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပပျောက်/ပျက်စီးခြင်းမရှိစေရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများဖြင့် ကျူးကျော်စာရင်း ကောက်ယူရေးအဖွဲ့အား ဖွဲ့စည်း၍ ၎င်းအဖွဲ့အစည်းများမှ နန်းမြို့ရိုးဟောင်းတစ်လျှောက် ကျူးကျော် နေထိုင်သူများအား စာရင်းကောက်ယူခဲ့ပြီး အဆိုပါစာရင်း ကောက်ယူရေးအဖွဲ့မှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် နယ်မြေအတွင်းဝင်ရောက် ကျူးကျော်နေထိုင်သူများအား အသိပညာပေးဟောပြောပွဲများ ပြုလုပ်၍ ဖြေရှင်းဆောင်ရွက်မှုကြောင့် လူအနည်းစုမှာပြောင်းရွှေ့ထွက်ခွာပေးခဲ့သော်လည်း အများစုမှာ ပြောင်းရွှေ့ထွက်ခွာပေးခဲ့ခြင်းမရှိသဖြင့် ၎င်းကျူးကျော်သူများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားရန်စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများပေါ်တွင် ကျူးကျော်နေထိုင်သူများအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် အထက်ဌာနအဆင့်ဆင့်၏ လမ်းညွှန်ချက်

များနှင့်အညီ တည်ဆဲမြေယာဥပဒေများအရ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့တွင်းလမ်းများနှင့် ပလက်ဖေါင်းကျူးကျော်ဈေးရောင်းချသူများအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာဥပဒေအရ သက်ဆိုင်ရာ တရားရုံးသို့ တရားစွဲဆိုတင်ပို့၍ ငွေဒဏ်/ထောင်ဒဏ်ချမှတ်ခြင်း ဖြင့်လည်းကောင်း၊ အရေးယူ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ မြို့တွင်းလမ်းများနှင့် ပလက်ဖေါင်းကျူးကျော်ဈေးရောင်းချသူများအား စီမံချက်များရေးဆွဲ၍ ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ်(၁၃၁၆)၊ ကျိုက်ပွန် ဘုရားတောင်ဘက်ကွင်းရှိ မြတ်စောညီနောင် ရှေးဟောင်း နောင်တော်-ညီတော် ဘုရားနှစ်ဆူ မုခ်ဦးလေးခု ရှိသည့်အနက် မုခ်ဦး(၃)ဘက်ကို ပိတ်ဆို့ အုတ်ရိုးကာရံထားပြီး၊ တောင်ဘက်မုခ်ဦး တစ်ခုတည်းကိုသာ (၆')ခန့် လူသွားလမ်း ချန်လှပ်၍ လုပ်ငန်းရှင် (၂)ဦးမှ ကာရံထားသဖြင့် ၎င်းဘုရားနှစ်ဆူ၏ မူလ သာသနာမြေ ဘုရားပရဝဏ်ကို ပြန်လည်ရယူလိုကြောင်း တောင်းခံနေမှုနှင့် ပတ်သက်၍ ယနေ့တိုင် တစ်စုံတစ်ရာ ဆောင်ရွက်ပေးခြင်း မရှိသေးသဖြင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်(၈)ရပ်ကွက် (ယခင်ဘုရားသုံးဆူကျေးရွာ)၊ ကွင်းအမှတ် (၁၃၁၆)၊ ကျိုက်ပွန်ဘုရားတောင်ဘက်ကွင်းတွင် ရတနာပုံခေတ်ရှေးဟောင်းနောင်တော် ညီတော် မြတ်စောညီနောင်ဘုရားနှစ်ဆူသည် ပြည်တွင်းစက်မှုဇုန်နယ်မြေအတွင်းရှိပြီး ၄င်းဘုရားနှစ်ဆူအား သာသနာမြေရရှိရေးအတွက် ပဲခူးတိုင်းဒသေကြီးအစိုးရအဖွဲ့၏ (၁၆-၃-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၈/၂-၃၁/ဦး၆ (၀၅၆)ဖြင့် လုပ်ငန်းရှင်များနှင့် စေတီတော်ဂေါပကအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ရန် အကြောင်းကြားလာပါသဖြင့် ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် (၁၂-၅-၂၀၁၇)ရက်နေ့၌ မြေကွက်ပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဂျိုးသိန်းမိသားစုဝင်များ၏ ကိုယ်စားလှယ်ဦးသီဟထွန်းမှ တင်ပြရာတွင် ဒေါ်ခင်အုန်းဆွေသည် မြတ်စောညီနောင် ဘုရားအဝင်လမ်းအတွက်(၈)ပေချန်လှပ်ပြီး ဘုရားအားဝိုက်၍ ကာရံပေးထားပါကြောင်း၊ ကျောက်ပန်းတောင်းကျောင်းအတွင်းရှိ ဓါတ်နန်းမှ မြတ်စောညီနောင်စေတီတော်သို့ သွားသော အဝင်/အထွက်လမ်းအား ကာရံထားသည့် အုတ်တံတိုင်းအရံ အတားများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး တောင်းဆိုချက်အား ဒေါ်ခင်အုန်းဆွေဘက်မှ လိုက်လျောပေး နိုင်မည်မဟုတ်ကြောင်းနှင့် (၈)ပေချန်လှပ် ထားသည့်လမ်းအား ထပ်မံတိုးချဲ့ရန် ထပ်တောင်းဆိုမည်ဆိုပါက လိုက်လျောပေးနိုင်မည်မဟုတ်ပါကြောင်း တင်ပြလာသဖြင့် နှစ်ဘက်ခေါ်ယူညှိနှိုင်းမှုမှာ ပြေလည်မှုမရရှိ၍ ရှေးဟောင်းဘုရားနှစ်ဆူအား သာသနာမြေရရှိရေးအတွက် မြေပေးမိန့်အား ပြန်လည်စိစစ်၍ ညှိနှိုင်း ဆောင်ရွက်မှုများ ဆောင်ရွက်သင့်ပါကြောင်း ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၉-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၅/၂-၂၅/ဦး၆ (၂၅၁၈)ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြထားပါသဖြင့်

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးသာသနာရေးမှူးရုံးနှင့် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့၏ စိစစ်တင်ပြချက်များအပေါ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်း(၁)နှင့် (၂) (၂)ခုစုလုံး အတွက် ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဝန်ကြီးဖြေကြားသွားသည့်နေရာမှာ ကျူးကျော် ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ဖယ်ရှားသွားမည်ဟု ကြားသိရပါသည်။ သို့သော်လည်း ကျူးကျော်နေထိုင်သူများသည် အမျိုးအစားအားဖြင့် အများအပြားသိရပါသည်။ တချို့ကနေထိုင်စရာမရှိလို့ ဝင်ရောက်ကျူးကျော်သူ တချို့က စီးပွားဖြစ်ကျူးပြီးရသည့် မြေများကိုရောင်းစားပြီး အခြားနေရာမှာ ထပ်ကျူးသည့် လူဟူ၍ အတန်းအစားများရှိနေသည့်အတွက်ကြောင့် ကျွန်တော့်အနေနှင့် ထပ်ဆင့်မေးလိုသည်မှာ ယင်းကဲ့သို့ ကျူးကျော်နေထိုင်သူများကိုစိစစ်ပြီး သင့်လျော်သည့်အချိန်မှာ သင့်လျော်သည့်နေရာများ ချထားပေးရန် အစီအစဉ် ရှိ/မရှိဆိုပြီး နံပါတ်(၁)မေးခွန်းအနေနှင့် မေးမြန်းလိုပါသည်။

နံပါတ်(၂)မေးခွန်းအနေနှင့် ရတနာပုံခေတ်ကတည်းကရှိခဲ့သည့် မြတ်စောညီနောင်ဘုရားနှစ်ဆူသည် သာသနာ့နယ်မြေမှာရှိပြီးဖြစ်ပါသည်။ ၂၀၁၄ခုနှစ်တွင် ပြီးခဲ့သည့် အစိုးရက မြေပေးမိန့်ချပေးသည့်အခါမှာ ၎င်းဘုရားပရဝဏ်မြေကို မည်သည့်အတွက်ကြောင့် မချန်လှပ်ခဲ့သလဲ၊ သို့မဟုတ် မြေပေးမိန့်ထုတ်ပေးသူက ကွင်းဆင်းစစ်ဆေးကြည့်ရှုခြင်းမရှိဘဲနှင့် ပေးခဲ့သလား၊ (သို့မဟုတ်) ၎င်းသူဌေးကြီးများ၏ မျက်နှာကို ထောက်ပြီး ဘုရားဝတ္တကမြေမက၍ ဘာဘဲဖြစ်ဖြစ် ငါတို့ပေးမည်ဆိုပြီး ပေးခဲ့သလားဆိုပြီး ကျွန်တော်တို့ ခွဲခြားသိ၍ မရတော့ပါကြောင်း၊ သို့သော်လည်း ယခုအစိုးရသစ်လက်ထက်မှာ ၎င်းပြဿနာမှာ ပြီးသွားသည်လည်း မဟုတ်ပါကြောင်း၊ ၎င်းအစိုးရသစ်အနေနှင့် ရှေ့ကချပေးခဲ့သည့်မြေပေးမိန့်ကို ပြုပြင်ခွင့်ရှိ/မရှိ ပယ်ဖျက်ခွင့် ရှိ/မရှိနှင့် ယခုလျှောက်ထားသည့်မြေဂရန်ကို ချပေးပြီး/မပြီး၊ မြေဂရန်များကို ရပ်ဆိုင်းထားသည်များရှိပါသလား မည်ကဲ့သို့ ဆက်ပြီးဆောင်ရွက်မည်ဆိုသည်ကို ကျွန်တော်တို့တိတိကျကျသိချင်၍ လက်ရှိအစိုးရအဖွဲ့ကို မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)၊ (၂)တို့နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းများကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ကျွန်တော်တို့ ဖြေကြားသည်မှာ လိုအပ်ချက်ရှိပါက စာနှင့်ကျွန်တော့်ကိုမေးပြီး ကျွန်တော်ကလည်း စာနှင့်တစ်ဆင့် ပြန်လည် ဖြေကြားပေးပါမည်ဟု ကျွန်တော်ပြောကြားခဲ့ပြီးဖြစ်ပါသည်။ ယခုလည်းကျွန်တော် ကိုယ်စားလှယ်တော်ကြီး တင်ပြထားသည့် နေစရာမရှိသည့် လူ/စီးပွားဖြစ် ကျူးကျော်သူ(၂)မျိုးရှိသည့်အနက်စိစစ်ပြီး သင့်လျော်သည့် နေရာ၊ သင့်လျော်သည့်အချိန်မှာ နေရာချထားပေးရန် မေးထားပါသည်။ သာသနာမြေကိစ္စနှင့်ပတ်သက်ပြီး မြေပေးမိန့်ပယ်ဖျက်ခွင့်ရှိ/မရှိကို ကျွန်တော်က တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ၎င်းကိစ္စနှင့် ပတ်သက်ပြီး ပြန်လည်စိစစ်တင်ပြပေးရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ရွှေကျင်မြို့နယ်၊ ရဲသောင်ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးရန် တင်ပြချက်အပေါ် ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ကျေးရွာအုပ်စု၊ အ.ထ.က(ခွဲ) ကျောင်းအား အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းပြီး အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရွှေကျင်မြို့နယ်၊ ရဲသောင်ကျေးရွာအုပ်စုသည် ရွှေကျင်မြို့နှင့် မိုင်(၇၀)ခန့် ဝေးကွာပြီး ဘက်စုံဖွံ့ဖြိုးမှုနိမ့်ကျသော ကရင်တိုင်းရင်းသားအများစုနေထိုင်သည့် ရွာတစ်ရွာဖြစ်၍ ရွာခွဲ(၇)ခုရှိပြီး အိမ်ခြေ(၂၄၀)၊လူဦးရေ(၃၀၀၀)ခန့်ရှိပါသည်။ (၄.၁၁.၂၀၁၆)ရက်စွဲဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီးဖြစ်ပါသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၈.၅. ၂၀၁၇)ရက်စွဲပါစာအမှတ် ပကရ/စမက/ ဖွဲ့-ထွေ/၂၀၁၇/၅၃၁ရည်ညွှန်းပါစာအရ ရွှေကျင်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာန စာအမှတ် ၇၇၄/ဆရအ/ပခတ/ဌာနတိုးချဲ့/၁၇ ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ မေလ(၁၁)ရက် နေ့စွဲဖြင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးသို့ ထောက်ခံတင်ပြထားပြီးလည်း ဖြစ်ပါသည်။ သည့်အတွက်ကြောင့် (၂၀၁၈/၂၀၁၉)ဘတ်ဂျက်နှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ကျေးရွာအုပ်စု၊ အထက(ခွဲ)ကျောင်းသည် ကျေးရွာခွဲ(၇)ရွာမှ တက်ရောက်သင်ကြားသော ကျောင်းတစ်ကျောင်းဖြစ်ပါသည်။ အိမ်ခြေ(၅၈၆)၊ လူဦးရေ စုစုပေါင်း(၃၀၀၀)ခန့်ရှိပါသည်။ ၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် ကျောင်းသား/ ကျောင်းသူ (၆၂၉) ဦးရှိပြီး ကျောင်းသားအချိုးစာသင်ခန်းမှာ မျှတမှုမရှိပါ။ သည့်အတွက်ကြောင့် အန္တရာယ်ရှိ ကျောင်းဆောင်တွင်လည်း သင်ကြားနေရပါ၍ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် (၁၃၀ပေ×၃၀ပေ)နှစ်ထပ်ဆောင် တစ်ဆောင် ဆောက်လုပ်ပေးနိုင်ရန် ခွင့်ပြုနိုင်ခြင်းအစီအစဉ် ရှိ/မရှိမေးမြန်းရပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေကျင်မြို့နယ်၊ ရဲသောင်ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးရန် တင်ပြချက်အပေါ် ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ်ရဲသောင်ကျေးရွာအုပ်စုတွင်ကျေးလက်ကျန်းမာရေးဌာနခွဲဖွဲ့စည်းပုံခွင့်ပြုမိန့် မရရှိသေးပါ။ သို့ဖြစ်ပါ၍ရွှေကျင်မြို့နယ်၊ ရဲသောင်ကျေးရွာအုပ်စုတွင်ကျေးရွာ(၇)ရွာ၊ လူဦးရေ (၁၅၀၇)ဦးရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွဲ့စည်းပုံ အသစ်ရရှိနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၁၂-၅-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၂၅၉/ပခတ-၂(ခ)/ကမခွဲ/၂၀၁၇ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပြီးမှသာ အဆောက်အဦဆောက်လုပ်ပေးနိုင်ရန်အတွက် ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ကျေးရွာအုပ်စု၊ အ. ထ. က(ခွဲ) ကျောင်းအား အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းပြီး အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းကျောင်းများ လျာထားရန် အတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ အသစ်တည်ဆောက်ရန်လိုအပ်သော အခြေခံပညာကျောင်း၊ ရုံးများစာရင်းအား မိမိတို့မြို့နယ်ရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်၊ ကျောင်းအကျိုး တော်ဆောင်များနှင့် တွေ့ဆုံကာ အတည်ပြုဆုံးဖြတ်၍ ပေးပို့ရန် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး၏ (၁၈-၅-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ(၂-ခ)/၂၂၈၅/ အဆအ(၁၆-၁၇)ဖြင့် အကြောင်းကြားခဲ့ရာ ရွှေကျင်မြို့နယ်မှ အထက-တံခွန်တိုင်၊ မူလွန်-ရှမ်းကြေး၊ မူလွန်-ကရင်စု၊ အမက(ခွဲ)အောင်ခလိန်၊ အမက(ခွဲ)ကျွန်းတဲစု အန္တရာယ် ကျောင်းများနှင့် မူလွန်-ညောင်အိုင်၊ မူလွန်- တုံးတံတား၊ မူလွန်-ဘောကထာ၊ မူလွန်-ရဲသောင်၊ အထက-တပ်နယ် တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်မည့် ကျောင်းများအား လျာထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ကျေးရွာအုပ်စု အထက(ခွဲ)ကျောင်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှသာ ထည့်သွင်းလျာထားပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၁)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဝန်ကြီးဌာန၏ ဖြေကြားချက်မှာ သက်ဆိုင်ရာမြို့နယ်များမှ ပြန်ရေးပေးသည့်အတိုင်း ဖြေသည်ဟု ကျွန်တော်တို့သတ်မှတ်၍ အကျဉ်းယူဆလို့ ရပါသည်။ ကျွန်တော်တို့တင်ပြတောင်းခံသည်မှာ ကျွန်တော်တို့ကိုယ်တိုင် ကွင်းဆင်းလေ့လာပြီး တကယ်လည်း ဖွံ့ဖြိုးမှုနိမ့်ကျနေသည့် တကယ်ဖြစ်သင့်သည့်နေရာဖြစ်ပါကြောင်း၊ ၎င်းနေရာသည် ယခင်က ငြိမ်းချမ်းရေးအပစ်အခတ် ရပ်စဲရေးမရခင်က ဒုက္ခရောက်ခဲ့သည့် ကျေးရွာဒေသများဖြစ်ပါသည်။ ယခုအချိန်မှာ လမ်းပန်းဆက်သွယ်ရေးအားဖြင့် ဝင်းကံလမ်းအပေါ် မိုင်(၄၀)ခန့်ဝေးသည့်အနေအထားမှာ တစ်ဝက်ခန့်က လမ်းကောင်းနေပြီး၊ တစ်ဖက်မှာဆိုလျှင် ကားကြီးများနှင့်သွားပြီး ဆောင်ရွက်ပေး၍ ရပါသည်။ ၎င်းနေရာမျိုးမှာ တကယ်လိုအပ်၍ တကယ်မေးသည့်အခါမှာ ပြန်လည်ဖြေကြားထားသည်မှာ ဆင့်ကဲဆင့်ကဲ ယေဘုယျဆန်သည့်အတွက် ကျွန်တော့်အနေနှင့် သိချင်သည်က ၎င်းကိစ္စကို သေသေချာချာလေ့လာပြီး မည်သည့်အချိန်အတိုင်းအတာခန့်မှာ ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကို ပြန်လည်ဖြေကြားပေးရန် ဆက်စပ်မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ကျွန်တော်လည်း တိတိကျကျဖြေထားပါသည်။ ပညာရေးမှူးရုံးက ကျွန်တော်တို့ကို စာထုတ်ပါသည်။ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ၂၀၁၈-၂၀၁၉ မှာ ကျောင်း၏ လိုအပ်ချက်ရှိသည်များကို လက်တွေ့ကျကျတင်ပြပေးရန်ဆိုပြီး ကျွန်တော်တို့ အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ သို့သော်ငြားလည်း အောက်ကတင်ပြသည်ကိုဘဲ ကျွန်တော်တို့သည် တင်ပြသည့်စာရင်းအတိုင်း ဆောင်ရွက်ရတာ ဖြစ်ပါသည်။ ကျွန်တော်တို့ကိုယ်တိုင် တစ်ရွာချင်းလိုက်ပြီး မကြည့်နိုင်သည့်အတွက်ကြောင့် ကျွန်တော်တို့ စတင်ဆောင်ရွက်ကတည်းက လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံပြီး အတည်ပြုဆုံးဖြတ်ရန်ဆိုသည့်စာကို ထွက်ထားသည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးက ကျောင်းလျာထားသည့်အခါ မြို့နယ်ပညာရေးမှူးနှင့် ချိတ်ဆက်ပြီး ၎င်းကျောင်းများသည် ဖြစ်သင့်ပါသည်ဆိုပြီး ပြော၍ရပါသည်။ ယခုလွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ တကယ်ကို ၎င်းကျောင်းသည် မဖြစ်မနေလိုအပ်သည့် ကျောင်းဖြစ်သည်ဟု ကျွန်တော်တို့ပြန်လည်စိစစ်ပြီး လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို ပြန်လည်ရှင်းပြပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်မေးသည်က မေးခွန်းအမှတ်စဉ်(၁)ဖြစ်သော်လည်း ဖြေကြားသွားသည်က မေးခွန်းအမှတ်စဉ်(၂) ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းအမှတ်စဉ်(၁) ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးရန်နှင့် ပတ်သက်သည့် မေးခွန်းဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ကျွန်တော်တို့ ကလည်း ပထမရက်က တင်ပြပြီးဖြစ်ပါသည်။ ကျွန်တော်တို့က ကျန်းမာရေးကိစ္စ၊ ကျောင်းကိစ္စတို့ကို ပြည်သူ့ ကျန်းမာရေးကိုလည်းကောင်း၊ ကုသရေးကိုလည်းကောင်း၊ ကျောင်းဖွဲ့စည်းခွင့်၊ အဆောက်အဦလိုအပ်ချက်တို့ကို ပြည်ထောင်စုကိုဘဲ တင်ပြပါသည်။ တကယ်လိုအပ်သည့် တကယ်စီမံခန့်ခွဲပြီး ဆုံးဖြတ်သည်က ပြည်ထောင်စု ကသာ ဖြစ်ပါသည်။ အကယ်၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းလျှင် ပိုပြီးသင့်တော် ပါသည်ဆိုသည့်အကြောင်း ဖြေကြားခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်တို့က ပြည်ထောင်စုကိုဘဲ တင်ပြသည် ဆိုသည့်အကြောင်း၊ ပြည်ထောင်စုက စီမံခန့်ခွဲသည်ဖြစ်သည့်အတွက်ကြောင့် ကျွန်တော်တို့မှာ တင်ပြသည့် အနေအထားသာ ရှိပါသည်။ ဆောင်ရွက်ပေးနိုင်ခြင်း၊ မပေးနိုင်ခြင်းကို ပြည်ထောင်စုကသာ ဆုံးဖြတ်သည် ဖြစ်သည့်အကြောင်း ရှင်းလင်းစွာ ဖြေကြားလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၃) **“ရွှေကျင်မြို့နယ်၊ မကျည်းတန်းရပ်ကွက်၊ အ. လ. က(ခွဲ) ကျောင်းဝန်းအတွင်း (၂၀၁၇-၂၀၁၈)တွင် ခွင့်ပြုချက်ရရှိပြီးသော တစ်ထပ်ဆောင်အစား နှစ်ထပ် ဆောင်အဖြစ် (၂၀၁၈-၂၀၁၉) ဘတ်ဂျက်တွင် ပြောင်းလဲခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“ဆောက်လုပ်ပြီးစီးပြီဖြစ်သော ရွှေကျင်မြို့နယ်၊ ကွင်းဆိပ်ကျေးရွာ အုပ်စု၊ (၁၆)ကုတင်ဆံ့ ဆေးရုံအား မိုးရာသီအကုန် ပွင့်လင်း ရာသီကာလအတွင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရွှေကျင်မြို့နယ်၊ မကျည်းတန်းရပ်ကွက်၊ အလက(ခွဲ)ကျောင်းသည် ယခုနှစ်တွင် သင်ကြားသော ကျောင်းသားဦးရေ(၅၂၅)ဦးရှိပါသည်။ ၎င်းကျောင်း သည် မြေကွက်ကျယ်ဝန်းမှုလည်းမရှိပါ။ ၂၀၁၇-၂၀၁၈ခွင့်ပြုချက်ရရှိပြီး ကျောင်း(၁၀၀ပေ× ၃၀ပေ) တစ်ထပ်ဆောင် ဆောက်ဖို့ရာတောင် L ပုံစံပြောင်းဆောက်မှသာ အဆင်ပြေမည်ဖြစ်ပြီး ယခုကျောင်းဟောင်း ဖျက်လိုက်ပါက မူလစာသင်ခန်း(၈)ခန်းအစား (၃)ခန်းသာ ပြန်ရမှာဖြစ်ပါတယ်။ ကျောင်းမြေကွက်မှာလည်း အလွန်ကျဉ်းနေပါသဖြင့် ယခုခွင့်ပြုချက်အား ဖျက်သိမ်းပြီး(၂၀၁၈-၂၀၁၉)ဘတ်ဂျက်နှစ်တွင် (၁၀၀ပေ× ၃၀ပေ) နှစ်ထပ်ဆောင်အဖြစ် ပြင်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဆောက်လုပ်ပြီးစီးပြီဖြစ်သော ရွှေကျင်မြို့နယ်၊ ကွင်းဆိပ်ကျေးရွာအုပ်စု၊ (၁၆)ကုတင်ဆံ့ဆေးရုံသည် ယခုအခါ လျှပ်စစ်မီးနှင့် ရေရရှိရေးကိစ္စများအား တည်ဆောက်ခဲ့သော ဇင်ချောင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီးဖြစ်ပါသည်။ သို့ပါ၍ ယခုနှစ်မိုးရာသီ အကုန် ပွင့်လင်းရာသီအမီ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် မေးခွန်းအမှတ်စဉ်(၄) မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရွှေကျင်မြို့နယ်၊ မကျည်းတန်းရပ်ကွက်၊ အ. လ. က(ခွဲ) ကျောင်းဝန်းအတွင်း (၂၀၁၇-၂၀၁၈)တွင် ခွင့်ပြုချက်ရရှိပြီးသော တစ်ထပ်ဆောင်အစား နှစ်ထပ်ဆောင်အဖြစ် (၂၀၁၈-၂၀၁၉) ဘတ်ဂျက်တွင် ပြောင်းလဲခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ် မကျည်းတန်းရပ်ကွက်အလက(ခွဲ)ကျောင်းဝန်းသည် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ခွင့်ရရှိသော (၁၀၀ × ၃၀)ပေ Steel Structure (၁)ထပ်ကျောင်းဆောင်သစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ခွင့်ပြုထားပြီးဖြစ်ပါသဖြင့် (၂)ထပ်ကျောင်းဆောင်အဖြစ် ပြောင်းလဲဆောက်လုပ်၍မရပါ။ သို့ပါ၍ ၄င်းကျောင်းရှိ ဥပဓိရုပ်ညံ့သော ကျောင်းဆောင်အား ဖျက်သိမ်းမည့်အစား ကျောင်းမြေနှင့် တစ်ဆက်တည်း လျှုဒါန်းထားသော ကျောင်းပိုင် နှစ်ဆောင်ပြိုင်အိမ်အဟောင်းအား ဖျက်သိမ်းပြီး ပညာရေးဌာန၏ကျောင်းပုံစံ (၁၀၀×၃၀)ပေ Steel Structure (၁)ထပ်ဆောက်ပြီး ဥပဓိရုပ်ညံ့၍ ဖျက်သိမ်းမည့် (၇၂×၂၇)ပေ ကျောင်းဆောင်အား သာမန်အသုံးစရိတ်ရန်ပုံငွေ (၀၄၀၂)ဖြင့် ချထားပေးရန် စီစဉ်ထားပြီးဖြစ်ပါ၍ ပြန်လည် ပြင်ဆင်အသုံးပြုမှာဖြစ်သောကြောင့် ကျောင်းသားဦးရေနှင့် စာသင်ခန်းအချိုးညီမျှ၍ ပြည့်စုံလုံလောက် သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“ဆောက်လုပ်ပြီးစီးပြီဖြစ်သော ရွှေကျင်မြို့နယ်၊ ကွင်းဆိပ်ကျေးရွာ အုပ်စု၊ (၁၆)ကုတင်ဆံ့ ဆေးရုံအား မိုးရာသီအကုန် ပွင့်လင်းရာသီကာလအတွင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကွင်းဆိပ် တိုက်နယ်ဆေးရုံသည် လုပ်ငန်းအားဖြင့်(၉၇. ၁၂%)ပြီးစီးပြီး လတ်တလောရေရရှိရေးအတွက် ဆေးရုံဘေး ဘုန်းကြီးကျောင်းဝန်းအတွင်းရှိ သောက်သုံးရေကန်မှ ဆက်သွယ်ပြီးရေရရှိရေး ဆောင်ရွက်ထားရှိပါသည်၊ ဆေးရုံဝင်းအတွင်း (၄)လက်မအဝီစိတွင်း တူးရန်အတွက် ဦးဝင်းမြင့် (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)မှ ဆက်သွယ်ပေးသည့်ရေတွင်းတူးအဖွဲ့နှင့်ဆက်သွယ်၍ အဝီစိတွင်းတူးပေးမည်ဖြစ်ကြောင်း ဇင်ချောင်းကုမ္ပဏီမှ သိရှိရပါသည်။

ရွှေကျင်မြို့နယ် ကွင်းဆိပ်တိုက်နယ်ဆေးရုံသည် မိုးရာသီ၌ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ပွင့်လင်းရာသီဖြစ်သည့် နိုဝင်ဘာလ(သို့)ဒီဇင်ဘာလအတွင်း ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပညာရေး ဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ လမ်းညွှန်ချက်များကို မလိုက်နာပဲ သွေဖီဆောင်ရွက်နေသော ပညာရေးဝန်ထမ်းများကို ထိန်းကြောင်း တည့်မတ်ပေးပါရန်"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ထမ်းအများစုသည် စည်းမျဉ်း၊ စည်းကမ်း၊ လမ်းညွှန်ချက်များကို မလိုက်နာပဲ သွေဖီ ဆောင်ရွက်နေပါသည်။

မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး စသည်တို့ဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး ပညာရေးအသုံးစရိတ် လျာထားချက်များ ရေးဆွဲခဲ့ပါသည်။ ဥပမာအားဖြင့်- ဝေါမြို့နယ်တွင်(၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် လိုအပ်ချက်ရှိသော ကျောင်း(၂၁)ကျောင်း လျာထားရေးဆွဲခဲ့ပါသည်။ သို့သော် ဘတ်ဂျက်အတည်ပြုပြီး ကျလာသော ကျောင်းများစာရင်းတွင်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများလျာထားခြင်းမရှိသော ကျောင်း(၁)ကျောင်း ပါရှိလာပါသည်။ (အ. ထ. က) ဇကရာဇ်ဆိုသော ကျောင်းအမည်ဖြင့် (၁၂၀×၃၀)ပေ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပါရှိလာပါသည်။ ၎င်းကျောင်းအမည်သည် ဝေါမြို့နယ်တွင် မရှိပါ။ ဝေါမြို့နယ်အတွင်းရှိ အခြေခံကျောင်းများ စာရင်းတွင် (အ. လ. က)ခွဲ ဇကရာဇ် အမည်ပဲရှိပါသည်။ ထို (အ. လ. က)ခွဲဇကရာဇ်ကျောင်းသည် မြေပြင်တွင် (၁၂၀×၃၀) တည်ဆောက်ရန်အတွက် မြေနေရာမလုံလောက်ပါ။(၂၀၁၅-၂၀၁၆)ပညာရေးနှစ်တွင် ၎င်းကျောင်းသည် (၆၀×၃၀)ပေကျောင်းဆောင်(၁)ဆောင်ရရှိပြီး (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုပိုလျှံဘတ်ဂျက်ဖြင့် အကြီးစားပြင်ဆင်မှု သိန်း(၃၀၀)ကျော် ကျလာပြီးဆောက်လုပ်ပြီးသော ကျောင်းဖြစ်သည်။ သက်ဆိုင်ရာ ပညာရေးမှူးအား စည်းကမ်းနှင့် မညီညွတ်ဘဲ ကျလာသည့်အတွက် ပြန်လည်ပြင်ဆင်ပေးရန် ဆွေးနွေးရာ တိုင်းပညာရေးမှူးမှ လွှတ်တော်ကိုယ်စားလှယ်သီးခြားတင်ပါဟု ပြန်လည် ပြောကြားပါသည်။ စည်းမျဉ်း၊ စည်းကမ်းနှင့် မညီညွတ်ဘဲ မှားယွင်းစွာကျလာသည်ကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပြန်လည်ပြင်ဆင်ပေးရမည်ကို ဆောင်ရွက်လုပ်ကိုင်ပေးခြင်း မရှိပဲ သွေဖီလျက်ရှိနေပါသည်။ ထိုသို့ စည်းမျဉ်း၊ စည်းကမ်းမညီညွတ်ဘဲ ကျလာသောကျောင်းများ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိနေပါသည်။

မြို့နယ်များရှိကျောင်းများကို ပညာသင်ထောက်ပံ့ကြေး(အသေးသုံး) စရိတ်များသတ်မှတ်ချက်များနှင့် အညီ ချထားပေးသော်လည်း တလွဲတချော်အသုံးချနေမှုများစိစစ်တွေ့ရှိနေရပါသည်။

ပညာရေးဝန်ကြီးဌာနမှချမှတ်ထားသောလမ်းညွှန်ချက်များကို ပညာရေးဝန်းအများစု မသိရှိပဲ နေခြင်း-ဥပမာအားဖြင့် (၂၀၁၇-၂၀၁၈)ပညာသင်နှစ် ဆောင်ပုဒ်များကို မသိသောသူများကို စိစစ်တွေ့ရှိ မြင်နေရပါသည်။

ပညာရေးဝန်ကြီးဌာနမှ ဘဏ္ဍာရေးနှစ်အလိုက်အခြေခံအဆောက်အဦများ တည်ဆောက်ပေးရန်အတွက် ကျောင်းအမည်နှင့်ဆောင်ရွက်မည့်လုပ်ငန်း ချထားသတ်မှတ်ပေးသော်လည်း မြေပြင်တွင် ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်သည့်အခါ သက်ဆိုင်ရာကျောင်းအုပ်၊ ကျောင်းကော်မတီ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ် မသိရှိရပါ။ ထို့ကြောင့် "ပညာရေးဝန်ကြီးဌာနမှချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ လမ်းညွှန်ချက်များကို မလိုက်နာပဲ သွေဖီဆောင်ရွက်နေသောပညာရေးဝန်ထမ်းများကို ထိန်းကျောင်းတည့်မတ်ပေးပါရန်" ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်၊ ပညာရေးမှူးရုံးအတွင်း လျှပ်စစ်မီး၊ ကျောက်ချောလမ်းနှင့် တယ်လီဖုန်းများ ပြည့်စုံမှုမရှိသေးသည်ကို ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဖြူးမြို့နယ်ပညာရေးမှူးရုံးအသစ်သည် ၁၉၁၆-၁၉၁၇ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြီးစီးနေပြီဖြစ်ပါသည်။

သို့သော် မြို့နယ်ပညာရေးမှူးရုံးအနေဖြင့် လက်ရှိရုံးမှ အဆိုပါရုံးအသစ်သို့ ပြောင်းရွှေ့နိုင်ရေးမှာ အခက်အခဲများစွာ ဖြစ်လျက်ရှိပါသည်။

အဓိကအကြောင်းအရင်းမှာ လျှပ်စစ်မီးမရရှိခြင်း၊ တယ်လီဖုန်းမရရှိခြင်းနှင့် ဖြူးမှ လိပ်သေကျေးရွာသို့သွားသော လမ်းမကြီးမှ မြို့နယ်ပညာရေးမှူးရုံးသစ်သို့သွားသော ပေ(၇၀၀) ခန့်ရှိ လမ်းခွဲသည်လည်း သွားလာ၍ မရပါ။

လက်ရှိမြို့နယ်ပညာရေးမှူးရုံးသည် ဖြူးမြို့၊ အထက(၁)ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်အခန်းများကို အသုံးပြုဖွင့်လှစ်ထားရပါသည်။ သို့ပါ၍ ယခုအခါ သက်ဆိုင်ရာကျောင်းမှ တာဝန်ရှိသူများကလည်း ကျောင်းဆောင်များလိုအပ်လျက်ရှိပါသဖြင့် လက်ရှိပညာရေးမှူးရုံးကို ဆောက်လုပ်ပြီးပညာရေးမှူးရုံးသစ်သို့ ဆောလျင်စွာ ရွှေ့ပြောင်းပေးနိုင်ပါရန် တွန်းအားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၁၉၁၆-၁၇ဘဏ္ဍာရေးနှစ်၏ ခွင့်ပြုငွေဖြင့် ဆောက်လုပ်ပြီးစီးသွားသော ဖြူးမြို့နယ်ပညာရေးမှူးရုံးကို ဆောလျင်စွာ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် လျှပ်စစ်မီးရရှိရေး၊ တယ်လီဖုန်းရရှိရေးနှင့် ရုံးအဝင်ပေ(၇၀၀)ခန့်ရှိ လမ်းအား ကျောက်ချောလမ်းအဖြစ် ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးသို့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ လက်ပံတန်း မြို့နယ် ဘောလုံးကွင်းနှင့် အားကစားရုံ ခြံစည်းရိုးအား အုတ်တံတိုင်း ကာရံ ပေးပါရန်နှင့် ပွဲကြည့်စင်၊ ဘောလုံး ကစားကွင်းတို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်အတွင်း၌ တည်ရှိသော မြို့နယ်အားကစားရုံမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ အားကစားရုံအသစ် (မိုးလုံ လေလုံ)ကို ချထားပေးခဲ့ပြီး ဖြစ်ပါသည်။ သို့ပါသော်လည်း အားကစားရုံနှင့် မြို့နယ်ဘောလုံး ကွင်းတို့မှာ အကာအရံအုတ်တံတိုင်းများ ဆိုးရွားစွာပျက်စီးပြိုကျနေသည့် အတွက် သိန်းပေါင်း နှစ်ထောင်ကျော် အကုန်ကျခံတည်ဆောက်ထားသော အားကစားရုံကြီးမှာ အဖက်ဖက်မှ လုံခြုံရေးကင်းမဲ့နေရပါသည်။ ဘောလုံးကစားကွင်းနှင့် ပွဲကြည့်စင်တို့မှာလည်း ဆိုးရွားစွာပျက်စီးလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ ဘောလုံးအားကစားကွင်းခြံစည်းရိုးအား အုတ်တံတိုင်းကာရံပေးပါရန်နှင့် ဆိုးရွားစွာ ပျက်စီးနေသော ပွဲကြည့်စင်နှင့်ဘောလုံးကစားကွင်းတို့အား ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၌ ထည့်သွင်းပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက် မေးမြန်းသောမေးခွန်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန် မေးမြန်းသောမေးခွန်းနှင့် လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင် မေးမြန်းသောမေးခွန်း စုစုပေါင်း မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပညာရေး ဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ လမ်းညွှန်ချက်များကို မလိုက်နာပဲ သွေဖီဆောင်ရွက်နေသော ပညာရေးဝန်ထမ်းများကို ထိန်းကြောင်း တည့်မတ်ပေးပါရန်”** နှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းဖွင့်ချိန်၌ ကျောင်းများကို စစ်ဆေးပါသည်။ ဘယ်ကျောင်းကို သွားမည်ဟုမပြောဘဲ ရှောင်တခင်စစ်ဆေးပါသည်။ ရှောင်တခင်စစ်သည့် အခါ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ရီရီထိုက်တင်ပြသကဲ့သို့ ရှောင်တခင်ဝင်စစ်သည့်အတွက်ကြောင့် ကျောင်းအုပ်ကြီးများသည် ကျောင်းမှာမရှိခြင်း၊ စာသင်ရမည့်ဆရာ/ဆရာမများသည် အခန်းထဲမှာမရှိခြင်း၊ အပြင်ဘက်မှာ ကလေးများဆော့နေခြင်းတို့ကို ကွျန်တော်တွေ့ခဲ့ရပါသည်။ တွေ့ခဲ့သည့်အတွက် စုံခုံဖွဲ့ပြီး စစ်ခိုင်းသည်။ စစ်ခိုင်းပြီး နံပါတ်(၁) ပြင်းထန်စွာသတိပေးသည့်လုပ်ငန်းကို လုပ်နေပါသည်။ စည်းမျဉ်း၊ စည်းကမ်းများကို တိုင်းဒေသကြီးပညာရေးမှူးက တောက်လျှောက်ထုတ်နေပါသည်။ စည်းမျဉ်းစည်းကမ်းများကို

လိုက်နာမှုရှိခြင်း၊ မရှိခြင်းကို ကြီးကြပ်မှုအားနည်းပါသည်။ စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်/မနိုင်ကို အလျင်ဆုံးကြီးကြပ်ရန် လိုအပ်ပါသည်။ ယင်းကဲ့သို့ စည်းကြပ်ရန်အတွက် မြို့နယ်တိုင်းမှာရှိသည့် ဒုတိယမြို့နယ်ပညာရေးမှူးနှင့် လက်ထောက်ပညာရေးမှူးများကို ရုံးမှာထိုင်မနေဘဲ မြေပြင်ကိုကွင်းဆင်းပါ။ လစဉ်ကိုယ့်ရဲ့ကွင်းဆင်းချက်ကို မြို့နယ်ပညာရေးမှူးကို တင်ပြပြီး အဆင့်ဆင့်တင်ပြပါဟု တရားဝင်စာထုတ်ထားတာရှိပါသည်။ ပညာရေးဝန်ထမ်းများကို ကျွန်တော်တို့ထိန်းကျောင်းသည့်အနေအထားကို တင်ပြခြင်းဖြစ်ပါသည်။

ကျောင်းဆောင်ဆောက်သည့် အနေအထားနှင့်ပတ်သက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့နယ်တွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် အထက-ဧကရာဇ်၏ အန္တရာယ်ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၁၂၀ × ၃၀) ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ခွဲဝေရန်ပုံငွေ (၅၇. ၆)ကျပ်သန်း ရရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် လျာထားသည့် ကျောင်းစာရင်းများကို (၁၅-၆-၂၀၁၇) ရက်နေ့တွင် စာအမှတ်၊ ဌာနခွဲ (၂-က)/၃၀၀၉/ အဆအ BE လျာထားဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့တင်ပြခဲ့ရာ ဝေါမြို့နယ်ရှိ အန္တရာယ်ကျောင်းဆောင်(၃)ဆောင် ဖြစ်သည့် လ(ခွဲ)ကန်တော်၊ လ(ခွဲ)ဆပ်သွားခြုံနှင့် လ(ခွဲ)ဘိုကတော်ကျောင်းများကိုသာ အန္တရာယ်ရှိ အသစ်ဆောက်ပေးပါရန် တင်ပြခဲ့ပါသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ (၉-၂-၂၀၁၇) ရက်နေ့တွင် စာအမှတ်၊ ဌာနခွဲ (၂-က) /၀၇၅၁/ ဘဏ္ဍာညွှန်ကြားချက်(၁၇)ဖြင့် အန္တရာယ်ရှိကျောင်းဆောင်အဖြစ် သတ်မှတ်ထားရှိရေးအတွက် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ စာရင်းတင်ပြမှုတွင် ဝေါမြို့နယ်မှ ကျောင်းဆောင် (၁၀)ဆောင်ကို တင်ပြခဲ့ရာတွင် မူလွန်-ဆင်ရွာ(၂)၊ မူလွန်-သံခွန်၊ လ(ခွဲ) ဆပ်သွားခြုံ (၂)ဆောင်၊ လ(ခွဲ) ကန်တော်၊ မူလွန်-မှုံကတုံး၊ လ(ခွဲ) ဘိုကတော်၊ အထက-တနော်ကျွန်း၊ အထက-ညောင်ခါးရှည်၊ အထက-မြစ်ကျိုး ကျောင်းများကိုသာ တင်ပြခဲ့ပါသည်။

သို့သော် ဝေါမြို့နယ်၊ အလက(ခွဲ)ဧကရာဇ်ကျောင်းသည် အိမ်ခြေ (၇၁၀)ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်၍ ဧကရာဇ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရွာများမှ ကျောင်းသား/သူများ၏ အလယ်တန်းဆင့် ပညာသင်ကြားရေးအတွက် မှီခိုအားထားရသော လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသည့်နေရာတွင် တည်ရှိသည့် ကျောင်းတစ်ကျောင်း ဖြစ်ပါသည်။ ယခုလက်ရှိတွင် ကျောင်းသား/သူပေါင်း (၆၉၀)ဦး အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်အတွက် စာသင်ခန်း(၄)ခန်းလိုအပ်နေသည့်အပြင် အဆောက်အဦဆောက်ရန် မြေနေရာလည်း လုံလောက်စွာရှိပါသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ (၇၀၀)ကျော် (၈၀၀)အတွင်း တိုးပွားလာနိုင်သည့် အခြေအနေရှိနေသည့်အတွက် ကျောင်းသားဦးရေအရ(၁၂၀ × ၃၀) ပေ Steel Structure (၁)ထပ် ကျောင်းဆောင်(၁)ဆောင် လိုအပ်ပါသောကြောင့် ရေတာရှည်မြို့နယ်ရှိ မူလွန်-သနပ်ခုံလေးနှင့် ရွှေကျင်မြို့နယ်ရှိ မူလွန်-ဆွေမဟာမြိုင်ကဲ့သို့ ကျောင်းသားဦးရေအရ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်မှ တိုးချဲ့ရန်လိုအပ်ချက်အရ ချထားပေးခြင်းဖြစ်ပြီး ကျောင်းသားဦးရေတိုးတက်လာမှုအတွက် အလယ်တန်းကျောင်းသို့ အဆင့်တိုးမြှင့်ခွင့်ပြုပါရန် တင်ပြထားပြီးဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့နယ်သို့ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိခဲ့သော ကျောင်း(၈)ကျောင်း၏စာရင်းမှ ကျောင်းအမည်ပြောင်းလိုလျှင်သော်လည်းကောင်း၊ ကျောင်းပုံစံပြောင်းလဲလိုခဲ့လျှင်သော်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်ပါဝင်သော အဖွဲ့ဖွဲ့၍ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ပြန်လည်စိစစ်တင်ပြရန် ဝေါမြို့နယ် ပညာရေးမှူးအား ဆောင်ရွက်စေခဲ့ ရာတွင်လည်း အထက-ဇကရာဇ်(အမည်မှား၍) ကျောင်းဆောင်ရရှိမှုအား ပြန်လည်ပြင်ဆင်ခြင်း မရှိခဲ့ဘဲဝေါမြို့နယ်ပညာရေးမှူးရုံး၏ (၃၁-၅-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၄၇၆/အဆအ (၁၇)ဖြင့် အဆောက်အဦ ပြောင်းလဲခြင်း တင်ပြအစီရင်ခံမှုတွင် ဝေါမြို့နယ်ပညာရေးမှူးရုံး၏ (၄၀ × ၃၀) ပေ Steel Structure (၁)ထပ် တည်ဆောက်ရေးအတွက် ဆောက်လုပ်မည့် မြေနေရာသည် ရေနက်ပိုင်းဖြစ်သဖြင့် Ground Floor Suspended Slab ဖြင့် အမြင့်ဆောက်မှသာ ရရှိမည်ဖြစ်ပါကြောင်းနှင့် ကျန်အဆောက်အဦများကို ပြောင်းလဲရန်မရှိပါကြောင်းသာ တင်ပြခဲ့ပါသည်။ ဝေါမြို့နယ်အတွင်း အထက-ဇကရာဇ်ဟု ကျောင်းအမည်ပေါက်မရှိဘဲ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းဖျက်သိမ်း၍ (၁၂၀ × ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ခွဲဝေရန်ပုံငွေ (၅၇. ၆)ကျပ်သန်း ရရှိခဲ့မှုအပေါ် ပြန်လည်အစားထိုးခြင်းလုပ်ငန်း ဆောင်ရွက်မှုမရှိသည့် ဝေါမြို့နယ်ပညာရေးမှူးအား လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် တိကျသေချာမှုအားနည်းသောကြောင့် နောက်နောင် ထိုသို့ပေါ့လျော့သည့် ကိစ္စရပ်မျိုးထပ်မံမရှိစေဘဲ ပေးအပ်သည့်တာဝန်များကို ဌာနမှ ညွှန်ကြားချက်အတိုင်း အလေးထားဆောင်ရွက်ရန် (၅-၆-၂၀၁၇) ရက်နေ့တွင် သတိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တွင် အထက-ဇကရာဇ်အမည်ဖြင့် အမည်ပေါက်ကျောင်း မရှိပါသောကြောင့် ရရှိသောအန္တရာယ်ကျောင်းဆောင်အစား ကျောင်းသားဦးရေ တိုးတက်များပြားလာ၍ စာသင်ခန်းလိုအပ်နေသော အလက(ခွဲ)ဇကရာဇ်ကျောင်းအတွက် ကျောင်းသားဦးရေအရ တိုးချဲ့ခေါင်းစဉ်အောက်မှ (၁၂၀×၃၀)ပေ Steel Structure (၁)ထပ်ကျောင်းဆောင်သစ်ကို အမည်ပြောင်းလဲ ဆောက်လုပ်ခွင့်ပြုပေးပါရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဝန်ကြီးချုပ်ထံသို့ အတည်ပြုချက်ရရှိနိုင်ရန် တင်ပြထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)ဝေါမြို့နယ်၊ အထက-ဇကရာဇ်၏ (၁၂၀×၃၀) ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ခွဲဝေရန်ပုံငွေ (၅၇. ၆)ကျပ်သန်းအား ကျောင်းအမည်မှားယွင်းစွာ ရရှိခဲ့ခြင်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော ဘဏ္ဍာရေးစည်းကမ်း၊ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ထားပါကြောင်း ပြန်လည်ဖြေကြားပါသည်။

မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများသို့ ခွဲဝေချထားပေးသော ပညာသင်ထောက်ပံ့ကြေးများကို သုံးစွဲရာတွင် နားလည်မှုလွဲမှားပြီး တလွဲတချော် အသုံးချနေမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ သတ်မှတ်ထားသော ငွေစာရင်းခေါင်းစဉ် (၁၃)ခုအတိုင်း စနစ်တကျ သုံးစွဲရေးအတွက် ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုဆိုင်ရာ သင်တန်းများကို (၁၈-၆-၂၀၁၇)မှ (၁၉-၆-၂၀၁၇)အထိ တိုင်းဒေသကြီး အဆင့်သင်တန်း၊ (၂၆-၆-၂၀၁၇)မှ (၂၇-၆-၂၀၁၇)နေ့အထိ မြို့နယ်အဆင့်သင်တန်းများ ပို့ချစေလျက် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပြီးဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော လမ်းညွှန်ချက်၊ ပညာရေးဆောင်ပုဒ်များကို ပညာရေးဝန်ထမ်းများသိရှိလိုက်နာရေးအတွက် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး၏ (၂၃-၅-၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ(၃-က)/၂၃၄၈/ညွှန်ကြား (၂၀၁၇)ဖြင့် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်၊ ပညာရေးမှူးရုံးအတွင်း လျှပ်စစ်မီး၊ ကျောက်ချောလမ်းနှင့် တယ်လီဖုန်းများ ပြည့်စုံမှုမရှိသေးသည်ကို ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့) ဖြူးမြို့နယ်ပညာရေးမှူးရုံးအသစ်သည် မြို့ပြင်တွင်တည်ရှိပြီး ပေ(၇၀၀)ကျော်ရှိသော ကျောက်ခင်းလမ်းပြုပြင်ရန်မှာ ရုံးပိုင်မြေမဟုတ်ဘဲ စည်ပင်နယ်နိမိတ်ဧရိယာတွင် ရှိသောကြောင့် မြို့နယ်စည်ပင်သာယာရေးဌာနမှသာ တာဝန်ယူဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

လျှပ်စစ်မီးများ တပ်ဆင်ရန်အတွက် Transformer (၁)လုံး၊ မီးတိုင်များနှင့် ကြိုးများတပ်ဆင်ရန်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးမှသာလျှင် ရနိုင်မည်ဖြစ်ပါသည်။

တယ်လီဖုန်းဆက်သွယ်မှုဆိုင်ရာ လိုအပ်ချက်များအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်ပေးမှသာလျှင် ရနိုင်မည်ဖြစ်ပါသည်။

မြို့နယ်ပညာရေးမှူးရုံးပြောင်းရွှေ့ရန် သယ်ယူစရိတ်အတွက် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ (၁၆. ၂. ၂၀၁၇)ရက်နေ့တွင် စာအမှတ်၊ ဌာနခွဲ(၂-က)/၀၉၀၀ /၀၃၀၄/(ခွဲဝေ)(၁၇)အရ (၁)ဌာနချုပ် (၀၃၀၄)သယ်ယူစရိတ် ငွေစာရင်းခေါင်းစဉ်မှ (၃၀၀၀၀၀)ကျပ် ထုတ်ပေးထားပြီးဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" လက်ပံတန်းမြို့နယ် ဘောလုံးကွင်းနှင့် အားကစားရုံ ခြံစည်းရိုးအား အုတ်တံတိုင်း ကာရံပေးပါရန်နှင့် ပွဲကြည့်စင်၊ ဘောလုံးကစားကွင်းတို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်ဘောလုံးကွင်း ခြံစည်းရိုးအား အုတ်တံတိုင်းကာရံပေးခြင်း၊ ပျက်စီးနေသော ပွဲကြည့်စင်နှင့် ဘောလုံးကွင်း တို့အား ပြန်လည်ပြုပြင်ပေးရန်ကိစ္စရပ်များနှင့်ပတ်သက်၍ ခရိုင်နှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများအား မြို့နယ်လိုအပ်ချက်လုပ်ငန်းတစ်ခုချင်းစီ၏ တင်ပြမှုအပေါ်တွင် မြို့နယ် အင်ဂျင်နီယာ၏ ဒေသပေါက်ဈေးနှင့်အညီ အသေးစိတ်တွက်ချက်မှုပုံစံ Drawing နှင့် Estimate များ အမြန်ဆုံးဆောင်ရွက်ကာလုပ်ငန်းလိုအပ်ချက်များကို ဦးစားပေးအလိုက်ဖော်ပြ၍ အမြန်ဆုံး တင်ပြသွားရန်ပြောကြားခဲ့ပြီးဖြစ်သည့်အတွက် လုပ်ငန်းတစ်ခုချင်းစီအလိုက် မြို့နယ်အင်ဂျင်နီယာ၏ ဒေသပေါက်ဈေးနှင့်အညီ အသေးစိတ်တွက်ချက်မှုပုံစံ Drawing နှင့် Estimate များပူးတွဲတင်ပြ လာပါက အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (BE) ခွင့်ပြုရန်ပုံငွေစာရင်းတွင် တင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးရှင့် ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့်မေးခွန်းနှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်း မေးမြန်းရန်ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဖြေကြားချက်(၄)မှာ စာသင်ခန်း(၄)ခန်း လိုအပ်နေသည့်အပြင် အဆောက်အဦဆောက်ရန် မြေနေရာလည်း လုံလောက်စွာရှိပါသည်။ ဝန်ကြီးကိုယ်တိုင်ဆင်းလာပြီး မိမိတို့လည်းပါဝင်၍ ကွင်းဆင်းကြည့်ရှုရာ၌ (၂)ခန်းက ကျောင်းသားဦးရေများနေပါသည်။ ၎င်းကျောင်းထက်ဆိုးသည့် ကျောင်းများစွာရှိနေပါသည်။ စာသင်ခန်း(၄)ခန်းလိုအပ်သည်မှာ မဟုတ်ပါကြောင်း၊ (၂)ခန်းသာလိုအပ်ပါသည်။ အဆောက်အဦဆောက်ရန် မြေနေရာလည်း လုံလောက်စွာရှိသည်ဆိုသည်မှာ မဟုတ်ပါကြောင်း၊ အိမ်သာဘေးမှတိုင်းရာ (၁၂၀×၃၀)ပေ ဆောက်၍မရသည့်အနေအထား ဖြစ်နေပါသည်။ ထို့ကြောင့် လိုအပ်ချက်အရ (၁၂၀×၃၀)ပေ ဆောက်လျင်လက်ခံပါသည်။ (၁၂၀×၃၀)ပေ ဆောက်ရန် မြေနေရာမရှိသည့်အတွက် လိုအပ်သည့်အတိုင်းအတာအထိဘဲဆောက်ပြီး ကျန်သည့်ငွေကို နိုင်ငံတော်အား ပြန်အပ်စေချင်ပါသည်။

ဖြေကြားချက်(၅) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဝေါမြို့နယ်သို့ ငွေလုံးငွေရင်းနှင့် (တည်ဆောက်ရေး) ကျောင်း(၈)ကျောင်း အမည်စာရင်းမှာ ပြောင်းလိုလျှင်လည်းကောင်း၊ ကျောင်းပုံစံပြောင်းလိုခဲ့လျှင်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ပါဝင်သော အဖွဲ့ဖွဲ့၍ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပြန်လည်စိစစ်တင်ပြရန် ဝေါမြို့နယ် ပညာရေးမှူးအား ဆောင်ရွက်စေခဲ့ရာတွင် အ. ထ. က ဇကရာဇ်အမည်များ၍ ကျောင်းဆောင် ရရှိမှုအား ပြန်လည်ပြင်ဆင်ခြင်းမရှိဘဲ ဝေါမြို့နယ်ပညာရေးမှူး၏ (၃၁-၅-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၄၇၆/အဆအ(၁၇)ဖြင့် အဆောက်အဦပြောင်းလဲခြင်း တင်ပြအစီရင်ခံမှုတွင် ဝေါမြို့နယ်ပညာရေးမှူးရုံး၏ (၄၀×၃၀)ပေ Steel Structure (၁)ထပ် တည်ဆောက်ရေးအတွက် ဆောက်လုပ်မည့်မြေနေရာသည် ရေနက်ပိုင်းဖြစ်သဖြင့် အမြင့်ဆောက်မှသာရရှိမည်ဖြစ်ပါကြောင်းနှင့် ကျန်အဆောက်အဦများကို ပြောင်းလဲရန် မရှိပါကြောင်း တင်ပြခဲ့ပါသည်။ ဝေါမြို့နယ်တွင် အ. ထ. က ဇကရာဇ်အမည်ဖြင့် အမည်မပေါက်ဘဲ အန္တရာယ်ရှိ ကျောင်းဆောင် (၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်၊ ခွဲဝေ ရန်ပုံငွေ (၅၇. ၆)သန်း ရရှိခဲ့မှုအပေါ် ပြန်လည်အစားထိုးလုပ်ငန်း ဆောင်ရွက်မှုမရှိသည့် ဝေါမြို့နယ်ပညာရေးမှူးအား လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် တိကျသေချာမှုအားနည်းသောကြောင့် နောက်နောင်ထိုသို့ပေါ့လျော့ ကိစ္စရပ်များမရှိစေရေး၊ ပေးအပ်သည့်တာဝန်များကို ဌာနမှ ညွှန်ကြားချက်အတိုင်း အလေးထားဆောင်ရွက်ရန် (၅-၆-၂၀၁၇)ရက်နေ့တွင် သတိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ ၎င်းအပိုဒ်နှင့်ပတ်သက်ပြီး ဆွေးနွေးရမည်ဆိုလျှင် ၎င်းကျောင်း ယင်းကဲ့သို့ စဖြစ်သည်ဆိုကတည်းက သက်ဆိုင်ရာဝန်ကြီးကိုလည်း တင်ပြပါမည်။ သက်ဆိုင်ရာပညာရေးမှူးအား မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှာ ယင်းကဲ့သို့ဖြစ်သည်ကို ပြန်လည်တင်ပြပေးရန် ပြောသည့်အခါ မြို့နယ်ပညာရေးမှူးက တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးကို တင်ပြပေးပါမည်ဟုပြောပြီး နောက်နေ့တွင် တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးကိုယ်တိုင် ဝေါမြို့နယ်ပညာရေးမှူးရုံးသို့ လာရောက်၍

ပြန်သွားသည့်အခါ ဒေါ်ရီရီထိုက်တို့က သီးခြားတင်ရန် ဖုန်းဆက်အကြောင်းကြားသဖြင့် ၎င်းအချက်သည် လွဲမှားနေပါသည်။ မြို့နယ်ပညာရေးမှူးက တင်ပြသော်လည်း တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးက သီးခြားတင်ပါဟုဆိုသဖြင့် တိုင်းဒေသကြီးပညာရေးမှူးသည် ညွှန်ကြားချက်အတိုင်း မလိုက်နာ၍ ယင်းကဲ့သို့လုပ်သည်ဆိုတာ ပေါ်လွင်နေပါ၍ မှားယွင်းစွာ ဖြေကြားထားသည်မှာ ပေါ်လွင်နေပါသည်။

ဖြေကြားချက်(၆)မှာ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တွင် အ. ထ. က ဇကေရာဇ်အမည်ပေါက် ကျောင်းရှိသောကြောင့် အန္တရာယ်ကျောင်းဆောင်အစား ကျောင်းသားဦးရေတိုးတက်များပြား၍ စာသင်ခန်း လိုအပ်နေသော အ. လ. က(ခွဲ) ဇကေရာဇ်ကျောင်းအတွက် ကျောင်းသားဦးရေအရ တိုးချဲ့ခေါင်းစဉ်အောက်မှာ (၁၂၀×၃၀)ပေ Steel Structure (၁)ထပ်ကျောင်းဆောင်သစ်ကို အမည်ပြောင်းလဲ ဆောက်လုပ်ခွင့်ပြုပေးပါရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဝန်ကြီးချုပ်ထံသို့ အတည်ပြုချက်ရရှိနိုင်ရန် တင်ပြပြီးဖြစ်ပါသည်။ သို့ပါ၍ ဝန်ကြီးချုပ်ဆီ တင်ပြထားပြီးဖြစ်ပါသည်ဆိုတာ လွဲမှားနေသည်ကို ပြန်တင်ပြခြင်းဖြစ်ပါသည်။ ၎င်းမတိုင်မီ ကတည်းက ဝန်ကြီးချုပ်ဆီတင်ပြပြီးဖြစ်၍ ဝန်ကြီးချုပ်က လွှတ်တော်ကိုယ်စားလှယ်များအား လျာထားကျောင်း မည်မျှရှိသည်ကို မေးမြန်းရာ (၂၁)ကျောင်းရှိကြောင်း တင်ပြရာ၌ စာဖြင့်တင်ပါဟုဆို၍ ဖြေကြားချက်အပိုဒ်(၅)က လုပ်ထုံးလုပ်နည်းနှင့် ဖြေကြားထားတာမဟုတ်သည့်အတွက် ဝန်ကြီးချုပ်ဆီ တင်ပြသည့်အခါ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးကိုယ်တိုင်က မလုပ်ပေးတာဖြစ်ပါသည်။

ဖြေကြားချက်(၇)မှာ (၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ကျောင်းဆောင် ဆောက်လုပ်ရန် ခွဲဝေ ရန်ပုံငွေ(၅၇. ၆)သန်းအား ကျောင်းအမည်မှားယွင်းစွာ ရရှိခဲ့ခြင်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော ဘဏ္ဍာရေးစည်းကမ်း၊ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ထားပါကြောင်း ပြန်လည် ဖြေကြားပါသည်။ ဘဏ္ဍာရေးစည်းကမ်း လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ထားပြီး ပြန်လည်လုပ်သည် ဆိုသည်မှာ ဝန်ကြီးချုပ်ကို ၎င်းဌာနမှ မှားယွင်းစွာပြုလုပ်ထားသည်များကို တင်ပြတာ လွှတ်တော်ကိုယ်စားလှယ် များက မသိပါကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း လမ်းညွှန်ချက်များနှင့် လုပ်ထားသည်မှာ မဟုတ်ပါကြောင်း၊ ဖြေကြားချက်သည် လွဲနေပါကြောင်း၊ အမှန်တကယ် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်မည်ဆိုလျှင် စပြီးဖြစ်ကတည်းက ကိုယ်စားလှယ်တင်ပြသော်လည်း မဖြစ်လာဘဲ ၎င်းတို့က လိုသလိုဆွဲ၍ လုပ်ခြင်းဖြစ်ပါသည်။ ဖိုးမစိန်ကျောင်းကို ၂၀၁၆-၂၀၁၇ ပိုလျှံသည့် ရေစင်ကျလာပါသည်။ အ. ထ. က ဖိုးမစိန် ၎င်းကျောင်းက မည်သည့်အချက်များနှင့် မညီညွတ်၍ တခြားကျောင်းကို ရောက်သွားသလဲဆိုသည်ကို လွှတ်တော်ကိုယ်စားလှယ်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းကော်မတီများမသိပါကြောင်း၊ ၎င်းကိစ္စမှာ ပြည်ထောင်စုမှ ခွင့်ပြုပြီးပြောင်း၍ရသည်၊ ပညာရေးဌာနက ဒေါ်မြင့်မြင့်သန်းလက်မှတ်နှင့် ပထမဖြေကြားချက်ကို ပယ်ပြီး ဒုတိယဖြေကြားချက်က လွှမ်းမိုးပါသည်ဆိုပြီး ဖြစ်နေသည်ကို သက်ဆိုင်ရာဝန်ကြီးအား ဆက်စပ် မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းကို စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဧကရာဇ်မှာ မြေနေရာမရှိကြောင်း တင်ပြခြင်းနှင့်ပတ်သက်၍ ကျွန်တော်က အိမ်သာရွှေ့ကို ရွှေ့တာက ဒီဘက်အဆောင်၏ ရှေ့မှာ ပိတ်မည်ဆိုး၍ ၎င်းနေရာကိုရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်ငြားလည်း မြေနေရာရှိပါသည်။ အခန်း(၂)ခန်းဘဲ လိုပါသည်။ (၂)ခန်းမလိုပါဟုဆိုရာ၌ ပြည်ထောင်စုက သိန်း(၁၀၀)ချပေးသည်ကို သိန်း(၅၀)သုံး၍ သိန်း(၅၀)ပြန်အပ်မည်ဆိုသည်မှာ ပြုလုပ်၍မရပါကြောင်း၊ လုပ်ငန်းတစ်ခုလုံး ပြန်အပ်မှရမည် ဖြစ်ပါသည်။ လုပ်ငန်းတစ်ခုလုံးပြန်အပ်မည်ဆိုလျှင် ဝေါမြို့နယ်အတွက်လည်း နစ်နာပါလိမ့်မည်၊ ကျောင်းမှာ ကလေးဦးရေများပါသည် အခန်း(၁)ခန်းမှာ (၆၀)ဦး၊ (၇၀)ဦးခန့် ရှိနေပါ၍ အခန်း(၄)ခန်းမှာ အမှန်တကယ် လိုအပ်နေပါသည်ဟု ကိုယ်တိုင်ကွင်းဆင်းကြည့်ရှု၍ သိရပါသည်။

နံပါတ်(၅) အဆင့်ဆင့်ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်မှုမရှိသည့် ပညာရေးမှူးများကို နောက်နောင် မပေါ့ဆအောင် ပညာရေးမှူးကို ညွှန်ကြားချက်မှာခေါ်ယူပြီး ပြင်းထန်စွာသတိပေး၍ အရေးယူဆောင်ရွက် ထားရှိပါကြောင်းနှင့်ပတ်သက်၍ နံပါတ်(၁) ဆောင်ရွက်ရာ၌ တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ရပါသည်။ တစ်ခါတည်းမှား၍ တစ်ခါတည်းသွားတော့ဟု ပြုလုပ်၍မရပါကြောင်း၊ နံပါတ်(၁)ပထမဦးဆုံးအကြိမ် သတိပေးသည်။ နံပါတ်(၂) ဒုတိယအကြိမ် သတိပေး၍မှ လိုက်နာခြင်းမရှိလျှင် ကျွန်တော်တို့က နေရာရွှေ့တာ၊ ရာထူး(၁)ဆင့်နိမ့်တာတို့ ဆောင်ရွက်၍ ရပါသည်။

အ. ထ. က ဧကရာဇ် လ (ခွဲ)နှင့် အ. ထ. က ဧကရာဇ် ထ များယွင်းသည့်ကိစ္စကို ပထမအမည် ပြောင်းလဲပြီး၊ မြို့နယ်များမှ တင်သည့်စာရင်းတွင် ပြောင်းလဲရန် လို/မလို စာရင်းယူသော်လည်း ပြီးခဲ့သည့် နှစ်မှ အလှူရှင်များ ဆောက်သည့်ကျောင်းများပါ ထပ်ကျလာသည်ကို တွေ့ရပါသည်။ ၂၀၁၆-၂၀၁၇မှာ ဆောက်ပြီးသား ထပ်ကျလာသည်ကိုတွေ့ရ၍ ပြောင်းလဲမှုလုပ်မည့် ကျောင်းများတင်ပါဆိုရာ၌ ၎င်းကျောင်းများမှာ တင်ပြမလာသည့်အတွက် လက်ရှိတင်ပြပါကျောင်းများ၊ ပြောင်းလဲမှုကျောင်းများကို ပဲခူးတိုင်း တစ်တိုင်းလုံးအတွက် ပြည်ထောင်စုသို့ တင်ပြထားပြီးဖြစ်ပါသည်။ လိုအပ်မည်ဆိုပါက ဒေါ်ရီရီထိုက်က ကျွန်တော့်ထံစာဖြင့် မေးမြန်းပါက ကျွန်တော်ဖြေကြားပေးပါမည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"နတ်တလင်းမြို့၊ မြို့နယ်အားကစားကွင်းအတွင်းရှိ ပွဲကြည့်စင်အား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **"နတ်တလင်းမြို့နယ်၊ ပဲမခမ်းကျေးရွာအုပ်စု၊ ကျေးလက်ကျန်းမာရေးဌာနမှ အဆောက်အဦ များသည် Autumn Dream ကုမ္ပဏီမှ ၂၀၁၅-၂၀၁၆ ဘတ်ဂျက် (၈၀. ၀၀) ကျပ်သန်းဖြင့် ဆေးခန်းကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘတ်ဂျက် (၄၂. ၀၀) ကျပ်သန်းဖြင့် ဝန်ထမ်းအိမ်ရာကိုလည်းကောင်း၊ ဆောက်လုပ်ခဲ့ပြီး ဝန်ထမ်းအိမ်ရာ များမှာ အဆင်ပြေမှုမရှိ၍လည်းကောင်း၊ ဆေးခန်းအတွင်း ကွန်ကရစ်လမ်းများမှာ ယာဉ်များ ဝင်ထွက်သွားလာ၍ မရသဖြင့်လည်းကောင်း တင်ပြမှုအား အကြောင်းတစ်စုံတစ်ရာ ဆောင်ရွက် ပေးခြင်းမရှိသည့်အတွက် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြမှု"**နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ မြို့နယ်အားကစားကွင်းအတွင်းရှိ ပွဲကြည့်စင်သည် အမိုးများပျက်စီးခြင်း၊ ထိုင်ခုံများခိုင်ခန့်မှုမရှိတော့ပဲ ဆွေးမြေ့ပြီး ကျိုးပဲ့ပျက်စီးမှုများကြောင့် လုံးဝအသုံးပြု၍ မရတော့ပါ။

ထို့ကြောင့် ပရိသတ်များအန္တရာယ်ကင်းပြီး လုံခြုံစိတ်ချစွာ ကြည့်ရှုနိုင်ရန် နတ်တလင်းမြို့ မြို့နယ်အားကစားကွင်းအတွင်းရှိ ပွဲကြည့်စင်အား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ ပဲမခမ်းကျေးရွာအုပ်စု၊ ကျေးလက်ကျန်းမာရေးဌာနမှ အဆောက်အဦများသည် Autumm Dream ကုမ္ပဏီမှ ၂၀၁၅-၂၀၁၆ဘတ်ဂျက် ၈၀. ၀၀ကျပ်သန်းဖြင့် ဆေးခန်းဆောက်လုပ်ရန်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘတ်ဂျက် ၄၂. ၀၀ကျပ်သန်းဖြင့် ဝန်ထမ်းအိမ်ရာကိုလည်းကောင်း တည်ဆောက်ရန် ဖြစ်သော်လည်း ကုမ္ပဏီမှ ဆေးခန်းဆောက်လုပ်သည့်နှစ်မှာပင် ဝန်ထမ်းအိမ်ရာကိုပါ တစ်ခါတည်းဆောက် လုပ်ခဲ့ပါသည်။

ထိုသို့ ဆောက်လုပ်ခဲ့ရာတွင် ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ဒေသခံဆေးခန်းကော်မတီတို့၏ ကြီးကြပ်ကွက်ကဲမှုများကို လုံးဝလက်မခံ အသိအမှတ်မပြုဘဲ သူတို့သဘော ဆန္ဒအတိုင်း ဆောက်လုပ်သွားခဲ့ရာ ယခုအခါဆေးခန်းကို အသုံးပြုနေပြီဖြစ်သော်လည်း ဝန်ထမ်းအိမ်ရာများမှာမူ ဝန်ထမ်းများနေထိုင်အသုံးပြုရန် လိုအပ်ချက်များရှိနေပြီး လုံးဝအဆင်ပြေမှုမရှိသေးပါ။ ဆေးခန်းအတွင်း ကွန်ကရစ်လမ်းများမှာလည်း ကျိုးပေါက်ပျက်စီးနေသည့်အတွက် ယာဉ်များလည်းဝင်ထွက်သွားလာ၍ မရတော့ပါ။

ဒေသခံဆေးခန်းကော်မတီမှ လိုအပ်ချက်များကို ဓါတ်ပုံများနှင့်တကွ မြို့နယ်ကုသရေးဦးစီးဌာနမှူးထံသို့ တင်ပြထားရာ ၎င်းမှတစ်ဆင့် တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာသို့ ဆက်လက်ပေးပို့တင်ပြထားရာ အကြောင်းတစ်စုံတစ်ရာဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် လိုအပ်သလိုဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)တို့နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နတ်တလင်းမြို့၊ မြို့နယ်အားကစားကွင်းအတွင်းရှိ ပွဲကြည့်စင်အား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ မြို့နယ်အားကစားကွင်းအတွင်းရှိ ပွဲကြည့်စင်အားပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားချက်မှာ ပြန်လည်ပြုပြင်လိုသည့် ပွဲကြည့်စင် အတွက် မြို့နယ်အင်ဂျင်နီယာမှ ဒေသပေါက်ဈေးနှင့်အညီ အသေးစိတ်တွက်ချက်မှုပုံစံ Drawing နှင့် Estimate

များဖြင့် တင်ပြတောင်းခံလာပါက အနီးစပ်ဆုံး ဘဏ္ဍာနှစ်(BE) ခွင့်ပြုရန်ပုံငွေစာရင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြတောင်းခံပေးသွားမည် ဖြစ်ပါသည်။ တစ်ဆက်တစ်စပ်တည်း ကျွန်တော် ပြောလိုတာက အားကစား(BE) ရန်ပုံငွေမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က တောင်းရပါသည်။ ပြည်ထောင်စု ဘတ်ဂျက် ဆိုတာမရှိပါကြောင်း၊ နည်းပါးသည်။ တောင်းသည့်အခါ အကုန်လုပ်ပေးလိုသော်ငြားလည်း ဘဏ္ဍာရေး ဘတ်ဂျက် အခက်အခဲရှိသည့်အတွက်ကြောင့် မြို့နယ်များမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာပါသည့် မြို့နယ်ဆိုလျှင် ကျွန်တော်က လျှော့ပေါ့စဉ်းစားပြီး ၎င်းကို နံပါတ်(၂)နေရာမှာ စဉ်းစားပြီး တစ်ခါမှ ဆောင်ရွက်ပေးခြင်း မရှိရသေးသည့် မြို့နယ်ဆိုလျှင် နံပါတ်(၁)ဦးစားပေးအနေနှင့် အားကစားရုံ၊ အားကစားကွင်း အုတ်တံတိုင်းကာရံခြင်းတို့ကို ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“နတ်တလင်းမြို့နယ်၊ ပဲမခမ်းကျေးရွာအုပ်စု၊ ကျေးလက်ကျန်းမာရေးဌာနမှ အဆောက်အဦများသည် Autumn Dream ကုမ္ပဏီမှ ၂၀၁၅-၂၀၁၆ ဘတ်ဂျက် (၈၀. ၀၀) ကျပ်သန်းဖြင့် ဆေးခန်းကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘတ်ဂျက် (၄၂. ၀၀) ကျပ်သန်းဖြင့် ဝန်ထမ်းအိမ်ရာကိုလည်းကောင်း၊ ဆောက်လုပ်ခဲ့ပြီး ဝန်ထမ်းအိမ်ရာများမှာ အဆင်ပြေမှုမရှိ၍လည်းကောင်း၊ ဆေးခန်းအတွင်း ကွန်ကရစ်လမ်းများမှာ ယာဉ်များဝင်ထွက် သွားလာ၍ မရသဖြင့်လည်းကောင်း တင်ပြမှုအား အကြောင်းတစ်စုံတစ်ရာ ဆောင်ရွက်ပေးခြင်းမရှိသည့် အတွက် လိုအပ်သလို ဆောင်ရွက်ပေးပါရန်တင်ပြမှု”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့နယ် ပဲမခမ်းကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦအား တင်ဒါအောင်မြင်သည့် Autumn Dream ကုမ္ပဏီမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ခဲ့ရာ (၂၅-၈-၂၀၁၆) ရက်နေ့တွင် ကုမ္ပဏီမှအဆောက်အဦလွှဲပြောင်းအပ်နှံခဲ့ပါသည်။

ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများ တာဝန်ထမ်းဆောင် နေထိုင်လျက်ရှိသော်လည်း ဆေးပေးခန်း၏ ဝင်ပေါက်၊ထွက်ပေါက်လမ်းများ ပျက်စီးနေခြင်း၊ ဝန်ထမ်းအိမ်ရာမျက်နှာကျက်များ ပြုတ်ကျနေခြင်း၊ မှန်ကွဲနေမှုနှင့် မိလ္လာပိုက် အဆင်မပြေမှုများအား သက်ဆိုင်ရာကုမ္ပဏီမှ ပြန်လည်ပြင်ဆင် ပေးနိုင်ရေးအတွက် ကုမ္ပဏီမှတာဝန်ရှိသူများအား တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လာရောက် တွေ့ဆုံရန်အကြောင်းကြားခဲ့သော်လည်း ကုမ္ပဏီမှလာရောက်တွေ့ဆုံခြင်း မရှိခဲ့ပါသဖြင့် အဆိုပါအဆောက်အဦ နှင့် လမ်းများ ပျက်စီးမှုအတွက် ပြုပြင်ပေးရန်ကြန့်ကြာခဲ့ရခြင်း ဖြစ်ပါသည်။

ယခုအခါ (၂၂-၆-၂၀၁၇) ရက်နေ့တွင်သက်ဆိုင်ရာ Autumn Dream ကုမ္ပဏီသို့ တာဝန်ရှိသူ ကိုယ်တိုင်မပျက်မကွက်လာရောက်တွေ့ဆုံရန် ခေါ်ယူ၍ပဲမခမ်းကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်း အိမ်ရာမှပျက်စီးချို့ယွင်းမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် ညွှန်ကြားခဲ့ပါသည်။ Autumn Dream ကုမ္ပဏီမှလည်း အဆိုပါ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၏ ဝင်ပေါက်၊ ထွက်ပေါက်လမ်းများ ပျက်စီးနေခြင်း၊ ဝန်ထမ်းအိမ်ရာ မျက်နှာကျက်များ ပြုတ်ကျနေခြင်း၊ မှန်ကွဲနေမှုနှင့် မိလ္လာပိုက် အဆင်မပြေမှုများအား

(၂၃-၆-၂၀၁၇) ရက်နေ့မှစ၍ (၆-၇-၂၀၁၇) ရက်နေ့နောက်ဆုံးထားပြီး ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။ အဆိုပါပျက်စီးမှုများအား ကုမ္ပဏီမှပြန်လည်ပြုပြင်ပြီးစီးပါက ဓါတ်ပုံအထောက်အထား များနှင့်တကွ ပြန်လည်တင်ပြသွားမည်ဖြစ်ပါကြောင်းကုမ္ပဏီ၏ ဝန်ခံကတိပြုမှုအား လေးစားစွာ ဖြေကြားအပ် ပါသည်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။နံပါတ်(၂)မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဖြေကြားထားသည့် အထဲမှာ (၂၅-၈-၂၀၁၆)ရက်နေ့တွင် ကုမ္ပဏီက လွှဲပြောင်းအပ်နှံသည်ဟု သိရပါသည်။ ၎င်းနေရာများ ၂၀၁၆ခုနှစ် ဧပြီလတွင် ဆေးခန်းကို ကျွန်တော်ဝင်ရောက်ကြည့်ရှုရာ၌ ဆေးခန်း၏လိုအပ်ချက်များသည် အလွန် များနေ၍ ကျွန်တော်က ကျေးလက်ကျန်းမာရေးဆေးပေးခန်း၏ ကော်မတီကို ၎င်းဆေးခန်းအား အအပ်လက်မခံ ပါနှင့်ဟု ပြောကြားခဲ့ပါသည်။ ၎င်းကော်မတီအနေနှင့် ယနေ့အထိ လက်မှတ်ထိုးပေးခဲ့ခြင်းမရှိပါ။ ၎င်းဆေးခန်း အပ်နှံသည့်အခါမှာ လက်ရှိကျေးလက်ကျန်းမာရေးဌာန ကော်မတီအနေနှင့် လက်မှတ်မထိုးရဘူးလားဆိုသည့် တစ်ချက်နှင့် ကျွန်တော်တို့ (၂)ကြိမ်ခေါ်ယူပြီး စစ်ဆေးပြုပြင်ခဲ့သည့် ဆေးခန်းသည် ပြည်မြို့နယ်မှ ဦးသက်ဝင်းလှိုင်၏ အဆိုနှင့် ၎င်းကုမ္ပဏီကိုလည်း အဆိုတင်သွင်းပြီး အဆိုတင်ထားတာရှိပါသည်။ ၎င်းကုမ္ပဏီက အဆို တင်ထားသည့် နောက်ပိုင်းမှာ လေးစားသမှုမရှိဘဲနှင့် ၎င်းဆေးခန်းကို (၂)ကြိမ်ခေါ်ပြီး ပြုပြင်သော်လည်း ရသေ့စိတ်ဖြေဆိုသလို အပေါ်ယံသပ်ကာရပ်ကာဘဲလာပြီး ပြုပြင်သွားသည်ဖြစ်သည့်အတွက် ယနေ့အထိ ဆေးခန်းနှင့်ဝန်ထမ်းအိမ်ရာများမှာ အသုံးပြု၍မရခဲ့ပါ။ (၂)ကြိမ်ခေါ်ယူစစ်ဆေးပြီး မြို့နယ်အင်ဂျင်နီယာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ မြို့နယ်ဆရာဝန်ကြီးများနှင့် (၂)ကြိမ်ခေါ်ယူပြီး စစ်ဆေးပြုပြင်ခိုင်းသည့် အခါမှာ ပေါ့ပေါ့တန်တန်လုပ်သွားသည့်အတွက် ဒီတစ်ကြိမ်မှာလည်း တစ်ခါတည်းအပြီးအစီး မည်ကဲ့သို့ ကြပ်မတ်ပြီး ဆောင်ရွက်စေခိုင်းမလည်းဆိုသည်ကိုလည်း ကျွန်တော့်အနေနှင့် ထပ်မံပြီးသိချင်သည့် မေးခွန်းတစ်ခု ဖြစ်ပါသည်။ ၎င်းဆေးခန်းအတွက် ခွင့်ပြုသည့်ငွေက သိန်း(၈၀၀)ဖြစ်ပြီး ဆေးခန်းဆိုသည်မှာ အလွန်အကျယ်ကြီး မဟုတ်ပါကြောင်း၊ ငွေနှင့်ဆေးခန်းမှာလည်း မမျှလောက်အောင် များစွာတွေ့ရပါသည်။ ၎င်းဆေးခန်းကို ကုမ္ပဏီက အလွန်ဆိုးဆိုးရွားရွားဆောင်ရွက်သွားခြင်း ဖြစ်ပါသည်။ ယခုအချိန်အထိ မျက်နှာကျက်အမိုးများ ပြုတ်ကျနေခြင်း၊ မိလ္လာပိုက်လိုင်းများ သုံးမရခြင်း၊ အဝင်ပေါက်ကွန်ကရစ်လမ်းများမှာ ဆေးခြင်ထောင်ကား မောင်းတာနှင့် ကွန်ကရစ်လမ်းများမှာ နိမ့်ကျပြီး အားလုံးပျက်စီးပြီး မောင်းမရဘဲ ဖြစ်သွားပါသည်။ ၎င်းကုမ္ပဏီ များအား ကြပ်ကြပ်မတ်မတ်နှင့် ယခုအကြိမ်မှာ တစ်ခါတည်း ဆောင်ရွက်ပေးရန် လိုမည်ဆိုသည့်အကြောင်းကို ကျွန်တော့်အနေနှင့် ပြန်လည်ပြီး မည်ကဲ့သို့ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်မည်ဆိုသည့် မေးခွန်းအား ဆက်စပ် မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်းကို စည်ပင်သာယာရေး နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ပျက်စီးမှုကို ပြန်ပြင်၍ ပြန်လည်တင်ပြသည့်အခါမှာ ဓါတ်ပုံအထောက်အထားနှင့်တကွ ပြန်လည်တင်ပြရန် ပြောကြားထား ပါသည်။ ယနေ့မှာ ဓါတ်ပုံအထောက်အထားကိုကြည့်၍ ကျွန်တော်တို့လက်ခံနိုင်သည့် အနေအထားဖြစ်လျှင် ကျွန်တော်တို့လက်ခံပြီး လက်မခံနိုင်သည့်အတိုင်းအတာ လိုသေးသည်ဆိုလျှင် လိုသည့်အရာကို ပြန်ပြီး ဆောင်ရွက်ခိုင်းမည်ဖြစ်ပါသည်။ အနီးစပ်ဆုံး နတ်တလင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် နတ်တလင်းမြို့နယ် ဆရာဝန်တို့ကိုလည်း ကျွန်တော်တို့ အနီးကပ်ကြီးကြပ်ပြီး လိုအပ်ချက်များကို အကောင်းဆုံးကုမ္ပဏီအနေနှင့် ပြုပြင်ဆောင်ရွက်သွားရန် ကျွန်တော်တို့အဓိက ညွှန်ကြားသွားမည်ဖြစ်သည့်အကြောင်း ပြန်လည်ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆောက်အဦလွှဲပြောင်းလက်ခံတာကို လက်မှတ်ထိုးပြီး လက်ခံခွင့်ရှိ/မရှိလည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရသည့်အတွက်ကြောင့် ကုမ္ပဏီမှ ပြီးခဲ့သည့်အစိုးရနှင့် မည်ကဲ့သို့ ချုပ်ဆိုသည် ဆိုသည်ကို စာချုပ်စာတမ်းမှာကြည့်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါသည်။ ကျွန်တော်တို့က ကုမ္ပဏီမှာ အထူးသဖြင့် ယေဘူယျဆန်ဆန် ပြောရမည်ဆိုလျှင် ကုမ္ပဏီတိုင်းနှင့် ချုပ်ဆိုရာတွင် သက်တမ်းအားဖြင့် (၃)နှစ်သော် လည်းကောင်း၊ (၄)နှစ်သော်လည်းကောင်း အသီးသီးချုပ်ဆိုကြသည်ဖြစ်၍ ၎င်းကုမ္ပဏီက (၃) (၄)နှစ်အတွင်းမှာ ပျက်စီးလျှင် ကုမ္ပဏီများမှ ကိစ္စဝိစ္စအားလုံးကို ပြန်ပြင်ရမည့်အပိုင်းရှိပါသည်။ စာချုပ်ပါစည်းမျဉ်း စည်းကမ်းအတိုင်း ဆောင်ရွက်ခြင်းမရှိလျှင်၊ ဖောက်ဖျက်လျှင် စာချုပ်ပါစည်းမျဉ်း စည်းကမ်းအတိုင်း အရေးယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပ မည်ဖြစ်ကြောင်းနှင့် သတ္တမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နံနက်ပိုင်းကို (၁၁း၅၅)နာရီတွင် ခေတ္တရပ်နား ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာ ဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ ဥပဒေပြုရေးကော်မတီမှ တင်သွင်းသည့်အစီရင်ခံစာ(၂/၂၀၁၇)

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀ /၂၀၁၇ ဖြင့် ၂၀၁၇ ခုနှစ် မေလ( ၈ )ရက်နေ့တွင် အောက်ပါအဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| - | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

ဥပဒေပြုရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၇)ကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့နှင့် (၄)ရက်နေ့တို့တွင်လည်းကောင်း၊ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၇)ကို မေလ (၂၃)ရက်နေ့မှ (၂၆)ရက်နေ့အထိလည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး၊ ၂၀၁၇ခုနှစ် မေလ(၂၉) ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ် ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅/၂၀၁၃) ရေချိုငါးလုပ်ငန်းဥပဒေနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့အား ကြားနာခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လ(၁)ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်ပူးပေါင်း၍ MCERP အဖွဲ့ထံမှ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ရေချိုငါးလုပ်ငန်းဥပဒေပြင်ဆင်ဆောင်ရွက်ခဲ့မှု အခြေအနေများအား ကြားနာခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လ(၁၂)ရက်နေ့မှ (၁၆)ရက်နေ့အထိ ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၇)ကို ပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် (၅/၂၀၁၃) ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၁)မှ အခန်း(၇)အထိ အသေးစိတ်ဆွေးနွေးသုံးသပ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လ (၂၂) ရက်နေ့နှင့် (၂၃)ရက်နေ့တို့တွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ ဥပဒေပြုရေးကော်မတီမှတင်သွင်းမည့် အစီရင်ခံစာအား ရေးသားပြုစုခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လ (၂၆)ရက်နေ့နှင့် (၂၇)ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့

လာသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့အား ကြားနာခဲ့ပြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)ကို ဆက်လက်ဆွေးနွေးသုံးသပ်၍ အစီရင်ခံစာ တင်သွင်းနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လ (၂၈)ရက်နေ့တွင် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ပြည်တွင်းကုန်တင်ကုန်ချ လုပ်ငန်း တိုင်းဒေသကြီးဦးစီးအရာရှိအား ကြားနာခြင်းအစည်းအဝေးသို့ တက်ရောက်လေ့လာခဲ့ပါသည်။ ဇွန်လ(၃၀) ရက်နေ့တွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ ဥပဒေပြုရေး ကော်မတီမှ တင်သွင်းမည့် အစီရင်ခံစာအား ထပ်မံဖြည့်စွက်ရေးသားပြုစုခဲ့ပါသည်။

## ရည်ရွယ်ချက်များ

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့လာသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)ကို ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅/၂၀၁၃) ရေချိုငါးလုပ်ငန်းဥပဒေအား ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်နိုင်ရန်။

## လုပ်ငန်းဆောင်ရွက်ချက်များ

၂၀၁၇ခုနှစ်၊ ဧပြီလ(၃)ရက်နေ့နှင့်(၄)ရက်နေ့တို့တွင် ဥပဒေပြုရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၇)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၏ ကော်မတီသက်တမ်း တစ်နှစ်တာကာလအတွင်းလုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုင်ကြားစာများကို သုံးသပ်ဆွေးနွေးခဲ့ကြပြီး အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါသည်-

- ကော်မတီသက်တမ်း တစ်နှစ်တာကာလအတွင်းလုပ်ငန်းဆောင်ရွက်ချက်များ၊ အစီရင်ခံ စာများအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်။
- ဦးခင်မောင်လွင်၏ တိုင်ကြားစာအရ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အများပြည်သူ၏ အသက်အန္တရာယ်၊ ယာဉ်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရေး အတွက် လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေး အကြောင်းကြားပေးပါရန်။
- ဒေါ်ဖြူနှင်းလွင်၏ တိုင်ကြားစာအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က မည်သို့ ဆောင်ရွက် ထားသည်ကို အကြောင်းပြန်ကြားပေးရန်။
- ဒေါ်ကေဇင်လတ်၏ တိုင်ကြားစာအား ဥပဒေကြောင်းအခွင့်အရေးအရ ပြည်ထောင်စု တရားလွှတ်တော်သို့ ပြင်ဆင်မှုဆက်တက်ရန်အတွက် အကြောင်းကြားပေးနိုင်ပါရန်။
- ဒေါ်အေးလှိုင်၏တိုင်ကြားစာအရ ရဲအရာခံသန်းလင်းဦးကို စိစစ်ပြီး ဥပဒေနှင့် ညီညွတ်မှု မရှိကြောင်း တွေ့ရှိရပါက ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူပေးပါရန်။
- ဦးသိန်းအောင်၏တိုင်ကြားစာနှင့်ပတ်သက်၍ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မှန်ကန်မှုရှိ/မရှိစိစစ်ပြီး မည်သို့ဆောင်ရွက်ထားကြောင်း ဆောင်ရွက်ထားမှုအခြေအနေအား အကြောင်းပြန်ကြားပေးရန်။
- ဦးမြင့်အောင် ပါ(၃)ဦး၏တိုင်ကြားစာအရ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက စိစစ် အရေးယူဆောင်ရွက်နိုင်ရေးနှင့် ဆောင်ရွက်မှုအခြေအနေအား အကြောင်း ပြန်ကြားပေးရန်။

၂၀၁၇ ခုနှစ် မေလ (၂၃)ရက်နေ့မှ(၂၆)ရက်နေ့အထိတွင် ဥပဒေပြုရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၇)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅/၂၀၁၃) ရေချိုငါးလုပ်ငန်းဥပဒေပါ အခန်း(၁၄)ခန်းအား တစ်ခန်းစီဖတ်ကြား၍ ပြင်ဆင်သင့်သည့်အချက်များ၊ ဖြည့်စွက်သင့်သည့် အချက်များနှင့်ပယ်ဖျက်သင့်သည့်အချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြပြီး အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

- (၂၉-၅-၂၀၁၇) ရက်နေ့တွင် ဥပဒေပြုရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူ လယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတို့ ပူးပေါင်းပြီး ရေချိုငါးလုပ်ငန်း ဥပဒေနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး နှင့် အဖွဲ့အား ကြားနာပွဲပြုလုပ်ရန်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅) ရေချိုငါးလုပ်ငန်းဥပဒေပါ အခန်း (၁၄)ခန်းတွင် ပြင်ဆင်ဖြည့်စွက်ရန် တွေ့ရှိချက်များအား ကြားနာပွဲတွင် မေးမြန်းရန်။
- ကြားနာပွဲရလဒ်ကို အခြေခံ၍ နောက်တစ်ကြိမ်အစည်းအဝေးတွင် ထပ်မံ ဆွေးနွေးရန်။

၂၀၁၇ခုနှစ် မေလ(၂၉)ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူ လယ်သမားနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာကော်မတီ(၂)ရပ် ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေအမှတ်(၅/၂၀၁၃) ရေချိုငါးလုပ်ငန်းဥပဒေနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့အား ကြားနာခဲ့ပြီး ဇွန်လ(၁)ရက်နေ့တွင် MCERP အဖွဲ့နှင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် ရေချိုငါးလုပ်ငန်း ဥပဒေပြင်ဆင်ဆောင်ရွက်ခဲ့မှု အခြေအနေများအား ကြားနာခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဇွန်လ(၁၂)ရက်နေ့မှ (၁၆)ရက်နေ့အထိ ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ် ပူးပေါင်းအစည်း အဝေးအမှတ်စဉ်(၁/၂၀၁၇)ကို ပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅/၂၀၁၃) ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၁)မှ အခန်း(၇)အထိ အသေးစိတ်ဆွေးနွေးသုံးသပ်ခဲ့ကြပြီးပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ခေတ်စနစ်နှင့်မလျော်ညီသည့် ဥပဒေပုဒ်မများအား ပယ်ဖျက်ခြင်းများဆောင်ရွက်ခဲ့ပြီး အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

- ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆိုင်ရာ အခန်း(၁)ခန်းထပ်မံဖြည့်စွက်ရန်။
- မူလဥပဒေ(၅/၂၀၁၃) အခန်း(၁)မှ အခန်း(၇)အထိဆွေးနွေးပြီးကြောင်း မှတ်တမ်း တင်ရန်။
- ကျန်ရှိသော အခန်း(၈)မှ အခန်း(၁၄)အထိအား နောက်တစ်ကြိမ် ပူးပေါင်း အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန်။

၂၀၁၇ ခုနှစ် ဇွန်လ(၂၂)ရက်နေ့နှင့် (၂၃)ရက်နေ့တို့တွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ ဥပဒေပြုရေးကော်မတီမှတင်သွင်းမည့်အစီရင်ခံစာအား ရေးသားပြုစုခဲ့ပြီး အောက်ပါအတိုင်းဆုံးဖြတ်ခဲ့ကြပါသည်-

- ၂၀၁၇ ခုနှစ် ဇွန်လ(၂၆)ရက်နေ့နှင့်(၂၇)ရက်နေ့တို့တွင် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၂)ရပ် ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့လာသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား ကြားနာခြင်းဆောင်ရွက်ရန်။
- ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့လာသည့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဥပဒေ (မူကြမ်း)နှင့်ပတ်သက်၍ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းရန်။

၂၀၁၇ ခုနှစ် ဇွန်လ(၂၆)ရက်နေ့နှင့် (၂၇)ရက်နေ့တို့တွင် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၂)ရပ် ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့လာသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ (မူကြမ်း)နှင့်ပတ်သက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့အား ကြားနာခြင်းဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းလာသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း) တစ်ခုလုံးမှာ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းထားသော တည်ဆဲဥပဒေဖြစ်သည့် အသေးစားစက်မှုလက်မှု လုပ်ငန်း မြှင့်တင်ရေးဥပဒေနှင့် ထပ်တူနီးပါးတူညီနေကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေဖြစ်သော အသေးစားစက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ရေး ဥပဒေကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်မှ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေဟု ပြဋ္ဌာန်း ဆောင်ရွက်မည်ဆိုပါက ပြည်ထောင်စုဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ ကျော်လွန်နေသည်ဟုယူဆပါသဖြင့် လမ်းညွှန်မှုပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြပေးပါရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးသို့ ဥပဒေပြုရေးကော်မတီမှ တင်သွင်းမည့်အစီရင်ခံစာတွင် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းလာသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)အပေါ် ကြားနာခြင်းအစည်းအဝေးမှ ထွက်ပေါ်လာသည့် သုံးသပ်ချက်များထပ်မံဖြည့်သွင်း ရေးသားပြုစုခဲ့ပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၈၈ ဇယား(၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ဘဏ္ဍာရေးနှင့် စီမံကိန်း ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ပဲခူးတိုင်းဒေသကြီးအတွက် အမှန်တကယ် အကျိုးရှိပြီး ခေတ်စနစ်နှင့်လျော်ညီသည့် ဥပဒေများပေါ်ပေါက်လာစေရေးအတွက် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့် ကော်မတီ၏အစီရင်ခံစာများ၊ အစည်းအဝေး ဆုံးဖြတ်ချက်များကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

- ဥပဒေပြုရေးကော်မတီ၏(၁/၂၀၁၇)အစီရင်ခံစာပါ ရှေ့လုပ်ငန်းစဉ်များအား ဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်ရန်။

**နိဂုံး**

ဥပဒေပြုရေးကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် (၅/၂၀၁၃) ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၁)မှ အခန်း(၁၄)အထိဆွေးနွေးသုံးသပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့်ပူးပေါင်းပြီး ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၁)မှ အခန်း(၇)အထိ အသေးစိတ်ဆွေးနွေးသုံးသပ်ခြင်း၊ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်ပူးပေါင်းပြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)ကို ဆွေးနွေးသုံးသပ်ခြင်းနှင့် ဥပဒေပြုရေးကော်မတီ၏အစီရင်ခံစာပြုစုခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဥပဒေပြုရေးကော်မတီအနေဖြင့် ကော်မတီ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ပဲခူးတိုင်းဒေသကြီးအကျိုးအတွက် ခေတ်စနစ်နှင့်လျော်ညီသည့် ဥပဒေများပေါ်ပေါက်လာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးဌေးလွင်၊ ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအစီရင်ခံစာ

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ ၂၀၁၅ခုနှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူလူထုက တစ်ခဲနက်ရွေးချယ်တင်မြှောက်လိုက်သော အစိုးသစ်လက်ထက်မှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တစ်ခု တိုးချဲ့ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားပြည်သူများ၏ အရေးကို ရှေ့ရှု၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးမှသည် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးနှင့် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရေး အတွက်လည်းကောင်း၊ တိုင်းရင်းသား များ၏ အခွင့်အရေးများ တန်းတူရရှိစေရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ပတ်သက် သော လူပုဂ္ဂိုလ်များ၊ တိုင်းရင်းသားခေါင်းဆောင်များအား ဖိတ်ကြားဆွေးနွေးခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ ဆောင်ရွက်လျက် ရှိပါသည်။

## ရည်ရွယ်ချက်

- တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊ အပြန်အလှန် ရိုင်းပင်းကူညီရေး။
- တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေယဉ်ကျေးမှု အနုပညာများ ဖွံ့ဖြိုးတိုးတက်စေရေး။
- တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့်
- ယခင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သော အစီရင်ခံစာပါ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များအား လွှတ်တော်မှ တိုင်းဒေသကြီး အစိုးရအဖွဲ့အား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေး နိုင်ရန် ရည်ရွယ်ပါသည်။

## ကော်မတီ၏လုပ်ဆောင်ချက်များ

- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၃၀. ၃. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဆိုင်ရာ ပရိုရမ်သို့တက်ရောက်ခြင်း။
- (၂. ၅. ၂၀၁၇)ရက်နေ့နှင့် (၃. ၅. ၂၀၁၇)ရက်နေ့များ၌ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာအစည်းအဝေးကော်မတီခန်းမတွင် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အလုပ်သမားရေးရာ ကော်မတီနှင့် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီတို့မှ ပူးပေါင်းကော်မတီ အစည်းအဝေး (၂)ရက်ပြုလုပ်ပြီး သက်ဆိုင်ရာ တိုင်းပညာရေးဌာနမှလည်း ပညာရေး ကိစ္စရပ်များ တက်ရောက် ဆွေးနွေးခဲ့ပါသည်။
- (၂၃. ၅. ၂၀၁၇)ရက်နေ့မှာ ရွှေကျင်-ကျောက်ကြီး သာသနာ့အသင်းတော်နှင့် ကျောက်ကြီး မြို့နယ်၊ ကရင်စာပေယဉ်ကျေးမှုကော်မတီတို့မှ ပူးပေါင်းကျင်းပပြုလုပ်သော တိုင်းရင်းသား စာပေသင် ဆရာ/ဆရာမများ သင်တန်းဆင်းပွဲသို့ တက်ရောက်ခြင်း။
- (၅. ၆. ၂၀၁၇)ရက်နေ့မှာ သစ်တော၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စီမံကိန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးကော်မတီအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌတို့ ပူးပေါင်း၍ ရွှေကျင်မြို့နယ်၊ ရွှေဖောင်အား လေ့လာကွင်းဆင်းကြည့်ရှုခြင်း။
- (၁၂. ၆. ၂၀၁၇)ရက်နေ့မှ (၁၃. ၆. ၂၀၁၇)ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမတွင် တိုင်းရင်းသားခေါင်းဆောင် (၆)ဦးအား ဖိတ်ကြား၍ ရေးရာကော်မတီ အစည်းအဝေး ကျင်းပပြုလုပ်ခြင်း။

- (၁၇. ၆. ၂၀၁၇)ရက်နေ့မှာ တောင်ငူမြို့၌ ကျင်းပပြုလုပ်သော ပဲခူးတိုင်းအရှေ့ခြမ်း၊ ရှမ်းတိုင်းရင်းသားလူငယ်များ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး အသင်း နှစ်ပတ်လည်ပွဲသို့ တက်ရောက်ခြင်း။
- (၂၀. ၆. ၂၀၁၇)ရက်နေ့မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သော မိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ ပြန်လည်ထူထောင်ရေးနှင့် ကူညီ ထောက်ပံ့ရေး (၃)လပတ် လုပ်ငန်းညှိနှိုင်းအစည်းဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ တက်ရောက်ခဲ့ပါသည်။

## ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ

- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအဖွဲ့ဝင် တပ်မတော်သား ကိုယ်စားလှယ် (၁)ဦး ပြောင်းရွှေ့သွားခြင်းအပေါ် ကော်မတီအဖွဲ့ဝင် အစားထိုးတာဝန်ပေးအပ်နိုင်ရန်။
- လစဉ်ပုံမှန်ကျင်းပပြုလုပ်မည့် ရေးရာကော်မတီအစည်းအဝေးများတွင် တိုင်းရင်းသား လူငယ်များ (ကယား၊ ကရင်၊ ချင်း၊ ပအိုဝ်၊ မွန်၊ ဗမာ၊ ရှမ်း) တိုင်းအဆင့် ခေါင်းဆောင်နှစ်ဦးစီ ဖိတ်ကြားတက်ရောက်နိုင်ရန်။
- တိုင်းရင်းသားစာပေသင်ကြားမှုအခြေအနေများကို တိုင်းအတွင်း မြို့နယ်အလိုက် ကွင်းဆင်း လေ့လာမှုများ ပြုလုပ်ရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အထိမ်းအမှတ်ပွဲတော်များတွင် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီက လွှတ်တော်တွင် တင်ပြထားသော အစီရင်ခံစာများအား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများထံ ပေးပို့၍ လက်တွေ့ဆောင်ရွက်နိုင်ရေး တိုက်တွန်းရန်။
- တိုင်းရင်းသားစာပေ သင်ကြားရေးနှင့်ပတ်သက်၍ တိုင်းရင်းသားစာပေယဉ်ကျေးမှု ကော်မတီများမှ တင်ပြလာသော ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအား လွှတ်တော်တွင် ခေါ်ယူ တွေ့ဆုံကြားနာမှုများပြုလုပ်နိုင်ရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် ပြည်သူအကျိုးရှေးရှုကာ ကော်မတီ လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တစ်ခြားသော လွှတ်တော်ရေးရာကော်မတီများနှင့် လုပ်ငန်းအစည်းအဝေးများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ များတွင် ပူးပေါင်းပါဝင်ခွင့်ရရှိစေရေးအတွက် အစိုးရအဖွဲ့အား တိုက်တွန်းဆောင်ရွက်သွားရန်။

**နိဂုံး**

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းရင်းသားတို့၏ လူမှုဘဝမြင့်မား တိုးတက်စေရေးကို ရှေးရှု၍ တိုင်းဒေသကြီးလွှတ်တော်၏ အင်အားတစ်ခုအဖြစ် ပါဝင်ဆောင်ရွက်နေမည်ဖြစ်ကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်းသတ်မှတ်ချကင်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝ ရရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း"** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးမှ အမည်စာရင်း တင်ပြထားပါတယ်။

**ဥက္ကဋ္ဌ**။ ။သို့ဖြစ်၍ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ယနေ့အစည်းအဝေးသို့ ကြွရောက် ကြသော လေးစားအပ်သည့် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်ကြသူအားလုံးမင်္ဂလာပါဟု နှုတ်ခွန်း ဆက်သအပ်ပါသည်။ ကျွန်တော်ကတော့ ရွှေကျင်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။

ဒေါ်ဇင်မိုးထိုက် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေး ကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုနဲ့ ပတ်သက်ပြီး ထပ်ဆင့်ထောက်ခံသွားပါမယ်။

ကျွန်တော်တို့တိုင်းဒေသကြီးအနေနဲ့ လုပ်ငန်းလိုင်စင်များထုတ်ပေးတဲ့နေရာမှာ ဦးစွာပထမ လွယ်ကူ ရှင်းလင်းမှန်ကန်အောင် ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ မြို့နယ်အဆင့်မှာ အချက်အလက်အရ ဇယားများပြည့်စုံအောင် ကြိုတင်ပြုစုခိုင်းထားပြီး နေ့ချင်းပြီးအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် မလိုလား အပ်သည့် ကုန်ကျစရိတ်များလျော့နည်းလာပြီး စိတ်ပါဝင်စားမှုများပါဝင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဈေးကွက် စီးပွားရေးစနစ်၊ ဒီမိုကရေစနစ်များနဲ့ လျှောက်လှမ်းနေပြီဖြစ်တဲ့အတွက် လူတိုင်းဟာ အခွန်ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်လာအောင် မဖြစ်မနေကြိုးစား ဆောင်ရွက်ရပါလိမ့်မယ်။ နိုင်ငံအနေ နှင့်လည်း ယခုအချိန်မှာ လိုငွေဘက်ဂျက်များနဲ့နေရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့မြို့နယ်ဟာ မြစ်၊ သဲ၊ ကျောက်စရစ်ထုတ်လုပ်မှု အတော်အသင့် ဖွံ့ဖြိုးတဲ့ဒေသတစ်ခုဖြစ်ပြီး လုပ်ငန်းအနေအထားမှာ နှစ်မျိုးရှိပါတယ်။ (၁) လူလုပ်အားဖြင့် မြစ်ချောင်းအတွင်းမှ တိုက်ရိုက်ကျုံးယူခြင်း၊ (၂)စက်ယန္တယားဖြင့် ထုတ်ယူခြင်းတို့ ဖြစ်ပါတယ်။ ဧရာဝတီမြစ်အတွင်း ထုတ်လုပ်မှုနဲ့က လွန်စွာနည်းပါတယ် အရည်အသွေးလည်းညံ့ပါတယ်။ ဒါပေမဲ့ထုတ်လုပ်သူများအနေနဲ့တော့ နိုင်ငံသယံဇာတကို ထုတ်ယူတာ ဖြစ်သည့်အတွက် ဖြစ်သင့်တဲ့နှုန်းထားများ အခွန်ထမ်းဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ စက်ယန္တရားဖြင့် ထုတ်ယူသူ(၂)ဦး၊ လုပ်အားဖြင့်ထုတ်ယူသူ(၅)ဦး လိုင်စင်ရှိကြပြီ လိုင်စင်မလုပ်သူများလည်း ရှိကြပါတယ်။ လိုင်စင်လုပ်သူများကလဲ အဖြစ်သဘောသာလုပ်ကြပြီ ရှေးအစဉ်အခါတိုင်း ဖောက်ပြန် လုပ်ကိုင်နေတာဖြစ်သည့်အတွက် နိုင်ငံတော်ဝင်ငွေများစွာ ထိခိုက်နေရပါတယ်။

၆. ၆. ၂၀၁၇ရက်နေ့က စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနဲ့သွားကြည့်သည် အတွေ့အကြုံကိုပြောမည်ဆိုလျှင် ဝန်ကြီးက စက်ယန္တရားဖြင့် ထုတ်နေတာလားမေးပါတယ်။ အခွန် ဘယ်လောက်ဆောင်ရသလဲ မေးတဲ့အခါ ၅သိန်းလို့ဖြေပါတယ်။ ဘာကြေးညာကြေးက ၁၅ သိန်းလောက် ကုန်သည်ဟုပြောပြီး လုပ်ငန်းကာလအတွင်း ကျင်း ၂၀၀ ထုတ်ခွင့်ရှိတယ်လို့ပြောတော့ ဝန်ကြီး ကျွန်တော် အံ့အားသင့်ခဲ့ရပါတယ်။ ကျွန်တော်အနေနဲ့ စက်ယန္တရားနဲ့ထုတ်တဲ့ ခွင့်ပြုလိုင်စင်တစ်ခု ရရှိရန် A4 စာရွက်(၅၀)ခန့် လက်မှတ်ပေါင်းက(၅၀)ခန့် တော့တွေ့ရပါတယ်။ ဒီလိုဖြစ်ရခြင်းဟာလဲခေတ်ကာလ နဲ့တော့ မဖြစ်သင့်တော့ဘူးလို့သုံးသပ်မိပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ကျွန်တော့်မဲဆန္ဒနယ်မှာ ဖြစ်နေတဲ့ကျောက်စရစ်ကောရွှေပါထုတ်ယူလို့ရတဲ့ သင်္ဘောအကြောင်းကိုတင်ပြပါမယ် တကယ်လည်း ခွင့်ပြုချက်မရှိဘဲ တည်ဆောက်ခဲ့တာဖြစ်တယ်။ အကယ်၍မတည်ဆောက်မီက သက်ဆိုင်ပြည်သူများက စနစ်တကျရှင်းပြပြီးမှ လုပ်ခဲ့မယ်ဆိုရင်တော့ယခုလိုပြဿနာမကြီးလာနိုင်ပါ တည်ဆောက်သည့် ကုမ္ပဏီ ဘက်ကလည်း ယခုလိုတန်ဖိုးကြီးမားသည့်ရင်းနှီးမှုအပေါ်မှာ ရွှေပါမှသတ္တုလိုင်စင်လျှောက်မယ် ဆိုတာ ကလည်း ကိုယ်စားလှယ်တစ်ဦးအနေနဲ့သုံးသပ်ချင်ပါသည်ထိန်ချန်ပြီတင်ပြတာလို့ယူဆပါသည်။

နောက်တချက်က KNU KNLA ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အမှတ်(၇)တပ်မဟာဌာနချုပ်၏ကွပ်မှုအောက်တွင်ထားရှိပြီးနိုင်ငံတော်အစိုးရပြည်ထောင်စုဝန်ကြီးရုံးများ၏ လမ်းညွှန်မှုတို့အားခံယူရာပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ်အတွင်းအရှည် ၆မိုင်ရှိ မ. ဒ. မချောင်းကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိဘဲ ဆောင်ရွက်ဖို့ ဗိုလ်မှူးကြီးစောပိုဒိုက တင်ပြလာတာဖြစ်သည့်အတွက်နှစ်ဖက်သတိထားပြီး ဆောင်ရွက်ရတဲ့သဘောရှိပါတယ်။ အဆိုရှင်ရဲ့လုပ်ငန်းအမှန်တကယ် အောင်ဖို့ရာကျွန်တော်တို့ရဲ့ တိုင်းအတွင်းရုံးလုပ်ငန်းဆိုင်ရာ အဆင်ပြေချောမွေ့စေရေး O.S.S စနစ်(One stop service)ကို ပီပြင်အောင်အကောင်အထည်ဖော် လိုအပ်ကြောင်းဆွေးနွေးရင်နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး(တတိယနေ့)တွင် တင်သွင်းသော ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်ဇင်မိုးထိုက်တင်သွင်းသော **"ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့်ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါသည်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ အဆိုရှင်တင်ပြသွားခဲ့သလိုပါပဲ မြစ်သဲကျောက်ထုတ်ယူနေမှုများအား တိုင်းဒေသကြီးအတွင်းမှာ မြစ်တိုင်းချောင်းတိုင်းလိုလိုမှာ ထုတ်ယူလျက်ရှိနေသော်လည်း နိုင်ငံတော်အတွက် အခွန်ငွေအပြည့်အဝရရှိခြင်း ရှိ/မရှိဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါသည်။ ကျွန်တော့်မြို့နယ်အတွင်းမှာဆိုလျှင် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှာ သဲအတွက်ကျင်း(၂၀၀၀)၂ဦး၊ ကျင်း(၁၀၀)၃ဦးဖြင့် လုပ်ငန်းလိုင်စင်(၅)ခုချပေးခဲ့ပြီး သဲတစ်ကျင်းလျှင် (၅၀၀)ကျပ်နှုန်းနှင့် ကျင်း(၇၀၀)ခွင့်ပြုခဲ့ပါသည်။ အခွန်ရရှိမှုမှာ ၃သိန်း၅သောင်းကျပ်သာ ရရှိခဲ့ပါသည်။ ချောင်းကျောက်အတွက် ကျင်း(၃၀၀)၂ဦး ကျင်း(၁၀၀)၇ဦးဖြင့် လိုင်စင်(၉)ခု ချပေးခဲ့ပြီး ကျောက်တစ်ကျင်းလျှင် (၂၅၀၀)ကျပ်နှုန်းနှင့် ကျင်း(၁၃၀၀)ခွင့်ပြုခဲ့ပြီး အခွန်ငွေ(၃၂၆၈၀၀၀) (သုံးဆယ့်နှစ်သိန်းခြောက်သောင်းရှစ်ထောင်)ကျပ် ရရှိခဲ့ပါသည်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား၊ သဲ(၁)ကျင်းကို လက်ရှိကျွန်တော်တို့ ဝယ်သုံးနေရသည်မှာ (၁)ကျင်းလျှင် (၁၂၀၀၀)ကျပ်နှုန်းနှင့် ကျောက်(၁)ကျင်းလျှင် (၂၂၅၀၀)ကျပ်နှုန်းနှင့် ဝယ်ယူသုံးစွဲနေရပါသည်။ အခွန်ဆောင်ရသည့်နှုန်းနှင့် တကယ်မြေပြင်တွင် ရောင်းချနေသည့်နှုန်းများမှာ လွန်စွာကွာဟနေပါသည်။ ထို့အပြင် အဆိုရှင်တင်ပြခဲ့သလိုပင် ကျင်းအရေအတွက်ကိုလဲ ခွင့်ပြုထားသည့် ကျင်းအရေအတွက်ထက်ပိုမို

ထုတ်ယူနေကြကြောင်း ကျွန်တော်တို့အနေနှင့် တွေ့ရှိရပါသည်။ လိုင်စင်ယူထားသည်မှာ သဲ(၁၀၀)ကျင်း ကျောက်(၁၀၀)ကျင်းဟု ဆိုသော်လည်း တကယ့်လုပ်ငန်းခွင်တွင် ပိုမိုထုတ်ယူမှုများရှိနေသော်လည်း စစ်ဆေးကြပ်မတ်မည့်သူများမှ တိကျရေရာစွာ ကြပ်မတ်ထိန်းကျောင်းမှုမရှိခြင်း၊ ခွင့်ပြုကျင်းအရေအတွက်အတိုင်း မှန်ကန်စွာထုတ်၊ မထုတ်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရသော်လည်း တာဝန်ရှိအုပ်ချုပ်ရေးမှူးများမှ တားဆီးပိတ်ပင်မှုများမရှိခြင်း၊ ဆိုလိုခြင်းများ လုပ်ငန်းခွင်တွင် တစ်နေ့ကျင်းမည်မျှထုတ်လုပ်နေသည်ကို စစ်ဆေးလျှင် သိရှိနိုင်ပါသော်လည်း စစ်ဆေးကြပ်မတ်မှုမလုပ်ဘဲ ထုတ်ချင်သလို ထုတ်ခွင့်ပြုထားခြင်း လိုင်စင်များချပေးရာတွင်လည်း သေချာစိစစ်မှုမပြုလုပ်ဘဲပြုနေခြင်း၊ ဥပမာ-ဖြူး-အုတ်ဖြတ်လမ်းဘေးပေ(၁၀၀)ခန့် အကွာတွင် ချောင်းသဲထုတ်ယူခွင့်ပြုခဲ့သဖြင့် ယခုအခါ ချောင်းကမ်းပါးပြိုကျလာပြီး ပြည်သူပိုင်လမ်းနှင့် ပေ(၁၀၀)ခန့်သာကွာဝေးတော့ပါသည်။ ယခုနှစ်တွင် ထုတ်ယူမှုမပြုတော့ပါ။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား အထက်ပါအကြောင်းများကြောင့် မြစ်ချောင်း၊ သဲကျောက်ထုတ်ယူရာတွင် သတ်မှတ်အခွန်နှုန်းထားများသည် မြေပြင်ဈေးနှုန်းများနှင့် လွန်စွာကွာဟနေခြင်း၊ အခွန်ဆောင်သည့် ကျင်းအရေအတွက်ထက်ပိုမို ထုတ်ယူနေသည်ကို ထိရောက်စွာတားဆီးအရေးယူမှုများ မပြုလုပ်သည့်အတွက် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများနစ်နာဆုံးရှုံးနေခြင်း၊ အများပိုင်လမ်း၊ တံတားများအနီးတွင် လိုင်စင်များထုတ်ပေးမှုများရှိနေခြင်းများကြောင့် ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ဇင်မိုးထိုက်မှ တင်သွင်းသော **"ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော်အနေဖြင့် လေးလေးနက်နက် ထောက်ခံပါကြောင်းဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ကျွန်တော်တို့ ရွှေတောင်မြို့နယ်သည် ဧရာဝတီမြစ်ကမ်းကို အလျားလိုက်တည်ရှိနေသော မြို့နယ်ဖြစ်ပါတယ်။ ဒါကြောင့်မြစ်သဲ၊ မြစ်ကျောက်စရစ်ထုတ်လုပ်သူလုပ်ငန်းရှင်များလည်းများပါသည်။ မြစ်သဲ၊ မြစ်ကျောက်စရစ် ထုတ်ယူသည့်လုပ်ငန်းများနှင့်ပတ်သတ်၍ အဆိုရှင် အဆို(၂)

- မြစ်ချောင်းများအတွင်း မြစ်သဲ၊ မြစ်ကျောက်စရစ်ထုတ်ယူသည့်အခါ မြစ်၊ ချောင်းများအတွင်း ရေလမ်းကြောင်းများပြောင်းလဲသွားပြီး မြစ်ကမ်းပါး၊ ချောင်းကမ်းပါးများ ပြိုကျခြင်းများကို နီးကပ်ရာဒေသနေ ပြည်သူခံစားရပါသည်။ ထို့ကြောင့်သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲသည့် နေရာမှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်ပါသည်။

- ယနေ့နိုင်ငံတော်၏ ဘတ်ဂျက်ဝင်ငွေသည် အခွန်ဘဏ္ဍာငွေပေါ်မှာ အဓိကအားထားနေရသော အချိန်ကာလဖြစ်သလို မြစ်သဲ၊ မြစ်ကျောက်စရစ်လုပ်ငန်းမှထုတ်ယူသည့်လုပ်ငန်းမှာလည်း အခွန်ဘဏ္ဍာငွေ အမြောက်အများရရှိပါသည်။ ထို့ပြင်ယနေ့နိုင်ငံတော်၏ တည်ဆောက်ရေး လုပ်ငန်းများတွင်လည်း မြစ်သဲ၊ မြစ်ကျောက်စရစ်များသည်လည်းမရှိလျှင် မဖြစ်သော အရေးကြီးသည့် ပစ္စည်းများဖြစ်ပါသည်။ ကျွန်တော်ရဲ့ ရွှေတောင်မြို့နယ်ဖြင့် ဥပမာပေး ရွှေတောင်၊ မိုးညို၊ ကြံခင်း (၃) မြို့နယ်ဆုံရာ ရွှေတောင်မြို့နယ် ကျွန်တော် မဲဆန္ဒနယ်အတွင်း မြစ်ကျောက်စရစ်အလွန်ပေါ်များတဲ့ (၁၁၅၇၊ ၁၁၅၈၊၁၁၅၉) ကွင်းများရှိပြီး ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၁၁၅၇၊ ၁၁၅၈) လုပ်ငန်းရှင် တစ်ဦးစီကို တစ်နှစ်တာ ကျင်း(၂၀၀) အခွန်ငွေ သိန်း(၅၀) စီထမ်း၍ လိုင်စင်များထုတ်ပေးခဲ့ပါ။

၁၁၅၇ကွင်းမှ လုပ်ငန်းရှင်ဟာ လိုင်စင်ပါ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိတာ တွေ့ရပါသည်။

- သတ်မှတ်ထားသော ဧရိယာ လောင်ဂျီတွဒ် လတ္တီတွဒ်အတွင်း လုပ်ကိုင်ဆောင်ခြင်းမရှိခြင်း၊
- မြစ်ကမ်းနှင့် ပေ(၃၀၀)အတွင်း ဝင်ရောက်လုပ်ကိုင်သဖြင့် ဒေသခံများမှ ပြောမရ၍ လောက်လေးများနှင့်ပစ်မှ ထွက်သွားကြတဲ့အခြေအနေပါ၊
- သတ်မှတ်ထားသော မော်တော်ကားအစီးအရေအတွက်မကဘဲ တစ်စီးလျှင် ကျောက်(၂၀/၂၅) ကျင်းပါတဲ့ မော်တော်ကြီးများ၊ (၃၀/၄၀)လောက်လုပ်ကိုင်ခြင်း၊
- ၎င်းမော်တော်များ ညစနာရီလောက်မှစပြီး ကျောက်စုပ်ကြတာ နောက်တစ်နေ့နံနက် (၄/၅) နာရီ အထိလုပ်ကိုင်ကြ၍ အနီးအနားဒေသခံများမှ တစ်ညလုံးအိပ်မရသည့် အခြေအနေ များနှင့် ကြုံရပါတယ်၊
- ၎င်းမော်တော်ကြီးများမှ တပ်ဆင်သော အင်ဂျင်များမှာ H.P(60/70) ရှိသဖြင့် ရေလမ်း ကြောင်းများ ပြောင်းလဲပြီး ကမ်းပါးပြိုမှုများဖြစ်သည့်အတွက် ပြည်သူများက တိုင်ကြား သော်လည်း ရေမြစ်ဖြိုးမှ လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်းကောင်း အရေးယူဆောင်ရွက်ခြင်းမရှိ၍ တရားရုံးသို့ ဦးတိုက်လျှောက်ထားပြီး တရားစွဲခဲ့ရပါတယ်။ ၎င်းဖြစ်ရပ်မှာ လိုင်စင်ရသူလုပ်ငန်းရှင်မှ မြန်အောင်၊ ကြံခင်း၊ ဟင်္သာတမြို့များမှ လုပ်ငန်းရှင် များကို တစ်ဆင့်ချခြင်းဟုသိရပါသည်။

၁၁၅၈ကွင်းမှ လုပ်ငန်းရှင်ကို ကြီးကြပ်ရေးအဖွဲ့များဖွဲ့၍ စောင့်ကြည့်ကြပါသည်။ တစ်နှစ်တာကျင်း (၂၀၀၀) သတ်မှတ်ရာမှ ၂၀၁၇ ဇွန်လ ၃၀ ရက်နေ့ လိုင်စင်သက်တမ်းကုန်သည့်အခါ အထွေထွေအုပ်ချုပ်ရေး စာရင်း (၃၀၀၀) ဟုသိရပြီး ကျွန်တော်တို့ပြည်သူစာရင်းအရ ကျင်း(၃၉၇၇) ဟုသိရပါသည်။ စောင့်ကြည့်ရေး အဖွဲ့တွင်ပင် စာရင်းနှစ်မျိုး ကွဲလွဲနေသည်ကို တွေ့ရပါသည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတတ်ရေးဦးစီးဌာနမှ မြစ်ကျောက်စရစ်၊ မြစ်သဲထုတ်လုပ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိတိကျကျ စစ်ဆေးကြပ်မတ်ရန် လိုအပ်ရန် လိုအပ်သလို မြစ်သဲ၊ မြစ်ကျောက်စရစ်ထုတ်ယူသည့်လိုင်စင်၊ မြစ်သဲ၊ မြစ်ကျောက်စရစ်စုပုံသည့် လိုင်စင်များကို သက်ဆိုင်ရာများ စစ်ဆေးကြပ်မတ်ရန်လိုအပ်ပါသည်။

ထို့ကြောင့် ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်ရဲ့ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော် အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော်အနေဖြင့် လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(တတိယ)နေ့မှာ တင်သွင်းသော ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ဒေါ်ဇင်မိုးထိုက်တင်သွင်းသော **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"**အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့် အဆိုရှင်ဒေါ်ဇင်မိုးထိုက်တင်ပြသွားသလို နိုင်ငံတော်မှ အခွန်ငွေ အပြည့်အဝရရှိခြင်းမရှိသည်ကို ရွှေကျင်မြို့နယ်အတွင်း မဒမချောင်းအတွင်း မြစ်ကျောက်ထုတ်ယူနေခြင်းကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပါသည်။ ယခုပုံတွင်ပြထားသည့်အတိုင်း မြစ်ကျောက်ထုတ်လုပ်ခြင်းကို ကျင်း(၃၀၀)ဟု သတ်မှတ်ထားသော်လည်း ကျောက်ကျင်းပုံများကို တစ်နေ့လျှင် ကားအစီးအရေများစွာ ထုတ်ယူသွားသည်ကို တွေ့ရပြီးတစ်နှစ်ပတ်လုံးထုတ်ယူနေသည်ကို တွေ့ရပါသည်။ မဒေါက်မြို့မှ မြစ်ကျောက်လိုင်စင်ယူသူများလည်း ထိုနည်းတူစွာပင်ဖြစ်ပါသည်။ မဒေါက်မှ ရွှေကျင်မြို့ မဒမချောင်းအတွင်း စက်လှေပေါင်းများစွာဖြင့် သယ်ယူသည့်အတွက် ကျင်းမည်မျှရှိသွားသနည်းဆိုတာလည်း ဒေသခံအနေဖြင့် သိရှိပြီးဖြစ်ပါသည်။ သဲကျောက်ထုတ်ယူခြင်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကလိုင်စင်ချပေးရခြင်းဖြစ်ပါသည်။ ယခုပုံတွင် မြစ်ကျောက်ထုတ်ယူသူသည် ကျင်းရေ (၃၀၀)ဟုဆိုသော်လည်း တစ်နှစ်လုံးထုတ်နေသည့်အတွက် ကျင်းရေ (၃၀၀)မကပါ ကျောက်သဲထုတ်လုပ်နေမှုကြောင့်လည်း ကမ်းပါးပြိုလဲခြင်း၊ မြစ်ချောင်းများ ကွေ့ဝိုက် ခြင်းကြောင့် လယ်ယာကိုင်းမြေများဆုံးရှုံးခြင်းများဖြစ်ပေါ်လျက်ရှိပြီ ရရှိသောအခွန်ထက်ကမ်းထိန်းနံရံများ ပြုလုပ်ပေးရခြင်းက ပိုပြီးဘဏ္ဍာငွေဆုံးရှုံးမှုဖြစ်နေရပါသည်။ လိုင်စင်ယူထားသူများအား ကျင်းရေအလိုက် စစ်ဆေးကြပ်မတ်ပေးနိုင်ခြင်းများ ပြုလုပ်ပေးသင့်ပါကြောင်း လေးစားစွာထောက်ခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့်ကျင်းအရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြစ်သဲကျောက်စရစ် ထုတ်လုပ်မှုလုပ်ငန်းကိစ္စရပ်များအား ကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြန်မာ့မီးရထားသံလမ်း တို့ ပါဝင်သော မြို့နယ်မြစ်သဲကျောက်စရစ်လုပ်ငန်း စိစစ်ကြပ်မတ်ရေးကော်မတီအဖွဲ့အား ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ မြစ်သဲကျောက်စရစ်ထုတ်လုပ် လုပ်ကိုင်သည့် လုပ်ငန်းရှင်များ၏ တင်ပြလျှောက်ထားလာသည့် လုပ်ကွက်များကိုလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး မြစ်ချောင်းကမ်းပါးများ ပြိုကျပျက်စီးမှု မရှိစေရေး၊ သတ်မှတ်ကျင်း အရေအတွက်များအတိုင်းသာ ထုတ်လုပ်လုပ်ကိုင်စေရန်အတွက် သက်ဆိုင်ရာ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့၏ သတ်မှတ် လုပ်ကိုင်ခွင့်ပြုခဲ့သည့် ဧရိယာ၊ တည်နေရာ၊ သတ်မှတ်ကျင်းအရေအတွက်များကို ထုတ်လုပ် လုပ်ကိုင်စေရန် အတွက် မြို့နယ်မြစ်သဲကျောက်စရစ်လုပ်ငန်း စိစစ်ကြပ်မတ်ရေးကော်မတီအဖွဲ့တို့ဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်မှုလုပ်ငန်းများအား သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်ပွား စေရေး၊ ကမ်းပါးပြိုမှုမဖြစ်ပွားစေရေး၊ လူ/တိရစ္ဆာန် ထိခိုက်မှုမရှိစေရေး၊ ကုန်ထုတ်လမ်းများ ပြုပြင်ဆောင်ရွက် စေရေး၊ ပတ်ဝန်းကျင်ရှိနေအိမ်၊ လမ်း၊ တံတားအဆောက်အဦများ ထိခိုက်မှုမဖြစ်ပွားစေရေးနှင့် ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်စေပြီး ဆူညံသံများ မဖြစ်ပွားစေရေးတို့အတွက် စည်းကမ်းချက်များဖြင့် အဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်စေခဲ့ပါကြောင်းနှင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကွင်းဆင်းတိုင်းတာသတ်မှတ်ပေးထားသည့် (၁)နှစ် ထုတ်လုပ်ရန်သတ်မှတ်ထားသည့် ဧရိယာ၊ သတ်မှတ်ကျင်းအရေအတွက်များအတိုင်း ခါတ်သတ္တုအခွန်ငွေများကို နိုင်ငံတော်သို့ အပြေအကြေ ထောက်ခံပေးသွင်းလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ မြစ်သဲ/ကျောက်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန် ညွှန်ကြားထားရှိပြီး၊ သတ်မှတ်ထားသည့် ခွင့်ပြု ကျင်းအရေအတွက်ထက် ပိုမိုထုတ်လုပ်ပါက ပိုမိုထုတ်လုပ်ထားသော အရေအတွက်၏ ကျသင့်အခွန်ငွေအား နိုင်ငံတော်သို့ ထပ်မံပေးသွင်းရမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များအား သက်ဆိုင်ရာမြို့နယ်များမှ မိမိမြို့နယ်

အတွင်း လုပ်ငန်းရှင်များအား အစည်းအဝေးခေါ်ယူ၍ ကြိုတင်အသိပေး ပြောကြားဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဒေါ်ဇင်မိုးထိုက်က မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/ မရှိ တင်ပြပါ။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အဆိုကို ရုပ်သိမ်းလိုခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများတွင် မြစ်သဲ၊ မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ထုတ်ယူသည့် ကျင်းအရေအတွက်အလိုက် နိုင်ငံတော် အခွန်ဘဏ္ဍာ အပြည့်အဝရရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ် ရယူပါမယ်။ ဒီလို ဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်အရ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒကိုရယူခဲ့ရာ ယနေ့အစည်းအဝေး တက်ရောက်သူ (၅၆)ဦးရှိပြီး ထောက်ခံမဲ (၅၀)မဲ၊ ကန့်ကွက်မဲ(၄)မဲ၊ ကြားနေမဲ(၂)မဲအရ ထောက်ခံသူ ဦးရေ(၂၈)ဦးနှင့်အထက် ဖြစ်သည့်အတွက် ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်ကမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ချက် များအား လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံတင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်-

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏ မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၉)ခု၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့် ကြားနာခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ကျင်းပပြုလုပ်မှုတို့အား မှတ်တမ်းတင်နိုင်ရန်အတွက် ထောက်ခံဆွေးနွေးတင်ပြဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အောက်ပါဆောင်ရွက်ချက်များအား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်-

(၃-၇-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)တွင်

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏မိန့်ခွန်း။
- ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီး၏လွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာ စိစစ်ရေးကော်မတီ အစီရင်ခံစာ။

(၄-၇-၂၀၁၇) ရက်ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ။

(၅-၇-၂၀၁၇)ရက်ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာ။

(၆-၇-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ။

(၇-၇-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာ။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့်-

- (၁၅-၅-၂၀၁၇)ရက်မှ (၁၆-၅-၂၀၁၇)ရက်ထိ သန္ဓိအုပ်ချုပ်စီမံမှုအဖွဲ့မှ ဒါရိုက်တာ ဦးခိုင်ဝင်း ဦးဆောင်သည့်အဖွဲ့မှ ပြည်သူ့ရေးရာ မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။
- (၁၇-၅-၂၀၁၇)ရက်တွင် ရှန်မာရီတန်ပေါ်ရ်စ်အဖွဲ့မှ ပရိုဂရမ်မန်နေဂျာအယ်လီစန် ခေါင်းဆောင်သည့်အဖွဲ့မှ လူကုန်ကူးခြင်းနှင့် လုံခြုံစိတ်ချသော ရွှေ့ပြောင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း။
- (၂၂-၅-၂၀၁၇)ရက်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီမှ ကဝမြို့နယ်၊ အလယ်ရွာကျေးရွာ မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူ ဦးမောင်မောင်မြတ်ကျော်ဦး ပါ(၉)ဦး၏ တိုင်ကြားစာနှင့် ပတ်သက်၍ ကြားနာခြင်း။
- (၂၃-၅-၂၀၁၇)ရက်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ညောင်လေးပင်မြို့နယ်၊ ကောက်ကွေ့ကျေးရွာ မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူ ဦးသိန်းဟန် ပါ(၁၉)ဦး၏ တိုင်ကြားစာနှင့် ပတ်သက်၍ ကြားနာခြင်းနှင့် ကျောက်တံခါးမြို့နယ်၊ အလှိုင်ကျေးရွာ မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူ ဦးနေဝင်း၊ ဦးမျိုးချစ်၏ တိုင်ကြားစာနှင့်ပတ်သက်၍ ကြားနာခြင်း။
- (၂၄-၅-၂၀၁၇)ရက်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ကျောက်ကြီးမြို့နယ်၊ သာစည်ကျေးရွာမီးလင်းရေးကော်မတီနှင့် တိုင်ကြားသူ ဦးဟန်ရွှေ၊ ဦးလှသန်း၊ ဦးသိန်းဝင်းတို့၏ တိုင်ကြားစာနှင့်ပတ်သက်၍ ကြားနာခြင်း။
- (၃၀-၅-၂၀၁၇)ရက်တွင် GTI ကျောင်းသားဟောင်းများအသင်း အင်းစိန်မှ အင်ဂျင်နီယာ ထိပ်တန်းဟန်လင်း ဦးဆောင်သည့်အဖွဲ့မှ လျှပ်စစ်၊ လမ်းတံတားနှင့် ပတ်သက်၍ အင်ဂျင်နီယာပိုင်းဆိုင်ရာများ သိရှိနားလည်စေရန် ရည်ရွယ်၍ ပြုလုပ်သော အလုပ်ရုံ ဆွေးနွေးပွဲ။
- (၃၁-၅-၂၀၁၇)ရက်တွင် The World Bank မှ Senior Public Sector Specialist Zubair.K,Bhatti ဦးဆောင်သည့် အဖွဲ့မှ စမတ်ဖုန်းအသုံးပြုသော Data အချက်အလက်များကောက်ခံခြင်း နည်းပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ။
- (၁-၆-၂၀၁၇)ရက်တွင် ပွင့်လင်းမြန်မာရှေ့ဆောင်မှ အမှုဆောင်ဒါရိုက်တာ ဦးအေးကျော် ခေါင်းဆောင်သည့်အဖွဲ့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဘတ်ဂျက် များကို ဖော်ပြသည့် Internet website ကို လာရောက်ရှင်းလင်းတင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌထံသို့ လာရောက်

တွေ့ဆုံခြင်း။

- (၁-၆-၂၀၁၇)ရက်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ကြားနာခြင်း။
- (၂၀-၆-၂၀၁၇)ရက်တွင် The World Bank မှ Senior Economist Sjamsu. Rabircju ဦးဆောင်သောအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးအတွင်း လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်မှုအပေါ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အကြံပြုဆွေးနွေး ပေးပါရန် လာရောက်တွေ့ဆုံခြင်း။
- (၂၀-၆-၂၀၁၇)ရက်တွင် JICA (PROFIA) မှ မြန်မာနိုင်ငံအကြံပေးအတိုင်ပင်ခံ ပုဂ္ဂိုလ် Motoyo Shi HIKASA ဦးဆောင်သောအဖွဲ့မှ ဆည်ရေသောက်စီမံကိန်း ပြုပြင်ပြီး နောက်ပိုင်းတွင် (၇၃%) ကို နွေစပါးမှ အခြားသီးနှံ (အထူးသဖြင့်) နှမ်းကို စိုက်ပျိုးပါက ဒေသခံတောင်သူများအတွက် အကျိုးကျေးဇူးပိုမိုရရှိနိုင်ပါကြောင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌထံသို့ လာရောက်တွေ့ဆုံ အကြံပြုဆွေးနွေးခြင်း။
- (၂၆-၆-၂၀၁၇)ရက်မှ (၂၇-၆-၂၀၁၇)ရက်ထိ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေး ကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့က ပဲခူတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေကြမ်းနှင့် ပတ်သက်၍ ကြားနာခြင်း။
- (၂၈-၆-၂၀၁၇)ရက်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ပဲခူးတိုင်း ဒေသကြီး ကုန်တင်ကုန်ချအလုပ်သမားဥပဒေနှင့် ပတ်သက်၍ ကြားနာခြင်း။
- (၂၉-၆-၂၀၁၇)ရက်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီမှ ကျောက်ကြီးမြို့နယ်၊ ကျောက်စရစ်ကျေးရွာအုပ်စု ကျေးရွာ ချင်းဆက်လမ်းနှင့် ပတ်သက်၍ ကြားနာခြင်းတို့အား မှတ်တမ်းတင်ပေးပါရန် တင်ပြ အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တင်ပြချက်အပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကိုယ်စားလှယ်များကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးဟာ မကြာမီ အောင်မြင်စွာကျင်းပပြီးစီးတော့မှာဖြစ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်အစည်းအဝေး တက်ရောက်လျက်ရှိသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပုဒ်မ ၈၄ အရ **"မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံသော အများက လေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင် ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ် ဖြစ်သည်ဟု မှတ်ယူရမည် "** ဟု ပြဋ္ဌာန်းထားသည့်အပြင် အပြန်အလှန်ထိန်းကျောင်းရေးနှင့် ပြည်သူများ၏ ကိုယ်စားပြုရေးတာဝန်များကို ဥပဒေအရ သတ်မှတ်ထားသဖြင့် မိမိအားရွေးချယ်ပေးခဲ့သော မဲဆန္ဒရှင်များနှင့် မဲဆန္ဒနယ်မြေများ အတွက် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးကိုရှေးရှုဦးထိပ်ထားလျက် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် အဆိုများ မေးမြန်းတင်သွင်းခြင်း၊ ဥပဒေများအတည်ပြု ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းသော မေးခွန်းများနှင့် အဆိုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနမှ ဝန်ကြီးများမှ ပြန်လည်ဖြေကြား ရှင်းလင်းတင်ပြသည့်အခါတွင် အပြန်အလှန် နားလည်မှုရှိရန်လိုအပ်ပြီး ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု စိတ်ဓါတ်များအခြေခံလျက် အချက်အလက်များ ပိုမိုပြည့်စုံစွာဖြင့် ယေဘုယျသဘောမျိုးမဟုတ်ဘဲ တိတိကျကျ ဖြေကြားသွားကြရန် အသိပေး တိုက်တွန်းအပ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏အသံ၊ ပြည်သူများ၏ သဘောထား ဆန္ဒများကို တိုင်းဒေသကြီးလွှတ်တော်ဥပဒေ/ နည်းဥပဒေများနှင့် အညီ မေးမြန်းတင်သွင်းရန်လိုအပ်ပြီး တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာန ဝန်ကြီးများမှလည်း မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်သော ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အကြောင်းချင်းရာများကို သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးများကိုယ်တိုင်မှ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုများဖြင့် ပြည့်ပြည့်စုံစုံ တိတိကျကျဖြေကြားသွားကြရန် တိုက်တွန်း ပြောကြား အပ်ပါတယ်။

သို့မှသာလျှင် ပဲခူးတိုင်းဒေသကြီးအတွင်း ဥပဒေပြုရေးတာဝန်၊ အုပ်ချုပ်ရေးတာဝန်၊ တရားစီရင်ရေး တာဝန်များကို လွှတ်တော်နှင့် အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအတွက် ဟန်ချက်ညီညီ တိုးတက်

ကောင်းမွန်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခုဆိုလျှင် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှာ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ဌာနဆိုင်ရာနှင့် ပူးပေါင်းပြီး ရေးဆွဲလျက်ရှိနေ ကြပြီဖြစ်တဲ့အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းပန်းတိုင်သို့ စဉ်ဆက်မပြတ် ဆောင်ရွက်လာနိုင်ကြပြီဖြစ်ပါတယ်။

ထို့ပြင် အဆိုပါဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများ ရေရှည်ခိုင်ခံ့ကောင်းမွန်ရေး၊ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးမြောက်ရေးတို့အတွက် တာဝန်အရ စိစစ်စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ကြပြီဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ရရှိပြီးသော အတွေ့အကြုံများကို အခြေခံလျက် ပြည်ထောင်စုဖက်ဒရယ်ဒီမိုကရေစီသမ္မတမြန်မာနိုင်ငံတော် ပန်းတိုင်သို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ဥပဒေပြုရေးကဏ္ဍမှ အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း တိုက်တွန်းပြောကြားအပ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ရပ်နားကြောင်းနှင့် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို (၁၄း၂၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။